http://www.dhammadownload.com


# အရှင်ပညာသိဟာဘိဝံသ

သ.စ.သ.အ ဓမ္မာစရိယ
ဝိနယပါဠိပါရဂူ
၏

# ပါရာဇိကဏ်

## စာစဉ်

## ဝေရဉ္ဇာ



၁၃၅၈ ခုနှစ်တွင် ပို့ချသည်။ ●

http://www.dhammadownload.com


## အရှင်ပညာသီဟာဘိဝံသ

သ.စ.သ.အဓမ္မာစရိယ
ဝိနယပါဠိပါရဂူ
၏

# ပါရာဇိကဏ်

## စာစဉ်

## ဝေရဉ္ဇာ




၁၃၅၈ ခုနှစ်တွင် ပို့ချသည်။

http://www.dhammadownload.com

**ဤစာအုပ်ကို လေ့လာကြခြင်းဖြင့်–**

- ဝါကျပေါင်း (၁၅၀) ကျော်ကို နံပါတ်စုံ ပို့ချစဉ်အတိုင်း စီစဉ်ရေးသားထားသည့်အတွက် ပါရာဇိကဏ်စာဝါကို ကိုယ်တိုင်ကိုယ်ကျ စာဝါတက်နေဘိအလား သင် ခံစားရမည်။
- မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပါရာဇိကဏ်စာဝါ နာမည်ကျော်ကြား ဆရာတော်များ၏ အယူအဆနှင့် နယစုံ၊ ဝါဒစုံများကို မိမိအနား၌ လာရောက်၍ ပြောဆိုနေဘိအလား သင်အသိပွားမည်။
- သင်နှင့် အလှမ်းကွာဝေးလွန်းလှသည့် နိသျ၊ ကဏ္ဍို၊ ယောဇနာ၊ ဋီကာ များနှင့် သက်ဆိုင်ရာ သဒ္ဒါကျမ်းများ၏ အဆိုအမိန့်များကို တစ်အုပ်တည်းဖြင့် အပြည့်အစုံ လွယ်ကူရှင်းလင်းစွာ လေ့လာနေရသည်ကို သင် အားရကျေနပ်ပေမည်။
- စာချတန်းဝင် အရှင်များအတွက် စာမေးပွဲအောင်မြင်ရန်နှင့် စာချတန်းဆိုင်ရာ အတွေးအခေါ် အယူအဆများ သွက်လက်ထက်မြက်သော ဉာဏ်ခွန်အားများ အသစ်ရှင်သန်မွေးဖွား (နိုးကြား) လာသည်ကို သင်-အံ့သြစွာ တွေ့ရှိရပေမည်။

အရှင်ပညာသီဟာဘိဝံသ



http://www.dhammadownload.com

အရှင်ပညာသီဟာဘိဝံသ
သ.စ.သ.အ ဓမ္မာစရိယ
ဝိနယပါဠိပါရဂူ
ရေး

# ပါရာဇိကကဏ်

## အဋ္ဌ

## ဝေရဉ္ဇ



၁၃၅၈ ခုနှစ်တွင် ပို့ချသည်။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ၆၄/၉၆ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉/၉၇ (၃)

တန်ဖိုး ၂၀၀ ကျပ်

ပထမအကြိမ်

၁၉၆၇ မတ်လ

အုပ်ရေ (၂၀၀၀)

❖ ထုတ်ဝေသူ – ဦးမြသန်း (၀၁၀၅၀)

အသိုင်းအဝိုင်းစာပေ

၃၅၊ သမာဓိလမ်း၊ ဖွဲ့ဆုံရပ်၊

ကမ္ဘာအေး၊ ရန်ကုန်မြို့။

❖ ပုံနှိပ်သူ – ဦးခင်မော် (၀၅၀၄၂)

သောခင်ဝင်းပုံနှိပ်တိုက်

အမှတ် (၆၆/က)၊ ဆရာစံလမ်း၊ ပြကွင်း

ဗဟန်းမြို့နယ်၊ ၊ ရန်ကုန်မြို့။

(ဖုန်း – ၅၄၈၁၂၉)

http://www.dhammadownload.com

# စာမိတ်ဆက်

ဘာသာရပ်ဆိုင်ရာ စာပေများကို ခေတ်ကာလနှင့်အညီ စာသင်သားများ အသိရရှိစေရန် ဘက်စုံထောက်စုံမှ ပြည့်စုံအောင် အာစရိယမုဋ္ဌိနှင့် လက်လှမ်းမှီနိုင်သမျှသော ဂန္ထန္တရကျမ်းစာများတို့ကို ကြည့်ရှု၍ လေ့လာကာ မိမိတို့ဘဝတူ စာချဘုန်းတော်ကြီးများသည် ရေးတုန်းကရော ယခုပါ၊နောင်လဲအမြဲ စဉ်ဆက်မပြတ် ပို့ချခြင်းတို့ဖြင့် အဖမြတ်စွာ၏ ပရိယတ်သာသနာကို အုတ်တစ်ချပ် သဲတစ်ပွင့်စီဖြင့် ကာလကြာရှည်စွာ စီလာခဲ့ကြရာ နှစ်ပေါင်း(၁၅၄၀)ကျော် ကာလတိုင်ခဲ့ပေပြီ။ကာလကြာသည့်နှင့်အမျှ သဘာဝအားလျော်စွာ ရှေးရှေးသော ဆရာတော်ကြီးများ၏ ပို့ချချက် အယူအဆ အတွေးအခေါ်တို့ ကွဲပြောက်လုနီးပါး ရှိလာချေပြီ။ စာသင်သားတို့ တစ်ဆင့်ချင်း အဆင့်ဆင့်တက် စာဝါလက်ရေးမှု အနေဖြင့်သာ ကူထားကြရသဖြင့် ခိုင်မာမှုမရှိ။ထိုတို့ကိုလည်း အပြစ်ဟု မဆိုသာချေ။

သို့အတွက် ယခုအခါ စာချတန်းစာဝါများကို ရေးဆရာများနည်းတူ မိမိတို့လည်း ပို့ချနေရပြီးဖြစ်ရာ မိမိစာဝါများကို မှတ်တန်းမှတ်ရာအဖြစ် တည်ရှိခဲ့စေရန်နှင့် စာချတန်းဝင်အရှင်များ လွယ်ကူပြည့်စုံစွာ တစ်အုပ်တည်း လေ့လာနိုင်စေရန် အလင်္ကာ သကျသီဟ၊စေတီယင်္ဂဏ၊အစိုးရဓမ္မာစရိယတန်း စာဝါများကို သင်ယူစဉ်က လေ့လာခဲ့ဖူးသော ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော်၊နယားဆရာတော်များ၏ မှတ်စုများ၊ပေါက်မြိုင်တိုက်-ဆရာတော်ထံမှ ပို့ချချက် တက်စာဝါ မှတ်စုများကို အခြေခံမူထား၍ ယခင်စာချတန်းစာစဉ်များနည်းတူ ဝေဖြာစာစဉ်ကိုလည်း ပဌမကျမ်းစာအဖြစ် ရေးသားပုံနှိပ်လိုက်ရပါသည်။

ဝါကျများကို ပို့ချစဉ်အတိုင်း ရေးသားထားပါသည်။ဝါကျစဉ်အတိုင်း သေခြာစွာ နှိုင်းတိုက်၍လေ့လာခြင်း၊သက်ဆိုင်ရာနံပါတ်များ၌ အလားတူ ပုံစံများကိုပါ ချသွင်း၍ ဖြစ်သင့်ရာကို တွေးခေါ်ကြံဆ၊တိုက်ဆိုင်ကြည့်ရှု အဖန်ဖန်အထပ်ထပ် ဖတ်ရှုမှတ်သားခြင်းဖြင့် စာချတန်းဝင် အရှင်များအတွက် ထိမိသောအထောက်အကူနှင့် စာမေးပွဲအောင်မြင်စေရန် ကျေးဇူးပြုမည်မှာ မလွဲပေ။ကြိုးစား၍သာ လေ့လာကျက်မှတ်ရန်ကိုအထူးတိုက်တွန်း နှိုးဆော်ပါသည်။

ဤကဲ့သို့သော စာချတန်းစာဝါကြီးများကို အရွယ်ငယ်ငယ်ဖြင့် ပို့ချနိုင်စွမ်း ရေးသားနိုင်စွမ်းများ ရှိစေရန် စာချတန်းဆိုင်ရာ ပညာရပ်များကို သင်ကြားပေးခြင်းဖြင့် ချီးမြှောက်တော်မူခဲ့ကြကုန်သော အနန္တဂိုဏ်း တုနှိုင်းမရ ကျေးဇူးတော်အရှင် ဆရာတော်များ၊မိမိအား ပစ္စည်းလေးပါး ကူပံ့ကြသည့် အမေနှင့်ပစ္စယဒါယကာ၊ဒါယိကာမများ၊ ကွန်ပျူတာကုသိုလ်ရှင် ဦးယုကြည်+ဒေါ်လှလှဝင်းမိသားစု၊အမြဲကွန်ပျူတာကို စရိတ်ငြိမ်းစေတနာဖြင့် ပြင်ပေးလေ့ရှိသော ပါမောက္ခဦးမြသိန်း (ကွန်ပျူတာတက္ကသိုလ်)နှင့် မိမိကျမ်းစာအုပ်များကို အလေးထား ပုံနှိပ်ပေးသည့် ဦးခင်မော်၊ဦးကျော်ကျော်(အောင်တိုးပုံနှိပ်တိုက်)တို့အား ဤကျမ်းစာဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။ ကျေးဇူးတုန့်ပြန် ပေးဆပ်ပါ၏။(ဒုအကြိမ်ရိုက်၌ ဝါကျများဖြည့်စွက်ထားပါသည်။)

အရှင်ပညာသီဟာဘိဝံသ
(ပဋ္ဌနိကာယ်၊ရန်ကင်း)
ဖုန်း-၅၆၁၂၇
ဒုအကြိမ်ပုံနှိပ်-၁၀/၆/၂၀၀၃။

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | ဝါကျစဉ် (၁) တေနာတိ အနိယမနိဒ္ဒေသဝစနံ | ၁။ |
| ၂။ | ဝါကျစဉ် (၂) ဇွတ္တာဟ "အထ ကသ္မာ | ၇။ |
| ၃။ | ဝါကျစဉ် (၃) ဝေရဉ္ဇာတိ အညတရဿ | ၁၃။ |
| ၄။ | ဝါကျစဉ် (၄) နဠေရုပုစိမန္ဒမူလေတိ | ၁၈။ |
| ၅။ | ဝါကျစဉ် (၅) မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ | ၂၂။ |
| ၆။ | ဝါကျစဉ် (၆) အဿောသီတိ သုဏိ | ၂၆။ |
| ၇။ | ဝါကျစဉ် (၇) ဝေရဉ္ဇာယံ ဇာတော | ၂၉။ |
| ၈။ | ဝါကျစဉ် (၈) ဣဒါနိ ယမတ္တံ | ၃၂။ |
| ၉။ | ဝါကျစဉ် (၉) ဘောတိ ဗြာဟ္မဏ | ၃၅။ |
| ၁၀။ | ဝါကျစဉ် (၁၀) သကျပုတ္တောတိ ဣဒံ | ၃၈။ |
| ၁၁။ | ဝါကျစဉ် (၁၁) ကလျာဏောတိ | ၄၁။ |
| ၁၂။ | ဝါကျစဉ် (၁၂) ဣဒါနိ ဝိနယရောနံ | ၄၃။ |
| ၁၃။ | ဝါကျစဉ် (၁၃) အထ ဝါ သံသာရစက္ကံ | ၄၆။ |
| ၁၄။ | ဝါကျစဉ် (၁၄) အဂ္ဂဒက္ခိဏေယျတ္တာစ | ၄၈။ |
| ၁၅။ | ဝါကျစဉ် (၁၅) သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ | ၅၁။ |
| ၁၆။ | ဝါကျစဉ် (၁၆) ဝိဇ္ဇာဟိ ပန စရဏေနစ | ၅၃။ |
| ၁၇။ | ဝါကျစဉ် (၁၇) စရဏန္တိ သီလသံဝရော | ၅၆။ |
| ၁၈။ | ဝါကျစဉ် (၁၈) သောဘနဂမနတ္တာ | ၆၀။ |
| ၁၉။ | ဝါကျစဉ် (၁၉) သဗ္ဗထာ ဝိဒိတလောကတ္တာ | ၆၃။ |
| ၂၀။ | ဝါကျစဉ် (၂၀) အတ္တနော ပန ဂုဏေဟိ | ၆၅။ |
| ၂၁။ | ဝါကျစဉ် (၂၁) ပုရိသဒမ္မေ သာရေတီတိ | ၆၈။ |
| ၂၂။ | ဝါကျစဉ် (၂၂) အထဝါ ဝိသုဒ္ဓသီလာဒီ | ၇၁။ |
| ၂၃။ | ဝါကျစဉ် (၂၃) ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ | ၇၄။ |
| ၂၄။ | ဝါကျစဉ် (၂၄) ဒေဝမနုဿာနန္တိ | ၇၇။ |
| ၂၅။ | ဝါကျစဉ် (၂၅) ယံ ပန ကိဉ္စိ | ၇၉။ |
| ၂၆။ | ဝါကျစဉ် (၂၆) ဘဂဝါတိ ဣဒံ ပနဿ | ၈၂။ |

http://www.dhammadownload.com

# မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၂၇။ | ဝါကျစဉ် (၂၇) သဒ္ဒေဝကန္တိ သဟ ဒေဝေဟိ | ၈၄။ |
| ၂၈။ | ဝါကျစဉ် (၂၈) အဘိညာတိ အဘိညာယ | ၈၇။ |
| ၂၉။ | ဝါကျစဉ် (၂၉) သိက္ခတ္တယပရိဂ္ဂဟိတတ္တာ | ၉၀။ |
| ၃၀။ | ဝါကျစဉ် (၃၀) သာဓု ခေါ ပနာတိ သုန္ဒရံ | ၉၃။ |
| ၃၁။ | ဝါကျစဉ် (၃၁) ယေနာတိ ဘုမ္မတ္ထေ | ၉၅။ |
| ၃၂။ | ဝါကျစဉ် (၃၂) ဘဂဝတော သဒ္ဒိံ သမ္မောဒီတိ | ၉၈။ |
| ၃၃။ | ဝါကျစဉ် (၃၃) ကေမန္တန္တိ ဘာဝနပုံသကနိဒ္ဒေသော | ၁၀၁။ |
| ၃၄။ | ဝါကျစဉ် (၃၄) ဓိဇ္ဈောတိ ဓဇ္ဇရီဘူတော | ၁၀၃။ |
| ၃၅။ | ဝါကျစဉ် (၃၅) အပိစ ဓိဇ္ဈောတိ | ၁၀၇။ |
| ၃၆။ | ဝါကျစဉ် (၃၆) န ဝန္ဒတိ ဝါ နာသနာ | ၁၀၉။ |
| ၃၇။ | ဝါကျစဉ် (၃၇) အယံ ကိရဿ | ၁၁၂။ |
| ၃၈။ | ဝါကျစဉ် (၃၈) တတ္ထ ပရိယာယောတိ | ၁၁၄။ |
| ၃၉။ | ဝါကျစဉ် (၃၉) အတ္ထိ ခေါ ဗြာဟ္မဏ | ၁၁၇။ |
| ၄၀။ | ဝါကျစဉ် (၄၀) တတ္ထ ပဟီနာတိ | ၁၁၉။ |
| ၄၁။ | ဝါကျစဉ် (၄၁) ယသ္မာ ပန ဧဝံ | ၁၂၂။ |
| ၄၂။ | ဝါကျစဉ် (၄၂) ပုန ဗြာဟ္မဏော တမေဝ | ၁၂၄။ |
| ၄၃။ | ဝါကျစဉ် (၄၃) ဝိနယံ ဝါ အရဟတီတိ | ၁၂၆။ |
| ၄၄။ | ဝါကျစဉ် (၄၄) ဘဂဝါ စ တာနိ | ၁၂၉။ |
| ၄၅။ | ဝါကျစဉ် (၄၅) ဘဂဝါ ပန ယေ | ၁၃၁။ |
| ၄၆။ | ဝါကျစဉ် (၄၆) ပုန ဗြာဟ္မဏော တံ | ၁၃၄။ |
| ၄၇။ | ဝါကျစဉ် (၄၈) အပိစ ဂဗ္ဘဿ သေယျာ | ၁၃၈။ |
| ၄၈။ | ဝါကျစဉ် (၄၉) တတ္ထ သေယျာထာတိ | ၁၄၀။ |
| ၅၀။ | ဝါကျစဉ် (၅၀) ဘော ဂေါတမ သော | ၁၄၃။ |
| ၅၁။ | ဝါကျစဉ် (၅၁) ပဓာယာတိ သတ္တာဓိဝစနမေတံ | ၁၄၅။ |
| ၅၂။ | ဝါကျစဉ် (၅၂) သမ္မာသမ္ဗောဓိန္တိ | ၁၄၇။ |
| ၅၃။ | ဝါကျစဉ် (၅၃) ပဿဒ္ဓေါကာယော အသာရဒ္ဓေါတိ | ၁၅၀။ |
| ၅၄။ | ဝါကျစဉ် (၅၄) ဝိဝိစ္စေဝ ကာမေဟီတိ ကာမေဟိ | ၁၅၂။ |
| ၅၅။ | ဝါကျစဉ် (၅၅) တတ္ထ သိယာ ကသ္မာ | ၁၅၅။ |

http://www.dhammadownload.com



# မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၅၆။ | ဝါကျစဉ် (၅၆) ဥတ္တရပဒေပိ ပန ယထာ | ၁၅၆။ |
| ၅၇။ | ဝါကျစဉ် (၅၇) ကိလေသကာမတ္တာ ဝါ | ၁၅၈။ |
| ၅၈။ | ဝါကျစဉ် (၅၈) ဧတ္တာဝတာ စ ပဌမဿ | ၁၆၀။ |
| ၅၉။ | ဝါကျစဉ် (၅၉) သော ပန နေသံ ဝိသေသော | ၁၆၂။ |
| ၆၀။ | ဝါကျစဉ် (၆၀) ဝိဝေကဇန္တိ ဧတ္ထ | ၁၆၅။ |
| ၆၁။ | ဝါကျစဉ် (၆၁) အယဉ္စ ပီတိ ဣဒဉ္စ သုခံ | ၁၆၈။ |
| ၆၂။ | ဝါကျစဉ် (၆၂) ပဌမန္တိ ဂဏနာနုပုဗ္ဗတော | ၁၇၀။ |
| ၆၃။ | ဝါကျစဉ် (၆၃) လက္ခဏူပနိဇ္ဈာနန္တိ | ၁၇၃။ |
| ၆၄။ | ဝါကျစဉ် (၆၄) ကတမေသု ပဉ္စသု? | ၁၇၅။ |
| ၆၅။ | ဝါကျစဉ် (၆၅) ဥပသမ္ပဇ္ဇာတိ ဥပဂန္တွာ | ၁၇၇။ |
| ၆၆။ | ဝါကျစဉ် (၆၆) ဝိတက္ကဝိစာရာနံ ဝူပသမာတိ | ၁၇၉။ |
| ၆၇။ | ဝါကျစဉ် (၆၇) သမ္ပသာဒနန္တိ | ၁၈၁။ |
| ၆၈။ | ဝါကျစဉ် (၆၈) ဧကော ဥဒေတီတိ | ၁၈၃။ |
| ၆၉။ | ဝါကျစဉ် (၆၉) နနု စာယံ သဒ္ဓါ | ၁၈၅။ |
| ၇၀။ | ဝါကျစဉ် (၇၀) အဝိတက္ကံ အဝိစာရန္တိ | ၁၈၇။ |
| ၇၁။ | ဝါကျစဉ် (၇၁) သမာဓိဇန္တိ ပဌမဇ္ဈာနသမာဓိတော | ၁၈၉။ |
| ၇၂။ | ဝါကျစဉ် (၇၂) ပီတိယာစ ဝိရာဂါတိ | ၁၉၁။ |
| ၇၃။ | ဝါကျစဉ် (၇၃) ကာမဉ္စေ တေ ဝိတက္ကဝိစာရာ | ၁၉၄။ |
| ၇၄။ | ဝါကျစဉ် (၇၄) ဥပေက္ခာကောစ ဝိဟာသီန္တိ | ၁၉၆။ |
| ၇၅။ | ဝါကျစဉ် (၇၅) ဧတ္တာဟ နနုစာယ | ၁၉၉။ |
| ၇၆။ | ဝါကျစဉ် (၇၆) တတ္ထ ကိဥ္စာပိ ဣဒံ | ၂၀၁။ |
| ၇၇။ | ဝါကျစဉ် (၇၇) ကိဉ္စ ဘိယျော-ယထာပိ | ၂၀၄။ |
| ၇၈။ | ဝါကျစဉ် (၇၈) ဣဒါနိ သုခဉ္စ ကာယေန | ၂၀၆။ |
| ၇၉။ | ဝါကျစဉ် (၇၉) ကသ္မာ ပန တံ တေ | ၂၁၀။ |
| ၈၀။ | ဝါကျစဉ် (၈၀) တတိယန္တိ ဂဏနာနုပုဗ္ဗတော | ၂၁၂။ |
| ၈၁။ | ဝါကျစဉ် (၈၁) သုခဿစ ပဟာနာ | ၂၁၄။ |
| ၈၂။ | ဝါကျစဉ် (၈၂) ဧတ္တုပ္ပန္နံ သောမနဿိန္ဒြိယံ | ၂၁၆။ |
| ၈၃။ | ဝါကျစဉ် (၈၃) ဧတ္တာဟ အထေဝံ | ၂၁၉။ |

http://www.dhammadownload.com

## မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၈၄။ | ဝါကျစဉ် (၈၄) ယထာ ဝါ အညတ္တ ပဟီနာပ | ၂၂၂။ |
| ၈၅။ | ဝါကျစဉ်(၈၅) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ | ၂၂၄။ |
| ၈၆။ | ဝါကျစဉ် (၈၆) ယာယစ ဥပေက္ခာယ တေ | ၂၂၈။ |
| ၇၇။ | ဝါကျစဉ် (၈၇) ဣတိ ဣမာနိ စတ္တာရိ ဈာနာန | ၂၃၀။ |
| ၈၈။ | ဝါကျစဉ် (၈၈) ဘဂဝတာ ပနိဒံ | ၂၃၃။ |
| ၈၉။ | ဝါကျစဉ် (၈၉) သမာဟိတေတိ | ၂၃၇။ |
| ၉၀။ | ဝါကျစဉ် (၉၀) သုခါဒီနံ ပစ္စယာနံ | ၂၃၉။ |
| ၉၁။ | ဝါကျစဉ် (၉၁) မုဒုတ္တာယေဝစ ကမ္မနိယေ | ၂၄၂။ |
| ၉၂။ | ဝါကျစဉ် (၉၂) ဧတေသပရိသုဒ္ဓဘာဝါဒီသု | ၂၄၅။ |
| ၉၃။ | ဝါကျစဉ် (၉၃) အပရေ နယော- | ၂၄၇။ |
| ၉၄။ | ဝါကျစဉ် (၉၄) ပုဗ္ဗေနိဝါသာနုဿတိဉာဏာယာတိ | ၂၄၉။ |
| ၉၅။ | ဝါကျစဉ် (၉၅) ပုဗ္ဗေနိဝါသာနုဿတီတံ | ၂၅၄။ |
| ၉၆။ | ဝါကျစဉ် (၉၆) သောတိ သော အဟံ | ၂၅၆။ |
| ၉၇။ | ဝါကျစဉ် (၉၇) အနုဿရာမီတိ | ၂၅၈။ |
| ၉၈။ | ဝါကျစဉ် (၉၈) သေယျထိဒန္တိ | ၂၆၁။ |
| ၉၉။ | ဝါကျစဉ် (၉၉) ဣတီတိ ဧဝံ | ၂၆၄။ |
| ၁၀၀။ | ဝါကျစဉ် (၁၀၀) ကိံ ပန ဗုဒ္ဓါယေဝ | ၂၆၇။ |
| ၁၁၁။ | ဝါကျစဉ် (၁၀၁) အဝိဇ္ဇာတိ တသောဝ | ၂၆၉။ |
| ၁၀၂။ | ဝါကျစဉ် (၁၀၂) သော ဧဝံ။ပ။စုတူပပါတဉာဏာယာတိ | ၂၇၂။ |
| ၁၀၃။ | ဝါကျစဉ် (၁၀၃) သော ဒိဗ္ဗေန။ပ။ပဿာမီတာ | ၂၇၄။ |
| ၁၀၄။ | ဝါကျစဉ် (၁၀၄) ဒိဗ္ဗေနာတိ အာဒီသု | ၂၇၆။ |
| ၁၀၅။ | ဝါကျစဉ် (၁၀၅) ဒဿနဋ္ဌေန စက္ခု | ၂၈၀။ |
| ၁၀၆။ | ဝါကျစဉ် (၁၀၆) မနုဿူပစာရံ | ၂၈၃။ |
| ၁၀၇။ | ဝါကျစဉ် (၁၀၇) စဝမာနေ ဥပပဇ္ဇမာနေတိ | ၂၈၆။ |
| ၁၀၈။ | ဝါကျစဉ် (၁၀၈) သုဂတေတိ သုဂတိ ဂတေ | ၂၈၈။ |
| ၁၀၉။ | ဝါကျစဉ် (၁၀၉) ဣမဿ ဝိသုံ ပရိကမ္မံ | ၂၉၁။ |
| ၁၁၀။ | ဝါကျစဉ် (၁၁၀) မိစ္ဆာဒိဋ္ဌိကာတိ | ၂၉၄။ |

http://www.dhammadownload.com

# ဝေ ရ ဉ္ဇာ တ စဉ်

## မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၁၁၁။ | ဝါကျစဉ် (၁၁၁) ကာယဿ ဘေဒါတိ | ၁၉၇။ |
| ၁၁၂။ | ဝါကျစဉ် (၁၁၂) အထဝါ အပါယဂ္ဂဟဏေန | ၂၀၀။ |
| ၁၁၃။ | ဝါကျစဉ် (၁၁၃) ဥပပန္နာတိ ဥပဂတာ | ၂၀၂။ |
| ၁၁၄။ | ဝါကျစဉ် (၁၁၄) သောဧဝံသမာဟိတေ စိတ္တေတိ | ၂၀၄။ |
| ၁၁၅။ | ဝါကျစဉ် (၁၁၅) တဿစ ဒုက္ခဿ | ၂၀၇။ |
| ၁၁၆။ | ဝါကျစဉ် (၁၁၆) တဿ မေ ဧဝံဇာနတော | ၂၁၀။ |
| ၁၁၇။ | ဝါကျစဉ် (၁၁၇) ခီဏာ ဇာတီတိ | ၂၁၂။ |
| ၁၁၈။ | ဝါကျစဉ် (၁၁၈) ဝုသိတံ | ၂၁၄။ |
| ၁၁၉။ | ဝါကျစဉ် (၁၁၉) ကတံ ကရဏီယန္တိ | ၂၁၆။ |
| ၁၂၀။ | ဝါကျစဉ် (၁၂၀) အထဝါ အဘိက္ကန္တန္တိ | ၂၁၉။ |
| ၁၂၁။ | ဝါကျစဉ် (၁၂၁) ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ | ၂၂၁။ |
| ၁၂၂။ | ဝါကျစဉ် (၁၂၂) ဓမ္မဉ္စ ဘိက္ခုသံဃဉ္စာတိ | ၂၂၄။ |
| ၁၂၃။ | ဝါကျစဉ် (၁၂၃) ဧတ္ထ ဟိ ရာဂဝိရာဂေါ | ၂၂၆။ |
| ၁၂၄။ | ဝါကျစဉ် (၁၂၄) အဇ္ဇတဂ္ဂေတိ ဧတ္ထ | ၂၂၉။ |
| ၁၂၅။ | ဝါကျစဉ် (၁၂၅) ပါဏုပေတန္တိ | ၂၃၁။ |
| ၁၂၆။ | ဝါကျစဉ် (၁၂၆) ဧဝံ အတ္တာနံ နိယျာတေတွာ | ၂၃၃။ |
| ၁၂၇။ | ဝါကျစဉ် (၁၂၇) ဒုဗ္ဘိက္ခာတိ | ၂၃၆။ |
| ၁၂၈။ | ဝါကျစဉ် (၁၂၈) တတ္ထ ဒွီဟိတိကာတိ | ၂၃၈။ |
| ၁၂၉။ | ဝါကျစဉ် (၁၂၉) အထဝါ ဒွီဟိတိကာတိ | ၂၄၀။ |
| ၁၃၀။ | ဝါကျစဉ် (၁၃၀) ဝပ္ပကာလေ သုဗဟု | ၂၄၃။ |
| ၁၃၁။ | ဝါကျစဉ် (၁၃၁) ပတ္တပတ္တပုလကန္တိ | ၂၄၆။ |
| ၁၃၂။ | ဝါကျစဉ် (၁၃၂) ပညတ္တန္တိ | ၂၄၉။ |
| ၁၃၃။ | ဝါကျစဉ် (၁၃၃) နိဝါသေတွာတိ | ၂၅၁။ |
| ၁၃၄။ | ဝါကျစဉ် (၁၃၄) ဧဝံ ပုစ္ဆိတွာပိ | ၂၅၄။ |
| ၁၃၅။ | ဝါကျစဉ် (၁၃၅) ကုဒါနိ အတ္ထသဉ္ဟိတန္တိ | ၂၅၇။ |
| ၁၃၆။ | ဝါကျစဉ် (၁၃၆) ယောဇနိမတလံ သမန္တန္တိ | ၂၅၉။ |
| ၁၃၇။ | ဝါကျစဉ် (၁၃၇) အာယသ္မာတိ | ၂၆၃။ |
| ၁၃၈။ | ဝါကျစဉ် (၁၃၈) သာဓာဟံ ဘန္တေတိ | ၂၆၅။ |

http://www.dhammadownload.com

# မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၁၃၉။ | ဝါကျစဉ် (၁၃၉) တတ္ထ အလန္တိ | ၃၆၈။ |
| ၁၄၀။ | ဝါကျစဉ် (၁၄၀) ဣဒါနိ အာယသ္မာ ဥပါလိ | ၃၇၀။ |
| ၁၄၁။ | ဝါကျစဉ် (၁၄၁) တတ္ထ ကော နုခေါ ဘန္တေတိ | ၃၇၂။ |
| ၁၄၂။ | ဝါကျစဉ် (၁၄၂) ဣဒါနိ တံ ဟေတုဉ္စ | ၃၇၅။ |
| ၁၄၃။ | ဝါကျစဉ် (၁၄၃) တံ ကိဿ ဟေတု | ၃၇၇။ |
| ၁၄၄။ | ဝါကျစဉ် (၁၄၄) အပညတ္တံ သာဝကာနံ သိက္ခာပဒန္တိ | ၃၈၀။ |
| ၁၄၅။ | ဝါကျစဉ် (၁၄၅) ခန္တိပရမံ တပေါ | ၃၈၂။ |
| ၁၄၆။ | ဝါကျစဉ် (၁၄၆) ဧတေနေဝ ဥပါယေန | ၃၈၅။ |
| ၁၄၇။ | ဝါကျစဉ် (၁၄၇) အနုပါဒါယ အာသဝေဟ | ၃၈၇။ |
| ၁၄၈။ | ဝါကျစဉ် (၁၄၈) တတြာတိ ပုရိမပေက္ခဝစန | ၃၉၀။ |
| ၁၄၉။ | ဝါကျစဉ် (၁၄၉) အထဝါ တတြာတိ | ၃၉၂။ |
| ၁၅၀။ | ဝါကျစဉ် (၁၅၀) ဣဒါနိ အယံ ခေါ သာရိပုတ္တ | ၃၉၄။ |
| ၁၅၁။ | ဝါကျစဉ် (၁၅၁) တတ္ထ အာဂမေဟိ တွန္တိ | ၃၉၇။ |
| ၁၅၂။ | ဝါကျစဉ် (၁၅၂) တတ္ထ အာသဝါ တိဋ္ဌန္တိ | ၃၉၉။ |
| ၁၅၃။ | ဝါကျစဉ် (၁၅၃) တတ္ထ ယတောတိ | ၄၀၂။ |
| ၁၅၄။ | ဝါကျစဉ် (၁၅၄) ရတ္တိယော ဇာနန္တီတိ | ၄၀၄။ |
| ၁၅၅။ | ဝါကျစဉ် (၁၅၅) ဝေပုလ္လမဟတ္တန္တိ | ၄၀၇။ |
| ၁၅၆။ | ဝါကျစဉ် (၁၅၆) လာဘဂ္ဂမဟတ္တန္တိ | ၄၀၉။ |
| ၁၅၇။ | ဝါကျစဉ် (၁၅၇) ဗာဟုသစ္စမဟတ္တန္တိ | ၄၁၁။ |
| ၁၅၈။ | ဝါကျစဉ် (၁၅၈) တတ္ထ နိရဗ္ဗုဒေါတိ | ၄၁၃။ |
| ၁၅၉။ | ဝါကျစဉ် (၁၅၉) နိရာဒီနဝေါတိ | ၄၁၆။ |
| ၁၆၀။ | ဝါကျစဉ် (၁၆၀) သုဒ္ဓေါတိ | ၄၁၈။ |
| ၁၆၁။ | ဝါကျစဉ် (၁၆၁) အဝိနိပါတဓမ္မောတိ | ၄၂၀။ |
| ၁၆၂။ | ဝါကျစဉ် (၁၆၂) အာစိဏ္ဏန္တိ | ၄၂၄။ |
| ၁၆၃။ | ဝါကျစဉ် (၁၆၃) တဒ္ဓခေါ နော အသန္တန္တိ | ၄၂၆။ |
| ၁၆၄။ | ဝါကျစဉ် (၁၆၄) ဗုဒ္ဓပ္ပမုခန္တိ | ၄၂၉။ |
| ၁၆၅။ | ဝါကျစဉ် (၁၆၅) တိစီဝရေန အစ္ဆာဒေသီတိ | ၄၃၂။ |

http://www.dhammadownload.com

# ဝေရဉ္ဇာ စာစဉ်

## မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၁၁၁။ | ဝါကျစဉ် (၁၁၁) ကာယဿ ဘေဒါတိ | ၂၉၇။ |
| ၁၁၂။ | ဝါကျစဉ် (၁၁၂) အထဝါ အပါယဂ္ဂဟဏေန | ၃၀၀။ |
| ၁၁၃။ | ဝါကျစဉ် (၁၁၃) ဥပပန္နာတိ ဥပဂတာ | ၃၀၂။ |
| ၁၁၄။ | ဝါကျစဉ် (၁၁၄) သောဧဝံသမာဟိတေ စိတ္တေတိ | ၃၀၄။ |
| ၁၁၅။ | ဝါကျစဉ် (၁၁၅) တဿစ ဒုက္ခဿ | ၃၀၇။ |
| ၁၁၆။ | ဝါကျစဉ် (၁၁၆) တဿ မေ ဧဝံဇာနတော | ၃၁၀။ |
| ၁၁၇။ | ဝါကျစဉ် (၁၁၇) ခီဏာ ဇာတီတိ | ၃၁၂။ |
| ၁၁၈။ | ဝါကျစဉ် (၁၁၈) ဝုသိတံ | ၃၁၄။ |
| ၁၁၉။ | ဝါကျစဉ် (၁၁၉) ကတံ ကရဏီယန္တိ | ၃၁၆။ |
| ၁၂၀။ | ဝါကျစဉ် (၁၂၀) အထဝါ အဘိက္ကန္တန္တိ | ၃၁၉။ |
| ၁၂၁။ | ဝါကျစဉ် (၁၂၁) ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ | ၃၂၁။ |
| ၁၂၂။ | ဝါကျစဉ် (၁၂၂) ဓမ္မဉ္စ ဘိက္ခုသံဃဉ္စာတိ | ၃၂၄။ |
| ၁၂၃။ | ဝါကျစဉ် (၁၂၃) ဧတ္ထ ဟိ ရာဂဝိရာဂေါ | ၃၂၆။ |
| ၁၂၄။ | ဝါကျစဉ် (၁၂၄) အဇ္ဇတဂ္ဂေတိ ဧတ္ထ | ၃၂၉။ |
| ၁၂၅။ | ဝါကျစဉ် (၁၂၅) ပါဏုပေတန္တိ | ၃၃၁။ |
| ၁၂၆။ | ဝါကျစဉ် (၁၂၆) ဧဝံ အတ္တာနံ နိယျာတေတွာ | ၃၃၃။ |
| ၁၂၇။ | ဝါကျစဉ် (၁၂၇) ဒုဗ္ဘိက္ခာတိ | ၃၃၆။ |
| ၁၂၈။ | ဝါကျစဉ် (၁၂၈) တတ္ထ ဒွိဟိတိကာတိ | ၃၃၈။ |
| ၁၂၉။ | ဝါကျစဉ် (၁၂၉) အထဝါ ဒွိဟိတိကာတိ | ၃၄၀။ |
| ၁၃၀။ | ဝါကျစဉ် (၁၃၀) ဝပ္ပကာလေ သုဋ္ဌု | ၃၄၃။ |
| ၁၃၁။ | ဝါကျစဉ် (၁၃၁) ပတ္တပတ္တပုလကန္တိ | ၃၄၆။ |
| ၁၃၂။ | ဝါကျစဉ် (၁၃၂) ပညတ္တန္တိ | ၃၄၉။ |
| ၁၃၃။ | ဝါကျစဉ် (၁၃၃) နိဝါသေတွာတိ | ၃၅၁။ |
| ၁၃၄။ | ဝါကျစဉ် (၁၃၄) ဧဝံ ပုစ္ဆန္တာပိ | ၃၅၄။ |
| ၁၃၅။ | ဝါကျစဉ် (၁၃၅) ကဒါနိ အတ္ထသဉ္ဟိတန္တိ | ၃၅၇။ |
| ၁၃၆။ | ဝါကျစဉ် (၁၃၆) ဟေဋ္ဌိမတလံ သမ္ပန္နန္တိ | ၃၅၉။ |
| ၁၃၇။ | ဝါကျစဉ် (၁၃၇) အာယသ္မာတိ | ၃၆၃။ |
| ၁၃၈။ | ဝါကျစဉ် (၁၃၈) သာဓာဟံ ဘန္တေတိ | ၃၆၅။ |

http://www.dhammadownload.com

# မာတိကာ

**********


| စဉ် | ဝါကျစဉ် | စာမျက်နှာ |
|---|---|---|
| ၁၃၉။ | ဝါကျစဉ် (၁၃၉) တတ္ထ အလန္တိ | ၃၆၈။ |
| ၁၄၀။ | ဝါကျစဉ် (၁၄၀) ဣဒါနိ အာယသ္မာ ဥပါလိ | ၃၇၀။ |
| ၁၄၁။ | ဝါကျစဉ် (၁၄၁) တတ္ထ ကော နုခေါ ဘန္တေတိ | ၃၇၂။ |
| ၁၄၂။ | ဝါကျစဉ် (၁၄၂) ဣဒါနိ တံ ဟေတုဥ္စ | ၃၇၅။ |
| ၁၄၃။ | ဝါကျစဉ် (၁၄၃) တံ ကိဿ ဟေတု | ၃၇၇။ |
| ၁၄၄။ | ဝါကျစဉ် (၁၄၄). အပညတ္တံ သာဝကာနံ သိက္ခာပဒန္တိ | ၃၈၀။ |
| ၁၄၅။ | ဝါကျစဉ် (၁၄၅) ခန္တိပရမံ တပေါ | ၃၈၂။ |
| ၁၄၆။ | ဝါကျစဉ် (၁၄၆) ဧတေနေဝ ဥပါယေန | ၃၈၅။ |
| ၁၄၇။ | ဝါကျစဉ် (၁၄၇) အနုပါဒါယ အာသဝေဟ | ၃၈၇။ |
| ၁၄၈။ | ဝါကျစဉ် (၁၄၈) တတြာတိ ပုရိမပေက္ခဝစန | ၃၉၀။ |
| ၁၄၉။ | ဝါကျစဉ် (၁၄၉) အထဝါ တတြာတိ | ၃၉၂။ |
| ၁၅၀။ | ဝါကျစဉ် (၁၅၀) ဣဒါနိ အယံ ခေါ သာရိပုတ္တ | ၃၉၄။ |
| ၁၅၁။ | ဝါကျစဉ် (၁၅၁) တတ္ထ အာဂမေဟိ တွန္တိ | ၃၉၇။ |
| ၁၅၂။ | ဝါကျစဉ် (၁၅၂) တတ္ထ အာသဝါ တိဋ္ဌန္တိ | ၃၉၉။ |
| ၁၅၃။ | ဝါကျစဉ် (၁၅၃) တတ္ထ ယတောတိ | ၄၀၂။ |
| ၁၅၄။ | ဝါကျစဉ် (၁၅၄) ရတ္တညုတာ ဓာနန္တိ | ၄၀၄။ |
| ၁၅၅။ | ဝါကျစဉ် (၁၅၅) ဝေပုလ္လမဟတ္တန္တိ | ၄၀၇။ |
| ၁၅၆။ | ဝါကျစဉ် (၁၅၆) လာဘဂ္ဂမဟတ္တန္တိ | ၄၀၉။ |
| ၁၅၇။ | ဝါကျစဉ် (၁၅၇) ဗာဟုသစ္စမဟတ္တန္တံ | ၄၁၁။ |
| ၁၅၈။ | ဝါကျစဉ် (၁၅၈) တတ္ထ နိရဗ္ဗုဒေါတိ | ၄၁၃။ |
| ၁၅၉။ | ဝါကျစဉ် (၁၅၉) နိရာဒီနဝေါတိ | ၄၁၆။ |
| ၁၆၀။ | ဝါကျစဉ် (၁၆၀) သုဒ္ဓေါတိ | ၄၁၈။ |
| ၁၆၁။ | ဝါကျစဉ် (၁၆၁) အဝိနိပါတဓမ္မောတိ | ၄၂၀။ |
| ၁၆၂။ | ဝါကျစဉ် (၁၆၂) အာစိဏ္ဏန္တိ | ၄၂၄။ |
| ၁၆၃။ | ဝါကျစဉ် (၁၆၃) တဥ္စခေါ နော အသန္တန္တိ | ၄၂၆။ |
| ၁၆၄။ | ဝါကျစဉ် (၁၆၄) ဗုဒ္ဓပ္ပမုခန္တိ | ၄၂၉။ |
| ၁၆၅။ | ဝါကျစဉ် (၁၆၅) တိစီဝရေန အဝိပ္ပဝါသောတိ | ၄၃၂။ |

http://www.dhammadownload.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## (ပါရာဇိကဏ်)
# ဝေ ရ ဉ္ဇာ စာ စဉ်
## ဝါကျစဉ် (၁)

(က) တေနာတိ အနိယမနိဒ္ဒေသဝစနံ။

(ခ) တဿ သရူပေန အဝုတ္တေနာပိ အပရဘာဂေ အတ္ထတော သိဒ္ဓေန ယေနာတိ ဣမိနာ ဝစနေန ပဋိနိဒ္ဒေသော ကာတဗ္ဗော။

(ဂ) အပရဘာဂေ ဟိ ဝိနယပညတ္တိယာစနဟေတုဘူတော အာယသ္မတော သာရိပုတ္တဿ ပရိဝိတက္ကော သိဒ္ဓေါ။

(ဃ) တသ္မာ ယေန သမယေန သော ပရိဝိတက္ကော ဥဒပါဒိ၊ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတီတိ ဧဝမေတ္ထ သမ္ဗန္ဓော ဝေဒိတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၁။ ၇၉။)

*********

## နံပါတ် (၁)

**တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ (ပါဠိတော်)**

တေနသမယေန-ထိုအခါ၌။(အနိယမကြံ)တေနသမယေန-အရှင်သာရိပုတြာ၏ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်သော အကြံဖြစ်ရာထိုအခါ၌။(နိယမကြံ)

**အနိယမဝါကျထည့်။ ။ယေနသမယေန အာယသ္မတော သာရိပုတ္တဿ ဝိနယပညတ္တိယာစနဟေတုဘူတော ပရိဝိတက္ကော ဥဒပါဒိ။**

(က) အနိယမနိဒ္ဒေသဝစနံ-သတ်မှတ်ခြင်းမရှိသော သမယကို ညွှန်ပြကြောင်းသဒ္ဒါတည်း။(ဘာဋီ)ဝါ-ရှေးဦးစွာ မှတ်ခြင်းမရှိသော အနက်ကို ညွှန်ပြကြောင်းဖြစ်သော ပုဒ်တည်း။ဝါ-မိမိအနက်ကို သရုပ်အားဖြင့်မှတ်၍ ညွှန်ပြအပ်သည်မဟုတ်သောအနက်ကို ဟောကြောင်းဖြစ်သော ပုဒ်သည်။ ဝါ-ယံသဒ္ဒါဖြင့် မမှတ်မူ၍ ညွှန်ပြအပ်သော သဒ္ဒါတည်း။ (ဂဏ္ဌိသစ်)

(ခ) တဿ-ထိုတေနသဒ္ဒါ၏။(**တဿာတိ တေနာတိ ဧတဿ**) သရူပေန ၊ယေန-ဟုသရုပ်အားဖြင့်။(ပါဠိယံ-၌။)အဝုတ္တေနာပိ-ဆိုအပ်ပြီးမဟုတ်ပါသော်လည်း။ပဋိနိဒ္ဒေသော-အကျယ်ညွှန်ပြခြင်းကို။ (**ပဋိနိဒ္ဒေသောတိ စ ဝိတ္ထာရနိဒ္ဒေသောတိ အတ္ထော။**) ဝိညုနှာ။ (ကတ္တား)

(ဂ) ဟိ-ချဲ့။တစ်နည်း။ဟိ-ယသ္မာ။(**ဟိသဒ္ဒေါ ဟေတုမှိ၊ယသ္မာတိအတ္ထော။**) ဝိနယပညတ္တိယာစနဟေတုဘူတော-ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။

**မှတ်ချက်။ ။** (ခ)ဝါကျ ဟေတုမန္တဝိသေသန ကြံသော်။အတ္ထတော-အားဖြင့်။သိဒ္ဓေန -ထင်ရှားသော။(**တစ်နည်း**) သိဒ္ဓတ္တာ-ထင်ရှားသည်၏ အဖြစ်ကြောင့်။

**ရှင်းချက်။ ။** ဝိသေသနပုဒ်ကို ဟိတ်ပုဒ်ပြင်၍ အနက်ပေးခြင်းသည် ဟေတုမန္တဝိသေသန အနက်ပေးနည်းမည်၏။ "တ္တာ၊ တာယ" တို့ဖြင့် ဟိတ်ပြင်ရသည်။

**(ဂ)ဝါကျ။ ။**ဟိ -ကို ဟိတ်ကြံသောကြောင့် ဝါကျအပြန်အလှန် မေးနိုင်သည်။

(ဂ) ကသ္မာ ပဋိနိဒ္ဒေသော ကာတဗ္ဗော-နည်း? ဟိယသ္မာ-ကြောင့်။အပရဘာဂေ။ပ။သိဒ္ဓေါ-ပြီးစီး၏။

http://www.dhammadownload.com


တသ္မာ-ကြောင့်။ပဋိနိဒ္ဒေသော ကာတဗ္ဗော။

**ရှင်းချက်။** ။ဟိ-ပါသောဟိတ်ဝါကျ၏ ရှေ့ဝါကျသည် ဖလဝါကျမည်၏။ ယင်းဖလဝါကျ၏ကတ္တား၊ ကံ။ကြိယာတို့ကို ကသ္မာ? ဟူသော ပုစ္ဆနတ္ထနိပါတ်ထည့်စွက်၍ အနက်ပေးပြီးနောက်၊ဟိတ်ဝါကျ အနက်ပေး ရသည်။ယင်းနောင် တသ္မာဖြင့် ဖလဝါကျကို ပြန်၍အနက်ပေးအပ်၏။

**(ဃ)** တသ္မာ-ထိုသို့ အရှင်သာရိပုတ္တရာ၏ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ် သောအကြံ၏ ထင်ရှားသည်၏ အဖြစ်ကြောင့်။

နံပါတ်(၂)

**(ခ)ဝါကျသို့ အနုသန္ဓေ။** ။ဤသို့ (က) ဝါကျဖြင့် တေန၌ တ-သဒ္ဒါ၏ အနိယမနိဒ္ဒေသစကားဖြစ်သည် ကိုပြဆိုတော်မူပြီး၍။ယခုအခါ၌ ယ+တ သဒ္ဒါတို့၏ အမြဲစပ်ခြင်းရှိသည်၏အဖြစ်ကြောင့် တေန၌ တ-၏ နိစ္စသမ္ဗန္ဓဖြစ်သော ယ-ကို ပြလိုရကား (ခ)ဝါကျ စသည်မိန့်။ **(ယံတံသဒ္ဒါနံ နိစ္စသမ္ဗန္ဓဘာဝတော အာဟ "တဿ သဠ္စယေန အဝုတ္တေနာပိ" တိ အာဒိ။ (သာရတ္ထ၊ ၁။ ၁၉၅။)**

**(ခ) သို့ပုစ္ဆာ ။** ။ ဆရာ (အာလုပ်) ဆရာသည် (ကတ္တား)(က)ဝါကျဖြင့်တေန၌ တ-သဒ္ဒါသည် အနိယမ နိဒ္ဒေသ စကားဖြစ်၏ဟု ဖွင့်ပြအပ်၏။ (ဠပနာ)ထိုတ-သဒ္ဒါ၏ နိစ္စသမ္ဗန္ဓဖြစ်သော ယ-ကို မပြဆိုပြီလော။ (တစ်နည်း)ယနှင့်တ-တို့သည် အမြဲစပ်ယှဉ်သည်ဖြစ်၍ ယ-ကိုလည်း ပြဆိုသင့်သည် မဟုတ်လော။(အာဘော်) တ-သဒ္ဒါ၏ နိစ္စသမ္ဗန္ဓဖြစ်သော ယ-ကား အဘယ်နည်း။(ပုစ္ဆာ)ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။တ-သဒ္ဒါ၏ နိစ္စသမ္ဗန္ဓ ဖြစ်သော ယ -သဒ္ဒါကို (ခ) ဝါကျဖြင့်ငါပြဆို၏ ဟူလိုသော်၊

**(ဂ)သို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ၊ဆရာသည်(ခ)ဖြင့် ထိုတေန-ဟူသော ပုဒ်၏သရုပ်ကို ပါဠိတော် ၌ တိုက်ရိုက်မဟောအပ်သော်လည်း နောင်အဖို့၌ အနက်အားဖြင့် ပြီးသောကြောင့် ဤယေန-ဟူသောသဒ္ဒါဖြင့် အကျယ်ညွှန်ပြခြင်းကို ပြုအပ်သောဟု ဖွင့်ဆိုတော်မူအပ်၏။ထိုသို့ ဆိုသည်ရှိသော် ယေန-ဟူသော အနိယမနိဒ္ဒေ သကို သရုပ်အားဖြင့် မဟောအပ်သောကြောင့် ယေနသမယေန။ပ။ဝိဟရတိ-ဟူ၍ ပဋိနိဒ္ဒေသကို မပြုသင့် သည်မဟုတ်ပါလော။အဘယ်ကြောင့် တ-၏ ပဋိနိဒ္ဒေသ ယ-ကို ပြုအပ်ပါသနည်း။ပါဠိတော်နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွင့် ရှိသောကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။ပါဠိတော်၌ သရုပ်အားဖြင့် မဆိုအပ်သော်လည်း နောင်အခါ အရှင်သာရိပုတ္တရာ၏ဝိနည်း ပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သောအကြံသည် ထင်ရှား ပြီးစီး၏။ထို့ကြောင့် ယေန သမယေန-ဟူ၍ပဋိနိဒ္ဒေသကို ပြုအပ်ရကား သင်တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

**(ဃ) သို့။** ။ ဆရာ ဆရာသည် (ဂ) ဖြင့် နောင်အခါ အရှင်သာရိပုတ္တရာ၏ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အကြံသည် ထင်ရှား၏ဟု ဖွင့်ပြအပ်၏။ထိုသို့ ဖွင့်ဆိုသဖြင့် အဘယ်သို့သော အကျိုးရရှိအပ်ပါသနည်း။အကျိုးမရ နိရတ္ထက-ဟူ၍ မှတ်သားအပ်ပါသလော။ဤသို့စုဒ်ကြောင့် (ဃ) မိန့်။

**(၂)နံပါတ်ရှင်းချက်။** ။ကျမ်းတက်ရာတွင် အနုသန္ဓေတက်၊ပုစ္ဆာတက်၊စောဒနာတက်၊ အဘိယာစက တက် ဟူ၍ ၄ မျိုးရှိရာ စာမေးပွဲ၌ အနုသန္ဓေတက်၊ပုစ္ဆာတက်၊စောဒနာတက် ဤသုံးမျိုးကိုသာ မေးလေ့ရှိ၏။

အနုသန္ဓေတက်၌ ရှေးဝါကျကို မြန်မာပြန်ဆိုခြင်း၊ပုဗ္ဗာနုသန္ဓေနှင့် နောက်ဝါကျ ဆိုလိုရင်းကိုပြန် ဆိုခြင်း အပရာနုသန္ဓေ ဤနှစ်မျိုးပင် ဖြစ်သည်ကို အနုသန္ဓေတက်တို့၌ သတိပြုအပ်၏။

ပုစ္ဆာတက်၊ စောဒနာတက် ဟူသည် ရှေးဝါကျ မြန်မာပြန်ဆိုမှု ဠပနာ နောက်ဝါကျ ဆိုလိုရင်းကို ရှောင်လွဲ၍ သင့်ရာ စောဒကပုဂ္ဂိုလ်၏ နှလုံးသွင်းအာဘော် အဖြေကြည့်၍ မေးမြန်းခြင်း ပုစ္ဆာ၊ စောဒနာတို့ဖြင့်

http://www.dhammadownload.com


တန်ဆာဆင်၍ တက်ခြင်းတည်း။ကျမ်းတက်ပြီးပါက တက်သောဝါကျကို အဓိပ္ပါယ်ပြန်ဆိုရပေမည်။ဝါကျကို မြန်မာပြန်ရုံမျှသာတည်း

**မှတ်ချက်။** ။ စာမေးပွဲ၌ ပုစ္ဆာတက်ကို ထပနာတိကပုစ္ဆာတက်၊ သာဘောဂပုစ္ဆာတက် ဟူ၍လည်းကောင်း၊ စောဒနာတက်ကို အာဘောဂါယုတ္တစောဒနာ၊အယုတ္တာဘောဂစောဒနာ၊ဒေါသာရောပနစောဒနာတက်-ဟူ၍ လည်းကောင်းမေးလေ့ရှိသည်။ထူးခြားမှုကား မရှိ။ဌာပနာ၊အာဘော်၊ပုစ္ဆာ၊ဒေါသ တို့ဖြင့် တက်ပြရုံသာ။

လီနတ္ထရစောဒနာတက် ဟူ၍လည်း တစ်ခါတစ်ရံ မေးတတ်ပြန်သည်··

**ဆောင်။** ။**အမေး မထင်ရှား၊ ဖြေထင်ရှား၊ မှတ်သားလီနတ္ထရ။**

နံပါတ်(၃)

(က) **ပဏ္ဍတ္ထရ။** ။တေန-သံဝဏ္ဏေတဗ္ဗပုဒ်၏ အဖွင့်အဖို့တစ်ပါးကို ပြသောကြောင့်။

(ခ) **ဝါကျာရမ္ဘ။** ။ပဋိနိဒ္ဒေသပြုထိုက်ပုံကို ဆက်လက် အားထုတ်သောကြောင့်။

(ဂ) **ကာရဏ။** ။ပဋိနိဒ္ဒေသပြုရခြင်း၏ အကြောင်းကို ပြသောကြောင့်။

တစ်နည်း-**ဝိတ္ထာရ။**။ပဋိနိဒ္ဒေသာကာရကို ချဲ့ပြသောကြောင့်။ တစ်နည်း ဒဠှီ။

**နိယံ** ။ ။ ဝိသဇ္ဇန၊အာကာရနှင့်၊သရူပဟိတ်၊ကင်းဆိတ်ပမာ၊ငတ်ကျဉ်းရာ ချဲ့ပါဝိတ္ထာရ။

(ဃ) **လဒ္ဓဂုဏ။** ။(ဂ) ဖြင့် ရအပ်သောအကျိုးကို ပြသောကြောင့်။

**ဝစနေနာတိပဒံ ဝေဒိတဗ္ဗောတိပဒေ ကာရဏံ၊ပဋိနိဒ္ဒေသောတိ ပဒေဝါ တတိယာဝိသေသနံ။** (ယောဇနာ)**စာစပ်။** ။တဿာ-ကြောင့် ပေးသောကြောင့်၊ဝေဒိတဗ္ဗော၌အကြောင်းဟိတ်၊ဝေဒိတဗ္ဗောကား အကျိုး ဖိုလ်အဖြစ်ဖြင့် စပ်အပ်၏။

နံပါတ် (၄)

**အနိယမနိဒ္ဒေသဝစနံ။** ။**နိယမနံ နိယမော၊ နတ္ထိ နိယမော ဧတဿာတိ အနိယမော။**

**နိဒ္ဒိသီယတိ အတ္ထော ဧတေနာတိ နိဒ္ဒေသော။ဝုစ္စတိ ဧတေနာတိ ဝစနံ။**

**နိဒ္ဒေသောယေဝ ဝစနံ နိဒ္ဒေသဝစနံ။အနိယမဿ နိဒ္ဒေသဝစနံ အနိယမနိဒ္ဒေသဝစနံ။**

နိယမနံ-သတ်မှတ်ခြင်း။နိယမော-သတ်မှတ်ခြင်း။နိယမနံ ကား ဘာဝသာဓန ကိတ်ဝိဂြိုဟ်၊နိယမော-ကား ဘာဝသာဓန ကိတ်ပုဒ်၊နိပုဗ္ဗ+ယမုဓာတ်+အပစ္စည်း၊

**ဉာဏ်ကောက်။** ။ဘာဝသာဓနတို့ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် သတ်မှတ်ခြင်း ကြိယာရ၏။

ဧတဿ-ဤသမယသဒ္ဒါအား။နိယမော-သတ်မှတ်ခြင်းသည်။နတ္ထိ-မရှိ။ဣတိ-ထို့ကြောင့်။ အနိယမော-အနိယမ မည်၏။နတ္ထိ နိယမော ဧတဿာတိကား ဗဟုဗ္ဗီဟိသမာသ် ဝိဂြိုဟ်၊အနိယမောကား ဗဟုဗ္ဗီဟိသမာသ်ပုဒ်။န-ပုဒ်၊ နိယမပုဒ်၊ ဧတပုဒ်။

**ဉာဏ်ကောက်။** ။န+နိယမ ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ-သတ်မှတ်ခြင်း မရှိခြင်းဟူသော အဘာဝဘောဂုဏ်သည် မုချအားဖြင့် ရ၏။ထို-၏ ဧတ-ဟူသော အညပုဒ်အရ သမယသဒ္ဒါနှင့်ဂုဏ်/ဂုဏေးအဖြစ်ဖြင့် စပ်သမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ဧတဟူသော အညပုဒ်အရ-ထိုမုချ+ဌာနူပစာတို့ဖြင့် မှတ်အပ်သော သတ်မှတ်ခြင်းမရှိသော သမယသဒ္ဒါရ၏။

ဧတေန-ဤသဒ္ဒါဖြင့်။အတ္ထော-အနက်ကို။နိဒ္ဒိသီယတိ-ညွှန်ပြအပ်၏။ဣတိ-ထို့ကြောင့်။နိဒ္ဒေသော-နိဒ္ဒေသမည်၏။

http://www.dhammadownload.com



နိဒ္ဒိသီယတိ အတ္ထော ဧတေနာတိ-ကား၊ကရဏသာဓနကိတ် ဝိဂြိုဟ်။နိဒ္ဒေသော-ကား ကာရဏ သာဓနကိတ်ပုဒ်။ နိပုဗ္ဗ၊ ဒိသ-ဓာတ်၊ ဏ-ပစ္စည်း။

ဒိသဓာတ်အရ-ကတ္တုဠ္ဌကြိယာကား-အနက်ကို ညွှန်ပြတတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သောစိတ္တု ပ္ပါဒသည်မှချ။**တစ်နည်း**-တေနသဒ္ဒါ၏ ဝါစကသတ္တိသည် မှချ။ကမ္မဋ္ဌကြိယာကား အနက်၏ အာရမ္မဏပစ္စယ သတ္တိ၊ပကတူပနိဿယသတ္တိသည်။ဖလူပစာအားဖြင့် ရ၏။ဏ-ပစ္စည်းအရ ထိုမှချ/ဖလူပစာတို့ဖြင့် မှတ်အပ်သော သဒ္ဒါရ၏။

နိဒ္ဒေသော့ယေဝ-ညွှန်ပြကြောင်းသည်ပင်။ဝစနံ-သဒ္ဒါတည်း။ နိဒ္ဒေသဝစနံ- ညွှန်ပြကြောင်းသဒ္ဒါ။

နိဒ္ဒေသော့ယေဝ ဝစနံ-ကား သမ္ဘာဝနာကမ္မဓာရည်းသမာသ်ဝိဂြိုဟ်။နိဒ္ဒေသဝစနံကား သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်ပုဒ်၊နိဒ္ဒေသပုဒ်၊ဝစနပုဒ်။

**ဉာဏ်ကောက်။** ။နိဒ္ဒေသ-ဟူသော ဝိသေသနပုဒ်အရ ညွှန်ပြကြောင်း၏ အဖြစ်ဟူသော သမ္ဘာဝနာဘော ဂုဏ်သည် မှချ။ထို၏ ဆိုကြောင်းဖြစ်သော တေနသဒ္ဒါနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်ဠာန္။ သမာသ်ပုဒ်လုံးအရ ထိုမှချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ညွှန်ပြကြောင်းဖြစ်သော တေန သဒ္ဒါရ၏။

**အာယသ္မာ။** ။ **အာယု အဿ အတ္ထီတိ အာယသ္မာ။**

အဿ-ထိုအရှင်အား။အာယု-အသက်သည်။အတ္ထိ-ရှိ၏။ဣတိ-ထို့ကြောင့်။သော-ထိုအရှင်သည်။ အာယသ္မာ-အာယသ္မာမည်၏။အာယု အဿ အတ္ထီတိ-ကား အဿတ္ထိတဒ္ဓိတ် ဝိဂြိုဟ်၊အာယသ္မာကား အဿတ္ထိတဒ္ဓိတ်ပုဒ်၊အာယုပုဒ်၊မန္တုပစ္စည်း။

**ဉာဏ်ကောက်။** ။အာယု-ဟူသော တဒ္ဓိတ်ပုဒ်အရ အသက်သည်မှချ။ထို၏ မန္တုပစ္စည်းအရ အရှင်သာရိပုတ္တ ရာနှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။မန္တု ပစ္စည်းအရ ထိုမှချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော အသက်ရှိသော အရှင်သာရိပုတ္တရာ ရ၏။

**သာရိပုတ္တ။** ။ **သာရိယာ ပုတ္တော သာရိပုတ္တော။**

သာရိယာ-သာရီပုဏ္ဏေးမ၏။ပုတ္တော-သားတည်း။သာရိပုတ္တော-သာရီပုဏ္ဏေးမ၏သား။သာရိယာ ပုတ္တော-ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊သာရိပုတ္တော-ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်၊ သာရိပုဒ်၊ ပုတ္တပုဒ်။

**ဉာဏ်ကောက်။** ။သာရိ-ဟူသော ဝိသေသနပုဒ်အရ သာရီပုဏ္ဏေးမသည် မှချ။ထို-၏ သားဖြစ်သောအရှင် သာရိပုတ္တရာနှင့် ဇနက+ဇည အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန္ဓသည် ဌာနူ။သမာသ်ပုဒ်လုံးအရ ထိုမှချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော သာရီပုဏ္ဏေးမ၏ သားဖြစ်သော အရှင်သာရိပုတြာ ရ၏။

**ပုတ္တ။** ။ **ပေါသီယတေ၊ဣ ပုတ္တော။**

ပေါသီယတေ-မွေးမြူအပ်၏။ဣတိ-ထို့ကြောင့်။ပုတ္တော-ပုတ္တမည်၏။ပေါသီယတေ-ကား ကမ္မသာဓ နကိတ်ဝိဂြိုဟ်၊ပုတ္တော-ကား ကမ္မသာဓနကိတ်ပုဒ်။ပုသဓာတ်+တ-ပစ္စည်း။

**ဉာဏ်ကောက်။** ။ပုသဓာတ်အရ ကတ္တုဠ္ဌကြိယာကား မွေးမြူတတ်သောမိဘတို့၏ ဂေဟာသိတပေမ(ဝ်)မေတ္တာ ကရုဏာသည် မှချ။ကမ္မဋ္ဌ ကြိယာကား သားဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တ - ပစ္စည်းအရ - ထိုမှချ ဖလူပစာတို့ဖြင့် မှတ်အပ်သော သားဒြပ်ရ၏။

**တစ်နည်း - ပုနာတိ သောစေတိ ဧတေနာတိ ပုတ္တော။**

ဧတေန-ဤသားဖြင့်။ပုနာတိ သောစေတိ စင်ကြယ်တတ်၏။ဣတိ-ထို့ကြောင့်။ပုတ္တော-ပုတ္တမည်၏။ ပုနာတိ သောစေတိ ဧတေနာတိ ကား ကရဏသာဓနကိတ်ဝိဂြိုဟ်၊ ပုတ္တောကား ကာရဏသာဓနကိတ်ပုဒ်၊

http://www.dhammadownload.com



ပုဓာတ်၊ တပစ္စည်း။

**ညှိကောက်။** ။ပုဓာတ်အရ ကတ္တုရှု ကြိယာကား စင်ကြယ်တတ်သော အမျိုးအနွယ်သည် မုချ။ကရဏတ္ထ ကြိယာကား သား၏ပကတူပနိဿယသတ္တိသည် ဖလူပစာ။တပစ္စည်းအရ ထိုမုချ ဖလူပစာတို့ဖြင့် မှတ်အပ် သော သားရ၏။

**ပရိဝိတက္က။** ။ ပရိဝိတက္ကေတီတိ ပရိဝိတက္ကော။

ပရိဝိတက္ကေတိ-အာရုံသို့ တက်ရောက်တတ်၏။ဣတိ-ထိုကြောင့်။ ပရိဝိတက္ကော-ပရိဝိတက္ကမည်၏။ ပရိဝိတက္ကေတီတိ-ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ပရိဝိတက္ကေဘကား ကတ္တုသာဓနကိတ်ပုဒ်။ ပရိရှေး ဝိရှေးရှိသော တက္ကဓာတ်၊ အပစ္စည်း။

**ညှိကောက်။** ။တက္က-ဓာတ်အရ အာရုံသို့ တက်ရောက်ခြင်း လက္ခဏာရ၏။အ-ပစ္စည်းအရကား ထိုလက္ခ ဏာရှိသော ဝိတက်စေတသိက်ရ၏။

**နိယံ။ ။ဝိဓ္ဓမာနသဒ္ဒါ ဝိဂြိုဟ်ပြုရကား ဓာတ်အရမှာ လက္ခဏာ သဘာဝ ကောက်ရာမချို့ ပစ္စည်းဖို့မှာ လက္ခဏာဝန် သဘာဝန်ကို ကေန်အရ ညွှန်းသတည်း။**

နံပါတ်(၄)ပုစ္ဆာ၌ ဝိဂြိုဟ်နှင့် ညှိကောက်ကို မေးသည်။ ထို၌ (၁) ဝိဂ္ဂဟပြုခြင်း။(၂) အနက်ပေး ခြင်း။(၃) အမည်မှည့်ခြင်း။(၄) ဓာတ်+ပစ္စည်း၊ပုဒ်+ပစ္စည်း၊ရှေ့ပုဒ်နောက်ပုဒ် ခွဲခြားဝေဖန်ခြင်း။ (၅) ညှိ ကောက်ခြင်းဟူ၍ ဆစ်ပိုင်း ၅-ခုရှိပါသည်။ ထိုအတိုင်းရေးသားထားသည်ကို သတိပြုရန်။

ဝိဂ္ဂဟအားလျော်စွာ သမာသ်ပုဒ်၌ သမာသ်ညှိကောက်၊တဒ္ဓိတ်ပုဒ်၌တဒ္ဓိတ်ညှိကောက်၊ ကိတ်ပုဒ် ၌ ကိတ်ညှိကောက်တို့ကို အခြေခံအားဖြင့် လေ့လာအပ်၏။

နံပါတ် (၅)

**နိယမ။** ။ နိ ပုဗ္ဗ ယမု + အ။ **နိဒ္ဒေသ။** ။ နိပုဗ္ဗ ဒိသ + ဏ။

**အတ္ထ။** ။ အရ + ထ။ (အရီယတေ ဉာယတေတိ အတ္ထော)

**ဝိနယ။** ။ ဝိပုဗ္ဗ နီ + ဏ။ ဝိနေတိ ဧတေနာတိ ဝိနယော။

**ပညတ္တိ။** ။ ပ-ပုဗ္ဗ- ဉပ + တိ။ **ယာစန။**။ ယာစ + ယု။

**ဟေတု။** ။ ဟိ + တု။ ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။

**သိဒ္ဓေါ။** ။ သိဓ + တ။ **သမယ။** ။သံပုဗ္ဗ-ဣ+ဏ။ **သမ္ဗန္ဓ။** ။ သံပုဗ္ဗ ဗန္ဓ + အ။

နံပါတ် (၆)

(က) **အနိယမနိဒ္ဒေသဝစနံ**-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် တေန-၌ တ-သဒ္ဒါသည် သတ်မှတ်ခြင်းမရှိသော သမယကို ညွှန်ပြကြောင်း သဒ္ဒါဖြစ်သည်ကို သိစေသည်။

(သဗ္ဗနာမ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ။)

(ဂ) **ဝိနယပညတ္တိယာစနဟေတုဘူတော**-စသည်ဖြင့်(ခ)ဝါကျလာ အပရဘာဂအရ အရှင်သာရိပုတ္တရာ၏ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်သော အကြံဖြစ်ရာအခါကို ကောက်ယူအပ်သည်ကို သိစေသည်။ (အရကောက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။)

**ပရိဝိတက္ကော သိဒ္ဓေါ၊တသ္မာ**-ဖြင့် အတ္ထတော၌ အတ္ထဟူသည် အရှင်သာရိပုတြာ၏ အကြံပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊သိဒ္ဓေန၌ နာဝိဘတ်သည် ဟိတ်အနက်၌ သက်သည်ကိုလည်းကောင်း သိစေသည်။(အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။နာဝိဘတ်၏အနက်ကို ဖွင့်ပြသော

http://www.dhammadownload.com



ကြောင့် ဝိဘတျတ္တ)

**(ဃ)** **ယေနသမယေန**-စသည်ဖြင့် တေနသမယေန၌ သမယ-အရ ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏အကြောင်းဖြစ်သော အကြံဖြစ်ရာအခါကို ကောက်ယူအပ်သည်ကိုလည်းကောင်း၊တေန သမယေန-စသော နိယမဝါကျ၌ ယေန သမယေန သော ပရိဝိတက္ကော ဥဒပါဒိ-ဟူသော အနိယမ ဝါကျထည့်စွက်၍အနက် သမ္ဗန်အပ်သည်ကိုလည်းကောင်း သိစေသည်။(အရကောက်အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ။အစပ်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ။)

နံပါတ် (၇)

**ဝေမတ္တ/ဝေမတ္တ...**

ဤ၌ ဝိသဒ္ဒါဖြင့် ဆည်းစရာ အနက်တစ်မျိုးမရှိသောကြောင့် ဝေမတ္တ ပါဌ်သာသင့်။

**အဝုတ္တေနာပိ/အဝုတ္တေန...**

ပါဌ်တော်၌ တိုက်ရိုက်မဟောအပ်သော်လည်း သိအပ်သေး၏။ဟောတော်မူသော်ကား ဆိုဖွယ်မရှိ ဟု သမ္ဘာဝနာအနက်ကို ပြသောကြောင့် အဝုတ္တေနာပိ ပါဌ်သာသင့်။

ဘာ-ဋီ ၌ အပိသဒ္ဒါ အရုစျတ္တဓောတက ဟုဆို၏။

**မှားထားချက်။** ။ပါဌ်ဆုံးဖြတ်ရာ၌ အဓိကအားဖြင့် ဓာတ်+ပစ္စည်း၊ဋီကာ၊ယောဇနာနိဿယတို့ဖြင့် ကိုးကားဖြေဆိုရမည်ကို သတိပြုအပ်၏။

နံပါတ် (၈)

**ဝိနယပညတ္တိ။** ။အပေါင်း၏အမည်ကို အစိတ်၌ ဟင်စား၍ ဆိုခြင်းသည် ကေဒေသျူပစာ သဒ္ဒါမည်၏။ ပြယုဂ်ကား- ဝိနယပညတ္တိတည်း။ဤ၌ အပေါင်းဖြစ်သော ပညတ်ပြီး သိက္ခာပုဒ်၊ မပညတ်အပ်သေးသော သိက္ခာပုဒ်တို့၏ ဝိနယပညတ္တိအမည်ကို အစိတ်ဖြစ်သော မပညတ်အပ်သေးသော သိက္ခာပုဒ်၌ တင်စား၍ ဆိုသောကြောင့် ကေဒေသျူပစာသဒ္ဒါမည်၏။**ဝိနယပညတ္တိယာတိ ပုဗ္ဗေ အပညတ္တသိက္ခာပဒံ သန္ဓာယ ဝုတ္တံ**။ (သာရတ္ထ)၊ ၁။ ၄၃၈။)

**နိယံ။** ။ **ကေဒေသျူ သမီပူ သဒိသူ ရုဠှီသာ။**

ထို၌ ထင်သောအမည်ကို ဤ၌တင်စား၍ ဆိုခြင်းသည် ရုဠှီနည်းမည်၏။ပြယုဂ်ကား-ဝိနယပညတ္တိတည်း။ဤ၌ပညတ်ပြီးသော သိက္ခာပုဒ်၊မပညတ်အပ်သေးသော သိက္ခာပုဒ်တို့၏ ထို၌ ထင်သောဝိနယပညတ္တိအမည်ကို မပညတ်အပ်သေးသော သိက္ခာပုဒ်ဟူသော ဤ၌ တင်စား၍ ဆိုသောကြောင့် ရုဠှီနည်းမည်၏။

**ဝေရဉ္စာယံ ဝိဟရတိ ။** ။အနီးရှိသော ဝတ္ထု၏ အမည်ကို အနီးဖြစ်သော ဝတ္ထု၌ တင်စား၍ ဆိုခြင်းသည် သမီပူပစာမည်၏။ပြယုဂ်ကား-ဝေရဉ္စာယံဝိဟရတိ တည်း၊ဤ၌ အနီးရှိသောပုစိမန္ဒ၌ တင်စား၍ ဆိုသောကြောင့် သမီပူပစာသဒ္ဒါမည်၏။ရုဠှီနည်း။**ဣဓ ပန သမီပေ အဓိပ္ပေတော**။ (ဝိ၊ ဋ္ဌ၊ ၁။ ၈၁။)

**အဝုတ္တေနာပိ။** ပ ။**သိဒ္ဓေန**-ဖြင့် အဝုတ္တသိဒ္ဓိနည်းကို ပြသည်။

**ရှင်းချက်။** ။ ဥပစာဖြေရာ၌ မုချ+ဥပစာ-အရတို့ကို သဘောပေါက်ရန်လိုအပ်လှ၏။သို့မှသာ ဝါကျ၌ ဥပစာတင်တတ်မည်။ **"နာမည်ပေါက်ရာ ဥပစာ၊မှန်စွာ ဉာဏ်ဖြင့်ရှု"**

နံပါတ် (၁၀)

**ပရိဝိတက္ကော** အရ-အရှင်သာရိပုတ္တရာ၏ သန္တာန်ကြံစည်သော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကြံယာဉာဏသမ္ပယုတ်၌ရှိသော ဝိတက်စေတသိက် ရ၏။

http://www.dhammadownload.com



လက္ခဏာဟာရနေတ္တိ ဟူသော်ကား-

လက္ခီယန္တိ ဧတေန အဝုတ္တာပိ ဓမ္မာတိ လက္ခဏံ-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သောတရားနှင့် ကေလက္ခဏာ၊သဟစာရီ၊သမာနကိစ္စ၊သမာနဟေတု၊သမာနဖလ၊သမာနာရမ္မဏ၊ဓာတ်၊ဂုဏ်၊ကြိယာ၊ဒြပ်နာမ်အားဖြင့်တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရ မည်၏။(နိဒါန်း)

အဘယ်သို့ မှတ်အပ်သနည်းဟူမူကား - ပရိဝိတက္ကော-အရ ဝိတက်ကို ယူသဖြင့် ထိုနှင့် အာရုံ၌စိတ်သို့တက်ရောက်ခြင်း လက္ခဏာအားဖြင့်လည်းကောင်း၊အတူတကွဖြစ်ခြင်းအားဖြင့်လည်းကောင်း၊အာရုံကိုထိနိုက်ခြင်း ကိစ္စအားဖြင့်လည်းကောင်း၊ထိုနှင့် အလောဘ၊အဒေါသ၊အမောဟ-ဟူသော ဟိတ်တူသောကြောင့်လည်းကောင်း၊အလုံးစုံအာရုံအားဖြင့်လည်းကောင်း၊အဗျာကတ ဓာတ်အားဖြင့်လည်းကောင်း၊ပရမတ္ထဓမ္မဒြပ်အားဖြင့်လည်းကောင်း၊ကြံစီခြင်းကြိယာအားဖြင့်လည်းကောင်း တူသောဝိတက်၏ သဟဇာတစိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။(စာကိုယ်)

ဤသို့လျှင် သုတ်၌ မလာအပ်သောတရားတို့ကို ကေလက္ခဏ စသောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာဟာရမည်၏ ဟူလိုသောဝ်။(နိဂုံး)

**ရှင်းချက်။** ။တရားကိုယ်တစ်ပါးသာ ကောက်ရာ၌ လက္ခဏာဟာရ-နေတ္တိမေးတတ်သည်။သဟဇာတစိတ္တုပ္ပါဒ်ကို ထုတ်ရုံသာ။မဂ်စိတ်ကောက်ရာ၌ကား ဆရာတော်ဗုဒ်မှုအတိုင်း ရေးသားကြရမည်။

**********

**ဝါကျစဉ် (၂)**

(က) ဧတ္တောဟ "အထ ကသ္မာ ယထာ သုတ္တန္တေ '**တံ သမယံ**'န္တိ ဥပယောဂဝစနေန နိဒ္ဒေသော ကတော၊ အဘိဓမ္မေစ '**ယသ္မိံ သမယေ ကာမာဝစရံ**'န္တိ ဘုမ္မဝစနေန၊ တထာ အကတွာ ဣဓ '**တေန သမယေနာ**'တိ ကရဏဝစနေန နိဒ္ဒေသော ကတော'တိ။

(ခ) တတ္ထ တထာ, ဣဓ စ အညထာ အတ္ထသမ္ဘဝတော။

(ဂ) ကထံ ? သုတ္တန္တေ ဘဂဝါ ဗြဟ္မဇာလာဒီနိ သုတ္တန္တာနိ ဒေသေသိ၊အစ္စန္တမေဝ တံ သမယံ ကရုဏာဝိဟာရေန ဝိဟာသိ။(ဝိ၊ ဋ္ဌ၊ ၁။ ၈၀။)

**********

နံပါတ် (၁)

(က) ဧတ္တ၊ ဤတေနသမယေန ဟူသောပါဋ္ဌ်၌။(ဋ္ဌတ္တာ၊ဝိတဏ္ဍာဝါဒီ-ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်သည်။) အာဟ။

**နိယံ။** ။ **ဧတ္တောဟမှာ၊ကြိယာဝိသေသန၊ကတ္တုမှုနှင့်၊ကမ္မနှစ်ချက်၊ထည့်ကာစွက်၊အနက်သမ္ဗန်မြဲ။**

အထ ပုစ္ဆာမိ၊မေးဦးအံ့။(အထကား ပဉ္စအနက်)**တစ်နည်း**-အထ၊ထိုသို့ဖြစ်လျှင်။(ဝေါဟာရတ္ထ) သုတ္တန္တေ၌။တံသမယန္တိ-ဟူ၍။ဥပယောဂဝစနေန၊ဒုတိယာဝိဘတ်ဖြင့်။နိဒ္ဒေသော၊ညွှန်ပြခြင်းကို။ကတော ယထာစ၊ ပြုအပ်သကဲ့သို့လည်းကောင်း။ဘုမ္မဝစနေန၊သတ္တမီဝိဘတ်ဖြင့်။ (နိဒ္ဒေသော ကတော ယထာစ) တထာ၊ထို့အတူ။အကတွာ-ဥပယောဂဝစန,ဘုမ္မဝစနတို့ဖြင့် မပြုမူ၍။

(ခ) ၊ တတ္ထ၊ထိုသုတ္တန်ပိဋကတ်,အဘိဓမ္မာပိဋကတ်တို့၌။တထာ၊ထိုဒုတိယာဝိတ်ဘတ်,သတ္တမီဝိဘတ်တို့ဖြင့်။အတ္ထသမ္ဘဝတော၊အနက်၏ ဖြစ်သင့်ခြင်းကြောင့်လည်းကောင်း။ဣဓ၊ ဤဝိနည်းပိဋကတ်၌။အညထာ၊ဒုတိယာသတ္တမီမှတစ်ပါးသော တတိယာဝိဘတ်ဖြင့်။အတ္ထသမ္ဘဝတော၊ လည်းကောင်းတည်း။ (ဟေတုပိဋ္ဌိ)

http://www.dhammadownload.com



**(တစ်နည်း)** တတ္ထ၊ ၌။ တထာ၊ တို့ဖြင့်။ အတ္ထသမ္ဘဝတော စ၊ လည်းကောင်း။ ဣဓ၊ ၌။ အညထာ၊ ဖြင့်။ အတ္ထသမ္ဘဝတော စ၊ လည်းကောင်း။ သုတ္တန္တေ၊ ၌။ ကေံသမယန္တိ၊ ဟူ၍။ ဥပယောဂဝစနေန၊ ဖြင့်။ နိဒ္ဒေသော၊ ကို။ ကတောယထာ စ၊ လည်းကောင်း။ အဘိဓမ္မေ၊ ၌။ ယသ္မိံ သမယေ ကာမာဝစရန္တိ၊ ဟူ၍။ ဘုမ္မဝစနေန၊ ဖြင့်။ နိဒ္ဒေသော၊ ကို။ ကတော ယထာ စ၊ လည်းကောင်း။ တထာ အကတွာ ဣဓ အညထာ အတ္ထသမ္ဘဝတော တေန သမယေနာတိ၊ ဟူ၍။ ကရဏဝစနေန၊ ဖြင့်။ နိဒ္ဒေသော ကတော၊ ပြုအပ်ပြီ။

**ရှင်းချက်။** ။ "ပုစ္ဆာဝါကျမှ လိုက်သင့်ရာပုဒ်တို့ကို လိုက်၍ အနက်ပေးခြင်းသည် လိုက်၊ လှမ်း၊ ပြန်ထည့်၊ ပြင်တုံဘိ ငါးရှိအစပ်မျိုး" ဟူသော နိယံနှင့်အညီ အနက်ပေးခြင်း ဖြစ်၏။

နံပါတ် (၂)

**(ခ)သို့။** ။ဆရာ (က) ဖြင့် သုတ္တန်ပိဋကတ်၌ ဧကံသမယံ-ဟူ၍ ဒုတိယာဝိဘတ်ဖြင့်လည်းကောင်း၊ အဘိဓမ္မာ ပိဋကတ်၌ ယသ္မိံ သမယေ-ဟူ၍ သတ္တမီဝိဘတ်ဖြင့်လည်းကောင်း၊ ညွှန်ပြခြင်းကို ပြုအပ်သကဲ့သို့၊ ဤ၌မပြုမူ၍ တေန သမယေန-ဟူ၍ ကရိဏ်းဝိဘတ်ဖြင့် ညွှန်ခြင်းကို ပြုအပ်၏ဟု ဖွင့်ပြတော်မူ အပ်၏။ (ဌပနာ)အဘယ်ကြောင့် ထိုသို့ ဝိဘတ်သုံးမျိုးခွဲခြား၍ ဟောဆိုအပ်ပါသနည်း။ (စောဒနာ)ဝိဘတ်သုံးမျိုးခွဲခြား၍ ဟောဆိုရခြင်း၏ အကြောင်းကို မပြဆိုပြီလော။ **(တစ်နည်း)** သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ် ဝိနည်းပိဋကတ်တို့သည် ဗုဒ္ဓဘာသိတပါဝစန အဖြစ်ဖြင့် တူကြသည် မဟုတ်ပါလော။ (အာဘော်) ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ခ) ဝါကျမိန့်။

**ဂဏ္ဌိဟောင်း၌ ဤသို့ စတုက္ကနည်း ကျမ်းတက်၏..**

ဆရာ ပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် တေန သမယေန ဟူ၍ ကရိဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်၏-ဟာဖွင့်ဆို၏။ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့၌ "ဧကံ သမယံ" ဟူ၍လည်းကောင်း၊ "ယသ္မိံ သမယေ" ဟူ၍ လည်းကောင်း၊ ဒုတိယာဝိဘတ်၊ သတ္တမီဝိဘတ်တို့ဖြင့် ညွှန်ပြသကဲ့သို့ညွှန်ပြခြင်းကိုပြုသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဤဝိနည်းပိဋကတ်၌ တေန သမယေန-ဟူ၍ ကရိဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျမိန့်။

(က) နနု သုတ္တန္တေ 'ဧကံသမယ'န္တိ ဥပယောဂဝစနေန နိဒ္ဒေသော ကတော အဘိဓမ္မေစ 'ယသ္မိံ သမယေ ကာမာဝစရ'န္တိ ဘုမ္မဝစနေန။

(ခ) အထ ကသ္မာ တထာ အကတွာ ဣဓ 'တေန သမယေနာ'တိ ကရဏဝစနေန နိဒ္ဒေသော ကတော။

(ဂ) တတ္ထ တထာ ဣဓ စ အညထာ အတ္ထသမ္ဘဝတော။

**(ဂ) သို့။** ။ဆရာ (ခ)ဖြင့် သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့၌ အစ္စန္တသံယောဂအနက်၊ အဓိကရဏအနက် ဖြစ်သင့်သော်လည်း ဤဝိနည်းပိဋကတ်၌ ထိုတို့မှ တစ်ပါးသော ဟိတ်အနက်၊ ကရိဏ်းအနက် ဖြစ်သင့်သောကြောင့် တေန သမယေန-ဟူ၍ တတိယာဝိဘတ်ဖြင့် ညွှန်ပြအပ်သည်ကို ပြုအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ (အနက်သုံးမျိုးအဖွင့် အကျယ်ကို မျှော်သည်။)

**(တစ်နည်း)** ဆရာ (ခ) ဖြင့် သုတ္တန်ပိဋကတ်၌ အစ္စန္တသံယောဂအနက် ဖြစ်သင့်သောကြောင့် ဧကံ သမယံ-ဟူ၍ ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ (ဂ-ဝါကျသာ မျှော်)ဒုတိယာဝိဘတ်သည် အနက်များစွာတို့၌ ဖြစ်သည် မဟုတ်ပါလော။ **တစ်နည်း**-သုတ္တန်၌ ဖြစ်သင့်သော အနက်သည် သာမန်သာ ဖြစ်နိုင်ကောင်းရာသည် မဟုတ်ပါလော။

http://www.dhammadownload.com



အဘာယ်သို့လျှင် သုတ္တန်၌ အစ္စန္တသံယောဂအနက် ဖြစ်နိုင်ပါသနည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပာယ်ကား။** ။ သုတ္တန်၌ အစ္စန္တသံယောဂအနက် ဖြစ်သင့်သောကြောင့် ဟူလို။

**မှတ်ချက်။** ။ ကျမ်းတက်ရာ၌ တက်နိုင်းသည့်ဝါကျကို မြန်မာပြန်ဆိုခြင်းသည် အဓိပ္ပာယ်ဖြစ်သည်ကို ပုံသေမှတ်ထားအပ်၏။

**(ဃ) သို့။** ။ဆရာ (ဂ) ဖြင့် သုတ္တန်ပိဋကတ်၌ အစ္စန္တသံယောဂအနက် ဖြစ်သင့်၏ဟု ဖွင့်ပြတော်မူအပ်၏။ အဘာယ့်ကြောင့် အစ္စန္တသံယောဂအနက် ဖြစ်သင့်ပါသနည်း။ ၎င်းအနက် ဖြစ်သင့်သည်ကို အကြောင်းနှင့်ကင်း၍ သိအံ့လော။(ဂဏ္ဌိဟောင်း) **တစ်နည်း**-အဘိဓမ္မာဝိနည်းတို့နှင့် ဘုရားဟောအဖြစ်ဖြင့် တူသောကြောင့် ထိုတို့နည်းတူ တစ်ပါးသော ဘုမ္မတ္ထ၊ကရဏတ္ထ အနက်တို့လည်း ဖြစ်သင့်ကောင်းသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အစ္စန္တသံယောဂအနက် ဖြစ်သင့်၏ဟုဆိုသော ဆရာစကား အသို့သင့်အံ့နည်း၊ယုတ္တိကင်းသော ဝိရောဓိဒေါသ ရောက်ရာ၏။ဤသို့ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**အဓိပ္ပာယ်ကား။** ။ သုတ္တန်ကို ဟောသောအခါ၌ မပြတ်မစဲ ကရုဏာတော်ဖြင့် နေသည်ဖြစ်၍ အစ္စန္တသံယောဂ-အနက် ဖြစ်သင့်ရကား သင်တင်သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏ ဟူလို၊

နံပါတ် (၃)

(က) **စသည် ဝါကျာရမ္ဘ။** ။ ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်၏ စောဒနာကိုပယ်လို၍ဆက်လက်အားထုတ်သောကြောင့်။ထို့တွင်အထကသ္မာ။ပ။ဘုမ္မဝစနေနတိုင်အောင် စောဒကာဘောဂ။တထာအကသ္မာ ။ပ။ ကတော တိုင်အောင် စောဒနာ။

(ခ) **ပရိဟာရဘောဂ။** **(တစ်နည်း)** ပက္ခန္တရ။ပရိဟာရဘောဂ အဖို့တစ်ပါးကို ပြသောကြောင့်။

(ဂ) **ဝိတ္ထာရ။** ။ အတ္ထသမ္ဘဝတော၌ အတ္ထသရုပ်ကို ချဲ့ပြသောကြောင့်။

(ဃ) **ဝိတ္ထာရ။** ။ အစ္စန္တသံယောဂအနက် ဖြစ်ပုံကို ချဲ့ပြသောကြောင့်။

**(တစ်နည်း)ကာရဏ။** ။ အစ္စန္တသံယောဂအနက် ဖြစ်ခြင်း၏ အကြောင်းကို ပြသောကြောင့်။

**(တစ်နည်း)ဒဠှီကရဏ။** ။ အစ္စန္တသံယောဂအနက် ဖြစ်နိုင်ပုံ အသင့်ယုတ္တိကို ပြသောကြောင့်။

**စာစပ်။** ။ယံ သမယံကား ပတ်လုံး-ဟူ၍ အနက်ပေးသောကြောင့်၊ဒေသေသိ၌ အစ္စန္တသံယောဂ/ဝန္တ စပ်။

နံပါတ် (၄)

**သုတ္တံ။** ။ **အတ္ထေ သူစေတီတိ သုတ္တံ။** (သူစ+တ) **အတ္ထေ သဝတီတိ သုတ္တံ။** (သု+တ)

သူစ ဓါတ်အရ အနက်ကို ထင်ရှားပြတတ်သော မြတ်စွာဘုရား၏ မဟာကရုဏာတော် ပြခန်းသော ကြိယာစိတ္တုပ္ပါဒ်သည် မုချ။ရှေးရှေးဖြစ်သော ဝေနေယျသတ္တဝါတို့၏ ဟိတသုခကို လိုလားတော်မူခြင်းသည်ဖလူပစာ။နောက်နောက်ဖြစ်သော ဒေသနာဉာဏ်တော်သည် ကာရဏူပစာ။တပစ္စည်းအရ-ထိုမုချ၊ဖလူ၊ကာရဏူပစာတို့ဖြင့်မှတ်အပ်သော သုတ္တန်ပိဋကတ် ရ၏။

**သုတ္တန္တ။** ။ **သုတ္တမေဝ သုတ္တန္တံ။** (တဗ္ဗာဝုတ္တိ ကမ္မဓာရနည်း)

ရှေ့ပုဒ် နောက်ပုဒ်-အရ မထူးသောကြောင့် သုတ္တန်ပိဋကတ်ပင် ရ၏။

**ဥယောဂဝစနံ။** ။ **ဥပယုဇ္ဇတီတိ ဥယောဂေါ။ဥပယောဂမေဝ ဝစနံ ဥပယောဂဝစနံ။**

**(တစ်နည်း)** **ဥပယောဂဿ ပရိဒီပကံ ဝစနံ ဥပယောဂဝစနံ။**

ဥပယောဂဟူသော ဝိသေသနပုဒ်အရ ကပ်ယှဉ်တတ်သည်၏ အဖြစ်ဟူသော သမ္ဗာဝနာဘော

http://www.dhammadownload.com



ဂုဏ်သည် မှချ။ထိုဒုတိယာဝိဘတ်နှင့် ဂုဏ်/ဂုဏေး အစပ်သမ္ဗန် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ဒုတိယာဝိဘတ်ရ၏။(တစ်နည်း) ဥပယောဂဟူသော ဝိသေသနပုဒ်-အရ ဒုတိယာအနက်သည် မှချ။ ထို၏ ပြတတ်သော ဒုတိယဝိဘတ်နှင့် ဝါစ္စ/ဝါစက အစပ်သမ္ဗန် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ဒုတိယာဝိဘတ်ရ၏။

**အာဓိမ္မွ။** ။**အာဘိ အဓိကော ဓမ္မော အာဘိဓမ္မော။**

အာဘိ ဝိသေသနပုဒ်အရ အဓိကဘောဂုဏ်သည် မှချ။ထို၏ ဓမ္မအရ တရားနှင့် ဂုဏ်/ဂုဏေးအစပ် သမ္ဗန် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော အာဘိဓမ္မာ ပိဋကတ်ရ၏။

**ဘုမ္မဝစန။** ။ **ဘဝန္တိ ဧတ္ထာတိ ဘူမိ။ ဘူမိ ဝိယာတိ ဘုမ္မံ။** (ဘူမိ+ဏျ)

**ဘုမ္မမေဝ ဝစနံ ဘုမ္မဝစနံ။**

ဘူမိဟူသော တဒ္ဓိတ်ပုဒ်အရ ပကတိမြေကြီးသည် မှချ။ထို၏တည်ရာ အာဓာရနှင့် သဒိသ/သဒိသီ အစပ်သမ္ဗန်သည် ဌာနူပစာ။ဏျပစ္စည်းအရ ထို-သော မြေကြီးနှင့်တူသော အာဓာရအနက်ရ၏။

**အညထာ။** ။ **အညေန ပကာရေန အညထာ။**

အညဟူသော တဒ္ဓိတ်ပုဒ်အရ အညဘောဂုဏ်သည် မှချ။ထို၏ ထာ-ပစ္စည်းအရ ပကာရဘောဂုဏ် နှင့် ဂုဏ်/ဂုဏေး အစပ်သမ္ဗန်သည် ဌာနူပစာ။ထာပစ္စည်းအရ ထို-သော ပကာရဘောဂုဏ် ရ၏။

**ဝိဟာရ။** ။ **ဝိဟရဏံ ဝိဟာရော။** (ဝိ+ဟရ+ဏ)

ဘာဝသာဓနတို့၏ သဘောသည် ဓါတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ပရဟိတပဋိပတ္တိ ရ၏။(ညာသ်ကောက်ရာတွင် ဘာဝသာဓနသည် အလွန်လွယ်ပါသည်။)

**နိယံ။** ။**ဘာဝသာဓန ဟူတုံက ဓာတ်ရ အပစ္စည်း တူသည်သာ။**

**ကရုဏာ။** ။ **ကံ သုခံ ရုန္ဓတီတိ ကရုဏာ။**

**ပရဒုက္ခေ သတိ သာဓူနံ ဟဒယခေဒံ ကရောတိ ဇနေတီတိ ကရုဏာ။**

က အရ-သုခသည်မှချ။ထို၏ ကရုဏာနှင့် ကမ္မ/ကမ္မီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာန။ရုဓ ဓာတ်အရ သုခကို ပိတ်ဆို့ခြင်း အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာသည်မှချ။သမာသ်ပုဒ်အရနှင့် ကုန ပစ္စည်းအရကား ထိုသောလက္ခဏာဝန္တဖြစ်သော ကရုဏာရ၏

**ကရုဏာဝိဟာရ။** ။ **ကရုဏာဝသေန ပဝတ္တော ဝိဟာရော ကရုဏာဝိဟာရော။**

ကရုဏာ ဟူသော ဝိသေသနပုဒ်အရ မဟာကရုဏာတော်သည် မှချ။ထို၏ မဟာကရုဏာ သမာပတ်နှင့် အစိတ်/အပေါင်း နိဿယ/နိဿိတ အစပ်သမ္ဗန် ဌာန။ပုဒ်လုံးအရ ထို-သော ကရုဏာသမာပတ်ရ၏။ ထိုသို့ပင်ရငြားသော်လည်း ဤအရာ၌ ကာရဏူပစာအားဖြင့် ဆိုရာဖြစ်သောကြောင့် ထိုကရုဏာသမာပတ်လျှင် အကြောင်းရှိသော ပရဟိတပဋိပတ်ရ၏။

**အစ္စန္တသံယောဂတ္ထော။** ။ **အစ္စန္တံ နိရန္တရံ သံယောဂေါ အစ္စန္တသံယောဂေါ။**

**အစ္စန္တသံယောဂမေဝ အတ္ထော အစ္စန္တသံယောဂတ္ထော။**

နံပါတ် (၅)

**သုတ္တ။** ။ သူစ+ (သူဒ/သုပုဗ္ဗ တာ/သု။သုပုဗ္ဗ+ဝစ/) တ။

**ဥပယောဂ။** ။ ဥပ-ယုဇ + ဏ။ **ဘူမိ။** ။ဘူ + မိ။ **အစ္စန္တ။** ။အတိ-အမ + တ။

**ကရုဏာ**။။ ကရ+ (ကိရ/ကံ-ရုဓ/ကီ /) ဥန။

http://www.dhammadownload.com



နံပါတ် (၆)

(ဂ) **အစ္စန္တသံယောဂတ္ထေဖြင့်** အတ္ထသမ္ပဝတ္တောသဒ္ဒါသည် တတ္ထတို့နှင့် စပ်ယှဉ်ခိုက် အတ္ထအရ အစ္စန္တသံယောဂအနက်ကို အရကောက်ယူအပ်သည်ကို သိစေပါသည်။
(သရုပ်အရကောက်ကိုပြသောကြောင့် သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ)

(ဃ) **အစ္စန္တမေဝဖြင့်** သုတ္တန်ပိဋကတ်၌ ဇော် သမယံဝယ် အံဝိဘတ်သည် ရိုးရာကံအနက်၌ မသက်၊အစ္စန္တသံယောဂအနက်၌ သက်သည်ကို သိစေပါသည်။
(ဒုတိယာဝိဘတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထ သံဝဏ္ဏနာ)

**ကရုဏာဝိဟာရေန ဝိဟာသိဖြင့်** ထိုအခါ ပရဟိတပဋိပတ္တိဟု ဆိုအပ်သော ကရုဏာဝိဟာရဖြင့် အကြားမရှိ နေခြင်းကြောင့် အစ္စန္တသံယောဂဖြစ်၏-ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။
(အဓိပ္ပါယ်အနက်ကိုဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ)

**ယံ သမယံ စသည်ဖြင့်** ဇော် သမယံ၌ သမယဟူသည် ဗြဟ္မဇာလစသော သုတ္တန်တို့ကို ဟောရာ အခါပင် ဖြစ်၏-ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

**(တစ်နည်း)** ကရုဏာဝိဟာရဖြင့် နေရာအခါပင် ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။

နံပါတ် (၇)

**တတ္ထ/တသ္မိံ...**

**တတ္ထာတိ တေသု သုတ္တာဘိဓမ္မေသု**-ဟု ဋီကာ၌ ဖွင့်ဆိုသောကြောင့် တတ္ထပါဠ်သာ သင့်။

**ကရုဏာဝိဟာရေန/ကရုဏာဝိဟာရေန...**

"သမာသ်လယ်မှာ၊ ထီမြဲအာ၊ ရဿာမပြုရာ" ဟူသော နိယံအရ ကရုဏာပုဒ်သည် နိယတ ဣတ္ထိလိင်ပုဒ်ဖြစ်သောကြောင့် ရဿမပြုရကား ကရုဏာဝိဟာရေန ပါဠ်သာ သင့်။

**မှတ်ချက်။** ။ အာကာရန္တ ဣတ္ထိလိင်ပုဒ်တို့၌ ပုံသေမှတ်သား ဖြေဆိုရမည်။

**တိန္တုကာစီရေ/တိန္တုကစီရေ...**

စီယတေတိ စီရံ။ ။ တိန္တုကာနံ စီရံ တိန္တုကစီရံ။တိန္တုကစီရံ ယဿ အတ္ထီတိ တိန္တုကစီရော-ဟု ဝစနတ္ထပြု၍ တည်ပင်အနက်ဟော တိန္တုကပုဒ်နှင့်၊အစဉ်တန်းအနက်ဟော စီရပုဒ်တို့ စပ်၍ ပြီးသော ကြောင့် တိန္တုကစီရေ-ဟု ရဿဖြင့် ရှိသောပါဠ် သင့်။

စီဓာတ်သည် အာစယပုဒ်ကဲ့သို့ စီခြင်းအနက်ဟောရာ၌ အာ ဥပသာရ ရှေးရှိလေ့ဖြစ်သောကြောင့် တိန္တုကပုဒ် အာစီရပုဒ်တို့ဖြင့် တိန္တုကာနံ အာစီရံ ယဿာတိ တိန္တုကာစီရော-ဟု ဝစနတ္ထပြု၍ ပြီးရကား တိန္တုကာစီရေ-ဟု ဒီဃဖြင့်ရှိသော ပါဠ်လည်း သင့်။

နံပါတ် (၈)

**ကရုဏာဝိဟာရ။** ။ အကြောင်း၏အမည်ကို အကျိုး၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ကာရဏူပစာမည်၏။ ပြယုဂ်ကား-ကရုဏာဝိဟာရတည်း။ ဤ၌ အကြောင်းဖြစ်သော ကရုဏာဝိဟာရ၏ အမည်ကို အကျိုးဖြစ်သော ပရဟိတပဋိပတ်၌ တင်စား၍ အကျိုးဖြစ်သော ပရဟိတပဋိပတ်ကို ကရုဏာဝိဟာရ-ဟူ၍ ခေါ်ဝေါ်အပ်သော ကြောင့် ကာရဏူပစာ မည်၏။

မကင်းရာကိုဆိုသဖြင့် မကင်းတတ်သည်ကိုလည်း ရသောနည်းသည် နာန္တရီကနည်းမည်၏။ပြယုဂ် ကား-ကရုဏာဝိဟာရတည်း။ဤ၌ မကင်းရာဖြစ်သော ကရုဏာဝိဟာရကို ဆိုသဖြင့် မကင်းတတ်သော

http://www.dhammadownload.com


ပရဟိတပဋိပတ်ကိုလည်း ရသောကြောင့် နာ့နန္တရိကနည်း မည်၏။(တသ္မာ ကရုဏာဝသေန ပဝတ္တော ပရဟိတပဋိပတ္တိသင်္ခါတော ဝိဟာရော ဣဓ ကရုဏာဝိဟာရော ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ၁၉၉။)

**နိယံ။** ။ **နာနန္တရိကမ္မ ကာရုဏ္ဏ ဌာန္ဒဉ္ပစာ။**

**အတ္ထသမ္ဗန္ဓတော။** ။ သုတ္တန်၌ အစ္စန္တသံယောဂအနက်၊အဘိဓမ္မာ၌ အဓိကရဏာအနက်၊ဘာဝေနဘာဝလက္ခဏာအနက်၊ဝိနည်း၌ ဟိတ်အနက်၊ကရိုဏ်းအနက် ဤသို့ ရသင့်သည်အားလျော်စွာ ယူအပ်သောကြောင့် ယထာလာဘနည်း မည်၏။

## နံပါတ် (၁၀)

**သုတ္တန္တနိ ဒေသေသိဦ ဓာတ်-** အရ ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်။

ပဒဋ္ဌာနဟာရ ဟူသော်ကား-ပဒဋ္ဌာနံ ဝိစာရေတိ ဓာတေနတိ ပဒဋ္ဌာနော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သောတရားတို့၏ ပဒဋ္ဌာန်ကို သြရုယှော်ယုအားဖြင့် လည်းကောင်း၊အာရုယှာရုယှ အားဖြင့်လည်းကောင်း ပဒဋ္ဌာန်ကို စိစစ်ကြောင်း ဖြစ်သောကြောင့် ပဒဋ္ဌာနာဟာရ မည်၏။

အဘယ်သို့ စိစစ်သနည်းဟူမူကား-ဒေသေသိဦ ဓာတ်အရ ဒေသနာဉာဏ်တော်တည်း။

ထိုဒေသနာဉာဏ်တော်၏ ပဒဋ္ဌာန်ကား .သကလဗုဒ္ဓဂုဏ်တည်း။

ထို၏ ပဒဋ္ဌာန်ကား သဗ္ဗညုတဉာဏ်တော်တည်း။

။ ပစ္စဝေက္ခဏာဉာဏ်တည်း။

။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်တည်း။

။ အောက်မဂ်၊ အောက်ဖိုလ်ဉာဏ်တည်း။

။ မဟာဝဇီရဉာဏ်တော်တည်း။

။ အာနာပါန စတုတ္ထဈာန်တည်း။

။ စတုရင်္ဂဝီရိယတည်း။

။ ဗောဓိမဏ္ဍိုင်တည်း။

။ ပါရမီ ၁၀-ပါး၊ အပြား ၃၀၊စွန့်ခြင်းကြီး ၅-ပါး၊စရိယ ၃-ပါးတည်း။

။ မဟာဘိနီဟာရတည်း။

။ မဟာကရုဏာတော်တည်း။

။ သတ္တဝါပညတ်တည်း။

ဤသို့ အောက်သက် သြရုယှော်ရုယှအားဖြင့် လည်းကောင်း။

ထိုသည် ဝေနေယျသတ္တဝါတို့၏ မွေ့သနကုသိုလ်လျှင် နီးစွာသော အကြောင်းတည်း။

ထိုသည် ဝေနေယျဝတ္တဝါတို့၏ ဟိတသုခသည်လည်းကောင်း၊စိတ္တာမယ၊သုတမယဉာဏ်၏ နီးစွာသောကြောင့်တည်း။

ဤသို့ အထက်တက် အာရုယှော်ရုယှအားဖြင့် လည်းကောင်း၊ ပဒဋ္ဌာန်ကို ထုတ်အပ်၏။

ဤသို့စသည်ဖြင့် သြရုယှော်ရုယှ၊အာရုယှာရုယှအားဖြင့် ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရ နေတ္တိနည်းမည်၏ ဟူလိုသောဝ်။

************

http://www.dhammadownload.com



## ဝါကျစဉ် (၃)

(က) ဝေရဉ္ဇာတိ အညတရသ္မႃ နာဂရသေ်ာတံ အဓိဝစနံ။
(ခ) တသ္မႃ ဝေရဉ္ဇာယံ။
(ဂ) သမီပတ္ထေ ဘုမ္မဝစနံ။
(ဃ) ဝိဟရတီတိ အဝိသေသေန ဣရိယာပထဒိဗ္ဗဗြဟ္မအရိယဝိဟာရေသု အညတရဝိဟာရ သမင်္ဂိပရိဒီပနမေတံ။
(င) ဣဓ ပန ဌာနဂမနနိသဇ္ဇာသယနပ္ပဘေဒေသု ဣရိယာပထေသု အညတရဣရိယာပထ သမာယောဂပရိဒီပနံ။
(စ) တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟရတိစ္စေဝ ဝေဒိတဗ္ဗော။
(ဆ) သော ဟိ ဧကံ ဣရိယာပထဗာဓနံ အပရေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပရိပတန္တံ အတ္တဘာဝံ ဟရတိ ပဝတ္တေတိ။ ( ဝိ၊ ဋ္ဌ၊ ၁။ ၈၁။)

*************

### နံပါတ် (၁)

(ဂ) တော၊ ဤသတ္တမီဝိဘတ်သည်။သမီပတ္ထေ၊ ဌ။ ဘုမ္မဝစနံ၊ တည်ရာအာဓာရ အနက်ကို ဟောသော ဝိဘတ်တည်း။

**နိယံ။ ။ တော်မလွဲ ဝိဘတ်စွဲမှု ထင်အောင်ဝိဘတ် မှတ်၍ ပေးမြဲ။**

**တစ်နည်း**။။ တော၊ ဤဝေရဉ္ဇာယံ ဟူသောပုဒ်သည်။သမီပတ္ထေ၊ဌ။ဘုမ္မဝစနံ၊သတ္တမီဝိဘတ်ရှိသော ပုဒ်တည်း။

**နိယံ။ ။ ပုဒ်စွဲရှိက အဿတ္ထိအနက် ထွက်အောင် သမ္ဗန်မြဲ။**

(ဃ) ဝိဟရတီတိ တော၊ ဝိဟရတိ-ဟူသော ဤသဒ္ဒါသည်။အဝိသေသေန၊ အထူးမှကင်းသောအားဖြင့်။ ဝါ၊ မထူးသောအားဖြင့်။ (သဒ္ဒတ္ထ) ဝါ၊သာမညအားဖြင့်။(ဝေါဟာရတ္ထ)အညတရဝိဟာရသမင်္ဂိပရိဒီနံ၊ အမှတ်မထား တစ်ပါးပါးသော ဝိဟာရနှင့် ပြည့်စုံခြင်းကို ပြကြောင်းသဒ္ဒါတည်း။

(င) ပန၊ ထိုသို့ပင် အညတရဝိဟာရသမင်္ဂီကို ပြပါသော်လည်း၊ (အရုစျတ္တ) ဘာ-ဋီ။

ပန၊ အတ္တုဒ္ဒါရ သာမညမှတစ်ပါး၊အတ္တုဒ္ဒေသ ဝိသေသကို ဆိုဦးအံ့။ (ဝိသေသတ္တ)

**နိယံ။ ။ သစေ ဣဓ နောက်ပန ဝိသေသဟုစွဲ။**

ဣဓ၊ ဤဝေရဉ္ဇာယံ ဝိဟရတိ ဟူသောပါဌ်၌။ ဌာနဂမနနိသဇ္ဇာသယနပ္ပဘေဒေသု၊ ရပ်ခြင်း သွားခြင်း ထိုင်ခြင်း လျောင်းခြင်း အပြားရှိကုန်သော။ ဣရိယာပထေသု၊ဣရိယာပုထ်တို့တွင်။အညတရဣရိယာပထ သမာယောဂပရိဒီပနံ၊ အမှတ်မထား တစ်ပါးပါးသော ဣရိယာပုတ်နှင့် ယှဉ်ပုံကို ပြကြောင်းသဒ္ဒါတည်း။

(စ) တေန၊ ထိုသို့ ဝိဟရတိသဒ္ဒါ၏ အမှတ်မထား တစ်ပါးပါးသော ဣရိယာပုထ်နှင့် ယှဉ်ခြင်းကိုပြ ကြောင်းသဒ္ဒါ၏ အဖြစ်ကြောင့်။

(ဆ) ဟိ၊မှန်၏။**တစ်နည်း** -ဟိ ယသ္မာ။သော၊ ထိုမြတ်စွာဘုရားကို။ ဝါ၊ သည်။ဧကံ ဣရိယာပထဗာဓနံ၊ တစ်ပါးသော ဣရိယာပုတ်၏ ညောင်းညာတော်မူခြင်းကို။ဝိစ္ဆိန္ဒိတွာ၊ဖြစ်တော်မူ၍။အပရိပတန္တံ၊မလဲကျအောင်။

ဝိဟရတိ၊ ဣရိယာတစ်ပါး ညောင်းညာများကို တစ်ပါးဖြင့်ဖြတ် မကျလတ်အောင် အတ္တဘောကို ဆောင်တော်မူ၏။(သဒ္ဒတ္ထ) ဝါ၊ အတ္တဘောကို တာရှည်စွာ ဖြစ်စေတော်မူ၏။(အဓိပ္ပာယတ္ထ) ဝါ၊ နေတော်မူ၏။ (ဝေါဟာရတ္ထ)

http://www.dhammadownload.com



နံပါတ် (၂)

**(က)သို့ လီနတ္ထဇောဒနာ။** ။ ဆရာ သင်္ဂါယနာတင် မထေရ်တို့သည် ဝေရဉ္ဇာယံ ဝိဟရတိ-ဟုပါဠိတော်၌ မိန့်ဆိုတော်မူအပ်၏။ယင်းဝေရဉ္ဇာသဒ္ဒါသည် ဝိဂတော ရဇော ဧတ္ထာတိ ဝေရဉ္ဇာ။ဝေရဉ္ဇသ ဣသိနော ဌာနေ ကတာ ဝေရဉ္ဇာ-ဤသို့ စသည်ဖြင့် ဝစနတ္ထပြု၍ပြီးသော အနွတ္ထသဒ္ဒါဟု မှတ်သားအပ်ပါသလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပာယ်ကား။** ။ အနွတ္ထအမည်ဟူ၍ မမှတ်သားအပ်၊ရုဠီအမည်-ဟု မှတ်သားအပ်၏ ဟူလို။

**မှတ်ချက်။**။လီနတ္ထရတက်ရာ၌ ပါဠိတော်ကို ဋ္ဌပနာထား၍တက်လေ့ရှိသည်ကို ဆရာများပို့ချက်တို့၌တွေ့ရ၏။

**(ခ) သို့ အနုသန္ဓေ။** ။ ဤသို့ (က)ဖြင့် ဝေရဉ္ဇာ-ဟူသော သဒ္ဒါသည် ထိုမြို့အပေါ်၌ ထင်ရှားသော ရုဠီအမည်၏အဖြစ်ကို ဒဠ္ဍွေဒနနည်းအားဖြင့် ပြတော်မူပြီး၍၊ယခုအခါ၌ ယင်းဝေရဉ္ဇာသဒ္ဒါသည် သတ္တမီဝိဘတ် အဆုံးရှိ၏-ဟု ဒဠ္ဍသောနေနည်းကို ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် (ခ) မိန့်။

**(ဂ) သို့ ပုစ္ဆာ။** ။ ဆရာသည် (ခ)ဖြင့် ဝေရဉ္ဇာယံ-သဒ္ဒါသည် သတ္တမီဝိဘတ်အဆုံးရှိသော သဒ္ဒါဖြစ်၏ဟု ဖွင့်ပြအပ်၏။ထိုသတ္တမီဝိဘတ်သည် လေးမျိုးသောအာဓာရ ဩကာသအနက်တို့၌ သက်သောကြောင့် ဤ၌ သို့ဝိဘတ်သည် ဗျာပိက ဩပသိလေသိက ဝေသယိကာဓာရတို့၌ ဖြစ်ပါသလော။အဘယ်အာဓာရ၌ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပာယ်ကား။** ။ သာမီပိကာဓာရ၌ ဖြစ်၏ ဟူလို။

**(င) သို့ ။** ။ ဆရာသည် (ဃ)ဖြင့် ဝိဟရတိဟူသော ပါဠိရပ်၌ သာမညအားဖြင့် ဣရိယာပထ စသော လေးပါးသော ဝိဟာရတို့တွင် တစ်ပါးပါးသော ဝိဟာရနှင့် ပြည့်စုံသည်၏အဖြစ်ကို ပြတော်မူ၏-ဟု ဖွင့်ပြအပ်၏။ယင်းသို့ဆိုသော် ဤ၌ ဝိဟရတိ-အရ ဝိဟာရလေးပါးလုံးကိုပင် အလိုရှိအပ်ပါသလော၊ဤ၌ အဘယ်ဝိဟာရကို အလိုရှိအပ်ပါသနည်း။အလိုရှိအပ်သော ဝိဟာရကို မပြက ဆရာ၌ အတိဗျာပိတဒေါသ-သင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

**အဓိပ္ပာယ်ကား။**။ (င)ဖြင့် ဣရိယာပထဝိဟာရကို အလိုရှိအပ်၏-ဟု ငါပြဆိုရကား သင်တင့်သော အတိဗျာပိတဒေါသ ငါ၌မရောက် ကင်းပျောက်၏ ဟူလို။

**နိယံ။** ။**အတ္ထုဒ္ဒေသ၊ ဟူလတ်က၊ အတိဗျာပိတတင်။**

**(စ)သို့ ။** ။ ဆရာသည် (င) ဖြင့် ဤ၌ ဝိဟရတိသဒ္ဒါသည် ဣရိယာပုထ်လေးပါးတို့တွင် တစ်ပါးပါးသော ဣရိယာပုထ်နှင့် ယှဉ်သည်၏အဖြစ်ကို ပြကြောင်း သဒ္ဒါဖြစ်၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဆိုသဖြင့် အဘယ်အကျိုး ရရှိအပ်ပါသနည်း။အကျိုးမရ နိရတ္ထက-ဟူ၍ မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (စ) မိန့်။

**(တစ်နည်း)** ဆရာ၊ သည် (င)ဖြင့် ဝိဟရတိအရ ဣရိယာပထဝိဟာရကို ဤ၌ အလိုရှိအပ်-ဟု ဖွင့်ပြအပ်၏။ ထိုတွင် ရပ်တော်မူသော ဘုရားရှင်ကိုသာ။ပ။လျောင်းတော်မူသော ဘုရားရှင်ကိုသာ ဝိဟရတိ-ဟူ၍ သိအပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

**(ဆ) သို့ လီနတ္ထရ။** ။ ဆရာ သင်္ဂါယနာတင် မထေရ်တို့သည် ပါဠိတော်၌ ဝေရဉ္ဇာယံ ဝိဟရတိ-ဟုမိန့်ဆိုတော်အပ်၏။အဘယ်ကို အဘယ်ဖြင့် ဖြတ်အပ်ပါသနည်း။အဘယ်သို့လျှင် ဖြစ်စေအပ်ပါသနည်း။စုဒ်ကြောင့် (ဆ) မိန့်။

**တတ္ထ ကာယ ကေန ဝိစ္ဆိန္နန္တိ၊ ကထံ ကာယ ပဝတ္တန္တန္တိ အဇ္ဈောလီနစောဒနံ သန္ဓာယာဟ "သော ဟိတိ" အာဒိ။ (သာရတ္ထ၊ ၁။ ၂၀၄။)**

http://www.dhammadownload.com



**(ဆ) သို့ စောဒနာ။** ။ ဆရာ၊ သည် (စ)ဖြင့် ရပ်တော်မူသည်လည်းဖြစ်သော။ပ။ကျောင်းတော်မူသည်လည်းဖြစ်သော ဘုရားရှင်ကို ဝိဟရတိ-ဟူ၍ သိအပ်သည်ကို ဖွင့်ဆိုအပ်၏။ဝိဟရတိ-သဒ္ဒါသည် တစ်ခုတည်းဖြစ်လျက် အနက်တို့သည် များပြားနေသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် ရပ်တော်မူသည်လည်းဖြစ်သော။ပ။ကျောင်းတော်မူသည်လည်းဖြစ်သော ဘုရားကိုဝိဟရတိ-ဟူ၍ သိအပ်၏-ဟုဆိုသော ဆရာ့စကားအသို့ သင့်နိုင်အံ့နည်း။သဒ္ဒါအနက်ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။စုဒ်ကြောင့် (ဆ) မိန့်။

**နံပါတ် (၃)**

**(က) ပက္ကန္တရ** ။ ။ ဝေရဉ္ဇာပုဒ်၏အဖွင့် အဖို့တစ်ပါးကို ပြသောကြောင့်။

**(ခ) ဝါကျာရမ္ဘ** ။ ။ ဒန္တစ္ဆေဒန နည်းမှတစ်ပါး ဒန္တသောဓနနည်းကို ဆက်လက်အား ထုတ်သောကြောင့်။

**(ဂ) ဝါကျာရမ္ဘ** ။ ။ ဝိဘတျတ္ထကို ဆက်လက်အားထုတ်သောကြောင့်။

**(ဃ) ပက္ကန္တရ။** ။ ။ ဝေရဉ္ဇာအဖွင့်မှ ဝိဟရတိအဖွင့် အဖို့တစ်ပါးကို ပြသောကြောင့်။

**(င) ဝိသေသ** ။ ။ အတ္ထုဒ္ဓါရသာမညမှ အတ္ထုဒ္ဓေသဝိသေသကို ပြသောကြောင့်။

**(စ) လဒ္ဓဂုဏ** ။ ။ (င) ဆိုသဖြင့် ရအပ်သောအကျိုးကို ပြသောကြောင့်။

**(ဆ) ဝိတ္ထာရ** ။ ။ ဣရိယာပုထ်လေးပါးကို ဝိဟရတိ-ဟု ဆိုနိုင်ကြောင်းကို ချဲ့ပြသောကြောင့်။(တစ်နည်း) ဒဠှီ (တစ်နည်း) ကာရဏ။

ဣရိယာပထေသု-တို့တွင် ပေးသောကြောင့် အညတရ-၌ နိဒ္ဓါရဏသမုဒါယ/နိဒ္ဓါရဏီယစပ်။
(ဆ) သော ကား ကိုပေးသောကြောင့်၊ဝုစ္စတိ၌ ဝုတ္တကံ/ဝုစ္စတိကား ဝုတ္တကံ၏ ကြိယာစပ်။
(တစ်နည်း) သည်ပေးသောကြောင့်၊ဟရတိ ပဝတ္တေတိ-၌ ကတ္တား/ကတ္တား၏ ကြိယာစပ်။

**နံပါတ် (၄)**

**နဂရ။** ။ **နဂါ ပါသာဒါဒယော ဧတ္ထ သန္တီတိ နဂရံ။**(တဒ္ဓိတ်) **နံ သမ္မုဠှံ့ ဃရံ ဧတ္ထာတိ နဂရံ။**
(သမာသ်) ဉာဏ်ကောက် ဒ္ဒပါရာ-စာစဉ်ရှု။

**အဓိဝစန ။** ။ **အဓိနံ ဝစနံ အဓိဝစနံ၊ (တစ်နည်း) အဓိကိစ္စ ပဝတ္တံ ဝစနံ အဓိဝစနံ။**

အဓိ-ဟူသော ဝိသေသနပုဒ်အရ စပ်ဆိုင်ခြင်း ဂုဏ်သည် မုချ။ထို၏ စကားဒြပ်နှင့် ဂုဏ်+ဂုဏီစပ် ဌာန။သမာသ်ပုဒ်လုံးအရ ထို သော စပ်ဆိုင်သော စကားရပ်ရ၏။

**ဘုမ္မဝစန။** ။ **ဘုမ္မေ ဝိဟိတံ ဝစနံ ဘုမ္မဝစနံ။ဘုမ္မဿ ပရိဒီပကံ ဝစနံ ဘုမ္မဝစနံ။**

ဘုမ္မ-ဝိသေသအရ တည်ရာအာဓာရ အနက်သည် မုချ။ထို-၏ စီရင်အပ်သော သတ္တမီဝိဘတ်နှင့် အကြောင်း+အကျိုးစပ် ဌာန။သမာသ်ပုဒ်လုံးအရ ထို-သော သတ္တမီအနက်၌ စီရင်အပ်သော ဝိဘတ်ရ၏။

**သမီပတ္ထ ။** ။ **သမီပမေဝ အတ္ထော သမီပတ္ထော။**

**အဝိသေသ။** ။ **ဝိသေသီယတီတိ ဝိသေသော။ ဝိသေသနံ ဝိသေသော။ န ဝိသေသော အဝိသေသော။**

န-ဟူသော ဝိသေသနပုဒ်အရ ပဋိသေဓဘောဂုဏ်သည် မုချ။ထို၏ ဝိသေသ-အရ အထူးမပြုအပ်သော ဝိဟရတိသဒ္ဒါနှင့် ဂုဏ+ဂုဏီးစပ် ဌာန။သမာသ်ပုဒ်လုံးအရ ထို သော အထူးမပြုအပ်သော ဝိဟရတိ-သဒ္ဒါရ၏။

**ဣရိယာပထဝိဟာရ။** ။ **ဝိဟရဏံ ဝိဟာရော။ ဝိဟရတိ ဧတေနာတိ ဝိဟာရော။**
**ဣရိယနံ ပဝတ္တနံ ဣရိယာ။(ကာယပယောဂေါ ကာယကိရိယာ။)**

http://www.dhammadownload.com



**ဣရိယာယ ပထော ဣရိယာပထော။ဣရိယာပထော စ ဝိဟာရော ဣရိယာပထဝိဟာရော။**

**ဒိဗ္ဗ။ ။ ဒိဝိ ဘဝေါ ဒိဗ္ဗော။**

ဒိဝ-ဟူသောတဒ္ဓိတ်ပုဒ်အရ ဗြဟ္မာ့ပြည်သည် မုချ။ထို-၏ဏျ-ပစ္စည်းအရ ဖြစ်သောလောကီဈာန်နှင့် ဠာန+ဠာနီ စပ် ဠာနူ။ဏျ-ပစ္စည်းအရ ဗြဟ္မာ့ပြည်၌ဖြစ်သော လောကီဈာန်ရ၏။

**ဒိဗ္ဗဝိဟာရ။ ။ ဒိဗ္ဗော စ သော ဝိဟာရော စာတိ ဒိဗ္ဗဝိဟာရော။**

**ဗြဟ္မဝိဟာရ။ ။ ဗြူဟန္တိ ဝုပ္ပန္တိ ဂုဏေဟီတိ ဗြဟ္မာ။ဗြဟ္မာနံ ဝိဟာရော ဗြဟ္မဝိဟာရော။**

ဗြဟ္မ-ဝိသေအရ မြတ်ကုန်သော သူတို့သည် မုချ။ထို-၏ နေကြောင်းဖြစ်သော အပ္ပမညာတရားတို့နှင့် နိသျ+နိဿိတ စပ် ဠာနူ။သမာသ်ပုဒ်လုံးအရ မြတ်သူတို့၏ နေကြောင်းဖြစ်သော အပ္ပမညာတရားလေးပါးရ၏။

**အရိယဝိဟာရ။ ။ ကိလေသေဟိ အာရကာ အရိယာ။အရိယာနံ ဝိဟာရော အရိယဝိဟာရော။**

**အညတရဝိဟာရသမင်္ဂိပရိဒီပက။ ။ သမာဂမနံ သမင်္ဂေါ။အညမေဝ အညတရော။ အညတရော စသော ဝိဟာရော စာတိ အညတရဝိဟာရော။ တေန သမင်္ဂေါ အညတရဝိဟာရသမင်္ဂေါ။ သော အဿ အတ္ထီတိ အညတရဝိဟာရသမင်္ဂီ။ တဿ ဘာဝေါ အညတရဝိဟာရသမင်္ဂီဘာဝေါ။ တဿ ပရိဒီပနံ အညတရဝိဟာရသမင်္ဂီပရိဒီပနံ။** (ဘာဝပ္ပဓာနော သမင်္ဂီသဒ္ဒေါ)

နံပါတ် (၅)

**ဗြဟ္မ**။ ။ ဗြူဟ+မ။ **အရိယ**။ ။ အရ+ဏျ။ **သမင်္ဂ**။။ သံ-အင်္ဂ+(ဂမု+အဂိ/အဠ) အ။

**ပရိဒီပန**။ ။ ပရိ-ဒီပ+ယု။ **နိဿိတ**။ ။ နိ-သဒ+ဏျ။ **သယန**။။ သီ+ယု။

**ပဘေဒ**။ ။ ပ-ဘိဒ+ဏ။ **သမာယောဂ**။ ။ သံ-အာ-ယုဇ+ဏ။

**ကေ** ။ ။ဣ+ က။ **ဗာဓေ**။ ။ ဗာဓ + ယု (ဗဓိ)။ **ဝိစ္ဆိန္ဒိတွာ**။။ ဝိ-ဆိဒိ+တွာ။

**ပတန္တ**။ ။ ပတ+အန္တ **အတ္တ**။ ။ အဒ+မံန်။(အတ+တ။အာ+ဓာ+တ။အတ္တ+အ။)

နံပါတ် (၆)

(က) **သံဝဏ္ဏနာဖြင့်** ဝေရဥ္ဇာအမည်သည် ဝေရဥ္ဇာ အမည်ရသော မြို့တစ်မြို့အပေါ်၌ တင်စား၍ ဆိုအပ်သော ရှင်ဦးအမည်ဖြစ်သည်ကို သိစေပါသည်။ (သဒ္ဒါနက်ကို ဖွင့်ပြသောကြောင့် သဒ္ဒါဟော အာဘိဓေယျတ္ထ)

(ခ) **တဿံ ဝေရဉ္ဇာယံဖြင့်** ဝေရဥ္ဇာနောင် သတ္တမီ သဒ္ဒါဘတ်ကို ယံပြု၍ ပြီးသည်ကို သိစေပါသည်။ (နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ။)

(ဂ) **သမီပတ္ထေ ဘုမ္မဝစနံဖြင့်** ယင်းသို့ဝိဘတ်သည် သာမီပိကာဓာရ၌ သက်သည်ကို သိစေပါသည်။ (ဝိဘတ်နက်ကို ဖွင့်ပြသောကြောင့် ဝိဘကျတ္ထသံဝဏ္ဏနာ။)

(ဃ) **ဝိစ္ဆိန္ဒိတွာ-ဖြင့်** ဝိဟရတိ၌ ဝိ-ဥပသာရသည် ဝိစ္ဆေဒန-အနက်၌ ဖြစ်သည်ကို သိစေပါသည်။ (ဥပသာရပုဒ်၏ အနက်ကိုဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။)

**ပဝတ္တေသီဖြင့်** ဆောင်ခြင်းဟူသည် အတ္တဘောကို တာရှည်စွာ ဖြစ်စေခြင်းပင် ဖြစ်၏-ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။ (အဓိပ္ပာယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။)

**ကေ ဣရိယာပထဗာဓနံ အညေန ဣရိယာပထေနဖြင့်** ဖြတ်ခြင်းဟူသည် ညောင်းညာနေသော ဣရိယာပုထ်ကို တစ်ပါးဣရိယာပုထ်ဖြင့် ပြောင်းလွှဲခြင်းပင် ဖြစ်၏-ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။ (အဓိပ္ပာယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ)။

http://www.dhammadownload.com



**အတ္တဘာဝဖြင့်** ဆောင်၏ ဖြစ်စေ၏-ဟူသည် အတ္တဘောကို ဆောင်ခြင်း ဖြစ်စေခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ။)**အပရိပတန္တံ** ဖြင့် အတ္တဘောကို ဆောင်ခြင်းဟူသည် မလဲကျအောင် ဆောင်ခြင်းပင် ဖြစ်၏-ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)။

နံပါတ် (၇)

**ဣရိယာပထ/ဣရိယပထ…**

ဣရိယပုဒ်သည် နိယတဣတ္ထိလိင်ဖြစ်၍ သမာသ်အလယ်၌ ရောက်သော အာ-ကို ရဿမပြုအပ်သောကြောင့် ဣရိယာပထဟု ဒီဃဖြင့်ရှိသော ပါဠ်သာသင့်။

**ဝိဟာရသမင်္ဂီ/ဝိဟာရသမံဂီ…**

သမာသ်အလယ်၌ ရောက်သည်ဖြစ်၍ ရဿ-ပြုရကား ဝိဟာရသမင်္ဂီ-ဟု ရဿဖြင့်ရှိသော ပါဠ်သာသင့်။

**အပရိပတန္တံ/အပတန္တံ…**

**အပရိပတန္တန္တိ အပတန္တံ**-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် အနက်မထူးရကား နှစ်ပါဌ်သင့်။

နံပါတ် (၈)

**ဝေဓူ။** ။ များစွာသော အရပ်၏ ထို၌ထင်သော ဝေဓ္ဘာအမည်ကို ဝေဓ္ဘာအမည်ရှိသော ဤမြို့တစ်ခု၌ ဆိုသောကြောင့် ရုဠှီနည်း။

**ဒိဗ္ဗဝိဟာရ။** ။ အပေါင်း၏အမည်ကို အစိတ်၌တင်စား၍ ဆိုခြင်းသည် ကေဒေသျူပစာ သဒ္ဒါမည်၏။ ပြယုဂ်ကား-ဒိဗ္ဗဝိဟာရတည်း။ ဤ၌ အပေါင်းဖြစ်သော မဟဂ္ဂုတ်ဈာန်အားလုံး၏ ဒိဗ္ဗဝိဟာရအမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၏ ရူပါဝစရ စတုတ္ထဈာန်၌ တင်စား၍ဆိုသောကြောင့် ကေဒေသျူပစာ၊ ရုဠှီနည်း၊ ပါရိသေသနည်း၊ ဂေါဗလိဗဒ္ဒနည်း၊ ပုညညာဏသမ္ဘာရနည်း။

**ဒိဗ္ဗ။** ။ ဌာနဖြင့် ဌာနီကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကိုလည်း ရသောနည်းသည် တဗ္ဗဟုလ္လနည်းမည်၏-ပြယုဂ်ကား ဒိဗ္ဗ ဟူသည်တည်း။ဤ၌ ဗြဟ္မာ့ပြည်တည်းဟူသော ဌာနဖြင့် ရူပါဝစရစတုတ္ထဈာန် သမာပတ်ဟူသော ဌာနီကိုမှတ်၍ ဗြဟ္မာ့ပြည်၌နေခြင်းဟူသော အများကိုဆိုသဖြင့် ကာမသုဂတိ ခုနစ်ဘုံ၌ နေခြင်းဟူသော အနည်းကိုလည်းရသောကြောင့် တဗ္ဗဟုလ္လနည်း။

**ဝိဋ္ဌိနိတ္တာ။** ။ ထင်ရှားရှိသော ဝတ္ထု၏အမည်ကို ထင်ရှားမရှိသော ဝတ္ထု၌ တင်စား ၍ဆိုခြင်းသည် တဒ္ဓမ္မူပစာမည်၏။ ပြယုဂ်ကား- ဝိဋ္ဌိနိတ္တာတည်း။ ဤ၌ ထင်ရှားရှိသော ဖြတ်နိုင်စွမ်းသော ဓား စသည်တို့၏ အမည်ကို ထင်ရှားမရှိသော ဖြတ်ခြင်း၌ မစွမ်းနိုင်သော ဣရိယာပုထ်၌ တင်စား၍ ဆိုသောကြောင့် တဒ္ဓမ္မူပစာမည်၏။

**ဝိဟာရတိ။** ။ အပေါင်းဖြစ်သော ဒိဗ္ဗ-ဗြဟ္မ-အရိယ-ဣရိယာပထ ဝိဟာရတို့၏ အမည်ကို အစိတ်ဖြစ်သော ဣရိယာပထဝိဟာရ၌ တင်စား၍ ဆိုသောကြောင့် ကေဒေသျူပစာ။ ရုဠှီနည်း။

**(ဃ)** ဝါကျသည် အတ္ထုဒ္ဒါရဝါကျဖြစ်၍ ဋီကာများအလို သာမညနိဒ္ဒေသနည်း။နျာသစသည်အလို ဘိန္နသတ္တိသမဝေတနည်း။ပဒီပနည်း။ကေသေသနည်းတို့လည်း ရနိုင်သည်။ (ဂဏ္ဌိသစ်၊ ၁။ ၃၄၆။)

နံပါတ် (၁၀)

**ဣရိယာပထဝိဟာရအရ။** ။ ရပ်ခြင်း၊ ထိုင်ခြင်းစသော အခြင်းအရာအားဖြင့် ဖြစ်သော စတုသန္တတိရုပ်တို့၏ အစဉ်။**ဗြဟ္မဝိဟာရအရ။** ။ မေတ္တာဈာန်နှင့်ယှဉ်သော ရူပါဝစရစတုတ္ထဈာန်၌ ရှိသောအပ္ပမညာ

http://www.dhammadownload.com



လေးပါး။အရိယဝိဟာရ-အရ။ ။ အရဟတ္တဖိုလ် စတုတ္ထဈာန် ဖလသမာပတ်။

**********

**ပါဌ်ကျစဉ် (၄)**

(က) **နဋ္ဌေရုပုစိမန္တမူလေတိ** ဧတ္ထ နဋ္ဌေရု နာမ ယဂ္ဂေါ။

(ခ) **ပုစိမန္ဒောတိ** နိမ္ဗရုက္ခော။

(ဂ) **မူလန္တိ** သမီပံ။

(ဃ) အယဉ္ဟိ မူလသဒ္ဒေါ "မူလာနိ ဥဒ္ဓရေယျ အန္တမသော ဥသီရနာဠိမတ္တာနိပိ"တိ အာဒီသု မူလမူလေ ဒိဿတိ။ "လောဘော အကုသလမူလ"န္တိ အာဒီသု အသာဓာရဏဟေတုမှိ။ "ယာဝမဇ္ဈန္ဟိကေ ကာလေ ဆာယာ ဖရတိ၊နိဝါတေ ပဏ္ဏာနိ ပတန္တိ၊ ဧတ္တာဝတာ ရုက္ခမူလ" န္တိ အာဒီသု သမီပေ။

(င) ဣဓ ပန သမီပေ အဓိပ္ပေတော။

(စ) တသ္မာ နဋ္ဌေရုယဂ္ဂေန အဓိဂ္ဂဟိတဿ ပုစိမန္ဒဿ သမီပေတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (ဝိ၊ ဋ္ဌ ။၁။၈၁။)

************

နံပါတ် (၁)

(က) **နိယံ။ ။ အပေါင်းတည်ထ အစိတ်ပြ ဧတ္ထမရှိ ထည့်လေဘိ။**

(ခ) ပုစိမန္ဒောတိ၊ပုစိမန္ဒ ဟူသည်ကား။နိမ္ဗရုက္ခော-တမာပင်တည်း။(ဣတိသဒ္ဒေါ သဒ္ဒပဒတ္ထက) နိမ္ဗရုက္ခော၊တမာပင်သည်။ပုစိမန္ဒောတိ ပုစိမန္ဒောနာမ၊ပုစိမန္ဒမည်၏။(ဣတိသဒ္ဒေါ နာမဝါစက) နိမ္ဗရုက္ခော၊တမာပင်သည်။ ပုစိမန္ဒော နာမ၊ ပုစိမန္ဒမည်၏။ (တုလျတ်/လိင်္ဂတ်)

ယော နိမ္ဗရုက္ခော၊အကြင်တမာပင်သည်။အတ္ထိ၊ရှိ၏။သော နိမ္ဗရုက္ခော၊ထိုတမာပင်သည်။ပုစိမန္ဒောတိ ပုစိမန္ဒော နာမ၊မည်သည်။ဟောတိ၊ ၏။ (နိယမာနိယမ)

နိမ္ဗရုက္ခော၊သည်။ပုစိမန္ဒောတိ ပုစိမန္ဒော နာမ၊မည်သည်။ဟောတိ၊ ၏။ (ပကတိ+ဝိကတိ)

နဋ္ဌေရုပုစိမန္ဒမူလေ၊ နဋ္ဌေရုနတ် သိမ်းပိုက်အပ်သည့် တမာပင်၏အနီး အောက်၌။(ဝါ)သစ်ခေါင်း၌ ပေါက်သော တမာပင်၏အနီး အောက်၌။(ဝါ)ကျူတောင်၌ ပေါက်သော တမာပင်၏အနီး အောက်၌။(ဝါ) ကြီးသောအခေါင်းရှိသော တမာပင်၏အနီး အောက်၌။**သံဝဏ္ဏေတဗ္ဗအနက်။**

(ဃ) ဥဒ္ဓရေယျ၊ နုတ်ရာ၏။ဥသီရနာဠိမတ္တာနိပိ၊ပန်းရင်းရိုးမျှတို့ကိုလည်း။အသာဓာရဏဟေတုမှိ၊ မဆက်ဆံသောအကြောင်း၌။ယာဝ၊အကြင်မျှလောက်သော အရပ်၌။မဇ္ဈန္ဟိကေကာလေ၊မွန်းတည့်သောအခါ၌။(ဝါ) လေငြိမ်ရာအခါ၌။ပဏ္ဏာနိ၊သစ်ရွက်တို့သည်။ပတန္တိ၊ကြွေကျကုန်၏။ဧတ္တာဝတာ၊ဤမျှအတိုင်းအရှည်ရှိသော အရပ်သည်။ (**နိဝါတေတိ ဝါတရဟိတေ ပဒေသေ၊ ဝါတဿ အဘာဝေ ဝါ**)။

နံပါတ် (၂)

(က)**သို့ လီနတ္ထစောဒနာ။** ။ ဆရာ ပါဠိတော်၌ သင်္ဂါယနာတင်မထေရ်တို့သည် နဋ္ဌေရုပုစိမန္ဒမူလေ-ဟု မိန့်ဆိုတော်မူအပ်၏။ဤ၌ နဋ္ဌေရု-အရ အဘယ်ကို အရကောက်ယူအပ်ပါသနည်း။နဋ္ဌေ ရုဟာတီတိ နဋ္ဌေရု-ဟု ဝစနတ္ထပြု၍ သစ်ခေါင်း၌ပေါက်သော သစ်ပင်ကို အလိုရှိအပ်ပါသလော။ကျူတောင်၌ ပေါက်သောသစ်ပင်ကို အလိုရှိအပ်ပါသလော။စုဒ်ကြောင့် (က) မိန့်။

http://www.dhammadownload.com



**မှတ်ချက်**။ ။ (က) ဝါကျ ကျမ်းတတ်လျှင် လီနတ္တရဆန်ဆန် ပါဠိတော်ကို ဥပနာထား တက်ရသည်။

**(ဃ)သို့**။ ။ ဆရာသည် (ဂ)ဖြင့် မူလသဒ္ဒါသည် သမီပအနက်၌ ဖြစ်၏-ဟု ဖွင့်ပြတော်မူအပ်၏။မူလသဒ္ဒါ၏ သမီပအနက် ဟောနိုင်ပုံ အကျယ်ကို မပြဆိုပြီလော။အဘယ်သို့လျှင် မူလသဒ္ဒါသည် သမီပအနက်၌ ဖြစ်ပါသနည်း စုဒ်ကြောင့် (ဃ) မိန့်။

**(တစ်နည်း)** ဥပနာတူ။ မူလသဒ္ဒါသည် အရင်းအမြစ်ဟူသော အနက်၌သာ ထင်ရှားသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် သမီပအနက်၌ ဖြစ်၏-ဟု ထူးဆန်းစွာ ဆိုသောဆရာ့စကား အဘယ်သို့သော ယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း၊လောကနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ဤသို့ စုဒ်ကြောင့် (ဃ)မိန့်။

**နိယံ**။ ။**"ထူးဆန်း၍ကား၊ နှစ်ဆူပြားလျက်၊ လှုပ်ရှားမနိုင်၊ ရှေ့ပါဠ်ယှိုင်၊ မြဲနိုင်ဒဠ္ဌီခင်း"**။

**(င)သို့**။ ။ ဆရာသည်(ဃ)ဖြင့် မူလသဒ္ဒါသည် မူလမူလအနက်၊အသာဓာရဏဟေတုအနက်၊သမီပအနက်တို့၌ ဖြစ်၏-ဟု ဖွင့်ပြအပ်၏။ထိုသို့ဆိုသော် ဤနန္ဒေရုပုစိမန္ဒမူလေ-ဟူသောပါဠ်၌ မူလအရ ထိုအနက်သုံးမျိုးကို ကောက်ယူအပ်ပါသလော။ ဤ၌ အဘယ်အနက်ကို အလိုရှိအပ်ပါသနည်း စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

**(က)ပက္ကန္တရ(ခ)ပက္ကန္တရ(ဂ)ပက္ကန္တရ(ဃ)ဝိတ္ထာရ**။မူလသဒ္ဒါ၏ သမီပအနက် ဟောနိုင်ပုံကိုချဲ့ပြသောကြောင့်။**တစ်နည်း-ဒဠှီကရဏ**။မူလသဒ္ဒါ၏ သမီပအနက် ဟောနိုင်ပုံ အသင့်ယုတ္တိကို ပြသောကြောင့်။**(င)ဝိသေသ**။အတ္ထုဒ္ဓါရသာမညမှ် အတ္ထုဒ္ဒေသဝိသေသကို ပြသောကြောင့်။

**(စ)လဒ္ဓဂုဏ**။ (င)ဝါကျဆိုသဖြင့် ရအပ်သောအကျိုးကို ပြသောကြောင့်။

**စာစပ်**။ ။ နန္ဒေရုယက္ခေန ကား သည်-ကြောင့်။အဓိဂ္ဂဟိတသ၌ အဝုတ္တကတ္တား၊အဓိဂ္ဂဟိတသ ကား-အဝုတ္တကတ္တား၏ ကြိယာ။

နံပါတ် (၄)

**နန္ဒေရု**။ ။ **နန္ဒေ ရုဟတီတိ နန္ဒေရု**။ (ကိတန္တသတ္တမီတပ္ပုရိသ်သမာသ်)

နန္ဒ ဟူသော ဝိသေသနပုဒ်အရ သစ်ခေါင်းသည် မှချ။ထို၏ ပေါက်သော သစ်ပင်နှင့် ဌာန+ဌာနီ အစပ်သမ္ဗန်သည် ဌာနူပစာ။နန္ဒေရု ဟူသော သမာသ်ပုဒ်လုံးအရ သစ်ခေါင်း၌ ပေါက်အပ်သော သစ်ပင်ရ၏။

**ယက္ခ**။ ။ **ယတတီတိ ယက္ခော။တစ်နည်း-ယက္ခီယတေ ပူဇီယတေတိ ယက္ခော**။

ယက္ခ ဓာတ်အရ ကတ္တုဠ္ဌကြိယာကား ပူဇော်သောပုဂ္ဂိုလ်တို့ သန္တာန်၌ သဒ္ဓါစေတနာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ကမ္မဋ္ဌကြိယာကား ရက္ခစိုးနတ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ အ ပစ္စည်းအရ ထို သော ရက္ခစိုးနတ်ရ၏။

**ရုက္ခ**။ ။ **ရုဟတိ ဇာယတီတိ ရုက္ခော**။

ရုဟဓာတ်အရ အဋ္ဌကလာပ်ဟု ဆိုအပ်သော ဥတုဇရုပ်တို့၏ ဥပါဒ်သည် မှချ။ခ ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော သစ်ပင်ရ၏။

**မူလ**။ ။ **မူလတိ ပတိဋ္ဌာတိ ဧတ္ထာတိ မူလံ**။

မူလဓာတ်အရ ကတ္တုဠ္ဌကြိယာကား တည်နေသောသစ်ပင်၏ ဥတုဇရုပ်တို့၏ ဥပါဒ်-မှချ။အဓိကရဏဋ္ဌ ကြိယာကား သစ်ပင်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။အ-ပစ္စည်းအရ ထို သော သစ်မြစ်ရ၏။

**အန္တိမ**။ ။ **အန္တေ ဘဝေါ အန္တိမော**။

**လောဘ** ။ ။ **လုဗ္ဘတီတိ လောဘော**။

http://www.dhammadownload.com



**အကုသလမူလ။ ။ အကုသလဿ မူလံ အကုသလမူလံ။**

**နိဝါတ။ ။ နတ္ထိ ဝါတော ဧတ္ထာတိ နိဝါတော။**

နိဝါတ-ဟူသော ဗဟုဗ္ဗီသမာသ်ပုဒ်လုံးအရ လေ၏မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ထို ၏ တေအညပုဒ်-အရ အချိန်အခါနှင့် ကာလ/ကာလဝန္တစပ် ဌာနူ။တေ-ဟူသော အညပုဒ်အရ လေမရှိသော အချိန်အခါ ရ၏။

**အဓိပ္ပေတ။ ။ အဓိပ္ပိယတေ ဣစ္ဆီယတေတိ အဓိပ္ပေတော။**

ဣ ဓာတ်အရ ကတ္တာ့ဌကား အလိုရှိတတ်သော ပုဂ္ဂိုလ်၏သန္တာန် ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌကား မူလသဒ္ဒါ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တပစ္စည်းအရ အလိုရှိအပ်သောမူလ သဒ္ဒါ ရ၏။

**နန္ဒေရုယက္ခ။ ။ နန္ဒေရု စ သော ယက္ခော စာတိ နန္ဒေရုယက္ခော။**

နန္ဒေရု-ဝိသေ အရ နန္ဒေရု ဟူသောအမည်သည် မုချ။ထို ၏ ဘီလူးနှင့် သညာ/သညီ စပ်ဌာနူ။ သမာသ်ပုဒ်လုံးအရ နန္ဒေရု မည်သော ဘီလူးရ၏။

နံပါတ် (၅)

**နန္ဒေရု**။ ။ နန္ဒသဒ္ဒါ ရုဟ+ကွိ။ **နိမ္ဗ**။။ နမု+(နိ) +ဗ။နမတိ ဖလဘာရေနာတိ နိမ္ဗော။

**ဉသီရ**။ ။ ဝသ+(ဉသ) ဤရ။(ဝသတိ ဝါသံ ကရောတိ ဧတေနာတိ ဉသီရံ။)

**နာဠိ**။ ။ နလ+ဣဏ်။ **ကုသလ** ။။ ကု-သဒ္ဒါ+လာ (လု) ကွိ။ကု-သဒ္ဒါ+သလ+အ။

**ဆာယာ**။ ။ ဆေ+ယ။ ဆေတိ ဆိန္ဒတိ သံသယန္တိ ဆာယာ။ **ပဏ္ဍ**။ ။ပူရ (ပ်တ)+အ။

(ပတတိ အစိရေနာတိ ပဏ္ဍံ။)

နံပါတ် (၆)

(က) **ယက္ခော-ဖြင့်** နန္ဒေရု-အရ နန္ဒေရု အမည်ရသော ဘီလူးကို ကောက်ယူအပ်သည်ကို သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

**(ခ) နိမ္ဗရုက္ခောဖြင့်** ပုစိမန္ဒသဒ္ဒါသည် တမာပင်အနက်ကိုဟော နိမ္ဗရုက္ခသဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) **နိယံ။ ပုဒ်ချင်းလဲကာ ဖွင့်၍လာ နာမလိင်္ဂတ္ထ။**

(ဂ) **သမီပံ-ဖြင့်** မူလသဒ္ဒါသည် မူလမူလစသော အနက်တို့၌မဖြစ် သမီပအနက်၌ ဖြစ်သည်ကို သိ စေပါသည်။ (သဒ္ဒါဟော အဘိဓေယျတ္ထ)

(ဃ) **နန္ဒေရုယက္ခေန အဓိဂ္ဂဟိတဿ ပုစိမန္ဒဿဖြင့်** နန္ဒေရုပုစိမန္ဒော၌ နန္ဒေရုပုဒ်၊ပုစိမန္ဒပုဒ်၊နန္ဒေရု-အရ နန္ဒေရု-အမည်ရသော ဘီလူးကို ကောက်ယူအပ်သည်ကိုလည်းကောင်း၊နန္ဒေရုနာ အဓိဂ္ဂဟိတော ပုစိမန္ဒော နန္ဒေရုပုစိမန္ဒော-ဟု မဇ္ဈေလောပီတတိယာတပ္ပုရိသ်သမာသ် ဝဇနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ၊သမာသလိင်္ဂတ္ထ)(နန္ဒေရုဿ ပုစိမန္ဒော နန္ဒေရုပုစိမန္ဒော။နန္ဒေရုစ သော ပုစိမန္ဒော စာတိ နန္ဒေရုပုစိမန္ဒော-ဟုလည်း ဋီကာ၌ တစ်နည်းဆိုသည်။)

**သမီပေ-ဖြင့်** မူလသဒ္ဒါသည် သမီပ အနက်၌ ဖြစ်သည်ကို သိစေသည်။ (သဒ္ဒါဟောအဘိဓေယျတ္ထ) **အပေါင်းသံဝဏ္ဏနာဖြင့်** နန္ဒေရုပုစိမန္ဒဿ မူလံ နန္ဒေရုပုစိမန္ဒမူလံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝဇနတ္ထပြုအပ် သည်ကို သိစေသည် (သမာသလိင်္ဂတ္ထ)

http://www.dhammadownload.com



## နံပါတ် (၇)

**ပုစိမန္တ/ပုစိမန္တ…**

ဂဏ္ဌိဟောင်း၌ ပုစိမန္တော-ဟု ရှိသော်လည်း ပုစိ ဝုစ္စတေ ကုဋ္ဌာ။တေ မန္တယတိ နာသယတီတိ ပုစိမန္တော။ (ဝဇိရဗုဒ္ဓိဋီကာ) ပုစိ ကုဋ္ဌံ မဒ္ဒတီတိ ပုစိမန္တော။ဗိန္ဒာဂမော။(အဘိဓာန်ဋီကာ) တို့ကိုကောက်၍ ပုစိမန္တောပါဌ်သာ သင့်။

**နိမ္မရုက္ခ/နိမ္မရုက္ခ…**

နိမ္ဗ ဟု "မ" သံယုဂ် တတိယက္ခရာ ဗနှင့်သာလိုသည်။နိ နယေ၊ဗော မန္တောစ။နိမ္ဗအာဒ္ယော ဗန္ဓာ နိပ္ပဒ္ဓန္တေ။နမိဿ အဿိ၊နမတိ ဖလဘာရေနာတိ နိမ္ဗော။အရိဋ္ဌ (မောဂ္ဂလာန်)ကို ထောက်၍ နိမ္ဗရုက္ခ-ဟုရှိသော ပါဌ်သာ သင့်။

**မဇ္ဈန္တိကေ/မဇ္ဈန္တိကေ…**

မဇ္ဈန္တိကန္တိ အဟာဿ မဇ္ဈံ မဇ္ဈန္တံ၊ အဟာသဒ္ဒဿ နာဒေသော၊မဇ္ဈန္တံယေဝ မဇ္ဈန္တိကံ၊ပေါတ္ထကေသု ပန မဇ္ဈန္တိကန္တိ ပါဌော အတ္ထိ၊သော အပါဌောယေဝ။(ပါစိတ်ယောဇနာ)ကိုထောက်၍ မဇ္ဈန္တိကေ-ပါဌ်သာသင့်။

**ပတန္တိ/နိပတန္တိ…**

ပတန္တီတိ နိပတန္တိ အယမေဝ ဝါ ပါဌော-ဟု သာရတ္ထဋီကာ၌ ဖွင့်သောကြောင့် အနက်မထူးရကား နှစ်ပါဌ်လုံးသင့်။

## နံပါတ် (၈)

**နဋ္ဌေရု။** ။ အပေါင်းဖြစ်သော သစ်ခေါင်း၌ ပေါက်သောသစ်ပင်၊ကျူတော၌ ပေါက်သောသစ်ပင်၊နဋ္ဌေရု မည်သောဘီလူး၏ နဋ္ဌေရုအမည်ကို အစိတ်ဖြစ်သော နဋ္ဌေရုမည်သောဘီလူး၌တင် ကေဒေသျူပစာ၊ရှုဋ္ဌီနည်း။

**မူလ။** ။ အသာစရဏ အနက်ဟောခဲ့သော် အတူဖြစ်သော သစ်မြစ်၏ မူလအမည်ကို အတူရှိသော အသာစရဏ ဟိတ်တရားတို့၌ တင်စား၍ ဆိုသောကြောင့် သဒိသူပစာ၊ ရှုဋ္ဌီနည်း။

**မူလန္တိ သမီပံ။** ။ ဌာနီဖြစ်သော သစ်မြစ်၏ မူလအမည်ကို ဌာနဖြစ်သော သစ်မြစ်၏မီရာ မြေအရပ်၌တင်စား ဌာနျူပစာ (ဋီကာ)(တစ်နည်း) အနီးရှိသော သစ်မြစ်၏အမည်ကို အနီးဖြစ်သော သစ်မြစ်၏ ပတ်ဝန်းကျင် အကိုင်းအခက်တို့၏ အောက်အရပ်၌တင်စား သမီပူပစာ။(ဘာဋီ)

## နံပါတ် (၁၀)

**အကုသလ မူလ**-အရကောက်၍ ပဒဋ္ဌာနာဟာရနေတ္တိနည်း။ လောဘ ဒေါသ မောဟ ကောက်။

အဘယ်သို့ စီစစ်သနည်းဟူမူကား အကုသလမူလအရ အကုသိုလ်မူလသုံးခုတို့၏ ပဒဋ္ဌာန်ကား သာမညအားဖြင့် အယောနိသောမနသိကာရတည်း။

| | |
|---|---|
| ထို၏ ပဒဋ္ဌာန်ကား | အသဒ္ဓမ္မဿဝန တည်း။ |
| ။ ။ | အဋ္ဌကဏ္ဌ တည်း။ |
| ။ ။ | အသပ္ပုရိသူပနိဿယ တည်း။ |
| ။ ။ | မိစ္ဆာပဏိဓိ တည်း။ |
| ။ ။ | အပ္ပဋိရူပဒေသ တည်း။ |
| ထို၏ ပဒဋ္ဌာန်ကား | ပုဗ္ဗေစ အကတပုညတာတည်း။ |

ထို ပုဗ္ဗေ စ အကတပုညတာသည် သခ်ါရတည်း။

http://www.dhammadownload.com


ထို၏ ကား အဝိဇ္ဇာတည်း
" " တဏှာတည်း
" " ဇရာမရဏာမုစ္ဆာတည်း
" " ဇာတိတည်း
" " ဘဝတည်း

ဤသို့ အောက်သက် ဩရုယှော်ရုယှ အားဖြင့်လည်းကောင်း။

ထို အကုသိုလ်မူလသုံးခုသည် အကုသိုလ်စိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်တည်း။

ထိုသည် အနိဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။

ထိုသည် ပစ္စုပ္ပန်သံသရာ၌ ဘဝဝိပတ္တိ ဘောဂဝိပတ္တိ-စသော အကျိုး၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့်လည်းကောင်း စိစစ်အပ်၏။ဤသို့လျှင်··

***********

**ပါဠိကျေးစဉ် (၅)**

(က) **မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ** ဧတ္ထ **မဟတာတိ** ဂုဏမဟတ္တေနပိ မဟတာ, သင်္ချာမဟတ္တေနပိ။

(ခ) သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ၊

(ဂ) ယသ္မာ ယော တတ္ထ ပစ္ဆိမကော၊ သော သောတာပန္နော။

(ဃ) သင်္ချာယပိ မဟာ၊ ပဉ္စသတသင်္ချတ္တာ။

(င) ဘိက္ခူနံ သံဃေန **ဘိက္ခုသံဃေန**။

(စ) ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတေန သမဏဂဏေနာတိ အတ္ထော။ (ဒီ၊ဋ္ဌ၊ ၁။ ၈၃။)

**********

နံပါတ် (၁)

(က) မဟာတာ ဘိက္ခုသံဃေန သဒ္ဓိန္တိဧတ္ထ အတ္ထော ဧဝံ ဝေဒိတဗ္ဗော။

(ခ) ဟိ၊ ချဲ့။ သော ဘိက္ခုသံဃော၊ သည်။ ဂုဏေဟိပိ၊ တို့ဖြင့်လည်း။ မဟာ၊ မြတ်သည်။ အဟောသိ။

(ဂ) ကသ္မာ၊ နည်း။ တတ္ထ၊ ထိုရဟန်းအပေါင်း၌။ (ဝါ) တွင်။ ယော၊ အကြင်ရဟန်းသည်။ ပစ္ဆိမကော၊ ဂုဏ်အားဖြင့် နောက်ဆုံးသည်။ ဟောတိ၊ ၏ သော၊ ထိုရဟန်းသည်။ သောတာပန္နော၊ တည်း၊ တသ္မာ၊ ထို့ကြောင့်တည်း။

(ဃ) လိုက်သင့်သောပါဌ်များလိုက်၊ သော ဘိက္ခုသံဃော၊ အဟောသိ။

**ဟေတုပိဋ္ဌိနည်းအနက်** သင်္ချာယပိ မဟာ အဟောသိ ကသ္မာ? ပဉ္စသတသင်္ချတ္တာ၊ တည်း။

**ဟိတ်အတွင်းသွင်း** သင်္ချာယပိ၊အရေအတွက်အားဖြင့်လည်း။မဟာ၊များသည်။အဟောသိ၊ ကသ္မာ ဝိညာယတိ၊နည်းဟူမူကား? ပဉ္စသတသင်္ချတ္တာ သင်္ချာယပိ မဟာ အဟောသိ။ တသ္မာ ဝိညာယတိ။

**ဟိတ်သမ္ဗန်** ဘိက္ခုသံဃသာ။

(စ) ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတေန၊ဒိဋ္ဌိသီလ၏ တူမျှသည်၏အဖြစ်ဟု ဆိုအပ်သော ဂုဏ်အားဖြင့် ပေါင်းစပ်အပ်သော။ **အတ္ထော သမ္ဗန် ဘိက္ခုသံဃေနာတိ** ပဒဿ။

http://www.dhammadownload.com


နံပါတ် (၂)

(က) သို့ လိန္တရစောဒနာ။ ။ဆရာ ပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် မဟာတာ ဘိက္ခုသံဃေန သဒ္ဓိံ ဟု မိန့်ဆိုအပ်၏။ဤ၌ မဟာတာ-သဒ္ဒါသည် အဘယ်အနက်တို့၌ ဖြစ်ပါသနည်း။ပူဇာ သမ္ဗတ္တိ ဣဿရိယ ဝုဓိ-လေးနက်တို့၌ ဖြစ်ပါသလော။ စုဒ်ကြောင့် (က) မိန့်။

ကား။ ။ ယင်းလေးနက်တို့၌ မဖြစ် ဥတ္တမ ပစုရ အနက်တို့၌ ဖြစ်၏ ဟူလို။

ရှင်းချက်။ ။ ပူဇုတ္တမ ပစုရေသု၊ သမ္ဗတ္တိဿရိယေသု စ။

ဝုဒ္ဓိစေဝါတိ အဋ္ဌေသု၊ မဟန္တော ဆသု ဝတ္တတိ။

မဟန္တသဒ္ဒါ၏ ခြောက်နက်တို့တွင် ဥတ္တမ၊ပစုရ နှစ်နက်မှကြွင်းသော ကျန်လေးနက်သည် ကျမ်းဆရာ၏ ဆန္ဒေတဗ္ဗဖြစ်၍ စောဒက၏ ဂဟေတဗ္ဗတ္ထ အာဘော်ဖြစ်သည်-ဟု ပုံသေနည်းမှတ်သားအပ်၏

(ခ)သို့။ ။ ဆရာသည် (က)ဖြင့် မဟန္တသဒ္ဒါသည် ဥတ္တမ၊ ပစုရ အနက်တို့၌ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ မဟန္တ သဒ္ဒါသည် တစ်ခုတည်းဖြစ်၍ အနက်သည်လည်း တစ်နက်တည်းဖြစ်သင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် မဟန္တသဒ္ဒါ၏ ဥတ္တမ၊ ပစုရ နှစ်နက်၌ဖြစ်၏ဟုဆိုသော ဆရာ့စကား အသို့သင့်နိုင်အံ့နည်း။သဒ္ဒါအနက် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ခ) စသည်မိန့်။

(တစ်နည်း) မဟန္တသဒ္ဒါ၏ ဥတ္တမ၊ ပစုရ နှစ်နက်တို့၌ ဖြစ်နိုင်ပုံအကျယ်ကို မပြဆိုပြီလော။ (ဝိတ္ထာရတက်ရန်)

(ဂ)သို့။ ။ဆရာသည်(ခ)ဖြင့် ရဟန်းအပေါင်းသည် ဂုဏ်အားဖြင့်လည်း မြတ်၏ဟု ဖွင့်ပြအပ်၏။ အဘယ့်ကြောင့် ရဟန်းအပေါင်းသည် ဂုဏ်အားဖြင့်လည်း မြတ်ပါသနည်း။ရဟန်းအပေါင်း၏ ဂုဏ်အားဖြင့် မြတ်ကြောင်းကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

နိယံ။ ။ ဒဋ္ဌီ၌တွင် ဟိတ်ငတ်လျှင်က တူပြန်ပြ အတ္ထယုတ္တိ အကြောင်းတည်း။

(စ)သို့။ ။ ဆရာသည် (င)ဖြင့် ဘိက္ခုသံဃောကို ဘိက္ခူနံ သံဃော ဘိက္ခုသံဃော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို ဖွင့်ပြအပ်၏။ဘိက္ခုအရ သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု-ဟု ဝစနတ္ထ အားလျော်စွာ ပရိသတ်လေးပါးကို ယူအပ်ပါသလော။ သံဃော သတ္တော ဇန္တု-အရ ဇာတ်မတူသော သတ္တဝါအပေါင်းတို့ကို သံဃအရ ယူအပ်ပါသလော။ဘိက္ခုအရနှင့်သံဃအရကား အဘယ်ပါသနည်း။ဤသို့ စုဒ်ကြောင့် (စ) မိန့်။

နိယံ။ ။ ဝဂ်တ္ထနောက် အဋ္ဌောရောက် မဖောက်ဥစ ကြံလေပါ။

နံပါတ် (၃)

(ခ) ဝိတ္ထာရ။ တစ်နည်း ဒဋ္ဌီကရဏ။ (ဂ)ကာရဏ (ဃ)ပက္ခန္တရ။ (င)ပက္ခန္တရ။

(စ) ဝိတ္ထာရ။ ဘိက္ခုသံဃ-အရကို ချဲ့ပြသောကြောင့်။

နိယံ။ ။ အစိပ္ပါယ်ယော အဋ္ဌောရှိက ဝုဋ္ဌတ်ဖော်ပြ ဝိတ္ထာရ။

ပဉ္စသတာသချိုတ္ထာ-ကား ကြောင့် ပေးသောကြောင့်၊မဟာ အဟောသိ၌ အကြောင်းဟိတ်၊အကျိုးဖိုလ်စပ်။(ဂ)တတ္ထ-၌ ပေးသောကြောင့် ယော-၌ အပေါင်းအာဓာရ၊အစိတ်အာဓေယ်။

တစ်နည်း-တို့တွင် ပေးသောကြောင့်။ ယော ၌ နိဒ္ဓါရဏာသမုဒါယ။ နိဒ္ဓါရဏီယ။

နံပါတ် (၄)

ဂုဏမဟတ္တ။ ။ ဂုဏေတိ ပကာသေတီတိ ဂုဏော။မဟီယတေ ပူဇီယတေတိ မဟာ။

ဂုဏေဟိ မဟာ ဂုဏမဟာ။ ဂုဏမဟန္တဿ ဘာဝေါ ဂုဏမဟတ္တံ။

ဂုဏမဟန္တ-တဒ္ဓိတ်ပုဒ်အရ ဂုဏ်တို့ဖြင့် မြတ်ခြင်းသည် မုချ။ထို-၏ တ္တ ပစ္စည်းအရ ဂုဏ်နှင့်

http://www.dhammadownload.com



နိဿယ+နိဿိတ စပ်၊ ဋ္ဌာနူ။ တ္တ-ပစ္စည်းအရ ထို-သော အမြတ်ဂုဏ်ရ၏။

**ပစ္ဆိမကာ။** ။ **ပစ္ဆာ ဘဝေါ ပစ္ဆိမော၊ ပစ္ဆိမော ယေဝ ပစ္ဆိမကော။**

ပစ္ဆာ-တဒ္ဓိတ်ပုဒ်အရ အဝသာနဘောဂုဏ်သည် မုချ။ ထို-၏ အဆုံးအစွန်ဖြစ်သော ရှင်အာနန္ဒာနှင့် ဂုဏ်+ဂုဏေး စပ် ဋ္ဌာနူ။ ဣက-ပစ္စည်းအရ အဆုံးအစွန်ဖြစ်သော အရှင်အာနန္ဒာ ရ၏။

**သောတ ။ ။ သဝတိ ပေလတီတိ သောတော။**

**အာပန္န ။ ။ အာပဇ္ဇတီတိ အာပန္နော။**

**သောတာပန္န။ ။ သောတံ အာပန္နော သောတာပန္နော။**

သောတ အရ အရိယမဂ်သည် မုချ။ ထို-၏ ရောက်သော အရှင်အာနန္ဒာနှင့် ဂုဏ်+ဂုဏေး စပ်ဋ္ဌာနူ။ သမာသ်ပုဒ်လုံးအရ အရိယာမဂ်တည်းဟူသော အရေအယဉ်သို့ ရောက်သော အရှင်အာနန္ဒာ ရ၏။

**ဒိဋ္ဌိသီလသာမညာ။ ။ ဒိဋ္ဌိ စ သီလာနိ စ ဒိဋ္ဌိသီလံ။ သမာနဿ ဘာဝေါ သာမညံ။**

**ဒိဋ္ဌိသီလဿ သာမညံ ဒိဋ္ဌိသီလသာမညံ။**

**ဒိဋ္ဌိသီလသာမညံ ဣတိ သင်္ခါတော ဒိဋ္ဌိသီလသာမညသင်္ခါတော။**

**ဒိဋ္ဌိသီလသာမညသင်္ခါတေန သင်္ဃာတော ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတော။**

ဒိဋ္ဌိ-ဟူသော ရှေ့ပုဒ်အရ ဒိဋ္ဌိသည် မုချ။ ထို-၏ သီလနှင့်တူခြင်းဂုဏ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဋ္ဌာနူပစာ။ သမာသ်ပုဒ်လုံးအရ = အယူသီလ ရ၏။

ဒိဋ္ဌိသီလ ဟူသော ဝိသေသနပုဒ်အရ ဒိဋ္ဌိသီလသည် မုချ။ ထို၏ တူသည်၏ အဖြစ်ဟု ဆိုအပ်သော ဂုဏ်နှင့် ဂုဏ်+ဂုဏေးစပ် ဋ္ဌာနူပစာ။ ဒိဋ္ဌိသီလသာမည ဟူသော သမာသ်ပုဒ်လုံးအရ အယူသီလ တူသည်၏ အဖြစ်-ဟုဆိုအပ်သော ဂုဏ် ရ၏။

နံပါတ်(၅)

| | | | | | |
|---|---|---|---|---|---|
| **ဘိက္ခု** ။ | ။ ဘိက္ခ+ရူ။ ဘယသဒ္ဒူ+ ဣက္ခ+ရူ။ ဘိဒ+ရူ။ ကိလေသေ ဘိန္ဒတီတိ ဘိက္ခု။ | | | | |
| **သံဃ** ။ | ။ သံ-ဟန+ရ။ သမဂ္ဂံ သံဃကမ္မံ သမုပဂစ္ဆတီတိ သံဃော။ | | | | |
| **သောတ** ။ | ။ သု+တ။ | **အာပန္န**။ | ။ အာ-ပဒ+တ။ | **သမဏ**။ | ။ သမု+ဏ။ |
| **ဒိဋ္ဌိ** ။ | ။ ဒိသ+တိ။ | **သီလ**။ | ။ သီလ+အ ။ သိ+လ။ | | |
| **သင်္ခါတ** ။ | ။ သံ-ခါ+တ။ | **သင်္ဃာတ**။ | ။ သံ-ဟန+ဏ။ | | |

နံပါတ် (၆)

(က) **ဝုဏ္ဏမဟာဌ္ဌေနယိဖြင့်** မဟာတဉ္ဓ မဟန္တသဒ္ဒါသည် ဥတ္တမအနက်၌ ဖြစ်သည်ကို လည်းကောင်း၊ တာသည် နာမ်ဘာတ်၏ ကာရိယဖြစ်သည်ကိုလည်းကောင်း သိစေ။(သဒ္ဒါဟောအဘိဓေယျတ္တ။ဝိဘတ္တိပဒ)

**သင်္ချာမဟာဌ္ဌေနယိဖြင့်** မဟာတဉ္ဓ မဟန္တသဒ္ဒါသည် ပစုရအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ (နာမလိင်္ဂတ္တ သဒ္ဒါဟောအဘိဓေယျတ္တ။)တာသည် နာမ်ဘာတ်၏ ကာရိယဖြစ်သည်ကိုလည်းကောင်းသိစေ။ (ဝိဘတ္တိပဒသံဝဏ္ဏနာ။)**အပေါင်းသံဝဏ္ဏနာဖြင့်** မဟာတဉ္ဓ မဟန္တကို မဟန္တောစ မဟန္တောစ မဟာ-ဟု ဧကသေသတဒ္ဓိတ် ဝစနတ္တပြုအပ်သည်ကို သိစေပါသည်။(ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္တ)

(ခ) **သမဏဂဏေနဖြင့်** ဘိက္ခုသံဃေနဉ္ဓ ဘိက္ခုသဒ္ဒါ၏ သမဏအနက် ဟောသည်ကို လည်းကောင်း၊ သံဃ သဒ္ဒါသည် ဂဏသဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကို လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



(နာမလိင်္ဂတ္ထ၊ ပရိယာယ်ပြ အဘိဓေယျတ္ထသံဝဏ္ဏနာ)

**ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတေနဖြင့်** ထိုရဟန်းတို့၏ အပေါင်းဟူသည် ဒိဋ္ဌိသီလ၏ တူမျှသည်၏ အဖြစ်ဟု ဆိုအပ်သော ဂုဏ်အားဖြင့်ပေါင်းစပ်အပ်၏ ဟူသော အဓိပ္ပါယ်ကို သိ။ (ဘာဝတ္ထသံဝဏ္ဏနာ။)

**သင်္ဃာတေနဖြင့်** သံဃော၌ သံ ပုဗ္ဗ ဟန ဓာတ်၊ရပစ္စည်း၊ ယင်းရ ပစ္စည်း၏ ကမ္မသာဓနေအနက်၌ သက်သည်ကိုလည်းကောင်း၊သံ ဟညတေတိ သံဃော-ဟု ကမ္မသာဓနေ၁စနတ္ထ ပြုအပ်သည်ကို လည်းကောင်း။ သိစေပါသည်။(ဒု-ဓာတုပဒ၊ဒု-ပစ္စယပဒ၊ဒု-ပစ္စယတ္ထ၊အဘိဓာနတ္ထ။)

နံပါတ် (၇)

**သင်္ခါတသင်္ဃာတေန/သင်္ဃာတသင်္ခါတေန...**

**ဒိဋ္ဌိသီလသာမညသင်္ဃာတသင်္ခါတေနာ**ဝါ **ပါဌေနေတ္ထ ဘဝိတဗ္ဗံ**-ဟု ဝိမတိဋီကာ၌ ဆိုသော ကြောင့်လည်းကောင်း၊သီလက္ခန်အဋ္ဌကထာနှင့်ဋီကာသစ်တို့၌လည်း ပါဠ္ဌရ အဖြစ်ဖြင့် ပြဆိုသောကြောင့် လည်းကောင်း၊ သင်္ဃာတသင်္ခါတေန-ဟု သင်္ဃာတ သဒ္ဒါ ရှေးရှိသော ပါဌ်သင့်။

**ဒိဋ္ဌိယာ စေဝ ဝုတ္တာနဥ္စ သီလာနံ သာမညသင်္ခါတေန သံဃာတော သံဃဋိတော သမေတော**-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် ယင်းအလို ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတေနဟု သင်္ခါတ သဒ္ဒါ ရှေးရှိသော ပါဌ်လည်းသင့်။

**မှတ်ချက်**။ ။ အချို့နေရာ၌ သင်္ခါတမပါမူ၍ ဒိဋ္ဌိသီလသာမညသင်္ဃာတေန-ဟုသာ ရှိ၏။ဋီကာကို ထောက်၍ သင်္ခါတသဒ္ဒါ ပါမှသာသင့်။

နံပါတ် (၈)

**မဟတာ**။။ အမြတ်ဂုဏ် အများဂုဏ်၏ မဟတာ အမည်ကို ဂုဏောဖြစ်သော ရဟန်းအပေါင်း၌တင် ဂုဏူပစာ အဝိနာဘာဝနည်း။ (ဝိသေသနပုဒ်ဖြစ်၍ ဂုဏူပစာ တင်သည်။)

အမြတ်ဟောမဟန္တသဒ္ဒါနှင့် အများဟောမဟန္တသဒ္ဒါတို့ကို တစ်ခုတည်းပြုသောကြောင့် ဧကသေသနည်း။

**ဘိက္ခုသံဃေန**။ ။ရဟန်းနှင့်အပေါင်းကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ တင်စား အဘေဒဘေဒူပစာ။ အဘေဒနည်း။ (ဘိန္နာဓိကရဏ ဝါကျပုဒ်တို့၌ ဥပစာထုတ်ခိုင်းလျှင် အဘေဒဘေဒူပစာ ထုတ်ရတတ်၏)

**တစ်နည်း**။ ။ အပေါင်းဖြစ်သော အရိယာသံဃာ ပုထုဇဉ်သံဃာတို့၏ အမည်ကို အစိတ်ဖြစ်သော အရိယာသံဃာ၌ တင် ဧကဒေသူပစာ။

နံပါတ် (၁၀)

**ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတေနသမဏဂဏေန၌ ဒိဋ္ဌိ အရ လက္ခဏာဟာရနေတ္တိနည်း**။

လက္ခဏာဟာရ ဟူသော်ကား - လက္ခီယန္တိ ဧတေန အဝုတ္တာပိ ဓမ္မာတိ လက္ခဏံ-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သော တရားနှင့် ဧကလက္ခဏ သဟစာရီ သမာနကိစ္စ သမာနဟေတု သမာနဖလ သမာနာရမ္မဏ ဓာတ် ဂုဏ် ကြိယာ ဒြပ် နာမ်အားဖြင့်တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏာဟာရမည်၏။

အဘယ်သို့ မှတ်အပ်သနည်းဟူမူကား-ဒိဋ္ဌိအရ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ယူသဖြင့် ထိုမဂ္ဂင်နှင့် နီယျာနိက လက္ခဏာတူသော မဂ္ဂင်(၇)ပါးကိုလည်းကောင်း၊ထိုနှင့် တကွဖြစ်လေ့ရှိသော၊ထိုနှင့် သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော တူသောကိစ္စရှိသော မဂ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ထိုနှင့် မဂ္ဂပစ္စည်းတည်း ဟူသော

http://www.dhammadownload.com



ဟိတ်၊ဟေတွတ္တတည်းဟူသော ဟိတ်၏အဖြစ်ဖြင့် တူသော မဂ္ဂင်(၇)ပါး၊အလောဘ အဒေါသ-ဟူသောတူသော ဟိတ်ရှိသော စိတ္တုပ္ပါဒ်ကို လည်းကောင်း၊ထိုနှင့် အရဟတ္တဖိုလ်တည်းဟူသော တူသောအကျိုးရှိသော မဂ်စိတ္တုပ္ပါဒ်ကို လည်းကောင်း၊ထိုနှင့် နိဗ္ဗာန်တည်းဟူသော တူသော အာရုံရှိသော စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထိုနှင့် မဂ်ဇာတ်အားဖြင့် တူသောမဂ္ဂင် (၇)ပါး ကုသိုလ်ဇာတ်အားဖြင့် တူသော မဂ်စိတ္တုပ္ပါဒ်၊လောကုတ္တရာအားဖြင့် တူသော လောကုတ္တရာတရား ကိုးပါးကိုလည်းကောင်း၊ထိုနှင့် ဂုဏဝိသိဋ္ဌအားဖြင့် တူသောသီလစသော ဂုဏ်ကိုလည်းကောင်း၊ထိုနှင့် ပဓာနန ကြိယာအားဖြင့် တူသော တစ်ပါးသော ဉာဏ်ကိုလည်းကောင်း၊ ထိုနှင့် ပရမတ္ထမွေဒြပ်အားဖြင့် တူသော အစိတ်အစိတ်သော ပရမတ္ထမွေဒြပ်ကို လည်းကောင်း၊ထိုနှင့် မဂ်တည်းဟူသော အမည်အားဖြင့် တူသောမဂ္ဂင်(၇)ပါးကို လည်းကောင်း ယူအပ်၏။

ဤသို့လျှင် သုတ်၌ မလာအပ်သောတရားတို့ကို ဧကလက္ခဏာ စသောအားဖြင့် မှတ်ကြောင်းဖြစ်သော ကြောင့် လက္ခဏာဟာရ မည်၏ဟူလို..။

****************

**ပါဠိကျမ်းစဉ် (၆)**

(က) **အသောသိတိ** သုဏံ ဥပလာဘိ။

(ခ) သောတဒွါရသမ္ဗတ္တဝစနနိဋ္ဌောါသာနုသာရေန အညာသိ။

(ဂ) **ခေါတိ** ပဒပူရဏမတ္တေ အဝဓာရဏတ္ထေ ဝါ နိပါတော။

(ဃ) တတ္ထ အဝဓာရဏတ္ထေန အသောသိ ဧဝ၊

(င) နာဿ ကောစိ သဝနန္တရာယော အဟောသီတိ အယမတ္ထော ဝေဒိတဗ္ဗော။

(စ) ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ။ (ဝိ၊ ဋ္ဌ၊ ၁။ ၈၃။)

**************

**နံပါတ် (၁)**

(က) အသောသိ-ကြားပြီး။(သဒ္ဒတ္ထ) ဝါ-ရပြီ။ဝါ-သိပြီ။ (အဓိပ္ပါယတ္ထ)

(ခ) သောတဒွါရသမ္ဗတ္တဝစနနိဋ္ဌောါသာနုသာရေန-သောတဒွါရသို့ ရောက်လာသော စကားသံကို အစဉ် လိုက်သော မနောဒွါရဝီထိဖြင့်။

(ဂ) ခေါတိ-ခေါဟူသော။ယောသဒ္ဒေါ-အကြင်သဒ္ဒါသည်။အတ္ထိ။သောသဒ္ဒေါ-သည်။ပဒပူရဏမတ္တေ-ပုဒ်၏ ပြည့်ကြောင်းမျှ၌။ပဝတ္တော-သော။နိပါတော-တည်း။ဝါ-တစ်နည်း။အဝဓာရဏတ္ထေ-၌။ပဝတ္တော-နိပါတော-တည်း။ [နိယမာနိယမ။]

(ဃ) အသောသိခေါ-ကြားသည်သာ။(င) အသောသိခေါ-ကြားရခြင်း၌ တစ်စုံတစ်ရာသော အန္တရာယ် မရှိ။(စ) အသောသိခေါ-ကြားရပြီ။

**နံပါတ် (၂)**

**(ခ)သို့**။ ။ ဆရာသည် (က) ဖြင့် အသောသိပုဒ်ကို ကြားခြင်းဟူသည် ရခြင်းပင် ဖြစ်၏-ဟု ဖွင့်ပြအပ်၏။ ရခြင်းသည် ကာယလဗ္ဘန, ဉာဏလဗ္ဘန-ဟု နှစ်မျိုးရှိရာ ဤ၌ ကာယလဗ္ဘနကို အလိုရှိအပ်ပါသလော။ [ဂဏ္ဌိ] အဘယ်လဗ္ဘနကို အလိုရှိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**တစ်နည်း**။။ ဆရာသည် (က) ဖြင့် ကြားခြင်းဟူသည် ရခြင်းဖြစ်၏ဟု ဖွင့်ပြအပ်၏။ထိုရခြင်းဟူသည်ကို ပရမတ္ထသဘောအားဖြင့် မပြဆိုပြီလော။ဝါ-ထင်ရှားရှိသော ဝတ္ထုကို ရသကဲ့သို့ ရအပ်ပါသလော။[ဂဏ္ဌိဟောင်း]

http://www.dhammadownload.com



။ပရမတ္ထသဘောအားဖြင့် ရခြင်းဟူသည် အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။ [ဘာ-ဋီ]

**(ဃ)သို့။** ။ဆရာသည် (ဂ) ဖြင့် ခေါ သဒ္ဒါသည် ပဒပူရဏအနက်၊အဝဓာရဏအနက်တို့၌ ဖြစ်၏-ဟုဖွင့်ပြ အပ်၏။အဘယ်သို့လျှင် ခေါသဒ္ဒါသည် အဝဓာရဏအနက်၌ ဖြစ်ပါသနည်း။ခေါသဒ္ဒါ၏ အဝဓာရဏ အနက်၌ ဖြစ်ပုံ အကျယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

**နိယံ။ ။ တတ္ထ ချီလျက် စကားတတ်မူ မှတ်ယူ ဝိတ္ထာရ။**

**(င)သို့။** ။ဆရာသည် (ဃ) ဖြင့် အသောသိခေါ်၌ ခေါသဒ္ဒါသည် အဝဓာရဏတ္ထ ဝေအနက်ရှိ၏-ဟုဖွင့်ပြ အပ်၏။ထိုဝေသဒ္ဒါ၏ ဝေတ္ထဖလကား အဘယ်ပါနည်း။ဝေသဒ္ဒါဖြင့် ရအပ်သော အကျိုးအနက်ကို မပြဆို ပြီလော။ စုဒ်ကြောင့် (င) မိန့်။

**(စ)သို့ အနုသန္ဓေ။** ။ ဤသို့ (ဃ+င)တို့ဖြင့် အသောသိခေါ်၌ ခေါသဒ္ဒါသည် အဝဓာရဏတ္ထ ဝေအနက်ရှိ သည်ကိုလည်းကောင်း၊ဝေတ္ထဖလ အနက်ကိုလည်းကောင်း ပြဆိုတော်မူပြီး၍။ယခုအခါ၌ ပဒပူရဏ အနက် ရှိသော ခေါသဒ္ဒါ၏ ရအပ်သော အကျိုးကို ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် (စ) ဝါကျ မိန့်။

**အထ ပဒပူရဏတ္ထေန ခေါသဒ္ဒေန ကိံ ပယောဇနံ ႇ အာဟ "ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာ မတ္တမေဝ" တိ။** [သာရတ္ထ၊ ၁။ ၂၁၂။]

**(စ)သို့** ။ ဆရာသည် (ဂ)ဖြင့် ခေါသဒ္ဒါသည် ပဒပူရဏ အနက်၌ဖြစ်သော နိပါတ်ဟု ဖွင့်ပြအပ်၏။ ထို ပဒပူရဏ အနက်ရှိသော ခေါသဒ္ဒါဖြင့် အဘယ်အကျိုးကို ပြဆိုအပ်ပါသနည်း။ခေါသဒ္ဒါမဖက် အသောသိပုဒ် သက်သက်ဖြင့်လည်း ကြားခြင်းအနက် ပြီးရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (စ) မိန့်။

**ကား။** ။ အသောသိပုဒ်သည် ခေါသဒ္ဒါမဖက် သူ့ချည်းသက်သက်ရှိက ရွတ်ဆိုခြင်း၌ ညက်ညောမှု မရှိ။ခေါသဒ္ဒါ ထည့်စွက်သည့်အတွက်ကြောင့် ရှေ့နောက်ပုဒ်တို့ ညက်ညောချောမောလာ၏။ထို့ကြောင့် အနက် အထူးမပြနိုင်သော်လည်း ရှေ့နောက်သဒ္ဒါ၏ ပြေပြစ်ချောမော ညက်ညောခြင်း အကျိုးကို ရစေနိုင်၏ ဟူ လိုသောဝ်။ **။မှတ်ချက်။** ။ ပဒပူရဏ ခေါသဒ္ဒါသည် တစ်စုံတစ်ခုသော အနက်ထူးကို မပြဆိုနိုင်သည် မဟုတ်ပါလော-ဟု အာဘော်ထား၍လည်း တက်နိုင်၏။

**(ဂ) ဝါကျ။** ။အဝဓာရဏတ္ထေ ဝါ နိပါတော-သို့ ကျမ်းတက်လိုသော်··

နယန္တရ ဝါသဒ္ဒါကိုရှု၍ ပဒပူရဏအနက်မျှသာ ဖြစ်ပါသလော။(ဝါ)သဗ္ဗမ္ပိ ပဒံ သာဝဓာရဏံ-ဟု ဆိုသောကြောင့် အသောသိ ဧဝ ၊နာသု ကောစိ သဝနန္တရာယော အဟောသိ-ဟူသော အဝဓာရဏ အနက်လည်း ပြီးရာသည် ဖြစ်သောကြောင့် ခေါသည် တစ်စုံတစ်ခုသော အနက်မျှမဖြစ်-ဟု မှတ်ရကောင်း အံ့လော။အဘယ်သို့ မှတ်အံ့နည်း။စောဒနာရန်ရှိ၍ "အဝဓာရဏတ္ထေ ဝါ" မိန့်။(အမရပူရဆရာတော်)

နံပါတ် (၃)

(ခ) **ဝါကျာရမ္ဘ။** ။ ရခြင်းဟူသည် အဘယ်ကြောင့်နည်းဟု စောဒနာဖွယ်ရှိ၍ ဆက်လက်အားထုတ် သောကြောင့်။

(ဂ) **ပကန္တရ။** ။ (ဃ-င) ဝိတ္ထာရ။ ခေါသဒ္ဒါ၏ အဝဓာရဏတ္ထ အနက်ကို ချဲ့ပြသောကြောင့်။ ထိုတွင် (င) သည် **ဝါကျရမ္ဘ။** ဝေတ္ထဖလကို ဆက်လက်ပြသောကြောင့်။

(စ) **ပကန္တရ။** အဝဓာရဏတ္ထမှတစ်ပါး ပဒပူရဏတ္ထ အနက်အကျယ်အဖို့ တစ်ပါးကိုပြသောကြောင့်။

နံပါတ် (၄)

**သောတဒ္ဒါရသမ္ဗန္ဓ။** ။ **သောတဒ္ဒါရံ သမ္ဗန္ဓံ သောတဒ္ဒါရသမ္ဗန္ဓံ။**

http://www.dhammadownload.com



**ဝစနန္တိစ္ဆေါသ။** ။ ဝစနမေဝ နိစ္ဆေါသော ဝစနနိစ္ဆေါသော။
**သောတဒွါရသမ္ဘဝ္တေော ဝစနနိစ္ဆေါသော သောတဒွါရသမ္ဘဝ္တောဝစနနိစ္ဆေါသော။**

**ပဒပူရဏာမတ္တံ။** ။ **ပူရယတိ အနေနာတိ ပူရဏံ။ပဒဿ ပူရဏံ ပဒပူရဏံ။ပဒပူရဏံ ဧဝ ပဒပူရဏာမတ္တံ။**

ပဒ-ဝိသေသအရ အသေယာသိဟူသော ပုဒ်သည် မုချ။ထို၏ ပြည့်ကြောင်းဖြစ်သော ခေါသဒ္ဒါနှင့် နိသျ+နိဿိတစပ် ဌာနူ။ ပုဒ်လုံးအရ ထို သော ပုဒ်ပြည့်ကြောင်း ခေါ် သဒ္ဒါရ၏။

**အဝတာရဏာတ္တံ။** ။ **အဝတာရဏာမေဝ အတ္တော အဝတာရဏာတ္တော။**

အဝတာရဏာ ဝိသေသအရ ပိုင်းဖြတ်ခြင်းသည်သာဖြစ်သော အဝတာရဏာဘောဂုဏ်သည် မုချ။ထို၏ အနက်နှင့် ဂုဏ်+ဂုဏောစပ် ဌာနူ။ပုဒ်လုံးအရ ထိုသော ပိုင်းဖြတ်ခြင်းသည်သာဖြစ်သော အနက်ရ၏။

**သဝနန္တရာယ။** ။ **သဝနဿ အန္တရာယော သဝနန္တရာယော။**

**ဗျဥ္ဇနသိလိဋ္ဌတာမတ္တံ။** ။ **ဗျဥ္ဇနာနံ သိလိဋ္ဌော ဗျဥ္ဇနသိလိဋ္ဌော။ဗျဥ္ဇနသိလိဋ္ဌဿ ဘာဝေါ ဗျဥ္ဇနသိလိဋ္ဌတာ။**
**[ယောဇနာ]သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ။**
**ဗျဥ္ဇနာနံ သိလိဋ္ဌတာ ဗျဥ္ဇနသိလိဋ္ဌတာ။ [ဘာဋီ]**

သိလိဋ္ဌ တဒ္ဓိတ်ပုဒ်အရ ပြေပြစ်ညက်ညောကုန်သော အသေယာသိ သဒ္ဒါ၊ခေါသဒ္ဒါတို့သည် မုချ။ ထို၏ တာပစ္စည်းအရ ပြေပြစ်ညက်ညောခြင်း ကြိယာနှင့် (ဝါ)ဂုဏ်နှင့် နိသျ+နိဿိတစပ်ဌာနူ။တာပစ္စည်းအရ ထို-သော အသေယာသိသဒ္ဒါ၊ခေါသဒ္ဒါတို့၏ ပြေပြစ်ညက်ညောခြင်း ကြိယာ။(ဝါ)ဂုဏ် ရ၏။

နံပါတ် (၅)

**သောတ**။။ သု + တ။ **ဒွါရ**။ ။ ဒွိ သဒ္ဒူ+ အရ + ဏ။**တစ်နည်း**-ဒွရ+ဏ။
**သမ္ဘဝ္တ**။ သံ ပဒ(အပ) +တ။ **နိစ္ဆေါသ**။။ နိ-ဃုသ+ဏ။**အနုသာရ**။ ။ အနု+သရ+ဏ။
**နိပါတ**။ ။ နိ-ပတ+ဏ။ **သဝန**။ ။ သု + ယု။ **အန္တရာယ**။။ အန္တရ သဒ္ဒူ-ဣ+ဏ။
[သတ္တသန္တာနဿ အန္တရေ ဝေမဇ္ဈေ ဧတိ အာဂစ္ဆတီတိ အန္တရာယော။]
**ဗျဥ္ဇန**။ ။ ဝိ-အဉ္ဇ+ယု။ **သိလိဋ္ဌ**။ ။ သိလိသ+တ။ [သိလိဿန္တိ သိလိဋ္ဌာနိ။]

နံပါတ် (၆)

(က) **သုံဏာဖြင့်** အသေယာသိဒ္ဓိ သုတာတ် သိဝိဘာတ်၊ အ-သည် ပဋိသေဓအနက်ယူ၍၊မနာ-ဟူသော အနက်၌ မဖြစ်၊သုတာတ်အဖျွတ္တနိ ဤဝိဘာတ်၊အ-အက္ခရာ အာဂုံလာ၍ ရုပ်ပြီးသည်ကို လည်းကောင်း၊သုတာတ်၏ သွာဒိဂဏိကဖြစ်၍ ဘူဝါဒိဂဏိကတာတ် မဖြစ်သည်ကို လည်းကောင်း သိစေ။

**ဥပလာဘိဖြင့်** သု တာတ်သည် ပဿဝန ဟိံသန အနက်၌မဖြစ်၊ဥပလဗ္ဘနအနက်၌ ဖြစ်သည်ကို သိ။ [တွေတ္တ] **တစ်နည်း**-ဥပလာဘိ ဖြင့် ကြား၏ဟူသည် ရခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိ။[ဘာဝတ္တ]

(ခ) **အညာသိဖြင့်** ရခြင်းဟူသည် ဉာဏ်ဖြင့် သိခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိ။ [ဘာဝတ္တ။]

**(တစ်နည်း)** ကာယူပလဗ္ဘန ဉာဏူပလဗ္ဘန နှစ်မျိုးတို့တွင် ဤ၌ ဉာဏူပလဗ္ဘနကို ကောက်ယူအပ်သည်ကို သိ။ [သရုပ်ကြား အဘိဓေယျတ္တ။]

**သောတဒွါရသမ္ဘဝ္တဝစနနိစ္ဆေါသာနုသာရေနဖြင့်** သိခြင်းဟူသည် သောတဒွါရိကဝီထိနှင့် တဒနုဝတ္တက မနောဒွါရိကဝီထိ ဖြစ်ပြီးနောက် ထိုဝီထိသို့ အစဉ်လိုက်သော သုဒ္ဓမနောဒွါရိကဝီထိများဖြင့် သိခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိ။ [ဘာဝတ္တ။]

(ဂ) **ပဒပူရဏာမတ္တေ နိပါတော ဖြင့်** ခေါသဒ္ဒါသည် ပဒပူရဏနိပါတ်ပုဒ်ဖြစ်သည်ကို သိ။[နိပါတလိင်ပဒ]

http://www.dhammadownload.com


**အဝစာရဏာဝေ့ နိပါတော့ဖြင့်** ခေါ်သဒ္ဒါသည့် အဝစာရဏာအနက်၌ဖြစ်သော နိပါတ်ပုဒ် ဖြစ်သည်ကို သိ။ [နိပါတလိင်္ဂတ္ထ။]

နံပါတ် (၇)

**ပဒပူရဏေန/ပဒပူရဏာတ္ထေန...**

ပဒဿ ပူရဏံ ပဒပူရဏံ၊ပဒပူရဏာမေဝ အတ္ထော ယဿာတိ ပဒပူရဏာတ္ထော-ဟု ဆိုလိုချက်အတ္ထ ဟူသော နောက်ပုဒ်ကျေ၍ ပြီးသောကြောင့် ပဒပူရဏေန ပါဠိသာသင့်။ [ဂဏ္ဍိသစ်။]

**ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ/ပဒဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ...**

ပဒဗျဉ္ဇနာနံ သိလိဋ္ဌော ပဒဗျဉ္ဇနသိလိဋ္ဌော။တဿ ဘာဝေါ ပဒဗျဉ္ဇန သိလိဋ္ဌတာ ဟု ဝစနတ္ထပြု၍ ပြီးသောကြောင့် ပဒဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝသင့်။ [ယောဇနာအလို။]

ယင်း ယောဇနာ၌ပင် **ဋီကာယံ ပန "ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝါ"တိ ပါဠော ဒိဿတိ** ဟု ဖွင့်ဆိုသောကြောင့် ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ ပါဠိလည်းသင့်။

နံပါတ် (၈)

**(ခ) ရှု၍ (က) ဥပစာ။** ။ အပေါင်းဖြစ်သော ကာယူပလဗ္ဘန ဉာဏူပလဗ္ဘန နှစ်မျိုးတို့၏ အမည်ကို အစိတ်ဖြစ်သော ဉာဏူပလဗ္ဘန၌ တင်စား၍ ဆိုသောကြောင့် **ဧကဒေသူပစာ။** ရှုဋီနည်း။

**(ဃ) ၌ နည်း။** ။ အစဉ်အတိုင်းမဆိုမူ၍ အနီးမှစ၍ ဆိုသောနည်းသည် ပစ္စာသတ္တိနည်း မည်၏။ ပြယုဂ်ကား-အဝစာရဏာတ္ထေန တည်း ဤအဝစာရဏာတ္ထေန ဟူသောနည်းသည် အစဉ်အတိုင်း ပဒပူရဏေနကို ဦးစွာမဆိုမူ၍ အဝစာရဏာတ္ထေန-ဟု အနီးမှစ၍ ဆိုသောကြောင့် ပစ္စာသတ္တိနည်း မည်၏။

**အဝစာရဏာတ္ထေန။** ။ အဝစာရဏာနှင့်အတ္ထ မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒ ဘေဒူပစာ။ **မှတ်ချက်။** ။ မတ္တ ဧဝ-ပါလျှင် အဝုတ္တသိဒ္ဓိနည်း ဗျတိရေကနည်းတို့ ရနိုင်သည်။

နံပါတ် (၁၀)

**အယမတ္ထော ဝေဒိတဗ္ဗော၌ ဓာတ်အရ။** ။ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကောက်။

**************

**ဝါကျစဉ် (၇)**

(က) ဝေရဉ္ဇာယံ ဓာတော ဝေရဉ္ဇာယံ ဘဝေါ။

(ခ) ဝေရဉ္ဇာ ဝါ အဿ နိဝါသောတိ **ဝေရဉ္ဇော။**

(ဂ) မာတာပိတူဟိ ကတနာမဝသေန ပနာယံ "ဥဒယော"တိ ဝုစ္စတိ။

(ဃ) ဗြဟ္မံ အဏာတီတိ **ဗြာဟ္မဏော။**

(င) မန္တေ သဇ္ဈာယတီတိ အတ္ထော။

(စ) ဣဒ ဓေဝ ဟိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ။

(ဆ) အရိယာ ပန ဗာဟိတပါပတ္တာ ဗြာဟ္မဏာတိ ဝုစ္စန္တိ။ [ ဓိ၊ ဋ္ဌ၊ ၁။ ၈၃။]

**************

နံပါတ်(၁)

(က) ဝေရဉ္ဇော-ဝေရဉ္ဇာမြို့၌ မွေးဖွားသော။ဝါ-ဝေရဉ္ဇာမြို့၌ ဖြစ်သော။

(ခ) ဝါ-ဝေရဉ္ဇာမြို့ဟူသော နေရာရှိသော။ဗြာဟ္မဏော-ဥဒယပုဏ္ဏားသည်။ဝါ-မန္တာန်ကို ရွတ်အံ့တတ်

http://www.dhammadownload.com



သူသည်။(သဂုဏပေက္ခဒဗ္ဗတ္တ။)

**(င)** အဋ္ဌော-၏ သဒ္ဒါသမ္မန်-ဗြာဟ္မဏောတိပဒဿ။အဋ္ဌော-ဝါ-ဗြာဟ္မဏဟူသောပုဒ်၏ အနက်တည်း။ (ဤကားအနက်သမ္ဗန်။)

**(ဆ)** ဟိတ် သမ္ဗန်။ အရိယာန်-တို့၏/တို့ကို။

နံပါတ် (၂)

**(ခ) သို့ ပုစ္ဆာ။** ။ ဆရာ (က)ဖြင့် ဝေရဉ္စာကို ဝေရဉ္စာယံ ဇာတော ဝေရဉ္စော-ဟု ဇာတတဒ္ဓိတ် ဝစနတ္ထပြု၍ ဏ-ပစ္စည်း ဇာတ အနက်၌ ဖြစ်သည်ကို ဖွင့်ပြတော်မူအပ်၏။ထို ဝေရဉ္စော-ဟူသောပုဒ်ကို ဇာတတဒ္ဓိတ် ဝစနတ္ထသာ ဆိုအပ်ပါသလော။အဘယ်ဝစနတ္ထလည်း ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) သို့ ပုစ္ဆာ။** ။ ဆရာသည် (က)စသော ဝါကျတို့ဖြင့် ပုဏ္ဏားအား နေရာဌာနနှင့်စပ်၍ ရအပ်သောအမည်ကို ဖွင့်ပြတော်မူအပ်၏။ထိုမျှသာ ဆိုချေသော် ပုဏ္ဏားအား ပကတိနာမည်မရှိ ဟူသော အနံက်ရောက်ရာသည် မဟုတ်ပါလော။ထိုပုဏ္ဏား၏ ပကတိနာမည်ကား အဘယ်ပါနည်း စုဒ်ကြောင့် (ဂ) မိန့်။

**(စ) သို့ စောဒနာ။** ။ ဆရာ (ဃ)ဖြင့် ဗြာဟ္မဏောပုဒ်ကို ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော-ဟု ဝစနတ္ထပြုအပ်သည်ကို ဖွင့်ပြအပ်၏။ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏော ဟူ၍လည်းကောင်း၊ဗြဟ္မတော ဇာတော ဗြာဟ္မဏော-ဟူ၍လည်းကောင်း၊ဝစနတ္ထတို့တို့လည်း ပြုသင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော-ဟူသော ဝစနတ္ထကိုသာ ဖွင့်ဆိုသော ဆရာ့စကား အသို့သင့်အံ့နည်း။စုဒ်ကြောင့် (စ) မိန့်။

**ကား။** ။ ဤ ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော ဟူသော ဝါကျသည်သာ ဇာတိဗြာဟ္မဏတို့အား ထုတ်ဆိုအပ်သော ဝိဂြိုဟ်ဖြစ်၍ ငါဆိုသောစကား သင့်၏ ဟူလို။

**(ဆ) သို့ အနုသန္ဓေ။** ။ ဤသို့ (ဃ) စသော ဝါကျဖြင့် ဗြာဟ္မဏနှစ်မျိုး ရှိရာတွင် ဇာတိဗြာဟ္မဏတို့၏ ဝစနတ္ထကို ဖွင့်ဆိုတော်မူပြီး၍။ယခုအခါ၌ ဝိသုဒ္ဓိဗြာဟ္မဏတို့၏ ဝစနတ္ထကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဆ) မိန့်။

နံပါတ် (၃)

(ခ) **နယဥ္ဇနပက္ခန္တရ။ (ဂ) ဝါကျာရမ္ဘ။** ပုဏ္ဏား၏ပကတိအမည်ကို ဆက်ပြသော ကြောင့်။(တစ်နည်း) **ပက္ခန္တရ။ (ဃ) ပက္ခန္တရ။ (င)ဝိတ္ထာရ။** ဗြဟ္မ၏အနက် အဏဓာတ်၏ အနက်တို့ကို ချဲ့ပြသောကြောင့်။**(စ) ဒဠှီကရဏ။** ဗြဟ္မံ အဏာတိ ဟူသောဝိဂြိုဟ်ကို ထောက်ခံသောကြောင့်။**(ဆ)ပက္ခန္တရ။**

ဣဒမေဝ ကား သည် ပေးသောကြောင့်။ နိရုတ္တိဝစန်-၌ တုလျက်/လိင်္ဂတ် စပ်။

နံပါတ် (၄)

မာတာပိတာ။ ။ **မာနေတီတိ မာတာ။ထည် ပါယေတီတိ မာတာ။ပါတိ ရက္ခတီတိ ပိတာ။မာတာ စ ပိတာ စ မာတာ ပိတရော။**

မာန ဓာတ် အရ မြတ်နိုးသော အခြင်းအရာအားဖြင့်ဖြစ်သော မိခင်၏ မေတ္တာပြဓာန်းသော စိတ္တုပ္ပါဒ် မုချ။ရာတု ပစ္စည်းအရ အမေ ရ၏။

မာတု ရှေ့ပုဒ်အရ အမေသည် မုချ။ထို ၏ ပိတာ-အရ အဖေနှင့် ဆိုခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာန။ပုဒ်လုံးအရ ထို သော အမေအဖေ ရ၏။

**ဇာတိဗြာဟ္မဏ။** ။ **ဇာတိယာ ဗြာဟ္မဏော ဇာတိဗြာဟ္မဏော။**

http://www.dhammadownload.com



ဇာတိ ဝိသေအရ ပုဏ္ဏားဇာတ်သည် မုချ။ထို ၏ ဗြာဟ္မဏအရ ပုဏ္ဏားတို့နှင့် နိသျ+နိဿိတ စပ် ဌာနူ။ပုဒ်လုံးအရ ထို သော ဇာတ်အားဖြင့် ဖြစ်သော ပုဏ္ဏားတို့ ရဏ်။

**နိရုတ္တိဝစနံ။** ။ **နီဟရိတွာ ဝုစ္စတေတိ နိရုတ္တိ။ နိရုတ္တိမေဝ ဝစနံ နိရုတ္တိဝစနံ။**

**ဗာဟိတပါပ။** ။ **ဗာဟိတံ ပါပံ ယေဟီတိ ဗာဟိတပါပါ။**

ဗာဟိတပါပ ဗဟုဗ္ဗီဟိ ပုဒ်လုံးအရ မျှောအပ်ပြီးသော မကောင်းမှုသည် မုချ။ထို ၏ ယ အညပုဒ်အရ အရိယာ ဗြာဟ္မဏတို့နှင့် နိဿယ/နိဿိတ စပ် ဌာနူပစာ။ယ အညပုဒ်အရ ထို သော မျှောအပ်ပြီးသော မကောင်းမှုရှိသော အရိယာဗြာဟ္မဏတို့ ရဏ်။

နံပါတ် (၅)

**ဝေရဉ္ဇ**။ ။ ဝိ-ရဇ + ဏ။ **နိဝါသ**။ ။ နိ +ဝသ + ဏ (နိဝသန္တိ ဧတ္ထာတိ နိဝါသော။)

**မာတာ**။ ။ မာန(ပါ) + ရာတု။ **ပိတာ**။ ။ ပါ + ရိတု။ **မန္တ**။ ။ မန္တ + အ

**ဇာတိ**။ ။ ဇန + တိ။ **နိရုတ္တိ**။ ။ နိ +ဝစ + တိ။ **အရိယ**။ ။ အရ + ဏျ။

**ဗာဟ**။ ။ ဝဟ + ဏ။ **ပါပ**။ ။ ပ+ အပ + ဏ

နံပါတ် (၆)

(က) **ဝေရဉ္ဇာယံ ဇာတောဖြင့်** ဝေရဉ္ဇော၌ ဝေရဉ္ဇပုဒ်+ဏ ပစ္စည်း၊ယင်းဏပစ္စည်း၏ ဇာတ အနက်၌ဖြစ်သည်ကို လည်းကောင်း၊(ပစ္စယတ္ထ)ဝေရဉ္ဇာယံ ဇာတော ဝေရဉ္ဇော-ဟု ဇာတတဒ္ဓိတ် ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း သိစေ။ (အဘိဓာနတ္ထ)

(င) **မန္တေ အဏာတိဖြင့်** ဗြာဟ္မဏော၌ ဗြဟ္မသဒ္ဒူပပဒ၊အဏဓာတ်၊ဗြဟ္မသဒ္ဒါသည် နပုလ္လိင်ဖြစ်၍ ဝေဒ(မန္တ) အနက် ဟောသည်ကိုလည်းကောင်း၊ အဏဓာတ်၏ သဒ္ဒအနက် ဟောသည်ကို လည်းကောင်း သိစေပါသည်။ (သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာ၊ ဒု-ဓာတွတ္ထသံဝဏ္ဏနာ။)

(ဆ) **ဗာဟိတပါပတ္တာဖြင့်** ဗြာဟ္မဏော၌ ဗြဟ္မပုဒ်+အဏပုဒ် ဗြာဟ္မ၌ ဗာဟဓာတ် (တစ်နည်း) ဗာဓောတ် တပစ္စည်း၊ယင်း တပစ္စည်း ကံ အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊အဏသဒ္ဒါသည် ပါပ သဒ္ဒါ၏ ပရိယာယ် ဖြစ်သည်ကို လည်းကောင်း၊ဗာဟိတ-သဒ္ဒါကို ဗြာဟ္မပြု၍ ပြီးသည်ကို လည်းကောင်း၊ ဗာဟိတော အဏော ယေဟီတိ ဗြာဟ္မဏာ-ဟု ဝစနတ္ထပြု၍ ပြီးသည်ကို လည်းကောင်း သိစေပါသည်။ (ဒု ပစ္စယတ္ထ ပရိယာယ်ပြု အဘိဓေယျတ္ထ ဘာဝတ္ထ အဘိဓာနတ္ထ)(**တေသု ဝုဒ္ဓိတျာဒိနာ ဗာဟိတသဒ္ဒဿ ဗြာဟ္မာဒေသော**)

**တစ်နည်း။** ။ **ဗာဟိတပါပတ္တာဖြင့်** ဗြာဟ္မဏော၌ ဝဟဓာတ်၊ယုပစ္စည်း၊ယင်းယုပစ္စည်း ကတ္တားအနက်၌ သက်၍ ပါပေ ဝဟယန္တီတိ ဗြာဟ္မဏာ-ဟု ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း၊ဝကို ဗပြု၊ဗဟကို ဗြာဟ္မပြု၍ ပြီးသည်ကို လည်းကောင်း သိစေပါသည်။ (ဘာဋ္ဌီ)

**အရိယာ ဝုစ္စန္တိဖြင့်** မျှောစေတတ်သော မကောင်းမှုရှိသောကြောင့် အရိယာပုဂ္ဂိုလ်တို့ကို ဗြာဟ္မဏ တို့ဟူ၍ ဆိုအပ်ကုန်၏ ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

နံပါတ် (၇)

**ဗြာဟ္မဏ/ဗြဟ္မဏ...**

ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏော၊နာဂမော ဏတ္တံ၊ဒီဃာဒိ။(ဓာန်-ဋီ)၌ ဖွင့်သောကြောင့် ဒီဃဖြင့် ရှိသောဗြာဟ္မဏ ပါဠိသာ သင့်။(သံယောဂေ ပရေ ရဿတ္တံ-ဟူသော ပရိဘာသာအရ သံယုဂ်နှောင်းသော ကြောင့် ဗြဲ၌ ဒီဃမရှိသင့်-ဟု ဆရာတော်ဦးဗုဓ် ရူပသိဒ္ဓိနိဿယ သမာသ်၌ ဆုံးဖြတ်တော်မူသည်။)

http://www.dhammadownload.com



**ဗာဟိတပါပတ္တာ/ဗာဟိရပါပတ္တာ...**

**ဗာဟိရပါပတ္တာတိပိ အတ္ထိ၊ ဗာဟိရေ ကတပါပတ္တာတိ အတ္ထော-ဟု** (ယောဇနာ) ၌ ဆိုသောကြောင့် ယင်းအလို ဗာဟိရပါပတ္တာ သင့်။

**ဗာဟိတပါပေါတိ ဗြာဟ္မဏော-**ဟု ဗြာဟ္မဏဝဂ် ဓမ္မပဒ၌ ဆိုသောကြောင့်လည်းကောင်း၊**ဗာဟိ ယိတ္တာတိ ဗာဟိတံ၊ဗာဟိတံ ပါပံ ယေတိတိ ဗာဟိတပါပါ၊တေသံ ဘာဝေါ ဗာဟိတပါပတ္တံ**-ဟု ဝစနတ္ထ ပြုသောကြောင့် လည်းကောင်း ဗာဟိတပါပတ္တာ ပါဌ်လည်းသင့်။

**သဇ္ဈာယတိ/သဇ္ဈယတိ...**

သံ+အဓိ+ဣဓာတ်၊အဓိကိုအဇ္ဈ၊ဣကိုဧ၊ဧကိုအယ ပြု၍ပြီး၏။ဒီဃမရှိသင့်။ထို့ကြောင့်သဇ္ဈယတိ သင့်။

**တစ်နည်း**။။ အယ၏အ-ကို ဒီဃပြု၍ ပြီးနိုင်သောကြောင့် သဇ္ဈာယတိ-ဟု ဒီဃဖြင့် ရှိသောပါဌ်လည်းသင့်။

နံပါတ် (၈)

**မန္တေ သဇ္ဈာယတိ**။။ ပြဋ္ဌာန်းသော မန္တဝေဒကို ဆိုသဖြင့်၊မပြဋ္ဌာန်းသော ဗြဟ္မဝေဒ၊ကပ္ပဝေဒတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။

ဌာနဖြစ်သော မန္တဝေဒ၏အမည်ကို ဌာနီဖြစ်သော ဗြဟ္မဝေဒ ကပ္ပဝေဒတို့၌လည်း တင်စား ဌာနူပစာ။

**ဣတရေ ပန တန္နိဿယေန ဇာတာ၊ တေန ပဓာနသောဝ ဂဟဏံ**။ (သာရတ္ထ၊၁။၂၁၂။)

**တစ်နည်း**။။ အပေါင်းဖြစ်သော ဗိတာမဟ၊ဗိနစသော အနက်တို့၏အမည်ကို အစိတ်ဖြစ်သော ဝေဒ အနက်၌ တင်စား ဧကဒေသျူပစာ။ရှဋ္ဌီနည်း။

**ဝေရဉ္ဇ** ။။ ဌာနဖြစ်သောမြို့၏ ဝေရဉ္ဇာ-အမည်ကို ဌာနီဖြစ်သော ဥဒယပုဏ္ဏားဉ်တင်စား ဌာနူပစာ။

နံပါတ် (၁၀)

**သဇ္ဈယတိ အရ**။ ။ သတိ ဉာဏ် ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကောက် ဒေသနာဟာရနေတ္တိ ထုတ်။

*************

**ပါဌ်ကျချဉ် (၈)**

(က) ဣဒါနိ ယမတ္ထံ ဝေရဉ္ဇော ဗြာဟ္မဏော အဿောသိ၊ တံ ပကာသေန္တော **"သမဏော ခလု ဘော ဂေါတမော"** တိ အာဒိ မာဟ။

(ခ) တတ္ထ သမိတပါပတ္တာ "သမဏော" တိ ဝေဒိတဗ္ဗော။

(ဂ) ဝုတ္တဉှေတံ**"ဗာဟိတပါပေါတိ ဗြာဟ္မဏော၊သမိတပါပတ္တာ"သမဏော"**တိ ဝုစ္စတီတိ။

(ဃ) ဘဂဝါစ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ။

(င) တေနဿ ယထာဘုစ္စဂုဏာဓိဂမမေတံ နာမံ ယဒိဒံ သမဏောတိ။

(စ) **ခလူတိ** အနုဿဝနတ္ထေ နိပါတော။ (ဝိ၊ ဋ္ဌ၊ ၁။ ၉၄။)

**************

နံပါတ် (၁)

(က). ပကာသေန္တ ၏ ကရိုဏ်း-သမဏော ခလု ဘော ဂေါတမောတိ အာဒိနာ။

**မှတ်ချက်**။။ အာဟ၏အာကာရသည် ဒဿေန္တ၊ ပကာသေန္တတို့၏ ကရိုဏ်း ပြန်ဖြစ်သည်ကို ပုံသေမှတ်သားပါ။

**နိယံ**။ ။**အာကာရနှင့် အာဟ၏က် ဤနှစ်တန် အမှန် ဒဿန ကရိုဏ်းဖြစ်မြဲ**။

(ခ) တတ္ထ-သာမဏော ခလု ဘော ဂေါတမာ အစရှိသော စကားရပ်၌။

http://www.dhammadownload.com



သမိတပါပတ္တာ-၏ သမ္ဗန်-ဘောဟော ဂေါတမဿ။

(ဂ) ဟိ-သာဓကကား။တော်(သုတ္တံ)-ဤပါဠိတော်ကို။ဘဂဝတာ ဝုတ္တံ။ဗာဟိတပါပေါ-မျှောအပ်ပြီးသော မကောင်းမှုရှိ၏ ။(ဝုတ္တဥ္စေသ အာဂမ တဝဒၓိယာ။)

(င) ယဒိဒံ သမဏောတိ-ယောအယံ သမဏော-အကြင်သမဏဟူသော အမည်သည်။(တစ်နည်း) သမဏောတိ ယံ ဣဒံ နာမံ။(အတ္ထိ)။တော်-ဤအမည်သည်။အဿ-ထိုမြတ်စွာဘုရား၏။ယထာဘုစ္စဂုဏာ ဓိဂတံ-ဟုတ်မှန်သော ဂုဏ်တော်ကြောင့် ရအပ်သော အမည်တည်း။

## နံပါတ် (၂)

(က)သို့။ ။ ဆရာ ပါဠိတော်၌ ဥပါလိမထေရ်သည် သမဏော ခလု ဘော ဂေါတမော-အစရှိသော စကားကို မိန့်ဆိုအပ်၏။အသေဿာသိ ခေါ ဝေရဉ္စော ဗြာဟ္မဏော-ဟူသော ပါဠိရပ်တို့ဖြင့်ပင် ဝေရဉ္စာ ပုဏ္ဏားၡ၏ ကြားခြင်းကိစ္စ ပြီးရာသည်မဟုတ်ပါလော။အဘယ့်ကြောင့် တစ်ဖန် ဆိုအပ်ပါသနည်း။မဆိုသင့်ပဲ လျက် ဆိုချေသော် ဂန္ထဂရုဒေါသ၊ နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (က) မိန့်။

ကား ။ ။ ကြားခြင်းကိစ္စ ပြီးရာသော်လည်း ကြားပုံအခြင်းအရာကို ထင်ရှားမပြအပ်။ထို့ကြောင့် ကြားပုံ အခြင်းအရာကို ထင်ရှားပြလိုရကား သမဏော ခလု ဘော ဂေါတမော-စသော စကားကိုပြဆိုရသည်ဖြစ်ဘိ သော်။ထိုသို့ ဖြစ်သောကြောင့် သင်တင်သော ဂန္ထဂရုဒေါသနိရတ္ထကဒေါသ ငါ၌မရောက်ကင်းပျောက်၏ဟူလို။

**နိယံ။ ။ ရှေ့နောက်ဝါကျ၊ သန္ဓေစပ်က၊ ရှေ့ဥဿနုကို၊ စောဒကအာဘော်၊ ဟိတ်ခတ်လျှော်၍၊ ရှမျှော်တာဝ၊ နောက်ဥဿနုကြိ၊ အာဟာက်မှာ၊ စောဒနာ၊ သေသာကြွင်းလတ် အဖြေမှတ်။**

(ဂ) သို့။ ။ ဆရာသည်(ခ)ဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသောကြောင့် သမဏ-ဟူ၍ သိထိုက်သည်ကို ဖွင့်ပြအပ်၏။ပါဠိတော်၌ သမဏော ခလု ဘော ဂေါတမော ဟူ၍ သာမညအားဖြင့် ရှိသောကြောင့် သမိ တ-ဟု ဖွင့်ဆိုက လိုအပ်သော အနက်ပြီးရာသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် သမိတပါပတ္တာ-ဟု ပါပကို အထူးပြု၍ ဖွင့်ဆိုခြင်းသည် အဘယ်သို့သော ယုတ္တိဖြင့် သင့်ရာအံ့နည်း။သာမညဝိသေသ ဆန့်ကျင် သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့။ ။ ဆရာသည်(ခ+ဂ)တို့ဖြင့် ဗာဟိတပါပေါတိ ဗြာဟ္မဏော၊သမိတပါပတ္တာ သမဏောတိ ဝုစ္စတိ ဟူ၍ ဘုရားစကားကို ထောက်၍ ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိသောကြောင့် သမဏ-ဟူ၍ သိထိုက် ၏ဟု ဖွင့်ပြအပ်၏။ဤ၌ သမဏ-အရ အလိုရှိအပ်သော မြတ်စွာဘုရားသည် ပါပတို့ကို ငြိမ်းစေသော်ဆရာ စကား သင့်နိုင်ရာ၏။မငြိမ်းစေသော် မသင့်နိုင်ရာသည် မဟုတ်ပါလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ). မိန့်။

## နံပါတ် (၃)

(ခ) ဝိတ္ထာရ။(တစ်နည်း) ပက္ခန္တရ။ (ဂ)အာဂမဒင်္ဂ။(ဝုတ္တမေဝတ္တံ ဥဒါဟရဏော ဝိဘာဝေန္တော အာဟ "ဝုတ္တဥ္စေတ" န္တိ အာဒိ။)(ဃ)ဝါကျာရမ္ဘ။တစ်နည်း ယုတ္တိဒင်္ဂ။ မြတ်စွာဘုရား၏ သမိတ ဖြစ်ပုံကို ဆက်ပြသောကြောင့်။ (င) လဒ္ဓဝုဏ။(စ) ပက္ခန္တရ။

## နံပါတ် (၄)

**သမဏ။ ။ ပါပေ သမေတီတိ သမဏော။**

သမု-ဓာတ်အရ သုဒ္ဓကတ္တား၌ ကြိယာကား ငြိမ်းသော ပါပတို့၏ အဘာဝသည် မုချ။ဟေတုကတ္တား ၌ ကြိယာကား ငြိမ်းစေတတ်သော မြတ်စွာဘုရား၏ အရဟတ္တမဂ်၏သမုစ္ဆေဒသတ္တိသည် ဖလူ။ယုပစ္စည်းအရ

http://www.dhammadownload.com


ထို သော သမဏဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော မြတ်စွာဘုရား ရ၏။

**ပါပ။ ။ ဒုဂ္ဂတိံ ပါပေတီတိ ပါပေါ။ (ပါပံ)**

အပ-ဓာတ်အရ သုဒ္ဓကတ္တုဌကား ဒုဂ္ဂတိပဋိသန္ဓေ၏ ဥပါဒ်သည် မုချ။ဟေတုကတ္တုဌကား အကုသိုလ်စေတနာ၏ နာနာက္ခဏိကကမ္မ၊ပကတူပနိဿယသတ္တိသည် ဖလူပစာ။ဏ ပစ္စည်းအရ ထို-သော အကုသိုလ် စေတနာ ရ၏။

**ယထာဘုစ္စ။ ။ ယော ယော ဘူတော ယထာဘူတံ။ယထာဘူတမေဝ ယထာဘုစ္စံ။**

**ယထာဘုစ္စံ စ တံ ဂုဏော စာတိ ယထာဘုစ္စဂုဏော။**

**ယထာဘုစ္စဂုဏေန အဓိဂတံ ယထာဘုစ္စဂုဏာဓိဂတံ။**

ယထာ-ဝိသေ အရ ဝိစ္ဆတ္ထ ဘောဂုဏ်သည် မုချ။ထို၏ ထင်ရှားရှိခြင်း ဂုဏ်နှင့် ဝိသေသန+ဝိသေသျ။ ဂုဏ်+ဂုဏေး စပ် ဌာန။ပုဒ်လုံးအရ ထို သော အကြင်ကြင် ထင်ရှားရှိသော ဂုဏ်တော် ရ၏။

ယထာဘုစ္စဂုဏ-ဝိသေ-အရ အကြင်ကြင် ထင်ရှားရှိသော ဂုဏ်တော်သည် မုချ။ထို-၏ ရအပ်သော သမဏ-အမည်နှင့် အကြောင်း+အကျိုးစပ် ဌာန။ပုဒ်လုံး-အရ ထို-သော အကြင်အကြင် ထင်ရှားရှိသော ဂုဏ်တော်ကြောင့် ရအပ်သော သမဏ အမည်ရ၏။

နံပါတ် (၅)

**ပကာသေန္တ**။ ပ-ကာသ+အန္တ။ **သမိတ**။ ။ သမု + တ။(သမီယိတ္ထာတိ သမိတံ)

**ဥတ္တရ**။ ။ ဥ-တရ + အ။ **မဂ္ဂ**။မဂ+အ။ (နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတေ ဂဝေသီယတေတိ မဂ္ဂေါ)

**အနုဿဝန**။ အနု+ သု+ယု။

နံပါတ် (၆)

(ခ) **သမိတပါပတ္တာ** ဖြင့် သမဏော၌ သမုဓာတ်၊ယု ပစ္စည်း၊ ယင်းယု ပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်၍ ပါပေ သမေတီတိ သမဏော-ဟု ဝစနတ္ထပြုအပ်သည်ကို သိ။ (ဒု-ပစ္စယတ္ထ၊အဘိဓာနတ္ထ။)

**နိယံ။ ။ ဗဟုဗ္ဗီဟိ အသဿတ္ထိနှင့် ဖွင့်၍ရှိမှတ် ကတ္တုသာဓ်။**

(စ) **အနုဿဝနတ္ထေ နိပါတောဖြင့်** ခလုနိပါတ်ပုဒ်သည် အဝဓာရဏစသော တစ်ပါးအနက်တို့၌ မဖြစ်၊ အနုဿဝနအနက်၌ဖြစ်သည်ကို လည်းကောင်း၊ယင်း ခလု ပုဒ်သည် နာမ်ပုဒ်မဟုတ်၊နိပါတ်ပုဒ်ဖြစ်သည်ကို လည်းကောင်း သိစေပါသည်။ (နိပါတလိင်္ဂတ္ထ၊ နိပါတလိင်္ဂပဒ)

နံပါတ် (၇)

**အနုဿဝနတ္ထေ/အနုဿဝနတ္ထေ...**

သု ဓာတ်သည် အပွဲ့သုတော စသည်ကဲ့သို့ ဒွေဘော်ဌာန ဖြစ်သောကြောင့် အနုဿဝနတ္ထေ ဟု ဒွေဘော်ဖြင့် ရှိသော ပါဌ်သင့်။(ဂဏ္ဌိဟောင်း၌ ဒွေဘော်မဲ့ အနုသဝနတ္ထေဟု ရှိ။)

နံပါတ် (၈)

**သမိတပါပတ္တာ** ။ ။ အလွန်အားဖြင့် ယူအပ်သောနည်းသည် အတိသယနည်း မည်၏။ပြယုဂ်ကား-သမိတပါပတ္တာတည်း။ ဤ၌ အကြွင်းမရှိ ဝါသနာနှင့်တကွ ပါပတို့ကို ငြိမ်းစေတတ်သည်၏ အဖြစ်ကို အလွန်အားဖြင့်ယူအပ်သောကြောင့် အတိသယနည်း။

အပေါင်းဖြစ်သော ဗာဟိရကသမဏဗြာဟ္မဏ၊သေက္ခ၊အသေက္ခ၊မြတ်စွာဘုရားတို့၏ သမိတပါ အမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၌ တင် ဧကဒေသျူပစာ။

http://www.dhammadownload.com


**အရိယမဂ္ဂေန**။ ။ အပေါင်းဖြစ်သော အရိယာမဂ်အားလုံး၏ အရိယမဂ္ဂအမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၏ အရဟတ္တမဂ်၌ တင် ကေဒေသျူပစာ။ ဥတ္တဋ္ဌနည်း၊ ရုဠ္ဟီနည်း။
**သမဏ** ။။ မကောင်းမှု ငြိမ်းခြင်းဂုဏ်၏ သမဏအမည်ကို ဂုဏ်ဖြစ်သော မြတ်စွာဘုရား၌တင် ဂုဏူပစာ၊ အဝိနာဘာဝနည်း။

***********

နံပါတ် (၁၀)

**ပကာသေန္တ အရ** ။ ။ ကရုဏာရှေ့ရှိသော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်။

*************

**ဝါကျစဉ် (၉)**

(က) **ဘောတိ** ဗြာဟ္မဏာဇာတိကာနံ ဇာတိသမုဒါဂတံ အာလပနမတ္တံ။
(ခ) ဝုတ္တမ္ပိ ဟေတံ- **"ဘောဝါဒီနာမ သော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော"**တိ။
(ဂ) **ဂေါတမောတိ** ဘဂဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ။
(ဃ) တသ္မာ သမဏော ခလု ဘော ဂေါတမောတိ ဧတ္ထ သမဏော ကိရ ဘော ဂေါတမ ဂေါတ္တောတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၁။ ၈၄။)

*************

နံပါတ် (၁)

(က) ဘောတိဣဒံပဒံ၊သည်။ဗြာဟ္မဏာဇာတိကာနံ၊တို့၏။ဇာတိသမုဒါဂတံ၊ဇာတ်အားဖြင့်လာသော။(သဒ္ဒတ္ထ) (ဝါ) ဇာတ်အားဖြင့် ပြီးသော။(အဓိပ္ပါယတ္ထ) အာလပနမတ္တံ-ချစ်ခင်မြတ်နိုးအပ်သသူတို့ကို ခေါ်ဝေါ်ကြောင်းဖြစ်သော ပုဒ်သာတည်း။
(ခ) ကတ္တား-ဘဂဝတာ။ယော၊အကြင်သူသည်။သကိဉ္စနော၊ဖိစီးနှိပ်စက်တတ်သော ရာဂစသည်တို့နှင့် တကွဖြစ်သည်။(ဝါ) အပြစ်ဒေါသနှင့်တကွ ဖြစ်သည်။
(ဃ) တသ္မာ၊ထိုသို့ မြတ်စွာဘုရားကို အနွယ်တော်နှင့်စပ်သဖြင့် ဂေါတမ-ဟူ၍ ပြောဆိုအပ်သည်၏ အဖြစ်ကြောင့်။

နံပါတ် (၂)

(ခ) **သို့**။ ။ ဆရာသည် (က)ဖြင့် ဘော ဟူသော သဒ္ဒါသည် ဗြာဟ္မဏာတို့၏ ဇာတ်အားဖြင့်လာသောအာလုပ် စကားမျှသာဖြစ်၏-ဟု ဖွင့်ပြအပ်၏။ထိုဘောသဒ္ဒါသည် ဗြာဟ္မဏ ဇာတ်ရှိသူတို့၏ ဇာတိအာဂတ အာလုပ် ဖြစ်ကြောင်းကို ဆရာသာ ဖွင့်ဆိုအပ်ပါသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။
**ကား** ။ ။ ဘောသဒ္ဒါသည် အာလုပ်မျှ ဖြစ်ကြောင်းကို ငါသာ ဖွင့်ဆိုအပ်သည်မဟုတ်၊ဘုရားရှင်လည်း ဟောတော်မူအပ်၏ ဟူလို။(ဝိရှ) **နိယံ**။ ။ **သမုစ္စယ အဖြေပြ ဇဝ အာဘော်ဆင်**။
**တစ်နည်း**။ ။ ဋ္ဌပနာတူ၊ ဆရာ၏ စကားမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။(ဝါ) အာလုပ်သည် နိပါတ်ပုဒ်ဖြစ်၍ အနက်များစွာ ဟောနိုင်ရာသည် မဟုတ်ပါလော။(ဟိ-ရှ) ထိုသို့ ဖြစ်ကြောင့် အာလပနမတ္တံ-ဟု ဆိုသော ဆရာ့စကားကို မြဲစေ ပြီးစေသော အာဂမသာဓကဉာပက စကားကား အဘယ် ပါနည်း ။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



ဥပဿယဏ္ဏိပါတာစ၊ ပစ္စယေစ လူမေ တယော။
အနေကတ္တဗ်သယာ စ၊ လူတိ ခိရတ္တိကာဘာဗျုံ။

နံပါတ် (၃)

(ခ) အာဂမဒဋ္ဌိ။ ဘော၏ အာလုပ်မှု ဖြစ်ပုံကို အာဂုမ်အားဖြင့် ခိုင်မြဲစေသောကြောင့်။

(ဂ) ပက္ခန္တရ။ (ဃ) လဒ္ဓဂုဏ ။

**စာစပ်။** ။ ဂေါတ္တဝသေနကား အားဖြင့်ပေးသောကြောင့်၊ပရိကိတ္တေတိ-၌ ကြိယာဝိသေသန/ကြိယာဝိသေသျ။

နံပါတ် (၄)

**ဗြာဟ္မဏဇာတိကာ ။** ။ **ဗြာဟ္မဏာနံ ဇာတိ ဗြာဟ္မဏဇာတိ။**
**ဗြာဟ္မဏဇာတိ ဧတေသံ အတ္ထီတိ ဗြာဟ္မဏဇာတိကာ။**

ဗြာဟ္မဏဇာတိ-တဒ္ဓိတ်ပုဒ်အရ ဗြာဟ္မဏ ဇာတ်သည် မုချ။ထို၏ က ပစ္စည်းအရ ဗြာဟ္မဏဇာတ် ရှိသူနှင့် နိဿယ၊နိဿိတ စပ် ဋ္ဌာနူပစာ။က ပစ္စည်းအရ ထို သော ဗြာဟ္မဏဇာတ် ရှိသူတို့ ရ၏။

**ဇာတိသမုဒါဂတ ။** ။ **ဇာတိယာ သမုဒါဂတော ဇာတိသမုဒါဂတော။**

**ဘောဝါဒီ။** ။ **ဘော ဘောတိ ဝဒတီတိ ဘောဝါဒီ။**

**သကိဉ္စန။** ။ **ရာဂါဒယော သတ္တေ ကိဉ္စေန္တိ မဒ္ဒေန္တိ ပလိဗုန္ဓေတီတိ ကိဉ္စနာနိ။**
**သဟ ကိဉ္စနေဟိ ယော ဝတ္တတီတိ သကိဉ္စနော။**

သကိဉ္စန-ဗဟုဗ္ဗိဟိ ပုဒ်လုံးအရ ဖိစီးနှိပ်စက်တတ်သော ရာဂတို့နှင့်တကွဖြစ်ခြင်း သမဝါယ ဘော ဂုဏ်သည် မုချ။ထို၏ ရာဂစသည်ရှိသူ ဘောဝါဒီပုဂ္ဂိုလ်နှင့် ဌာနီ ဌာန စပ် ဌာနူ။ယ အညပုဒ် အရ ထို သော ရာဂစသည်နှင့် တကွဖြစ်သော ဘောဝါဒီပုဂ္ဂိုလ် ရ၏။

နံပါတ် (၅)

ဘော-သဒ္ဒါသည် နာမ်ပုဒ်၊နိပါတ်ပုဒ်နှစ်မျိုးတို့တွင် နာမ်ဖြစ်သော် ပုလ္လိင်၊နပုလ္လိင်၊ဧကဝုစ်၊နိပါတ် ဖြစ်သော်ကား တိလိင်၊ဒွိဝုစ်။ပုဂ္ဂိုလ်၊ဓမ္မ၊နိဒ္ဒိဋ္ဌ အာလုပ်အားဖြင့် သုံးပါးဖြစ်၏။ထိုတွင် ဓမ္မ၌ ဧကဝုစ်သာ။ ကြွင်းနှစ်ပါး၌ကား ဒွိဝုစ်။

**သမုဒါဂတ**။ သံ-ဥ-အာ-ဂမု + တ။ **အာလပန**။ အာ-လပ + ယု။
**မတ္တ**။ မာ + တ။ **ဘောဝါဒီ**။ ဘောသဒ္ဒူ-ဝဒ + ဏီ။ **ကိဉ္စန**။ ကိဉ္စ(ကိစိ)+ယု။
**ဂေါတ္တ**။ ဂံ သဒ္ဒူ- တာ + တ ။(ဂံ တာယတီတိ ဂေါတ္တံ)

နံပါတ် (၆)

(က) **အာလပနမတ္တံ ဖြင့်** ဘောသဒ္ဒါသည် ခေါ်ဝေါ်ခြင်း အာလုပ်အနက်၌ ဖြစ်သည်ကို သိ။ (နာမလိင်္ဂတ္ထ၊ နိပါတလိင်္ဂတ္ထ)။**ဗြာဟ္မဏ ဇာတိကာနံ စသည်ဖြင့်** ယင်းအာလုပ်သည် သဇီဝအာလုပ်ဖြစ်၍ ဗြာဟ္မဏဇာတ် ရှိသူတို့ကို ဇာတ်အားဖြင့် ခေါ်ဝေါ် သုံးစွဲအပ်သည်၏ အဖြစ်ကို သိ။

(ဂ) **ဂေါတ္တဝသေန ပရိကိတ္တေတိဖြင့်** ဂေါတမသဒ္ဒါသည် ဇာတိသဒ္ဒါကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ဖြစ် သည်ကို သိ။ (သဒ္ဒတ္ထ)**ဘဂဝန္တံ ဖြင့်** ထို ဂေါတမဟူသော အနွယ်သည် မြတ်စွာဘုရားကို ခေါ်ဝေါ်သည် ဟူသော အဓိပ္ပါယ်ကို သိ။ (ဘာဝတ္ထ)

(ဃ) **ကိရဖြင့်** ခေါ်နိပါတ်သည် အနုဿဝနအနက်(ဝါ)ကိရအနက်၌ ဖြစ်သည်ကို သိ။(နိပါတလိင်္ဂတ္ထ) **ဂေါတမဂေါတ္တောဖြင့်** ဂေါတမသဒ္ဒါသည် ဇာတိသဒ္ဒါဖြစ်သည်ကို သိစေ။(နာမလိင်္ဂတ္ထ)

http://www.dhammadownload.com



နံပါတ် (၇)

**အာလပနမတ္တံ/အာလပနမတ္တ...**

မတ္တသဒ္ဒါကား အဝဓာရဏတ္ထ၊ယင်းဖြင့် ပုဏ္ဏားဇာတ်ရှိသူတို့၏ ဇာတ်အားဖြင့်ပြီးသော အာလုပ်သာ၊ ယင်းဖြင့် အနက်ထူးရှိသည်မဟုတ်၊ဂဏ္ဍိသစ်၌ ဆိုသောကြောင့် အာလပနမတ္တံ-ဟု ပဌမကွဲရာဖြင့် ရှိသော ပါဌ်သာသင့်။

**ဝုတ္တဋ္ဌေတံ/ဝုတ္တမ္ပိဟေတံ...**

**ဝုတ္တမ္ပိ ဟေတန္တိ ဟိသဒ္ဒံ ဇော် ဝစနံ ဓမ္မပဒေ ဝုတ္တမ္ပိ။အပိသဒ္ဒေါ အတ္တနော ဝုတ္တဝစနံ အပေက္ခတိ-** ဟူသော ယောဇနာကို ထောက်၍ ဝုတ္တမ္ပိဟေတံ ပါဌ်သာ သင့်။

**ဘောဝါဒီနာ/ဘောဝါဒီနာမ...**

ဘော ဣတိ ဝဒတိ သီလေနာတိ ဘောဝါဒီ ဟု ဤကာရန္တဖြင့် ဖြစ်သော်လည်း ဝါစာသိလိင်္ဂအကျိုး ငှာ ရဿပြု၍ ပြီးသောကြောင့် ဘောဝါဒီနာမ ဟု ရဿဖြင့်ရှိသော ပါဌ်သင့်။ (ဘာ-ဋီ)

ဂါထာပါဒ-အစတစ်လုံး နောင်ဖြစ်၍ သ-န-ဂိုဏ်း လွတ်ရကား ဆန္ဒာနုရက္ခဏ အကျိုးငှာလည်း ကောင်း၊ဝါစာသိလိင်္ဂ အကျိုးငှာလည်းကောင်း ရဿပြုဖွယ်မလို။ထို့ကြောင့် ဝဒဓာတ်ဏီပစ္စည်းဖြစ်၍ ဘောဝါဒီ နာမသော-ဟု ဒီဃဖြင့် ရှိသောပါဌ်လည်း သင့်။ (စာချ)

နံပါတ် (၈)

**ဘော**။ ။ အပေါင်းဖြစ်သော နိဗ္ဗိဝါလပန၊သဗ္ဗိဝါလပနတို့၏ အမည်ကို အစိတ်ဖြစ်သော သဗ္ဗိဝါလပန၌ တင် ကေဒေသျူပစာ။ရုဠ္ဌီနည်း။ (အာလပနမတ္တံ-ရှု။)

**ဂေါတမ** ။ ။ အကြောင်းဖြစ်သော ဂေါတမအမျိုးအနွယ် အစဆုံးပုဂ္ဂိုလ်၏ ဂေါတမအမည်ကို အကျိုး ဖြစ်သော ဂေါတမအမျိုးအနွယ်ဝင် သုဒ္ဓေါဒနမင်း၏သား မြတ်စွာဘုရား၌တင် ကာရဏူပစာ။နာနုန္တရိကနည်း။ (ဂေါတမဿ အပစ္စံ ဂေါတမော) အပစ္စတဒ္ဓိတ်၌ ကာရဏူပစာ ရသည်-ဟု ပုံသေမှတ်ပါ။

**တစ်နည်း**။ ။ အပေါင်းဖြစ်သော ဂေါတမအမျိုးအနွယ်ဝင် အားလုံး၏ ဂေါတမအမည်ကို အစိတ်ဖြစ်သော မြတ်စွာဘုရား၌တင် ကေဒေသျူပစာ။

နံပါတ် (၁၀)

**သကိဥ္စနောဥ္စကိဥ္စန အရ**။ ။ရာဂစသောအကုသိုလ်တရားများ။(ရာဂေါသမောဟမာနဒိဋ္ဌိကိလေသာဒုစ္စရိတာ)

**************

**ဝါကျစဉ် (၁၁)**

(က) **သကျပုတ္တောတိ ဣဒံ** ပန ဘဂဝတော ဥစ္စာကုလပရိဒီပနံ။

(ခ) **သကျကုလာ ပဗ္ဗဇိတောတိ** သဒ္ဓါပဗ္ဗဇိတဘာဝပရိဒီပနံ။

(ဂ) ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။

(ဃ) တတော ပရံ ဝုတ္တတ္ထမေဝ။

(င) **တံ ခေါ ပနာတိ** ဣတ္ထမ္ဘူတာချာနတ္ထေ ဥပယောဂဝစနံ။

(စ) တဿ ခေါ ပန ဘောတော ဂေါတမဿာတိ အတ္ထော။ (ဝိ၊ ဋ္ဌ၊ ၁။ ၈၄။)

***********

http://www.dhammadownload.com



နံပါတ် (၁)

(က) ဥစ္စာကုလပရိဒီပနံ - မြင့်မြတ်သော အမျိုးကို ပြကြောင်းသဒ္ဒါတည်း။

(ဂ) ပါရိဇုညေန-ဆွေမျိုးတို့၏ ပျက်စီးခြင်း စည်းစိမ်တို့၏ပျက်စီးခြင်းစသော ပျက်စီးဆုတ်ယုတ်ခြင်းသည်။အနဘိဘူတော-မလွှမ်းမိုးအပ်သည်။ဝါ-မနှိပ်စက်အပ်သည်။ (ဟုတ္တာ)

(ဃ) တတော-ထိုသကျကုလာ ပဗ္ဗဇိတောပုဒ်မှ။ပရံ-နောက်ဖြစ်သော ဝေရဉ္ဇာယံ ဝိဟရတိ-ဟူသော ပုဒ် အပေါင်းသည်။

(င) ဣတ္ထမ္ဘူတာချာနတ္ထေ-ဤဥဂ္ဂါမနကြိယာဟူသော အပြားသို့ရောက်သော ကိတ္တသဒ္ဒဟု ဟောကြားခြင်းအနက်၌။ဝါ-ကိတ္တိသဒ္ဒါသည် ဤသို့ ဥဂ္ဂါမနကြိယာ ဟူသော အပြားဖြစ်၏-ဟု ဟောခြင်းအနက်၌။

နံပါတ် (၂)

**(က)စသည်သို့ လိနတ္ထရ။** ။ ဆရာ ပါဠိတော်၌ သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော-ဟု မိန့်ဆိုတော်မူအပ်၏။သကျပုတ္တော သကျာကုလာ ပဗ္ဗဇိတော-ပုဒ်တို့တွင် တစ်ပုဒ်ကိုဆိုက မဟာသမ္မတ မင်းမှစ၍ အသမ္ဘိန္နမင်းမျိုးကို ပြဆိုခြင်းကိစ္စ ပြီးရာသည်မဟုတ်လော။ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် ပါဠိတော်၌ ထိုနှစ်ပုဒ်တို့ကို မိန့်ဆိုတော်မူအပ်ပါသနည်း။စုဒ်ကြောင့် (က)စသည် မိန့်။

**(ဂ)သို့။** ။ဆရာ (ခ) ဖြင့် သကျကုလာ ပဗ္ဗဇိတော-သဒ္ဒါသည် မြတ်စွာဘုရား၏ သဒ္ဓါပဗ္ဗဇိတ အဖြစ်ကိုပြကြောင်း သဒ္ဒါဖြစ်၏ဟု ဖွင့်ပြအပ်၏။သကျကုလာ ပဗ္ဗဇိတော-ဟု ပါဠိရှိ၍ အမျိုးမြတ်သည်ကိုသာ ပြဆိုသင့်သည် မဟုတ်ပါလော။အဘယ်နည်းဖြင့် ဝါ-အဘယ်သို့လျှင် မြတ်စွာဘုရား၏ သဒ္ဓါပဗ္ဗဇိတအဖြစ်ကို ပြဆို၏-ဟု ဆိုသော ဆရာ့စကား သင့်နိုင်အံ့နည်း။ ဤသို့ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ)သို့။** ။ ဆရာ (ဂ) ဖြင့် တစ်စုံတစ်ခုသော ပျက်စီးခြင်းသည် မလွှမ်းမိုးစဉ် မကုန်ခန်းသေးမီ ထိုအမျိုးကို စွန့်၍ ရဟန်းပြုသောကြောင့် သကျကုလာ ပဗ္ဗဇိတော-သဒ္ဒါသည် သဒ္ဓါပဗ္ဗဇိတအဖြစ်ကို ပြကြောင်းသဒ္ဒါဟု ဖွင့်ဆိုအပ်၏။ပဗ္ဗဇိတောပုဒ်မှ နောက်ဖြစ်သော ဝေရဉ္ဇာယံ ဝိဟရတိ-စသော ပုဒ်အပေါင်း၏ အနက်ကိုအဘယ်သို့ မှတ်သားအပ်ပါသနည်း။ဆိုအပ်ပြီးသော အနက်မှတစ်ပါးသော အနက်ကိုလည်း မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

**(စ)သို့။** ။ ဆရာ (င) ဖြင့် တံ ခေါ ပန-၌ ဒုတိယာဝိဘတ်သည် ဣတ္ထမ္ဘူတာချာနအနက်၌ ဖြစ်၏-ဟု ဖွင့်ပြအပ်၏။ထိုစကား အဘယ်သို့သော အတ္ထယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း။ကမ္မတ္ထေ ဒုတိယာ-ဟု ဆိုသောကြောင့် ကံအနက်၌သာ ဖြစ်ကောင်းသည် မဟုတ်ပါလော။ စုဒ်ကြောင့် (စ) မိန့်။

နံပါတ် (၃)

(ခ) **ပက္ခန္တရ။ (ဂ)ဝိတ္ထာရ** ။သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို ချဲ့ပြသောကြောင့်။(တစ်နည်း)ဒဠှီ။

(ဃ) **ဝါကျာရမ္ဘ (တစ်နည်း) ပက္ခန္တရ။ (င) ပက္ခန္တရ။**

(စ) **ယုတ္တိဒဠှီ** ။ဣတ္ထမ္ဘူတာချာန ဖြစ်နိုင်ပုံ အတ္ထယုတ္တိကို ပြသောကြောင့်။
**(တစ်နည်း) ဝိတ္ထာရ (တစ်နည်း) ဝါကျာရမ္ဘ။**

ပါရိဇုညေန သည် ပေးသောကြောင့်၊အနဘိဘူတောဝယ် တပစ္စည်း၌ အဝုတ္တကတ္တား၊အနဘိဘူတော-ကား ထိုကတ္တားကို မဟောသော ကိတ်ကြိယာ။

နံပါတ် (၄

**သကျပုတ္တ။** ။ **သက္ကောတိတိ သကျော။သကျဿ ပုတ္တော သကျပုတ္တော။**

http://www.dhammadownload.com



သကျ ဝိသေ အရ သုဒ္ဓေါဒနမင်းသည် မှချ။ထို၏ သားဖြစ်သော မြတ်စွာဘုရားနှင့် ဇနက+ဇညေ စပ် ဌာန။ပုဒ်လုံးအရ ထို သော သာကီဝင်မင်း၏သား မြတ်စွာဘုရား ရ၏။

**ဥစ္စာကုလပရိဒီပန ။** ။ ကုလတိ သန္တာနံ ဗန္ဓတီတိ ကုလံ။ ဥစ္စံ ကုလံ ဥစ္စာကုလံ။

**တစ်နည်း။** ။ ဥစ္စံ ကုလံ ယဿာတိ ဥစ္စာကုလော။ပရိဒီပေတိ ဓောနာတိ ပရိဒီပနံ။

ဥစ္စာကုလဿ ပရိဒီပနံ ဥစ္စာကုလပရိဒီပနံ။

ဥစ္စာကုလ ဝိသေ အရ မြတ်သောအမျိုးသည် မှချ။ထို ၏ ပြကြောင်းဖြစ်သော သကျပုတ္တောသဒ္ဒါ နှင့် နိဿိတ+နိဿယအကြောင်း+အကျိုးစပ် ဌာန။ပုဒ်လုံးအရ ထို သော ဥစ္စာကုလကို ပြကြောင်း သကျပုတ္တ သဒ္ဒါ ရ၏။

**ပါရိစ္ဆည ။** ။ ပရိဟာယနံ ပရိဟာနိ။ ပရိဟာနိ ယေဝ ပါရိစ္ဆည်။ (ယောဇနာ)

ပရိစ္စိရတီတိ ပရိစ္ဆေဒော။ ပရိစ္ဆေဒဿ ဘာဝေါ ပါရိစ္ဆည်။ (သီ၊ငြို၊သစ်။)

ပရိစာနိ ယေဝ ပါရိစ္ဆည်။(ဘာ၊ငြိ) ပရိဟာယတီတိ ပရိဟာနိ။

ပရိဟာနိယာ ဘာဝေါ ပါရိစ္ဆည်။ (ဂဏ္ဌိသစ်)

**သဒ္ဒါပဝတ္တိတ။** ။ သဒ္ဒါယ ဧဝ ပဝတ္တိတော သဒ္ဒါပဝတ္တိတော။

**ဝုတ္တတ္ထ ။** ။ ဝုတ္တော အတ္ထော ယေနာတိ ဝုတ္တတ္ထံ။

ဝုတ္တတ္ထ-ဗဟုဗ္ဗီ အရ ဆိုအပ်ပြီးသော အနက်သည် မှချ။ထို ၏ ယအညပုဒ်အရ ဝေရဉ္ဇာယံ ဝိ ဟာရတိ-ဟူသော ပုဒ်နှင့် အကြောင်း+အကျိုး စပ် ဌာန။ယ အညပုဒ်အရ ထိုသော ဆိုအပ်ပြီးသောအနက် ရှိသော ဝေရဉ္ဇာယံ ဝိဟာရတိ-ဟူသော ပုဒ်အပေါင်း ရ၏။

**ကထေတုမ္ပုတာချာနတ္ထ။** ။ အယံ ပကာရော ကထေတုံ။ကထေတုံ ဘူတော ပတ္တော ကထေတုမ္ပုတော။

ကထေတုမ္ပုတဿ အာချာနံ ကထေတုမ္ပုတာချာနံ။

ကထေတုမ္ပုတာချာနမေဝ အတ္ထော ကထေတုမ္ပုတာချာနတ္ထော။

နံပါတ် (၅)

**သကျ။** သက+ဏျ။ **ဥစ္စ။** ဥ+စိ+အ။ **ကုလ။** ကုလ+အ။

**ပရိဒီပန။** ပရိ+ဒီပ+ယု။ **အပရိက္ခိတ ။** အ+ပရိ+ခီ+တ။

**အနဘိဘူတ ။** န+အဘိ+ဘူ+တ။ **ပဟာယ ။** ပ+ဟာ+တွာ။

**သဒ္ဒါ။** သံ+ဓာ+အ။ **ပဝတ္တိတ။** ။ ပ +ဝတ + တ။ **အာချာန။** အာ+ချာ+ယု။

နံပါတ် (၆)

(က) ဖြင့် သကျပုတ္တော သဒ္ဒါသည် မြတ်စွာဘုရား၏ ဥစ္စာကုလကို ပြကြောင်း သဒ္ဒါတည်း ဟူသော အဓိပ္ပါယ်ကို သိ (ဘာဝတ္ထ)

(င) **ဥပယောဂဝစနံ** ဖြင့် တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ၌ အံဝိဘတ်သည် ဒုတိယာဝိဘတ် ဖြစ်သည်ကို သိ။ **ကထေတုမ္ပုတာချာနတ္ထောဖြင့်** ယင်းဒုတိယာဝိဘတ်သည် ပဓာနအားဖြင့် ကံအနက်၌ ဖြစ်သော်လည်း အပဓာနအားဖြင့် ကထေတုမ္ပုတာချာန အနက်ကို ထွန်းပြသည်ကို သိ။

**(စ) တဿ ခေါ ပန စသည်ဖြင့်** အစ္ဆရိယတော၌ အဘိဥပသာရနှင့် ယှဉ်သောကြောင့် ဒုတိယာဝိဘတ်သည် သာမိအနက်၌ ဖြစ်သည်ကို သိစေပါသည်။

http://www.dhammadownload.com



နံပါတ် (၇)

**ဥစ္စာကုလ/ဥစ္စကုလ...**

ဥစ္စပုဒ်နှင့်ကုလပုဒ်ကို စပ်၍သမာသ်ပြီးသော်လည်း သုခုစ္စာရဏာအကျိုး၌ါ အ-ကို အာပြု၍ ပြီးသော ကြောင့် ဥစ္စာကုလပါဠိသာ သင့်။

**ပါရိစ္ဆုသေန/ပါရိစ္ဆေသေန...**

ပရိစ္ဆေးရှိသော ဟာဓာတ်၊တိပစ္စည်း၊တိကို နိပြု၊ဟာ၏အာကို ဥပြု၊ဟာကို ဓပြု၊နိ၌ ဣကို ယပြု၊ချကို ည-ပြု၍ ပြီးသောကြောင့် ပါရိစ္ဆုသေန ပါဠိသင့်။ဟာ၏အာကို ဥ-မပြုသော် ပါရိစ္ဆေသေန ပါဠိသင့်။

**ပါရိစ္ဆေပတ္တသာတိ ပရိဟာယတီတိ ပရိစ္ဆာနိ။ဣဿရိယဘောဂါဒိ၊တဿ ဘာဝေါ ပါရိစ္ဆေ၊ ဣဿရိယဘောဂါဒိက္ခယော၊တံ ပတ္တောတိ ပါရိစ္ဆေပတ္တော၊တဿ။ပါရိစ္ဆုပတ္တဿာတိပိ ဥကာရေန သဟ ပါဠော အတ္ထိ။** (ပါစိတ်ယော၊၂၅၈။)

နံပါတ် (၈)

**သကျပုတ္တော။** ။ အကြောင်းဖြစ်သော သာကီဝင်မင်း၏ သားအဖြစ်သကျပုတ္တအမည်ကို အကျိုးဖြစ်သော ဥစ္စာကုလအဖြစ်၌ တင် ကာရဏူပစာ၊နာနန္တရိကနည်း။

**သကျကုလာ ပဗ္ဗဇိတော။** ။ ဤ၌သကျပုတ္တောဖြင့် ဥစ္စာကုလ အဖြစ်ကို ပြပြီးဖြစ်သော်လည်း အလွန်အား ဖြင့် သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို ပြသောကြောင့် ဥက္ကဋ္ဌနည်း။

**ဣတ္ထမ္ဘူတာချာနံသွေ။** ။ အကြောင်းဖြစ်သော ဣတ္ထမ္ဘူတာချာနအနက်၏ အမည်ကို အကျိုးဖြစ်သော ယင်းအနက်ကို ဟောသော တံ ခေါ် ပန ဘဂဝန္တံ ဂေါတမံ-သဒ္ဒါ၌ တင် ကာရဏူပစာ။

နံပါတ် (၁၀)

**သဒ္ဓါယ ပဗ္ဗဇိတော၌ ဓာတ်အရ** = ဩတရဏာဟာရ နေတ္တိနည်း။

ဩတရဏာဟာရနေတ္တိ ဟူသော်ကား-

ဩတရိယန္တိ အနုပဝေသီယန္တိ ဧတေန သုတ္တာဂတဓမ္မာ ခန္ဓာဒီသူတိ ဩတရဏော-ဟူသော ဝစနတ္ထနှင့်အညီ သုတ္တာဂတဓမ္မတို့ကို ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တို့၌ သွင်းချကြောင်း ဖြစ်သောကြောင့် ဩတရဏာဟာရနေတ္တိ မည်၏။

အဘယ်သို့ သွင်းချသနည်း ဟူမူကား...

ဤသဒ္ဓါယ ပဗ္ဗဇိတော-အရ သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကို ယူအပ်၏။ထိုစိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သောရုပ်သည် ရူပက္ခန္ဓာ မည်၏။ဝေဒနာသည် ဝေဒနက္ခန္ဓာမည်၏။သညာသည် သညက္ခန္ဓာမည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ဆတ္တိသသည် သင်္ခါရက္ခန္ဓာမည်၏။ကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ဤသို့လျှင် သုတ္တာဂတဓမ္မတို့ကို ခန္ဓာ၌ သွင်းချခြင်းသည် ခန္ဓောတရဏာဟာရနေတ္တိမည်၏ဟူလိုသော်။

**************

**ပါကျစဉ် (၁၁)**

(က) **ကလျာဏောတိ** ကလျာဏဂုဏသမန္နာဂတော။

(ခ) သေဋ္ဌောတိ ဝုတ္တံ ဟောတိ။

(ဂ) **ကိတ္တိသဒ္ဒေါတိ** ကိတ္တိ ဧဝ။

(ဃ) ထုတိဃောသော ဝါ။

http://www.dhammadownload.com



(င) ဣတိပိ သော ဘဂဝါတိအာဒိသု ပန အယံ တာဝ ယောဇနာ။
(စ) သော ဘဂဝါ ဣတိပိ အရဟံ၊ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။ပ။ဣတိပိ ဘဂဝါတိ ဣမိနာစ ဣမိနာစ ကာရဏေနာတိ ဝုတ္တံ ဟောတိ။ (ဝိ၊ ၠ၊ ၁။ ၈၄။)

*************

နံပါတ် (၁)

(က) ကလျာဏော-ကောင်းသော။ဝါ-ကောင်းဂုဏ်နှင့်ပြည့်စုံသော။ဝါ-မြတ်သော။(ဂ+ဃ)သံဝဏ္ဏနာရှု။ ကိတ္တိသဒ္ဒေါ-ကောင်းစွာပြောဆိုအပ်သော ဂုဏ်သတင်းသံသည်။ဝါ-ချီးမွမ်းခြင်းအားဖြင့် ဖြစ်သော ကျော်စောသံသည်။(င)ပန-အယူတစ်ပါးကား။တာဝ-ပဒတ္ထမှ ရှေးဦးစွာ။အယံ-ဤဆိုလတ္တံ့.ကား။ယောဇနာ-ပုဒ်ကို ယှဉ်စေခြင်းတည်း။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာ (က) ဖြင့် ကလျာဏ-ကောင်းခြင်းဟူသည် အကောင်းဂုဏ်နှင့် ပြည့်စုံခြင်းပင် ဖြစ်၏-ဟု ဖွင့်ပြအပ်၏။ထို အကောင်းဂုဏ်နှင့် ပြည်စုံခြင်းဟူသည် အဘယ်ပါနည်း။ကလျာဏသဒ္ဒါသည် ဂုဏသဒ္ဒါ သက်သက်ဖြစ်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။
(ဃ)သို့။ ။ ဆရာ (ဂ) ဖြင့် ကိတ္တိသဒ္ဒေါကို ကိတ္တိ ဇဝ သဒ္ဒေါ ကိတ္တိသဒ္ဒေါ-ဟု အရတူ ကမ္မဓာရည်းသမာသ် ဝစနတ္ထကို ဖွင့်ပြအပ်၏။ထိုကမ္မဓာရည်းသမာသ် ဝစနတ္ထသာ ဆိုအပ်ပါသလော။အဘယ်ဝစနတ္ထလည်း ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။
ကား ။ ။ ကိတ္တိယာ ပဝတ္တော သဒ္ဒေါ ကိတ္တိသဒ္ဒေါဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ကိုလည်း ဆိုအပ်သေး၏ ဟူလို။
(င)သို့ အပရာနုသန္ဓေ။ ယခုအခါ၌ ဂုဏ်တော်ပါဠိရပ်၌ ပုဒ်ကိုယောဇနာခြင်းလျှင် ရှေ့သွားရှိသော အနက်ကို ပြလိုရကား (င) မိန့်။

**ဣဒါနိ တတ္ထ ပဒယောဇနာပုဗ္ဗက် အတ္ထံ ဒဿေန္တော အာဟ "ဣတိပိ သော ဘဂဝါတိ အာဒီသု ပန အယံ တာဝ ယောဇနာ" တိ အာဒိ။ (သာရတ္ထ၊ ၁။ ၂၁၅။)**

(စ) သို့။ ။ ဆရာ (င) ဖြင့် ဣတိပိ သော ဘဂဝါ-စသော ပါဠိရပ်တို့၌ ပုဒ်ကို ယှဉ်ခြင်း ပဒယောဇနာကိုဆို အပ်၏-ဟု ပဋိညာဉ်ကို ဖွင့်ပြအပ်၏။ပဋိညာဉ်သည် ပဋိညာတဗ္ဗ ယောဇနာကာရနှင့် မကင်းရာသည်မဟုတ် ပါလော၊ပုဒ်တို့ကို ယှဉ်စပ်ပုံ ပဒယောဇနာ၊ပဋိညာတဗ္ဗယောဇနာကာရကား အဘယ်ပါနည်း။စုဒ်ကြောင့် (စ) မိန့်။

နံပါတ် (၃)

(ခ)ဝိတ္ထာရ။ ကလျာဏဂုဏ် ဖြစ်ပုံကို ဥဇုကတ္တအားဖြင့် ချဲ့ပြသောကြောင့်။
(ဂ)ပက္ခန္တရ။(ဃ)နယန္တရ ပက္ခန္တရ။ ။ ကိတ္တိသဒ္ဒ၏ ဝိဂ္ဂဟတစ်ပါးကို ပြသောကြောင့်။
(င-စ) ပက္ခန္တရ။ ။ ထိုတွင် (င) သည် စကားဖျိုးသခေပ (စ) သည် စကားရိုး ဝိတ္ထာရ။
စာစပ်။ ။ ကိတ္တိသဒ္ဒေါသည်ပေးသောကြောင့် ။ အဗ္ဘုဂ္ဂတော၌ တုလျက်/လိင်္ဂတ်။

နံပါတ် (၄)

ကလျာဏ ။ ။ ကလိတဗ္ဗော သေဝိတဗ္ဗောတိ ကလျာဏော။
ကလဓာတ်အရ ကတ္တာ၌-ကား ရေတွက်တတ်သော သညာပညာ ပြည့်စုံသော စိတ္တုပ္ပါဒ်သည်မှချ။

http://www.dhammadownload.com



ကမ္မဒ္ဓ-ကား ဂုဏ်တော်၏ အာရမ္မဏပစ္စယတ္တိသည် ဖလူပစာ။ယာဏာ ပစ္စည်းအရ ထို-သော ကောင်းသော ဂုဏ်တော် ရ၏။

**သေဋ္ဌ ။ ။ ပသတ္ထာနံ ဝိသေသော သေဋ္ဌော။** (ပသတ္ထပုဒ်+ဣဋ္ဌ ပစ္စည်း)

**ကိတ္တိ။ ။ ကိတ္တိယတေတိ ကိတ္တိ (ဂ-ရှု) ကိတ္တိယေဝ သဒ္ဒေါ ကိတ္တိသဒ္ဒေါ။**

ကိတ္တဓာတ်အရ ကတ္တဒ္ဓ ကား ချီးမွမ်းပြောဆိုသောပုဂ္ဂိုလ်၏ ဝစီဝိညတ္တိသမုဋ္ဌာပက ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဒ္ဓ ကား မနသာဝဝတ္တပိတသဒ္ဒ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။စိတ္တသေဒ္ဒ၏ သ ဟဇာတပစ္စယသတ္တိသည် ကာရဏူပစာ။တိ ပစ္စည်းအရ ထို သော ချီးမွမ်းအပ်သော အသံရ၏။

**တစ်နည်း။ ။ ကိတ္တနံ အဘိတ္ထဝနံ ကိတ္တိ။ (ဃ-ရှု) ကိတ္တိယာ ပဝတ္တော သဒ္ဒေါ ကိတ္တိသဒ္ဒေါ။**

**သဒ္ဒ ။ ။ သဒ္ဒိယတေ ဥစ္စာရီယတေတိ သဒ္ဒေါ။**

နံပါတ် (၅)

**ထုတိ။** ထု+တိ (ထဝနံ အဘိတ္ထဝနံ ထုတိ)။**ဃောသော။** ဃုသ+ဏ။

**ဃောဇနော။**။ယုဇ + ယု။ **ကရဏ။** ။ကရ + ယု။

နံပါတ် (၆)

(က) **ကလျာဏဂုဏာသမန္နာဂတောဖြင့်** ကလျာဏပုဒ်၏ အဿတ္တိတဒ္ဓိတ် ဖြစ်သည်ကို လည်းကောင်း၊ ကလျာဏသဒ္ဒါ၏ ဂုဏသဒ္ဒါဖြစ်သည်ကို လည်းကောင်း သိစေ။

**တစ်နည်း**-ကလျာဏေန သမန္နာဂတော ကလျာဏော-ဟု သမန္နာဂတတဒ္ဓိတ် ဝစနတ္တပြု၍ ပြီးသည်ကိုလည်း ကောင်း၊(ယောဇနာ)။**တစ်နည်း**-ကလျာဏသဒ္ဒါသည် ဘဒ္ဒကအနက်ဟော ဂုဏသဒ္ဒါတည်း။ကိတ္တိသဒ္ဒ၏ ကလျာဏဘာဝ ကောင်းသည်၏ အဖြစ်သည် ကောင်းသော အရဟံစသော ဂုဏ်လျှင်အရာရှိသောကြောင့် ဖြစ်သည်ကို သိစေသည်။

(ခ) **သော ဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့်** ကမ္မဋ္ဌာန်း အားထုတ်သူသည် အရဟံစသော ကိုးဌာနတို့၌ အသီးသီး ဣတိပိသဒ္ဒါကို ယှဉ်စပ်၍ ဗုဒ္ဓဂုဏ် အမှတ်ရသကဲ့သို့ထို့အတူ ဗုဒ္ဓဂုဏ်ကို ချီးမွမ်းသော ပုဂ္ဂိုလ်သည်လည်း ကိုးဌာနတို့၌ ဣတိပိသဒ္ဒါကို ယှဉ်စပ်၍ ရွတ်ဆို ချီးမွမ်းအပ်သည်ကို သိစေသည်။

**ဣမိနာစ ဣမိနာစဖြင့်** ဣတိသဒ္ဒါ၏ ဂုဏဝိစ္ဆာ ဖြစ်သည်ကို လည်းကောင်း၊ယင်းပုံနှံ့စေအပ်သော အနက်၏ အာသန္နပစ္စက္ခကာရဏကို လည်းကောင်း၊**စ သဒ္ဒါနှစ်ခုဖြင့်** ဣတိပိ၌ အပိသဒ္ဒါ၏ သမ္ပိဏ္ဍန အနက်၌ ဖြစ်သည်ကို လည်းကောင်း၊ယင်းအပိသဒ္ဒါ၏ သာမတ္ထိယအားဖြင့် ဂုဏ်တော်တို့၏များသည်၏ အဖြစ်ကို လည်းကောင်း၊**ကာရဏေန** ဖြင့် ဣတိ နောင် နာဝိဘတ် ကျေသည်ကို လည်းကောင်း၊ယင်းနာ ဝိဘတ်သည် ဟိတ်အနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေ။**တစ်နည်း** ဂုဏဝိစ္ဆာဖြင့် အသီးသီး များစွာသော ဂုဏ်အပေါင်းကို ခွဲ၍ဖြစ်သည်ကို သိစေ။(ဝိမတိ)သောဘဂဝါ **စသည်ဖြင့်** ပဒယောဇနာကို သိစေ။

နံပါတ် (၇)

**သမန္နာဂတ/သမန္နာဂတ/သမ္မန္နာဂတ...**

သံ+အနု+အာ+ဂမုဓာတ်+တပစ္စည်းဖြင့် ပြီးသောကြောင့် သမန္နာဂတ ပါဠိသင့်။

အနု၏ ဥကို ဝ ပြု၍ ပြီးနိုင်သောကြောင့် သမန္နာဂတ ပါဠိလည်းသင့်။

နံပါတ် (၈)

**ကလျာဏ။** ။ ဖြစ်ရာဌာန ဂုဏ်၏ ကလျာဏအမည်ကို ဖြစ်တတ်သောဌာနီ ကိတ္တိသဒ္ဒ၌ တင်စား၍

http://www.dhammadownload.com



ဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း (သာရတ္ထ)။

**တစ်နည်း ။** ။ အကြောင်းဖြစ်သော အရဟံ သမ္မာသမ္ဗုဒ္ဓ၏အမည်ကို၊အကျိုးဖြစ်သော ကိတ္တိသဒ္ဒ၌ တင်စား၍ ဆိုသောကြောင့် ကာရဏူပစာ။(ဘာ+ဋီ)။

နံပါတ် (၁၀)

**ကိတ္တိသဒ္ဒ အရ ။** ။ စိတ္တဇသဒ္ဒရုပ် ကောက်။

*************

**ဝါကျစဉ် (၁၂)**

(က) ဣဒါနိ ဝိနယရောန် သုတ္တန္တနယကောသလ္လတ္ထံ ဝိနယသံဝဏ္ဏနာရမ္ဘေ ဗုဒ္ဓဂုဏပဋိသံ-ယုတ္တာယ ဓမ္မိယာ ကထာယ စိတ္တသမ္ပဟံသနတ္ထဉ္စ ဓေသံ ပဒါနံ ဝိတ္ထာရနယေန ဝဏ္ဏနံ ကရိဿာမိ။

(ခ) တသ္မာ ယံ ဝုတ္တံ သော ဘဂဝါ ဣတိပိ အရဟန္တိ အာဒိ။

(ဂ) တတ္ထ အာရကတ္တာ၊အရီနံ အရာနဉ္စ ဟတတ္တာ၊ ပစ္စယာဒီနံ အရဟတ္တာ၊ ပါပကရဏေ ရဟာဘာဝါတိ ဣမေဟိ တာဝ ကာရဏေဟိ သော ဘဂဝါ **အရဟန္တိ** ဝေဒိတဗ္ဗော။

(ဃ) အာရကာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဋ္ဌိတော။

(င) မဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ **အရဟံ**။(ဝိ၊ဋ္ဌ၊၁။၈၄။)

***************

နံပါတ် (၁)

**(က)** သုတ္တန္တနယကောသလ္လတ္ထံ-သုတ္တန်နည်း၌ ကျွမ်းကျင်သူတို့၏ အဖြစ်ဟူသော ဉာဏ်အကျိုးငှါ လည်းကောင်း။ဝိနယသံဝဏ္ဏနာရမ္ဘေ-ဝိနည်းအဖွင့်ကို အားထုတ်စအခါ၌။စိတ္တသမ္ပဟံသနတ္ထဉ္စ-စိတ်၏ ရွှင်လန်းခြင်းအကျိုးငှါ လည်းကောင်း။(သဒ္ဒတ္ထ) ဝါ-စိတ်၏ ကြည်လင်ခြင်းကို ဖြစ်စေခြင်း အကျိုးငှါ လည်းကောင်း၊ (အဓိပ္ပါယတ္ထ)

**(ခ)** တသ္မာ-ထိုသို့ဝိနည်းခိုရ်တို့၏ သုတ္တနယကောသလ္လအကျိုး၊စိတ္တသမ္ပဟံသနအကျိုးငှါ အရဟံ အစရှိသော ပုဒ်တို့၏ အဖွင့်ကို အကျယ်ပြုမည်၏ အဖြစ်ကြောင့်။

**(ဂ)** အရီနံ-ကိလေသာတည်းဟူသော ရန်သူတို့မှ။ အာရကတ္တာစ-ဝေးကွာတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။အရီနံ-ကိလေသာတည်းဟူသော ရန်သူတို့၏လည်းကောင်း။(ဝါ)တို့ကို လည်းကောင်း။အရာနံ-သံသရာတည်းဟူသောစက်၏ အကန့်တို့ကို လည်းကောင်း။ဟတတ္တာ-သတ်ဖြတ် ဖျက်ဆီးအပ်ကုန်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ပစ္စယာဒီနံ-ပစ္စည်းအစရှိသည်တို့အား။(ဝါ)တို့ကို။အရဟတ္တာ-ထိုက်တန်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ရဟာဘာဝါ-ဆိတ်ကွယ်ရာ မရှိသည်၏ အဖြစ်ကြောင့်။တာဝ-သမ္မာသမ္ဗုဒ္ဓေါ စသော ဂုဏ်တော်တို့မှ ရှေးဦးစွာ။

**(ဃ)** သုဝိဒူရဝိဒူရေ-ကောင်းစွာဝေးသော အဖြစ်ဖြင့်လျှင် ဝေးသောအရာ၌။(ဝါ)ကောင်းစွာဝေးသည် ဖြစ်၍ ဝေးသောအရာ၌။(သဒ္ဒတ္ထ)ဝါ-အလွန့်အလွန် ဝေးသောအရာ၌။ (အဓိပ္ပါယတ္ထ)

နံပါတ် (၂)

**(က-ခ) သို့။** ။ ဆရာသည်၊သော ဘဂဝါ ဣတိပိ အရဟံ-စသည်ဖြင့် ဂုဏ်ပုဒ်တို့၏ ပဒယောဇနာ အကျယ်ကို ဖွင့်ဆိုအပ်၏။ထို ဂုဏ်ပုဒ်တို့၏ အနက်ကို ဝိသုဒ္ဓိမဂ်၌ အကျယ်ပြုပြီးသောကြောင့်လည်းကောင်း၊ ဝိနည်းအရာ

http://www.dhammadownload.com



မဟုတ်သောကြောင့်လည်းကောင်း၊ဤ၌ မဖွင့်ဆိုထိုက်သည် မဟုတ်ပါလော။အဘယ်အကျိုးငှါ ဖွင့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (က-ခ) မိန့်။

**ဝိသုဒ္ဓိမဂ္ဂေ သဗ္ဗာကာရတော သံဝဏ္ဏိတတ္တာ အဝတ္တုံ ဣစ္ဆာပိ ဝိတ္ထာရရုစိတ္တာ ဒေသေတုကာမော တဏ္ဍ ပယောဇနမာဟ။ ဣဒါနိ ဝိနယရောနန္တိ အာဒိ။** (သာရတ္ထ၊ ၁။ ၂၁၆။)

**(ဃ)သို့။** ။ ဆရာသည် (ဂ) ၌ အာရကတ္တာဖြင့် ဝေးကွာတော်မူသောကြောင့် မြတ်စွာဘုရားကို အရဟ-ဟူ၍ သိထိုက်သည်ကို ဖွင့်ပြအပ်၏။အဘယ်တို့မှ ဝေးကွာတော်မူပါသနည်း။အမှတ်မရှိသောအရာမှ ဝေးကွာတော်မူပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

**ဣဒါနိ ယထာဝုတ္တမေဝတ္ထံ ဝိဘာဝေန္တော အာဟ "အာရကာ ဟိ သော" တိအာဒိ။ (သာရတ္ထ၊ ၁။ ၂၁၆။) နိယံ။ ။ ဟောတုနောင်မှ ဟိနှင့်ပြ ချဲ့ထသည်ညီ ဝိတ္ထာရီ။**

**(င) သို့။** ။ ဆရာသည် (ဂ) ဖြင့် မြတ်စွာဘုရားသည် အလုံးစုံသော ကိလေသာတို့မှ ဝေး၏။ဝေးကွာသော အရပ်၌ တည်၏ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် ထိုသို့ ဖွင့်ဆိုအပ်ပါသနည်း။အခြားသော ခီဏာသဝရဟန္တာတို့သည်လည်း ကိလေသာအားလုံးနှင့် ဝေးကွာကြသည် မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

**နနု အညေသမ္ပိ ခီဏာသဝါနံ တေ ပဟီနာ ဝါတိ အနုယောဂံ မနသိကတွာ ဝုတ္တံ "သဝါသနာန" န္တိ။ (သာရတ္ထ၊ ၁။ ၂၁၇။)**

နံပါတ် (၃)

(ခ) လဒ္ဒဂုဏာ။ (ဂ) ဝိတ္ထာရ ။အရဟာမည်ရခြင်း အကြောင်းကို ချဲ့ပြသောကြောင့်။

(ဃ) ဝိတ္ထာရ။အာရကတ္တာ ဟိတ်ကို ချဲ့ပြသောကြောင့်။ (င) ကာရဏာ (တစ်နည်း) နိဂုမ်း။

**စာစပ်။** ။ အရိန်ကား တို့၏ ကြောင့်၊ဟာတတ္တာဝယ် တွဲ၌သမ္ဗန်သတ္တိ၊တ္တကား သမ္ဗန္ဓိ၊သတ္တိမန္တ စပ်။ တို့ကို ကြောင့်၊ဟာတတ္တာဝယ် ဟာတ၌ ကမ္မ+ကမ္မီ စပ်။

နံပါတ် (၄)

**သုဝိဒူရဝိဒူရော။** ။ **သုဋ္ဌု ဝိဒူရော သုဝိဒူရော။သုဝိဒူရေနေဝ ဝိဒူရော သုဝိဒူရဝိဒူရော။**

**(တစ်နည်း) သုဝိဒူရော ဟုတွာ ဝိဒူရော သုဝိဒူရဝိဒူရော။**

**ကောသလ္လ။** ။ **ကုသလဿ ဘာဝေါ ကောသလ္လံ။**

**သုတ္တန္တနယကောသလ္လ ။** ။ **သုတ္တန္တနယေ ကောသလ္လံ သုတ္တန္တနယကောသလ္လံ။**

သုတ္တန္တနယ ဝိသေသန အရ သုတ္တန်နည်းသည် မုချ။ထို၏ ကျွမ်းကျင်သည်၏ အဖြစ်ဟု ဆိုအပ်သော ဉာဏ်နှင့် အာရုံ/အာရမ္မဏိက စပ် ဌာနူ။ပုဒ်လုံးအရ ထိုသော သုတ္တန်နည်း၌ ကျွမ်းကျင်သူ၏ အဖြစ်ဟူသော ဉာဏ်ရ၏။

**ဝိနယသံဝဏ္ဏနာ ။** ။ **ဝိနယဿ သံဝဏ္ဏနာ ဝိနယသံဝဏ္ဏနာ။**

**ဝိနယသံဝဏ္ဏနာယ အာရမ္ဘော ဝိနယသံဝဏ္ဏနာရမ္ဘော။**

**အာရမ္ဘ ။** ။ **အာရမ္ဘန္တိ ဧတ္ထာတိ အာရမ္ဘော။**

**ဗုဒ္ဓဂုဏာ ။** ။ **ဗုဒ္ဓဿ ဂုဏော ဗုဒ္ဓဂုဏော။**

**ဗုဒ္ဓဂုဏာပဋိသံယုတ္တ ။** ။ **ဗုဒ္ဓဂုဏေန ပဋိသံယုတ္တာ ဗုဒ္ဓဂုဏာပဋိသံယုတ္တာ။**

**ဓမ္မိယာ ။** ။ **ဓမ္မော ဧတိဿာ အတ္ထီတိ ဓမ္မီ။**

**စိတ္တသမ္ပဟံသန ။** ။ **စိတ္တဿ သမ္ပဟံသနံ စိတ္တသမ္ပဟံသနံ။**

http://www.dhammadownload.com



**ပစ္စယာဒီနံ** ။ ။ **ပစ္စယော အာဒိ ယေသန္တိ ပစ္စယာဒယော။**
**ဝိတ္ထာရနယ** ။ ။ **ဝိတ္ထာရမေဝ နယော ဝိတ္ထာရနယော။**
**ဟတတ္တံ** ။ ။ ။ **ဟညိံသူတိ ဟတာ။ဟတာနံ ဘာဝေါ ဟတတ္တံ။**

ဟတ တဒ္ဓိတ် အရ ဖျက်ဆီးအပ်ကုန်ပြီးသော ကိလေသာတို့သည် မုချ။ထို၏ တ္တ ပစ္စည်းအရ ဖျက်ဆီးခြင်း ကြိယာနှင့် နိဿယ/နိဿိတ စပ် ဌာနူ။တ္တ ပစ္စည်း အရ ထိုသော ဖျက်ဆီးအပ်ကုန်ပြီးသော ကိလေသာတို့၏ ဖြစ်ကြောင်းဖြစ်ရာ ဖျက်ဆီးခြင်း ကြိယာရ၏။

**အရဟတ္တ** ။ ။ **အရဟန္တဿ ဘာဝေါ အရဟတ္တံ။**

အရဟာ-တဒ္ဓိတ်အရ အလှူခံထိုက်သော မြတ်စွာဘုရားမုချ။ထို-၏ တ္တ-ပစ္စည်းအရ အလှူခံထိုက်သည်၏ အဖြစ်ဟု ဆိုအပ်သောဂုဏ်နှင့် နိဿ+နိဿိတ စပ် ဌာနူ။တ္တ-ပစ္စည်းအရ ထို-သော အလှူခံထိုက်သော မြတ်စွာဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ အလှူခံထိုက်ခြင်း ဂုဏ်ရ၏။

**သဝါသနာ** ။ ။ **သဟ ဝါသနာယ ယေ ဝတ္တန္တီတိ သဝါသနာ။**
**ဝိဒ္ဓံသိတတ္တာ** ။ ။ **ဝိဒ္ဓံသိယိံသူတိ ဝိဒ္ဓံသိတာ။ ဝိဒ္ဓံသိတာနံ ဘာဝေါ ဝိဒ္ဓံသိတတ္တံ။**

ခံသ-ဓာတ်အရ ကတ္တုဋ္ဌ ကား မဂ်၏သမုစ္ဆေဒသတ္တိသည် မုချ။ကမ္မဋ္ဌ ကား ကိလေသာတို့၏ ပကတူပနိသျှသတ္တိ ဖလူပစာ။တ-ပစ္စည်းအရ ထို-သော ဖျက်ဆီးအပ်ကုန်ပြီးသော ကိလေသာတို့ ရ၏။

နံပါတ် (၅)

**ကောသလ္လ**။ ကုသလ+ဏျ။ **သံဝဏ္ဏနာ**။ သံ-ဝဏ္ဏ+ယု။ **အာရဗ္ဘ**။ အာ-ရဘ+တ။
**ပဋိသံယုတ္တ**။ ပဋိ-သံ-ယုဇ + တ။ **ဟံသန**။ ဟံသ+ယု။ **ဝိတ္ထာရ**။ ဝိ-ထရ+ဏ။
**အရိနံ**။ အရ+ဣ။ပုံလိင်။ **အရာနံ**။ အရ+အ။ **အရဟာ**။ အရဟ+အန္တ။
**ဒူရ**။ ဒု+အရ+အ။ **ကိလေသ**။ ကိလိသ + ဏ။

နံပါတ် (၆)

(ဂ) **အာရကတ္တာ**-ဖြင့် အရဟံပုဒ်ကို အာရကာဟု ဆိုလိုလျက် အာ-ကို အ-ရဿ၊က-ကိုဟ၊နိဂ္ဂဟိတ်နှင့် တကွ အရဟံ ဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်၏ အဖြစ်ကို သိစေ။ (ဋီကာ)

**အရီနံ ဟတတ္တာ**-ဖြင့် အရဟံ၌ အရိသဒ္ဒူပပဒ၊ဟနဓာတ်+ကွိပစ္စည်း၊ယင်းကွိပစ္စည်းသည် ကတ္တုသာခနေ၌သက်၍ အရိယော အဟနီတိ အရဟံ-ဟု ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း၊အရိဟာဟု ဆိုလိုလျက် ဣကို အပြု။နိဂ္ဂဟိတ်နှင့်တကွ အရဟံဟု ပြုပြီးသည်ကို လည်းကောင်း၊ကိလေသာ ရန်သူတို့ကို ပယ်သတ်တတ်သောကြောင့် အရဟ မည်သည်ကို လည်းကောင်း သိစေ။ (အရာနံ ဟတတ္တာ နည်းတူဖော်၊ အရသဒ္ဒူ ဟနဓာတ်)

**ပစ္စယာဒီနံ အရဟတ္တာ**-ဖြင့် အရဟံ၌ အရဟဓာတ် အန္တ ပစ္စည်း၊ယင်းအန္တ-ပစ္စည်း၏ ကတ္တုသာခနေ၌ သက်၍ ပစ္စယာဒယော အရဟတီတိ အရဟံ ဟု ဝစနတ္ထပြု၍၊ပစ္စည်းလေးပါးကို အလှူခံထိုက်သောကြောင့် အရဟ မည်သည်ကို လည်းကောင်း သိစေ။

**ရဟာဘာဝေါ**-ဖြင့် အရဟံ၌ န ပုဒ်+ရဟပုဒ်၏ အဖြစ်ကိုလည်းကောင်း၊နတ္ထိ ရဟော ယဿာတိ အရဟံ ဟု ဝစနတ္ထပြု၍ အ-သည် န-၏ ကာရိယ ဖြစ်၍ အဘာဝ အနက်၌ ဖြစ်သည်ကို သိစေ။

**ပါပကာရဏေ**-ဖြင့် ဆိတ်ကွယ်ရာမရှိ ဟူသည် မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာ မရှိဟူသော အဓိပ္ပါယ်ကို သိစေ။ဘဂဝါဖြင့် အရဟံအရ မြတ်စွာဘုရားကို ကောက်ယူအပ်သည်ကို သိစေ။

http://www.dhammadownload.com



**ဣမေဟိ ကာရဏေဟိ**-ဖြင့် ဣတိနိပါတ်သည် ကာရဏအနက်၌ ဖြစ်၍ယင်းနောင် ဟိ-ဝိဘတ် ကျေသည်၏ အဖြစ်ကို သိစေ။

နံပါတ် (၇)

**ဝေဒိတဗ္ဗော/ဝေဒိတဗ္ဗံ**...

**ကိတကာ အဘိဓေယျလိင်္ဂါ**-ဟူသည်နှင့်အညီ သော ဘဂဝါ ဟူသော ပုလ္လိင်ပုဒ်တို့နှင့် အရတူ ကောက်ယူအပ်သောကြောင့် ဝေဒိတဗ္ဗော ဟု ပုလ္လိင် ဖြင့်ရှိသော ပါဠိသင့်။

**ပစ္စယာဒီနံ/ပစ္စယာနံ**...

အာဒိဖြင့် ပူဇာဝိသေသကို ယူအပ်သောကြောင့် ပစ္စယာဒီနံ ပါဠိသင့်။**ပစ္စယာဒီနန္တိ စီဝရာဒိပစ္စယာနဉ္စေဝ ပူဇာဝိသေသာနဉ္စ**။ (သာရတ္ထ၊ ၁။ ၂၁၆။)

နံပါတ် (၈)

**အရီနံ** ။ ။ အတူဖြစ်သော ရန်သူ၏ အရီနံ-အမည်ကို အတူရှိသော ကိလေသာ၌ တင် သဒိသူပစာ။
**အရီနံ** ။ ။ အရီနံ-ကိလေသာရန်သူတို့မှ။အာရကတ္တာ၊ဝေးကွာသည်၏ အဖြစ်ကြောင့်လည်းကောင်း။အရီနံ၊ ကိလေသာရန်သူတို့ကို။ဟတတ္တာ၊ ပယ်သတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် လည်းကောင်း။ဤသို့ အာရကတ္တာ ဟတတ္တာ နှစ်ပုဒ်ငဲ့သောကြောင့် ကာကောလောကန နည်း။
**အရာနံ**။ ။ သဒိသူပစာ ရှဥ္စိနည်း။
**သဗ္ဗကိလေသေဟိ** ။ ။ အစိတ်ဖြစ်သော ကိလေသာ၏ အမည်ကို အပေါင်းဖြစ်သော ကိလေသာနှင့် ယှဉ်သော စိတ္တုပ္ပါဒ်၌တင် ဧကဒေသူပစာ။ (ဉပလက္ခဏနည်း။)

နံပါတ် (၁၀)

မဂ္ဂေန အရ၊ ။ မြတ်စွာဘုရား၏ အရဟတ္တမဂ် ကောက်။ (ပဒဋ္ဌာနဟာရနေတ္တိ။)

*************

**ဓါကျစဉ် (၂၃)**

(က) အထ ဝါ **သံသာရစက္ကန္တိ** အနမတဂ္ဂသံသာရဝဋ္ဋံ ဝုစ္စတိ။
(ခ) တဿ စ အဝိဇ္ဇာ နာဘိ,မူလတ္တာ၊
(ဂ) ဇရာမရဏံ နေမိ,ပရိယောသာနတ္တာ၊
(ဃ) သေသာ ဒသ ဓမ္မာ အရာ,
(င) အဝိဇ္ဇာမူလကတ္တာ ဇရာမရဏပရိယန္တတ္တာ စ။
(စ) တတ္ထ ဒုက္ခာဒီသု အညာဏံ အဝိဇ္ဇာ။ (ဝိ၊ ဋ္ဌ၊ ၁။ ၇၅။)

***************

နံပါတ် (၁)

(က) အနမတဂ္ဂသံသာရဝဋ္ဋံ-နှစ်ရာထောင်လျှောက် ဉာဏ်ဖြင့်လျှောက်လည်း အစဉ်လိုက်၍ အစဉ်လိုက်၍ မဖေါက်မပြန် ကေန်သိအပ်သော အစမရှိသော သံသရာစက်ဝိုင်းကို။(ဘာဋီ)ဝါ-အဖန်ဖန်အထပ်ထပ် မသိအပ်သော ရှေးအစွန်းအစရှိသော။(သဒ္ဒတ္ထ)(ဝါ)အချင်းခပ်သိမ်းအားဖြင့် အစဉ်လျှောက်သော သူတို့သည်လည်း မသိအပ်သော အစွန်းအစရှိသော။(အဓိပ္ပါယတ္ထ)
(ခ) တဿစ-ထိုသံသရာစက်၏လည်း။နာဘိ-ပုံးတောင်းချက်မတည်း။ကသ္မာ-နည်း။မူလတ္တာ-အရင်းခံ

http://www.dhammadownload.com



၏အဖြစ်ကြောင့်တည်း။

(ဂ) နေမိ-အကွပ်တံကူတည်း။ကသ္မာ-နည်း။ပရိယောသာနတ္တာ-အဆုံး၏အဖြစ်ကြောင့်တည်း။

(ဃ) သေသာ-အဝိဇ္ဇာ,ဇရာမရဏတို့မှကြွင်းကုန်သော။ဓမ္မာ-သင်္ခါရအစ ဇာတိအဆုံးရှိကုန်သော တရားတို့သည်။အရာ-အကန့်ထောက်ဆန့်တို့တည်း။

(င) ကသ္မာ-နည်း။အဝိဇ္ဇာမူလကတ္တာ-အဝိဇ္ဇာအရင်းခံ ရှိကုန်သည်၏အဖြစ်ကြောင့် လည်းကောင်း။ ဇရာမရဏပရိယန္တတ္တာစ-ဇရာမရဏ အဆုံးရှိကုန်သည်၏အဖြစ်ကြောင့် လည်းကောင်းတည်း။

(စ) တတ္ထ-အဝိဇ္ဇာအစရှိသည်တို့တွင်။အညာဏံ-သိခြင်း၏ဆန့်ကျင်ဖက် မောဟသည်။

နံပါတ် (၂)

(က)သို့။ ။ဆရာ၊(က) ဖြင့် အနမတဂ္ဂသံသရာဝဋ်ကို သံသရာစက်ဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ယင်းသံသရာစက်၏ ပုံတောင်း,အကွပ်,အကန့်-ဟုဆိုအပ်သော အလုံးစုံသော အချင်းအရာတို့ကား အဘယ်ပါနည်း။ထိုအလုံးစုံကို မပြဆိုပြီလော။စုဒ်ကြောင့် (ခ)စသည် မိန့်။

(င)သို့။ ။ဆရာ (ဃ) ဖြင့် သင်္ခါရအစအဝိဇ္ဇာအဆုံးရှိကုန်သော ဆယ်ပါးသောတရားတို့သည် 'အရ'မည်ကုန်၏-ဟု ဖွင့်ပြတော်မူအပ်၏။အဘယ်ကြောင်း ထိုဆယ်ပါးသောတရားတို့သည် 'အရ'မည်ကုန်ပါသနည်း။ အဝိဇ္ဇာ ဇရာ မရဏတို့နှင့်ပဋိစ္စသမုပ္ပါဒ် အင်္ဂါအဖြစ်ဖြင့် အတူတူမဟုတ်လော။(ဂဏ္ဌိသစ်)ဤသို့ စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(ခ) စသည် ဝိဂ္ဂဟ။တစ်နည်း-ဝါကျာရမ္ဘ။တစ်နည်း ဝိဂ္ဂဟ။(ခ)ပက္ခန္တရ။(ဂ) ပက္ခန္တရ။
(ဃ) ပက္ခန္တရ။ (င) ကာရဏ။(စ) ဝိဂ္ဂဟ။ထိုအဝိဇ္ဇာစသည်ကို အကျယ်ချဲ့ပြသောကြောင့်။
**စာစပ်။** ။အဝိဇ္ဇာကား ကြောင့်ပေး။မူလကတ္တာဝယ် မူလဩ တုလျတ်/ဝါစ္စ/ကတ္တား။မူလကား-လိင်္ဂတ်/ဝါစက/ကတ္တိ စပ်။

နံပါတ် (၄)

**အနမတဂ္ဂသံသာရဝဋ္ဋံ။** ။ **န မတော အမတော။အနု အနု အမတော အနုမတော။မညတေတိ မတော။ မတော ယေဝ အမတော။အနုမတော အဂ္ဂေါ ယဿာတိ အနမတဂ္ဂံ။**

**တစ်နည်း-** **နတ္ထိ အမတော အဂ္ဂေါ အဿာတိ အနမတဂ္ဂံ။(အမရပူရဆရာတော်) ဝဋ္ဋတီတိ ဝဋ္ဋံ။အနမတဂ္ဂံ စ တံ ဝဋ္ဋံ စာတိ အနမတဂ္ဂဝဋ္ဋံ။**

အနမတဂ္ဂ-အရ မသိအပ်သော အစရှိခြင်းဂုဏ်သည် မုချ။ထို၏ အဆက်ဆက်လည်သော ဝဋ်တရားနှင့် ဂုဏ်/ဂုဏော အစပ် သမ္ဗန်သည် ဌာနူ။သမာသ်ပုဒ်လုံးအရ- မသိအပ်သော အစရှိသော အဆက်ဆက်လည်သော ဝဋ်တရား ရ၏။

**အဝိဇ္ဇာမူလကတ္တာ။** ။ **အဝိဇ္ဇာ မူလံ ယေသန္တိ အဝိဇ္ဇာမူလကာ။**
**အဝိဇ္ဇာမူလကာနံ ဘာဝေါ အဝိဇ္ဇာမူလကတ္တံ။**

ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ-အဝိဇ္ဇာဟူသော မူလသည် မုချ။ထို၏ ယ-အညပုဒ်အရ ဒသဓမ္မနှင့် အာဒိ/အာဒိဝန္တ၊ဂုဏ်/ဂုဏောစပ် ဌာနူ။ယ-အညပုဒ်အရ အဝိဇ္ဇာဟူသော မူလရှိသော ဒသဓမ္မတို့ရ၏။

အဝိဇ္ဇာမူလကာဟူသော တဒ္ဓိတ်ပုဒ်အရ-အဝိဇ္ဇာဟူသောမူလရှိသော ဒသဓမ္မတို့သည် မုချ။ထို၏ တ္တပစ္စည်းအရ-အဝိဇ္ဇာဟူသောမူလနှင့် နိဿယ/နိဿိတအစပ်သမ္ဗန် ဌာနူ။တ္တပစ္စည်းအရ ထို သော အဝိဇ္ဇာ

http://www.dhammadownload.com



ဟူသော မူလ ရ၏။

**အညာဏံ။** ။န ညာဏံ အညာဏံ။

နဉ်-ဝိသေ အရ ဝိရုဒ္ဓဘောဂဏံသည် မုချ။ထို၏ မသိခြင်းမောဟနှင့် ဂုဏ်/ဂုဗျွေး စပ် ဋ္ဌာန။ အညာဏ-အရ သိခြင်း၏ဆန့်ကျင်ဘက် မသိခြင်းမောဟ ရ၏။

**စက္က။** ။စက္ကတိ အပရာပရံ ပရိဝတ္တတီတိ စက္ကံ။

နံပါတ် (၅)

**သံသာရ**။ သံ+သရ+ဏ။ **စက္က**။ စက္က+အ။စရ+က။စစ+က။ကရ+ရ။

**အမတ**။ န+မန+တ။ **နာဘိ**။ နဘ+ဣဏ်။ **နေမိ**။ နီ+မိ။

**ပရိယန္တ**။ ပရိ+အမ+တ။ **ပရိယောသာန**။ ပရိ+အဝ+သာ+ယု။

နံပါတ် (၆)

(က) **အနမတဂ္ဂသံသာရဝဋ္ဋ ဝုစ္စတိဖြင့်** သံသာရစက္ကံအရ မသိအပ်သော အစရှိသော အဆက်မပြတ်လည်အပ်သော ဝဋ္ဋတရားကို ကောက်ယူအပ်သည်ကို သိစေပါသည်။

(ခ) **အညာဏံဖြင့်** အဝိဇ္ဇာအရ ဉာဏ်၏ဆန့်ကျင်ဘက် မောဟကိုအရကောက်ယူအပ်သည်ကို သိစေ။

နံပါတ် (၇)

**နာဘိ/နာဘီ**

**နာဘိ ဣတ္ထိ၊ဤပစ္စယေ နာဘီစ**။အဘိဓာန်ဋီကာ ၃၇၄-ဂါထာကို ထောက်၍ နှစ်ပါဌ်သင့်ပါသည်။

နံပါတ် (၈)

(က) အတူဖြစ်သော စက်ဘီး၏အမည်ကို အတူရှိသောသံသရာစက် အနမတဂ္ဂဝဋ္ဋ၌ တင်စား၍ဆိုသောကြောင့် သဒိသူပစာ။

**မှတ်ချက်။** ။နာဘိ၊နေမိ၊အရာတို့၌လည်း သဒိသူပစာ တင်ရမည်ကို သိအပ်၏။

နံပါတ် (၁၀)

**ဒသဓမ္မ**။ ။သင်္ခါရ၊ဝိညာဉ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊တဏှာ၊ဥပါဒါန်၊ဘဝ၊ဇာတိ-ကောက်။

**အဝိဇ္ဇာမူလကတ္တာ၌** အဝိဇ္ဇာမူလက အရလည်း ထိုဆယ်ပါးတို့ပင်တည်း။တ္တ-အရ အဝိဇ္ဇာ ကောက်။

*************

**ပါကျစဉ် (၁၅)**

(က) အဂ္ဂဒက္ခိဏေယျတ္တာစ စီဝရာဒိပစ္စယေ အရဟာတိ ပူဇာဝိသေသဥ္စ။

(ခ) တေနေဝ ဥပ္ပန္နေ တထာဂတေ ယေကေစိ မဟေသက္ခာ ဒေဝမနုဿာ၊န တေ အညတ္ထ ပူဇံ ကရောန္တိ။

(ဂ) တထာ ဟိ ဗြဟ္မာ သဟမ္ပတိ သိနေရုမတ္တေန ရတနဒါမေန တထာဂတံ ပူဇေသိ။

(ဃ) ယထာဗလဉ္စ အညေပိ ဒေဝါ မနုဿာစ ဗိမ္ဗိသာရကောသလရာဇာဒယော။

(င) ပရိနိဗ္ဗုတမ္ပိစ ဘဂဝန္တံ ဥဒ္ဒိဿ ဆန္နဝုတိကောဋိဓနံ ဝိဿဇ္ဇေတွာ အသောကမဟာရာဇာ သကလဇမ္ဗုဒီပေ စတုရာသီတိ ဝိဟာရသဟဿာနိ ပတိဋ္ဌာပေသိ။

(စ) ကော ပန ဝါဒေါ အညေသံ ပူဇာဝိသေသာနန္တိ။ (ပါ၊ဋ္ဌ၊ ၁။ ၈၇။)

*************

http://www.dhammadownload.com



## နံပါတ် (၁)

(က) စ၊အဖို့တစ်ပါးကား။အင္ဂုဒက္ခိဏေယျတ္တာ၊မြတ်သောအလှူကို ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်။ (ဝါ)မြတ်သောအလှူကို အစီးအပွားအလို့ငှါ တူသောအကျိုးကြီးသည်ကို ပြုခြင်းရှိသည်၏အဖြစ် စင်ကြယ်စေတတ်သည်၏ အဖြစ်ကြောင့်။(ဝါ)အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့ထက် မြတ်သည့်၏ အဖြစ်ကြောင့်။

(ခ) မဟေသက္ခာ၊ကြီးသောတန်ခိုးရှိကုန်သော။ဒေဝမနုဿာ၊(သန္တိ) တော။ ထိုနတ်လူတို့သည်။အညတ္တ၊ မြတ်စွာဘုရားမှတစ်ပါး အခြားသောပုဂ္ဂိုလ်တို့၌။

(ဂ) သိနေရုမတ္တေန၊မြင့်မိုရ်တောင် အတိုင်းအရှည်ရှိသော။ရတနဒါမေန၊ရတနာပန်းဆိုင်းဖြင့်။

(ဃ) စ၊ သည်သာမကသေး။ယထာဗလံ၊အကြင်အကြင် စွမ်းအားရှိသလောက်။(ယထာ-ဝိစ္ဆာအနက်။) (ဝါ)စွမ်းအားလျော်စွာ။(ယထာ-အနုရူပတ္ထ။)(ဝါ)စွမ်းအားကိုမလွန်မူ၍။(ယထာ-အနတိက္ကမနတ္ထ။)

(င) ဆန္ဒဝုတိကောဋိခန်၊ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာကို။(သချေယျပဓာန)(ဝါ) ဥစ္စာ ကိုးဆယ့်ခြောက်ကုဋေကို။ (သချာပဓာန)။

## နံပါတ် (၂)

**(ခ)သို့။** ။ ဆရာသည်·(က) ဖြင့် မြတ်စွာဘုရားသည် အင္ဂုဒက္ခိဏေယျ၏ အဖြစ်ကြောင့် သက်နိုးစသော ပစ္စည်းတို့ကိုလည်းကောင်း၊ပူဇော်အထူးကို လည်းကောင်း ထိုက်တန်တော်မူ၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဆိုသော် ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့သည်လည်း သက်နိုးစသော ပစ္စည်းတို့ကို လည်းကောင်း၊ပူဇော်အထူးကိုလည်း ကောင်း၊အလှူခံထိုက်သည်ဖြစ်၍ မြတ်စွာဘုရားနှင့် ထူးခြားမှု မရှိနိုင်သည်မဟုတ်ပါလော။ထိုသို့ ဖြစ်လျက် (က)ဖြင့် ဖွင့်ဆိုသော ဆရာ့စကား အသို့သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့် (ခ) မိန့်။

**(ဂ)သို့။** ။ ဆရာသည်(ခ) ဖြင့် မြတ်စွာဘုရား ပွင့်လတ်သော် မဟေသက္ခနတ်လူတို့သည် မြတ်စွာဘုရားမှတစ်ပါး အခြားသော ပုဂ္ဂိုလ်တို့၌ ပူဇော်မှုကို မပြုကြကုန်ဟု ဖွင့်ပြအပ်၏။အဘယ်သို့သော ပူဇော်ခြင်းဖြင့် ပူဇော်သောကြောင့် ထိုသို့ ဖွင့်ဆိုအပ်ပါသနည်း။ထူးခြားစွာ ပူဇော်ပုံ ဥဒါဟရဏ် အထူးကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ)သို့။။** ဆရာသည် (ဂ) ဖြင့် သဟမ္ပတိဗြဟ္မာသည် မြင့်မိုရ်တောင်မျှသော ရတနာပန်းဆိုင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ပြီ-ဟု ဖွင့်ပြအပ်၏။သဟမ္ပတိ ဗြဟ္မာသာ မြတ်စွာဘုရားကို ထိုသို့ ပူဇော်အပ်ပါသလော။ အဘယ်ပုဂ္ဂိုလ်တို့သည်လည်း အဘယ်သို့ ပူဇော်ကြပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

## နံပါတ် (၃)

**(ခ)ယုတ္တိဒဋ္ဌိ** ။ အင္ဂုဒက္ခိဏေယျဖြစ်ပုံကို ထောက်ခံပြသောကြောင့်။

**(ဂ)ဝိတ္ထာရ** ။ မြတ်စွာဘုရားကိုသာ ပူဇော်၏-ဟု အတ္ထာပန္နနည်းအားဖြင့် ရောက်သော အနက်ကိုချဲ့ပြသောကြောင့်။ **(ဃ)ဝါကျာရမ္ဘ။(င)ဝါကျာရမ္ဘ။**

**(တစ်နည်း) (ခ-ဂ-ဃ-င) သမ္ဘာဝနာဝါကျ။(စ)ဂရဟာဝါကျ။**

**စာစပ်။** ။ တေနေဝကား ကြောင့်ပေးသောကြောင့်။န ပူဇံ ကရောန္တိ-၌ အကြောင်းဟိတ်၊အကျိုးဖိုလ်စပ်။

## နံပါတ် (၄)

**ဒက္ခိဏာ** ။ ။ **ဒက္ခန္တိ ဝုဍ္ဎန္တိ သတ္တာ ဧတာယာတိ ဒက္ခိဏာ။ (ဒက္ခ + ဏ္ဏ)**

**ဒက္ခိဏေယျ** ။ ။ **ဒက္ခိဏံ အရဟာတီတိ ဒက္ခိဏေယျော။**

**အဂ္ဂ** ။ ။ **အဇတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ အဂ္ဂေါ။**

http://www.dhammadownload.com



**အဂ္ဂဒက္ခိဏေယျံ**။ ။ **အဂ္ဂေါ ဟုတွာ ဒက္ခိဏေယျော အဂ္ဂဒက္ခိဏေယျော။အဂ္ဂါ ဒက္ခိဏာ အဂ္ဂဒက္ခိဏာ။ အဂ္ဂဒက္ခိဏံ အရဟတီတိ အဂ္ဂဒက္ခိဏေယျော။ဒက္ခိဏေယျာနံ အဂ္ဂေါ အဂ္ဂ ဒက္ခိဏေယျော**။

အဂ္ဂဒက္ခိဏာ အရ မြတ်သော စီဝရာဒိဝတ္ထုသည် မုချ။ထို၏ ဘုရားနှင့် ပဋိဂ္ဂဟေတဗ္ဗ/ပဋိဂ္ဂါဟက အဖြစ်ဖြင့်စပ် ဌာနူပစာ။ဏေယျပစ္စည်းအရ မြတ်သောအလှူကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားရ၏။

**အဂ္ဂဒက္ခိဏေယျတ္တာ**။ ။**အဂ္ဂဒက္ခိဏေယျာနံ ဘာဝေါ အဂ္ဂဒက္ခိဏေယျတ္တံ**။

အဂ္ဂဒက္ခိဏေယျ တဒ္ဓိတ်ပုဒ်အရ မြတ်သော အလှူကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည် မုချ။ထို၏ တ္တ-ပစ္စည်းအရ မြတ်သောဂုဏ်နှင့်ဂုဏ်/ဂုဏေးအစပ် သမ္ဗန် ဌာနူ။တ္တပစ္စည်းအရ-ထို-သော မြတ်သော အလှူကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ မြတ်သော ဂုဏ်ရ၏။

**ဤသ** ။ ။ **ဤသန္တိ အဘိဘဝန္တီတိ ဤသာ**။

**မဟေသာ**။ ။ **မဟန္တော ဤသာ ယေသန္တိ မဟေသာ**။ (**မဟန္တော ဤသာ မဟေသာ**)

**မဟေသက္ခာ**။ ။ **မဟေသာ ဣတိ အက္ခာယန္တီတိ မဟေသက္ခာ**။

မဟေသာ ဝိသေ အရ ကြီးသောတန်ခိုးရှိသူတို့၏ အဖြစ်ဟူသော သမ္ဘာဝနာဘောဂုဏ်သည်မုချ။ အက္ခ ဓာတ်အရ ကတ္တုဒွ-ကား ဆိုတတ်သော ပုဂ္ဂိုလ်တို့၏ ဝစီဝိညတ္တိသမုဋ္ဌာပက စိတ္တုပ္ပါဒ်သည်မုချ။ ကမ္မဒွ-ကား မဟေသက္ခ နတ်လူတို့၏ အာရုမ္မဏပစ္စယသတ္တိသည် ဖလူပစာ။သမာသ်ပုဒ်လုံးအရနှင့် အပစ္စည်း အရ ထို သော ကြီးသောတန်ခိုးရှိသူဟု ဆိုအပ်သော နတ်လူတို့ ရ၏။

**ဒီပ**။ ။ **ဒွိဓာ အာပေါ အသ္မိန္တိ ဒီပေါ**။

**ပုဗ္ဗဝိဒေသ**။ ။ **ပုဗ္ဗေတဗ္ဗာတိ ပုဗ္ဗာ။ပုဗ္ဗာ စ သာ ဝိဒေသောစာတိ ပုဗ္ဗဝိဒေသော**။

**သိနေရုမတ္တ**။ ။ **သိနာတိ သုစိ ကရောတီတိ သိနေရု။သိနေရုမေဝ သိနေရုမတ္တံ**။

**ရတနဒါမ**။ ။ **ရတနေန နိဗ္ဗတ္တော ဒါမော ရတနဒါမော**။

**ဆန္နဝုတိ** ။ ။ **ဆဟိ အဓိကာ နဝုတိ ဆန္နဝုတိ**။

နံပါတ် (၅)

**စီဝရ**။ ။စိ + ဤဝရ။ (ဝတ္ထကမ္မေဟိ စီယတေတိ စီဝရံ) **ဖြဟ္မ**။ ။ဗြူဟ + မ။

**ဒါမ**။ ။ဒါ + မ။ **ပရိနိဗ္ဗုတ**။ ။ပရိ-နိ+ဝု + တ။ **ကောဋိ**။ ။ကုဋ္ဌ + ဣ။

**ဓမ္မ**။ ။ဓမု (ဓန) + ဗု။ (ဓာယတီတိ ဓမ္မ။)

နံပါတ် (၆)

(က) **အရဟတီ-ဖြင့်** အရဟံ၌ အရဟ-ဓာတ်၊အန္တပစ္စည်း၊ယင်းအန္တ ပစ္စည်း၏ ကတ္တုသာဓန၌ သက်၍၊ အရဟတီတိ အရဟံ-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေ။**စီဝရာဒိပစ္စယေ ပုဗ္ဗဝိဒေသဥ္စ-ဖြင့်** ပစ္စယာဒိနံ-၌ ပစ္စယ-အရ သက်နံးစသောပစ္စည်းနှင့် ပုဗ္ဗဝိဒေသကို ကောက်ယူအပ်သည်ကို သိစေ။**တစ်နည်း**။အရ ဟံ၏ ကံပုဒ်နှင့် လှူဒါန်းပူဇော်ဖွယ်တို့ကို သိစေ။**အဂ္ဂဒက္ခိဏေယျတ္တာ-ဖြင့်** သက်နံးစသော လှူဒါန်းဖွယ်တို့ကို အလှူခံထိုက်ခြင်း၏ အကြောင်းကို သိစေ။

နံပါတ် (၇)

**စတုရာသီတိ/စတုရာသီတိ**...

ဒသ ရှစ်ခုကို အာသပြုယောဝိဘတ်ကို ဤတိ ပြု၍ ပြီးသောကြောင့် စတုရာသီတိ ပါဠိသင့်။

http://www.dhammadownload.com


**ဆန္ဒဝုတိကောင္ဇိမန်/ဆနဝုတိကောင္ဇိမန်...**

ဆ-သချာနှောင် ဒွေဘော်အမြဲဆောင်အပ်သောကြောင့် ဆန္ဒဝုတိကောဋိမန်-ဟု ဒွေတော်ဖြင့် ရှိသော ပါဠိသင့်။

## နံပါတ် (၉)

**န တေ အညတ္ထ ပူဇံ ကရောန္တိ။** ။ အခြားပုဂ္ဂိုလ်တို့၌ ပူဇော်မှုကို မပြုဟုဆိုသဖြင့် မြတ်စွာဘုရားကိုသာ ပူဇော်မှုကို ပြု၏ဟု အနက်ရောက်သောအားဖြင့် ယူအပ်သောကြောင့် အတ္ထာပန္နနည်း။

**အညေပိ ဒေဝါ၌ ဒေဝါ။** ။ အပေါင်းဖြစ်သော နတ်ဗြဟ္မာအားလုံး၏အမည်ကို အစိတ်ဖြစ်သော သဟမ္ပတိ ဗြဟ္မာမှကြွင်းသော နတ်ဗြဟ္မာအားလုံး၌ တင်စား၍ ဆိုသောကြောင့် ဧကဒေသျူပစာ။(ပါဠိရိသေသနည်း)

**(ဂ) ပရိနိဗ္ဗုတမ္ပိ စသည်၌။** ။ ကျောင်းသည် မုချ။ ယင်း၏ အာရမ္မဏိကဖြစ်သော သဒ္ဓါ ပညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥပစာ။ထိုကြောင့် အကြောင်းဖြစ်သော ကျောင်း၏အမည်ကို အကျိုးဖြစ်သော အာရမ္မဏိက စိတ္တုပ္ပါဒ်၌တင် ကာရဏူပစာ။

## နံပါတ် (၁၀)

**ပတိဋ္ဌာပေတိ-အရ** သဒ္ဓါ ဒါနစေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်။

*************

## ဝါကျစဉ် (၁၅)

(က) သမ္မာ သာမဥ္စ သမ္ဗုဓမ္မာနံ ဗုဒ္ဓတ္တာ ပန **သမ္မာသမ္ဗုဒ္ဓေါ။**

(ခ) တထာ ဟေသ သဗ္ဗဓမ္မေ သမ္မာ သာမဥ္စ ဗုဒ္ဓေါ။

(ဂ) အဘိညေယျေ ဓမ္မေ အဘိညေယျတော ဗုဒ္ဓေါ၊ပရိညေယျေ ဓမ္မေ ပရိညေယျတော, ပဟာတဗ္ဗေ ဓမ္မေ ပဟာတဗ္ဗတော, သစ္ဆိကာတဗ္ဗေ ဓမ္မေ သစ္ဆိကာတဗ္ဗတော, ဘာဝေတဗ္ဗေ ဓမ္မေ ဘာဝေတဗ္ဗတော။ (ပါ၊ ဋ္ဌ၊ ၁။ ၈၇။)

****************

## နံပါတ် (၁)

(က) တသ္သ ဘဂဝတော-ဟု သမ္ဗန်ခံလျက်၊ဗုဒ္ဓတ္တာကို (ကတ္တားဟောကြံ) သိတော်မူတတ်သည်၏ အဖြစ်ကြောင့် ။

(ဂ) အဘိညေယျေ-ထူးသော ဉာဏ်ဖြင့် သိထိုက်ကုန်သော။ဓမ္မေ၊သစ္စာလေးပါး တရားတို့ကို။ အဘိညေယျတော၊အထူးသဖြင့် သိခြင်းဖြင့် ။(ဝါ) အထူးအားဖြင့် သိအပ်သည်၏အဖြစ်ဖြင့်။(ဘာဝပ္ပဓာနဘာဝ လောပ။)ဗုဒ္ဓေါ-ပြီ။ပရိညေယျေ၊ပိုင်းခြား၍ သိထိုက်ကုန်သော။ဓမ္မေ၊ဒုက္ခသစ္စာတရားတို့ကို။ပရိညေယျတော၊ ပရိညေယျ၏ အဖြစ်ဖြင့်။ဗုဒ္ဓေါ၊ပြီ။ပဟာတဗ္ဗေ၊ပယ်ထိုက်ကုန်သော။ဓမ္မေ၊သမုဒယအဖို့တွင် ပါဝင်သော တရားတို့ကို။ပဟာတဗ္ဗတော၊ပဟာတဗ္ဗ၏ အဖြစ်ဖြင့်။ဗုဒ္ဓေါ၊ပြီ။သစ္ဆိကာတဗ္ဗေ၊မျက်မှောက်ပြုထိုက်ကုန်သော။ဓမ္မေ၊ နိရောဓသစ္စာ တရားတို့ကို။သစ္ဆိကာတဗ္ဗတော၊သစ္ဆိကာတဗ္ဗ၏ အဖြစ်ဖြင့်။ဗုဒ္ဓေါ၊ပြီ။ဘာဝေတဗ္ဗေ၊ မိမိသန္တာန်၌ ဖြစ်စေထိုက်ကုန်သော။ဓမ္မေ၊မဂ္ဂသစ္စာ တရားတို့ကို။

## နံပါတ် (၂)

**(ခ)သို့။** ။ ဆရာသည် (က) ဖြင့် ကိုယ်တော်တိုင် မဖောက်မပြန် အလုံးစုံသော တရားတို့ကို သိတတ်သော ကြောင့် သမ္မာသမ္ဗုဒ္ဓမည်၏ဟု ဖွင့်ပြအပ်၏။သမ္မာသမ္ဗုဒ္ဓပုဒ်အားလျော်စွာ သမ္မာ သာမဥ္စ ဗုဒ္ဓတ္တာ-ဟု

http://www.dhammadownload.com


ဖွင့်က လိုအပ်သော အနက်ပြီးရာသည် မဟုတ်ပါလော။ **တစ်နည်း**။အနဝသေသမွေတို့ကို အလုံးစုံ အကုန် အစဉ် မသိသော် သဗ္ဗဓမ္မာန်-ဟူသောပုဒ်ကို မဆိုသင့်သည် မဟုတ်ပါလော။(ဂဏ္ဌိ)ထိုသို့ ဖြစ်လျက် သဗ္ဗဓမ္မာနံ ဟု အပိုစွက်၍ ဖွင့်ဆိုခြင်းသည် အသို့သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့် (ခ) မိန့်။

**(ဂ)သို့**။ ။ ဆရာသည် (ခ)ဖြင့် မြတ်စွာဘုရားသည် သဗ္ဗဓမ္မေတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိ၏ဟုဖွင့် ပြအပ်၏။သိသောတရားနှင့် သိပုံအခြင်းအရာကို အကျယ်အားဖြင့် မပြဆိုပြီလော။အဘယ်တရားကို အဘယ် သို့သော အခြင်းအရာအားဖြင့် သိအပ်ပါသနည်း။စုဒ်ကြောင့် (ဂ) မိန့်။

နံပါတ် (၃)

**(ခ) ဒဋ္ဌိ။ (တစ်နည်း) ဝိတ္ထာရ။(ဂ) ဝိတ္ထာရ။**

**စာစပ်**။ ။ သဗ္ဗဓမ္မာနံ-တို့ကို ပေးသောကြောင့်။ဗုဒ္ဓတ္တာဝယ် ဗုဓဓာတ်၌ ကမ္မ+ကမ္မီ စပ်။

နံပါတ် (၄)

**ပရိစ္ဆေယျာ**။ ။ **ပရိစ္ဆိန္ဒိတွာ ဉာယန္တေတိ ပရိစ္ဆေယျာ**။

**ဗုဒ္ဓတ္တာ** ။ ။ **အဗုဇ္ဈီတိ ဗုဒ္ဓေါ၊ဗုဒ္ဓဿ ဘာဝေါ ဗုဒ္ဓတ္တံ**။

ဗုဒ္ဓ တဒ္ဓိတ်ပုဒ်အရ သိတတ်သော မြတ်စွာဘုရားသည် မုချ။ထို၏ တ္တ ပစ္စည်းအရ သိတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော သိခြင်း အာရမ္မဏပစ္စယသတ္တိနှင့် နိဿယ/နိဿိတစပ်ဌာန။တ္တ ပစ္စည်းအရ ထိုသော သိတတ်သည်၏အဖြစ်ဟူသော သိခြင်း အာရမ္မဏပစ္စယသတ္တိ ရ၏။

**အဘိညေယျ**။ ။ **ဉာတဗ္ဗာတိ ဉေယျာ။ အဘိဝိသိဋ္ဌေန ဉေယျာ အဘိညေယျာ**။

အဘိဥပသာရ အရ အတိသယတ္ထ ဘောဂဏ်ရ၏။ဉာဓာတ်အရ ကတ္တုဋ္ဌကား သိတတ်သော မြတ်စွာဘုရား၏ မဂ်ဉာဏ်တော်သည် မုချ။ကမ္မဋ္ဌကား သစ္စာလေးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ ဏျ ပစ္စည်း အရ ထိုသော သိအပ်သော သစ္စာလေးပါးတရား ရ၏။

**မှတ်ချက်**။ ။ အဘိညေယျတောမှ အဘိညေယျကို မေးသော် ဤအဘိညေယျပုဒ်သည် ဘာဝပ္ပဓာန ဘာဝလောပပုဒ် ဖြစ်သောကြောင့် အထူးအားဖြင့် သိအပ်သည်၏အဖြစ်ဟုဆိုအပ်သော သိခြင်း ကြိယာ အာရမ္မဏပစ္စယသတ္တိသည်သာ မုချအားဖြင့်ရ၏။ဤသို့ ဆက်ကောက်။

နံပါတ် (၅)

**သဗ္ဗ** ။။ သရ+ဝ။ **သမ္မာ**။ ။ အဝိပရီတတ္ထနိပါတ်။(ပထမာဝိဘတ်ကျေ)

**တစ်နည်း**။ ဒုတိယာဝိဘတ်ကျေ။ **သာမံ**။ ။သယမတ္ထနိပါတ်(တတိယာဝိဘတ်ကျေ)

**တစ်နည်း**။ ပထမာဝိဘတ်ကျေ။(**နိယံ**။။ဦးနှောင် သတ္တ၊ နိနှောင်ပ၊ ကျေကြိဂုရဆို)

နံပါတ် (၆)

**(က) သမ္မာ သာမဉ္စ ဗုဒ္ဓတ္တာဖြင့်** သမ္မာသ_ဗုဒ္ဓေါ၌ သမ္မာရှေး၊သံရှေးရှိသော ဗုဓဓာတ်၊တပစ္စည်း၊သာမံ နိပါတ်၏ သယမတ္ထအနက် ဟောသည်ကို လည်းကောင်း၊တပစ္စည်း အတိတ်ကတ္တားအနက်၌ ဖြစ်သည်ကို လည်းကောင်း၊သမ္မာ သာမဉ္စ အဗုဇ္ဈီတိ သမ္မာသမ္ဗုဒ္ဓေါ-ဟု ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း သိစေသည်။

**သဗ္ဗဓမ္မာနံဖြင့်** ဗုဓ ဓာတ်၏ ကံကို သိစေပါသည်။

နံပါတ် (၇)

**သဗ္ဗဓမ္မာနံ/သဗ္ဗဓမ္မေ...**

**သဗ္ဗဓမ္မာနန္တိ အနဝသေသာနံ နေယျဓမ္မာနံ**-ဟု သာရတ္ထ၌ ဆိုသောကြောင့် သဗ္ဗဓမ္မာနံဟု ဆဋ္ဌီဖြင့်

http://www.dhammadownload.com



ရှိသော ပါဠိသင့်။

**သန္တိကာတမ္ဗေဟု ဗဟုဝုစ် ဆိုရကြောင်း။** ။ အပစ္စယာ ဓမ္မာ၊အသင်္ခတာ ဓမ္မာတို့ကဲ့သို့ အပရိစ္ဆေဒတ္တ (မည်သည့်တရားဟု မပိုင်းဖြတ်အပ်သေးသောအနက်) ရှိသောကြောင့် လည်းကောင်း၊သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်မျိုးရှိသောကြောင့် လည်းကောင်း၊နိဗ္ဗာန်ကိုသာမက ဖိုလ်ကိုပါ ယူအပ်သောကြောင့် လည်းကောင်း၊ သန္တိကာတမ္ဗေ-ဟု ဗဟုဝုစ်ဖြင့် ဆိုသည်။

နံပါတ် (၉)

**ပဟာတဗ္ဗေ ဓမ္မေ။** ။ ပြဋ္ဌာန်းသော သမုဒယသစ္စာကို ဆိုသဖြင့်၊မပြဋ္ဌာန်းသော အဝိဇ္ဇာစသော သမုဒယအဖို့ တွင် ပါဝင်သော အကုသိုလ်တရားတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။နာနန္တရိကနည်း၊သဟစရဏနည်း။

**သန္တိကာတဗ္ဗေ ဓမ္မေ။** ။ အစိတ်ဖြစ်သောနိဗ္ဗာန်၏ သန္တိကာတဗ္ဗဓမ္မ အမည်ကို အပေါင်းဖြစ်သော နိဗ္ဗာန်နှင့်တကွ ဖိုလ်လေးပါး အပေါ်၌တင် ဧကဒေသူ ။ဥပလက္ခဏနည်း။

**တစ်နည်း။** ။ အကြောင်းအာရုံ နိဗ္ဗာန်၏ သန္တိကာတဗ္ဗ အမည်ကို အကျိုးအာရမ္မဏိကဖြစ်သော ဖိုလ်၌ တင် ကာရဏူပစာ။

**သဗ္ဗဓမ္မာနံ။** ။ ဆဋ္ဌီဝိဘတ်မှ ဒုတိယာဝိဘတ်သို့ ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း။

**အာဘိဉ္ဉေယျံ။** ။ဆိုအပ်လတ္တံ့သော မဂ္ဂသမုဒယမှ ကြွင်းသော ဒုက္ခ၊နိရောဓနှစ်ပါးကို ယူအပ်သောကြောင့် ပါရိသေနနည်း။(ဂါထာ)

**ဘာဝေတဗ္ဗဥ္စ။** ။ အကြောင်းမဂ္ဂသစ္စာကို ဆိုသဖြင့် အကျိုးနိရောဓသစ္စာကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

နံပါတ် (၁၀)

**အဘိဉ္ဉေယျ အရ ။** ။ သစ္စာလေးပါး တရားကောက်။ဓာတ်အရ-ဗုဒ္ဓ၏မဂ်ဉာဏ်ကောက်။

**ဒေသိယတိ သံဝဏ္ဏီယတိ သုတ္တန္တော တေနာတိ ဒေသနာ**-ဟူသော ဝစနတ္ထကြောင့် အဿာဒ စသည်ကို ထုတ်ခြင်း လက္ခဏာရှိသော ဟာရသည် ဒေသနာဟာရမည်၏။

ထိုတွင် အဘိဉ္ဉေယျ-အရ သစ္စာလေးပါးတရားကို ယူအပ်၏။

ထိုတွင် သမုဒယသစ္စာသည် အဿာဒ မည်၏။ ဒုက္ခသစ္စာသည် အာဒီနဝ မည်၏။မဂ္ဂ နိရောဓ နှစ်ပါးသည် နိဿရဏမည်၏။သစ္စာလေးပါးကို သိ၍ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ပ။ ဥပါယာ သတို့ ချုပ်ကုန်၏။ ယင်းသို့ သံသရာဝဋ်မှ ထွက်မြောက်ခြင်းစသော အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် ဖလမည်၏။သစ္စာလေးပါးကို သိခြင်း၏ အကြောင်းဖြစ်သော ပုညဉာဏသမ္ဘာရသည် ဥပါယမည်၏။သံသရာပြတ်၍ ဝဋ်တရားတို့၌ တွေ့ကြုံရလတ္တံ့သော ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးကို အလိုရှိသော အမျိုးကောင်းသားတို့သည် ငါကဲ့သို့ ပုညဉာဏ သမ္ဘာရကို ပြုကြလော့ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သော အစီအရင်သည် အာဏတ္တိ မည်၏။ဤသို့လျှင် သစ္စာလေးပါးကို ဟောသောဒေသနာ၌ အဿာဒစသည်ကို ဖွင့်ပြခြင်းသည် ဒေသနာဟာရ မည်၏ ဟူလိုသော်။

***************

ဝါကျစဉ် (၁၆)

(က) ဝိဇ္ဇာဟိ ပန စရဏေနစ သမ္ပန္နတ္တာ **ဝိဇ္ဇာစရဏသမ္ပန္နော။**

http://www.dhammadownload.com



(ခ) တတ္ထ **ဝိဇ္ဇာတိ** တိဿောပိ ဝိဇ္ဇာ အဋ္ဌပိ ဝိဇ္ဇာ။
(ဂ) တိဿော ဝိဇ္ဇာ ဘယဘေရဝသုတ္တေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ။
အဋ္ဌ ဝိဇ္ဇာ အမ္ဗဋ္ဌသုတ္တေ။
(ဃ) တတြ ဟိ ဝိပဿနာဉာဏေန မနောမယိဒ္ဓိယာစ သဟ ဆ အဘိညာ ပရိဂ္ဂဟေတွာ အဋ္ဌ ဝိဇ္ဇာ ဝုတ္တာ။ (ပါ၊ ဋ္ဌ။ ၁။ ၈၈။)

*************

နံပါတ် (၁)

(က) ဝိဇ္ဇာဟိ-သိခြင်းကို ပြုတတ်ကုန်သောတရားတို့ဖြင့် လည်းကောင်း။(ဝါ)အဝိဇ္ဇာအစရှိသော ကိလေသာပိုက်ကွန်ကို ဖျက်ဆီးတတ်ကုန်သော တရားတို့နှင့် လည်းကောင်း။စရဏေနစ၊ နိဗ္ဗာန်သို့ သွားကြောင်းအကျင့်နှင့်လည်းကောင်း။သမ္ပန္နတ္တာ၊ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်။(သဒ္ဒတ္ထ။)(ဝါ)မချို့သည်၏ အဖြစ်ကြောင့်။ (အဓိပ္ပါယတ္ထ။)
(ခ) တတ္ထ၊ ထို ဝိဇ္ဇာစရဏတို့တွင်။
(ဃ) တတြ-တသ္မိံ အမ္ဗဋ္ဌသုတ္တေ။ ဝိပဿနာဉာဏေန-ဝိပဿနာဉာဏ်နှင့် လည်းကောင်း။

နံပါတ် (၂)

**(ခ) သို့**။ ။ ဆရာသည် (က)ဖြင့် ဝိဇ္ဇာစရဏပုဒ်၏ သမာသ်ဝစနတ္ထကို ဖွင့်ပြအပ်၏။ဝိဇ္ဇာ ဟူသော သရူပဝန္တ၊သင်္ချေယျ၊ပရိစ္ဆိန္နတဗ္ဗဖြစ်သော တရားသည် သရုပ်၊သင်္ချာ၊ပရိစ္ဆေဒနှင့် မကင်းရာသည် မဟုတ်ပါလော။ ထို့ကြောင့် ဝိဇ္ဇာ၏ သရုပ်၊သင်္ချာ၊ပရိစ္ဆေဒကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။
**(ဂ) သို့**။ ။ ဆရာသည် ခ-ဖြင့် ဝိဇ္ဇာ ဟူသည် သင်္ချာအားဖြင့် သုံးပါး (တစ်နည်း) ရှစ်ပါးရှိ၏-ဟု ဖွင့်ပြအပ်၏။ ဆရာစကားသည် အသို့လျှင် အသင်ယုတ္တိ ရှိနိုင်ပါအံ့နည်း။သင်္ချေယျ၊သရူပဝန္တ ဖြစ်သောတရားသည် ဝိဇ္ဇာတစ်မျိုးတည်းဖြစ်လျက် သရုပ်သင်္ချာသည် သုံးပါး(တစ်နည်း) ရှစ်ပါး-ဟူ၍ မကွဲပြားသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။
**(ဃ) သို့**။ ။ ဆရာသည် (ဂ) ဖြင့် ဝိဇ္ဇာ ရှစ်ပါးကို အမ္ဗဋ္ဌသုတ်၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိထိုက်၏ဟု ဖွင့်ပြအပ်၏။ယင်းသို့ဆိုသော် အမ္ဗဋ္ဌသုတ်၌ ဝိဇ္ဇာရှစ်ပါးကို မဟောသော် ဆရာစကားသည် မသင့်ရာသည် မဟုတ်ပါလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

(ခ) **ဝိတ္ထာရ**။ ဝိဇ္ဇာအရ သရုပ် သင်္ချာကို ချဲ့ပြသောကြောင့်။
(ဂ) **ယုတ္တိဒဋ္ဌိ**။ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး ရှိနိုင်ပုံ အသင့်ယုတ္တိပြသောကြောင့်။
(ဃ) **ယုတ္တိဒဋ္ဌိ။တစ်နည်း:ဝိတ္ထာရ**။အမ္ဗဋ္ဌသုတ်၌ ဝိဇ္ဇာရှစ်ပါး ဟောဆိုပုံ အသင့်ယုတ္တိ ပြသောကြောင့်။

နံပါတ် (၄)

**ဝိဇ္ဇာ** ။ ။ **ဝိဒိတံ ကရောတီတိ ဝိဇ္ဇာ။ ဝိဒန္တိ ဧတာယာတိ ဝိဇ္ဇာ**။
ဝိဒ-ဓာတ်အရ သိခြင်းလက္ခဏာ သိခြင်းသဘောသည် မုချ။ဏျ-ပစ္စည်းအရ လက္ခဏာဝန္တ သဘာဝဝန္တ ဖြစ်သော ဝိဇ္ဇာသုံးပါး။(တစ်နည်း) ဝိဇ္ဇာရှစ်ပါးရ၏။
**စရဏ**။ ။ **စရတိ ဧတေနာတိ စရဏံ**။
စရ-ဓာတ်အရ ကတ္တုဖြစ်ကား နိဗ္ဗာန်သို့သွားတတ်သော အရိယသာဝက၏ သဒ္ဓါ၊ပညာ၊ဝီရိယ

http://www.dhammadownload.com



ပြတန်းသော စိတ္တုပ္ပါဒ် မှချ။ကာရကတ္တကား-အကျင့် စရဏ၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိ-ဖလူ။ယု-ပစ္စည်းအရ ထို-သော စရဏ (၁၅)ပါး ရ၏။

**ဝိပဿနာဉာဏ။** ။ **ဝိဝိဓံ ပဿတီတိ ဝိပဿနာ။ ဇာနန္တီတိ ဉာဏံ။**

**ဝိပဿနာ ယေဝ ဉာဏံ ဝိပဿနာဉာဏံ။**

ဝိပဿနာ အရ အထူးထူးအပြားပြား ရှုတတ်သည်၏အဖြစ် ဟူသော သမ္ဘာဝနာဘောဂုဏ် သည် မှချ။ထို-၏ ဉာဏ်နှင့် ဂုဏ်+ဂုဏေး စပ် ဋ္ဌာန။ပုဒ်လုံးအရ ထို သော ဝိပဿနာဉာဏ် ရ၏။

**မနောမယိဒ္ဓိ။** ။ **မနေန နိဗ္ဗတ္တာ မနောမယာ။မနေန နိဗ္ဗတ္တံ မနောမယံ။(သရိရ ရစေ။)**

**မနောမယာ စ သာ ဣဒ္ဓိစာတိ မနောမယိဒ္ဓိ။ဣဇ္ဈတိ ဓောယာတိ ဣဒ္ဓိ။**

နံပါတ် (၅)

**ဘယ။** ။ ဘီ+ဏ။ဘေရဝ။ဘီ+ရဏ်။ [ဘာယတိ ဧတသ္မာတိ ဘီရု။ဘီရုနော ဣဒံ ဘေရဝံ။]

**ဣဒ္ဓိ။** ။ ဣဓ+တိ။

နံပါတ် (၆)

**(က) ဝိဇ္ဇာပဟိ စရဏေနစ**-ဖြင့် ဝိဇ္ဇာစရဏသမ္ပန္နော၌ ဝိဇ္ဇာစရဏကို ဝိဇ္ဇာ စ စရဏံစ ဝိဇ္ဇာစရဏံ ဟု ဒွန် သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။

**နိယံ။** ။ **သမာနဝိဘတ္တိကဖွင့်၍ပြကမ္မဓာရယ ကြံစရာ။သမာနဝိဘတ္တိက စ ဒွယနှင့် ဖွင့်၍ပြ ဒွန္ဒသမာသာ။**

**သမ္ပန္နတ္တာ**-ဖြင့် သမ္ပန္နော-၌ သံပုဗ္ဗပဒဓာတ်၊တပစ္စည်း၊ယင်းတ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်၍ သမ္ပဇ္ဇတီတိ သမ္ပန္နော ဟု ဝစနတ္ထ ပြုအပ်သည်ကို သိစေ။**အပေါင်းသံဝဏ္ဏနာ**-ဖြင့် ဝိဇ္ဇာစရဏေဟိ သမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နော-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။

နံပါတ် (၇)

**သမ္ပန္နတ္တာ/သမန္နာဂတတ္တာ…**

**သမ္ပန္နတ္တာတိ သမန္နာဂတတ္တာ ပရိပုဏ္ဏတ္တာ ဝါ**-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် သမန္နာဂတတ္တာ-ဖြင့် သမင်္ဂီသမ္ပန္နကို ပြ၏။ပရိပုဏ္ဏတ္တာဖြင့် ပရိပုဏ္ဏသမ္ပန္နကို ပြသည်၊ထို့ကြောင့် သမ္ပန္နတ္တာ ပါဌ်သာသင့်။

**တိဿော ဝိဇ္ဇာ/တယော ဝိဇ္ဇာ…**

• ဝိဇ္ဇာသဒ္ဒါသည် ဣတ္ထိလိင်ဖြစ်၍ တိသင်္ချာသဒ္ဒါကို တိဿောပြု၍ ပြီးသောကြောင့် တိဿော-ပါဌ်သာ သင့်။ [တိစတုန္နံ တိဿော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ-သုတ်။]

နံပါတ် (၈)

**ဝိဇ္ဇာစရဏသမ္ပန္နော၌ ဝိဇ္ဇာသမ္ပန္န။** ။ အကြောင်းဖြစ်သော ဝိဇ္ဇာနှင့် ပြည့်စုံခြင်းကို ဆိုသဖြင့် အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

အကြောင်းဝိဇ္ဇာ၏ ပြည့်စုံခြင်း ဝိဇ္ဇာသမ္ပန္န၏အမည်ကို အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်၏ ပြည့်စုံခြင်း၌တင် ကာရဏူပစာ။

**စရဏသမ္ပန္န။** ။ အပေါင်းဋ္ဌာနဖြစ်သော စရဏနှင့် ပြည့်စုံခြင်းကို ဆိုသဖြင့် အစိတ်ဋ္ဌာနီ ဖြစ်သော မဟာကရုဏာနှင့် ပြည့်စုံခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ဋ္ဌာနူပစာ။

နံပါတ် (၁၀)

ပဋိပက္ခဝသေန ပရိဝတ္တီယန္တိ ဣမိနာ သတ္တေ ဝဋ္ဋတော့မှာတိ ပရိဝတ္တနော-ဟူသော ဝစနတ္ထနှင့်

http://www.dhammadownload.com



အညီ သုတ်၌ ဟောအပ်ကုန်သော အကုသိုလ်မွေတို့ကို ထို၏ပဋိပက္ခ ကုသိုလ်မွေဖြင့်၊ကုသိုလ်မွေတို့ကို ထို၏ပဋိပက္ခ အကုသိုလ်မွေဖြင့် ပယ်ကြောင်းဖြစ်သောကြောင့် ပရိဝတ္တနာဟာရ မည်၏။

စရဏ၌ စရဏတ်အရ နိဗ္ဗာန်ကို အာရုံပြုသည်၏ အစွမ်းဖြင့်ဖြစ်သော မဂ် ဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်တို့ကို ယူအပ်၏။ယင်းတို့ကိုဆိုသဖြင့် ယောနိသောမနသိကာရ စသော အကြောင်းတို့ကိုလည်း ယူအပ်၏။ ယောနိသောမနသိကာရရှိသော ပုဂ္ဂိုလ်အား အယောနိသောမနသိကာရ ကင်းပျောက်၏။အယောနိသောမနသိရ လျှင် အကြောင်းရှိသော အကုသိုလ်တရား တို့သည်လည်း ကင်းပျောက်ကုန်၏။မဂ်ဉာဏ်၊ဖိုလ်ဉာဏ် ပစ္စဝေက္ခ ဏာဉာဏ်နှင့်တကွ ယောနိသောမနသိကာရလျှင် အကြောင်းရှိကုန်သော ပစ္စုပ္ပန် သံသရာ အကျိုးတို့သည် လည်းကောင်း၊ကုသိုလ်တရားတို့သည်လည်းကောင်း စည်ပင်ပြန့်ပွားများပြားကုန်၏။

ဤသို့လျှင် သုတ္တာဂတမွေတို့ကို ပဋိပက္ခအားဖြင့် ပယ်ခြင်းသည် ပရိဝတ္တနာဟာရ မည်၏။

*************

**ပါဠိကျမ်းစဉ် (၁၇)**

(က) **စရဏဏ္ဍိ** သီလသံဝရော ဣန္ဒြိယေသု ဂုတ္တဒွါရတာ ဘောဇနေ မတ္တညုတာ ဇာဂရိယာ နုယောဂေါ သတ္တ သဒ္ဓမ္မာ စတ္တာရိ ရူပါဝစရဈာနာနိတိ ဣမေ ပန္နရသ ဓမ္မာ ဝေဒိတဗ္ဗာ။

(ခ) ဣမေယေဝ ဟိ ပန္နရသဓမ္မေ ယသ္မာ စေတေဟိ စရတိ အရိယသာဝကော ဂစ္ဆတိ အမတံ ဒိသံ၊ တသ္မာ စရဏန္တိ ဝုတ္တာ။

(ဂ) ယထာဟ "ဣဓ မဟာနာမ အရိယသာဝကော သီလဝါ ဟောတိ" တိ ဝိတ္ထာရော။

(ဃ) ဘဂဝါ ဣမာဟိ ဝိဇ္ဇာဟိ ဣမိနာစ စရဏေန သမန္နာဂတော၊တေန ဝုစ္စတိ **ဝိဇ္ဇာစရဏ သမ္ပန္နောတိ**။

(င) တတ္ထ ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ၊စရဏသမ္ပဒါ မဟာကာရုဏိကတံ။ (ဝိ၊ ဋ္ဌ၊ ၁။ ၈၈။)

*************

နံပါတ် (၁)

(က) သီလသံဝရော-စောင့်စည်းကြောင်း သီလလည်းကောင်း။ဣန္ဒြိယေသု-စက္ခုစသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရတာ-စောင့်ရှောက်အပ်သော တံခါးရှိသူ၏ အဖြစ်လည်းကောင်း။မတ္တညုတာ-အတိုင်းအရှည်ကိုသိသူ ၏အဖြစ်လည်းကောင်း။ဇာဂရိယာနုယောဂေါ-နိုးကြားခြင်းရှိသူ၏အဖြစ်၌အဖန်ဖန်အားထုတ်ခြင်းလည်းကောင်း။

(ခ) အမတံ-သေခြင်းကင်းသော။ဒိသံ-ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော သူတို့သည် ရှုအပ်သောနိဗ္ဗာန် ဟူသောဒိသာသို့။[ဒုက္ခနိတ္ထရဏတ္ထိကေဟိ ဒဋ္ဌဗ္ဗာတိ ဒိသာ။ နိဗ္ဗာန်မှချ၍။]ဝါ-ဝဋ်ဆင်းရဲမှ။ပ။နိဗ္ဗာန်ဟူသော အရပ်သို့။ [ဒိသာကား အရပ်မျက်နှာကို မှချ။ ဆိုအပ်ပြီးသောအနက်ကြောင့် နိဗ္ဗာန်ကို ဥပစာ။ ဒိသာဝိယာတိ ဒိယာဟု ဥပမာတဒ္ဓိတ်ပြု။]တသ္မာ-ထိုသို့နိဗ္ဗာန်သို့ သွားရကြောင်း၏ အဖြစ်ကြောင့်။(တစ်နည်း) တသ္မာ- ထိုသို့ ဤ(၁၅)ပါးသော တရားတို့ကို စရဏတို့ဟူ၍ သိထိုက်သည်၏ အဖြစ်ကြောင့်။

(ဂ) ယထာဟ အနက်ပေးနည်း။

**[နိုယ်]ယထာဟသာ တွေ့လေ့မှုကား ယထာ+အာဟ နှစ်ပုဒ်ယူမြဲ။ယေနကာိခိ ကရိဿကံ အမှန်ကောစမြဲ]**

(င) တတ္ထ-ထိုဝိဇ္ဇာစရဏသမ္ပဒါတို့တွင်။မဟာကာရုဏိကတံ-မဟာကာရုဏိက၏အဖြစ်ကို။ဝါ-မဟာက ရုဏာ သမာပတ်ကို။ [ပူရေတွာ၊ ဌိတာ]

http://www.dhammadownload.com



နံပါတ် (၂)

(ခ) သို့။ ။ ဆရာသည် သီလသံဝရ စသော (၁၅)ပါးသော တရားတို့ကို စရဏတို့ဟူ၍ သိထိုက်၏ဟုဖွင့်ပြအပ်၏။အဘယ့်ကြောင့် ထို(၁၅)ပါးသော တရားတို့ကို စရဏတို့ဟူ၍ သိအပ်ပါသနည်း။(၁၀ဂ)ကွက်စက်လက္ခဏာတို့ဖြင့် ဆန်းကြယ်သော ခြေတော်အစုံကိုလည်း စရဏ ဟူ၍ ဆိုအပ်သည် မဟုတ်လော[ဂဏ္ဍိ] စုဒ်ကြောင့် (ခ)မိန့်။

မှတ်ချက်။ ။ ဣမေယေဝဌ် ဝေကိုရှု၍ "ဤ ၁၅-ပါး အောက် [ဦနစောဒနာ] ဤ ၁၅-ပါးအထက်အလွန် [အဓိကစောဒနာ] တရားတို့ကို စရဏဟုလည်း သိအပ်ပါသလော။"ဟု- အာဘော်ထားနိုင် သည်။

**နိယံ။ ။ သရုပ်နှင့်ပြ ဖြေဝါကျ ဦနာဓိကသွင်း။**

**"ကသ္မာ ပနေတ္တ သီလာဒယောယေဂ ပန္နရသ "စရဏတ္ထိ" ဝုတ္တာတိ စောဒနံ သန္ဓာယာဟ၊ "ဣမေယေဝ ဟိ "တိ အာဒိ။ [သာရတ္ထ၊ ၁။ ၂၃၅။]**

(င) သို့။ ။ ဆရာသည် ဆိုအပ်ခဲ့ပြီးသော ဝါကျတို့ဖြင့် မြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံသည်အဖြစ်ကို ဖွင့်ပြအပ်၏။သာဝကတို့သည်လည်း ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို ရအပ်သည်မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်အထူးရှိ၍ ဘုရားရှင်ကိုသာ ဝိဇ္ဇာစရဏသမ္ပန္နဟူ၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

**ကား။** ။ ဝိဇ္ဇာစရဏတို့နှင့် ပြည့်စုံခြင်းကို သာဝကတို့သည် ရအပ်ပါသော်လည်း ဘုရားရှင်၏ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းသည် သာဝကတို့နှင့်မတူ ဝိဇ္ဇာသမ္ပဒါသည် သဗ္ဗညုတဉာဏ်ကို ပြည့်စုံစေ၍ တည်၏၊ စရဏသမ္ပဒါသည် မဟာကရုဏာသမာပတ်ကို ပြည့်စုံစေ၍ တည်၏။ဤသို့ သာဝကတို့၏ ဝိဇ္ဇာစရဏသမ္ပဒါထက် ထူးသောကြောင့် ဘုရားရှင်ကိုသာ ဝိဇ္ဇာစရဏသမ္ပန္န-ဟူ၍ ဆိုအပ်၏ ဟူလို။(အတိသယနည်း ရနိုင်)

**နနု စာယံ ဝိဇ္ဇာစရဏသမ္ပဒါ သာဝကာနမ္ပိ လဗ္ဘတီတိ? ကိဉ္စာပိ လဗ္ဘတိ၊ န ပန တထာ ယထာ ဘဂဝတောတိ ဒဿေတုံ "တတ္ထ ဝိဇ္ဇာသမ္ပဒါ"တိ အာဒိ ဝုတ္တံ။[သာရတ္ထ၊ ၁။ ၂၃၆။]**

နံပါတ် (၃)

(ခ) ကာရဏ။ (တစ်နည်း) ဝိတ္ထာရ။ (တစ်နည်း) ဒဠှီကရဏ။ထိုတွင် တသ္မာ စသည် ဖလ။

(ဂ) အာဂမဒဠှီ။ [ဣဒါနိ တဒတ္ထသာဓကာယ အာဂမံ ဒဿေန္တော "ယထာဟာ" တိ အာဒိ မာဟ။] [သာရတ္ထ၊ ၁။ ၂၃၅။] (ဃ) နိဂမ။ ထိုတွင် တေန စသည် လဒ္ဓဂုဏ။

(င) ဝိတ္ထာရ။ သာဝကတို့၏ ဝိဇ္ဇာစရဏသမ္ပန္နထက် ထူးခြားမှုကို အကျယ်အားဖြင့် ပြသောကြောင့်။ **တစ်နည်း-ဝိသေသ။**

**စာစပ်။** ။ တတ္ထ-တို့တွင် ပေးသောကြောင့်။ဝိဇ္ဇာသမ္ပဒါသည် နိဒ္ဓါရဏသမုဒါယ/နိဒ္ဓါရဏီယ။

**နိယံ။** ။ **ခွဲထုတ်ဖို့ရာ အပေါင်းမှာ မှတ်ပါနိဒ္ဓါရဏ သမုဒါယ။**

**ခွဲထုတ်အပ်ပြား အစိတ်များ မှတ်သားနိဒ္ဓါရဏီယ။**(ဝိဇ္ဇာသမ္ပဒါ၌လည်းနည်းတူစပ်)

နံပါတ် (၄)

**သီလသံဝရ။** ။ **သံဝရီယတိ ဧတေနာတိ သံဝရော။သီလမေဝ သံဝရော သီလသံဝရော။ သီလဿ သံဝရော သီလသံဝရော။**

**ဂုတ္တဒွါရတာ။** ။ **ဂေါပီယတေတိ ဂုတ္တံ။ ဂုတ္တံ ဒွါရံ ယေနာတိ ဂုတ္တဒွါရော။ ဂုတ္တဒွါရဿ ဘာဝေါ ဂုတ္တဒွါရတာ။**

http://www.dhammadownload.com



ဝုတ္တဒ္ဓါရ-တဒ္ဓိတ်အရ စောင့်ရှောက်အပ်သော စက္ခုစသော ဒွါရရှိသူသည် မုချ။ထို၏ တာ ပစ္စည်းအရ စောင့်ရှောက်အပ်သော ဒွါရရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ သတိနှင့် နိဿယ/နိဿိတ စပ် ဌာနူပစာ။တာ ပစ္စည်းအရ စောင့်ရှောက်အပ်သော ဒွါရရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ သတိ ရ၏။

**မတ္တညုတာ။** ။ **မတ္တံ ဇာနာတီတိ မတ္တညူ။မတ္တညုနော ဘာဝေါ မတ္တညုတာ။**

**ဇာဂရိယာနုယောဂ ။**။ **ဇာဂရတီတိ ဇာဂရော။ဇာဂရဿ ဘာဝေါ ဇာဂရိယံ။**

**ဇာဂရိယေ အနုယောဂေါ ဇာဂရိယာနုယောဂေါ။**

**သဒ္ဓမ္မ။** ။ **သတံ ဓမ္မော သဒ္ဓမ္မာ။**

**အမတ။** ။ **နတ္ထိ မတံ ဧတ္ထာတိ အမတံ။**

**သဗ္ဗညုတာ။** ။ **သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ။သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ။**

သဗ္ဗ-ဝိသေသတန အရ အလုံးစုံသော ဉေယျတရားသည် မုချ။ထို၏ မြတ်စွာဘုရားနှင့် အာရုံ/အာရမ္မဏိက စပ် ဌာနူ။ဉာ ဓာတ်အရ အလုံးစုံသော ဉေယျတရားကို သိတတ်သော ဉာဏ်သည် မုချ။ရှေးရှေး၌ ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည် ဖလူပစာ။နောက်နောက်၌ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် အာသယာနုသယဉာဏ်တို့သည် ကာရဏူ။သမာသ်ပုဒ်လုံး၏ အရလည်းဖြစ်၊ရူ ပစ္စည်းအရကား ထိုသော မြတ်စွာဘုရား ရ၏။

**ဒီသ။** ။ **ဒုက္ခနိဿရဏတ္ထိကေဟိ ဒဋ္ဌဗ္ဗာတိ ဒီသာ။**

ဒိသ ဓာတ်အရ ကတ္တုဌကား ဒုက္ခမှ ထွက်မြောက်လိုသူတို့၏ ဉာဏ်၊ ဝီရိယ ပြဓာန်းသောကုသိုလ် စိတ္တုပ္ပါဒ် မုချ။ကမ္မဌ ကား နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိ ဖလူ။အ-ပစ္စည်းအရ ထို-သော နိဗ္ဗာန်ရ၏။

**တစ်နည်း။** ။ **ဒီသာ ဝိယာတိ ဒီသာ။**

ဒီသ-တဒ္ဓိတ်အရ အရပ်မျက်နှာသည် မုချ။ထို-၏ အ ပစ္စည်းအရ နိဗ္ဗာန်နှင့် သဒိသီ+သဒိသစပ် ဌာနူ။အ ပစ္စည်းအရ ထို-သော နိဗ္ဗာန်ရ၏။

**မဟာကာရုဏိကတာ။** ။ **မဟတီ ကရုဏာ ယဿာတိ မဟာကာရုဏိကော။**

**မဟာကာရုဏိကဿ ဘာဝေါ မဟာကာရုဏိကတာ။**

နံပါတ် (၅)

**သီလ။** ။ သီ+လ။(သိနောတိ ဗန္ဓနံ စိတ္တံ ဓောနာတိ သီလံ။)**တစ်နည်း** ။သီလ+အ။

**ဣန္ဒြိယ။** ။ ဣဒိ+ဏျ။ [ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ။]

**ဒွါရ။** ။ ဒွိသဒ္ဒါ အရ + အ။**တစ်နည်း** -ဒု-သဒ္ဒါ+ဝရ+ဏ။[**တစ်နည်း**] ဒွရ+ဏ။

**မတ္တ။** ။ မာ+တ။ **ဒီသ**။။ ဒိသ+အ။

နံပါတ်(၆)

**(က) သီလသံဝရော ။ပ။ ဝေဒိတဗ္ဗော-ဖြင့်** စရဏ-အရ သီလသံဝရ စသော ၁၅-ပါးကို ကောက်ယူအပ်သည်ကို သိစေ။

**(ခ) ဓောဟိ စရတိ-ဖြင့်** စရဏ်၌ စရဓာတ်၊ယုပစ္စည်း။ယင်း ယု ပစ္စည်း၏ ကရဏသာဓနေ၌ သက်၍ စရတိ ဓောနာတိ စရဏ်-ဟု ဝစနတ္ထ ပြုအပ်သည်ကို သိစေ။ဂစ္ဆတိ-ဖြင့် စရတိ ၌ စရဓာတ်သည် ဂတိအနက်၌ ဖြစ်သည်ကို သိ။အရိယသာဝကော အမတံ ဒိသံဖြင့် စရဓာတ်၏ ကတ္တားနှင့် ကံကို သိစေ။

**ဣမေယောဝ ။ပ။ စရဏန္တိ ဝုတ္တာဖြင့်** စရဏ အရ တစ်ဆယ့်ငါးပါးသော တရားတို့ကို ကောက်

http://www.dhammadownload.com



ယူအပ်သည်ကို သိ။ **ယသ္မာ စသည်ဖြင့်** စရဏ မည်ခြင်း၏ အကြောင်းကို သိ။

နံပါတ် (၇)

**မဂ္ဂညုတာ/မဂ္ဂညူတာ...**

**တာပစ္စယေ ရဿတ္တံ** ဟု ဆိုသောကြောင့် တာ ပစ္စည်းနောင်းရာ၌ သုတ်ကြီးဖြင့် ရဿပြု၍ပြီး၊ရကား မဂ္ဂညုတာ ဟု ရဿဖြင့် ရှိသော ပါဠိသင့်။

**ယထာ တံ/ယထာယံ...**

**ယထာ တံ ဝိဇ္ဇာစရဏသမ္ပန္နောတိ ဧတ္ထ တန္တိ နိပါတမတ္တံ**-ဟု သာရတ္ထ၌ ဆိုသောကြောင့် ယထာ တံ ပါဠိသာ သင့်။

နံပါတ် (၈)

**စရဏ (ခ) မျှော်** ။။အတူဖြစ်သော ခြေထောက်၏ စရဏအမည်ကို အတူရှိသော သီလသံဝရ စသော တစ်ဆယ့်ငါးပါးတို့၌တင် သဒိသူပစာ၊ ရုဋ္ဌိနည်း။

**အမတံဒိသံ ။** ။ အတူဖြစ်သော အရပ်မျက်နှာ၏ ဒိသာအမည်ကို အတူ ရှိသော နိဗ္ဗာန်၌တင် သဒိသူပစာ။

**သဗ္ဗညုတံ ပူရေတွာ ။** ။ အစိတ်ဖြစ်သော သဗ္ဗညုတဉာဏ်၏ ပြည့်စုံခြင်းကို ဆိုသဖြင့် အပေါင်းဖြစ်သော သဗ္ဗညုတဉာဏ် ဒသဗလဉာဏ်၏ ပြည့်စုံခြင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ဧကဒေသူပစာ။

**(ဂ) ဝါကျ ။** ။ သီလနှင့်ပြည့်စုံခြင်း အစိတ်ကိုမှတ်၍ဆိုသဖြင့် ဣန္ဒြေကို လုံခြုံစေခြင်းစသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿနနည်း။ အာဒိဒီပက နည်း။

**ဝိဇ္ဇာစရဏသမ္ပန္န** ။ ။ အပေါင်းဖြစ်သော ဗုဒ္ဓ၊ပစ္စေကဗုဒ္ဓ၊ခီဏာသဝတို့၏အမည်ကို အစိတ် ဗုဒ္ဓ၌တင် ဧကဒေသူပစာ။ အတိသယနည်း။(ကျမ်းတက်ရှု)

နံပါတ် (၁၀)

**ဝိဇ္ဇာအရ ။** ။ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးကို ယူအပ်၏။ ဝိဇ္ဇာကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟသည်လည်းကောင်း၊ မောဟ၏အကြောင်းဖြစ်သော အယောနိသောမနသိကာရစသော အကုသိုလ်တရားတို့သည်လည်းကောင်း ကင်းပျောက်ကုန်၏။ ထိုဝိဇ္ဇာလျှင် အကြောင်းရှိသော ယောနိသောမနသိကာရ နိရာနုသယသန္တာနစသော အကြောင်းတို့သည်လည်းကောင်း၊ သဗ္ဗညုတဉာဏ်စသော ဒသဗလဉာဏ်တော်တို့သည်လည်းကောင်း စည်ပင်ပြန့်ပွား များပြားကုန်၏။

**အရိယသာဝကော ဂစ္ဆတိ အမတံ ပဒံ၌ ပရိဝတ္တနာဟာရ။** ။ဤ၌ အာရုံပြုသည်၏ အစွမ်းဖြင့် ဉာဏ်ဖြင့် သွားခြင်းကိုသာ ရနိုင်သည်။ ထို့ကြောင့် မဂ်ကုသိုလ် ပစ္စဝေက္ခဏာကုသိုလ် ဖလသမာပတ်ဖိုလ်စိတ် ပစ္စဝေက္ခဏာကြိယာတို့ကို သုတ်ပုဒ်အရ ယူအပ်၏။ ယင်းတို့ကို ဆိုသဖြင့် ယောနိသောမနသိကာရစသော အကြောင်းတို့ကိုလည်း ယူနိုင်သည်။ ထိုတရားတို့သည် ယောနိသောမနိကာလျှင် အကြောင်းရှိ၏။ ယောနိသောမနသိကာရရှိသော ပုဂ္ဂိုလ်တို့အား အယောနိသောမနသိကာရ ပျောက်ကင်း၏။ အယောနိသောမနသိကာရ ပျောက်ကင်းလျှင် အယောနိသော မနသိကာရလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည်ပျောက်ကင်းကုန်၏။ အကုသိုလ်တရားတို့ ပျောက်ကင်းသည်ရှိသော် ကုသိုလ်တရားတို့သည် တိုးပွားစည်ပင်ကုန်၏။ ဤသို့ ကုသိုလ် အကုသိုလ်တို့ကို ဆန့်ကျင်ဘက်အားဖြင့် လည်စေခြင်းကြောင့် ပရိဝတ္တနာဟာရ မည်၏။

**************

http://www.dhammadownload.com



**ပါဠိကျေးစဉ် (၁၈)**

(က) သောဘနဂမနတ္တာ,သုန္ဒရံ ဌာနံ ဂတတ္တာ,သမ္မာဂတတ္တာ,သမ္မာ စ ဂဒတ္တာ **သုဂတော**။

(ခ) ဂမနမ္ပိ ဟိ ဂတန္တိ ဝုစ္စတိ။

(ဂ) တဉ္စ ဘဂဝတော သောဘနံ ပရိသုဒ္ဓမနဝဇ္ဇံ။

(ဃ) ကိံ ပန တန္တိ? အရိယမဂ္ဂေါ။

(င) တေန ဟေသ ဂမနေန ခေမံ ဒိသံ အသဇ္ဇမာနော ဂတော။

(စ) ဣတိ သောဘနဂမနတ္တာ **သုဂတော**။

(ဆ) သမ္မာ စ ဂတော, တေန တေန မဂ္ဂေန ပဟီနေ ကိလေသေ ပုန အပစ္စာဂစ္ဆန္တော။

(ဝိ၊ ၁၊ ၁။ ၈၉။)

***************

နံပါတ် (၁)

(က) သောဘနဂမနတ္တာစ-တောက်ပထွန်းလင်းသော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။[သုဒ္ဓတ္တ] ဝါ-တင့်တယ်သော သွားခြင်းရှိတော်မူသည်၏အဖြစ်ကြောင့် လည်းကောင်း။[သင်္ကေတတ္တ] ဝါ-စင်ကြယ်သော[ဝါ]အပြစ်ကင်းသော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။[အဓိပ္ပာယတ္တ]သုန္ဒရံ-ကောင်းသော။ဌာနံ-နိဗ္ဗာန်ဟု ဆိုအပ်သောအရပ်သို့။ဂတတ္တာစ-သွားတော်မူ တတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။သမ္မာ-ကောင်းစွာ။ဂဒတ္တာစ-ဆိုသော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

(င) ခေမံ-ယောဂါလေးပါးတို့မှ ငြိမ်းသော။ ဝါ-ဘေးမရှိရာဖြစ်သော။ ဝါ-ရာဂစသည်တို့၏ ကုန်ခန်းကြောင်းဖြစ်သော။ဝါ-ဘေးရန်စသည်တို့၏ ကုန်ခမ်းရာဖြစ်သော။အသဇ္ဇမာနော-ဆီးတားတတ်သော ဘေးရန်မရှိသည်၏ အဖြစ်ကြောင့် သုဂတိသို့ သွားခြင်း၌သော်လည်း မငြိမကပ်တော်မူသည်။

နံပါတ် (၂)

**(ခ)သို့။** ။ ဆရာသည် (က)၌ သောဘနဂမနတ္တာ-ဖြင့် သုဂတ၏ ဝိဂြိုဟ်ကို ဖွင့်ပြအပ်၏။ဂတသဒ္ဒါသည် ကတ္တု,ကမ္မ, ဝါစကသာဖြစ်ကောင်းသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် ဂမနံ-ဟု ဘာဝဝါစကဖြင့် ဖွင့်ဆိုခြင်းသည် အဘယ်သို့သော ယုတ္တိဖြင့် သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(င)ဝါကျသို့** ။။ ဆရာသည်(ဃ)ဖြင့် ဂမန-အရ အရိယမဂ်ကို ယူအပ်၏-ဟု ပြဆိုတော်မူ၏။ သောဘနဂမနတ္တာ-ဟု သာမညအားဖြင့် ဆိုသောကြောင့် "သာမညဝစနံသာဝသာဓာရဏံ"ဟူသော ပရိဘာသာနှင့်အညီ ဂမန-အရ ဂမနသုံးမျိုးလုံးကို ယူသင့်သည်မဟုတ်ပါလော။[ဝါ] ဂမနအရ ဣရိယာပထဂမန စသည်ကိုလည်း ယူသင့်သည် မဟုတ်ပါလော။အဘယ့်ကြောင့် ဂမနအရ အရိယာမဂ်-ဟု ဆိုအပ်သော ဉာဏဂမနကိုသာ ယူအပ်ပါသနည်း။ စုဒ်ကြောင့် (င) ဝါကျ မိန့်။

**ကား** ။ ။ထိုအရိယာမဂ်တည်းဟူသော သွားခြင်းဖြင့် ထိုမြတ်စွာဘုရားသည် ဘဝတို့၌ ကပ်ငြိတော်မမူသည်ဖြစ်၍ ယောဂလေးပါးတို့မှ ငြိမ်းသော[ဝါ]ဘေးရန်စသည်တို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်အရပ်သို့ သွားတော်မူခြင်းကြောင့် ဂမန-အရ အရိယမဂ်ကိုသာ ယူအပ်သည် ဟူလို။

http://www.dhammadownload.com



နံပါတ် (၃)

(ခ)ဒဋ္ဌီ ။ဂတာကို ဂမနဖွင့်ဆိုရခြင်း၏ အသင့်ယုတ္တိကို ပြသောကြောင်း။

(ဂ)ဝါကျာရမ္ဘ ။သောဘနအရ တင့်တယ်ခြင်းဂုဏ်ကို ဆက်လက် အားထုတ်ပြသောကြောင်း။

(ဃ)ဝါကျာရမ္ဘ။ ဂမနအရ ဂမနသုံးမျိုးလုံးကိုပင် အလိုရှိအပ်ပါသလော[ဝါ]ဂမနအရ ဣရိယာပထဂမနစသည်ကိုလည်း အလိုရှိအပ်ပါသလောဟု စောဒနာဖွယ်ရှိ၍ ဆက်တက်သောကြောင်း။

(င)ကာရဏာ။ အရိယာမဂ်၏ ဂမနမည်ရာ၌ အကြောင်းကိုပြသောကြောင့်

[တစ်နည်း]ယုတ္တိဒဋ္ဌီကရဏာ။ (စ) နိဂုမ်း ။(ဆ) ပက္ခန္တရ ။

စာစပ် ။။ အသဇ္ဇမာနော သည်ကြောင့် ။ဟုတ္တာ-၌ စဉ်းငယ်စပ်၍ ဂတော၌ တုလျက်/လိင်္ဂတ်။

နံပါတ် (၄)

**အနဝဇ္ဇံ ။ ။ဝဇိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။ဝဇ္ဇမေဝ အဝဇ္ဇံ။ နတ္ထိ အဝဇ္ဇံ ယဿာတိ အနဝဇ္ဇံ။**

အနဝဇ္ဇ-ဗဟုဗ္ဗီဟိအရ အပြစ်မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ထို၏ ယ-အညပုဒ်အရ ကြွသွားတော်မူခြင်းနှင့် ဂုဏ်/ဂုဏေး စပ်ဌာနူ။ယ-အညပုဒ်အရ ထိုသော အပြစ်မရှိသော ကြွသွားတော်မူခြင်းရ၏။

**ခေမ ။ ။ ခီယန္တိ ဧတ္ထ ရာဂါဒယောတိ ခေမံ။**

ခီဓာတ်အရ ကတ္တုဗ္ဗကား ရာဂစသော ကိလေသာတို့၏ အနုပ္ပါဒနိရောဓသည် မုချ။အဓိကရဏတ္တကား နိဗ္ဗာန်၏ နိဿရဏပဟာနသတ္တိသည် ဖလူပစာ။မာန် ပစ္စည်းအရ ထိုသော ရာဂစသော ကိလေသာတို့၏ ကုန်ရာ နိဗ္ဗာန်ရ၏။

**အသဇ္ဇမာန။။ သဇ္ဇတီတိ သဇ္ဇမာနော။ န သဇ္ဇမာနော အသဇ္ဇမာနော။**

န-ဝိသေသန အရ ပဋိသေဓဘောဂုဏ်သည် မုချ။ထို၏ ဘဝတို့၌ ငြိကပ်တော်မမူသော မြတ်စွာဘုရားနှင့် ဂုဏ်/ဂုဏေးစပ် ဌာနူ။ပုဒ်လုံးအရ ထို သော ဘဝတို့၌ ငြိကပ်တော်မမူသော မြတ်စွာဘုရားရ၏။

နံပါတ် (၅)

**သောဘန** ။။ သုဘ + ယု။ **သုန္ဒရ**။။သု-ဒရ+အ ။ [ဒါရဏတ္ထ၊ကမ္မသာဓန။]

**တစ်နည်း**။။ သု-ဥန္ဒ+အရ။ [အာဒရတ္ထ၊ကတ္တုသာဓန။] **ပရိသုဒ္ဓ**။ ။ပရိ-သုဓ+တ။

နံပါတ် (၆)

(က) **သောဘနဂမနတ္တာ-ဖြင့်** သုဂတော၌ သု-ဥပသာရ၏ သောဘန-အနက်၌ ဖြစ်သည်ကို လည်းကောင်း။ဂတော၌ ဂမုဓာတ်၊တပစ္စည်း၊ယင်းတပစ္စည်း၏ ဘာဝသာဓန၌ဖြစ်၍ ဂမနံ ဂတံ-ဟု ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း။သောဘနံ ဂတံ ယဿာတိ သုဂတော ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း သိစေ။

**သုန္ဒရံ ဌာနံ ဂတတ္တာ-ဖြင့်** သုဂတော-၌ သု-ဥပသာရ၏ သုန္ဒရ-အနက်၌ ဖြစ်သည်ကို လည်းကောင်း၊ယင်းသုန္ဒရ-အရ နိဗ္ဗာန်အရပ်ကို ကောက်ယူအပ်သည်ကို လည်းကောင်း၊ဂတော၌ ဂမုဓာတ်၊ တပစ္စည်း၊ယင်းတပစ္စည်း၏ ကတ္တုသာဓန၌သက်၍ ဂစ္ဆတီတိ ဂတော ဟု ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း၊ သုန္ဒရံ ဌာနံ ဂတော သုဂတော ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို လည်းကောင်းသိစေ။

**သမ္မာ ဂတတ္တာ-ဖြင့်** သုဂတော၌ သု-ဥပသာရ၏ သမ္မာအနက်၌ ဖြစ်သည်ကို လည်းကောင်း၊ဂမု

http://www.dhammadownload.com



ဓာတ်၊တပစ္စည်း၊ယင်း တ ပစ္စည်း၏ ကတ္တုသာဓနၞ် သက်သည်ကို လည်းကောင်း၊သမ္မာ ဂစ္ဆတီတိ သုဂတော-ဟု ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း သိစေ။**သမ္မာ ဂဒတ္တာဖြင့်** သု-ဥပသာရ၏ သမ္မာအနက်၌ ဖြစ်သည်ကို လည်းကောင်း၊ဂဒဓာတ်၊တပစ္စည်း၊ယင်းတပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကို လည်းကောင်း၊ သမ္မာ ဂဒတီတိ သုဂတော-ဟု ကိတန္တ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း၊ဒကိုတပြု၍ ပြီးသည်ကို လည်းကောင်း သိစေ။

(ခ) **ဂမနံ ဟူသော သံဝဏ္ဏေနာပါဠ်ဖြင့်** ဂတဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဂမနံ ဂတံ ဟု ဘာဝသာဓနေ ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊တပစ္စည်း ဘာဝသာဓန၌ သက်သည်ကိုလည်းကောင်း သိစေ။

(ဂ) **ပရိသုဒ္ဓံ-ဖြင့်** သောဘန သဒ္ဒါသည် ပရိသုဒ္ဓ စင်ကြယ်ခြင်းအနက်ဟောသည်ကို သိစေ။**အနဝဇ္ဇံ-ဖြင့်** စင်ကြယ်ခြင်းဟူသည် အနဝဇ္ဇ-အပြစ်မရှိခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေ။

(ဃ) **အရိယာမဂ္ဂေါ-ဖြင့်** ဂမန-မည်သည် ဉာဏဂမနတည်း၊ယင်းဉာဏဂမနသည်လည်း ပါရမီဉာဏ် စသည်ဖြင့် များသော အခြားရှိသော်လည်း ဤ၌ ဂမန-အရ အရိယာမဂ်ဉာဏ်ကိုသာ ယူအပ်သည်ကိုသိစေ။

နံပါတ် (၇)

**သောဘန/သောဘဏ...**

သုဘ ဓာတ်၊ယု ပစ္စည်း၊ယုကို အနပြု၊သုဘဓာတ်နောင် နကိုဏပြန်မှု မရှိနိုင်သောကြောင့် သောဘန ဟု န-ဖြင့်ရှိသော ပါဠ်သာ သင့်။

**မှတ်ချက်** ။ ။ ယောဇနာ၌ သောဘဏ ဟု ဏ-ဖြင့် ရှိသည်။

**ပဟီနော/ပဟီနေ...**

ပပုဗ္ဗ၊ဟာဓာတ်၊တပစ္စည်း၊ဘိဒါဒိတော ဣန္န အန္န ဤဏာဝါ-သုတ်ဖြင့် တ-ပစ္စည်းကို ဤဏပြု၊ ကွစိ ဓာတု အစရှိသော သုတ်ကြီးဖြင့် ဏ ကို န ပြု၍ ပြီးသောကြောင့် ပဟီနေ ဟူသော ပါဠ်သာသင့်။

**ဂမနမ္ပိ/ဂမနံ...**

ဂတ ၌ တ-ပစ္စည်းသည် ကတ္တု၊ကမ္မ၌သာ ဖြစ်သည်မဟုတ် ဘာဝအနက်၌လည်း ဖြစ်၏-ဟု သမ္ပိဏ္ဍနအနက်ကို ပြဆိုသောကြောင့် ပိသဒ္ဒါပါမှ သင့်။

နံပါတ် (၈)

**ဒိသံ** ။ ။ အတူဖြစ်သော အရပ်မျက်နှာဒြဗ်၏ ဒိသာအမည်ကို အတူရှိသော နိမ္မာန်၌ တင်စား၍ ဆိုသောကြောင့် သဒိသူပစာ၊ ရုဠှီနည်း။

**သမ္မာဂတတ္တာ**။ ။ သမ္မာ အာဂတတ္တာဟူ၍ လည်းကောင်း၊သမ္မာ ဂတတ္တာ ဟူ၍လည်းကောင်း ပုဒ်ဖြတ်၍ နှစ်နက်ရကောင်းသောကြောင့် ဘိန္နသတ္တိသမဝေသနည်း၊သိလေသနည်း၊ပဒီပနည်း၊တန္တနည်း၊ဧကသေသနည်း၊ သာမညနိဒ္ဒေသနည်းတို့ ရနိုင်သည်။

နံပါတ် (၁၀)

**ဂမနေန-အရ** မဂ်လေးပါးကိုကောက်။လက္ခဏာဟာရနေတ္တိ။ဆရာတော်ဦးဗုဓ် မှုအတိုင်းရေး။

******************

http://www.dhammadownload.com



## ဝါကျစဉ် (၁၉)

(က) သဗ္ဗထာ ဝိဒိတလောကတ္တာ ပန **လောကဝိဒူ**။

( ခ) သော ဟိ ဘဂဝါ သဘာဝတော သမုဒယတော နိရောဓတော နိရောဓူပါယတောတိ သဗ္ဗထာ လောကံ အဝေဒိ အညာသိ ပဋိဝိဇ္ဈိ။

( ဂ) ယထာဟ-ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။

(ဃ) နစာဟံ အာဝုသော အပ္ပတွာဝ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။

[ဝိ၊ ဋ္ဌ၊ ၁။ ၈၉/၉၀။]

*****************

### နံပါတ် (၁)

(ခ) ဟိ-ချဲ့။ **တစ်နည်း**။ဟိ-သစ္စံ။ သဘာဝတော-ဒုက္ခသစ္စာဟူသော သဘောလည်းကောင်း။ လောကံ-သင်္ခါရလောကကို။ ဝါ-ခန္ဓာစသောလောကကို။(ဝိမတိ)

(ဂ) ယတ္ထ-အကြင်သင်္ခါရလောကအဆုံး၌။နဇာယတိ-ဖြစ်လည်းမဖြစ်ရ။တံ အန္တံ-ထိုအဆုံးကို။ဂမနေန-ပကတိသွားခြင်းဖြင့်။တံ၊ခန္ဓာစသောလောကကို။တံ-ထိုသို့ဇာတိစသည်မှ ကင်းသောသဘောရှိသော။အန္တံ-အဆုံးဖြစ်သော နိဗ္ဗာန်ကို။

(ဃ) အာဝုသော-ငါ့ရှင် ရောဟိတနတ်သား။အဟံ-ငါဘုရားသည်။လောကဿ-သင်္ခါရလောက၏။အန္တံ-အဆုံးဖြစ်၍ဖြစ်သော နိဗ္ဗာန်သို့။အန္တကိရိယံ အဆုံးပြုခြင်းကို။

### နံပါတ် (၂)

**(ခ) သို့**။ ။ ဆရာသည် (က) ဖြင့် လောကဝိဒူကို လောကံ သဗ္ဗတ္ထ အဝေဒိ အညာသိ ပဋိဝိဇ္ဈိတိ လောကဝိဒူ-ဟု ဝစနတ္ထပြုအပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ယင်းသို့ ဆိုအပ်သော် လောကဝိဒူ-ဟူသော သံဝဏ္ဏေတဗ္ဗပါဋ္ဌိရပ်၌ သဗ္ဗထာ မပါသောကြောင့် ဝိဒိတလောကတ္တာ-ဟု ဆိုက လိုအပ်သောအနက် ပြီးရာသည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် သဗ္ဗထာဟု အပိုထည့်စွက်၍ ဖွင့်ဆိုသော ဆရာ့စကား အသို့သင့်နိုင်အံ့ နည်း။ သဒ္ဒါအနက် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။စုဒ်ကြောင့် (ခ) မိန့်။

**မှတ်ချက်** ။ ။ (ခ) သည် သဗ္ဗထာ၏ သရုပ်ပြ အကျယ်စကားဖြစ်သည်။ထို့ကြောင့် ထိုအလို ဝိတ္ထာရတက်။

**(ဃ)သို့**။ ။ ဆရာသည်(ဂ)ဖြင့် ဘုရားရှင်သည် ပဒဂမနဖြင့် လောက၏အဆုံး နိဗ္ဗာန်ကို မသိအပ်။ မရောက်အပ်ဟူ၍ ဟောတော်မူ၏ဟု ဖွင့်ပြတော်မူအပ်၏။ထိုသို့သာ ဆိုချေသော် နိဗ္ဗာန်သို့ မရောက်ငြားသော်လည်း ဝဋ်ဆင်းရဲအဆုံးကို ပြုနိုင်သည် ဟူ၍ကား မှတ်နိုင်ကောင်းရာသည် မဟုတ်ပါလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

### နံပါတ် (၃)

**(ခ) ဒဋ္ဌီကရဏာ။(တစ်နည်း) ဝိတ္ထာရ။(ဂ)အာဂမဒဋ္ဌီ။(တစ်နည်း) ဇုတိရေက။(ဃ)ဥပနျာသ စာစပ်**။ ။သဘာဝတော ကား ကြောင့်ပေး၊ ဣတိ၌ သရူပ+သရူပဝန္တ စပ်။

**တစ်နည်း** ဖြင့် ပေးသောကြောင့်၊ အဝေဒိ စသည်၌ ကြိယာဝိသေသန+ဝိသေသျစပ်။

http://www.dhammadownload.com



နံပါတ် (၄)

**ဝိဒိတလောကတ္တာ ။ ။ ဝေဒိတဗ္ဗောတိတိ ဝိဒိတော။ဝိဒိတော လောကော ယေနာတိ ဝိဒိတလောကော။ ဝိဒိတလောကဿ ဘာဝေါ ဝိဒိတလောကတ္တံ။**

ဝိဒိတလောက တဒ္ဓိတ် အရ သိအပ်ပြီးသော လောကရှိသော မြတ်စွာဘုရားသည် မုချ။ထို၏ တ္တ -ပစ္စည်းအရ လောကကို သိခြင်းကြိယာနှင့် နိသျ+နိဿိတ စပ် ဌာန။တ္တပစ္စည်း အရ ထို သော သိအပ်ပြီးသော လောက ရှိတော်မူသော မြတ်စွာဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ လောကကို သိခြင်းဉာဏ်(ဝါ)ကြိယာ ရ၏။

**သမုဒယ ။ ။ သမုဒေတိ ဧတသ္မာတိ သမုဒယော။**

**နိရောဓ ။ ။ နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓော။**

ရုဓ ဓာတ်အရ ကတ္တုဠ္ဌ ကား ဒုက္ခ၊သမုဒယတို့၏ အဘာဝသည် မုချ။အဓိကရဏတ္ထကား နိဗ္ဗာန်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ဏပစ္စည်း အရ ထိုသော နိရောဓသစ္စာ နိဗ္ဗာန်ရ၏။

**နိရောဓုပါယ ။ ။ နိရောဓဿ ဥပါယော နိရောဓုပါယော။**

**ပဗ္ဗေယျ ။ ။ ပဗ္ဗတေ ပါပုဏီယတေတိ ပဗ္ဗေယျံ။**

ပဒ ဓာတ် ကတ္တုဠ္ဌကား နိဗ္ဗာန်ကို အလိုရှိသော ကလျာဏပုထုဇဉ်၊အရိယာတို့၏ သန္တာန်၌ဖြစ်သော ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ် မုချ။ကမ္မဋ္ဌ ကား နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ဏေယျပစ္စည်း အရ ထို သော နိဗ္ဗာန်ရ၏။

နံပါတ် (၅)

**သဘာဝတော**။ ဣတိ၌ စပ်အပ်သောကြောင့် တောပစ္စည်း လင်္ဂတ္ထ၌ သက်သည်။ [ဘာ-ဋီ]

**တစ်နည်း**။ ။ အဝေဒိ ကြိယာကို အထူးပြုသောကြောင့် ကြိယာဝိသေသနန၌ သက် [မအူ]

**လောက** ။ လုစ + ဏ။ **သမုဒယ** ။ သံ+ဥ+ဣ+ဏ။ **ဥပါယ** ။ ဥပ-ဣ+ဏ။

**အန္တ** ။ အမ + တ။ **ဒုက္ခ**။ ဒုက္ခ + အ။ **တစ်နည်း**။ ဒုသဒ္ဒါ ခါဒ + [ခနု] ကွိ။

နံပါတ် (၆)

**(က) ဝိဒိတလောကတ္တာဖြင့်** လောကဝိဒူ၌ လောကသဒ္ဒါပုပဒ+ဝိဒဓာတ+ ဦပစ္စည်း၊ယင်း ဦ ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်၍ လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ-ဟု ကတ္တုသာဓန ဝစနတ္ထပြုအပ်သည်ကို သိစေ။**သဗ္ဗထာ** ဖြင့် လောကကို သိရာ၌ တစ်စိတ်တစ်ဒေသ သိသည်မဟုတ်။သိဖွယ်ဟူသမျှ အလုံးစုံ အကုန်အစင် သိ၏ ဟူသော အဓိပ္ပာယ်ကို သိစေ။

**(ခ) အညာသိဖြင့်** လောကဝိဒူ၌ ဝိဒဓာတ်သည် ရခြင်းအနက်၌ မဖြစ်၊သိခြင်းအနက်၌ ဖြစ်သည်ကိုသိစေ။ ပဋိဝိဇ္ဈိဖြင့် အညာသိ၌ ဉာဓာတ်သည် ဇာဂရဓသော အနက်တို့၌ မဖြစ်၊ပဋိဝေဓအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊အဝေဒိ၊ အညာသိ ပဋိဝိဇ္ဈိ တို့၌ ဤ ဝိဘတ်တို့ဖြင့် ဦ ပစ္စည်း၏ အဘီတတ္ထကို သိစေ။

**သဘာဝတော စသည်ဖြင့်** ထို အကြွင်းမရှိ သိခြင်း ဟူသည်လည်း သဘာဝ,လောကသမုဒယ, လောကနိရောဓ,လောကနိရောဓုပါယအားဖြင့် သိပြီ-ဟူသော အဓိပ္ပာယ်ကို သိစေ။

**သော အဂဝါဖြင့်** လောကဝိဒူ အရ မြတ်စွာဘုရားကို အရ ကောက်ယူအပ် သည်ကို သိစေ။ (ကြွင်း (က)ဝါကျအတိုင်း ဖေါ်ပါ။)

http://www.dhammadownload.com



နံပါတ် (၇)

**ဉာတေယျံ/ဉာတာယံ...**

ဉာ ဓာတ် တေယျ ပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊ ဋီကာ၌ ဓာနိတဖွံ့ဟု တေယျ၏ ပရိယာယ်ဖြစ်သော တဗ္ဗပစ္စည်းဖြင့် ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ ဉာတေယျံ ပါဌ်သင့်။

ဉာတာယံ ပုဒ်ကို ဉာတာ+အယံဟု ပဒစ္ဆေဒပြု၍ ဉာတာ၌ ဉာဓာတ်+တု ပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊အယံ၊ဤနိဗ္ဗာန်ကိုအလိုရှိသူသည်။ဉာတာ-သိ၏။ဒိဋ္ဌာ၊မြင်၏။ပတ္တာ၊ရောက်၏။ဣတိ န ဝဒါမိ-ဟု အတ္ထယုတ္တိ ရှိနိုင်သောကြောင့်လည်းကောင်း ဉာတာယံ ပါဌ်လည်းသင့်။

**'ဉာတာယံ ဒိဋ္ဌာယံ ပတ္တာယ' န္တိ ပါဌော။ [သာရတ္ထ၊ ၁။ ၂၄၀။]**

**ဒဋ္ဌေယျ/ဒိဋ္ဌေယျ...**

ဒိသဓာတ်၊တေယျပစ္စည်း။တေယျ၌ တ ကို ရိဋ္ဌပြု၍ ပြီးသောကြောင့် ဒိဋ္ဌေယျ သင့်။[ဘာ + ဋီ]

ဒဋ္ဌေယျန္တိ ဒဋ္ဌဗ္ဗံ-ဟု ဖွင့်သောကြောင့် လည်းကောင်း၊တေယျ၌ တ ကို ရဋ္ဌ ပြု၍ ဓာတွန်နှင့်တကွ ရ-အနုဗန်ကိုချေ ဒိ-၌ ဣကို ချေပြီးသောကြောင့် လည်းကောင်း ဒဋ္ဌေယျ ပါဌ်လည်းသင့်။

နံပါတ် (၈)

**နာဟံ တံ ဂမနေန၌ ဂမန။** ။ အပေါင်းဖြစ်သော ကာယဂမန ဉာဏဂမနတို့၏ အမည်ကို အစိတ်ဖြစ်သော ကာယဂမန၌ တင်စား ဧကဒေသူပစာ။ **[ယောဇနာ]**

**လောကဿ အန္တံ ။** ။ အပေါင်းဖြစ်သော လောကသုံးပါး၏ အမည်ကို အစိတ်ဖြစ်သော သင်္ခါရလောက၌ တင်စား ဧကဒေသူပစာ။ **(လောကဿအန္တန္တိ သင်္ခါရလောကဿ အန္တဘူတံ နိဗ္ဗာနံ။) သာရတ္ထ။**

**ကဠေဝရ။။** ဒေသဋ္ဌာနဖြစ်သော ကိုယ်၏ ကဠေဝရ အမည်ကို အဒေသဋ္ဌာနီဖြစ်သော နိဗ္ဗာန်၌ တင်စား ဋ္ဌာနူပစာ။ [သာရတ္ထ၊ ၁။ ၂၄၀။]

**တစ်နည်း။။** နိဗ္ဗာန်၌မှီတတ်သော သတ္တဝါမရှိပါဘဲလျက် ကဠေဝရဟူ၍ မှီတတ်သကဲ့သို့ ဆိုသောကြောင့် တဒ္ဓမ္မူပစာ။

နံပါတ် (၁၀)

လောကဝိဒူ၌ ဝိဒ ဓာတ်အရ ပဒဋ္ဌာနာဟာရ နေတ္တိ။အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကောက်။

**************

**ဝါကျစဉ် (၂၀)**

(က) အတ္တနော ပန ဂုဏောဟိ ဝိသိဋ္ဌတရဿ ကဿစိ အဘာဝါ နတ္ထိ တေဿ ဥတ္တရောတိ အနုတ္တရော။

(ခ) တထာ ဟေဿ သီလဂုဏောနာပိ သဗ္ဗံ လောကမဘိဘဝတိ။

(ဂ) သမာဓိ ။ပ။ ပညာ ။ပ။ ဝိမုတ္တိ ။ပ။ ဝိမုတ္တိဉာဏဒဿနဂုဏောနာပိ။

(ဃ) သီလဂုဏောနာပိ အသမော အသမသမော အပ္ပဋိမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော ။ပ။ ဝိမုတ္တိဉာဏဒဿနဂုဏောနာပိ။ (ဝိ၊ဋ္ဌ၊၁။၉၂။)

**************

http://www.dhammadownload.com



## နံပါတ် (၁)

(က) အတ္တနောမိမိထက်။[**အတ္တနောတိ နိသက္ကတ္ထေ သာမိဝစနမေတံ**] ဂုဏေဟိ၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန ဟူသော ဂုဏ်တော်တို့ဖြင့်။ဝိသိဋ္ဌတရဿ၊သာလွန်ထူးကဲသော။ကဿစိ၊ တစ်စုံတစ်ယောက်၏။**တစ်နည်း**-ကဿစိပိ-တစ်စုံတစ်ယောက်၏လည်း။ အဝိသဒ္ဒါကား လုတ္တနိဒ္ဒိဋ္ဌ။ [**ကဿစီတိ ကဿစိပိ**] သာရတ္ထ။

(ခ) သီလဂုဏေနာပိ-လောကီလောကုတ္တရာဖြစ်သော သီလဂုဏ်ဖြင့်လည်း။လောကေ၊သတ္တလောကကို။

(ဂ) အသမော၊တစ်ခါတစ်လေမျှ အတူရှိတော်မမူ။အသမသမော၊အတူမရှိသော ရှေးဘုရားတို့နှင့်သာတူတော်မူ၏။(**တစ်နည်း**)အသမသမော။အတူမရှိသော ရှေးဘုရားရှင်များဟူသော အတူရှိတော်မူ၏။အပ္ပဋိမော၊ ဂုဏ်အားဖြင့် အတူရှိတော်မမူ။အပ္ပဋိဘာဂေါ၊ဂုဏ်အားဖြင့် တူသောအဖို့ ရှိတော်မမူ။အပ္ပဋိပုဂ္ဂလော၊ဂုဏ်အားဖြင့် ပြိုင်ဖက်ပုဂ္ဂိုလ် ရှိတော်မမူ။

## နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာသည် (က)ဖြင့် ကိုယ်တော်ထက် ဂုဏ်တော်တို့ဖြင့် အလွန်အားဖြင့်ထူးသော တစ်စုံတစ်ယောက်သောသူ မရှိခြင်းကြောင့် အနုတ္တရမည်တော်မူ၏-ဟု ဖွင့်ပြတော်မူအပ်၏။ယင်းသို့ဆိုသော် ဘုရားရှင်သည် အခြားသော ရဟန္တာတို့နှင့် အသေက္ခအဖြစ်ဖြင့် တူသည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် တစ်စုံတစ်ယောက်သော တူသူမရှိ-ဟု ဖွင့်ဆိုခြင်းသည် အသို့သင့်အံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

**မှတ်ချက်** ။ ။(ခ)သည် ဂုဏေဟိအရနှင့် အခြားသော ပုဂ္ဂိုလ်တို့ထက် သာလွန်မြင့်မြတ်ပုံကို ချဲ့ပြသည်။ ထိုအလို ဝိတ္ထာရ တစ်နည်းတက်။

**(ဃ)သို့ အနုသန္ဓေ**။ ။ ဤသို့ (က) စသော ဝါကျတို့ဖြင့် သီလစသော ဂုဏ်တော်တို့ဖြင့် ဘုရားရှင်ထက်သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ်မရှိသည်ကို ဖွင့်ပြတော်မူ ပြီး၍။ ယခုအခါ၌ ယင်းဂုဏ်တော်တို့ဖြင့် ဘုရားရှင်နှင့်တူသူ သဒိသပုဂ္ဂိုလ်မရှိသည်၏ အဖြစ်ကိုလည်း ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ) မိန့်။

**ဧဝံ သီလာဒိဂုဏေဟိ ဘဂဝတော ဥတ္တရိတရဿ အဘာဝံ ဒဿေတွာ ဣဒါနိ သဒိသဿာပိ အဘာဝံ ဒဿေတုံ 'သီလဂုဏေနာပိ အသမော'တိ အာဒိ ဝုတ္တံ**။ [သာရတ္ထ၊ ၁။ ၂၈၈။]

**မှတ်ချက်**။ ။စောဒနာတက်ရာ၌ ဘုရားရှင်အား ဝိသိဋ္ဌတရပုဂ္ဂိုလ်သာမရှိသည်၊သဒိသပုဂ္ဂိုလ်ကား ရှိသေး၏ဟု မှတ်ရအံ့လော။ ဤသို့ အာဘော်ထား၍ တက်ပါ။

## နံပါတ် (၃)

**(ခ)ဝိတ္ထာရ**။**တစ်နည်း-ဒဠှီ**။**(ဂ)ဝါကျာရမ္ဘ**၊**(ဃ)ဝါကျာရမ္ဘ**။မိမိထက်ဝိသိဋ္ဌတရ ပုဂ္ဂိုလ်သာမရှိသည်၊ သဒိသပုဂ္ဂိုလ်ကား ရှိသည်ဟု မှတ်ယူရအံ့လောဟူသော စောဒနာကို ပယ်လို၍ ဆက်လက်အားထုတ်သောကြောင့်။

**စာစပ်**။ ။ အတ္တနော ကား ထက်-ကြောင့် ဝိသိဋ္ဌတရဿ၌ ဝိဘတ္တအပါဒါန်/ဝိဘတ္တအပါဒ်။

## နံပါတ် (၄)

**ဝိသိဋ္ဌတရ ။။ အတိသယေန ဝိသိဋ္ဌောတိ ဝိသိဋ္ဌတရော**။

ဝိသိဋ္ဌတဒ္ဓိတ် အရ သာမန်ထူးသူသည် မချ။ထို၏ တရ ပစ္စည်းအရ အထူးသဖြင့် ထူးသော

http://www.dhammadownload.com



မြတ်စွာဘုရားနှင့် ဂုဏ်/ဂုဏေး စပ် ဌာန္နပစာ။တရ ပစ္စည်းအရ ထို-သော မြတ်စွာဘုရား ရ၏။

**သီလဂုဏာ။ ။ သီလမေဝ ဂုဏော သီလဂုဏော။**

သီလ ဝိသေသန အရ သီလ၏ အဖြစ်ဟူသော သမ္ဘာဝနာဘောဂုဏ်သည် မုချ။ထို၏ ဂုဏ်နှင့် ဂုဏ်/ဂုဏေး စပ် ဌာန္န။ပုဒ်လုံး အရ ထို-သော သီလဟူသော ဂုဏ်တော်ရ၏။

**ဝိမုတ္တိဉာဏဒဿန ။ ။ ဝိမုစ္စတိ ဝိမုတ္တိ။(တစ်နည်း) ဝိမုစ္စတ္တာတိ ဝိမုတ္တိ။**

**ဉာဏဉ္စ တံ ဒဿနဉ္စာတိ ဉာဏဒဿနံ။**

**ဝိမုတ္တိယာ ဉာဏဒဿနံ ဝိမုတ္တိဉာဏဒဿနံ။**

ဝိမုတ္တိ-ဝိသေသန အရ အရဟတ္တဖိုလ်သည် မုချ။ထို၏ ပစ္စဝေက္ခဏာဉာဏ်နှင့် အာရုံ/အာရမ္မဏိက စပ် ဌာန္နပစာ။ပုဒ်လုံးအရ ထို-သော အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် ရ၏။

**အသမ ။ ။ နတ္ထိ ဧတဿ သီလာဒိဂုဏေန သမောတိ အသမော။**

**အသမသမော ။ ။ အသမေဟိ သမော အသမသမော။**

အသမ ဟူသော ဝိသေသန အရ အတူမရှိသော ရှေးဘုရားရှင်တို့သည်မုချ။ထို၏ ဂေါတမ ဘုရားရှင်နှင့် သဒိသ/သဒိသီ စပ်၊ ဌာန္န။ပုဒ်လုံးအရ ထို-သော အတူမရှိသော ရှေးဘုရားတို့နှင့် တူတော်မူသော ဂေါတမ ဘုရားရှင် ရ၏။

**အပ္ပဋိမ ။ ။ နတ္ထိ ပဋိမာ ဧတဿာတိ အပ္ပဋိမော။**

**အပ္ပဋိဘာဂ ။ ။ နတ္ထိ ပဋိဘာဂေါ ဧတဿာတိ အပ္ပဋိဘာဂေါ။**

**လောက ။ ။လောကိယန္တိ ပတိဋ္ဌယန္တိ ဧတ္ထ ပုညာပုညာနိ တဗ္ဗိပါကောတိ လောကော။**[သတ္တလောက ရ]

နံပါတ် (၅)

**ဝိသိဋ္ဌ။** ဝိ-သိသ+တ။ **ဥတ္တရ။** ဥ-တရ + အ။ **သမာဓိ။** သံ-အာ-ဓာ+ဣ။

**ပညာ။** ပ-ဉာ+အ။ **ဝိမုတ္တိ။** ဝိ-မုစ+တိ။ **ပဋိမာ။** ပဋိ-မာ+အ။ **သမ ။** သမ+အ။

နံပါတ် (၆)

(က) **နတ္ထိ ဧတဿ ဥတ္တရောဖြင့်** အနုတ္တရော-၌ နပုဒ်+ဥတ္တရပုဒ် န ဥတ္တရော အနုတ္တရောဟုဝစနတ္ထမပြုရ၊ နတ္ထိ ဥတ္တရော ဧတဿာတိ အနုတ္တရော-ဟု ဝစနတ္ထ ပြုအုပ်သည်ကို လည်းကောင်း၊န ကို အန် ပြု၍ပြီးသည်ကိုလည်းကောင်း၊န နိပါတ်၏ အညစသော အနက်တို့၌မဖြစ် အဘာဝအနက်၌ ဖြစ်သည်ကို လည်းကောင်း သိစေပါသည်။

**အတ္တနောစသည်ဖြင့်** ကိုယ်တော်မြတ်ထက် သီလစသော ဂုဏ်တို့ဖြင့် သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ် မရှိသည်၏အဖြစ်ကြောင့် အနုတ္တရမည်၏-ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

နံပါတ် (၇)

**အတ္တနော/အတ္တနာ…**

**အတ္တနောတိ နိဿက္ကတ္ထေ သာမိဝစနမေတံ။အတ္တတောတိ အတ္ထော**-ဟု ဋီကာ၌ ဖွင့်ဆိုသောကြောင့် အပါဒါန်အနက်၌ သာမိဝိဘတ်သက်၍ ပြီးရကား အတ္တနော ပါဌ်သာသင့်။

http://www.dhammadownload.com


လောကမဘိဘဝတိ/လောကမဘိဘုယျတိ...

သေဟူသောကဲတွားနှင့် သဗ္ဗဟူသောဝိသေသနပုဒ်တို့ကို ထောက်၍ လောကမဘိဘဝတိဟူသော ကတ္တားဟော ကြိယာပါဠ်သာ သင့်။

**ရှင်းချက်** ။။ သေကတ္တားသည် ပဌမာဝိဘတ်ဖြင့် ရှိနေခြင်း သဗ္ဗ ဝိသေသနသည် သဗ္ဗောဟု ပဌမာဝိဘတ် မရှိမူ၍ သဗ္ဗဟု အဝုတ္တကံဖြင့် ဝိသေသနရှိနေခြင်းတို့ကြောင့်တည်း။

နံပါတ် (၉)

**အတ္တနော** ။။ အတ္တနာဟု ပဉ္စမီဝိဘတ်ဖြင့် ဆိုသင့်လျက် အတ္တနော-ဟု ဆဋ္ဌီဝိဘတ်ဖြင့် ဆိုသောကြောင့် ဝိဘတ္တိဝိပလ္လာသ နည်း။

**သီလဝုဏေနာပိ** ။ ။ အကျိုးဖြစ်သော သီလဂုဏ်ဖြင့် လွှမ်းမိုးနိုင်ခြင်း၏ အမည်ကို အကြောင်းဖြစ်သော ဟိရီ ဩတ္တပ္ပ မေတ္တာ ကရုဏာ သဒ္ဓါ သတိ ဝီရိယ ပညာတို့ဖြင့်လည်း လွှမ်းမိုးခြင်း၌ တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

နံပါတ် (၁၀)

**သမာဓိ ပညာ အရ** - လောကီ လောကုတ္တရာ သမာဓိ ပညာကိုကောက်။

**ဝိမုတ္တိဉာဏဒဿန အရ**- လောကီပစ္စဝေက္ခဏာဉာဏ်ကို ကောက်။

*************

**ဝါကျစဉ် (၂၁)**

(က) ပုရိသဒမ္မေ သာရေတီတိ **ပုရိသဒမ္မသာရထိ**။

(ခ) ဒမေတိ ဝိနေတီတိ ဝုတ္တံ ဟောတိ။

(ဂ) တတ္ထ **ပုရိသဒမ္မာတိ** အဒန္တာ ဒမေတုံ ယုတ္တာ တိရစ္ဆာနပုရိသာပိ မနုဿပုရိသာပိ အမနုဿပုရိသာပိ။

(ဃ) တထာ ဟိ ဘဂဝတာ တိရစ္ဆာနပုရိသာပိ အပလာဠော နာဂရာဇာ စူဠောဒရော မဟောဒရော အဂ္ဂိသိခေါ ဓူမသိခေါ အရဝါလော နာဂရာဇာ ဓနပါလကော ဟတ္ထီတိ ဧဝမာဒယော ဒမိတာ နိဗ္ဗိသာ ကတာ သရဏေသု စ သီလေသု စ ပတိဋ္ဌာပိတာ။ (ဝိ၊၁၊ ၉၃။)

*************

နံပါတ် (၁)

(က) ပုရိသဒမ္မေ-ဆုံးမထိုက်သော ယောကျ်ားတို့ကို။သာရေတိ-လိုရာအရပ်သို့ ရောက်အောင် သွားစေတော်မူနိုင်၏။

ပုရိသသဒမ္မသာရထိ-ဆုံးမထိုက်သော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို လိုရာအရပ်သို့ ရောက်အောင် သွားစေနိုင်၏။ [သဒ္ဒတ္ထ] ဝါ-ဆုံးမထိုက်သော ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမနိုင်၏ [အဓိပ္ပါယတ္ထ]

(ခ) ဒမေတိ-ငြိမ်သက်စေတော်မူနိုင်၏။ဝိနေတိ-ဆုံးမတော်မူနိုင်၏။

(ဂ) တတ္ထ-ထို ပုရိသဒမ္မသာရထိ ပုဒ်၌။အဒန္တာ-မဆုံးမအပ်ကုန်သေးသော။[ဝါ]မယဉ်ကျေးကုန်သေးသော။

http://www.dhammadownload.com



(ဃ) နိဗ္ဗိသာ-ဒေါသတည်းဟူသော အဆိပ်အတောက် မရှိသည်တို့ကို။

နံပါတ် (၂)

(ခ) သို့။ ။ ဆရာသည် (က) ဖြင့် ပုရိသဒမ္မသာရထိကို ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိဟု ကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုအပ်သည်ကို ဖွင့်ပြအပ်၏။ဆုံးမထိုက်သော ယောက်ျားတို့ကို လိုရာအရပ်သို့ ရောက်အောင်သွားစေခြင်းဟူသည် အဘယ်ပါနည်း။လိုရာအရပ်သို့ ရောက်အောက် သွားစေပုံ ဥဇုကတ္တကို မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

(ဂ)သို့။။ ဆရာသည် (က) ဖြင့် ပုရိသဒမ္မသာရထိကို ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ-ဟု ကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုအပ်သည်ကို ဖွင့်ပြအပ်၏။ယင်းသို့ ပြဆိုသည်ရှိသော် ပုရိသဒမ္မသာရထိ၌ ဈျ-ပစ္စည်းသည် ကိစ္စပစ္စည်းဖြစ်သောကြောင့် ဤ၌ ကတ္တုသာဓနေ စသည်ဖြစ်လေသလော။ဒမ္မ-အရ အဘယ်ကို ယူအပ်ပါသနည်း။ပုရိသနှင့်ဒမ္မကိုအဘယ်သမာသ် တွဲစပ်အပ်ပါသနည်း။တပ္ပုရိသ်သမာသ်စသည် တွဲစပ်အပ်ပါသလော။ယင်းပုရိသနှင့် ဒမ္မကို ယထာရုတ ပါဠိရှိတိုင်း ရှေ့နောက်အနက် မှတ်ရအံ့လော။အဘယ်သို့ မှတ်ရအံ့နည်း။ စုဒ်ကြောင့် [ဂ]မိန့်။

(ဃ) သို့။။ ဆရာသည် (ဂ) ဖြင့် ပုရိသဒမ္မအရ ဆုံးမခြင်းငှာ ထိုက်သော တိရစ္ဆာန်ယောက်ျားတို့ကိုလည်းယူအပ်၏-ဟု ဖွင့်ပြအပ်၏။ထို၌တိရစ္ဆာနပုရိသအရ အဘယ်တိရစ္ဆာန်ယောက်ျားတို့ကို ယူ၍ အဘယ်သို့ဆုံးမတော်မူအပ်ပါသနည်း။တိရစ္ဆာနပုရိသအရ ဆုံးမပုံ အခြင်းအရာကို အကျယ်အားဖြင့် မပြဆိုပြီလော။ စုဒ်ကြောင့် [ဃ]မိန့်။

(တစ်နည်း) ဌပနာတူ။ပုရိသဒမ္မအရ တိရစ္ဆာန်ယောက်ျားတို့သည် မဂ်ဖိုလ်ရခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ လူယောက်ျားတို့ကိုသာ ကောက်ယူသင့်သည် မဟုတ်ပါလော။ယင်းသို့ တိရစ္ဆာန်ယောက်ျားတို့ကိုလည်း ပုရိသဒမ္မအရ ကောက်ယူခြင်းသည် အဘယ်သို့သော အကြောင်းယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့် [ဃ]မိန့်။

နံပါတ် (၃)

**(ခ) ဝိတ္ထာရ။ တစ်နည်း-ဝါကျာရမ္ဘ။ (ဂ) ဝိတ္ထာရ ။ (ဃ) ဝိတ္ထာရ။တစ်နည်း-ယုတ္တိဒဋ္ဌိကရဏ။**

**စာစပ်။** ။ဘဂဝတာကား သည် ကြောင့်၊ဒမိတာ ကတာ ပတိဋ္ဌာပိတာတို့၌ အဝုတ္တကတ္တား/ကိတ်ကြိယာ။

နံပါတ် (၄)

**ဒမ္မ။-** ။ **ဒမိဗ္ဗာတိ ဒမ္မာ။**

ဒမုဓာတ် အရ ကတ္တုဋ္ဌကား မြတ်စွာဘုရား၏ သန္တာန်၌ မဟာကရုဏာ၊မေတ္တာ၊ဉာဏ်တော်တို့သည် မုချ။ကမ္မဋ္ဌကား ယောက်ျားတို့၏ အာရမ္မဏပစ္စယသတ္တိ၊ပကတူပနိဿယသတ္တိသည် ဖလူ။ဈျပစ္စည်းအရ ထို-သော ဆုံးမထိုက်သော ယောက်ျား ရ၏။

**တိရစ္ဆာန ။** ။ **တိရော အဉ္စန္တီတိ တိရစ္ဆာနာ။[တိရေ+အဉ္စ+ယု]**

**တိရန္တိ အဓော ဂစ္ဆန္တီတိ တိရစ္ဆာနာ။ [တိရ + စ္ဆာန] [သဒ္ဒနီတိ]**

**တိရစ္ဆာနပုရိသ။** ။ **တိရစ္ဆာနာ စ တေ ပုရိသာ စာတိ တိရစ္ဆာနပုရိသာ။**

တိရ-အရ ဖီလာဖြစ်ခြင်း မုချ။ထို၏ သွားခြင်းကြိယာနှင့် ကမ္မ/ကမ္မီ စပ် ဌာနူ။အဉ္စ ဓာတ်အရ

http://www.dhammadownload.com



သွားတတ်သော ဝိညတ္တိသမုဋ္ဌာပက စိတ္တုပ္ပါဒ်[ဝါ]တိရစ္ဆာန်တို့၏ စတုဇရုပ်တို့၏ ဥပါဒ်သည် မုချ။ယု-ပစ္စည်းအရ ထိုသော တိရစ္ဆာန် ယောကျ်ားတို့ ရ၏

**မနုဿာ။** ။ **မနော ဥဿံ ယေသန္တိ မနုဿာ။န မနုဿာ အမနုဿာ။**

န ဝိသေသနအရ အရ သဒိသဘောဂုဏ်သည် မုချ။ထို၏ မနုဿအရ လူ မဟုတ်သော နတ်စသည်တို့နှင့် ဂုဏ်/ဂုဏေးစပ် ဋ္ဌာနူ။ ပုဒ်လုံးအရ ထို-သော လူမဟုတ်သော နတ်စသူတို့ ရ၏။

**ဝိသ ။။ ဝိသတိ ပဝိသတိ လောဟိတာနုသာရေန သရီရေ ဗျာပတီတိ ဝိသံ။ ဝိသံ ဝိယာတိ ဝိသံ။**

**နိဗ္ဗိသာ။** ။ **နတ္ထိ ဝိသံ ယေသန္တိ နိဗ္ဗိသာ။**

**သရဏာ။** ။ **သရတိ ဘယံ ဟိံသတီတိ သရဏံ။**

သရ ဓာတ်အရ ဘေးကိုဖျက်ဆီးတတ်သော သရဏဂုံသုံးပါး၏ ပကာတူပနိဿယသတ္တိ မုချ။သတ္တဝါတို့၏ ဘယ ဟိံသန ဟိတသုခ စသော အကျိုးသည် ကာရဏူ။ယု-ပစ္စည်းအရ ထိုသော သရဏဂုံသုံးပါး ရ၏

**အဒဏ္ဍာ။** ။ **ဒမ္မန္တိ ဒမ္မိံသူတိ ဝါ ဒဏ္ဍာ၊ န ဒဏ္ဍာ အဒဏ္ဍာ။** [ဂဏ္ဌိသစ်။]

နံပါတ် (၅)

**ပုရိသာ။** ပူရ သဒ္ဒါ၊ သီ+အ ။ (ပူရ + ဣသာ။) **ဒမ္မ။** ဒမု + ဏျ။ **ဒဏ္ဍ။** ဒမု + တ။

**တိရစ္ဆာန။** တိရ သဒ္ဒါ၊ အဥ္စ + ယု။ **မနုဿ။** မန + ဥဿ။ **အဂ္ဂိ။** အဂ+ ဂိ

**သိခ။** သိ + ခ။ **စူမ။** စု + မန်။ **ခန။** ခန + အ [ ခနိယတေ သဒ္ဒိယတေတိ ခနံ]

နံပါတ် (၆)

(ခ) **ဒမေတိ** ဖြင့်-သာရထိ၌ သာရထိတ်သည် ဒုဗ္ဗလျတ္တ အနက်၌မဖြစ်၊ဒမနတ္ထအနက်၌ ဖြစ်သည်ကိုသိစေ။ **ဝိနေတိ**-ဖြင့် ဒမန-ဆုံးမခြင်းဟူသည် သံဝရာဒိဝိနည်း၌ တည်စေခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကိုသိစေ။

(ဂ) **ဒမေတုံ ယုတ္တာ**-ဖြင့် ဒမ္မ၌ ဏျပစ္စည်း၊ယင်းဏျပစ္စည်း၏ ကမ္မသာဓနေ၌သက်၍ ဒမိတဗ္ဗာတိ ဒမ္မာ-ဟု ဝဓနတ္တပြုအပ်သည်ကိုသိစေ။**အဒန္တာ**ဖြင့် ဒမ္မာအရ အလုံးစုံ အကုန်အစင် မဆုံးမရသေးသော သတ္တဝါတို့ကို ကောက်ယူအပ်သည်ကို သိစေ။**(တစ်နည်း)** တစိတ်တဒေသ ဆုံးမအပ်ပြီးသော သတ္တဝါတို့ကို ကောက်ယူအပ်သည်ကို သိစေ။

**အပေါင်းသံဝဏ္ဏနာဖြင့်** ဒမ္မာ စ တေ ပုရိသာ စာတိ ပုရိသဒမ္မာ-ဟု ဝိသေသနပရနိပါက ကမ္မဓာရည်းသမာသ် ဝဓနတ္တပြုအပ်သည်ကို သိစေ။**[ဝိသေနပရနိပါတောယံ]** ဋီကာ။

နံပါတ် (၇)

**ဒမေတိ/ဒမ္မေတိ...**

ဒမု ဓာတ်သည် ဘူဝါဒိ ဒိဝါဒိ စုရာဒိ တိဂဏိက ဓာတ်ဖြစ်၍ ဒမတိ ဒမ္မတိ ဒမေတိ ဟုသာ ရုပ်ထင်နိုင်၏။ ဒမ္မေတိ ရုပ်မထင်နိုင်။ ထို့ကြောင့် ဒမေတိ ပါဠ်သာ သင့်။ဒမ္မေတိပါဠ်မသင့်။ [ဂဏ္ဌိဟောင်း၌ ဒမ္မေတိ-ဟု ရှိနေ၏]

နံပါတ် (၈)

**ပုရိသဒမ္မ။** ။ပြင္ဒန်းသော ဆုံးမထိုက်သော ယောကျ်ားကိုဆိုသဖြင့် မပြင္ဒန်းသော ဆုံးမထိုက်သော မိန်းမတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။ [ဥက္ကဋ္ဌနည်း] ဋီကာ၊ ဓကဒေသူ။

http://www.dhammadownload.com



နိဗ္ဗိသာဒ္ဓိဝိသ။ ။အတူဖြစ်သော ပကတိအဆိပ်၏အမည်ကို အတူရှိသော ဒေါသ၌ တင် သဒိသူပစာ။ (ဂ) အဒန္တာ။ ။ အစိတ်ဖြစ်သော လုံးဝမယဉ်ကျေးသူ၊ တစ်စိတ်တစ်ဒေသ ယဉ်ကျေးသူတို့၏ အမည်ကို အပေါင်းဖြစ်သော လုံးဝမယဉ်ကျေးသူ၊တစ်စိတ်တစ်ဒေသ ယဉ်ကျေးသူ၊အလုံးစုံ ယဉ်ကျေးပြီးသူတို့၌ တင် ကေဒေသူပစာ [ဥပလက္ခဏာ၊] ကေသေသ။သာမညနိဒ္ဒေသနည်း။ **[အထဝါ သဗ္ဗေန သဗ္ဗံ အဒန္တာ ကေဒေသေန ဒန္တာစ ဣဓ အဒန္တဂဟဏေန သင်္ဂဟိတာတိ ဝေဒိတဗ္ဗံ။** [သာရတ္ထ ၁။၂၉၀။]

**နံပါတ် (၁၀)**

**သာရေတိအရ။** ။ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်။

သမာရောပနဟာရ ဟူသော်ကား။ သမာရောပိယန္တိ ဧတေန ပဒဋ္ဌာနာဒိမုခေန ဓမ္မာတိ သမာရောပနော -ဟူသော ဝစနတ္ထနှင့်အညီ သုတ္တာဂတဓမ္မတို့ကို ပဒဋ္ဌာန်၊ ဝေဝစ်၊ ပဟာန်အားဖြင့် ကောင်းစွာတင်ကြောင်း ဖြစ်၍ သမာရောပနဟာရ မည်၏။

ဒေသနာဉာဏ်တော်၏ ပဒဋ္ဌာန်ကား သကလဗုဒ္ဓဂုဏ်တည်း။ယင်း၏ပဒဋ္ဌာန်ကား သဗ္ဗညုတဉာဏ်တော်တည်း။ယင်း၏ ပဒဋ္ဌာန်ကား ပစ္စဝေက္ခဏာဉာဏ်တည်း။ယင်း၏ ပဒဋ္ဌာန်ကား အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်တည်း စသည်ဆို။ဤသို့ ပဒဋ္ဌာန်အားဖြင့် တင်ခြင်းသည် ပဒဋ္ဌာနသမာရောပန မည်၏။

ပုရိသဒမ္မေ၊ပုရိသဒမ္မနိယေ၊ ပုရိသသမ္မေ၊ ပုရိသသမနိယေ၊ ပုရိသဝိနီတဗ္ဗေ၊ပုရိသဝိနယေ၊အဒန္တာ ဒမေတုံ ယုတ္တေ၊အသန္တာ သမေတုံ ယုတ္တေ၊အဝိနယေ ဝိနေတုံ ယုတ္တေ ဤသို့ပါဌာနုသာရီ သမ္ဗန်စသည်ဖြင့် အထူးအထူးဆိုခြင်းသည် ဝေဝစနသမာရောပနမည်၏။

ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ဖြစ်သောအခါ သဒ္ဓါဒိပဋိန္ဒြေတို့ တိုးပွားကုန်၏။ထိုတွင် သတိန္ဒြေတို့ တိုးပွားခြင်းကြောင့် သတိပဋ္ဌာန် တိုးပွား၏။စသည်သွားလေ။ဤကား ဘာဝနာသမာရောပန တည်း။

သဒ္ဓိန္ဒြေတိုးပွားသဖြင့် သဒ္ဓါ၏ဆန့်ကျင်ဘက် အသဒ္ဓိယ၊သတိန္ဒြေ၏ဆန့်ကျင်ဘက်မုဋ္ဌသစ္စ၊သမာဓိန္ဒြေ၏ ဆန့်ကျင်ဘက် ဥဒ္ဓစ္စ၊ဝီရိယိန္ဒြေ၏ ဆန့်ကျင်ဘက် ကောသဇ္ဇ၊ပညိန္ဒြေ၏ဆန့်ကျင်ဘက် မောဟတို့သည် ပယ်ခြင်း စွန့်ခြင်းသို့ရောက် ကုန်၏။ ဤကား ပဟာနသမာရောပနတည်း။

ဤသို့ ပဒဋ္ဌာန် ဝေဝစ် ဘာဝနာအားဖြင့် တင်ခြင်းသည် သမာရောပနဟာရ မည်၏ဟူလိုသော်။

***************

**ဝါကျစဉ် (၂၂)**

(က) အထဝါ ဝိသုဒ္ဓသီလာဒီနံ ပဌမဇ္ဈာနာဒီနိ သောတာပန္နာဒီနဉ္စ ဥတ္တရိမဂ္ဂပဋိပဒံ အာစိက္ခိတွာ ဒန္တေပိ ဒမိတောယေဝ။

(ခ) အထဝါ အနုတ္တရော ပုရိသဒမ္မသာရထီတိ ဧကမေဝိဒံ အတ္ထပဒံ။

(ဂ) ဘဂဝါ ဟိ တထာ ပုရိသဒမ္မေ သာရေတိ၊ ယထာ ဧကပလ္လင်္ကေနေဝ အဋ္ဌဒိသာ အသဇ္ဇမာနာ ဓာဝန္တိ။

(ဃ) တသ္မာ **"အနုတ္တရော ပုရိသဒမ္မသာရထီ"**တိ ဝုစ္စတိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၉၃။]

******************

http://www.dhammadownload.com



နံပါတ် (၁)

**(က)** ဝိသုဒ္ဓသီလာဒီနံ ပဌမဇ္ဈာနာဒီနိ အာစိက္ခန္တောပိ ဒမေတိယေဝ၊ သောတာပန္နာဒီနဉ္စ ဥတ္တရိမဂ္ဂပဋိပဒံ အာစိက္ခန္တော ဒန္တေပိ။ [လိုက်သင့်သောပုဒ်လိုက်၍ အနက်ပေးသည်။]

ပုရိသဒမ္မသာရထိ-တစ်စိတ်တစ်ဒေသ ယဉ်ကျေးပြီးသော ဝိသုဒ္ဓသီလပုဂ္ဂိုလ်စသူ၊သောတာပန် စသူတို့ကို ပဌမဈာန်စသည် အထက်မဂ်အကျင့်တို့ကို ပြောပြလျက် ဆုံးမတော်မူတတ်၏။

အနုတ္တရော -မိမိထက် သီလစသော ဂုဏ်တော်တို့ဖြင့်မြတ်သော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မရှိ။ ပုရိသဒမ္မသာရထိ၊ဆုံးမထိုက်သော လူယောက်ျားတိရစ္ဆာန်ယောက်ျားတို့ကို ဆုံးမတော်မူတတ်၏။[ဒွိအတ္ထပဒကြံ] **(တစ်နည်း)**အနုတ္တရော။အခြားဆရာများနှင့် တူတော်မမူပဲ သာလွန်ကျွမ်းကျင်တော်မူသော။ပုရိသဒမ္မသာရ ထိ၊ ဆုံးမထိုက်သော ယောက်ျားတို့ကို ဆုံးမတော်မူနိုင်၏။[ဧကအတ္ထပဒ ကြံ။]

**(ဂ)** အဋ္ဌဒိသာ၊အချင်းချင်း ဆက်စပ်နေပါကုန်သော်လည်း ရောနှောခြင်းမရှိ မြင်အပ်သော သမာပတ်ရှစ်ပါး အရပ်တို့ကို [သဒ္ဒတ္ထ-မုချတ္ထ](**တစ်နည်း**) အရပ်ရှစ်မျက်နှာနှင့်တူသော သမာပတ်ရှစ်ပါးတို့ကို။[သဒ္ဒတ္ထ-ဥပစာရတ္ထ]အသမ္ဘိန္နာ၊ဝသီတော်သို့ ရောက်ခြင်းကြောင့် မကပ်ငြိကုန်ပဲ။ဓာဝန္တိ၊ဓာဖြစ်ခြင်းနှင့် ယှဉ်သော ကြောင့်ပြေးကုန်၏။ **[အသမ္ဘိန္နာတိ န သမ္ဘိန္နာ ဝသီဘာဝပ္ပတ္တိယာ နိဿင်္ဂစာရာ။ ဓာဝန္တီတိ ဓေနုဝုတ္တိယောဂတော ဓာဝန္တိ။] [သာရတ္ထ ၊ ၁။ ၂၉၂။]**

နံပါတ် (၂)

**(က)အနုသန္ဓေ ။** ။ ဤသို့ဆိုအပ်ခဲ့ပြီးသော ဝါကျတို့ဖြင့် အချင်းခပ်သိမ်း ဆုံးမခြင်းသို့ မရောက်သေး သူတို့ကို ဆုံးမတော်မူသည်၏ အဖြစ်ကို ပြတော်မူပြီး၍၊ယခုအခါ၌ ဆုံးမအပ်ပြီးသည်၏အဖြစ် မပြီးသေး၊အချင်း ခပ်သိမ်း ဆုံးမအပ်ပြီးသူ၏ အဖြစ်ကို မလွန်သေးသူတို့ကို ဆုံးမတော်မူသည့်အဖြစ်ကို ပြလိုရကား အထဝါ စသည် မိန့်။

**(ဂ) သို့။** ။ ဆရာသည် (ခ)ဖြင့် အနုတ္တရော ပုရိသဒမ္မသာရထိဟူသောပုဒ်သည် တစ်ပုဒ်တည်းသာလျှင် ဖြစ်သော အနက်ကိုပြသော ဝါကျပုဒ်ဖြစ်၏ဟု ဖွင့်ပြအပ်၏။နှစ်ပုဒ်ဖြစ်၍ အဓိပ္ပာယ်နှစ်နက်ကို ပြဆိုသင့်သည် မဟုတ်ပါလော။အဘယ်ကြောင့် နှစ်ပုဒ်ဖြစ်လျက် တစ်နက်ကိုသာ ပြဆိုအပ်ပါသနည်း။စုဒ်ကြောင့်(ဂ) မိန့်။ **(တစ်နည်း)** ဆုံးမတော်မူရာ၌ အတုမရှိ ကျွမ်းကျင်တော်မူပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။[ဘာ-ဋီ]

နံပါတ် (၃)

**( ခ) နယန္တရ ပက္ခန္တရ ။** နှစ်ပုဒ် နှစ်နက်မှတစ်ပါး နှစ်ပုဒ်တစ်နက် အဖို့တစ်ပါးကို ပြသောကြောင့်။

**( ဂ) ဝိတ္ထာရ** [တစ်နည်း] **ကာရဏ** [တစ်နည်း] **ဒိဋ္ဌိကရဏ။ (ဃ)ဖလ** [တစ်နည်း] **နိဂုမ်း။**

**စာစပ် ။** ။ ဘဂဝါကား သည် ကြောင့်၊ သာရေတိ၌ ကတ္တား/ကတ္တိ စပ်။
ဘဂဝါကား ကို ကြောင့် ဝုစ္စတိ၌ ကမ္မ/ကမ္မိ။

နံပါတ် (၄)

**ဝိသုဒ္ဓသီလာဒီနံ ။** ။ **ဝိသုဒ္ဓံ သီလံ ဝိသုဒ္ဓသီလံ။ဝိသုဒ္ဓသီလံ အာဒိ ယေသန္တိ ဝိသုဒ္ဓသီလာဒယော။**

ဝိသုဒ္ဓသီလာဒိ ဗဟုဗ္ဗီအရ စင်ကြယ်သော သီလဟူသော အစသည်မှုချ။ထို၏ ယ အညပုဒ်အရ သီလရှိသူစသော ပုဂ္ဂိုလ်တို့နှင့်အာဒိ/အာဒိဝန္တစပ် ဌာန။ယ အညပုဒ်အရ ထိုသော စင်ကြယ်သော သီလ

http://www.dhammadownload.com



အစရှိသော ပုဂ္ဂိုလ်တို့ရ၏။

**ပဌမဇ္ဈာနာဒီ။** ။ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ဈာပေတီတိ ဈာနံ။ပဌမံ ဈာနံ ပဌမဇ္ဈာနံ။
ပဌမဇ္ဈာနံ အာဒိ ယေသန္တိ ပဌမဇ္ဈာနာဒီနိ။

**ဥတ္တရိမဂ္ဂပဋိပဒေါ။** ။ ဥတ္တရိ စ သော မဂ္ဂေါစာတိ ဥတ္တရိမဂ္ဂေါ။ပဋိပဇ္ဇတိ တောယာတိ ပဋိပဒါ။
ဥတ္တရိမဂ္ဂဿ ပဋိပဒါ ဥတ္တရိမဂ္ဂပဋိပဒါ။

**ကောပလ္လက်။** ။ ပရိသမန္တတော အင်္ဂီယတေတိ ပလ္လင်္ကော။ကော ပလ္လင်္ကော ကောပလ္လင်္ကော။

**ဒိသာ။** ။ အညမည် သမ္ဗန္ဓါဝိ အသံကိဏ္ဏာဘာဝေန ဒိဿန္တီတိ ဒိသာ။ [ဂဏ္ဌိသစ်။]

ဒိသ ဓာတ် ကတ္တုရုကား ပစ္စဝေက္ခဏာဉာဏ် ပြဋ္ဌာန်းသော စိတ်တ္တုပ္ပါဒ်သည် မုချ။ကမ္မရုကား သမာပတ်ရှစ်ပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလုံ။ဏ ပစ္စည်းအရ ထို-သော သမာပတ်ရှစ်ပါးရ၏။

**(တစ်နည်း) ဒိသာ ဝိယာတိ ဒိသာ။**

ဒိသတဒ္ဓိတ်အရ အရပ်ရှစ်မျက်နှာသည် မုချ။ထို၏ အပစ္စည်းအရ သမာပတ်ရှစ်ပါးနှင့် သဒိသ/သဒိသီ ဌာနူပစာ။အ ပစ္စည်းအရ ထို-သော အရပ်ရှစ်မျက်နှာနှင့်တူသော သမာပတ်ရှမ်ပါးရ၏

**အတ္တပဒ** ။ ။ အတ္တာသ အာဘိဗျဉ္စနက် ပဒံ အတ္တပဒံ။

နံပါတ် (၅)

**ဝိသုဒ္ဓ။** ဝိ-သုဓ[သုဓိ]+တ။ **ပဌမ။** ပဌ + အမ။ **ဈာန။** ဈေ + ယု။
**ပလ္လင်္က။** ပရိ+အင်္ဂ+ဏ။ **သဇ္ဈာယ။** သဓ + ဒိဝါဒိ ယ+ယာန

နံပါတ် (၆)

(က) ဒမေတိယေဝဖြင့် သာရထိဋ္ဌ သာရ ဓာတ်သည် ဆုံးမခြင်းအနက်၌ ဖြစ်၍၊ထိပစ္စည်း ကတ္တားအနက်၌ သက်သည်ကိုလည်းကောင်း၊ယင်းနောင်ဝေသဒ္ဒါဆောင်၍ အနက် မှတ်သားအပ်သည်ကိုလည်းကောင်း သိစေပါသည်။

ဒန္တေဝိဖြင့် ပုရိသဒမ္မ အရ-မယဉ်ကျေးကုန်သောသူတို့ကိုသာ ကောက်ယူအပ်သည်မဟုတ်၊တစ်စိတ်တစ်ဒေသ ယဉ်ကျေးပြီး သူတို့ကိုလည်း ကောက်ယူအပ်သည်ကို သိစေပါသည်။

**ဝိသုဒ္ဓသီလာဒီနံ စသည်ဖြင့် ယဉ်ကျေးအောင် ဆုံးမပုံ အခြင်းအရာကို သိစေပါသည်။**

နံပါတ် (၇)

**ပဌမ/ပထမ...**

**ပဌ ဝိယတ္တိယံ ဝါစာယံ၊အမော။ပထ သင်္ချာနေဝါ၊အမော၊ဝဏ္ဏဝိကာရော ပဌမံ၊ပထမန္တိပိ။[ဓာန် ဋီ။** ၇၁၅။]ကို ထောက်၍ နှစ်ပါဌ်သင့်။

**(က) အထဝါ/အပိစ...**

ဝိသုဒ္ဓိမဂ်ပဌမအုပ် ဗုဒ္ဓါနုဿတိအဖွင့်၌ အပိစ ဘဂဝါ ဝိသုဒ္ဓသီလာနံပုံ ရှိသောကြောင့်လည်းကောင်း၊ အကြောင်း,အကျိုး သဒ္ဒါ,အနက်တစ်မျိုးမျိုးကို ပြောင်းလွဲဆိုရာ၌သာ အထဝါ-(ထို့ပြင်တစ်နည်းကား)ဟု ထားလေ့ရှိ၏။

ဆိုအပ်ခဲ့ပြီးသောနည်းမှ မပြောင်းလဲမူ၍ ထပ်လောင်း ထည့်စွက်ရာ၌ကား အပိစ-သည်သာ မကသေး-

http://www.dhammadownload.com



ဟု ထားလေ့ရှိ၏။ဤသို့ အဒန္တတို့ကို ယဉ်ကျေးစေပုံကို ပြပြီး၍ တစ်ရှိုတစ်ဝက် ဒန္တဖြစ်ပြီးသူတို့ ယဉ်ကျေးစေပုံကို ထပ်လောင်းဖွင့်ပြသောကြောင့် အပိစ-ဟု ရှိခြင်းသည် ကောင်း၏

နံပါတ် (၉)

**အဠ ဒိသာ။** အတူဖြစ်သော အရပ် ရှစ်မျက်နှာ၏ အဠ ဒိသာ-အမည်ကို အံ့တူရှိသော သမာပတ်ရှစ်ပါး၌တင် သဒ္ဒိယူပစာ။

သမာပတ်ရှစ်ပါးဟူသော အထင်ကို ဆိုသဖြင့် လောကလူသားတို့ မရောက်နိုင်သော နိရောဓဒိသ၊အမတဒိသတို့ကိုလည်း ရသောကြောင့် နိဒဿန နည်း။

**အဠ ဒိသာတိ စ နိဒဿနမတ္တမေတံ၊လောကိယေဟိ အဂတပုဗ္ဗံ နိရောဓသမာပတ္တိဒိသံ အမတဒိသဥ္စ ပက္ခန္ဒနတော။** [သာရတ္ထ၊ ၁။ ၂၉၂။]

**အသမ္ဗမာနာ ဓာဝန္တိ။** ထင်ရှားရှိသော သတ္တဝါတို့၏ ပြေးသွားခြင်းအမည်ကို ပြေးသွားခြင်းထင်ရှား မရှိသော ဝသီဘော်သို့ရောက်သော ဓော၌တင် တဒ္ဓမ္မူပစာ။

နံပါတ် (၁၀)

**အာစိက္ခန္တော အရ။** ဒေသနာဉာဏ် ကောက်။

****************

**ဗါကျစဉ် (၂၃)**

(က) ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ အနုသာသတီတိ သတ္ထာ။

(ခ) အပိစ သတ္ထာ ဝိယာတိ **သတ္ထာ**။

(ဂ) ဘဂဝါ သတ္ထဝါဟော။

(ဃ) "ယထာ သတ္ထဝါဟော သတ္တေ ကန္တာရံ တာရေတိ။စောရကန္တာရံ တာရေတိ။ ဝါဠကန္တာရံ တာရေတိ၊ဒုဗ္ဘိက္ခကန္တာရံ တာရေတိ၊ နိရုဒကကန္တာရံ တာရေတိ ဥတ္တာရေတိ နိတ္တာရေတိ ပတာရေတိ ခေမန္တဘူမိံ သမ္ပာပေတိ။

(င) ဧဝမေဝ ဘဂဝါ သတ္ထာ သတ္ထဝါဟော သတ္တေ ကန္တာရံ တာရေတိ ဇာတိကန္တာရံ တာရေတိ" တိ အာဒိနာ နိဒ္ဒေသနယေနပေတ္ထ အတ္ထော ဝေဒိတဗ္ဗော။(ဝိသုဒ္ဓိ၊ ၁။ ၉၃။)

**************

နံပါတ် (၁)

**(က)သံဝဏ္ဏနာအလို။** သတ္ထာ-မျက်မှောက်တမလွန် ဘဝ၌ယှဉ်သောစီးပွား၊ပရမတ္ထဖြစ်သော နိဗ္ဗာန်တရားတို့ဖြင့် ထိုက်သည်အားလျော်စွာ ဝေနေယျသတ္တဝါတို့ကို ဆုံးမတော်မူတတ်၏။

**(ခ)သံဝဏ္ဏနာအလို။** သတ္ထာ-ကုန်သည်အကြီးအမှူးနှင့်တူတော်မူ၏။

(ဂ) သတ္ထဝါဟော- ကုန်သည်မှူးကြီးသည်။သတ္တေ-ကုန်သည်အပေါင်းတွင် ပါဝင်သော လူတို့ကို။ ကန္တာရံ-ခရီးခဲကို။တာရေတိ. ယထာ-လွန်မြောက်စေသကဲ့သို့။ဝါဠကန္တာရံ-သားရဲ ခရီးခဲကို။ဒုဗ္ဘိက္ခကန္တာရံ-ငတ်မွတ်ခေါင်းပါး အစာရှားသော ခရီးခဲကို။နိရုဒကကန္တာရံ-ရေမရှိသော ခရီးခဲကို။တာရေတိ ယထာ-သို့။ဥတ္တာရေတိယထာ-ဘေးကင်းရာ အရပ်သို့ ကပ်ဆောင်လျက် လွန်မြောက်စေသကဲ့သို့။နိတ္တာရေတိ ယထာ

http://www.dhammadownload.com



-ဘေးရှိရာအရပ်မှ ထုတ်ဆောင်လျက် လွန်မြောက်စေသကဲ့သို့။ပတာရေတိ ယထာ-သိမ်းသိမ်းပိုက်ပိုက် လွန်မြောက်စေသကဲ့သို့။ခေမန္တဘူမိ-ဘေးကင်းရာ နယ်မြေသို့။သမ္ပာပေတိ ယထာ- ကောင်းစွာရောက်စေ သကဲ့သို့။

သတ္ထာ-ကုန်သည်တည်းဟူသော မြတ်စွာဘုရား။(ရူပကတ္ထ)။ဝါ-ကုန်သည်နှင့်တူသောမြတ်စွာဘုရား။ (သဒိသတ္ထ။)ဝါ-ကုန်သည်ကဲ့သို့သော မြတ်စွာဘုရား။ (ဥပမာနတ္ထ)ဝါ-ကုန်သည် မြတ်စွာဘုရား။(သမူပက္ခတ္ထ)

နံပါတ် (၂)

**(ခ) သို့။** ။ ဆရာသည် (က) ဖြင့် သတ္ထာ၌ သာသတော်၊ရတ္တုပစ္စည်း၊ယင်းရတ္တုပစ္စည်း၏ ကတ္တုသာနေ၌ ဖြစ်၍ သာသတိ အနုသာသတီတိ သတ္ထာ-ဟု ကိတ်ဝစနတ္တပြုအပ်သည်ကို ဖွင့်ပြအပ်၏။ထိုသို့ ကိတ်ဝစနတ္ထ သာ ဆိုအပ်ပါသလော။အဘာယ်ဝစနတ္ထလည်း ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(ဃ + င) သို့။** ။ ဆရာသည် (ခ-ဂ) တို့ဖြင့် သတ္ထာ ဝိယာတိ သတ္ထာ-ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထ ပြု၍ ဘုရားတည်းဟူသော ကုန်သည်မှူးကြီးကို ကောက်ယူအပ်၏ဟု ဖွင့်ပြအပ်၏။ကုန်သည်မှူးကြီးသည် ကုန်သည် မှူဖြစ်၍ ဘုရားရှင်သည် အပ္ပဋိပုဂ္ဂလ ဖြစ်သည် မဟုတ်ပါလော။ယင်းသို့ ဖြစ်လျက် ဘုရားရှင်သည် ကုန် သည်မှူးကြီးနှင့်တူ၏ဟုဆိုသော ဆရာ့စကား အသို့သင့်နိုင်ပါအံ့နည်း။ဥပမာ ဥပမေယျ ဆန့်ကျင်သောဝိရော ဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ + င) မိန့်။ (ဂဏ္ဌိ)

**တစ်နည်း။** ။ ဘုရားရှင်သည် အဘယ်သို့လျှင် ကုန်သည်မှူးကြီးနှင့် တူပါသနည်း။ဘုရားရှင်၏ ကုန်သည်မှူးကြီးနှင့် တူသည်၏အဖြစ်ကို ထင်ရှားစွာ မပြဆိုပြီလော့။စုဒ်ကြောင့် (ဃ + င) မိန့်။

**ဣဒါနိ တမတ္ထံ နိဒ္ဒေသပါဠိနယေန ဒဿေတုံ ယထာ "သတ္ထာဝါဟော" တိ အာဒိ ဝုတ္တံ။**
(သာရတ္ထ၊၁။၂၉၃။)

နံပါတ် (၃)

**(ခ+ဂ) ဝါကျာရမ္ဘ။(တစ်နည်း) နယန္တရပက္ခန္တရ (ဂ) ဝါကျာရမ္ဘ။ (ဃ+င) ဝိတ္ထာရ (တစ်နည်း)တပ္ပါကဋိကရဏ။(တစ်နည်း) ဒဠှီကရဏ။ထိုတွင် (ဃ)ဥပမာန။(င) ဥပမေယျ။**

နံပါတ် (၄)

**ဒိဋ္ဌဓမ္မိက ။** ။ **ဒိဋ္ဌော ဓမ္မော ဒိဋ္ဌဓမ္မော။(ပစ္စုပ္ပန်အတ္တဘော)ဒိဋ္ဌဓမ္မေ နိယုတ္တော ဒိဋ္ဌဓမ္မိကော။**

ဒိဋ္ဌဓမ္မ-တဒ္ဓိတ်ပုဒ်အရ တွေ့မြင်အပ်သော ပစ္စုပ္ပန်အတ္တဘောသည် မုချ။ထို၏ ဣက အရ ဟိတ သုခနှင့် နိသျ+နိဿိတစပ် ဌာန။ဣက အရ ထိုသော ပစ္စုပ္ပန်အတ္တဘော၌ ယှဉ်သောစီးပွား ရ၏။

**သမ္ပရာယိက ။** ။ **ကမ္မကိလေသေဟိ သမ္ပာရေတဗ္ဗောတိ သမ္ပရာယော။**
**သမ္ပရာယေ နိယုတ္တော သမ္ပရာယိကော။**

ဣဓာတ်အရ ကတ္တုရှိ ကား ကံ ကိလေသာတို့၏ ဇနက ဥပထမ္ဘက သတ္တိသည် မုချ။ ကမ္မရှိ ကား ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ဥပါဒ်။(ဝါ) ယင်းတို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ဏ ပစ္စည်းအရ ထိုသော တမလွန်လောက ရ၏။

**ပရမတ္ထ ။။ ပရမော အတ္ထော ပရမတ္ထော။**

ပရမ-ဝိသေသန အရ အမြတ်ဂုဏ်သည် မုချ။ထို၏ နိဗ္ဗာန်နှင့် ဂုဏ်/ဂုဏေး စပ် ဌာန။ပုဒ်လုံးအရ

http://www.dhammadownload.com



ထိုသော အမြတ်ဆုံး နိဗ္ဗာန် ရ၏။

**သတ္တဝါဟ ။** ။ **သတ္တေ ဝါဟတီတိ သတ္တဝါဟော။**

**ကန္တာရ ။** ။ **ကံ ဥဒကံ တာရေန္တိ ဧတ္တာတိ ကန္တာရော။**

ကံ ဝိသေသန အရ ရေသည် မှချ။ထို၏ လွန်မြောက်နိုင်ခြင်းခရီးခဲနှင့် ကမ္ဘ/ကမ္ဘီစပ် ဋ္ဌာန။တရ ဓာတ်အရ ကတ္တုဋ္ဌကား လွန်မြောက်ကုန်သော ခရီးသွားတို့၏ ဝီရိယပြဋ္ဌာန်းသောစိတ္တပ္ပါဒ်သည် မှချ။အဓိကရဏတ္တကား ခရီးခဲ၏ ပကတူပနိဿယသတ္တိသည် ဖလူ။သမသ်ပုဒ်အရနှင့် ဏ ပစ္စည်းအရ ထို-သော ရေကို လွန်မြောက်ရာ ခရီးခဲ ရ၏။

**စောရကန္တရ ။** ။ **စောရေဟိ အဓိဋ္ဌိတော ကန္တာရော စောရကန္တာရော။**(ဝါဠကန္တာရ နည်းတူ)

**ဒုဗ္ဘိက္ခကန္တာရ ။** ။ **ဒုလ္လဘာ ဘိက္ခာ ဧတ္ထာတိ ဒုဗ္ဘိက္ခော။**

**ဒုဗ္ဘိက္ခောစ သော ကန္တာရော စာတိ ဒုဗ္ဘိက္ခကန္တရော။**

**နိရုဒက ။** ။ **နတ္ထိ ဥဒကံ ဧတ္တာတိ နိရုဒကော။**

**ခေမန္တ ။** ။ **ခေမမေဝ ခေမန္တာ။**

**ဇာတိကန္တာရ။** ။ **ဇာတိမေဝ ကန္တာရော ဇာတိကန္တာရော။**

နံပါတ် (၅)

ပရမ။ ပရ သဒ္ဒူပပဒ- မှ (ဝိ +မဲ) ကြိ။ **(တစ်နည်း)** ပရ + အမ။

**ဝါဠ**။ ဝိ-အာ-လာ + အ။ (ဝါ+အဠ။ဝလ+ဏ။) **ကန္တာရ**။ ကတိ + အရ။

**ဘိက္ခ**။ ဘိက္ခ + အ။ **ဥဒက**။ ဥဒိ + ဏွု။ **သတ္တ**။ သဥ+ တ။.

နံပါတ် (၆)

**(ခ) သတ္တာ ဝိယာဖြင့်** သတ္တာကို သဟ အတ္တေန ယော ဝတ္တတီတိ သတ္တော။(ကုန်သည်ရ)သတ္တော ဝိယာ တိသတ္တာ။ (မြတ်စွာဘုရားရ) ဟု ဝစနတ္တပြုသည်ကို လည်းကောင်း၊အ ပစ္စည်း ဥပမာတဒ္ဓိတ်၌ သက်သည်ကို လည်းကောင်း၊သတ္တော ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် ဩကို အာပြု၍ ပြီးသည်ကိုလည်းကောင်းသိစေ။

**(ဂ)** **ဘဂဝါ သတ္တဝါဟောဖြင့်** သတ္တအရ ကုန်သည်ကြီးမှူးနှင့် တူသော မြတ်စွာဘုရားကို အရကောက် ယူအပ်သည်ကို သိ။

**(ဃ)** **စောရကန္တာရေ စသည်ဖြင့်** ကန္တာရံ တာရေတိ၌ ကန္တာရ အရ စောရကန္တာရ စသော လေးမျိုးကို ကောက်ယူအပ်သည်ကို သိ။**ဥတ္တာရေတိဖြင့်** ဥပသာရမဲ့သော တရ ဓာတ်သည် ဥပသာရနှင့်တကွ ဖြစ်သော တရ ဓာတ်ကဲ့သို့ လွန်မြောက်ခြင်း အနက်ကိုပင် ဟောသည်ကို သိစေ။

**(တစ်နည်း)** လွန်မြောက်စေ၏-ဟူသည် ဘေးကင်းရာအရပ်သို့ ကပ်ဆောင်လျက် လွန်မြောက်စေခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိ။**နိတ္တာရေတိဖြင့်** ဘေးကင်းရာအရပ်သို့ ကပ်ဆောင်စေခြင်း ဟူသည် ဘေးမကင်းရာဒေသမှ ထွက်မြောက်စေလျက် လွန်မြောက်ခြင်းပင် ဖြစ်၏-ဟူသော အဓိပ္ပါယ်ကိုသိ။

**ပတာရေတိ ဖြင့်** ဘေးမကင်းရာမှ ထွက်မြောက်စေ၏ဟူသည် လက်ဖြင့် ပွေ့ပိုက်သကဲ့သို့ သိမ်းပိုက်၍ လွန်မြောက်စေခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိ။**ခေမန္တဘူမိံ သမ္ပာပေတိဖြင့်** လွန်မြောက်စေခြင်းစသည် ဟူသည် ဘေးကင်းရာနယ်မြေသို့ ရောက်စေခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

http://www.dhammadownload.com



နံပါတ် (၇)

**(ဃ) သတ္တေ ကန္တာရံ/သတ္တေ ကန္တာရံ...**

ဥပမေယျ ဝါကျ၌ သတ္တေတိ ဝေနေယျသတ္တေ-ဟု ဖွင့်သောကြောင့်လည်းကောင်း၊ဥပမာန ဝါကျ၌ သတ္တေတိ သတ္ထိကေ ဇနေ-ဟု ဖွင့်သောကြောင့်လည်းကောင်း၊ဥပမာ၌ သတ္တေ ကန္တာရံ ပါဌ်သင့်။

ဥပမေယျ၌ သတ္တေ ကန္တာရံ ပါဌ်သင့်။(ဘာ ဋီ၌ သတ္တေ-ပါဌ်သာ သင့်ကြောင်း ရေးသား၏။)

**(ခ) အပိစ သတ္ထာ၀ိယာတိ သတ္ထာ/အပိစ သတ္ထာ...**

**သော ဝိယ ဘဂဝါတိ အာဟ "သတ္ထာ ဘဂဝါ သတ္ထဝါဟော"** ဟု ဝိမတိ၌ ဖွင့်သောကြောင့် ယင်းအလို အပိစ သတ္ထာ ပါဌ်သာသင့်။

**သော ဝိယ ဘဂဝါတိ အာဟ "သတ္ထာ ဝိယာတိ သတ္ထာ၊ဘဂဝါ သတ္ထဝါဟော" တိ။**(သာရတ္ထ၊၁။ ၂၉၂။)၌ ဖွင့်သောကြောင့် ယင်းအလို အပိစ သတ္ထာ ဝိယာတိ သတ္ထာ ပါဌ်သင့်။

နံပါတ် (၈)

**ကန္တာရ** ။။ အတူဖြစ်သော ရေမရှိရာအရပ်၏ ကန္တာရအမည်ကို အတူရှိသော အသွားအလာ ခက်ခဲသော စောရကန္တာရ စသည်၌ တင် သဒ္ဒိသူပစာ၊ရဉ္စီနည်း။

**စောရာဒီဟိ အဓိဋ္ဌိတအရညပ္ပဒေသာပိ ဒုဂ္ဂမနဋ္ဌေန တံသဒိသတာယ ကန္တာရာတွေဝ နိရုဋ္ဌာတိ သာမညတော ".ကန္တာရံ တာရေတိ" တိ ဝတ္တာ တံ ဝိဝရန္တော စောရကန္တာရန္တိ အာဒိမာဟ။** (ဝိမတိ၊၁။၅၇)

**(င)သတ္တေ ကန္တာရံ၌** သတ္တေ-အရ ဝေနေယျသတ္တဝါကိုသာ ယူအပ်သောကြောင့် ကေဒေသျူပစာ ထုတ်ပါ။ **(သတ္တေတိ ဝေနေယျသတ္တေ။)** သာရတ္ထ၊ ၁။ ၂၉၃။

နံပါတ် (၁၀)

(က)ဝါကျ ကြိယာအရ ။ ။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်။

**************

**ဝါကျစဉ် (၂၅)**

(က) **ဒေဝမနုဿာနန္တိ** ဒေဝါနဉ္စ မနုဿာနဉ္စ။

(ခ) ဥက္ကဋ္ဌပရိစ္ဆေဒဝသေနေတံ ဝုတ္တံ ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒဝသေန စ။

(ဂ) ဘဂဝါ ပန တိရစ္ဆာနဂတာနမ္ပိ အနုသာသနိပ္ပဒါနေန သတ္ထာယေဝ။

(ဃ) တေပိ ဟိ ဘဂဝတော ဓမ္မဿဝနေန ဥပနိဿယသမ္ပတ္တိံ ပတွာ တာယ ဧဝ ဥပနိဿယ သမ္ပတ္တိယာ ဒုတိယေ တတိယေဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ။

(င) မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ။ (ဝိ၊ ဋ္ဌ၊ ၁။ ၉၄။)

**************

နံပါတ် (၁)

(ခ) တေ-ဤ ဒေဝမနုဿာနံ ဟူသော သဒ္ဒါကို။ဥက္ကဋ္ဌပရိစ္ဆေဒဝသေန-မြတ်သောသတ္တဝါတို့ကို ပိုင်းခြားခြင်း၏အစွမ်းဖြင့်လည်းကောင်း။ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒဝသေနစ-ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို ပိုင်းခြင်း၏

http://www.dhammadownload.com



အစွမ်းဖြင့် လည်းကောင်း။

(ဃ) ဟိ-ချဲ့။တေပိ-ထို တိရစ္ဆာန်တို့သည်လည်း။

(င) စ-ဆက်။တွေ-ဤ မဂ္ဂဖလဘာဂီ ဖြစ်ရာ၌။ နိဒဿနံ-ညွှန်ပြအပ်သော သက်သေတည်း။

နံပါတ် (၂)

**(ခ)သို့။** ။ ဆရာ ပါဠိတော်၌ ဒေဝမနုဿာနံ-ဟု မိန့်ဆိုအပ်၏။အဘယ့်ကြောင့် ဒေဝမနုဿာနံဟု မိန့်ဆိုအပ်ပါသနည်း။တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည် ဘုရားသခင်၏ အဆုံးအမ ပေးတော်မူသော အနုသာသနိကို နာခံသူမရှိဖြစ်၍လည်းကောင်း၊ နာခံသူရှိလျက် ဘုရားသခင်သည် တိရစ္ဆာန်တို့၏ ဆရာ မခံထိုက်သူ ဖြစ်၍ လည်းကောင်း၊ဒေဝမနုဿာနံ-ဟုသာ ဆိုအပ်လေသလော။ စုဒ်ကြောင့် (ခ) မိန့်။

**(ဂ)သို့။** ။ ဆရာသည် (ခ)ဖြင့် ဒေဝမနုဿာနံ သဒ္ဒါကို မြတ်သောသတ္တဝါတို့ ပိုင်းခြားသည်၏ အစွမ်းဖြင့် လည်းကောင်း၊ကျွတ်ထိုက်သောပုဂ္ဂိုလ်၏ အစွမ်းဖြင့်လည်းကောင်း ဆိုအပ်၏-ဟု ဝဏ်ဝုတ္တိအနက်ကို ဖွင့်ပြတော်မူအပ်၏။ထိုသဒ္ဒါသည် ဥဇုကသဒ္ဒါဖြစ်သည် မဟုတ်ပါလော။ယင်းသို့ ဖြစ်လျက် ဝဏ်ဝုတ္တိအနက်ကို ဖွင့်ဆိုခြင်းသည် အသို့သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား။** ။ ဥဇုကသဒ္ဒါ ဖြစ်ငြားသော်လည်း ဘုရားရှင်သည် လူ့နတ်တို့၏သာ ဆရာဖြစ်သည်မဟုတ်၊ တိရစ္ဆာန်တို့၏လည်း ဆရာဖြစ်တော်မူသောကြောင့် ငါဆိုသောစကားသည် သင့်တန် မှန်ကန်ပါ၏ ဟူလို။

**(ဃ)သို့။** ။ ဆရာ (ဂ) ဖြင့် ဘုရားရှင်သည် လူ့နတ်တို့အားသာ ဆုံးမသည်မဟုတ်၊ တိရစ္ဆာန်တို့အားလည်း အနုသာသနိကို ပေးခြင်းဖြင့် ဆရာ ဖြစ်၏ဟု ဖွင့်ဆိုအပ်၏။ဥက္ကဋ္ဌဘဗ္ဗဖြစ်သော ပုဂ္ဂိုလ်တို့အား ပေးအပ်သော အနုသာသနိမွေကထာသည်သာလျှင် အကျိုးရှိသောကြောင့် လူ့နတ်တို့အားသာ အနုသာသနိကို ပေးသင့်သည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် တိရစ္ဆာန်တို့အားလည်း အနုသာသနိကို ပေး၏-ဟု ဆိုသော ဆရာ့စကား အသို့ သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

**(ခ) ဝါကျာရမ္ဘ။ (တစ်နည်း) ကာရဏ။ (ဂ) ဝါကျာရမ္ဘ။ (တစ်တည်း) ဒဠှီကရဏ။**

**(ဃ) ဝိတ္ထာရ (တစ်နည်း) ဒဠှီကရဏ။ (င) အာဂမဒဠှီ (တစ်နည်း) ဝါကျာရမ္ဘ။**

**စာစပ်** ။ ။ တိရစ္ဆာနဂတာနမ္ပိ ကား တို့၏ ကြောင့်၊သတ္တာ၌ သမ္ဗန်+သမ္ဗန္ဓီ စပ်။

**တစ်နည်း** -တို့အား ကြောင့်၊ဒါနေန ၌ သမ္ပဒါန+သမ္ပဒါနီ စပ်။

နံပါတ် (၄)

**ဘဗ္ဗပုဂ္ဂလ ။** ။ **ဘဝိတဗ္ဗောတိ ဘဗ္ဗော။ဘဗ္ဗော စ သော ပုဂ္ဂလော စာတိ ဘဗ္ဗပုဂ္ဂလော။**

ဘူ ဓာတ် အရ ကတ္တုဋ္ဌ ကား မဂ်ဖိုလ်ကို သိနိုင်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည်မှချ။ ကမ္မဋ္ဌ ကား မဂ်ဖိုလ်၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။တဗ္ဗ ပစ္စည်းအရ ထို - သော ကျွတ်ထိုက်သော ပုဂ္ဂိုလ်ရ၏။

**အတ္တဘာဝ ။** ။ **အတ္တာ ဣတိ ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတ္ထ တေသွာတိ ဝါ အတ္တဘာဝေါ။**

အတ္တ-ဝိသေ အရ တိတ္ထိတို့ ကြံဆအပ်သော ငါ ဟူသော အနက်သည် မှချ။ထို-၏ ခန္ဓာပဥ္စက နှင့် နိသျ+နိဿိတ၊ဝိသယ+ဝိသယီ စပ် ဌာန။ဘူဓာတ်အရ ကတ္တုဋ္ဌ ကား အသိဉာဏ် သဒ္ဒါတို့၏ ဝါစကသတ္တိ

http://www.dhammadownload.com



သည် မုချ။အဓိကရဏဿ ကား ထို အားတပ်သော ခန္ဓာပဥ္စက၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။သမာသ်ပုဒ်လုံး၏ အရလည်း ဖြစ်သော ဏပစ္စည်းအရ ထို-သော ခန္ဓာပဥ္စကဖြစ်ရ၏။

**မဏ္ဍူကာ ။ ။ မဏ္ဍေတိ ဥဒကံ ဘူသေတီတိ မဏ္ဍူကော။**

မဏ္ဍ ဓာတ်အရ ဖားဖြစ်၏ စတုသမုဋ္ဌာနိကရုပ်၏ ဥပါဒ်သည် မုချ။ဦက ပစ္စည်းအရ ဖားဖြစ်ရ၏။

နံပါတ် (၅)

**ဒေဝ**။ ဒိဝု + အ။ ဒိဗ္ဗန္တိ ပဥ္စဟိ ကာမဂုဏေဟီတိ ဒေဝါ။ **ဥတ္တဋ္ဌ**။ ဥ-ကာသ + တ။ **ပရိစ္ဆေဒ**။ ပရိ-ဆိဒိ + ဏ။ **ပုဂ္ဂလ**။ ပုတိသဒ္ဒူ-ဂိလ + အ။ ပုဂ္ဂ+လာ+ကွိ။ ပုတိသင်္ခါတံ အာဟာရံ ဂိလတိ ဘက္ခတီတိ ပုဂ္ဂလော။ **ဥပနိဿယ**။ ဥပ+နိ+သိ + ဏ။

နံပါတ် (၆)

(က) **ဒေဝါနဉ္စ မနုဿနဉ္စဖြင့်** ဒေဝမနုဿာနံ၌ ဒေဝပုဒ် မနုဿပုဒ် ဒေဝါစ မနုဿာစ ဒေဝမနုဿာ ဟု ဒွန်သမာသ်ဝစနတ္ထ ပြ၍ ယင်းသမာသ်သည် သမုစ္စယအနက်၌ ဖြစ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**မဂ္ဂဖလဘာဂိနော/မဂ္ဂဖလလာဘိနော...**

အနက်အဓိပ္ပါယ် မထူးခြားသော်လည်း နိဿျဂဏ္ဍိတို့၌ မဂ္ဂဖလဘာဂိနော-မဂ်ဖိုလ်ဟူသော အဖို့ ရှိကုန်သည်-ဟု အဋ္ဌယောဇနာတော်မှုသောကြောင့် မဂ္ဂဖလဘာဂိနော ပါ၌သင့်။

မဂ္ဂဖလမေဝ ဘာဂေါ မဂ္ဂဖလဘာဂေါ။ မဂ္ဂဖလဘာဂေါ **ဧတေသံ အတ္ထီတိ မဂ္ဂဖလဘာဂိနော**။

**ဒုတိယ/ဒုတိယ...**

တိယ ပစ္စည်း/တီယ ပစ္စည်း နှစ်မျိုးရှိနိုင်သောကြောင့် နှစ်ပါဌ်လုံးသင့်။

နံပါတ် (၈)

**ဒေဝမနုဿာနံ**။။ ပြဋ္ဌာန်းသော နတ်,လူကို ဆိုသဖြင့်၊ မပြဋ္ဌာန်းသော တိရစ္ဆာန်ကိုလည်းရသောကြောင့် ပဓာနနည်း။ဥက္ကဋ္ဌနည်း။**ဒေဝမနုဿာ ဧဝ ဟိ ဥက္ကဋ္ဌသတ္တာ၊ န တိရစ္ဆာနာဒယော**။ (သာရတ္ထ၊ ၁။၂၉၃။)

**မဏ္ဍူကဒေဝပုတ္တ** ။။ဖားတည်းဟူသော ရှေး၌ ဖြစ်ဖူးသော အလားအားဖြင့်နတ်သားတည်း ဟူသောဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း။

**ဘဂဝတော**။။ ဘဂဝတာဟု ဆိုအပ်သော ပဉ္စမီဝိဘတ်ကို ဆဋ္ဌီဝိဘတ်အားဖြင့် ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း။ **ဘဂဝတောတိ နိဿက္ကေ သာမိဝစနံ**။ (သာရတ္ထ၊ ၁။ ၂၉၃။)

နံပါတ် (၁၀)

ဥပနိဿယသမ္ပတ္တိယာ၌ ဥပနိဿယ အရ။ ။ တိဟိတ်ပဋိသန္ဓေကို ကောက်။

****************

**ဝါကျစဉ် (၂၅)**

(က) ယံ ပန ကိဉ္စိ အတ္ထိ ဥဒေယျံနာမ၊တဿ သဗ္ဗဿ ဗုဒ္ဓတ္တာ ဝိမောက္ခန္တိကဉာဏဝသေန ဗုဒ္ဓေါ။

(ခ) ယသ္မာ ဝါ စတ္တာရိ သစ္စာနိ အတ္တနာပိ ဗုဇ္ဈိ၊အညေပိ သတ္တေ ဗောဓေသိ။

http://www.dhammadownload.com



(ဂ) တသ္မာ ဝေမာဒိဟိပိ ကာရဏေဟိ ဗုဒ္ဓေါ။

(ဃ) ဣမဿ စတ္ထဿ ဝိညာပနတ္ထံ "ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ။ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ"တိ ဧဝံ ပဝတ္တော သဗ္ဗောပိ နိဒ္ဒေသနယော ပဋိသမ္ဘိဒါနယော ဝါ ဝိတ္ထာရေတဗ္ဗော။

(ဓိ၊ ဋ္ဌ၊ ၁။ ၉၄။)

***************

နံပါတ် (၁)

(က) ပန-အဖို့တစ်ပါးကား (ပက္ခန္တရတ္ထ။)ပန-သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်မှ အထူးကား။(ဝိသေသတ္ထ) ယံကိဉ္စိ၊အမှတ်မရှိ ကြွင်းမဲ့ညသို့ အလုံးစုံသော။ဉေယျံမှာမ၊သိသင့်သိထိုက်သော တရားမည်သည်။အတ္ထိ၊ရှိ၏။ ဝိမောက္ခန္တိကဉာဏဝသေန၊ဝိမောက္ခန္တိကဉာဏ်၏အစွမ်းဖြင့်။(ဝါ)အရဟတ္တမဂ်၏အဆုံး အရဟတ္တဖိုလ်၌ ဖြစ်သော အလုံးစုံသော ဘုရားဉာဏ်တော်၏ အစွမ်းဖြင့်။

ဗုဒ္ဓေါ-ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းဖြင့် အလုံးစုံသော ဉေယျတရားကို သိတတ်သော မြတ်စွာဘုရား။ (က-သံဝဏ္ဏနာရှုသည်။)ဗုဒ္ဓေါ-သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်လည်း သိပြီးဖြစ်၍ ဝေနေယျတို့ကိုလည်း သိစေတော်မူသော မြတ်စွာဘုရား။ (ခ-သံဝဏ္ဏနာရှုသည်)

နံပါတ် (၂)

(ခ)သို့။ ။ ဆရာသည် (က) ဖြင့် ဝိမောက္ခန္တိကဉာဏ်၏အစွမ်းဖြင့် အလုံးစုံသော တရားတို့ကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓမည်သောဟု ဖွင့်ပြတော်မူအပ်၏။ထိုအကြောင်း ဗျုပ္ပတ်ကြောင့်သာ ဗုဒ္ဓမည်တော်မူပါသလော။အဘယ်အကြောင်းတို့ကြောင့်လည်း ဗုဒ္ဓ-မည်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဃ)သို့။ ။ ဆရာ(ခ)စသော ဝါကျတို့ဖြင့် သစ္စာလေးပါးတို့ကို ကိုယ်တိုင်လည်း သိပြီး၍ အခြားသတ္တဝါတို့ကိုလည်း သိစေတော်မူတတ်သောကြောင့် ဗုဒ္ဓမည်သော ဖွင့်ပြတော်မူအပ်၏။အကျိုးဗုဒ္ဓသည် တစ်ပုဒ်တည်းဖြစ်လျက် အကြောင်းဗျုပ္ပတ်သည် နှစ်နက်ဖြစ်နေသည် မဟုတ်ပါလော။ထို့ကြောင့် (ခ-ဂ)တို့ဖြင့် ဗုဒ္ဓ၏ဗျုပ္ပတ်အနက်ကို နှစ်နက်တို့ဖြင့် ဖွင့်ဆိုခြင်းသည် အဘယ်သို့သောယုတ္တိတို့ဖြင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့်(ဃ)မိန့်။

နံပါတ် (၃)

(က) ပက္ခန္တရ (တစ်နည်း) ဝိသေသ။ (ခ) နယန္တရပက္ခန္တရ။ (ဂ) ဖလ။

(ဃ) ဝါကျာရမ္ဘ (တစ်နည်း) ယုတ္တိဒဋ္ဌိ။

စာစပ်။ ။ တဿ သဗ္ဗဿကား ကို-ကြောင့် ဗုဒ္ဓတ္တာဝယ် ဗုဒ္ဓဲ့ ကမ္မ၊ဝါစ္စ/ကမ္မီ၊ဝါစက စပ်။

နံပါတ် (၄)

ဉေယျ။ ။ ဓာနိတဗ္ဗန္တိ ဉေယျံ။

ဉာဓာတ်အရ ကတ္တုပ္ပ ကား သဗ္ဗညုတဉာဏ်တော်သည် မုချ။ကမ္မဋ္ဌ ကား ဉေယျဓံတရားငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ဏျ-ပစ္စည်းအရ ထို- သော ဉေယျဓံတရားငါးပါး ရှ၏။

ဝိမောက္ခန္တိကဉာဏ။ ။ သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမုက္ခော။ (အဂ္ဂမဂ္ဂေါ)

ဝိမောက္ခဿ အန္တော ဝိမောက္ခန္တော။(အဂ္ဂဖလံ)ဝိမောက္ခန္တေ ဘဝံ ဝိမောက္ခန္တိကံ။

ဝိမောက္ခန္တိကဉ္စ-တံ ဉာဏဥ္စာတိ ဝိမောက္ခန္တိကဉာဏံ။

http://www.dhammadownload.com



ဝိမောက္ခန္တ-တဒ္ဓိတ်အရ အရဟတ္တမဂ်အဆုံး အရဟတ္တဖိုလ်သည် မုချ။ထို-၏ ဣက ပစ္စည်းအရ သဗ္ဗညုတဉာဏ်နှင့်တကွ အလုံးစုံသော ဗုဒ္ဓဉာဏ်နှင့် အကြောင်း+အကျိုးစပ် ဥာနူ။ဣက ပစ္စည်းအရ ထို-သော သဗ္ဗညုတဉာဏ်နှင့်တကွ အလုံးစုံသော ဗုဒ္ဓဉာဏ်ရ၏။

နံပါတ် (၅)

စိ နိပါတ်အဆုံးရှိသော ယံကိဉ္စိကား အနဝသေသပရိယာဒါနတ္ထ။

**ဝိမောက္ခ** ။ ဝိ-မုစ + ဏ။ **သစ္စ**။ သတ + ယ။ **ဗုဇ္ဈိတာ**။ ဗုဓ + ဒိဝါဒိ ယ+တု။

**ဝိညာယန** ။ ဝိ-ဉာ + ဏာပေ + ယု။ **ပဇာ** ။ ပ-ဇန + ကွိ။

**ဗောဓေတာ**။ ဗုဓ+ဏေ+တု။ **နိဒ္ဒေသ**။ နိ+ဒိသ+ဏ။

**ပဋိသမ္ဘိဒါ** ။ ပဋိ-သံ-ဘိဒ + အ + အာ။

နံပါတ် (၆)

(က) **ဗုဒ္ဓတ္တာ** ဖြင့် ဗုဒ္ဓေါ၌ ဗုဓဓာတ်+တပစ္စည်း၊ယင်း တပစ္စည်း၏ ကတ္တုသာဓနေ၌ သက်၍ ဗုဇ္ဈတီတိ ဗုဒ္ဓေါ-ဟု ဝစနတ္ထ ပြအပ်သည်ကို သိစေ။**ဝိမောက္ခန္တိကဉာဏဝသေန**-ဖြင့် သိရာ၌ အရဟတ္တမဂ်၏ အဆုံး အရဟတ္တဖိုလ်၌ဖြစ်သော အလုံးစုံသော ဗုဒ္ဓဉာဏ်တော်၏အစွမ်းဖြင့် သိခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေ။**ယံ ပန ကိဉ္စိ-စသည်ဖြင့်** ဉေယျခံတရားငါးပါးကို အလုံးစုံ အကုန်အစင် အကြွင်းမရှိသိ၏ ဟူသော အဓိပ္ပါယ်ကို သိစေ။

(ခ) **အတ္တနာပိ ဗုဇ္ဈိ** ဖြင့် ဗုဒ္ဓေါ၌ ဗုဓဓာတ်၊တပစ္စည်း၊ယင်းတပစ္စည်း၏အတိတ် ကတ္တုသာဓနေ၌ သက်၍ အဗုဇ္ဈီတိ ဗုဒ္ဓေါ-ဟု ဝစနတ္ထ ပြအပ်သည်ကို သိ စေ။**စတ္တာရိ သစ္စာနိဖြင့်** အခြားတရားတို့ကို သိအပ်သည် မဟုတ်၊သစ္စာလေးပါး တရားတို့ကို သိခြင်းတည်းဟူသော အဓိပ္ပါယ် သိစေ။

**ဗောဓေသိ** ဖြင့် ဗုဒ္ဓေါဖြင့် ဗုဓဓာတ်၊တပစ္စည်း၊ယင်းတပစ္စည်း၏ အတိတ် ဟေတုကတ္တုသာဓနေ၌ သက်၍ ဗောဓေသီတိ ဗုဒ္ဓေါ-ဟု ဝစနတ္ထ ပြအပ်သည်ကို သိစေပါသည်။**အညေပိ သတ္တေဖြင့်** ဝေနေယျသတ္တဝါများကို သိစေခြင်းပင်ဟူသော အဓိပ္ပါယ်ကို သိစေ။**အပေါင်းသံဝဏ္ဏနာဖြင့်** ဗုဒ္ဓေါစ ဗုဒ္ဓေါစ ဗုဒ္ဓေါ-ဟု ဧကသေသတဒ္ဓိတ် ဝစနတ္ထ ပြအပ်သည်ကို သိစေပါသည်။

နံပါတ် (၇)

ဗုဒ္ဓေါ/ဗောဒ္ဓေါ...

ဟေတုကတ္တုသာဓ်၌ ကာရိတ်ပစ္စည်းကျေ၊ထိုဏာအနုဗန် ကာရိတ်ကြောင့် ဗောဒ္ဓေါဟု ဝုဒ္ဓိမပြုခြင်းကား ဝုဒ္ဓိအပြု မမြဲသောကြောင့်လည်းကောင်း၊ဥပမာ-ပဏ္ဍသောသာ၊သစ်ရွက်တို့ကို ခြောက်သွေ့စေနိုင်သော လေတို့။-ဟူရာ၌ ဝုဒ္ဓိ မပြုပဲ၊ပဏ္ဍသုသာ-ဟုလည်း ရှိနိုင်သကဲ့သို့ ဤ၌လည်း ဝုဒ္ဓိ မပြုမူ၍ ဗုဒ္ဓေါ-ဟု ပါဌ် ရှိနိုင်သောကြောင့် ဗုဒ္ဓေါ ပါဌ်သာသင့်။

**နိဒ္ဒေသနယော ပဋိသမ္ဘိဒါနယော ဝါ/နိဒ္ဒေသနယော ဝါ ပဋိသမ္ဘိဒါနယော ဝါ...**

နိဒ္ဒေသနည်း၏ ပဋိသမ္ဘိဒါနည်းနှင့် အထူးမရှိသောကြောင့် တစ်နည်းနည်းကို ယူလျှင် ပြီးနိုင်ရကား ဝါ သဒ္ဒါ နှစ်လုံးမလို။ထို့ကြောင့် နိဒ္ဒေသနယော ပဋိသမ္ဘိဒါနယော ဝါ ပါဌ်သာ သင့်။

**ယသ္မာ စေတ္ထ တသ ပဋိသမ္ဘိဒါပါဠိယာ သာဒေါ နတ္ထိ။တသ္မာ ဒ္ဒိသု ဧကေနပိ အတ္ထသိဒ္ဓီတိ**

http://www.dhammadownload.com



ဒသသနတ္ထံ ''ပဋိသန္ဓိဒါနယောဝါ''တိ အနိယမတ္ထော ဝါသဒ္ဒေါ ဝုတ္တော။ (သာရတ္ထ၊ ၁။ ၂၉၆။)

နံပါတ် (၉)

**ဗုဒ္ဓေါ** ။ ။ ဂုဏ်ဖြစ်သော သိခြင်း ဗုဒ္ဓ၏ အမည်ကို ဂုဏ်းဖြစ်သော ဘုရားဒြဗ်၌တင် ဂုဏူပစာ။

ဗုဒ္ဓေါစ ဗုဒ္ဓေါစ ဗုဒ္ဓေါ-ကိုယ်တိုင်လည်းသိ ဝေနေယျတွေကိုလည်း သိစေ၏။ဤသို့ ဗုဒ္ဓသဒ္ဒါ နှစ်ခုကို တစ်ခုကြွင်း ပြုထားသောကြောင့် ဧကသေသနည်း။

**အဋ္ဌေပိ သတ္တေ**။ အပေါင်းဖြစ်သော သတ္တဝါအားလုံး၏ အမည်ကို အစိတ်ဖြစ်သော ကျွတ်ထိုက်သော သတ္တဝါ၌တင် ဧကဒေသျူပစာ။ ရုဠှီနည်း။

နံပါတ် (၁၀)

**ဝိမောက္ခ** အရ အရဟတ္တမဂ်။ **ဝိမောက္ခန္တ** အရ အရဟတ္တဖိုလ်။

**ဝိမောက္ခန္တိက** အရ သဗ္ဗညုတဉာဏ်နှင့်တကွ အလုံးစုံသော ဗုဒ္ဓဉာဏ်။

***************

**ပါဌ်ကျစဉ် (၂၆)**

(က) ဘဂဝါတိ လှဒံ ပနဿ ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ။

(ခ) တေနာဟု ပေါရာဏာ -

''ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနံ မုတ္တမံ။

ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတီ'' တိ။

(ဂ) စတုဗ္ဗိဓံ ဟိ နာမံ အာဝတ္ထိကံ လိင်္ဂိကံ နေမိတ္တိကံ အဓိစ္စသမုပ္ပန္နန္တိ။

(ဃ) အဓိစ္စသမုပ္ပန္နံ နာမ လောကိယဝေါဟာရေန ''ယဒိစ္ဆက'' န္တိ ဝုတ္တံ ဟောတိ။

(ဝိ၊ ၁၊ ၁။ ၉၅။)

***************

နံပါတ် (၁)

(က) ပန-အဖို့ တစ်ပါးကား။ဘဂဝါတိ လှဒံ-ဘဂဝါဟူသော ဤအမည်သည်။အဿ-ထို မြတ်စွာဘုရား၏။ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ-သီလအစရှိသော ဂုဏ်တို့ဖြင့် ထူးကဲသော အလုံးစုံသောသတ္တဝါတို့ထက်မြတ်သော အလေးပြုအပ်သော ပုဂ္ဂိုလ်ကို ရိုသေလေးစားသည်၏ အဖြစ်အားဖြင့် ပြောဆိုအပ်သော အမည်တည်း။

(ခ) ဘဂဝါတိ ဝစနံ -ဘဂဝါဟူသော သဒ္ဒါသည်။သေဋ္ဌံ-အထူးသဖြင့် ချီးမွမ်းအပ်သော သဒ္ဒါတည်း။(တထာဂတော-သည်။)ဂါရဝယုတ္တော-အလေးပြုအပ်သည်၏ အဖြစ်ဟူသော ဂုဏ်နှင့်ယှဉ်တော်မူ၏။(ယေန ကာရဏေန-အကြင်အကြောင်းသုံးပါး အပေါင်းကြောင့်။ယော တထာဂတော)ဂရု-ဂရုမည်တော်မူ၏။ တေန ကာရဏေန သော တထာဂတော-ကို။

(ဂ) အာဝတ္ထိကံ-အခိုက်အတန့်အားဖြင့် ထင်ရှားသော နာမည်လည်းကောင်း။လိင်္ဂိကံ- အသွင်သဏ္ဌာန်အားဖြင့် ထင်ရှားသော နာမည်လည်းကောင်း။နေမိတ္တိကံ-အကြောင်းမှလာသော နာမည်လည်းကောင်း။ အဓိစ္စသမုပ္ပန္နံ-တစ်စုံတစ်ခုသော အကြောင်းကို မစွဲမူ၍ ဖြစ်သော နာမည် လည်းကောင်း။(ဝါ)ပဝတ္တိနိမိတ်

http://www.dhammadownload.com



ကိုလွန်၍ လောကလူတို့ အလိုအားလျော်စွာ ခေါ်ဝေါ်ဟု ပညတ်အပ်သော နာမည်လည်းကောင်း။

**(အာဝဏ္ဍာယ ဝိဓိတ် အာဝဏ္ဍိက်။လိင်္ဂေန ဝိဓိတ် (ဝေါဟာရိတ်) လိင်္ဂိက်။နိမိတ္တတော အာဂတ် နေမိတ္တိက်။ အဓိစ္စ နိမိတ္တံ အတိကမ္မ သမုပ္ပန္နံ အဓိစ္စသမုပ္ပန္နံ။**

နံပါတ် (၂)

**(ခ)၌သို့။** ။ ဆရာသည် (က) ဖြင့် ဘဂဝါဟူသောသဒ္ဒါသည် သီလစသော ဂုဏ်တို့ဖြင့်ထူးသော သတ္တဝါတို့ထက်မြတ်သော အလေးပြုအပ်သောသူ၌ အလေးပြုတတ်သူ၏ အဖြစ်ဖြင့် ဆိုအပ်သော ရုဠှီသဒ္ဒါ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဆိုသော်လည်း ဘဂေါ အဿ အတ္ထီတိ ဘဂဝါ-စသော ဝစနတ္ထဖြင့်လည်း ပြီးကောင်းသည် မဟုတ်ပါလော။ထိုသို့ ဖြစ်လျက် ရုဠှီသဒ္ဒါဟု ဆိုသောဆရာစကား အဘယ်သို့သော ပရဝစနသာဓကဖြင့် သင့်နိုင်ပါအံ့နည်း။(ဝါ)ယုံကြည်လေးစား မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့်(ခ) မိန့်။

**(ဂ)သို့ အနုသန္ဓေ။** ။ ဤသို့ဖြင့် (က) ဖြင့် ဘဂဝါ ဟူသော နာမည်သည်ဂုဏနာမ် တစ်မျိုး ဖြစ်သည်ကိုဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ ထိုဘဂဝါ နာမည်နှင့်စပ်၍ နာမည်အမျိုးအမျိုးကို ချဲ့ပြတော်မူလိုသာ အဋ္ဌကထာဆရာသည် (ဂ) အမိန့်။

**(ဂ)သို့။** ။ ဆရာသည် (က) ဖြင့် ဘဂဝါဟူသော အမည်သည် မြတ်စွာဘုရား၏ ဂုဏ်တော်မှလာသော အမည်ဖြစ်၏ဟု ဖွင့်ပြအပ်၏။ဝိဘာဂဝန္တဖြစ်သော နာမ်တို့၏သဘောကို ထင်စွာပြခြင်းသည် ဝိဘာဂကို အဦးမူသဖြင့်သာ ဖြစ်ကောင်းသည် မဟုတ်ပါလော။ထို့ကြောင့် ဝိဘာဂဝန္တဖြစ်သော နာမ်တို့၏ အကျယ်ဝိဘာဂကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

နံပါတ် (၃)

**(ခ) အာဂမဒဠှီ။ (ဂ) ဝိတ္ထာရ။ (ဃ) ဝါကျာရမ္ဘ။ (တစ်နည်း) ဝိတ္ထာရ။ (တစ်နည်း) တပ္ပါကဋိကရဏ။**

နံပါတ် (၄)

**ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရု။** ။ **ဂုဏေဟိ ဝိသိဋ္ဌော ဂုဏဝိသိဋ္ဌော။သတ္တေဟိ ဥတ္တမော သတ္တု တ္တမော။ ဂုဏဝိသိဋ္ဌော စ သော သတ္တုတ္တမော စာတိ ဂုဏဝိသိဋ္ဌသတ္တုတ္တမော။ ဂုဏဝိသိဋ္ဌသတ္တုတ္တမော စ သော ဂရု စာတိ ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရု။**
(ဝိသေသနပုဗ္ဗပဒကမ္မဓာရည်း သမာသ်)

ဂုဏဝိသိဋ္ဌ ဝိသေသန အရ ဂုဏဝိသိဋ္ဌဘောဂုဏ်သည် မုချ။သတ္တုတ္တမ-ဝိသေသန အရ သတ္တုတ္တမဘောဂုဏ်သည် မုချ။ထို-၏ မြတ်စွာဘုရားနှင့် ဝိသေသန + ဝိသေသျ စပ်ဌာန။သမာသ် ပုဒ်လုံးအရ ထို-သော ဂုဏ်တော်တို့ဖြင့်လည်းထူး၊သတ္တဝါတို့ထက်လည်း မြတ်သော မြတ်စွာဘုရား ရ၏။

**ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရု။** ။ **ဂရုကာတဗ္ဗောတိ ဂရု။ဂိရတိ ဝမတီတိ ဂရု။ဂရတိ သိဋ္ဌတီတိ ဂရု။**

ဂရုဓာတ်အရ ကတ္တုဋ္ဌ-ကား လေးစားတတ်သော ပုဂ္ဂိုလ်၏ သဒ္ဒါဒိပုဗ္ဗင်္ဂမ စိတ္တုပ္ပါဒ်မုချ။ ကမ္မဋ္ဌ-ကား အလေးအမြတ်ပြုအပ်သော မြတ်စွာဘုရား၏ အာရမ္မဏပစ္စယသတ္တိ ဖလူ။ ဥ-ပစ္စည်းအရ ထိုသော မြတ်စွာဘုရား ရ၏။

**ဂါရဝ** ။ ။ **ဂရုံ ကရောတီတိ ဂရု။ဂရုနော ဘာဝေါ ဂါရဝေါ။**

http://www.dhammadownload.com



ဂရု-တဒ္ဓိတ်အရ မြတ်စွာဘုရားသည် မုချ။ထို ၏ ဏ အရ လေးစားအပ်သည်၏ အဖြစ်ဟူသော သီလစသော သေဋ္ဌဂုဏ်နှင့် နိသျ+နိဿိတ စပ်၊ ဌာနူ။ဏ ပစ္စည်းအရ ထို သော လေးစားအပ်သည်၏အဖြစ်ဟူသော သီလစသော သေဋ္ဌဂုဏ်ရ၏။

**ဂုဏာဝိသိဋ္ဌသတ္တုတ္တမဂရုနော ဂါရဝါဓိဝစနံ ဂုဏာဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ။**(ဘာ+ဋီ)။

နံပါတ် (၅)

**ဝိသိဋ္ဌ**။ ဝိ-သိသ + တ။ **ဂရု**။ ဂိရ (ဂရ) + ဉ။ **ပေါရဏ**။ ပုရာဏာပုဒ်+ဏ။ (ပုရေ ဘဝါ ပေါရဏာ)။ **အာဝဏ္ဏ**။ အာ-ဝိ-ဏ + အ။

**နိမိတ္တ**။ နိ-မာ + တ။ **လိင်္ဂ**။ လိင် သဒ္ဒါ ဂမု + ဏွိ။

နံပါတ် (၆)

(က) ဖြင့် ဂုဏ်ထူးလျှင်အကြောင်းရှိသော ဘဂဝါဟူသော အမည်သည် ဘဂေါ အဿ အတ္ထီတိ ဘဂဝါ-ဟူသော ဝစနတ္ထနှင့်ယှဉ်သော်လည်း မြတ်စွာဘုရား၏ ဂုဏ်တော်မှလာသော ရုဋ္ဌီအမည် အဖြစ်ကိုသိစေ။

နံပါတ် (၇)

**ဗလီဗဒ္ဒေါ/ဗလီဗဒ္ဒေါ/ဗလီဗဒ္ဒေါ/ဗလီဗဒ္ဒေါ...**

ဉာ် စ ဝရော စ ဉာ်ဝရော။ ဗလံ အဿ အတ္ထီတိ ဗလီ၊ ဉာ်ဝရေ ဒေတီတိ ဉာ်ဗဒ္ဒေါ၊ ဗလီ စ သော ဉာ် ဗဒ္ဒေါ စာတိ ဗလီဗဒ္ဒေါ (သဏ္ဌူ)အ ိ ဗလီ-ဟု ဉာ် ဒီဃရှိလျက် ဒွ သဒိသ သံယုတ်ဖြင့် ရှိသော ဗလီဗဒ္ဒ ပါဋ်သင့်။

ဗလိနာ ထာမဝန္တေန ဗဒ္ဓတိ အဟာမိတိ ကရောတီတိ ဗလိဗဒ္ဒေါ။ (အုတ်ကျောင်း) ဗလံ ဝဒ္ဓယတီတိ ဗလိဗဒ္ဒေါ။(ဓာတ်+ဋီ) တို့ကို ထောက်၍ ဒွ အသဒိသ သံယုတ်ဖြင့် ရှိသော ဗလိဗဒ္ဒ သင့်။

ဂရု/ဂုရု...

ဂါရဝေါ ဟူသော တဒ္ဓိတ်ရုပ်ပြီးကို ထောက်၍ ဂရုပါဋ်သာသင့်။

**ရှင်းချက်** ။။ဂရုနော ဘာဝေါ ဂါရဝေါဟု ဝိဂ္ဂဟတ်၌ ရှိ၏။ ဂုရုနော ဘာဝေါ ဂေါရဝေါ ဟု မရှိ။

နံပါတ် (၈)

**ဘဂဝါ သေဋ္ဌ**။ ။ ဝိသယ သေဋ္ဌဂုဏ်တော်၏ အမည်ကို ဝိသယီသဒ္ဒါ၌ တင်စား ကာရဏူ။ဌာနူပစာ။ နာနန္တရိက သဟစရဏနည်း။တစ်နည်း-အကြောင်းပဝတ္တနိမိတ်ဂုဏ်၏ သေဋ္ဌအမည်ကို အကျိုးဘဂဝါ သဒ္ဒါ၌တင် ကာရဏူပစာ။**သေဋ္ဌန္တိ သေဋ္ဌဝါစကံ ဝစနံ သေဋ္ဌဂုဏသဟစရဏတော**။ (ဝိမတိ ၁၊ ၅၈။) **ဂရုဂါရဝ ယုတ္တော**။။ လေးစားခံထိုက်သူ ပုဂ္ဂိုလ်တို့တွင် အလွန်အကဲ လေးစားခြင်းငှါထိုက်သော မြတ်စွာဘုရားကိုယူအပ်သောကြောင့် အတိသယနည်း။ (ဧကဒေသျူပစာ။)

နံပါတ် (၁၀)

**ဂါရဝ အရ** ။ ။ သဒ္ဒါဓိပ္ပာယ်မ ဣသိုလ် ကြိယာ ဓိတ္တပ္ပါဒ်။

**************

**ဓါတ်ကျစဉ် (၂၅)**

(က) ~~သဒေဝကန္တိ~~ သဟ ဒေဝေဟိ သဒေဝကံ။

http://www.dhammadownload.com



(ခ) ဧဝံ သဟ မာရေန **သမာရကံ**။သဟ ဗြဟ္မုနာ **သဗြဟ္မကံ**။

(ဂ) တတ္ထ သဒေဝကဝစနေန ပဉ္စကာမာဝစရဒေဝဂ္ဂဟဏံ ဝေဒိတဗ္ဗံ၊သမာရကဝစနေန ဆဋ္ဌ ကာမာဝစရဒေဝဂ္ဂဟဏံ။

(ဃ) ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ၊သဒေဝမနုဿဝစနေန သမ္မုတိဒေဝအဝသေသမနုဿ ဂ္ဂဟဏံ။

(င) ဧဝ မေတ္ထ တီဟိ ပဒေဟိ ဩကာသလောကော၊ ဒွီဟိ ပဇာဝသေန သတ္တလောကော ဂဟိတောတိ ဝေဒိတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၁။ ၉၇။)

*************

## နံပါတ် (၁)

ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ။ (ပါဠိတော်)အနက်ပေး။

သဒေဝကံ-အောက်နတ်ပြည်ငါးထပ်ရှိ နတ်တို့နှင့်လည်း တကွဖြစ်သော။သမာရကံ-မာရ်နတ်၏ တည်နေရာဖြစ်သော ခြောက်ခုမြောက် ဝသဝတ္တိနတ်ပြည်ရှိ နတ်အပေါင်းနှင့်လည်း တကွဖြစ်သော။သဗြဟ္မကံ- ဗြဟ္မာနှစ်ဆယ်နှင့်လည်း တကွဖြစ်သော။သဿမဏဗြာဟ္မဏိံ-သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော သမဏဗြာဟ္မဏတို့နှင့်လည်း တကွဖြစ်သော။(ဝါ) မကောင်းမှုမှ ငြိမ်းစေအပ်ပြီးသော သမဏ၊မကောင်းမှု ကိုမျောအပ်ပြီးသော ဗြာဟ္မဏတို့နှင့်လည်း တကွဖြစ်သော။ပဇာ-သတ္တဝါအပေါင်းဟူသော လောကကိုလည်း ကောင်း။သဒေဝမနုဿံ-သမ္မုတိနတ် ဟူသောမင်း၊ကြွင်းသောလူတို့နှင့်လည်း တကွဖြစ်သော။ ဣမံ လောကံ- ဤဩကာသလောကကိုလည်းကောင်း။သဒေဝမနုဿံ ပဇံ-ကိုလည်းကောင်း။

(င) ဧတ္ထ၊ဤငါးပုဒ်တို့တွင်။တီဟိ-သုံးပါးကုန်သော။ပဒေဟိ-သဒေဝကံ အစရှိသောပုဒ်တို့ဖြင့်။ဒွီဟိ- ကုန်သော။ပဒေဟိ-သဿမဏဗြာဟ္မဏိံ အစရှိသောပုဒ်တို့ဖြင့်။ပဇာဝသေန-ပဇာသဒ္ဒါ၏အစွမ်းဖြင့်။

## နံပါတ် (၂)

(ဂ) သို့။ ဆရာသည် (က+ခ) တို့ဖြင့် သဒေဝကံ၊သမာရကံ၊သဗြဟ္မကံ-ပုဒ်တို့၏ ဝစနတ္ထကို ဖွင့်ဆိုတော်မူအပ်၏။သဒေဝကံ သမာရကံ ပုဒ်တို့ဖြင့် ရသင့်တိုင်းသော နတ်တို့ကို ယူအပ်ပါသလော။အဘယ်ပုဒ်ဖြင့် အဘယ်ကို ယူအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့။ ဆရာသည် (က) စသော ဝါကျတို့ဖြင့် သဒေဝကံ စသော ပုဒ်တို့၏ ဝစနတ္ထ၊အဘိဓေယျတ္ထကို ဖွင့်ပြတော်မူအပ်၏။ **(တစ်နည်း)** ပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် သဒေဝကံ စသော ငါးပုဒ်ကို ဟောဆိုတော် မူအပ်၏။ဣမံ လောကံ ဟူသော ပုဒ်ဖြင့်ပင် ထိုသဒေဝကံစသောပုဒ်တို့၏ လိုအပ်သောအနက် ပြီးရာသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် သဒေဝကံစသော ငါးပုဒ်ကို ဟောဆိုအပ် ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

## နံပါတ် (၃)

(ခ) ပက္ခန္တရ။ (ဂ) ဝိတ္ထာရ။(တစ်နည်း)ပက္ခန္တရ ဝစနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြသောကြောင့်။ (ဃ) ပက္ခန္တရ။ (င) ဝါကျာရမ္ဘ။

http://www.dhammadownload.com



နံပါတ် (၄)

**ပဇာ။ ။ ယထာသကံ ကမ္မကိလေသသခါတေဟိ ပကာရေဟိ ဇနီယတေတိ ပဇာ။**

ဇန ဓာတ်အရ ကတ္တုဒြ ကား ကံ ကိလေသာတို့၏ ဇနက-ဥပထမ္ဘက သတ္တိသည်မှချ။ဟေတုကမ္မဒြ ကား ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့၏ ဥပါဒ် (ဝါ) ယင်းတို့၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ ကွိ ပစ္စည်းအရ ထို-သော သတ္တဝါအပေါင်း ရ၏။

ပကာရ အရ ကံ ကိလေသာ အပြားရ၏။ထို၏ သတ္တဝါတို့နှင့် ဇနက/ဇေ့ စပ် ဌာနူ။ပဇာ ဟူသော သမာသ်ပုဒ်လုံးအရ ထို သော သတ္တဝါ အပေါင်း ရ၏။

**မာရ ။ ။ ကုသလဓမ္မေ မာရေတီတိ မာရော။**

**သမ္မုတိ။ ။ သမ္မာ မညတေတိ သမ္မုတိ။ သမ္မတေတိ သမ္မုတိ။**

မန ကတ္တုဒြ ကား တိုင်းသားပြည်သူတို့၏ ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ ကမ္မဒြ ကား မင်း၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ။တိပစ္စည်းအရ ထို သော မင်းရ၏။

**သြကာသ ။ ။ အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ သြကာသော။**(အဝ+ကာသ+ဏ)

နံပါတ် (၅)

**မာရ**။ မရ + ဏ။ **အဝသေသ**။ အဝ-သိသ + ဏ။ **ဆဋ္ဌ**။ ဆပုဒ်၊ဋ္ဌပစ္စည်း

**သဒေဝက**။ ပုလ္လိင် (လောက ကို အရကောက်အပ်သောကြောင့်)

နံပါတ် (၆)

(က) သဟ ဒေဝေဟိဖြင့် သဒေဝကံ၌ သဟပုဒ် ဒေဝပုဒ်၊သသည် သန္တ၏ ကာရိယမဟုတ်၊သဟ၏ကာရိယ ဖြစ်သည်ကိုလည်းကောင်း၊သဟ ဒေဝေဟိ ယော ဝတ္တတီတိ သဒေဝကော-ဟု ပဋ္ဌမာဗဟုဗ္ဗီဟိဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း၊က ၏ သမာသန္တ အဖြစ်တို့ လည်းကောင်း သိစေပါသည်။(ခ)နည်းတူဖော်။

(ဂ) **ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ** ဖြင့် ပဇံ သဒ္ဒါသည် သဒေဝကံ စသော ပုဒ်တို့နှင့် တုလျတ္ထ ဖြစ်ငြားသော်လည်း သြကာသလောကကို မယူအပ်။သတ္တလောကကို ယူအပ်သည်ကို သိစေပါသည်။ **သမ္မုတိဒေဝအဝသေသမနုဿဂ္ဂဟဏံဖြင့်** သဒေဝမနုဿံ၌ ဒေဝအရ ဥပပတ္တိနတ်ကို မယူအပ်။သမ္မုတိနတ်ကို ယူအပ်သည်ကို လည်းကောင်း၊မနုဿအရ ယင်းသမ္မုတိနတ်မှ ကြွင်းသော လူတို့ကို ယူအပ်သည်ကိုလည်း ကောင်း သိစေပါသည်။

နံပါတ် (၇)

**သတ္တလောကဂ္ဂဟဏံ/သတ္တလောကဂဟဏံ...**

ဂဟ ဓာတ်၏ အာဒိ ဗျည်းသည် ဒွေဘော် ဌာန ဖြစ်သောကြောင့် ဒွေဘော်ဖြင့် ရှိသော သတ္တလောက ဂ္ဂဟဏံ ပါဌ်သာသင့်။

**ပစ္စတ္တိက/ပစ္စတ္ထိက...**

ပဋိပက္ခံ အတ္ထယန္တိ ဣစ္ဆန္တီတိ ပစ္စတ္ထာ၊ပစ္စတ္ထာ ဧဝ ပစ္စတ္ထိကာ-ဟု ဝစနတ္ထပြု၍ ပဋိပုဗ္ဗ+အတ္ထ ဓာတ်+ဏ္ဍက ပစ္စည်းဖြင့် ပြီးသောကြောင့် ပစ္စတ္ထိကာ ပါဌ်သာ သင့်။

http://www.dhammadownload.com



## နံပါတ် (၉)

**သဒေဝကံ ။ ။** ဆိုအပ်လတံ့သော သမာရက်အရ ဝသဝတ္တိနတ်ပြည်မှကြွင်းသော အောက်နတ်ပြည်ငါးထပ်ရှိ နတ်အပေါင်းကို ယူအပ်သောကြောင့် ပါရိသေသနည်း။ ကေဒေသျှုပစာ။

**သဒေဝကဝစနေန ပဉ္စကာမာဝစရဒေဝဂ္ဂဟဏံ ပရိသေသညာယေနာတိ ဝေဒိတဗ္ဗံ ဂ္ဂတရေသံ ပဒန္တရေဟိ သင်္ဂဟိတတ္တာ။** (သာရတ္ထ၊ ၁။ ၃၂၁။)

**သမာရကံ ။ ။** မာရ်နတ်နှင့်နီးသော ဝသဝတ္တိနတ်ပြည်ရှိ နတ်အားလုံးကို ယူအပ်သောကြောင့် ပစ္စာသတ္တိနည်း။ **သမာရကဝစနေန ဆဋ္ဌကာမာဝစရဒေဝဂ္ဂဟဏံ ပစ္စာသတ္တိညာယေနာတိ ဒဋ္ဌဗ္ဗံ။** (သာရတ္ထ၁။၃၂၁)

ဝသဝတ္တိနတ်ပြည်၌ မာရ်နတ်မင်းနှင့် အတူတကွနေဖော်နေဖက် ဖြစ်သောကြောင့် သဟာစရဏနည်း။(ဝိမတိ)

## နံပါတ် (၁၀)

စတုန္နံ ဗျူဟော ဗြဲ့တွာတိ စတုဗျူဟော-ဟူသော ဝစနတ္ထနှင့်အညီ လေးပါးကုန်သော ဝိဂြိုဟ်၊အလို၊ နိဒါန်း၊အနုသန္ဓေ-တို့၏ ပေါင်းရာဖြစ်သောကြောင့် စတုဗျူဟာဟာရမည်၏။

ထိုလေးပါးတို့တွင် ဝိဂြိုဟ်ပြုခြင်းသည် နေရုတ္တမည်၏။ဤသဟ ဒေဟတိ သဒေဝကံ ဟူသော ဝါကျ၌ သဟသဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်သောကြောင့် နေရုတ္တကို မရအပ်။ဒေဝေဟိ၌ ဒိဝုဓာတ်၊ဏ ပစ္စည်း။ ဒိဗ္ဗန္တိ ကီဠန္တိတိ ဒေဝါ ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ဒိဗ္ဗန္တိ ကီဠန္တိ၊ပျော်မြူးကြကုန်၏။ဣတိ - ထို့ကြောင့်။ဒေဝါ-မည်၏။ ဒိဝုဓာတ်အရ နတ်တို့၏ ပျော်မြူးသော အခြင်းအရာအားဖြင့် ဖြစ်သော လောဘမူ စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ဏ ပစ္စည်းအရကား နတ်တို့ရ၏။ထိုနတ်တို့၌မှီသော သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရပုလ္လိင်။ဒြပ်၌မှီသော အများ၏အဖြစ်ဟု ဆိုအပ်သော ဗဟုဝုစ်သင်္ချာ။ အတူတကွဖြစ်ခြင်း ကြိယာဖြင့် ပြီးစေအပ်သော ကြိယာသာဓန တမသတ္တိသည် ကာရကာကာရက မည်၏။

****************

## ဝါကျစဉ် (၂၈)

(က) **အဘိညာတိ** အဘိညာယ။

(ခ) အဓိကေန ဉာဏေန ဉတွာတိ အတ္တော။

(ဂ) **သစ္ဆိကတွာတိ** ပစ္စက္ခံ ကတွာ။

(ဃ) ဧတေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟောတိ။

(င) **ပဝေဒေတီတိ** ဗောဓေတိ ဉာပေတိ ပကာသေတိ။

(စ) **သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ။ပ။ပရိယောသာနကလျာဏန္တိ** သောဘဂဝါ သတ္တေသု ကာရုညတံ ပဋိစ္စ ဟိတွာပိ အနုတ္တရံ ဝိဝေကသုခံ ဓမ္မံ ဒေသေတိ၊

(ဆ) တဉ္စ ခေါ အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော အာဒိကလျာဏာဒိပ္ပကာရမေဝ ဒေသေတိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၉၈။)

****************

## နံပါတ် (၁)

(ခ) အဓိကေန-လွန်ကဲသော။ဉာဏေန-သဗ္ဗညုတဉာဏ်တော်ဖြင့်။

http://www.dhammadownload.com



(ဃ) ဓာတေန-ဤ သစ္စိကတ္တာဟူသော ပါဠိဖြင့်။အနုမာနာဒိပဋိက္ခေပေါ-အနုမာနအစရှိသောသိခြင်းကို ပယ်ခြင်းသည်။(ဝါ)ကို။

(ဆ) တဥ္စ-ထို တရားတော်ကိုလည်း။အပ္ပံဝါ၊အနည်းငယ်ကိုသော်လည်းကောင်း။ဒေသေန္တော- ဟော တော်မူလတ်သော်။

## နံပါတ် (၂)

**(ဃ)သို့**။ ။ ဆရာသည် (ဂ) ဖြင့် သစ္စိကတ္တာ၌ သစ္စိနိပါတ်၏ ပစ္စက္ခအနက် ဟောသည်ကို ဖွင့်ပြတော်မူအပ် ၏။သယံ အဘိညာ-ဟု ဟောလျှင်ပင် ကိုယ်တော်မြတ်၏ သိခြင်းကိုစွ ပြီးရာသည်မဟုတ်ပါလော။ယင်း သို့ဖြစ်လျက် အဘယ်ကြောင့် သစ္စိကတွာ-ဟူသောပုဒ်ကို ထပ်၍ဟောဆိုပါသနည်း။စုဒ်ကြောင့်(ဃ) မိန့်။

**ကား**။ ။ သယံ အဘိညာ-ဟု ဆိုက လိုအပ်သောအနက် ပြီးငြားသော်လည်း၊သစ္စိကတွာ ဟူသောပုဒ်ဖြင့် မြတ်စွာဘုရားသည် မျက်မှောက်အားဖြင့် သိ၏။မှန်းဆ၍ သိသည်မဟုတ်။ထို့ကြောင့် သစ္စိ ကတွာ-ဟု ထပ်၍ ဟောဆို၏ ဟူလို။

**(စ)သို့ လိနတ္ထရစောဒနာ**။ ။ ဆရာ ပါဠိတော်၌ သော ဓမ္မံ ဒေသေတိ-စသည်ဖြင့် မြတ်စွာဘုရား တရား ဟော၏ဟု ဖွင့်ဆိုအပ်၏။အဘယ့်ကြောင့် တရားဟောပါသနည်း။လောကာမိသကိုငဲ့၍ တရားဟောပါသလော။ စုဒ်ကြောင့် (ခ) မိန့်။

**(ဆ)သို့** ။ ။ ဆရာသည် (စ) ဖြင့် သော၌ တ-သဒ္ဒါသည် ဘဂဝါ ပုဒ်ကို စွဲယူသုံးသပ်၍ မြတ်စွာဘုရားသည် သတ္တဝါတို့ အပေါ်၌ သနားခြင်းကို အကြောင်းပြု၍ အနုတ္တရဝိဝေကသုခကို စွန့်၍သော်လည်း တရားဟော ၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဆိုသော် အာဒိကလျာဏံ စသော ပုဒ်တို့သည် ဓမ္မံဟူသောပုဒ်မှ အသီးအခြားဖြစ် ကုန်၏။ထိုသို့ဖြစ်သောကြောင့် ဓမ္မံဟူသောပုဒ်၏ အသီးအခြားဖြစ်သော အာဒိကလျာဏံ စသော ပုဒ်တို့၏ အနက်ကို သိကောင်းအံ့လော။ အဘယ်သို့လျှင် သိအပ်ပါသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

**(တစ်နည်း)** ဥာပနာတူ။သော ဓမ္မံ ဒေသေတိဟုဆိုက လိုအပ်သောအနက် ပြီးကောင်းရာသည် မဟုတ်ပါလော။ အာဒိကလျာဏံ စသည်ကို အဘယ်ကို ပြလို၍ ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ဆ) မိန့် (ဂဏ္ဌိဟောင်း)

## နံပါတ် (၃)

(ခ) ဝိတ္ထာရ။ (တစ်နည်း) ဝါကျာရမ္ဘ။ (ဂ) ပက္ခန္တရ။ (ဃ) ဝါကျာရမ္ဘ။

(င) ပက္ခန္တရ။ (စ) ပက္ခန္တရ။ (ဆ) ဝါကျာရမ္ဘ။ (တစ်နည်း) ပက္ခန္တရ။

**စာစပ်**။ ။ အာဒိကလျာဏံ-ကား သော ကြောင့် ဓမ္မံ၌ တုလျာဓိကရဏဝိသေသန/တုလျာဓိကရဏ ဝိသေသျစပ်။**တစ်နည်း**။။အောင်ပေးသောကြောင့် ဒေသေတိ၌ ကြိယာဝိသေသန + ဝိသေသျ စပ်။

## နံပါတ် (၄)

**ကာရုဉတာ** ။ ။ **ကရုဏာယေဝ ကာရုဉ်။ကာရုဉ် ယဿ အတ္ထိတိ ကာရုဉော။**
**ကာရုဉဿ ဘာဝေါ ကာရုဉတာ။**

ကာရုဉ တဒ္ဓိတ်ပုဒ်အရ ကရုဏာ ရှိတော်မူသော မြတ်စွာဘုရားသည် မုချ။ထို၏ တာ ပစ္စည်းအရ မဟာကရုဏာနှင့် နိသျ+နိဿိတစပ် ဥာန္န။တာ ပစ္စည်းအရ ထို-သော ကရုဏာရှိတော်မူသော မြတ်စွာဘုရား၏ ဖြစ်ကြောင်းဖြစ်ရာ မဟာကရုဏာတော် ရ၏။

http://www.dhammadownload.com



**ဝိဝေကသုခ ။ ။ ဝိဝေစနံ ဝိဝေကော။ဝိဝိစ္စတိ ဝိဝေစေတိ ဝါ ကိလေသေဟိ ဝိဝေကော။**
**ဝိဝေကတော ဇာတံ သုခံ ဝိဝေကသုခံ။**

**နတ္ထိ တေသ္မာ ဤတိ ဥပဒ္ဒဝေါတိ အနီတော၊(မိတ္တော)တပ္ပဋိပက္ခော ပစ္စနီတော၊သော ဧဝ ပစ္စနီကော၊တဿ ကော။**(ဓာန်၊ဋီ)ကို ထောက်၍ ဒီဃဖြင့် ရှိသော "ပစ္စနီကော" ပါဌ် သင့်။

**သာမိစီ/သာမီစိ/သာမိစိ/သာမီစီ···**

သမ္မာ+ဏ+ဤ၊သမ္မာ ဘာဝေါ သာမိစီ၊ဏပစ္စည်း သက်၊"တဒမိနာဒီ"သုတ်ဖြင့် စလာ၊အာကို ဣပြု၊မသံယုတ် ချေ၊အာဝုဒ္ဓိပြု၊ဤပစ္စည်းသက်၊(မောဂ်နိသျ၊ဒု၊နှာ၊၁၀၃။) ကို ထောက်၍ သာမိစီ ပါဌ်သင့်။

သမ္မာ=သံ+အဉ္စ+ကွိ=သမျဉ္စ+ဏ။သံ+ဣဥ်စ=သမိစ=သာမိစ+ဤ=သာမိစီ။ပဋိကရဏ-အစားပေးသောနည်းဖြင့် သံ ဣဉ်စ=သမိစ ဟု ဒီဃနှင့် ဖြစ်သည်။သာမိစီ-သံ။သာမိစိ၊သာမိစီ-သက္ကတပိဋကေ။ (ပါဠိပဒပိဋကကျမ်းညွှန်း အပိုင်း၊၄။၇၇။)ကို ထောက်၍ သာမိစီ၊သာမိစိ- နှစ်ပါဌ် သင့်။

နံပါတ် (၈)

**အရသရူပေါ်၌ အရသ**။ ။ ဌာနအဘိဝါဒနစသော သာမဂ္ဂိရသ မရှိသူ၏ အရသအမည်ကို ဌာနီအဘိဝါဒနစသောအမှု မရှိခြင်း၌ တင် ဋ္ဌာနူပစာ။

**သာမိစိကမ္မ**။ ။ ရှိခိုးခြင်းအမှု၊ခရီးဦးကြိုဆိုခြင်းအမှု၊လက်အုပ်ချီမှု (၃) မျိုးမှ ကြွင်းသော ယပ်ခပ်ပေးခြင်း၊ ရေခပ်ပေးခြင်းစသော ကြွင်းအရှိအသေ ပြုမှုများကို ယူအပ်သောကြောင့် ပါရိသေသနည်း။

နံပါတ် (၁၀)

**အဘိဝါဒနအရ**-ရှိခိုးခြင်း အခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ္တိသမုဋ္ဌာပကစိတ္တုပ္ပါဒ်၊(ကာယဝိညတ်)

***************

**ပါကျစဉ် (၃၈)**

(က) တတ္ထ **ပရိယာယောတိ** ကာရဏံ။

(ခ) အယဉှိ ပရိယာယသဒ္ဒေါ ဒေသနာဝါရကာရဏေသု ဝတ္တတိ။

(ဂ) "မဓုပိဏ္ဍိကပရိယာယောတွေဝ နံ ဓာရေဟိ" တိ အာဒီသု ဟိ သော ဒေသနာယံ ဝတ္တတိ။

http://www.dhammadownload.com



(ဃ) ''ကသ္သ နု ခေါ အာနန္ဒ အဇ္ဇ ပရိယာယော ဘိက္ခုနိယော ဩဝဒိတု'' န္တိအာဒီသု ဝါရေ။

(င) ''သာဓု ဘန္တေ ဘဂဝါ အညံ ပရိယာယံ အာစိက္ခတု၊ယထာယံ ဘိက္ခုသံဃော အညာယ သဏ္ဌဟေယျာတိ'' တိ အာဒီသု ကာရဏေ။

(စ) သွာယမိဓ ကာရဏေ ဝတ္တတိ။ (ဝိဋ္ဌ၊ ၁။ ၁၀၃။)

******************

နံပါတ် (၁)

**(င)အာကာရဝါကျအနက်**...ဘန္တေ-မြတ်စွာဘုရား။သာဓု-တောင်းပန်ပါ၏။ဘဂဝါ-သည်။ယထာ ယေန အာကာရေန၊အာစိက္ခန္တေ အညာယ-အပိုင်းအခြားကို လွန်၍သိတတ်သော အရဟတ္တဖိုလ်၌။(သဂုဏပေက္ခ ဒုဗ္ဗ)ဝါ-အရဟတ္တဖိုလ်၌။(ကေဝလဒဗ္ဗပေက္ခ)သဏ္ဌဟေယျ-တည်ရာ၏။တထာ တေနအာကာရေန။အသုဘ ဘာဝနာယ၊မှ။အညံ-တစ်ပါးသော အာနာပါဏာနုဿတိကမ္မဋ္ဌာန်းဟူသော။ပရိယာယံ-အကြောင်းကို။

နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာ (က)ဖြင့် ပရိယာယသဒ္ဒါသည် ကာရဏအနက်၌ ဖြစ်၏ ဟု ဖွင့်ပြတော်မူအပ်၏။ပရိယာယသဒ္ဒါသည် ကာရဏတ္တ၌ ဖြစ်နိုင်ကောင်းအံ့လော။ဝါ-ကာရဏတ္တသည် ပရိယာယသဒ္ဒါ၏ အနက်ဖြစ်ကောင်းအံ့လော။ပရိယာယသဒ္ဒါသည် ကာရဏတ္တမဖြစ်သော် ဆရာ့စကား အသို့သင့်အံ့နည်း။စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) သို့**။ ။ ဆရာသည် (ခ) ဖြင့် ပရိယာယသဒ္ဒါသည် ဒေသနာ ဝါရ ကာရဏ သုံးနက်တို့၌ ဖြစ်၏-ဟု ဖွင့်ပြတော်မူအပ်၏။သဒ္ဒါတို့သည် သကတ်စသော အတ္ထပဋ္ဌကမတ္တကို စွဲ၍တည်ကုန်၏၊တစ်ခုတည်းသော ပရိယာယသဒ္ဒါသည် ဒေသနာဝါရကာရဏ သုံးနက်တို့ကို မဟောနိုင်သည် မဟုတ်ပါလော။ယင်းသို့ ဖြစ်လျက် ပရိယာယသဒ္ဒါတစ်ခုတည်းက ဒေသနာ ဝါရ ကာရဏ သုံးအနက်တို့ကို ဟော၏-ဟု ဆိုသောဆရာ့ စကား အသို့သင့်အံ့နည်း။သဒ္ဒါအနက် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။စုဒ်ကြောင့် (ဂ)မိန့်။

**(စ) သို့**။ ။ဆရာ(ခ+ဂ)စသော ဝါကျတို့ဖြင့် ပရိယာယသဒ္ဒါသည် ဒေသနာ ဝါရ ကာရဏ သုံးနက်တို့၌ ဖြစ်နိုင်ပုံကို သာဓကနှင့်တကွ ဖွင့်ပြတော်မူအပ်၏။ယင်းသို့ဆိုသော် ထိုသုံးနက်တို့ကိုပင် ဤ၌ အလိုရှိအပ်ပါသလော။အဘယ်ကို အလိုရှိအပ်ပါသနည်း။စုဒ်ကြောင့်(စ) မိန့်။

နံပါတ် (၃)

**(ခ) ဒဋ္ဌိကရဏ။တစ်နည်း-ဝိတ္ထာရ(ဂ) အာဂမဒဋ္ဌိကရဏ။တစ်နည်း-(ဂ+ဃ+င)ဝိတ္ထာရ။ ထိုတွင် (ဃ) ပက္ခန္တရ (င) ပက္ခန္တရ (စ) ဝိသေသ။**

နံပါတ် (၄)

**ပရိယာယ**။ ။ **ပရိယာယတိ ဒေသေတဗ္ဗံ အတ္ထံ အဝဂမေတိ ဗောဓေတီတိ ပရိယာယော။** (ဒေသနာ)**ပရိယာယတိ အပရာပရံ ပရိဝတ္တတီတိ ပရိယာယော။**(ဝါရ) **ပရိယာယတိ အတ္တနော ဖလံ ပရိဂ္ဂဟေတွာ ဝတ္တတီတိ ပရိယာယော။**(ကာရဏ)

ပရိ-ဣတတ် သုဒ္ဓကတ္တုဌကား သိတတ်သော တရားနာသူတို့ သန္တာန်၌ဖြစ်သော ဉာဏ်ပြခြင်း

http://www.dhammadownload.com



သော စိတ္တုပ္ပါဒ် မုချ။ဟေတုကတ္တုဒွ ကား ဒေသေတဗ္ဗမေ္မ၏ အာရမ္မဏပစ္စယသတ္တိ၊ပကတူပနိသျသတ္တိ ဖလူ။**တစ်နည်း**-တရားဟောသော ပုဂ္ဂိုလ်၏ ဒေသနာဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ် ဖလူ။ဏ ပစ္စည်း အရ ထို သော ဒေသနာတော် ရ၏။

**အညာ**။ ॥ **အာမရိယာဒံ အဇာနိတ္တ အညာသီတိ အညာ**။

အာ-ဥပသာရ အရ မရိယာဒတ္တဘောဂုဏ် မုချ။ဉာဓာတ် အရဟတ္တဖိုလ် ပညာ၏ သိခြင်းလက္ခဏာ သည် မုချ။အောက်မဂ်/အောက်ဖိုလ်ဉာဏ်တို့သည် ဖလူ။(**တစ်နည်း**)မဂ္ဂင်ရှစ်ပါးသည် ဖလူ။နောက်နောက် ဖြစ်သော ဖလသမာပတ်ချမ်းသာသည် ကာရဏူ။အ(ကွိ)ပစ္စည်းအရ ထိုသော အရဟတ္တဖိုလ်ပညာ ရ၏။

နံပါတ် (၅)

**ဝါရ**။ ဝရ+ဏ။ **ပဏ္ဍိတ**။ ပိဍိ+အ (တ)။ **အဇ္ဈ**။ ဣမ+ဓ္ဓ(ဣမသဒ္ဒါ ဒိဝသေ အဇ္ဈ)

**သဏ္ဌာပေယျ**။ သံ ဌာ+ဏေယျ။(ဟလာ၍ ပြီးသည်)

နံပါတ် (၆)

(က) **ကာရဏ် ဖြင့်** ပရိယာယသဒ္ဒါသည် ကာရဏအနက်၌ ဖြစ်သည်ကို သိစေ။**တစ်နည်း**-ပရိယာယ သဒ္ဒါသည် ကာရဏသဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကို သိစေ။

နံပါတ် (၇)

**ဝေမေတ္တ ဒဠှမ္ဗော**။ပ။**သချိံ ဂစ္ဆေယျ/ဂစ္ဆေယျာတိ**...

ဝေမေတ္တ ဒဠှမ္ဗော၌ ဓဝ်၏ နိဒေ္ဒသေတဗ္ဗ၊ဒဠှမ္ဗော၏အာကာရကား ဂစ္ဆေယျတွင် ဆုံး၏။ကတမော ပန စသည်ဖြင့် ပါဠိ၌ ယေဝေ သမဏဗြာဟ္မဏ စသောဝါကျသည် အတ္တိခွေသ စသောဝါကျ၏ သရုပ်ပြ ဝါကျ၏ အဖြစ်ကို ဝက်ဝုတ္တိအားဖြင့် ပြသည်။ထိုကြောင့် ဣတိသဒ္ဒါပါမှ သင့်။

ဂဏ္ဌိသစ်၌လည်း သမ္ဘာသဒ္ဒါ၏ အဝိပရီတအနက်ကို ပြလိုရကား အဝိတထဝါဒီတိ သချိံ ဂစ္ဆေ ယျ မိန့်။ဣတိကို ဝေမတ္တောသို့ ပြန်၏-ဟုဆို၏။ထိုကြောင့်လည်း ဣတိသဒ္ဒါပါမှ သင့်။

နံပါတ် (၈)

**ပရိယာယ**။ ॥ပရိယာယ သဒ္ဒါသုံးခုကို တစ်ခုကြွင်းပြု၍ ပြီးသောကြောင့် ကေသေသနည်း။သိလေသနည်း။ ပဒီပနည်း၊တန္တနည်း၊ဘိန္နသတ္တိသမေဝတနည်း။အတ္ထုဒ္ဒါရဝါကျမှန်သမျှ နည်းတူသိပါ။

အပေါင်းဖြစ်သော ဒေသနာ ဝါရ ကာရဏတို့၏အမည်ကို အစိတ်ဖြစ်သော ကာရဏ၌တင် ကေသေသူပစာ။

**အည်း**။ ॥ အရဟတ္တဖိုလ်တည်းဟူသော မကင်းရာကိုဆိုသဖြင့် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးတည်းဟူ သော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနုန္တရိက နည်း။**တစ်နည်း** ။ပညာတည်းဟူသောမကင်း တတ်သည်ကို ဆိုသဖြင့် အရဟတ္တဖိုလ်တည်းဟူသော မကင်း ရာကိုလည်း ရသောကြောင့် အဝိနာဘာဝ နည်း၊သဟစရဏနည်း။ဖလူပစာ။ကေဒေသူပစာ။

နံပါတ် (၁၀)

**အညာ အရ မုချ**။ ॥ ပညာကောက်။ဥပစာအရ အရဟတ္တဖိုလ်ကောက်။

http://www.dhammadownload.com



## ဝါကျစဉ် (၃၉)

(က) အတ္ထိ ခေါ ဗြာဟ္မဏာ ဧတံ ကာရဏံ, ယေန ကာရဏေန မံ ''အရသရူပေါ ဘဝံ ဂေါတမော'' တိ ဝဒမာနော ပုဂ္ဂလော သမ္မာ ဝဒေယျ၊အဝိတထဝါဒီတိ သင်္ချံ ဂစ္ဆေယျ။

(ခ) ယေ တေ္တမံ လောကံ ဂီဝါယ ဗန္ဓိတွာ ဝိယ အာဝိဉ္ဆန္တိ၊

(ဂ) ဝဏ္ဏာရမ္မဏာဒိသာမဂ္ဂိယဥ္စ ဥပ္ပန္နတ္တာ သာမဂ္ဂိရသာတိ ဝုစ္စန္တိ၊တေ သဗ္ဗေပိ တထာ ဂတဿ ပဟီနာတိ။

(ဃ) မယှံ ပဟီနာတိ ဝတ္တဗ္ဗေပိ မမာကာရေန အတ္တာနံ အနုပက္ခိပန္တော ဓမ္မံ ဒေသေတိ၊

(င) ဒေသနာဝိလာသော ဝါ ဧသ ဘဂဝတော။ (ဝိ၊ဋ္ဌ၊ ၁။ ၁၀၄။)

****************

### နံပါတ် (၁)

(ခ) ယေ-ယင်း ရူပရသစသည်တို့သည်။(ယ-သဒ္ဒါကို နိယမကြံလိုက 'ယင်း' ဟု အနက်ပေး၊ အနိယမကြံလိုက 'အကြင်' ဟု အနက်ပေးပါ။)တ္တမံ လောကံ-ဤသတ္တလောကကို။ဂီဝါယ-လည်ပင်း၌။ ဗန္ဓိတွာ ဝိယ-ဖွဲ့ချည်သကဲ့သို့။အာဝိဉ္ဆန္တိ-ဆွဲငင်ကြကုန်၏။

(ဂ) စ-ဆက်။ဝဏ္ဏာရမ္မဏာဒိသာမဂ္ဂိယံ-ဝဏ္ဏအာရုံ အစရှိသော အကြောင်းတို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်။(သတိ-သော်၊ဝါ-ကြောင့်။)တေ-ထို ရူပရသစသည်တို့ကို။တထာဂတဿ-မြတ်စွာဘုရားသည်။ ပဟီနာ-ပယ်အပ်ကုန်ပြီ။တ္တတိ ဝုတ္တံ ဟောတိ။(စသဒ္ဒါကို အဝ္ဗာနုပယုတ်ကြံသော် သာမဂ္ဂိရသာတိစ-သာမဂ္ဂိရသ တို့ဟူ၍လည်း-ဟု အနက်ပေး။)

(ဃ) မမာကာရေန-ငါဟူသောအချင်းအရာဖြင့်။ အတ္တာနံ-ကိုယ်တော်ကို။အနုက္ခိပန္တော-ချီမြှောက်တော် မမူလိုသည်။

(င) ဧသ-ဤတထာဂတဿ ပဟီနာ-ဟူသော စကားတော်သည်။ဒေသနာဝိလာသော-ဒေသနာတော်ကို တင့်တယ်စေတတ်သော ဉာဏ်တော်တည်း။

### နံပါတ် (၂)

(ဂ)သို့။ ။ဆရာပါဠိတော်၌ မြတ်စွာဘုရားသည် 'ယေ တေ ဗြာဟ္မဏ။ပ။တထာဂတဿ ပဟီနာ-ဖြင့် ရူပရသစသည်တို့ မရှိခြင်း၏အကြောင်းကို မိန့်ဆိုတော်မူအပ်၏။ထိုရူပရသစသည်တို့ကို အဘယ်ကြောင့် သာမဂ္ဂိရသ-ဟု ဆိုအပ်ပါသနည်း။ရူပရသစသည်ဟုသာ ဆိုသင့်သည်မဟုတ်ပါလော။စုဒ်ကြောင့်(ဂ) မိန့်။

(င)သို့။ ။ဆရာ ပါဠိတော်၌ တထာဂတဿ ပဟီနာ-ဟု ဝဏ်ဝုစ်အားဖြင့် မိန့်ဆိုတော်မူအပ်၏။ပုဏ္ဏား သည် ကိုယ်တော်ကို အရသရူပေါ ဘဝံ ဂေါတမော-ဟု ဥဇုဝုစ်အားဖြင့် ဆိုထားသောကြောင့် မယှံ ပဟီ နာ-ဟု ဥဇုဝုစ်အားဖြင့်သာ မိန့်တော်မူသင့်သည် မဟုတ်ပါလော။အဘယ်ကြောင့် တထာဂတဿ ပဟီနာ- ဟု ဝဏ်ဝုစ်အားဖြင့် မိန့်ဆိုတော်မူအပ်ပါသနည်း။စုဒ်ကြောင့် (င) မိန့်။

ကား။ ။ဆိုသင့်သော်လည်း အတ္တုက္ကံသနအားဖြင့် မိန့်တော်မူသည်ရှိသော် ပုဏ္ဏားအား သပ္ပါယမဖြစ် သောကြောင့် ငါ၏-ဟု ဆိုခြင်းဖြင့် မိမိကိုယ်ကို ပင့်မြှောက်တော်မမူပဲ မိန့်တော်မူအပ်၏ ဟူလို။

http://www.dhammadownload.com



နံပါတ် (၃)

(ခ) ဝါကျာရမ္ဘ။ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ယင်းရူပရာသစသည်တို့ ဖြစ်သကဲ့သို့ အတ္တရာသဓမ္မရာသ တို့လည်း ဖြစ်သလော-ဟူသော စောဒနာကို ပယ်လို၍ ဆက်လက် အားထုတ်သောကြောင့်။

(ဂ) ကာရဏာ။ရူပရာသစသည်တို့ကို သာမဂ္ဂိရာသဆိုရခြင်း အကြောင်းကို ပြဆိုသောကြောင့်။

(ဃ) ဝါကျာရမ္ဘ။ (င) နယန္တရပက္ခန္တ။

နံပါတ် (၄)

**သမဂ္ဂိရသာ။ ။ သမံ အဇ္ဇန္တိ ဂစ္ဆန္တီတိ သမဂ္ဂါ။(သံ+အဇ+ဂ)ရသီယတိ အဿာဒီယတီတိ ရသော။**

**သမဂ္ဂါနံ ဘာဝေါ သာမဂ္ဂီ။သာမဂ္ဂိယာ ဥပ္ပန္နာ ရသာ သာမဂ္ဂိရသာ၊**

သာမဂ္ဂီ ဝိသေသအရ ဝတ္ထုအာရုံစသည်တို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်မှချ။ထို၏ဖြစ်သော တဏှာနှင့်တကွ သုခဝေဒနာတို့နှင့် အကြောင်း/အကျိုး အစပ်သမ္ဗန် ဋ္ဌာန။သမာသ်ပုဒ်လုံးအရ- ထို သော သာမဂ္ဂိရသတို့ ရ၏။

**မဟာကာရု။ , ။ မမံ ဣတိ ပဝတ္တော အာကာရော မမာကာရော။**

**မမံ ဣတိ ကရီယတိ ဥစ္စာရီယတီတိ မမာကာရော။**

**ဒေသနာဝိလာသ။ ။ ဝိလာသေတီတိ ဝိလာသော။ဒေသနာယ ဝိလာသော ဒေသနာဝိလာသော။**

ဝိ+လသ ဓာတ်အရ သုဒ္ဓကတ္တုဋ္ဌ-တင့်တယ်သောဒေသနာတော်သည် မှချ။ဟေတုကတ္တုဋ္ဌ-သဗ္ဗ ညုတဉာဏ်တော်၏ သဟဇာတာဒိပစ္စယသတ္တိသည် ကာရဏ္ဍ။ဏာပစ္စည်း အရ ထို သော သဗ္ဗညုတဉာဏ် တော် ရ၏။

ဒေသနာ-ဝိသေသန အရ ဒေသနာတ်သည် မှချ။ထို ၏ သဗ္ဗညုတဉာဏ်တော်နှင့် အကြောင်း/အကျိုး စပ် ဋ္ဌာန။သမာသ်ပုဒ်လုံး အရ ဒေသနာတော်ကို တင့်တယ်စေတတ်သော သဗ္ဗညုတ ဉာဏ်တော် ရ၏။

နံပါတ် (၅)

**ဂီဝါ။** ဂါ+ဤဝ။ ဂါယန္တိ ဧတာယာတိ ဂီဝါ။**သဗ္ဗ။** သရ+ဝ။

နံပါတ် (၆)

(က) **အတ္ထိ ခေါ ဗြာဟ္မဏာ တေ ကာရဏံဖြင့်** အတ္ထိ ခွေသကို အတ္ထိ+ခေါ+သေ ဟု ပဒစ္ဆေဒပြုအပ် သည်ကိုလည်းကောင်း၊သေဒ္ဓိတေသဒ္ဒါသည် ပယောဂဝန္တဖြစ်၍ ယင်း၏ပယောဂဖြစ်သော ပရိယာယပုဒ်နှင့် ယှဉ်စပ်အပ်သည်ကိုလည်းကောင်း၊ပရိယာယသဒ္ဒါသည် ကာရဏာအနက်ဟော ဖြစ်သည်ကိုလည်းကောင်း သစေ။**ယေန ကာရဏေနဖြင့်** ယေနဖြင့် ပရိယာယကို စွဲယူအပ်သည်ကိုလည်းကောင်း၊ပရိယာယသဒ္ဒါ ကာရဏဝါစကဖြစ်သည်ကိုလည်းကောင်း၊သဒ္ဒက္ကမ,အတ္ထက္ကမ နှစ်မျိုးတို့တွင် အတ္ထက္ကမအားဖြင့် အနက် ယောဇနာအပ်သည်ကိုလည်းကောင် သိစေ။

**အဝိတထဝါဒီဖြင့်** သမ္မာနိပါတ်သည် အဝိတထအနက်၌ ဖြစ်သည်ကို သိစေ။

နံပါတ် (၇)

**(က) အရသရူပေါ ဘဝံ ဂေါတမော/အရသရူပေါ သမဏော ဂေါတမော**

http://www.dhammadownload.com



ပါဠိတော်၌ သမဏော-ဟု ရှိသောကြောင့် အရသရူပေါ် သမဏော ဂေါတမော ပါဌ်သင့်(ဘာ့ဋီ)

**အာဝိဋ္ဌန္တိ/အာဝိဋ္ဌန္တိ...**

အာဝဋ္ဋန္တိ အာဝိဋ္ဋန္တိစ ဒွေ ပါဌာ-ဟု ယောဇနာ၌ ဖွင့်ဆိုအပ်သော်လည်း အဝပုဗ္ဗ၊အဒိ(အဋ္ဌ)ဓာတ်၊ အာယာမတ္တအနက်ဟော၊အဒိ အဋ္ဌောစ ဘွာယာမေ။(ဓာတွတ္ထ)အာဝိဋ္ဌန္တီတိ အာကပုန္တိ။(ဋီကာ)တို့ကို ထောက်၍ အာဝိဋ္ဌန္တိ ပါဌ်သာသင့်။

နံပါတ် (၈)

**သာမဂ္ဂိရသ**။ ။ အတူဖြစ်သော အမွှရသစသည်တို့၏အမည်ကို အတူရှိသော ရူပါဒိရသစသည်တို့တင်စားဆို သောကြောင့် သဒိသူပစာ၊ရုဠှီနည်း။

**မယှံ (တထာဂတဿ)ပဟီနာ**။ ။ ဌာနဖြစ်သောကိုယ်တော်၏ အမည်ကို၊ဌာနီဖြစ်သော ကိုယ်တော်၏သန္တာန်၌ဖြစ်သော အရဟတ္တမဂ်၌တင် ဌာနူပစာ။နာနန္တရိကနည်း။

နံပါတ် (၁၀)

**သာမဂ္ဂိရသ** အရ-တဏှာနှင့်လောဘမူသောမနဿ(သုခ)ဝေဒနာကောက်။

**ဒေသနာဝိလာသ** အရ-သဗ္ဗညုတဉာဏ်တော်ကောက်။

*************

**ဝါကျစဉ် (၄၀)**

(က) တတ္ထ **ပဟီနာတိ** စိတ္တသန္တာနတော ဝိဂတာ ဇဟိတာ ဝါ။

(ခ) တေသံ ပနေတ္ထ ကရဏော သာမိဝစနံ ဒဋ္ဌဗ္ဗံ။

(ဂ) အရိယမဂ္ဂသတ္ထေန ဥစ္ဆိန္နံ တဏှာဝိဇ္ဇာမယံ မူလမေတေသန္တိ **ဥစ္ဆိန္နမူလာ**။

(ဃ) တာလဝတ္ထု ဝိယ နေသံ ဝတ္ထု ကတန္တိ **တာလာဝတ္ထုကတာ**။

(င) ယထာ ဟိ တာလရုက္ခံ သမူလံ ဥဒ္ဓရိတွာ တဿ ဝတ္ထုမတ္တေ တသ္မိံ ပဒေသေ ကတေ န ပုန တဿ တာလဿ ဥပ္ပတ္တိ ပညာယတိ၊ ဧဝံ အရိယမဂ္ဂသတ္ထေန သမူလေ ရူပါဒိရသေ ဥဒ္ဓရိတွာ တေသံ ပုဗ္ဗေ ဥပ္ပန္နပုဗ္ဗဘာဝေန ဝတ္ထုမတ္တေ စိတ္တသန္တာနေ ကတေ သဗ္ဗေပိ တေ တာလာဝတ္ထုကတာတိ ဝုစ္စန္တိ။ (ဝိ၊ဋ္ဌ။ ၁။ ၁၀၄။)

**************

နံပါတ် (၁)

တေ-ထိုရူပါဒိရသစသည်တို့သည်။တထာဂတဿ-၏။စိတ္တသန္တာနတော-စိတ်အစဉ်မှ။ပဟီနာ-ကင်းကွာကုန်ပြီ။**တစ်နည်း**-တေ-ထိုရူပရသစသည်တို့ကို။တထာဂတဿ-သည်။ပဟီနာ-ပယ်စွန့်အပ်ကုန်ပြီ။

(ဂ) ရှု။ဥစ္ဆိန္နမူလာ-အရိယာမဂ်ဓာတ် လက်နက်မြန်ဖြင့် ဖြတ်အပ်ပြီးသော တဏှာအဝိဇ္ဇာဟူသော ဘဝ မြစ်ရင်းရှိကုန်သည်။တာလဝတ္ထုကတာ-ထန်းပင်၏တည်ရာ ဖြစ်ဖူးသော မြေအရပ်ကဲ့သို့ ပြုအပ်သော တည်ရာ စိတ်အစဉ် ရှိကုန်သည်။

(င) ပုဗ္ဗေ-ရှေးပုထုဇဉ် သေက္ခအခါ၌။(ဝါ) ရာဂနှင့်တကွ ဖြစ်ရာအခါ၌။

http://www.dhammadownload.com



နံပါတ် (၂)

**(ခ) သို့။** ။ ဆရာသည် (က)၌ ဒုတိယာဝိကပ်ဖြင့် ပဟီနာဟူသောပုဒ်၏အနက်ကို ဖပဲတာဟု ဖွင့်ပြတော်မူအပ်၏။ပဟီနာပုဒ်သည် ဖပဲတာအနက်ကို ဟောအပ်သည်ရှိသော် တထာဂတဿ၌ ဆဋ္ဌီဝိဘတ်သည် အာဘယ်အနက်၌ ဖြစ်ပါသနည်း။သမ္ဗန်အနက်၌သာ ဖြစ်ပါသလော။စုဒ်ကြောင့် (ခ) မိန့်။

**(င)သို့။** ။ ဆရာသည် (ဃ) ဖြင့် တာလဝတ္ထုကတာပုဒ်ကို တာလဝတ္ထု ဝိယ ဝတ္ထု ကတံ ယေသန္တိ တာလဝတ္ထုကတာ-ဟု ဥပမာနုဂဗ္ဘဗဟုဗ္ဗီဟိ သမာသ်စနတ္တကို ဖွင့်ပြတော်မူအပ်၏။ထိုမျှသာဆိုချေသော် လျှို့ဝှက်ဖုံးကွယ်သော အနက်သည် အကျယ်ဖြစ်သော အနက်နှင့်မကင်းကောင်းသည် မဟုတ်ပါလော။ဝါ-ကင်း၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ဂုဋ္ဌပဋ္ဌိစ္ဆန္န သခေ်ပမျှသာဖြစ်၍ အကျယ်ဝိတ္ထာရကို မဆိုသည်ရှိသော် ဆရာ၌ သခေ်ပဝိတ္ထာရဆန့်ကျင်သော ဝိရောဓိဒေါသ။အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။အကျယ်ဝိတ္ထာရ အနက်ကား အဘာယ်ပါနည်း။စုဒ်ကြောင့် (င) မိန့်။

**ကထံ ပန တာလဝတ္ထု ဝိယ နေသံ ဝတ္ထု ကတန္တိ အာဟ"တထာ ဟိ"တိ အာဒိ။(သာရတ္ထ။)**

နံပါတ် (၃)

**(ခ) ဝါကျာရမ္ဘ။(ဂ) ပက္ခန္တရ။ (ဃ) ပက္ခန္တရ။ (င) ဝိတ္ထာရ။**

ထိုတွင် ယထာ ။ပ။ ပညာယတိသည် **ဥပမာန**၊ဧဝံ ။ပ။ ဝုစ္စန္တိ သည် **ဥပမေယျ**။

နံပါတ် (၄)

**ပဟီနာ။ ။ ပဟာယိံသု ဝိဂစ္ဆိံသူတိ ပဟီနာ။**

ပ ဥပသာရပုဒ် အရ ဓာတွတ္ထဝိသေသကဘောဂဏ် ရ၏။ဟာဓာတ်အရ ရူပါဒိရသတို့၏ အနုပ္ပါဒနိရောဓသတ္တိသည် မုချ။မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည် ဖလူ။ပစ္စဝေက္ခဏာဉာဏ် သဗ္ဗညုတဉာဏ်တို့သည် ကာရဏူ။တ ပစ္စည်းအရ ထို သော အနုပ္ပါဒနိရောဓသို့ ရောက်ပြီးသော ရူပါဒိရသ ရ၏။

**တစ်နည်း- ပဟီယိံသူတိ ပဟီနာ။**

ဟာ ဓာတ် ကတ္တုဋ္ဌ ကြိယာကား အရဟတ္တမဂ်ဉာဏ်၏ သမုစ္ဆေဒသတ္တိသည် မုချ။ကမ္မဋ္ဌ ကား ထိုအားတပ်သော ရူပါဒိရသစသည်တို့၏ ပကတူပနိသျှသတ္တိသည် ဖလူ။တ ပစ္စည်း အရ ထိုအားတပ်သော ရူပါဒိရသတို့ ရ၏။

**သတ္တ။** ။ **သာသတိ ဟိံသတိ ဓောနာတိ သတ္တံ။ သတ္တံ ဝိယာတိ သတ္တံ။**

သာသဓာတ် အရ ကတ္တုဋ္ဌကြိယာကား ညှင်းဆဲတတ်သောပုဂ္ဂိုလ်တို့၏ ဒေါသပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကာရဏတ္ထကြိယာကား လက်နက်၏ပကတူပနိသျှသတ္တိ၊အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ထ ပစ္စည်း အရ ထို သော ဓားစသောလက်နက် ရ၏။

သတ္တပုဒ် အရ ဓားစသောလက်နက်သည် မုချ။ထို၏ အပစ္စည်း အရ အရိယာမဂ်နှင့် သဒိသ/သဒိသီစပ် ဥာန။အပစ္စည်း အရ ထို သော ဓားစသောလက်နက်နှင့်တူသော အရိယာမဂ် ရ၏။

**အရိယမဂ္ဂသတ္တ။** ။ **အရိယဿ မဂ္ဂေါ အရိယမဂ္ဂေါ။အရိယမဂ္ဂေါ ဧဝ သတ္တံ စာတိ အရိယမဂ္ဂသတ္တံ။**

**ဥစ္ဆိန္န။** ။ **ဥစ္ဆိန္ဒိယိတ္ထာတိ ဥစ္ဆိန္နံ။**

**တဏှာဝိဇ္ဇာမယ။** ။ **တဏှာ စ အဝိဇ္ဇာစ တဏှာဝိဇ္ဇာ။တဏှာဝိဇ္ဇာမေဝ တဏှာဝိဇ္ဇာမယံ။**

http://www.dhammadownload.com


**ဝတ္ထု။** ။ **ဝသန္တိ ဧတ္ထာတိ ဝတ္ထု။**

ဝသ ဓာတ် ကတ္တုဒြကား ထန်းပင်ဟု ဆိုအပ်သော ဥတုဇရုပ်တို့၏ ဥပ္ပါဒဘောဂဟာသည် မုချ။ အဓိကရဏဟတ္တကား တည်ရာမြေ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ရတ္ထု ပစ္စည်း အရ ထို သော ထန်းပင်၏ တည်ရာမြေ ရ၏။

**ဥပမေယျပက္ခ**-ဝသဓာတ် ကတ္တုဒြကား ရူပါဒိရသစသည်တို့၏ ဥပ္ပါဒဘောဂဟာသည် မုချ။ အဓိကရဏဟတ္တကား တည်ရာစိတ်အစဉ်၏ သဟဇာတပစ္စယသတ္တိသည် ဖလူ။ ရတ္ထု ပစ္စည်း အရ ထို သော ရူပါဒိရသစသည်တို့၏ တည်ရာ ရ၏။

**တာလရုက္ခ။** ။ **တာလမေဝ ရုက္ခော တာလရုက္ခော။ တလတိ ပတိဋ္ဌာတီတိ တာလော။**

**သမူလ။** ။ **သဟ မူလေန ယော ဝတ္တတီတိ သမူလော။**

နံပါတ် (၅)

**သန္တာန**။ သံ+တနု+ဏ။ **ဖေဟိတာ**။ ဟာ+တ။ **တဏှာ**။ တသ+ဟ။

**တာလ**။ တလ+ဏ။ **ပဒေသ**။ ပ+ဒိသ+ဏ။ **ပုပ္ဖ**။ ပုဗ္ဘ+အ။

နံပါတ် (၆)

**(က)** **ဝိဂတာဖြင့်** ပဟီနာ၌ ပပုဗ္ဗ ဟာဓာတ်၊ ပ ဥပသာရ၏ ဓာတွတ္တဝိသေသကအနက်၌ ဖြစ်သည်ကို လည်းကောင်း၊ ဟာဓာတ်၏ ဂတိ စာဂ ဟာနိ-သုံးနက်တို့တွင် ဂတိအနက်၊ တပစ္စည်း အတိတ်ကတ္တုသာဓနေ၌ သက်၍ ပဟာယိံသုတိ ပဟီနာ-ဟု ဝစနတ္ထုပြုအပ်သည်ကိုလည်းကောင်း၊ တပစ္စည်းကို ဣန-ပြု၍ ပြီးသည် ကိုလည်းကောင်း သိစေ။ **စိတ္တသန္တနတောဖြင့်** ကင်းခြင်းဟူသည် စိတ်သန္တာန်မှ ကင်းခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

**ဖေဟိတာဖြင့်** ပဟီနာ၌ ဟာဓာတ်သည် စာဂအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ တ ပစ္စည်းကမ္မ သာဓနေ အနက်၌ သက်သည်ကိုလည်းကောင်း၊ ပဟီယိံသုတိ ပဟီနာ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေ။

**(ဂ)** **တဏှာဝိဇ္ဇမယံ ဖြင့်** ဥစ္ဆိန္နမူလံ၌ မူလအရ သဒိသူပစာအားဖြင့် တဏှာအဝိဇ္ဇာ ဟူသော ဘဝ မြစ်ကို အရကောက်ယူအပ်သည်ကို သိစေ။ **အရိယမဂ္ဂသတ္ထေနဖြင့်** အဝိဇ္ဇတဏှာဟူသော ဘဝမြစ်ကို အရိယာ မဂ်တည်းဟူသော လက်နက်ဖြင့် ပယ်သတ်အပ်သည်ကို သိစေ။ **အပေါင်းသံဝဏ္ဏနာဖြင့်** ဥစ္ဆိန္န မူလံ ဧတေသန္တိ ဥစ္ဆိန္နမူလာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။

**(ဃ)** **တာလဝတ္ထု ဝိယစသည်ဖြင့်** တာလာဝတ္ထုကတာကို တာလဿ ဝတ္ထု တာလဝတ္ထု၊ တာလဝတ္ထု ဝိယ ဝတ္ထု ကတံ ဧေသန္တိ တာလဝတ္ထုဝတ္ထုကတာ-ဟု ဆိုလိုလျက်၊ ဝတ္ထုဟူသော နောက်ပုဒ်ကျေသည်ကိုလည်း ကောင်း၊ ဥပမာနဂဗ္ဘဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊ တာလဝတ္ထုဟု ဆိုလိုလျက် သုခုစ္စာရဏအကျိုးငှါ အကို အာပြု၍ တာလာဝတ္ထု-ဟု ဆိုအပ်သည်ကိုလည်းကောင်း သိစေ။

နံပါတ် (၇)

**တာလာဝတ္ထုကတာ/တာလဝတ္ထုကတာ...**

**တာလဝတ္ထု ဝတ္ထုကတာတိ ဝတ္ထုဗ္ဗေ ဩဋ္ဌမုခေါတိ အာဒီသုဝိယ မဇ္ဈေပဒလောပံ ကတွာ အတာရှ**

http://www.dhammadownload.com



**ဒီဃံ ကတ္တာ တာလာဝတ္ထုကတာတိ ဝုတ္တံ**-ဟူသော သာရတ္ထကို ထောက်၍ တာလာဝတ္ထုကတာ-ဟူ၍ ရှိသော ပါဠ်သာ သင့်။

နံပါတ် (၉)

**(င)တာလာဝတ္ထုကတာ။** ။ အရိယာမဂ်ဖြင့် ပယ်အပ်ပြီးသည်မှ နောက်ကာလ၌ ဖြစ်သော ဘုရားရှင်၏ စိတ်အစဉ်သည် ရူပရသစသည်တို့၏ တည်ရာမဟုတ်သော်လည်း ရှေး၌ဖြစ်ဘူးသော အလားအားဖြင့် ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိက နည်း။

**မှတ်ချက်။** ။ တာလာဝတ္ထုကိုတင်လိုသော်- ရှေးထန်းပင်ရှိစဉ်အခါက ခေါ်ဝေါ်အပ်ဖူးသော အမည်ကို ထန်းပင်မရှိရာအခါ၌လည်း ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိက နည်း။

အတူဖြစ်သော ပယ်နှုတ်အပ်ပြီးသော ထန်းပင်၏ တည်ရာမြေ၏ တာလာဝတ္ထုဟူသော အမည်ကို အတူရှိသော ပယ်သတ်အပ်ပြီးသော ရူပါဒိရသစသည်တို့၏ နောက်ထပ်ဖြစ်ရာမဟုတ်သော စိတ်အစဉ်၌ တင် သဒိသူပစာ။(**တာလဿ ဝတ္ထုဘူတပုဗ္ဗတ္တာ "တာလာဝတ္ထု"တိ ဝုစ္စတိ ။ သာရတ္ထ၊ ၁။၃၄၀။)**

**အရိယမဂ္ဂသတ္တေန။** ။သဒိသူပစာ တင်။

**ရူပါဒိရသ။** ။ အတူဖြစ်သော အမ္ဗရသစသည်တို့၏ ရသအမည်ကို အတူရှိသော ရူပါရုံကို သာယာတတ်သော တဏှာနှင့်ယှဉ်သော သောမနဿဝေဒနာ၌ တင် သဒိသူပစာ။

နံပါတ် (၁၀)

**စိတ္တသန္တာန**။။ မြတ်စွာဘုရား၏ ဘဝင်စိတ္တုပ္ပါဒ်ရ၏။**တစ်နည်း**-မဟာကြိယာဉာဏသမ္ပယုတ်စိတ်။

*************

**ပါကျစဉ် (၄၁)**

(က) ယသ္မာ ပန ဇဝံ တာလာဝတ္ထုကတာ အနဘာဝံကတာ ဟောန္တိ၊ယထာ နေသံ ပဏ္ဏာဘာဝေါ န ဟောတိ၊တထာ ကတာ ဟောန္တိ၊တသ္မာ အာဟ"**အနဘာဝံကတာ**"တိ။

(ခ) အယံ ဟေတ္ထ ပဒစ္ဆေဒေါ၊အနုအဘာဝံ ကတာ **အနဘာဝံကတာတိ**။

(ဂ) အနဘာဝံဂတာတိပိ ပါဌော။

(ဃ) တဿ အနု အဘာဝံ ဂတာတိ အတ္ထော။

(င) ၊ဝတ္တ ပဒစ္ဆေဒေါ အနု အဘာဝံ ဂတာ အနုအဘာဝံဂတာတိ ယထာ အနုအစ္ဆရိယာ အနစ္ဆရိယာတိ။ (ဝိ၊ဋ္ဌ၊ ၁။ ၁၀၄။)

*************

နံပါတ် (၁)

(က) တာလာဝတ္ထုကတာ-ထန်းပင်၏တည်ရာမြေကဲ့သို့ ပြုအပ်ပြီးကုန်သော တည်ရာစိတ်အစဉ်ရှိကုန်သော ရူပရသစသည်တို့သည်။(ဝါ)အရွက်အသီးစသည်တို့၏ တည်ရာမဟုတ်သာ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်သည်။ယထာ-အကြင်အခြင်းအရာအားဖြင့် ပြုအပ်ကုန်လသော်။နေသံ-ထိုရူပရသစသည်တို့၏။ ပဏ္ဏာဘာဝေါ နဟောတိ၊တထာ-ဖြင့်။ကတာ ဟောန္တိ၊တသ္မာ-ထိုသို့ တာလဝတ္ထုကဲ့သို့ ပြုအပ်ပြီးသော တည်ရာစိတ်အစဉ်ရှိကုန်သော ရူပရသစသည်တို့၏ နောက်၌ဖြစ်ခြင်းမရှိအောင် ပြုအပ်ပြီးကုန်သည်၏ အဖြစ်ကြောင့်။

http://www.dhammadownload.com



(ခ) ဟိ-ဆက်။ဧတ္ထ-ဤအနဘာဝံကတာ ဟူသောပါဌ်၌။အန-နောက်၌။အဘာဝံ-ဖြစ်ခြင်းမရှိအောင်။

နံပါတ် (၂)

**(က)သို့။** ။ **လီနတ္ထရဗောဓနာ။** ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ တာလာဝတ္ထုကတာ အနဘာဝံ ကတာ-ဟူ၍ ဟောတော်မူအပ်၏။တာလာဝတ္ထုကတာ-ဟု ဟောလျှင်ပင် အလိုရှိအပ်သော အနက်ပြီးရာသည် မဟုတ်လော။ယင်းသို့ ဖြစ်လျက် အဘယ်ကြောင့် အနဘာဝံကတာ-ဟု ဟောဆိုအပ်ပါသနည်း။စုဒ်ကြောင့် (က) မိန့်။

**(ခ)သို့။** ။ ဆရာ၊သည် (က) ၌ ယထာ နေသံ စသည်ဖြင့် အနဘာဝံကတာ ဟူသောပုဒ်၏ နောက်၌မ ဖြစ်ခြင်းကို ပြုအပ်ကုန်၏-ဟု အနုသဒ္ဒါ၏ ပစ္ဆာအနက်ကို ဖွင့်ပြတော်မူပ်၏။သံဝဏ္ဏေတဗ္ဗပါဠိ၌ အနု+အဘာ ဝံကတာဟုမရှိ၊အနဘာဝံကစာ-ဟု ရှိသောကြောင့် အနိဿရော စသည်ကဲ့သို့ ပဋိသေဓအနက်သာ မှတ် ကောင်းသည် မဟုတ်လော။အဘယ်ကြောင့် အနုသဒ္ဒါ၏ ပစ္ဆာအနက်ကို ဖွင့်ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။

**(ဃ)သို့။** ။ဆရာ (ဂ) ဖြင့် တတိယကွရာ ဂ-ငယ်၏အစွမ်းဖြင့် အနဘာဝံဂတာဟူ၍လည်း ပါဌ်တစ်မျိုး ရှိနိုင်ပုံကို ဖွင့်ပြအပ်၏။တတိယက္ခရာ ဂ-ငယ်ဖြင့်ရှိသော ပါဌ်၌ အနုသဒ္ဒါသည် ရှေးကဲ့သို့ ပစ္ဆာအနက် ဟော ဖြစ်ကောင်းအံ့လော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

(က) ဝါကျာရမ္ဘ။ထိုတွင် ယသ္မာမှ တထာ ကတာ ဟောန္တိ တိုင်အောင် ဟေတုဝါကျ။ တသ္မာ စသည် ဖလဝါကျ။ထိုတွင် ယထာ စသည် အနဘာဝံကတာ၏ အနုသဒ္ဒါ၏အ နက်ကို ထင်ရှားအောင်ပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။ (ခ) ကာရဏ။

(ဂ) ဝါကျာရမ္ဘ။ (ဃ) ဒဠှီကရဏ။ (င) ဝိတ္ထာရ။တစ်နည်း-တပ္ပါကဋီကရဏ။

နံပါတ် (၄)

**ပဒစ္ဆေဒ။** ။ **ပဇ္ဇတေ ဉာယတေ အတ္တော ဧတေနာတိ ပဒံ။ဆေဒနံ ဆေဒေါ။ပဒဿ ဆေဒေါ ပဒစ္ဆေဒေါ။**

ပဒ ဝိသေသနအရ အနဘာဝံကတာဟူသော ပုဒ်သည် မှချ။ထို၏ ဆေဒ နောက်ပုဒ်အရ အနု ဟူသော အဘာဝံဟူသော ကတာဟူသောပုဒ်တို့နှင့် အပေါင်းအစိတ်စပ် ဌာန။ပုဒ်လုံးအရ ထို သောပဒစ္ဆေဒ၊ ပဒဝိဘာဂ ရ၏။

**အဇ္ဈရိယ။** ။ **အဇ္ဈရံ ပဟာရိတုံ ယုတ္တန္တိ အဇ္ဈရိယံ။**

အဇ္ဈရတဒ္ဓိတ်ပုဒ်အရ လက်ဖျောက်သည်မှချ။ထို၏ ပုတ်ခတ်ခြင်းငှါထိုက်သော အံ့ဩဖွယ်နှင့် အာရုံ/အာရမ္မဏိကစပ် ဌာန။ကွယပစ္စည်း အရ ထို သော လက်ဖျောက်တီးခြင်းငှါ ထိုက်သော အံ့ဩဖွယ် ဂါထာ ရ၏။

နံပါတ် (၅)

ပါဌ။ ပဌ+ဏ။(ပဌီယတေ ဥစ္စာရီယတေတိ ပါဌော။) **အဇ္ဈရိယ။** အာပုဗ္ဗ+စရ+ဏျ။ (အာဘုသော စရိတဗ္ဗန္တိ အဇ္ဈရိယံ) **အဇ္ဈရ။** အသု+ဆရ။

http://www.dhammadownload.com



နံပါတ် (၆)

(က) **နေသံ ပစ္စာဘာဝေါ န ဟောတိဖြင့်** အနဘာဝံကို အနု+အဘာဝံ-ဟု ပဒစ္ဆေဒပြုအပ်သည်ကိုလည်းကောင်း၊အနု ဥပသာရပုဒ်၏ ဘာဂ ဝိသ-စသောအနက်တို့၌ မဖြစ်၊ပစ္စာအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊အဘာဝံကို နတ္ထိ ဘဝေါ ယေသန္တိ အဘာဝါ-ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊အနု ပစ္ဆာ အဘာဝါ အနဘာဝါ-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေ။

**ယထာ။ပ။တထာ** ဖြင့် အနဘာဝံ၌ ဒုတိယာအံဝိဘတ်သည် ကြိယာဝိသေသနအနက်၌ သက်သည်ကို သိစေ။(အနုသဒ္ဒေါ ပစ္ဆာသဒ္ဒေန သမာနတ္ထောတိ အာဟ'' ယထာ နေသံ ပစ္ဆာဘာဝေါ န ဟောတိ'' တိ အာဒိ။သံရတ္တ၊၁။၃၄၁။)

**အနဘာဝံကတာ**ဖြင့် အနဘာဝံကတာကို အနဘာဝံ ကတာ အနဘာဝံကတာ-ဟု အလုတ္တသမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။**အပေါင်းသံဝဏ္ဏနာ**ဖြင့် အနဘာဝံကတာဟု ထပ်ဟောရခြင်း၏ အကြောင်းကို သိစေ။

နံပါတ် (၇)

**အာယတိံ/အာယတိ-..**

အာယတိ အာယတိန္တိ စ ဒွေ ပါဌာ ဒိဿန္တိ-ဟူသော ယောဇနာကို ထောက်၍ နှစ်ပါဌ်သင့်။**တစ်နည်း**-အာဂါမိကာလေ ဒီဃတ္တော၊ပဘာဝေ စ မတာယတိ။-ဟူသော အဘိဓာန်အရ အနာဂတ်အနက် အာယတိသဒ္ဒါနှောင် ဒုတိယာဝိဘတ်သည် သတ္တမီအနက်၌ သက်၍ ဗာရာဏသိ အဟု ရာဇာ ကဲ့သို့ ပြီးရကား အာယတိံ ပါဌ်သာ သင့်။(ဂဏ္ဌိသစ်)

နံပါတ် (၈)

**တာလာဝတ္ထုကတာ။** ။ အတူဖြစ်သော လည်ဆစ်ပြတ်ပြီးသော ထန်းပင်၏ တာလာဝတ္ထုအမည်ကို အတူရှိသော ရူပါဒိရသစသည်၌တင် သဒိသူပစာ။ရှုဦး။(ဒုတိယအဖွင့်ကို ရှုသည်)တစ်နည်းကို ရှေးဝါကျရှု။

နံပါတ် (၁၀)

**အနဘာဝံကတာ၌** -ဓာတ်အရ မြတ်စွာဘုရား၏ အရိယာမဂ်(ဝါ) အရဟတ္တမဂ်ဉာဏ် ရ၏။

************

**ပါဌ်ကျစဉ် (၄၂)**

(က) ပုန ဗြာဟ္မဏော တမေဝ အဘိဝါဒနာဒိကမ္မံ ဘဂဝတိ အပဿန္တော '' အယံ လ္လမ် လောကဇေဋ္ဌကကမ္မံ ဝိနေတိ ဝိနာသေတိ၊

(ခ) အထဝါ ယသ္မာ တေ သာမိစိကမ္မံ န ကရောတိ၊တသ္မာ အယံ ဝိနေတဗ္ဗော နိဂ္ဂဏှိတဗ္ဗော''တိ မညမာနော ဘဂဝန္တံ ''ဝေနယိကော''တိ အာဟ။

(ဂ) တတြာယံ ပဒတ္ထော။

(ဃ) **ဝိနယတီတိ ဝိနယော။**

(င) ဝိနာသေတီတိ ဝုတ္တံ ဟောတိ။ (ဝိဋ္ဌ၊ ၁။ ၁၀၆။)

************

http://www.dhammadownload.com



နံပါတ် (၁)

**(က)ရှု။** ဝေနယိကော-လောက၌ ကြီးသူတို့အပေါ် ပြုထိုက်သော ရိုသေမှုကို ဖျက်ဆီးတတ်သူတည်း။
**(ခ)ရှု** ဝေနယိကော-ကြီးသူတို့အား ရိုသေမှုကို မပြုတတ်သဖြင့် နှိပ်ကွပ် ဆုံးမထိုက်သူတည်း။
လောကဇေ္ဇကကမ္မံ-လောကဝယ် ကြီးသူတို့အပေါ်၌ ပြုထိုက်သောရိုသေမှုကို(ဝါ)လောက၌ အမြတ်ဟု သမုတ်အပ်သော ရိုသေမှုကို။

နံပါတ် (၂)

**(ခ)သို့။** ။ဆရာ၊သည် (က)ဖြင့် ဝေနယိကော၌ ဝိရှေးရှိသော နိဓာတ်၏ ကာရိတ-န္တောဂဓ အဖြစ်ကိုလည်းကောင်း၊အတ္တာတိသယနည်းအားဖြင်း ဖျက်ဆီးခြင်းအနက်ဟောသည်ကိုလည်းကောင်း၊ဝိနေတိ ဝိနာသေတီတိ ဝိနယော၊ဝိနယောယေဝ ဝေနယိကော-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း ဖွင့်ပြတော်မူအပ်၏။ထိုဝေနယိကော၌ ဆိုအပ်ပြီးသောအနက်နှင့် ဝစနတ္ထတို့ကိုသာ သိအပ်ပါသလော။(အထဝါ)ရှု။အဘာယ်အနက်နှင့် အဘာယ်ဝစနတ္ထတို့ကိုလည်း သိနိုင်ပါသေးသနည်း၊စုဒ်ကြောင့်(ခ) မိန့်။
**ကား။** ။ နိဓာတ်၏ နိဂ္ဂဟအနက်နှင့်(ဝိနေတဗ္ဗော)ဝိနယနံ နိဂ္ဂဏှနံ(နိဂ္ဂဏှိတဗ္ဗော)ဝိနယော၊ဝိနယံ အရဟာတီတိ ဝေနယိကော-ဟူသော ဝစနတ္ထကိုလည်း မှတ်သားအပ်၏ ဟူလို။
**(င)သို့။** ။ ဆရာသည် (ဃ) ဖြင့် ဝိနယံတီတိ ဝိနယော-ဟု ဖွင့်ပြအပ်၏။ယင်း၌ နိဓာတ်သည် အဘာယ် အနက်၌ဖြစ်ပါသနည်း။ဆောင်ခြင်းအနက်၌ ဖြစ်ပါလော၊စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(ခ) **နယန္တရုပက္ခန္တရ**။ထိုတွင် ယသွာစသည် ကာရဏ။တသွာစသည် ဖလ။
(ဂ) **စကားဖျိုးသခေ်ပ**။ (ဃ+င) **စကားရိုးဝိတ္ထာရ**။
ထိုတွင် (င) **တပ္ပါကဋီကရဏ**။နိဓာတ်၏အနက်ကို ထင်ရှားအောင် ပြသောကြောင့်။

နံပါတ် (၄)

**လောကဇေ္ဇကကမ္မံ။** ။ **ဝိသေသန ဝုဍ္ဎော ဇေဋ္ဌော ။ ဇေဋ္ဌောယေဝ ဇေဋ္ဌကော။**
**ဇေဋ္ဌကာနံ ကမ္မံ ဇေဋ္ဌကကမ္မံ။ လောကေ ဇေဋ္ဌကကမ္မံ လောကဇေ္ဇကကမ္မံ။**
(တစ်နည်း) **ပသတ္ထာနံ ဝိသေသံ ဇေဋ္ဌကံ။ ဇေဋ္ဌံ ဣတိ သမ္မတံ ဇေဋ္ဌကံ။**
**ဇေဋ္ဌကဥ္စ တံ ကမ္မဥ္စာတိ ဇေဋ္ဌကကမ္မံ။**
**လောကေ ဇေဋ္ဌကကမ္မံ လောကဇေ္ဇကကမ္မံ။**

လောက ဝိသေ အရ သတ္တလောကသည် မုချ။ထို ၏ ကြီးသူတို့အပေါ် ပြုအပ်သော အဘိဝါဒန စသော အမှုနှင့် ဌာန/ဌာနီစပ်။ပုဒ်လုံးအရ ထို-သော သတ္တလောက၌ ကြီးသူတို့အပေါ် ပြုအပ်သော-အဘိဝါဒနစသော အမှုရ၏။

**ဝိနေတီတိ ဝိနယော အာချာတ်ဉာဏ်ကောက်။** ။ဝိရှေးရှိသောနိဓာတ်ကတ္တုဋ္ဌကား ရှိခိုးခြင်း အမှု၏ အဘာဝသည် မုချ။ဟေတုကတ္တုဋ္ဌကား ပျက်စီးစေတတ်သော ဘုရား၏ သန္တာန်၌တည်သော ပုဏ္ဏား ရည်ညွှန်း၍ ဆိုအပ်သော မောဟမာနစသည့် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဖလူပစာ။

အယောနိသော မနသိကာရစသော ရှေးရှေးသော အကြောင်းသည် ဒုတိယဖလူ။

http://www.dhammadownload.com



ရှိခိုးခြင်းစသည်ကို မပြုခြင်းကြောင့် မလိမ္မာသည်၏အဖြစ်၊ပညာရှိတို့၏ ဟဒယကို တုန်လှုပ်စေတတ်သည်၏ အဖြစ်သည် ကာရဏူ။အ ပစ္စည်းအရ ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဘောဂုဏ်ရ၏။တိဝိဘတ်အရ ထို-သော မြတ်စွာဘုရား ရ၏။

**မှတ်ချက်** ။ ။ ပုဏ္ဏားရ၏ သန္တာယ ဘာသိတဖြစ်၍ ဘုရားပင်ဖြစ်သော်လည်း အကုသိုလ်စိတ်ကို ကောက်သည်။ [အထူးသတိပြုပါ။]

နံပါတ် (၅)

ဓေဋ္ဌ၌ အန္တပုဒ်၏ ဓာတ်ပစ္စည်း ဝုမု +. အ။

နံပါတ် (၆)

**(ဃ)** **ဝိနယတိဖြင့်** ဝေနယိကော၌ ဝိနယပုဒ် ဏိကပစ္စည်း ဝိနယ၌ ဝိ+နီဓာတ်၊ဏပစ္စည်း။ယင်း ဏ ပစ္စည်း ကတ္တုသာဓန၌ သက်၍ ဝိနယတီတိ ဝိနယော-ဟု ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊ဝိနယောဝ ဝေနယိကော-ဟုပြု၍၊ ဏိကပစ္စည်း သွတ္တအနက်၌ သက်သည်ကို လည်းကောင်း သိစေပါသည်။

**(င)** **ဝိနာသေတိဖြင့်** ဝိနယော၌ ဝိပုဗ္ဗ၊နီဓာတ်သည် ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ-ကဲ့သို့ ပယ်ဖျောက် ဖျက်ဆီးခြင်း အနက်၌ ဖြစ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ဟိရီယတိ/ဟိရာယတိ/ဟရာယတိ...**

ဟိရေဓာတ်၏ ဓာတွန်မကျေသော ဓာတ်ဖြစ်သောကြောင့် ဟိရာယတိ ပါဌ်သင့်။

ဟရေဓာတ်ဖြစ်က ဟရာယတိ ပါဌ်သင့်။ [ဤကား ဂဏ္ဌိသစ် အလိုတည်း။]

ဟိရီ ဒိ လဇ္ဇနေ ဟောတိ ဟု ဓာတွတ္ထသင်္ဂဟ၌ ဆိုသောကြောင့် ဟိရီယတိ ပါဌ်သင့်။

နံပါတ် (၈)

**ဝေနယိက**။ ။ အကျိုးဖြစ်သော ဖျက်ဆီးတတ်သူ ဆုံးမခြင်းငှာ ထိုက်သူ ဟု ဆိုနိုင်ခြင်း၏ ဝေနေယိက အမည်ကို အကြောင်းဖြစ်သော မိမိအပေါ် အဘိဝါဒန စသော အမှုကို မပြုခြင်း၌ တင် ဖလူပစာ။

**ဝိနေတိ** ။ ။ ဟောမြဲဖြစ်သော ဆုံးမခြင်းအနက်မှ လွန်သော ဖျက်ဆီးခြင်း အနက်ကိုလည်း ရသောကြောင့် အတ္ထာတိသယနည်း။

နံပါတ် (၁၀)

**သာမိစိကမ္မံ န ကရောတိ အရ** ။ ။ မောဟ မာန ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။[ဤကားပုဏ္ဏားအလို]

***************

**ပါကျစဉ် (၄၃)**

(က) ဝိနယံ ဝါ အရဟာတီတိ ဝေနယိကော။

(ခ) နိဂ္ဂဟံ အရဟာတီတိ ဝုတ္တံ ဟောတိ။

(ဂ) ဘဂဝါ ပန ယသ္မာ ရာဂါဒီနံ ဝိနယာယ ဂူပသမာယ ဓမ္မံ ဒေသေတိ၊တသ္မာ ဝေနယိကော ဟောတိ။

(ဃ) အယမေဝ စေတ္ထ ပဒတ္ထော။

http://www.dhammadownload.com



( င ) ဝိနယာယ ဓမ္မံ ဒေသေတီတိ **ဝေနယိကော**။

( စ ) ဝိစိတြာ ဟိ တဒ္ဒိတဝုတ္တိ။

( ဆ ) သွာယံ တံ ဝေနယိကဘာဝံ အတ္တနိ သမ္ဘာသမာနော အပရမ္ပိ ပရိယာယံ အနုဇာနာတိ။
[ဝိ၊ဋ္ဌ၊၁။၁၀၆ ။]

*****************

နံပါတ် (၁)

**(က)** ဝေနယိကော-ရာဂ အစရှိသော ကိလေသာတို့ကို ပယ်ဖျောက် ငြိမ်းအေးခြင်းငှာ တရားတော်ကို ဟောတော်မူတတ်၏။ [ဘုရားအလို။]

**(ဃ)** စ-ဆက်။တ္တွေ-ဤဘုရားအလိုတော်ကို ပြသောအတ္ထဝိကပ်၌။အယမေဝ-ဤ ဝိနယာယ ဓမ္မံ ဒေသေတိ-ဟူသော အနက်သည်ပင်။ ပဒတ္ထော-ဝေနယိကောပုဒ်၏ အနက်တည်း။

**(စ)** ဟိ-မှန်၏။ တဒ္ဒိတဝုတ္တိ-တဒ္ဓိတ်ဟူသော ဝုတ္တိသည်။ ဝိစိတြာ-ဆန်းကြယ်၏။

နံပါတ် (၂)

**(ဂ)သို့**။ ။ ဆရာ၊သည်(က+ခ)တို့ဖြင့် ဝေနယိကောပုဒ်၏ ပဒတ္ထကို ပုဏ္ဏားဏ်၏ အလိုအားဖြင့် ဖွင့်ပြတော်မူအပ်၏။ယင်းဝေနေယိကောပုဒ်၏ ပဒတ္ထကို ဘုရားရှင် အလိုအားဖြင့် အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ပုဏ္ဏားဏ်၏ သန္တာယ ဘာသိတ နည်းတူ မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ဂ)မိန့်။

**(စ)သို့**။ ။ ဆရာ၊သည် (င)ဖြင့် ဝေနယိကောကို ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော-ဟု ပဒတ္ထကို ဖွင့်ပြတော်မူအပ်၏။ဆိုခဲ့ပြီးသော နှစ်ဝိကပ်တို့ဖြင့် သကတ္တ အရဟတ္တတို့၌ တဒ္ဓိတ်ပစ္စည်းသည် သဒ္ဒါသုတ်အားဖြင့် ထင်ရှား၏။ဝိနယာယ ဓမ္မံ ဒေသေတိ-ဟူသော အနက်၌ကား ဏိကပစ္စည်းသည် သဒ္ဒါကျမ်း၌မထင်ရှားသည် မဟုတ်ပါလော။ထို့ကြောင့် ဝိနယာယ ဓမ္မံ ဒေသေတိ-ဟု ဖွင့်ဆိုသော ဆရာ့စကား အသို့ သင့်နိုင်အံ့နည်း။ သဒ္ဒါကျမ်းနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (စ) မိန့်။

**ကား**။ ။ တဒ္ဓိတ်ပစ္စည်းသည် အနေကဘာဝအားဖြင့် ဆန်းကြယ်သည် မဟုတ်။ တစ်ခုတည်းပင်ဖြစ်သော်လည်း များစွာသော အနက်တို့၌ ဖြစ်ခြင်းကြောင့် လောကပမာဏအားဖြင့် ဆန်းကျယ်၏။လောကီလူတို့ ခေါ်ဝေါ်တိုင်းသော အနက်၌ပင် ဖြစ်သောကြောင့် ဟူလို။

**နနုစ ပဠမံ ဝုတ္တေသု ဒွိသုပိ အတ္ထဝိကပ္ပေသု သကတ္တေ အရဟတ္တေစ တဒ္ဒိတပစ္စယော သဒ္ဒလက္ခဏာတော ဒိဿတိ နေ ပန "ဝိနယာယ ဓမ္မံ ဒေသေတီ" တိ ဣမသ္မိံ အတ္ထေ၊တသ္မာ ကထမေတ္ထ တဒ္ဒိတပစ္စယောတိ အာဟ "ဝိစိတြာ ဟိ တဒ္ဒိတဝုတ္တိ"တိ**။ [သာရတ္ထ ၊ ၁။ ၃၄၈။]

နံပါတ် (၃)

( ခ ) ဝိတ္ထာရရ။ ။ ဝိနယ၏ ဝိဂ္ဂဟအနက်ကို ချဲ့ပြသောကြောင့်[တစ်နည်း] **တပ္ပါကဋီကရဏ** [ပေါက်မြိုင်။](ဂ) **ပကာသနရ**။ ဝေနယိကပုဒ်၏ သဒ္ဒါရုပ်ပြီးပုံ ပုဏ္ဏားဏ်၏သန္တာယ ဘာသိတမှ ဝေနယိကောပုဒ်၏ သဒ္ဒါရုပ်ပြီးပုံ မြတ်စွာဘုရား၏ သန္တာယ ဘာသိတကို ပြသောကြောင့်။ထိုတွင်ယသ္မာ စသည် ကာရဏ။ တသ္မာ စသည်သည် ဖလ။**(ဃ)ဝါကျာရမ္ဘ**။။ပဒတ္ထကို ဆက်ပြသောကြောင့်။

( င ) **ဝိတ္ထာရရ။(စ)ကာရဏ**[တစ်နည်း]ဒဠှီ။ ဝေနယိကောပုဒ်၏ ဓမ္မံ ဒေသေတိ ဆိုနိုင်ပုံ ယုတ္တိ

http://www.dhammadownload.com



ကြောင်းပြသောကြောင့် ။ (ဆ) ဝါကျာရမ္ဘ။ကိုယ်တော်မြတ်ကိုယ်တိုင် ဝေနယိကော ဆိုနိုင်ပုံကို ဆက်လက် အားထုတ်ပြသောကြောင့် ။

နံပါတ် (၄)

**ဝိနယော ။** ။ **ဝိနယနံ ဝိနယော။**

**နိဂ္ဂဟော ။** ။ **နိဂ္ဂဏှနံ နိဂ္ဂဟော။** [နိ-ဂဟ + အ။]

ဘာဝသာဓနတို့ သဘောသည် ဓာတ်အရပစ္စည်းအရ အထူးမရှိသောကြောင့် နှိပ်ကွပ်ခြင်း ကြိယာရ၏။

**ရာဂါဒယော ။** ။ **ရာဂေါ အာဒိ ယေသန္တိ ရာဂါဒယော။**

ရာဂေါ အာဒိ -ဗဟုဗ္ဗီဟိအရ ရာဂအစရှိသည်သည် မုချ။ထို၏ ယအညပုဒ်အရ ကြွင်းကိလေသာနှင့် အာဒိ/အာဒိဝန္တ စပ် ဌာနူပစာ။ ယ အညပုဒ်အရ ထို-သော ရာဂနှင့်တကွ ရာဂ အစရှိသော ကိလေသာရ၏။

**တဒ္ဓိတဝုတ္တိ ။** ။ **တေသံ ဟိတံ တဒ္ဓိတံ။တဒ္ဓိတသင်္ခါတံ ဝုတ္တိ တဒ္ဓိတဝုတ္တိ။**

**(တစ်နည်း) ။** ။ **တဒ္ဓိတာနံ ဝုတ္တိ တဒ္ဓိတဝုတ္တိ။**

တဒ္ဓိတ-ဟူသော ဝိသေအရ တဒ္ဓိတ်ပုဒ်တို့သည် မုချ။ထို ၏ ဖြစ်ခြင်း ဥဒါဟရဏ်နှင့် နိဿယ/နိဿိတ စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော တဒ္ဓိတ်တို့၏ ဖြစ်ခြင်း ဥဒါဟရဏ် ရ၏။

**ပဒတ္ထ ။** ။ **ပဒဿ အတ္ထော ပဒတ္ထော။**

နံပါတ် (၅)

**ဝူပသမာထ။** ဥပ-သမု+အ။ **ဝိစိတြ။** ဝိ-စိတ+တြဏ်။ **သမ္ပသမာန။**သံ-ဒိသ+ မာန။

တဒ္ဓိတ၌ နောက်ပုဒ် **ဓါတ်ပစ္စည်း** ဟိ+တ။ **ဝုတ္တိ။** ဝတု+တိ။

နံပါတ် (၆)

(က) **ဝူပသမာယဖြင့်** ဝေနယိကောဝယ် နီဓာတ်သည် ဝူပသမတ္ထ၌ ဖြစ်သည်ကို လည်းကောင်း၊ဝိနယနံ ဝူပသမော ဝိနယော ဟု ဘာဝ**သာဓနဝစနတ္ထ**ပြ၍၊ဏ ပစ္စည်း ဘောအနက်၌ သက်သည်ကို လည်းကောင်း၊ သိစေပါသည်။

**ဓမ္မံ ဒေသေတိဖြင့်** ဝေနယိကော **ကို ဝိနယာ**ယ ဓမ္မံ ဒေသေတိတိ ဝေနယိကော ဟု ဝစနတ္ထပြ၍ ဏိကပစ္စည်း ဓမ္မံ ဒေသေတိ အနက်၌ **သက်သည်ကို သိစေ။ရာဂါဒီနံ စသည်ဖြင့်** ရာဂစသော ကိလေသာကို ငြိမ်းအေး၏ ဟူသော အဓိပ္ပာယ် **သိစေ။ယသ္မာ။ပ။တသ္မာဖြင့်** ဗုဒ္ဓ၏ သန္တာယ ဘာသိတအားဖြင့် မြတ်စွာဘုရား၏ ဝေနယိက အမည်ဖြစ်ကြောင်း **သိစေပါသည်။**

နံပါတ် (၇)

**သ္မာယံ/သ္မာဟံ...**

အနုဓာနာတိဟူသော ပဌမပုရိသ် တိဝိဘတ်ကို ထောက်၍ သ္မာယံ ပါဌ်သာသင့်။

**ရာဂါဒီနံ/ဏဂါဒယော...**

ဝိနယာယ ဥပသမာယတို့၌ ဘောဟော ဏ ပစ္စည်းရှိသောကြောင့် ယင်း၏ ကံသည် ဒုတိယာကံ မဖြစ်နိုင်၊ ဆဋ္ဌီကံသာ ဖြစ်ရကား ရာဂါဒီနံ ပါဌ်သာသင့်။

http://www.dhammadownload.com


နံပါတ် (၈)

**ရာဂါဒီနံ** ။။ အစိတ်ဖြစ်သော ရာဂါဒိကိလေသာကို ဆိုသဖြင့် အပေါင်းဖြစ်သော အကုသိုလ်စိတ် အားလုံးကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ကေဒေသူပစာ။

**ဝိစိတြ တဒ္ဓိတဝုတ္တိ** ။ ။အကျိုးဖြစ်သော တဒ္ဓိတ်တို့၏ ဆန်းကြယ်ခြင်း၏ အမည်ကို အကြောင်းဖြစ်သော လောကီလူများ၏ ဝေါဟာရ ဆန်းကြယ်ခြင်း၌ တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

နံပါတ် (၁၀)

**အတ္တနိ သမ္ဘာဝိသမာနော** အရ-သဗ္ဗညုတဉာဏ်ကောက်။

**တစ်နည်း**။ ။ ကိုယ်တော်မြတ်၏ အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်ကောက်။

**************

**ဝါကျစဉ် (၄၅)**

(က ) ဘဂဝါ စ တာနိ န ကရောတိ၊တသ္မာ "အယံ ဝယောဝုဒ္ဓေ တပတိ" တိ မညမာနော သပ္ပုရိသာစာရဝိရဟိတတ္တာ ဝါ ကပဏာပုရိသော အယန္တိ မညမာနော ဘဂဝန္တံ "**တပဿီ**" တိ အာဟ။

(ခ ) တတြာယံ ပဒတ္ထော။

(ဂ ) တပတီတိ တပေါ။

(ဃ ) ရာသေတိ ဝိဟေသေတီတိ ဝုတ္တံ ဟောတိ။

(င ) သာမီစိကမ္မကရဏာသေတံ နာမံ။

(စ ) တပေါ အဿ အတ္ထီတိ **တပဿီ**။

(ဆ ) ဒုတိယေ အတ္ထဝိကပ္ပေ ဗျဉ္ဇနာနိ အဝိစာရေတွာ လောကေ ကပဏာပုရိသော တပဿီတိ ဝုစ္စတိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၀၆။]

**************

နံပါတ် (၁)

(က) စ-ဆက်။တာနိ-ထို ရိုသေမှုတို့ကို။အယံ-ဤရှင်ဂေါတမသည်။တပတိ-လောင်မြိုက်တတ်၏။သပ္ပုရိသာစာရဝိရဟိတတ္တာ-သူတော်ကောင်းအကျင့်မှ ကင်းသည်၏ အဖြစ်ကြောင့်။အယံ-ဤရှင်ဂေါတမသည်။ ကပဏာပုရိသော-အထီးကျန်မွဲ ဆင်းရဲသော ယောကျ်ားတည်း။

တပဿီ-ကြီးသူတို့ကို လောင်မြိုက်တတ်သော အဘိဝါဒန စသော ရိုသေမှုကို မပြုခြင်းရှိသူတည်း။ ဝါ-သူတော်ကောင်းတို့၏ အကျင့် မပြည့်စုံသဖြင့် လူနံ လူမွဲ လုံဆင်းရဲတည်း။

နံပါတ် (၂)

**(က)ဝါကျ ဝါသဒ္ဒါ-ရှု**။ ဆရာ၊သည် (က) အယံ ဝယောဝုဒ္ဓေ တပတိ-ဖြင့် အရွယ်အားဖြင့် ကြီးသူတို့ကို လောင်မြိုက်တတ်သောကြောင့် မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်၏-ဟု ဖွင့်ပြအပ်၏။ယင်းသို့ မှတ်ထင်သည် ဖြစ်၍သာလျှင် မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်ပါသလော။အဘယ်သို့ မှတ်ထင်သည် ဖြစ်၍လည်း မြတ်စွာဘုရားကို တပဿီ-ဟူ၍ ဆိုအပ်ပါသေးသနည်း။စုဒ်ကြောင့် သပ္ပုရိသာစာရဝိရဟိတတ္တာ

http://www.dhammadownload.com



ဝါ စသည် မိန့်။

**(ဃ)သို့။** ။ ဆရာသည် (ဂ) ဖြင့် တပသီဠ် တပေါကို တပတီတိ တပေါဟု ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ ဤဌ် တပ ဟူသည် အဘယ်ပါနည်း။တပ-မည်ပုံကို ထင်ရှားစွာ မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

**(င)သို့။** ။ ဆရာသည် (ဂ-ဃ) တို့ဖြင့် စိတ်ကို ဖျက်ဆီးတတ် ညှဉ်းဆဲတတ်သော သဘောသည် 'တပ' မည်၏-ဟု တပသဒ္ဒါ၏ အဘိဓာနတ္ထ သဘာဝတ္ထကို ဖွင့်ပြတော်မူအပ်၏။ဤဌ် တပ-အရ အဘယ်ကို အလိုရှိအပ်ပါသနည်း။ပူပန်စေတတ် ညှဉ်းဆဲတတ်သော အလုံးစုံသော သတ္တဝါ သင်္ခါရနှင့် ကိလေသာတို့ကို ကောက်ယူအပ်ပါသလော။ စုဒ်ကြောင့် [င] မိန့်။

**နိယံ။** ။ **သကတ်တစ်ခု အစုများစွာ ဆက်ဆံပါလျက် ထင်ရာစွဲလည်း အမြဲ ဤရှုဋ္ဌပင်တည်း။**

**(ဆ)သို့။** ။ ဆရာသည် (ဂ)စသော ဝါကျတို့ဖြင့် ပဌမဝိကပ်အရ တပဿီပုဒ်၏ ဝစနတ္ထ၊သဘာဝတ္ထ အဘိဓေယျတ္ထတို့ကို ဖွင့်ပြတော်မူအပ်၏။ထိုသို့ ဖွင့်ဆိုသော် ဒုတိယဝိကပ် အလို တပဿီပုဒ်၏ အဘိဓေနတ္ထ စသည်ကိုလည်း ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။[တစ်နည်း] တပဿီ၏ သဒ္ဒတ္ထသို့ လိုက်၍ပင် ကပဏ ပုရိသော ဟု ဆိုအပ်ပါသလော။ဒုတိယဝိကပ်အလို တပဿီပုဒ်၏ အဘိဓာနတ္ထ စသည်ကို အဘယ်သို့မှတ်သားအပ်ပါသနည်း။မဖွင့်ဆိုချေသော် အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။စုဒ်ကြောင့်[ဆ] မိန့်။

**ကား။** ။ ဒုတိယဝိကပ်အလို တပဿီပုဒ်သည် ကပဏပုရိသဝါစက ရှုဋ္ဌိ အနိပ္ဖန္န ပါဋိပဒိကပုဒ်ဖြစ်သောကြောင့် အဘိဓာနတ္ထစသည်ကို မစိစစ်တော့ ဟူလို။

နံပါတ် (၃)

( ခ ) **စသည် ဝိတ္ထာရ** ထိုတွင် **(ခ) စကားမျိုးသခ်ေပ။(ဂ)စသည် စကားရိုး ဝိတ္ထာရ။** ထိုတွင် **(ဃ) တပ္ပါကဋီကရဏ။[တစ်နည်း] ဝိတ္ထာရ။**

( င ) **ပက္ခန္တရ။** တပ၏ အဘိဓာနတ္ထမှ အဘိဓေယျတ္ထကို ပြသောကြောင့်။ **(စ) ဝါကျာရမ္ဘ။**

**(ဆ) ပက္ခန္တရ။**ပဌမဝိကပ်အဖွင့်မှ ဒုတိယဝိကပ်အဖွင့်ကိုပြသောကြောင့်

နံပါတ် (၄)

**ကပဏပုရိသ။** ။ **ပဏတိ ဗျဝဟရတိ ဓေနာတိ ပဏော။ကပိတဗ္ဗော ဒယိတဗ္ဗောတိ ကပဏော။**

**ကပဏော စ သော ပုရိသောစာတိ ကပဏပုရိသော။**

ကပိ ကတ္တုဠ်ကား သနားတတ်သော ပုဂ္ဂိုလ်တို့၏ ကရုဏာပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ၊ ကမ္မဌ-ကား လူဆင်းရဲ ယောက်ျား၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ယု ပစ္စည်းအရ ထိုသော လူဆင်းရဲ ယောက်ျားရ၏။

**ကုစ္ဆိတော ပဏော ယဿာတိ ကပဏော။** [ဓာန်-ဋီ]

**တပ။** ။ **တပတိ ရောသေတိ ဝိနာသေတီတိ တပေါ။**

တပ ဓာတ် သုဒ္ဓကတ္တုဠ် ကား ကြီးသောပုဂ္ဂိုလ်တို့၏ ဒေါမနဿစိတ္တုပ္ပါဒ်သည် မုချ။ဟေတုကတ္တုဠ်ကား ရှိခိုးခြင်းစသည်ကို မပြုသောသူ၏ မာနစသည်ပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်[ဝါ]ယင်းစိတ္တုပ္ပါဒ်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။အ ပစ္စည်းအရ ထိုသော အကုသလဓမ္မ(ဝါ)သာမိစိကမ္မအကရဏ ရ၏။

http://www.dhammadownload.com



သပ္ပုရိသာစရဝိရဟိတတ္တာ။ ။ ဝယေန ဝုမှာ ဝယောဝုမှာ။သပ္ပုရိသာနံ အာစာရော သပ္ပုရိသာစာရော။ သပ္ပုရိသာစာရသ္မာ ဝိရဟိတော သပ္ပုရိသာစာရဝိရဟိတော။တဿ ဘာဝေါ။

သပ္ပုရိသာစာရဝိရဟိတ တဒ္ဓိတ်ပုဒ်အရ သူတော်ကောင်းတို့၏ အကျင့်မှကင်းသူသည် မှချ။ထို၏ တ္တပစ္စည်းအရ သာမီစိကမ္မကို မပြုခြင်းအမှုနှင့် နိယဿ/နိဿိတ စပ် ဖလူ။တ္တ ပစ္စည်းအရ ထိုသော သာမီစိကမ္မကို မပြုခြင်း အမှုရှ၏။

နံပါတ် (၅)

**မညမာန**။ မန + ဒိဝါဒိ ယ+ မာန။ **ဝိရဟိတ**။ ဝိရဟ + တ။

**ဗျဉ္ဇန**။ ဝိ+အဉ္ဇ + ယု။ **ဝယ**။ ဝယ+ဏ။ **ဝိကပ္ပ**။ ဝိ + ကပ္ပ + အ။

နံပါတ် (၆)

(က) **အယံ ဝယောဝုဓော တပတိဖြင့်** တပဿီ၌ တပပုဒ်+သီ ပစ္စည်း၊ယင်းသီပစ္စည်းသည် အဿတ္ထိ အနက်၌ သက်၍ တပေါ အဿ အတ္ထိတိ တပဿီ-ဟု ဝစနတ္တ ပြုအပ်သည်ကို လည်းကောင်း။ကြီးသူတို့ကို လောင်မြိုက်စေတတ်သောကြောင့် တပဿီဟု ခေါ်ဆိုရခြင်းကို လည်းကောင်း သိစေပါသည်။

**ဘဂဝါ စသည်ဖြင့်** တပဿီအရ ပုဏ္ဏားအလို မြတ်စွာဘုရားကို အရကောက်၍၊အဘိဝါဒနစသော သာမီစိကမ္မကို မပြုသောကြောင့် မြတ်စွာဘုရားအား တပဿီ-ဟု ဆိုရကြောင်းကို သိစေ။**ကပဏောအယံ** ဖြင့် တပဿီပုဒ်သည် ကပဏပုရိသဝါစက ရှဋ္ဌီ အနိပ္ပန္န ပါဋိပဒိကပုဒ် ဖြစ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ရောသေတိ/ဒေါသေတိ**···

ဒေါမနဿံ နေသံ ဥပ္ပါဒေန္တီ အဖွင့်ကို ထောက်၍ ဒုသ ဓါတ်ဖြင့် ပြီးသော ဒေါသေတိ ပါဠ်သင့်။

ရုသ ဓာတ်သည်လည်း ညှဉ်းဆဲခြင်း ဟိံသန အနက်ကို ဟောနိုင်သောကြောင့် ရောသေတိ-ညှဉ်းဆဲဖျက်ဆီး၏။ ဤသို့ အဓိပ္ပာယ် မပျက်သောအနက် ရနိုင်ရကား ရောသေတိ ပါဠ်လည်း သင့်။

**တပဿီ/တပသီ**···

**တပဿီ ယသဿီ တေဇသီတိ ဧတ္ထေစ ပုရိမေသု ဒွိသု သုခုစ္စာရဏတ္ထံ သဿ ဒွိတ္တံ။ပစ္ဆိမေန ပန သုဒ္ဓေါ သကာရော**-ဟူသော သဒ္ဒနီတိကို ထောက်၍ တပဿီဟု ဒွေဘော်ဖြင့်ရှိသော ပါဠ်သင့်။

**ကပဏပုရိသ/ကပ္ပနပုရိသ**··· နံပါတ် (၄) ထောက်ဖြေ

နံပါတ် (၈)

(င)**တပဿီ** ။။ အပေါင်းဖြစ်သော အကုသလဓမ္မ၊ ပူပန်စေတတ်သောပုဂ္ဂိုလ်၊ သာမီစိကမ္မအကရဏတို့၏ အမည်ကို အစိတ်ဖြစ်သော အကုသလဓမ္မ(ဝါ)သာမီစိကမ္မ အကရဏ၌တင် ကေဒေသျူပစာ။ရုဋ္ဌီနည်း။

နံပါတ် (၁၀)

· **ဝိဟောသေတိ** အရ ဒေါသမူစိတ္တုပ္ပါဒ် ကောက်။(**တစ်နည်း**) ဒေါမနဿဝေဒနာ။

***************

## ဝါကျစဉ် (၄၅)

(က) ဘဂဝါ ပန ယေ အကုသလာ ဓမ္မာ လောကံ တပန္တိ တပနီယာတိ ဝုစ္စန္တိ၊

http://www.dhammadownload.com



တေသံ ပဟီနတ္တာ ယသ္မာ တပသီတိ သချံ ဂတော၊ တသ္မာ တံ တပဿိတံ အတ္တနိ သမ္ဘာသမာနော အပရဖ္ဖို ပရိယာယံ အနုဇာနာတိ။

( ခ ) တတြာယံ ပဒတ္ထော၊တပန္တီတိ တပါ။

( ဂ ) အကုသလဓမ္မာနမေတံ အဓိဝစနံ။

( ဃ ) ဝုတ္တမ္ပိ ဟေတံ "ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ" တိ။

( င ) တထာ တေ တပေ အဿိ နိရဿိ ပဟာသိ ဝိဒ္ဓံသေတီတိတပဿီ။(ဝိ၊ဋ္ဌ၊၁။၁၀၇။)

**************

နံပါတ် (၁)

တပဿီ၊မိမိကိန်းရာ သတ္တဝါကို လောင်မြိုက်တတ်သော အကုသိုလ်တို့ကို ပယ်တော်မူပြီးသော ပုဂ္ဂိုလ်တည်း။**တပနတောဟိတ် သမ္ဗန်-ယေသံ အကုသလာနံ ဓမ္မာနံ။တေသံ ပဟီနတ္တာ၌** ကတ္တား-ဘဂဝတာ။

နံပါတ် (၂)

**(က)သို့။** ။ ဆရာ၊မြတ်စွာဘုရားသည် ပါဠိတော်၌ ကိုယ်တော်တိုင် တပဿီ-ဟူ၍ ဝန်ခံပြောဆိုအပ်၏။ အဘယ်ကြောင့် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် တပဿီ-ဟူ၍ ဝန်ခံပြောဆိုအပ်ပါသနည်း။ပုဏ္ဏား၏ သန္တာယ ဘာသိတ-အားလျော်သော တပဿီ မည်သည် မရှိသည် မဟုတ်ပါလော။ စုဒ်ကြောင့် [က]မိန့်။

**(ဃ)သို့။** ။ ဆရာ၊သည် (ဂ)ဖြင့် တပ ဟူသည် အကုသလဓမ္မ တို့၏ အမည်ဖြစ်၏-ဟု ဖွင့်ပြတော်မူအပ်၏။ တပ သဒ္ဒါသည် သာမညဖြစ်၍ အမည်အားလုံးတို့နှင့် ဆက်ဆံနိုင်သည် မဟုတ်ပါလော။ယင်းသို့ ဖြစ်လျက် အကုသလဓမ္မ-ဟု ယင်း၏ အနက်ကို ဝိသေသ ထုတ်၍ပြဆိုခြင်းသည် အလို့သင့်နိုင်အံ့နည်း။၊ဝစန+ဝစနီယဆန့် ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် [ဃ]မိန့်။

**ကား။** ။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ-ဟူသော သာဓကစကားကို ထောက်၍ ငါဆိုရကား သင်တင် တိုင်းသော ဝိရောဓိဒေါသ ငါ့၌မရောက် ကင်းပျောက်ဟူလို။

နံပါတ် (၃)

( က ) ပက္ခန္တရ ။ထိုတွင် တေသံ စသည် ကာရဏ။တသ္မာစသည် ဖလ။

( ခ ) **စသည် ဝိတ္ထာရ။ ထိုတွင် [ခ] စကားမျိုးသခ်ေပ။**

( ဂ ) **စသည် စကားရိုး ဝိတ္ထာရ [တစ်နည်း]ပက္ခန္တရ။ ( ဃ ) အာဂမဒဋ္ဌိ။**

( င ) ပက္ခန္တရ။တပ ပုဒ်၏အဖွင့်မှ တပဿီ ပုဒ်၏အဖွင့်ကို ပြသောကြောင့်။(**တစ်နည်း) ဝါကျာရမ္ဘ။**

**စာစပ်** = တပနတော ကား ကြောင့်-ကြောင့် ဝုစ္စတိ ၌အကြောင်းဟိတ်/အကျိုးဖိုလ်။

နံပါတ် (၄)

**တပနာ** ။ ။ **တပန္တီတိ တပနာ။**

**တပနီယာ။** ။ **တပန္တီတိ တပနီယာ**

တပ ဓာတ်အရ လောင်မြိုက်တတ်သော အကုသိုလ်တရားတို့၏ သတ္တိသည် မုချ။ယု ပစ္စည်းအရ သတ္တိမန္တ ဖြစ်သော အကုသိုလ်တရားတို့ ရ၏။ထိုသို့ပင် ရငြားသော်လည်း ဤတပန သဒ္ဒါသည် ဘာဝပဓာ န၊ဘာဝလောပ ဖြစ်သောကြောင့် လောင်မြိုက်တတ်ကုန်သည်၏ အဖြစ်-ဟု ဆိုအပ်သော လောင်မြိုက်ခြင်း

http://www.dhammadownload.com



ကြိယာသည်သာ မုချပဓာန အားဖြင့် ရ၏။

**ပဟီနတ္တ** ။ ။ **ပဟီယိံသူတိ ပဟီနာ။ပဟီနာနံ ဘာဝေါ ပဟီနတ္တံ။**

ပဟီန-တဒ္ဓိတ် အရ ပယ်အပ်ပြီးကုန်သော အကုသိုလ်မွေတို့သည် မုချ။ထို ၏ တ္တ အရ အကု**သလဓမ္မတို့၏** မရှိခြင်း အဘာဝဘောဂုဏ်နှင့် နိသျ+နိဿိတ စပ် ဌာနူ။တ္တအရ ထို-သော ပယ်အပ်ပြီးကုန်သော **အကုသိုလ်ဓမ္မတို့၏** ဖြစ်ကြောင်းဖြစ်ရာ အကုသလဓမ္မတို့၏ မရှိခြင်း အဘာဝဘောဂုဏ်ရ၏။

**တပဿိတာ** ။။ **တပေ အဿိ တပဿိ။တပဿိနော ဘာဝေါ တပဿိတာ။**

နံပါတ် (၅)

**သချာ**။ သံ-ချာ+အ+အာ။ **အဿိ**။ အသု+ဣ။ [အသတိ နိရဿတီတိ အဿိ။]

နံပါတ် (၆)

(က) **တပနတော တပနီယာတိ ဝုစ္စန္တိ ဖြင့်** တပဥ္စ တပဓာတ် အပစ္စည်း၊ယင်း အ ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊တပန္တီတိ တပါ-ဟု ဝိဂ္ဂဟပြုအပ်သည်ကို လည်းကောင်း သိစေ။**ယေ အကုသလာ ဓမ္မာဖြင့်** တပအရ အကုသိုလ်ဓမ္မတို့ကို ကောက်ယူအပ်သည်ကို သိစေ။**ပဟီနတ္တာ-ဖြင့်** အဿိ၌အသု **ဓာတ်၏** ခေပနတ္တ(ဝါ)စာဂတ္တ အနက်၌ ဖြစ်သည်ကို သိစေ။**အပေါင်း သံဝဏ္ဏနာဖြင့်** တပဿိအရ ဘုရားရှင်ကို အရကောက်ယူအပ်သည်ကိုလည်းကောင်း၊အဿိ၌ ဣပစ္စည်း ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း၊ အသတီတိ အဿိ-ဟုဝစနတ္တပြုအပ်သည်ကိုလည်းကောင်း၊တပေ အဿိဟု ဒုတိယာ တပ္ပုရိသ်သမာသ်ဝစန တ္တပြုအပ်သည်ကို လည်းကောင်းသိ စေ။ **အပေါင်းသံဝဏ္ဏနာဖြင့်** ဘုရားရှင်၏ တပ္ပဿိ မည်ရခြင်း အကြောင်းနှင့် အတ္ထိ ခွေသ စသည်ဖြင့် ကိုယ်တော်တိုင် တပဿိ-ဟု ဝန်ခံပြောဆိုရခြင်း အကြောင်းကိုသိစေ။

နံပါတ် (၇)

**အဿိ/အဿီ...**

အသု ဓာတ် ခေပနအနက်ဟော၊ဤဝိဘာတ်၊ ဒိဝါဒိ ယ ပစ္စည်း၊ဤကို ဣရဿပြု၍ ပြီးသောကြောင့် အဿိ-ပါဌ်သာ သင့်၊အာချာတ်ပုဒ်။

ကိတ်ပုဒ်ဟူ၍ ယူဆသော် အသုဓာတ်၊ဏီ ပစ္စည်း၊ပုံလိင် ရတ္တာဒိဂိုဏ်း၊ယင်းအလို အဿီ-ပါဌ်သင့်။

**မှတ်ချက်**။ ။ တပဿိ/တပဿိ၌ လည်း နည်းတူသိပါ။

**နိရဿိ/နိဒ္ဓဿိ/နိဓဿိ...**

ဂဏ္ဌိဟောင်းအလို နိဒ္ဓဿိ၊ယောဇနာအလို နိဓဿိ ဟု ရှိငြားသော်လည်း ဤ၌ အသုဓာတ်၊ခေပနတ္တ၊နိ ဥပသာရပုဒ်နောင် ရ-လာ၍ ပြီးသောကြောင့် နိရဿိ-ပါဌ်သာ သင့်။

နံပါတ် (၈)

**တပနီယာ ဝုစ္စန္တိ** ။ ။အပေါင်းဖြစ်သော အကုသလဓမ္မ သာမိစိကမ္မ အကာရဏာတို့ အမည်ကို အစိတ်ဖြစ်သော အကုသလဓမ္မ၌တင် ကေဒေသျူပစာ၊ရုဋ္ဌီနည်း။

**တပနတော**။။ လောင်မြိုက်တတ်သော သတ္တိမရှိသော အကုသလဓမ္မ၏အမည်ကို လောင်မြိုက်တတ်သော ကတ္တုသတ္တိ ရှိသကဲ့သို့ တင်စားဆိုသောကြောင့် တဒ္ဓမ္မူပစာ။

http://www.dhammadownload.com



နံပါတ် (၁၀)

(ဃ) ဣစ္ဆ တပ္ပတိ ပေစ္စ တပ္ပတိ ၌ တပ္ပတိ အရ ဒေါ့မနဿဝေဒနာ။ (တစ်နည်း) ဝိပ္ပဋိသာရစိတ္တုပ္ပါဒ်။

**************

**ပါဠိကျမ်းစဉ် (၄၆)**

(က) ပုန ဗြာဟ္မဏော တံ အဘိဝါဒနာဒိကမ္မံ ဒေဝလောကဂစ္ဆသမ္ပတ္တိယာ ဒေဝလောကပဋိလာဘာယ သံဝတ္တတီတိ မညမာနော ဘဂဝတိ စဿ အဘာဝံ ဒိသွာ ဘဂဝန္တံ **"အပ ဂဗ္ဘော"**တိ အာဟ။

(ခ) ကောဓဝသေန ဝါ ဘဂဝတော မာတုကုစ္ဆိသ္မိံ ပဋိသန္ဓိဂ္ဂဟဏေ ဒေါသံ ဒဿေန္တောပိ ဧဝမာဟ။

(ဂ) တတြာယံ--ပဒတ္ထော ဂဗ္ဘတော အပဂတောတိ **အပဂဗ္ဘော**။

(ဃ) အဘဗ္ဗော ဒေဝလောကူပပတ္တိံ ပါပုဏိတုန္တိ အဓိပ္ပါယော။ [ ဝိ၊ ဋ္ဌ၊ ၁။ ၁၀၇။]

***************

နံပါတ် (၁)

အပဂဗ္ဘော-နတ်ပြည် ပဋိသန္ဓေမှ ကင်းသူတည်း။ဝါ-ယုတ်ညံ့သော ပဋိသန္ဓေ ရှိမည့်သူတည်း။ ဝါ-ယုတ်ညံ့သော ပဋိသန္ဓေ ရှိခဲ့သူတည်း။

(က) ဒေဝလောကဂစ္ဆသမ္ပတ္တိယာ-နတ်ပြည်ပဋိသန္ဓေ၏ ပြည့်စုံခြင်းငှါ။ဒေဝလောကပဋိလာဘာယ - နတ်ပြည်ပဋိသန္ဓေကို ရခြင်းငှါ။အဿ-ထိုအဘိဝါဒန စသောအမှု၏။

(ခ) ကောဓဝသေန-အမျက်ဒေါသနှင့် စပ်သောအားဖြင့်။(ဝါ) အမျက်ဒေါသ၏ အစွမ်းဖြင့်။

နံပါတ် (၂)

**(က) ဘဂဝတိ စဿ-သို့**။ ။ ဆရာသည် ပုန ဗြာဟ္မဏော စသည်ဖြင့် နတ်ပြည် ပဋိသန္ဓေကိုရခြင်းအကျိုးငှာဖြစ်၏ဟု မှတ်ထင်လျက် အပဂဗ္ဘော ဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြအပ်၏။အောက်မေ့ မှတ်ထင်ကာမျှဖြင့်သာ ဆိုအပ်လေသလော(ဝါ) ဘုရားရှင်၌ ရှိခိုးခြင်း စသည်ရှိက မဆိုသင့်သည်မဟုတ်ပါလော။အဘယ်ကိုမြင်၍လည်း အပဂဗ္ဘော ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် ဘဂဝတိ-စသည်မိန့်။

**(ခ)သို့ အပရာနုသန္ဓေ**။ ။ ယခုအခါ၌ အမိအဖို့မှ မစင်ကြယ်သည်၏ အပြစ်ကိုပြ၍ ဆဲရေးလိုသောသူအား ကျွန်မ၏သားဟူ၍ ကျွန်မဝမ်း၌ အပြစ်ကိုပြ ဆဲရေးသကဲ့သို့ ဥပမာလင်္ကာရ]ထို့အတူ ဘုရားရှင်အား အမိဝမ်း၌ ပဋိသန္ဓေအပြစ်ကို ပြ၍ ဆဲရေးလိုသော ပုဏ္ဏားသည် (ခ)မိန့်။

**(ခ)သို့ ပုစ္ဆာ**။ ။ ဆရာသည် (ဂ)ဖြင့် မြတ်စွာဘုရားကို အပဂဗ္ဘော-ဟူ၍ ဆိုရခြင်း အကြောင်းနှစ်မျိုးကိုဖွင့်ပြတော်မူအပ်၏။ထိုအကြောင်း နှစ်မျိုးကြောင့် မြတ်စွာဘုရားကို အပဂဗ္ဘ-ဟူ၍ ဆိုအပ်ပါသလော။အဘယ်အကြောင်းကြောင့်လည်း မြတ်စွာဘုရားကို အပဂဗ္ဘော-ဟူ၍ ဆိုအပ်ပါသေးသနည်း။စုဒ်ကြောင့်(ခ)မိန့်။

**(ဃ)သို့**။ ။ ဆရာသည် (ဂ) ဖြင့် အပဂဗ္ဘော-ကို ဂဗ္ဘတော အပဂတော အပဂဗ္ဘော-ဟူ၍ ပဥ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထကို ဖွင့်ပြတော်မူအပ်၏။ဆရာဆိုအပ်ပြီးသော ဝိဂြိုဟ်အနက်ကို အဓိပ္ပါယတ္ထအားဖြင့် ထင်ရှားပေါ်လွင်စွာ မပြဆိုပြီသော။အဓိပ္ပာယ်အနက်ကို မည်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

( ခ ) နယန္တုရပက္ခန္တုရ။(ဂ )ဝိဣာရ။ထို-တွင် တတြာယံ ပဒဝွောသည် စကားမျိုးသင်္ခေပ။
ဂဗ္ဘတော စသည်သည် စကားရိုး ဝိဣာရ။(ဃ) ဝိဣာရ။

နံပါတ် (၄)

**ဒေဝလောကဂဗ္ဘသမ္ဘတ္တိ။ ။ ဒေဝဿ လောကော ဒေဝလောကော။**

**ဒေဝလောကဿ ဂဗ္ဘော ဒေဝလောကဂဗ္ဘော။**

**ဒေဝလောကဂဗ္ဘဿ သမ္ဘတ္တိ ဒေဝလောကဂဗ္ဘသမ္ဘတ္တိ။**

ဒေဝလောကဂဗ္ဘ ဝိသေသန အရ နတ်ပြည် ပဋိသန္ဓေသည် မုချ။ထို၏ ပြည့်စုံခြင်းကြိယာနှင့် နိဿယ/နိဿိတ စပ် ဌာနူ။ပုဒ်လုံးအရ ထို-သော နတ်ပြည် ပဋိသန္ဓေ၏ ပြည့်စုံခြင်းရ၏။

**မာတာကုစ္ဆိ။ ။ မာနေတီတိ မာတာ။ဓီရံ ပါယေတီတိ မာတာ။**

**ကုသီယတိ အဏ္ဍောသီယတီတိ ကုစ္ဆိ။**[ကုသ+ဆိတ်။]

**မာတုယာ ကုစ္ဆိ မာတုကုစ္ဆိ။**

မာတု ဝိသေသန အရ မိခင်သည် မုချ။ထို၏ ဝမ်းတိုက်နှင့် အဝယဝီ/အဝယဝ စပ် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော မိခင်၏ ဝမ်းရ၏။

နံပါတ် (၅)

ဂဗ္ဘ။ ဂု +အဘ။(ဂဘ+အ။ဂရ+အဘ) ဟီန။ ဟာ + ဣန။ ကုစ္ဆိ။ ပုံလိင်+ဣတ္ထိလိင်။

နံပါတ် (၆)

(ခ) **မာတုကုစ္ဆိသို့ ပဋိသန္ဓိဂ္ဂဟဏဖြင့်** ဂဗ္ဘသဒ္ဒါ၏ ပဋိသန္ဓိဝါစက အဖြစ်ကို သိစေပါသည်။**ကော ဓဝသေနဖြင့်** အပဂဗ္ဘော ၌ အပသဒ္ဒါ၏ ဟီနဝါစက အဖြစ်ကို လည်းကောင်း၊ဟီနော ဂဗ္ဘော အဿာတိ အပဂဗ္ဘော ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။

**ဒေါသံ ဒဿေန္တောပိဖြင့်** အထက်ပါအကြောင်း နှစ်မျိုးကြောင့်သာ အပဂဗ္ဘော-ဟု ဆိုအပ်သည် မဟုတ်သေး၊အမိမှစ၍ မစင်ကြယ်ကြောင်းကိုလည်းကောင်း၊ယုတ်ညံ့သော ပဋိသန္ဓေ နေခဲ့ရကြောင်းကိုလည်း ကောင်း ပြလို၍ အပဂဗ္ဘော-ဟူ၍ ဆိုရခြင်း အဓိပ္ပာယ်ကို သိစေပါသည်။

နံပါတ် (၇)

**ဒဿေန္တောပိ/ဒဿေန္တော**...

အပိ သဒ္ဒေါ ပုဗ္ဗနယေ ဝုတ္တံ မညနံ အပေက္ခတိ-ဟူသော ယောဇနာကို ထောက်၍ ဒဿေန္တောပိဟု အပိသဒ္ဒါပါမှသင့်။ [အပဂဗ္ဘော သင့်။ ဂဏ္ဌိဟောင်း၌ အပ္ပဂဗ္ဘ-ဟု ရှိသည်။ ဋီကာနှင့်မညီ။]

နံပါတ် (၈)

**ဂဗ္ဘ ။** ။ ဌာနဝမ်းတိုက်၏အမည်ကို ဌာနီ ပဋိသန္ဓေအပေါ်၌တင် ဌာနူပစာ။ နာနတ္တရိကနည်း။

အတူဖြစ်သော ကုစ္ဆိဋ္ဌသတ္တဝါအမည်ကို အတူရှိသော ပဋိသန္ဓေ၌တင် သဒိသူပစာ။ [ဂဏ္ဌိ။]

**(တစ်နည်း)** အတူဖြစ်သော လူစသော ပဋိသန္ဓေ၏ ဂဗ္ဘအမည်ကို အတူရှိသော အမိဝမ်းမရှိသော နတ်ပဋိသန္ဓေ၌ တင် သဒိသူပစာ။[ဘာဋီ။] **[ဂဗ္ဘတောတိ ဒေဝလောကပဋိသန္ဓိတော။]** [သာရတ္ထ ၊ ၁။ ၃၄၈။]

http://www.dhammadownload.com



နံပါတ် (၁၀)

(ဂ)ဂဣ-အရ ။ ။ နှတ်ပြည်ပဋိသန္ဓေဟု ဆိုအပ်သော မဟာဝိပါက်ရှစ်ပါးတို့တွင် တစ်ပါးပါး။
(ခ) အဟိတ်ပဋိသန္ဓေ နှစ်ပါး။

**************

**ပါဠိမေးခွန်း (၆၇)**

(က) တတြ စ ယဿ ခေါ ဖြာဟ္မဏ အာယတိ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာတိ စေတော် ပဒါနံ ဝေမတ္တော ဒဋ္ဌဗ္ဗော။

(ခ) ဖြာဟ္မဏ ယဿ ပုဂ္ဂလဿ အနာဂတေ ဂဗ္ဘသေယျာ ပုနဗ္ဘဝေစ အဘိနိဗ္ဗတ္တိ အနုတ္တရေန မဂ္ဂေန ဝိဟတကာရဏတ္တာ ပဟီနာတိ။

(ဂ) ဂဗ္ဘသေယျဂ္ဂဟဏေန စေတ္ထ ဇလာဗုဇယောနိ ဂဟိတာ။

(ဃ) ပုနဗ္ဘဝါဘိနိဗ္ဗတ္တိဂ္ဂဟဏေန ဣတရာ တိဿောပိ။ [ ဝိ၊ ဋ္ဌ၊ ၁။ ၁၀၇။]

***************

နံပါတ် (၁)

(က) ဂဗ္ဘသေယျာ-ဇလာဗုဇ သတ္တဝါ အဖြစ်ဖြင့် အမိဝမ်း၌ ကိန်းခြင်းကို လည်းကောင်း။ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၊ အဏ္ဍဇ သံသေဒဇ ဩပပါတိက သတ္တဝါ အဖြစ်ဖြင့် ဘဝသစ်၌ အသစ်ဖြစ်ခြင်းကို လည်းကောင်း။

(ခ) ဂဗ္ဘသေယျာစ-အမိဝမ်း၌ ကိန်းခြင်းကိုလည်းကောင်း။ပုနဗ္ဘဝေ-ဘဝသစ်၌။အဘိနိဗ္ဗတ္တိစ-ဖြစ်ခြင်းကို လည်းကောင်း။မဂ္ဂေန-အရဟတ္တမဂ်ဖြင့်။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာ၊မြတ်စွာဘုရားသည် ပါဠိတော်၌ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟုဟောတော်မူ အပ်၏။ယင်းတရားများသည် စင်စစ် ပဟာတဗ္ဗ တရားများ မဖြစ်ကြသည် မဟုတ်ပါလော။ယင်းသို့ ဖြစ်လျက် အဘယ့်ကြောင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ ဟု-ပဋိသန္ဓေတရားတို့ကို ပယ်ခြင်းကို ဟောဆို အပ်ပါသနည်း။ စုဒ်ကြောင့် [ခ]မိန့်။

**ကား။** ။ ယင်း ပဋိသန္ဓေတရားများသည် စင်စစ် ပဟာတဗ္ဗ တရားများ မဟုတ်ကြလည်း၊ယင်းတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာ တဏှာပြဓာန်းသော ကိလေသာတို့ကို ဖလူပစာအားဖြင့် ပယ်အပ်သည်ကိုပြလို ရကား ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ-ဟု ဟောတော်မူအပ်၏ ဟူလို။

(ဂ+ဃ) သို့။ ။ ဆရာ၊မြတ်စွာဘုရားသည် ပါဠိတော်၌ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု ဟောတော်မူအပ် ၏။ဘဝသစ်၌ ပဋိသန္ဓေနေခြင်း အဖြစ်ဖြင့် တူကြသည်ဖြစ်သောကြောင့် ဂဗ္ဘသေယျပုဂ္ဂိုလ်ကိုသာ ဟောက လိုအပ်သော အနက်ပြီးရာသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ-ဟု နှစ်ပုဒ်ကို ဟောဆိုအပ်ပါသနည်း။ စုဒ်ကြောင့် [ဂ+ဃ]မိန့်။

နံပါတ် (၃)

(ခ) ဝိတ္ထာရ။(ဂ+ဃ) ဝါကျာရမ္ဘ။ထိုတွင် (ဃ) ပကာသန။

http://www.dhammadownload.com



နံပါတ် (၄)

**ဂဗ္ဘသေယျာ ။** ။ **ဂဗ္ဘေ သေယျာ ဂဗ္ဘသေယျာ။**

ဂဗ္ဘ-အရ အမိ ဝမ်းတိုက်သည် မုချ။ထို-၏ ကိန်းခြင်းနှင့် ဌာန+ဌာနီစပ် ဌာန။ပုဒ်လုံးအရ ထိုသော အမိဝမ်း၌ ကိန်းခြင်း ရ၏။

**ဝိပာတကာရဏာတ္တ ။။ ဝိပာတံ ကာရဏံ ဧတဿာတိ ဝိပာတကာရဏာ။ဝိပာတံ-ကာရဏံ ဝိပာတကာရဏံ။**

**ဝိပာတကာရဏာနံ ဘာဝေါဝိပာတကာရဏတ္တံ။**

ဝိပာတကာရဏ-တဒ္ဓိတ် အရ အဝိဇ္ဇာ တဏှာ ကံ ကိလေသာ ဟူသော ဖျက်ဆီးအပ်ပြီးသော အကြောင်းရှိသော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည် မုချ။ထို ၏ ဖျက်ဆီးအပ်ပြီးသည်၏ အဖြစ် ဟူသော အဘာဝဘောဂုဏ်နှင့် နိသျ+နိဿိတစပ် ဌာနူ။တ္တပစ္စည်းအရ ထို သော ဖျက်ဆီးအပ်ပြီးသည်၏ အဖြစ်ဟူသော အဘာဝဘော ဂုဏ် ရ၏။

**လောဗုဓာ ။** ။ **ဓရံ ဓိရဏံ ဘောဒံ ယာတိ ဥပေတီတိ လောဗု။လောဗုမှိ ဓာတာ လောဗုဓာ။**

**ယောနိ။** ။ **ယဝတိ သတ္တာ အနေန ဓေါဘာဝံ ဂစ္ဆတီတိ ယောနိ။**

နံပါတ် (၅)

**သေယျ** ။ သိ + ဏျ။ **နိဗ္ဗတ္တိ**။ နိ-ဝတု + တိ။ **ပဟီနာ**။ ပ+ဟာ + တ။

**လောဗု** ။ ဓရသဒ္ဒူ+ဌူ +[ယာ] ဏု။ **ယောနိ**။ ယု +နိ

နံပါတ် (၆)

(က) ပုဂ္ဂလဿ ဖြင့် ယဿဒ္ဒ ယ သဗ္ဗနာမ်သည် ပုဂ္ဂိုလ်ကို စွဲယူသုံးသပ်အပ်သည်ကို လည်းကောင်း၊ ဓေါ နိပါတ်၏ ပဒပူရဏတ္တ ဖြစ်သည်ကိုလည်းကောင်း သိစေ။အနာဂတေဖြင့် အာယတိ ၌ ဒုတိယာဝိဘတ်သည် သတ္တမီအနက်၌ သက်သည်ကို လည်းကောင်း၊အာယတိသဒ္ဒါ၏ အာဂါမိကာလ အနာဂတ်အနက်ဟော သည်ကို လည်းကောင်း သိစေ။(တစ်နည်း) အာယတိ ၌ နိဂ္ဂဟိတ်သည် ဗာရာဏသိ စသည်တို့၌ကဲ့သို့ သတ္တမီဝိဘတ်၏ ကာရိယ ဖြစ်သည်ကို သိစေ။

**ပုနဗ္ဘဝေစ အဘိနိဗ္ဗတ္တိ**-ဖြင့် ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ နှစ်ပုဒ်တို့၏ အနက်ကို သမုစ္စည်းနှင့်တကွ ယူအပ်သည်ကိုလည်းကောင်း၊ပုနဗ္ဘဝါဘိနိဗ္ဗတ္တိကို ပုနဗ္ဘဝေ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု သတ္တမီတပ္ပုရိသ် သမာသ် ဝဓနတ္တပြုအပ်သည်ကို သိစေ။

**အနုတ္တရေန မဂ္ဂေနဖြင့်** သမာဓိဘာဝနာဖြင့် ပယ်အပ်သည်မဟုတ်၊အနုတ္တရအရဟတ္တမဂ်ဖြင့် ပယ်အပ်သည်ကိုသိစေ။**ဝိပာတကာရဏတ္တာဖြင့်** အမိဝမ်း၌ ကိန်းခြင်း၊တစ်ဖန်ဘဝသစ်ဖြစ်ခြင်း ဟူသော ပဋိသန္ဓေကို ပယ်အပ်သည်မဟုတ်၊ယင်းပဋိသန္ဓေကို တစ်ဖန် ဖြစ်စေနိုင်သော ကိလေသာကို ပယ်အပ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ပုနဗ္ဘဝေစ/ပုနဗ္ဘဝေ...**

စ-သဒ္ဒေါ ဝါကျာရမ္ဘော၊စ-သဒ္ဒေါ ဂဗ္ဘသေယျာစ အဘိနိဗ္ဗတ္တိစာတိ ယောဇေတဗ္ဗော-ဟူသော ယောဇနာကို ထောက်၍ စ-သဒ္ဒါပါမှ သင့်။

http://www.dhammadownload.com



**ပုနဗ္ဘဝေ/ပုနဘဝေ…**

ပုနရ် ဟု သက္ကတ ၌ ရှိသောကြောင့် ပါဠိ၌ ပျောက်သွားသော ရ အစား နောက်ပုဒ်၌ ဒွေတော်လာရသည်။ထို့ကြောင့် ပုနဗ္ဘဝေ ပါဌ်သင့်။ [ဘာဋီ]

နံပါတ် (၉)

**ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ။** ။အကျိုးဖြစ်သော ပဋိသန္ဓေနေခြင်းကို ပယ်ခြင်း၏ အမည်ကို ပဋိသန္ဓေကို ဖြစ်စေတတ်သော အကြောင်း ကံ ကိလေသာကို ပယ်ခြင်း၌ တင် ဖလူပစာ။အဝိနာဘာဝနည်း။

**ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ။** ။ဖလာဗုဓယောနိမှ ကြွင်းသော'အဏ္ဍဇ သံသေဒဇ ဩပပါတိက ယောနိသုံးပါးကိုလည်း ရသောကြောင့်ပါရိသေသနည်း။

နံပါတ် (၁၀)

**အနုတ္တရေန မဂ္ဂေန အရ ။** ။ အရဟတ္တမဂ်ကောက်။

****************

**ပါဌ်ကျစဉ် (၄၈)**

(က) အပိစ ဂဗ္ဘဿ သေယျာ **ဂဗ္ဘသေယျာ**။

(ခ) ပုနဗ္ဘဝေါ ဝေ အဘိနိဗ္ဗတ္တိ **ပုနဗ္ဘဝါဘိနိဗ္ဗတ္တီတိ** ဝေမေတ္တ အတ္ထော ဒဋ္ဌဗ္ဗော။

(ဂ) ယထာစ ဝိညာဏဋ္ဌိတီတိ ဝုတ္တေပိ န ဝိညာဏတော အညာ ဌီတိ အတ္ထိ၊ ဧဝမိဓာပိ န ဂဗ္ဘတော အညာ သေယျာတိ ဝေဒိတဗ္ဗာ။

(ဃ) အဘိနိဗ္ဗတ္တိစ နာမ ယသ္မာ ပုနဗ္ဘဝဘူတာပိ အပုနဗ္ဘဝဘူတာပိ အတ္ထိ၊ဣဓ စ ပုနဗ္ဘဝဘူတာ အဓိပ္ပေတာ။

(င) တသ္မာ ဝုတ္တံ "ပုနဗ္ဘဝေါ ဝေ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ"တိ။[ဝိ၊ ဋ္ဌ၊ ၁။၁၀၇။]

****************

နံပါတ် (၁)

(က) ဂဗ္ဘသေယျာ-ကိုယ်ဝန်သူငယ်၏ ကိန်းခြင်းကို။

(ခ) ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေ ရုပ်နာမ်ခန္ဓာဟူသော ဖြစ်ခြင်းကို။

(ဂ) စ-ဆက်။[တစ်နည်း]စ-ထင်ရှားအောင်ပြဦးအံ့။ဣဓာပိ-ဤ ဂဗ္ဘသေယျာ ဟူသော ပါဌ်၌လည်း။ ဂဗ္ဘတော-ကိုယ်ဝန်သူငယ်မှ။အညာ-အခြားသော။သေယျာ-ကိန်းခြင်းသည်။

(ဃ) ပုနဗ္ဘဝဘူတာပိ-တစ်ဖန် ဘဝဖြစ်၍ဖြစ်သော အဘိနိဗ္ဗတ္တိသည် လည်းကောင်း။အပုနဗ္ဘဝဘူတာပိ-တစ်ဖန် ဘဝမဟုတ်သည် ဖြစ်၍ဖြစ်သော အဘိနိဗ္ဗတ္တိသည် လည်းကောင်း၊(ဝါ)ယခုဘဝမှာပင် တစ်ဖန် အသစ်မဖြစ်သော ရုပ်နာမ်တို့၏ အသစ်သစ်ဖြစ်ခြင်းကိုလည်းကောင်း။

နံပါတ် (၂)

**(က)သို့။ အပရာနုသန္ဓေ။** ။ ယခုအခါ၌ သတ္တဝါကို ဟောသော ဂဗ္ဘသဒ္ဒါ၏ အစွမ်းဖြင့် ဝိဂြိုဟ်အထူးကို ပြခြင်းငှာ အပိစ စသည်မိန့်။ဣဒါနိ **သတ္တပရိယာယဿ ဂဗ္ဘသဒ္ဒဿ ဝသေန ဝိဂ္ဂဟနာနတ္တံ ဒဿေန္တော အာဟ "အပိစာ" တိ အာဒိ။** [ သာရတ္ထ၊ ၁။ ၃၄၉။ ]

http://www.dhammadownload.com



**(ဂ) သို့။** ။ဆရာသည်(က)ဖြင့် ဂဗ္ဘသေယျာကို ဂဗ္ဘသ သေယျာ ဂဗ္ဘသေယျာ-ဟု အနက်မှတ်သားထိုက်သည်ကို ဖွင့်ပြတော်မူအပ်၏။ယင်းသို့ ဆိုသော် ဘုရားရှင်သည် ဂဗ္ဘ၏ ကိန်းရာကိုသာ ပယ်သည်၊ဂဗ္ဘကိုကား မပယ်-ဟူ၍ မှတ်သားအပ်ပါလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် (ဂ) မိန့်။

**ကား ။** ။ ဝိညာဏပုဒ်နှင့် ဌိတိပုဒ် မကွဲပြားသကဲ့သို့၊ဤ၌လည်း ဂဗ္ဘမှတစ်ပါး သေယျာပုဒ် သီးခြားမရှိနိုင်သောကြောင့် အဘေဒဘေဒူပစာအားဖြင့် ဂဗ္ဘကို ပယ်အပ်၏ ဟူလို။

**နနု စ "အာယတိံ ဂဗ္ဘသေယျာ ပဟီနာ" တိ ဝုတ္တတ္တာ ဂဗ္ဘသ သေယျာဝ ပဟီနာ၊န ပန ဂဗ္ဘော တိ အာပဇ္ဇတီတိ အာဟ "ယထာစာ" တိ အာဒိ။** [သာရတ္ထ၊ ၁။ ၃၄၉။]

**(ဃ)သို့။** ။ ဆရာသည် (ခ)ဖြင့် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိကို ပုနဗ္ဘဝေါဝ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-ဟု အနက်မှတ်သားထိုက်သည်ကို ဖွင့်ပြသော်မူအပ်၏။ယင်းနှစ်ပုဒ်တို့သည် တုလျာဓိကလျာဏဖြစ်၍ အဘိနိဗ္ဗတ္တိ ဟူ၍သာ ဟောသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ပုနဗ္ဘဝ-ဟူသော ဝိသေသနကို ထည့်စွက်၍ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟု ဟောဆိုအပ်ပါသနည်း စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

**(ခ) ပက္ခန္တရ။(ဂ) ဝိတ္ထာရ။ (ဃ)[ဂ] ဝါကျထောက်သော် ပက္ခန္တရ၊ [ခ]ဝါကျထောက်သော် ဝါကျာရမ္ဘ။ ဣစ စသည် အတ္ထုဒ္ဒေသ။(င)လဒ္ဓဂုဏ [တစ်နည်း] နိဂုမ်း။**

နံပါတ် (၄)

**ဝိညာဏဋ္ဌိတိ။** ။ **ဝိသေသေန ဇာနာတီတိ ဝိညာဏံ။ ဌိယတေ ဌိတိ။**

**ဝိညာဏဿ ဌိတိ ဝိညာဏဋ္ဌိတိ။(တစ်နည်း) ဝိညာဏမေဝ ဌိတိ ဝိညာဏဋ္ဌိတိ။**

ဝိညာဏ-ဝိသေသန အရ စိတ် ဝိညာဉ်သည် မှုချ။ထို၏ တည်ခြင်းကြိယာနှင့် အဘေဒ/ဘေဒူပစာအားဖြင့် စပ်ခြင်းသမ္ဗန်။[**တစ်နည်း**]ဌာန/ဌာနီစပ် ဌာနူ။ပုဒ်လုံးအရ ထို-သော ဝိညာဉ်၏ တည်ခြင်း ရ၏။

**အပုနဗ္ဘဝဘူတာ။** ။ **ပုနော ဘဝေါ ပုနဗ္ဘဝေါ။န ပုနဗ္ဘဝေါ အပုနဗ္ဘဝေါ။**

**အပုနဗ္ဘဝေါ ဟုတွာ ဘူတာ အပုနဗ္ဘဝဘူတာ။**

အပုနဗ္ဘဝ ဝိသေသန အရ ဓာစ်ဖန် ဘဝမဟုတ်ခြင်းဟူသောအဘာဝဘောဂဏ်[**တစ်နည်း**] အဝဓာရဏ ဘောဂဏ်သည် မှုချ။ထို၏ ဖြစ်၍ ဖြစ်ဆဲသော ယခုဘဝ ရုပ်နာမ်တရားတို့နှင့် ဂုဏ်/ဂုဏီစပ်ဌာနူ။ ပုဒ်လုံးအရ ထို-သော တစ်ဖန်ဘဝမဟုတ်သည် ဖြစ်၍ ဖြစ်သော ယခုဘဝဖြစ်ဆဲသော ရုပ်နာမ်တို့ရ၏။

နံပါတ် (၅)

ပုန ။နိပါတ်ပုဒ်။ **ဝိညာဏ**။ ဝိ+ဉာ+ယု။ **အဘိနိဗ္ဗတ္တိ**။ အဘိ+နိ+ဝတု+တိ။

နံပါတ် (၆)

**(ခ) ပုနဗ္ဘဝေါ စေဝ အဘိနိဗ္ဗတ္တိဖြင့်** ပုနဗ္ဘဝါဘိနိဗ္ဗတ္တိကို ပုနဗ္ဘဝဿ အဘိနိဗ္ဗတ္တိ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထမပြုအပ်၊အဝဓာရဏကမ္မဓာရည်းသမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။

**ဝေမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗောဖြင့်** ဂဗ္ဘသေယျာ၌ ဆဋ္ဌီတပ္ပုရိသ်သမာသ်၊ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၌ အဝဓာရဏကမ္မဓာရည်းသမာသ် အနက်တို့ကို နည်းတစ်ပါးအားဖြင့် သိထိုက်၏ဟူသော အဓိပ္ပာယ်ကို သိ။

http://www.dhammadownload.com



နံပါတ် (၇)

**ဝေမေတ္တ/ဝေမ္မေတ္တ...**

အပိစ ဟူသော နယန္တရဓောတကနိပါတ်ပုဒ် ပါပြီးဖြစ်၍၊ဤ၌ သီးခြားဆည်းဖွယ်ရာ အနက်ကြွင်း အကျန် မရှိသောကြောင့် ဝေမေတ္တ ဟူသော ပါဠ်သာ သင့်။[အပိ-နယန္တရဖြင့် အထက်ပါ အနက်တို့ကိုပေါင်း ဆည်းသည်။]ဝေမ္မေတ္တ ရှိကလည်း အမှားဟူ၍ မဆိုသာ။

နံပါတ် (၈)

(က)ဂဗ္ဘ။ ။ အပေါင်းဖြစ်သော တိုက်ခန်း ကုဋ္ဌိဝမ်းတိုက်.ကုဋ္ဌိဌသတ္တ ကိုယ်ဝန်သူငယ်တို့၏ ဂဗ္ဘအမည် ကို အစိတ်ဖြစ်သော ကိုယ်ဝန်သူငယ်၌တင် ဓကဒေသူ။

ဌာနဖြစ်သော မိခင်ဝမ်းတိုက်၏ ဂဗ္ဘအမည်ကို၊ဌာနီဖြစ်သော ကိုယ်ဝန်သူငယ်၌တင် ဌာနူပစာ၊ နာနန္တရိကနည်း။(ဂဗ္ဘ-တိုက်ခန်းဟောက သဒ္ဒိသူပစာ ရနိုင်။)

**ဂဗ္ဘသေယျာ**။ ကိုယ်ဝန်သူငယ်နှင့် ကိန်းခြင်းကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ဝိညာဏဋ္ဌိတိ** ။ ။ ဝိညာဉ်မှတစ်ပါး တည်ရာမရှိသောကြောင့် အဘေဒဘေဒူပစာ။

နံပါတ် (၁၀)

အပုနဗ္ဘဝဘူတ အရ ခဏတိုင်း ခဏတိုင်း ဖြစ်နေသော ရုပ်နာမ်တရားတို့ကို ကောက်။

***************

**ဓါကျေးဇဉ် (၄၉)**

( က ) တတ္ထ **သေယျာထာတိ** ဩပမ္မတ္ထေ နိပါတော။
( ခ ) **ဝိတိ** သမ္ဘာဝနတ္ထေ။
( ဂ ) ဥဘယေနာပိ ယထာ နာမ ဗြာဟ္မဏာတိ ဒဿေတိ။
(ဃ ) **ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါတိ** ဧတ္ထ ပန ကိဥ္စာပိ ကုက္ကုဋိယာ ဝုတ္တပ္ပကာရတော ဦးနာဓိကာနိပိ အဏ္ဍာနိ ဟောန္တိ။
(င ) အထခေါ ဝစနသိလိဋ္ဌတာယ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။
(စ ) ဧဝဉှိ လောကေ သိလိဋ္ဌဝစနံ ဟောတိ။
(ဆ ) **တာနဿုတိ** တာနိ အဿု၊ ဘဝေယျုန္တိ ဝုတ္တံ ဟောတိ။[ဝိ၊ ဋ္ဌ၊ ၁။ ၁၀၈။]

**************

နံပါတ် (၁)

(ဂ)ရှ သေယျထာပိ-ဤသို့ရုံခါ ဖြစ်တတ်ရာသော ဥပမာ မည်သည်။
(ခ) သမ္ဘာဝနတ္ထေ-ကြံစည်စိတ်ကူးခြင်းကြောင့် ထင်းစွာဖြစ်စေခြင်း အနက်၌။

နိယ်များ ။ ။ ကိဥ္စာပိငံ၊ ပါဠ်တိုင်ရုံကား၊တင်တုံဓောဒက၊ အာဘော်ပြ။ကိဥ္စာပိမှာ နနူလာ၊ ထုတ်ပါ အာဘောဂ။ အာဘော်နောက်သာ၊ စောဒနာ၊ ဏာသွာသာပြ။
• အာဘော်ရှေ့သာ၊ စောဒနာန္စ၊ အထကာသွာ၊ ပ္ပာတ်စွက်ခါ၊ မေးရာ ဖြေပါဠ်မှာ။

http://www.dhammadownload.com



**(ဃ-င) တို့ကို စတုက္ကနည်း အနက်ပေး-**

နနု ကုက္ကုဋ္ဋိယာ ဝုတ္တပ္ပကာရတော ဦနာဓိကာနိပိ အဏ္ဍာနိ ဟောန္တိ။

အထ ကသ္မာ ကုက္ကုဋ္ဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါတိ ဝုတ္တံ။

ကိဉ္စာပိ ကုက္ကုဋ္ဋိယာ ဝုတ္တပ္ပကာရတော ဦနာဓိကာနိပိ အဏ္ဍာနိ ဟောန္တိ။

အထခေါ ဝစနသိလိဋ္ဌတာယ ဧဝံ ဝုတ္တံ ဉာတဗ္ဗံ။

နံပါတ် (၂)

**(ဂ)သို့။** ။ ဆရာသည် (က-ခ) တို့ဖြင့် သေယျထာ နိပါတ်သည် ဩပမ္မအနက်၊ပိသည် သမ္ဘာဝနာအနက်၌ ဖြစ်သည်ကို ဖွင့်ပြအပ်၏။အနက်အသီးအခြားကိုဟောသော သဒ္ဒါဖြစ်ရကား အသီးသီးပင် အနက်ဖြစ်ရာ၏ဟု မှတ်သားအပ်ပါသလော။ [ဂဏ္ဌိ] အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား။** ။ ဥပမာ အနက်၌ဖြစ်သော သေယျထာ တစ်ခုတည်းသာ ယင်းဥပမာအနက်ကို ထွန်းပြသောကြောင့် အသီးသီးအနက်ကို မမှတ်သားအပ်။နှစ်ပုဒ်လုံးဖြင့်လည်း ဥပမာအနက် တစ်နက်ကိုသာ ပြ၏ဟူလို။

**နိယ်။** ။ **အပေါင်းနောက်မှာ၊ ပိသဒ္ဒါ၊ ဆည်းရာ အစိတ်ပေ။**

**(တစ်နည်း)** သေယျထာသဒ္ဒါ တစ်ခုတည်းဖြင့်သာလျှင် ယထာနာမ-ဟူသော ဥပမာအနက်ကိုသာ ပြအပ်ပါသလော။[ပိ-ရှု။]

**(ဃ-င) သို့။** ။ ဆရာ၊မြတ်စွာဘုရားသည်၊ပါဠိတော်၌ ကုက္ကုဋ္ဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ-ဟူ၍ မိန့်ဆိုတော်မူအပ်၏။ကြက်မ၌ ဆိုအပ်ခဲ့ပြီးသော ရှစ်လုံး ဆယ်လုံး တစ်ဆယ့်နှစ်လုံးထက် အပိုအလို သော ကြက်ဥတို့သည်လည်း ရှိနိုင်ကောင်းရာသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်အကျိုးငှာ- ကုက္ကုဋ္ဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ ဟူ၍ မိန့်ဆိုအပ်ပါသနည်း။စုဒ်ကြောင့် [ဃ-င]မိန့်။

**(င)သို့။** ။ ဆရာသည် (ဃ)ဖြင့် ကြက်မတွင် ပါဠိတော်၌ ဆိုအပ်သော ရှစ်လုံး ဆယ်လုံး တစ်ဆယ့်နှစ်လုံး ထက် အပိုအလိုဖြစ်သော ကြက်ဥတို့သည်လည်း ရှိနိုင်ကောင်း၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဆိုသော် ပါဠိတော်၌ ကုက္ကုဋ္ဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ ဝုတ္တပ္ပကာရတော ဦနာဓိကာနိဝါ-ဟူ၍ ဟောဆိုသင့်သည် မဟုတ်ပါလော။ထိုသို့ ဖြစ်လျက် အဘယ်ကြောင့် (ဝါ) အဘယ်အကျိုးငှာ ကုက္ကုဋ္ဋိယာ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ-ဟူ၍သာ မိန့်ဆိုတော်မူအပ်ပါသနည်း။ စုဒ်ကြောင့် [င]မိန့်။

**(စ)သို့။** ။ဆရာသည်(င)ဖြင့် ဝစနသိလိဋ္ဌအကျိုးငှာ ဤသို့ ရှစ်လုံး ဆယ်လုံး တစ်ဆယ့်နှစ်လုံး-ဟူ၍ ဆိုအပ်သည်ကို သိထိုက်၏ဟု ဖွင့်ဆိုအပ်၏။အဋ္ဌ အစရှိသော တစ်ခုသော အရေအတွက် သချာကိုပင်ဟော ၍ ဝစနသိလိဋ္ဌ ဖြစ်လေသော်လည်း ထိုသို့ ဆိုကောင်းအံ့လော။(ဂဏ္ဌိ)**(တစ်နည်း)** ထိုသို့ဆိုသော် သချာသုံးပုဒ် ကို မဆိုမူ၍ အဋ္ဌစသော တစ်ပုဒ်စီဖြင့်ပင် ဆိုသင့်ဆိုကောင်းသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ-ဟူ၍ ဝစနသိလိဋ္ဌအကျိုးငှာ သချာသုံးပုဒ်ကို ဆိုသော ဆရာ့စကား အသို့ပင် သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် [စ]မိန့်။

**ကား** ။ ။ သချာတစ်ခုတည်းကိုသာမဆိုမူ၍ ဒွေဝါ တယောဝါ ဥဒကဖုသိတာနိကဲ့သို့ တစ်ပါးသောသချာ နှင့်တကွ ဆိုခြင်းသည် လောက၌ ပြေပြစ်သော စကားဟု ဆိုခြင်းကြောင့် သချာသုံးပုဒ်ကို ဆိုအပ်၏ဟူလို။

http://www.dhammadownload.com



နံပါတ် (၃)

(ခ) ပက္ခန္တရ။ (ဂ)ဝါကျာရမ္ဘ။ (ဃ+င) ပက္ခန္တရ ထိုတွင် (ဃ) စောဒကာဘော။

(င) ပရိဟာရ။ (စ) ဒဠှီ။ (ဆ) ပက္ခန္တရ

နံပါတ် (၄)

**သြပမ္မတ္ထ။** ။ ဥပမီယတေတိ ဥပမာ ။ ဥပမာယေဝ သြပမ္မံ။ သြပမ္မယေဝ အတ္ထော သြပမ္မတ္ထော။

သြပမ္မ ဝိသေသနအရ နှိုင်းယှဉ်ကြောင်း ဥပမာ၏အဖြစ် ဟူသော အဝဓာရဏ ဘောဂုဏ်သည် မုချ။ထို၏ အနက်နှင့် ဂုဏ်/ဂုဏေး စပ် ဌာနူပစာ။ပုဒ်လုံးအရ ထိုသော ဥပမာအနက်ရ၏

**ကုဏ္ဍလျှို။** ။ ကုံ ပထဝိ ကုဋ္ဋတိ ဆိန္ဒတီတိ ကုဏ္ဍလျှို။ [ကု သဒ္ဒူပပဒ ကုဋ္ဋ + ဏ]

**ကုကတိ ဂေါစရံ အာဒဒါတိတိ ကုဏ္ဍလျှို။**

ကု ဝိသေသန အရ မြေကြီးသည် မုချ။ထို၏ ဖြတ်ခြင်းကြိယာနှင့်(ဝါ) ဖြတ်တတ်သော ကြက်မနှင့် ကမ္မ/ကမ္မီ၊ဌာန/ဌာနီစပ် ဌာနူ။ကုဋ္ဋ ဓာတ်အရ ဖြတ်တတ်သော ကြက်မ၏ ကာယဝိညတ္တိ သမုဋ္ဌာပက ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။သမာသ်ပုဒ် အရနှင့် ဏပစ္စည်း အရ ထို သော ကြက်မ ရ၏။

**ဝစနသိလိဋ္ဌတာ။** ။ **သိလိဋ္ဌဿ ဘာဝေါ သိလိဋ္ဌတာ။ ဝစနဿ သိလိဋ္ဌတာ ဝစနသိလိဋ္ဌတာ။**

နံပါတ် (၅)

**အတ္ထာ။** အမ + ဥ။ **ဥဳန။** ဥဳဟ + နက်။ **အမိက။** အမိ-ဣ + က။

နံပါတ် (၆)

(ဆ) **တာ်နိ အဿုဖြင့်** တာနဿုကို တာနိ+အဿု ဟု ပဒစ္ဆေဒပြုအပ်သည်ကို သိစေပါသည်။

**ဘဝေယျုံဖြင့်** အဿုသည် နာမ် နိပါတ် အာချာတ် သုံးမျိုးတို့တွင် ဤ၌ အာချာတ်ပုဒ်ဖြစ်သည်ကို လည်းကောင်း၊အသဓာတ် ယျေုံဝိဘတ်ဖြင့် ပြီးသည်ကို လည်းကောင်း၊အသဓာတ်၏ ဘုဝိအနက်၌ ဖြစ်သည် ကို လည်းကောင်း သိစေ။

နံပါတ် (၇)

(ခ) **ပီတိ/အပီတိ...**

အပီတိ အဝတ္တာ ပီတိ ဝဒန္တော ပိသဒ္ဒေါပိ ဝိသုံ အတ္ထိ၊နိပါတောတိ ဒသေတိ ဟူသော ဋီကာကို ထောက်၍ ဤ၌ အပိ ဥပသာရကို အလိုမရှိအပ်၊သီးခြားသော ပိနိပါတ်ကိုသာ အလိုရှိအပ်သောကြောင့် ပီတိပါဌ်သာ သင့်။

**ဥဿိုကတာနိ/ဥဿိုကတာနိ...**

နှစ်ပါဌ်မှန်။ဓွေရီဘူတာနိ ရှု။

နံပါတ် (၈)

**အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ ။** ။ ရှစ်လုံး ဆယ်လုံး တစ်ဆယ့်နှစ်လုံးကို မှတ်၍ဆိုသဖြင့် ယင်းတို့ထက် အပိုအလိုဖြစ်သော တစ်ဆယ့်လေး တစ်ဆယ့်ငါးစသော သချို၊ခုနစ်၊ခြောက်စသော သချိုတို့ကိုလည်း ရအပ်သောကြောင့် ဥပလက္ခဏနည်း [မိဂပဒဝလဉ္ဇန နည်းလည်း ကြံနိုင်]

**သမ္ဘာဝနတ္ထေ ။** ။ အပေါင်းဖြစ်သော ချီးမွမ်းခြင်း သမ္ဘာဝနာ အနက် ကြံစည် စိတ်ကူးခြင်း သမ္ဘာဝနာ

http://www.dhammadownload.com



အနက်တို့၏ အမည်ကို အစိတ်ဖြစ်သော ကြံစည် စိတ်ကူးခြင်း သမ္ဘာဝနာ အနက်၌ တင် ဧဝေဒေသျုပစာ။

နံပါတ် (၁၀)

ကုဏ္ဍုဋ္ဋိယာ ။ ။ အရ ကြက်မ၏ခန္ဓာပဥ္စကကောက်။ ဒေသနာဟာရနေတ္တိနည်း။

***************

**ဝါကျစဉ် (၅၀)**

(က ) ဘော ဂေါတမ သော "ဇေဋ္ဌော" ဣတိ အဿ ဝစနီယော။

(ခ ) ကသ္မာတိ စေ။

(ဂ ) သော ဟိ နေသံ ဇေဋ္ဌော၊ တသ္မာ သော နေသံ ဝုမုတရောတိ အတ္ထော။

(ဃ ) အထဿ ဘဂဝါ ဩပမ္မံ သမ္ပဋိပါဒေန္တော အာဟ **"ဝေမေဝ ခေါ အဟံ ဗြာဟ္မဏာ"**တိ အာဒိ။

(င ) ယထာ သော ကုက္ကုဋစ္ဆာပကော ဇေဋ္ဌောတိ သင်္ချံ ဂစ္ဆတိ၊ဝေမဟမ္ပိ အဝိဇ္ဇာဂတာယ ပဇာယ။

(စ ) အဝိဇ္ဇာဂတာယာတိ အဝိဇ္ဇာ ဝုစ္စတိ အညာဏံ၊တတ္ထ ဂတာယ။ [ပါ၊ဋ္ဌ၊၁၊၁၀၉။]

***************

နံပါတ် (၁)

(က) သော-ထို ရှေးဦးစွာ ထွက်သောကြက်သည်။(ဝါ)ကို။ အဿ-ဖြစ်ရာ၏။

(ခ) ကသ္မာ-ကြောင့်။ဣတိစေ-ဤသို့ မေးအံ့။

(ဂ) ဟိ-ယသ္မာ။နေသံ-ထို ကြက်ငယ်တို့တွင်။သော-ထို ရှေးဦးစွာ ထွက်လာသော ကြက်သည်။ဇေဋ္ဌော-အကြီးဆုံးတည်း။

(ဃ) အထ-ထိုမှ နောက်၌။အဿ-ထိုပုဏ္ဏားအား။ဩပမ္မံ-ဥပမာကို သမ္ပဋိပါဒေန္တော-နှီးနှောတော်မူလိုသည်ဖြစ်၍။(သာရတ္ထ)ပြီးစေတော်မူလိုသည် ဖြစ်၍။ [အာစရိယ]

(င) သော ကုက္ကုဋစ္ဆာပကော-ထိုကြက်ငယ်သည်။ပဇာယ-၌။[ကောဝ၊အဘိသမ္ဗုဒ္ဓေါ]၌ ·စပ်။ [ဘာ+ဋ္ဌိ] [တစ်နည်း] ဇေဋ္ဌောတိ၊ သင်္ချံ၊ ဂစ္ဆတိ။

နံပါတ် (၂)

(ခ-ဂ) သို့။ ။ ဆရာ၊ပါဠိတော်၌ ဇေဋ္ဌောတိဿ ဘော ဂေါတမ ဝစနီယော၊သော ဟိ နေသံ ဇေဋ္ဌော ဟောတိ-ဟူ၍ ဇေဋ္ဌနှစ်ပုဒ်ကို ဆိုအပ်၏။ဇေဋ္ဌောတိဿ ဝစနီယော-ဟု ဆိုလျှင်ပင် ဇေဋ္ဌအဖြစ် ပြီးကောင်းသည် မဟုတ်လော။ထိုသို့ဖြစ်လျက် သော ဟိ နေသံ ဇေဋ္ဌော ဟောတိ-ဟု ဆိုပြန်ခြင်းသည် ဇေဋ္ဌ နှစ်ထပ်ဖြစ်၍ ပုနရုတ္တိဒေါသ ရောက်ရာ၏။အဘယ့်ကြောင့် တစ်ဖန်ပြန်၍ ဆိုအပ်ပါသနည်း။စုဒ်ကြောင့် [ခ-ဂ] မိန့်။

(ဃ)သို့။ ။ ဆရာ၊ပါဠိတော်၌ ဝေမေဝ ခေါ အဟံ ဗြာဟ္မဏာ-စသော စကားရပ်ကို မိန့်ဆိုအပ်၏။ယော နုခေါ၊ပ။သော ဟိ နေသံ ဇေဋ္ဌော ဟောတီတိ-ပါဠိရပ်တို့ဖြင့် ပုဏ္ဏားအားမေး၍ ပုဏ္ဏားဝန်ခံပြီး မဟုတ်လော။ (တစ်နည်း) ပုဏ္ဏားဝန်ခံသည်အားလျော်စွာ သွာဟံ ဗြာဟ္မဏ စသည်ကိုသာ မိန့်တော်မူသင့်သည် မဟုတ်ပါလော။အဘယ်ကြောင့် ဝေမေဝ ခေါ-စသည်ကို မိန့်တော်မူပြန်သနည်း။စုဒ်ကြောင့် [ဃ] မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

(က) ဝိဇ္ဇာရ။ (ခ) ကာရဏ(အတ္တနေ့ရမ္မာသ)။ (ဂ) ကာရဏ/ဒဋ္ဌိ။ (ဃ) ပက္ခန္တရ။

(င) တပ္ပါကဋ္ဌိကရဏ။(ယောဇနာ)တစ်နည်း-ဝိဇ္ဇာရ။ သမ္ပဒိုပါဒနာကာရအငုတ်ကို ဖော်ထုတ်သောကြောင့်။ (စ) ပက္ခန္တရ။

နံပါတ် (၄)

သမ္ပဒိုပါဒေန္တ။ ။ သမ္ပဒိုပါဒေတီတိ သမ္ပဒိုပါဒေန္တော။

သံ-ပဒိ-ပုဗ္ဗ ပဒ ဓာတ် သုဒ္ဓကတ္တုဋ္ဌကား ပြီးတတ် ဆက်စပ်ရောနှောသော ဥပမာသည် [တစ်နည်း] ဝေမေဝ ခေါ် ဟူသော ဒေသနာတော်သည် မုချ။ဟေတုကတ္တုဋ္ဌကား ပြီးစေတတ်သော မြတ်စွာဘုရား၏ ဒေသနာတော်ဉာဏ်သည် ဖလူပစာ။ဆော ပစ္စည်းအရ ရှုပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။အန္တ ပစ္စည်းအရ ထို-သော မြတ်စွာဘုရား ရ၏။

ကုဏ္ဍုလ္လောပက ။ ။ ဆုပက္ကိ သမ္ပုသန္တိ တံ တံ ဝတ္ထုံ ကိဋ္ဌာဝသေနာတိ ဆာပကာ။[ဆုပ+ဏ္ဍု]

ကုဏ္ဍုလ္လော စ သော ဆာပကော စာတိ ကုဏ္ဍုလ္လောပကော။

ဆာပက-ဝိသေသနအရ ငယ်သောဂုဏ်သည် မုချ။ထို၏ ကြက်နှင့်ဂုဏ်/ဂုဏေး စပ် ဌာနူပစာ။ သမာသ်ပုဒ်လုံးအရ ထို-သော ကြက်ငယ်ရ၏။

နံပါတ် (၅)

ကုဏ္ဍုလ္လ။ ကု သဒ္ဒူပပဒ ကုဋ္ဌ +အ။ တစ်နည်း-ကုက + ကဋ္ဌာ။

သချိ ။ သံ ပုဗ္ဗ ချာ+အ။

နံပါတ် (၆)

(က) ဓေဗ္ဗော ဣတိ အသဿ ဖြင့် ဓေဗ္ဗောတိဿ ကို ဓေဗ္ဗော+တု+အသဿဟူ၍ ပဒစ္ဆေဒမပြုအပ်၊ဓေဗ္ဗော +ဣတိ+အသဿ-ဟု ပဒစ္ဆေဒ ပြုရအပ်ကို သိစေပါသည်။

(ခ) တသ္မာ ဖြင့် ဟိနိပါတ်၏ ကာရဏတ္ထဇောတကဖြစ်သည်ကို သိစေပါသည်။ဝုမှတရောဖြင့် ဓေဗ္ဗော၌ ဝုမှပုဒ် ဏှဋ္ဌပစ္စည်းဖြစ်သည်ကိုလည်းကောင်း၊ဝုမှ သဒ္ဒါကို ဓေပြု၍ ပြီးသည်ကို လည်းကောင်း သိစေပါသည်။

(စ) အဝိဇ္ဇာ ဝုစ္စတိ အညာဏံ ဖြင့် အဝိဇ္ဇာအရ မောဟကိုအရကောက်ယူ အပ်သည်ကို လည်းကောင်း။ ဝိဇ္ဇာသဒ္ဒါသည် သိပ္ပ မန္တ စသည်၌ မဖြစ်၊ဉာဏအနက်၌ ဖြစ်သည်ကို လည်းကောင်း၊န သဒ္ဒါသည် ဝိရဟ အဘာဝ၌မဖြစ်၊တဗ္ဗိရုဒ္ဓ [ဝါ]ဝိရုဒ္ဓအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊အဝိဇ္ဇာပုဒ်ကို နတ္ထိ ဝိဇ္ဇာ ဧတိဿာတိ အဝိဇ္ဇာ-ဟု ဝစနတ္ထ မပြုအပ်။န ဝိဇ္ဇာ အဝိဇ္ဇာ-ဟု ကမ္မဓာရယ မိဿကတပ္ပုရိသ် ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း သိစေပါသည်။

တတ္ထ ဂတာယ ဖြင့် အဝိဇ္ဇာနှင့်ဂတကို အဝိဇ္ဇာယ ဂတာ အဝိဇ္ဇာဂတာ-ဟု သတ္တမီတပ္ပုရိသ် ပြုအပ်သည်ကို သိစေပါသည်။

နံပါတ် (၇)

သော ဟိ နေသံ ဓေဗ္ဗော၊တသ္မာ/သော ဟိ နေသံ ဓေဗ္ဗောတိ ယသ္မာ…

သော ဟိ နေသံ ဓေဗ္ဗောတိ၊ယသ္မာ-ဟု အံ၊ဋ္ဌ၊၃။၂၀၃။၌ ဆိုသောကြောင့် လည်းကောင်း၊သော

http://www.dhammadownload.com



ဟိ နေသံ ဓေဋ္ဌော ဟောတီတိ-ဟု ပါဠိတော်၌ ဣတိသဒ္ဒါ တိုက်ရိုက်ပါသောကြောင့် လည်းကောင်း၊ထို ဣတိကြောင့်ပင် ကသ္မာ တိ စေ-ဟု ပုစ္ဆာဝါကျ ထုတ်နိုင်သောကြောင့် လည်းကောင်း၊ဓေဋ္ဌောတိ၊ယသ္မာ ရှိသော ပါဠ်သာ သင့်။

သော နေသံ ဝုပုတရောသည် သော နေသံ ဓေဋ္ဌော၏ အဖွင့်ဖြစ်ကြောင်း သာ၍ထင်ရှားအောင် ဣတိ အဋ္ဌော ဟု ထည့်ထားသောကြောင့် သော ဟိ ၌ ဟိအတွက် ယသ္မာဟုသာ ဖွင့်သင့်ရကား ဤ အဋ္ဌကထာ၌ တသ္မာသည် ပါဠ်ပျက်။ ယသ္မာပါဠ်သာ အမှန်တည်း။ [ဘာ+ဋီ]

နံပါတ် (၈)

**(ဂ)ဝုမှတရော** ။ ။ ထင်သောတရပစ္စည်းဖြင့် မထင်သောဣဋ္ဌပစ္စည်းကို သိစေတတ်သောကြောင့် ဇေါကဏှာ နည်း။

**ပဏာယ** ။။ အပေါင်းဖြစ်သော အတြဓ [မိမိသား] အနက်၊ သတ္တဝါအနက် တို့၏ အမည်ကို အစိတ်ဖြစ်သော သတ္တဝါ-အနက်၌တင် ကေဒသျူပစာ၊ ရုဠှီ။

**အဝိဇ္ဇာ ဂတာယ** ။ ။ အစိတ်ဖြစ်သော အဝိဇ္ဇာ၌ဖြစ်သော သတ္တာကို ဆိုသဖြင့် အပေါင်းဖြစ်သော အဝိဇ္ဇာ၌ ဖြစ်/မဖြစ် သတ္တာတို့ကိုလည်း ရသောကြောင့် ကေဒသျူပစာ၊ ဥပလက္ခဏာနည်း။

**မှတ်ချက်**။ ။ မြတ်စွာဘုရားသည် အဝိဇ္ဇာ၌ဖြစ်သော ပုထုဇဉ်သတ္တဝါ၊အဝိဇ္ဇာ၌ မဖြစ်သော အရိယသတ္တဝါ တို့ထက် ကြီးမြတ်သောကြောင့် ဤသို့ ဥပစာ ကြံလိုက်သည်။

နံပါတ် (၁၀)

**အဝိဇ္ဇာ** အဓရ မောဟကောက် လက္ခဏာဟာရ နေတ္တိ။

အညာဏ အဓရ မောဟကို ယူသဖြင့် စိတ်၏ကန်းသည်၏ အဖြစ်ကိုပြုခြင်း လက္ခဏာ(ဝါ)အညာဏ လက္ခဏာအားဖြင့်လည်းကောင်း၊သစ္စာလေးပါးကို ထိုးထွင်း၍မသိခြင်း ကိစ္စအားဖြင့် လည်းကောင်း၊အကုသိုလ် ဇာတ်အားဖြင့်လည်းကောင်း တူသော သုတ်၌မဟောအပ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

**************

**ဝါကျစဉ် (၅၁)**

(က) **ပဏာယာတိ** သတ္တာဓိဝစနမေတံ။

(ခ) တသ္မာ ဧတ္ထ အဝိဇ္ဇာဂတာနံ သတ္တာနံ အဋ္ဌော ပဓိဋ္ဌေသု သတ္တေသူတိ ဝေမတ္တော ဒဋ္ဌဗ္ဗော။

(ဂ) **အဏ္ဍဘူတာယာတိ** အဏ္ဍေ ဘူတာယ ဇာတာယ သဉ္ဇာတာယ။

(ဃ) ယထာ ဟိ အဏ္ဍေ နိဗ္ဗတ္တာ ကေစိ အဏ္ဍဘူတာတိ ဝုစ္စန္တိ၊ဝေမယံ သဗ္ဗာပိ ပဇာ အဝိဇ္ဇဏ္ဍကောသေ နိဗ္ဗတ္တတ္တာ အဏ္ဍဘူတာတိ ဝုစ္စတိ။

(င) **ပရိယောနဒ္ဓါယာတိ** တေန အဝိဇ္ဇဏ္ဍကောသေန သမန္တတော ဩနဒ္ဓါယ ဗဒ္ဓါယ ဝေဋ္ဌိတာယ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၀၉။]

နံပါတ် (၁)

(က) ပဏာယာတိ ဝော်၊ပဏာယဟူသော ဤသဒ္ဒါသည်။သတ္တာဓိဝစနံ၊သတ္တဝါကို ဟောသောသဒ္ဒါတည်း။

(ခ) ဧတ္ထ၊ဤအဝိဇ္ဇာဂတာယ ဟူသောပါဠ်၌။အဝိဇ္ဇဏ္ဍကောသသာ၊အဝိဇ္ဇာတည်းဟူသော ဥခွံ၏။အဋ္ဌော၊

http://www.dhammadownload.com



အတွင်း၌။
(ဃ) ဟိ၊ ထင်ရှားအောင် ပြဦးအံ့။သတ္တာ၊အတ္တာဇ သတ္တဝါတို့ကို။
(င) သြနုဒ္ဓါယ၊မြေးယှက်အပ်သော။ဗဒ္ဓါယ၊ဖွဲ့အပ်သော။ဝေဋ္ဌိတာယ၊ရစ်ပတ်အပ်သော။[ပဇာယ၊သတ္တဝါ အပေါင်းတွင်]

## နံပါတ် (၂)

**(ခ)သို့ အနုသန္ဓေ။** ။ ဤသို့ (က)ဖြင့် ပဇာ သဒ္ဒါသည် သတ္တဝါအနက် ဟောသည်ကို ပြတော်မူပြီး၍၊ယခု အခါ၌ အဝိဇ္ဇာဂတာယ၌ အဝိဇ္ဇာကို သတ္တဝါတို့ ဖြစ်ခြင်းကြိယာ၏ ဝိသယအဖြစ်ဖြင့် ပဇာယ၌ ပဇာကိုအဟံ ကောဝ-၌ နိဒ္ဓါရဏစပ်၍ အပေါင်းအများ အဖြစ်ဖြင့် ယူသင့်သည်ကို ပြလိုသော ဆရာသည်[ခ]မိန့်[ဂဏ္ဌိသစ်] **(ဃ)သို့။** ။ ဆရာသည် (ဂ)ဖြင့် အဇ္ဈော ဘူတာ အတ္တာဘူတာ-ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုအပ် သည်ကို ပြဆိုတော်မူ၏။ယင်းသို့ ဖြစ်လျှင် အတ္တာဘူတာယဖြင့် ပဇာယ၌ အတ္တာဇယောနိ သတ္တဝါကိုသာယူ သင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျှက် ခပ်သိမ်းသော အဏ္ဍဇ ဇလာဗုဇ သံသေဒဇ ဩပပါတိကသတ္တဝါ အပေါင်းကိုလည်း ယူအပ်သည်၏ အဖြစ်ကို အဘယ်ကြောင့် အဘယ်သို့သောဥပမာဖြင့် ဆိုအပ်ပါသနည်း၊ စုဒ်ကြောင့် [ဃ]မိန့်။

## နံပါတ် (၃)

(ခ) လဒ္ဓဂုဏာ။ (ဂ) ပက္ခန္တရ။ (ဃ) တပ္ပါကဋ္ဋိကရဏာ။(င) ပက္ခန္တရ။

## နံပါတ် (၄)

**ပရိယောနဒ္ဓါ ။ ။ ပရိ သမန္တတော အဝနယှတိ ဗန္ဓိယတီတိ ပရိယောနဒ္ဓါ။**

ပရိဉပသာရ အရ-ပရိသမန္တဘောဂုဏ် ရ၏။အဝဉပသာရ အရ-ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ နဟဓာတ် အရ ကတ္တုဒ္ဓကား ဖွဲ့တတ် ရစ်တတ်သော မောဟပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဒ္ဓကား ထိုအားတပ်သော သတ္တဝါဟု သမုတ်အပ်သော လောကီခန္ဓာငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ပစ္စည်း အရ ထို သော သတ္တဝါဟု သမုတ်အပ်သော လောကီခန္ဓာ ငါးပါးရ၏။

**အဝိဇ္ဇတ္ထကောသ ။ ။ အတ္ထာသ ကောသော အတ္ထကောသော။**

**အဝိဇ္ဇာဧဝ အတ္ထကောသော အဝိဇ္ဇတ္ထကောသော**

## နံပါတ် (၅)

**အတ္တာ။** အမ+ဥ [အမန္တိ ဉပ္ပဇ္ဇန္တိ ဧတ္ထာတိ အတ္တံ။](တစ်နည်း) ။ အဏ + ဥ။
**ကောသ။** ကုသ+ ဏ [ကုသနံ အဝှာဏံ ကောသော။]
**တသ္မာ ။** သဗ္ဗနာမ်ပုဒ် ဟိတ်အနက်၌ ပဉ္စမီဝိဘတျန္တ ကေဝစနန္တ အကာရန္တ။
[တစ်နည်း] နိပါတ်ပုဒ် ဂဏဝိမုတ် အလိင်။
**ဧတ္ထ။** သဗ္ဗနာမ်ပုဒ်၊သြကာသအနက်၌သတ္တမီဝိဘတျန္တ၊ အကာရန္တ၊ စိတ္တာဒိဂိုဏ်း နပုံလိင်။
[တစ်နည်း] အလိင် ဂဏဝိမုတ်။

## နံပါတ် (၆)

(က) ဖြင့် ပဇာသဒ္ဒါ အတြဇ(အမိ၏သား) အနက်ကို မဟော၊သတ္တဝါအနက် ဟောသည်ကို သိစေ။

http://www.dhammadownload.com



(ခ) **အဏ္ဍော ဘူတာယ** ဖြင့် အဏ္ဍာနှင့်ဘူတကို အဏ္ဍော ဘူတာ အဏ္ဍာဘူတာဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္တပြုရအပ်သည်ကို သိစေ။**ဇာတာယ**ဖြင့် ဘူတသဒ္ဒါ သစ်ပင်စသော အနက်ကို မဟော၊ဇာတအနက်ဟောသည်ကို သိစေ။**သဥ္ဇာတာယ**ဖြင့် ဇာတသဒ္ဒါ အပေါင်းအနက်ကို မဟော၊ဖြစ်ခြင်း ဘူတအနက်ဟောသည်ကို သိစေ။

(ဂ) **သမန္တတော ဩနဒ္ဓါယ**ဖြင့် ပရိယောနဒ္ဓါယကို ပရိ+ဩနဒ္ဓါယ-ဟု ပဒစ္ဆေဒ ပြုအပ်သည်ကိုလည်းကောင်း၊ယ အာဂုံလာသည်ကို လည်းကောင်း၊ပရိ ဥပသာရပုဒ်သည် အာလိင်္ဂန,ပရိစ္ဆိန္နစသော အနက်တို့ကို မဟော၊ပရိသမန္တအနက်ဟောသည်ကို လည်းကောင်း သိစေ။**ဗဒ္ဓါယ**ဖြင့် ဩနဒ္ဓါယ၌ အဝ ပုဗ္ဗ နဟဓာတ်၊ ဘစ္စည်းနှဟဓာတ်၏ ဗဒ္ဓနအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊အဝဥပသာရ ပုဒ်၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း သိစေ။

**ဝေဌိတာယ**ဖြင့် ဗန္ဓန-ဟူသည် ကြိုးဖြင့် ဖွဲ့ချည်ခြင်းမဟုတ်၊ရစ်ပတ်ခြင်းပင်တည်းဟူသောအဓိပ္ပာယ်ကို သိစေ။**တေန အဝိဇ္ဇဏ္ဍကောသေန**ဖြင့် သေးအညစ် အကြေးသည် မွေးယုက်အပ်သည်မဟုတ်၊အဝိဇ္ဇာဟူသော ဥခွံသည် မွေးယုက်အပ်၏ဟူသော အဓိပ္ပာယ်ကို သိစေ။

နံပါတ် (၇)

**ဝေဌိတာယ/ဝေဝိတာယ…**

ဝေဌ၊ဝေဌနေ။ဝေဌတိ၊နိဗ္ဗေဌတိ။ဝေဌနံ၊နိဗ္ဗေဌနံ။နီတိ၊ ဓာ။ ၅၇။၌ လာသောကြောင့် ဗန္ဓန အနက်ဟော ဝေဌ ဓာတ်ဖြင့်ပြီးရကား မုဒ္ဓဇ ဒုတိယက္ခရာဖြင့်ရှိသော ဝေဌိတာယ ပါဌ်သာသင့်။

**ဩနဒ္ဓါယ/ဩနဒ္ဓာယ…**

အဝပုဗ္ဗ+နဟဓာတ်၊တ ပစ္စည်း။တကို ဓပြု၊ ဟကို ဒပြု၍ ပြီးသောကြောင့် ဩနဒ္ဓါယ ပါဌ်သာသင့်။

နံပါတ် (၈)

**အဏ္ဍာဘူတာ** ॥ ॥ အတူဖြစ်သော ဥခွံဖြင့် မွေးယုက်အပ်သော အဏ္ဍာသေတ္တဝါတို့၏ အမည်ကို အတူရှိသော အဝိဇ္ဇာဥခွံဖြင့် မွေးယုက်အပ်သော အလုံးစုံသော သတ္တဝါအပေါင်း၌ တင် သဒိသူပစာ၊ရုဠီနည်း။ **တစ်နည်း**॥॥ အစိတ်ဖြစ်သော ဥခွံ၌ဖြစ်သော သတ္တာအပေါင်း၏ အဏ္ဍာဘူတအမည်ကို အပေါင်းဖြစ်သော အဏ္ဍဇ,ဇလာဗုဇ,သံသေဒဇ,ဩပပါတိက သတ္တဝါအပေါင်း၌ တင်စားဆိုသောကြောင့် ဧကဒေသူ။

(ဂ) **ပရိယောနဒ္ဓါယ** ရစ်ပတ်တတ်သော သတ္တိမရှိသော အဝိဇ္ဇာ၏ အမည်ကို၊ရစ်ပတ်တတ်သော ကြိုး+သေးအညစ်အကြေးကဲ့သို့ တင်စား၍ ဆိုသောကြောင့် တဒ္ဓမ္မူပစာ။**တစ်နည်း**-သဒိသူ တင်။

နံပါတ် (၁၀)

**အဏ္ဍကောသ်ံပဒါလေတွာ**။ ॥ဥခွံ၌ ဖြစ်သော သတ္တဝါတို့၏ ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ် ကောက်။

***************

**ဝါကျစဉ်(၅၂)**

(က) **သမ္မာသမ္ဗောဓိန္တိ** သမ္မာ သာမဉ္စ ဗောဓိ။

(ခ) အထ ဝါ ပသတ္ထံ သုန္ဒရဉ္စ ဗောဓိ။

(ဂ) ဗောဓီတိ ရုက္ခောပိ, မဂ္ဂေါပိ, သဗ္ဗညုတညာဏမ္ပိ,နိဗ္ဗာနမ္ပိ ဝုစ္စတိ။

http://www.dhammadownload.com



(ဃ) ကမ္မ ပန ဘာဂဝံတော အရဟတ္တမဂ္ဂညာဏံ အဓိပ္ပေတံ။

(င) သဗ္ဗညုတညာဏန္တိပိ ဝဒန္တိ။

(စ) အညေသံ အရဟတ္တမဂ္ဂေါ အနုတ္တရာ ဗောဓိ ဟောတိ နဟောတီတိ? န ဟောတိ။

(ဆ) ကသ္မာ၊အသဗ္ဗဂုဏဒါယကတ္တာ။ (ဝိ၊ဋ္ဌ၊ ၁။ ၁၁၀။)

***************

နံပါတ် (၁)

(က) သမ္မာ-မဖေါက်မပြန်လည်းကောင်း။သာမဉ္စ-ကိုယ်တော်တိုင်သာလျှင်လည်းကောင်း။ဗောဓိ-အရဟတ္တမဂ်ဉာဏ်ကို။ဝါ-သဗ္ဗညုတဉာဏ်တော်ကို။(သရူပတ္တ)(အဘိသမ္ဗုဒ္ဓေါ-ပြီ။)

(ခ) ပသတ္ထံ-ချီးမွမ်းအပ်သည်လည်းဖြစ်သော။သုန္ဒရဥ္စ-ကောင်းသည်လည်းဖြစ်သော။

(စ) အညေသံ-ဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ်တို့၏။

(ဆ) အသဗ္ဗဂုဏဒါယကတ္တာ-အလုံးစုံသောဂုဏ်ကို မပေးနိုင်သည်၏ အဖြစ်ကြောင့်တည်း။(အယုတ္တ)ဝါ-အလုံးစုံသောဂုဏ်ကို ပေးတတ်သည် မဟုတ်သောကြောင့်တည်း။(ယုတ္တ)

နံပါတ် (၂)

(ဃ) သို့။။ ဆရာ၊(ဂ) ဖြင့် ဗောဓိသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ဖွင့်ပြတော်မူအပ်၏။ထိုလေးပါးသောအနက်တို့တွင် ဤ၌ ဗောဓိပင်ကိုသော်လည်း ဗောဓိဟု အလိုရှိအပ်ပါသလော။သဗ္ဗညုတဉာဏ်ကိုသော်လည်း ဗောဓိ-ဟု အလိုရှိအပ်ပါသလော။အဘယ်ကို ဤ၌ ဗောဓိ-ဟု အလိုရှိအပ်ပါသနည်း။စုဒ်ကြောင့် (ဃ) မိန့်။

(င)သို့။ ။ ဆရာ၊(ဃ)ဖြင့် ဤ၌ဗောဓိအရ မြတ်စွာဘုရား၏ အရဟတ္တမဂ္ဂဉာဏ်ကို အလိုရှိအပ်၏-ဟု ဖွင့်ပြတော်မူအပ်၏။ဆရာကဲ့သို့ပင် တစ်ပါးသော ဆရာတို့သည် ဆိုအပ်ကုန်သလော။အဘယ်သို့ ဆိုအပ်ကုန်သနည်း။စုဒ်ကြောင့် (င) မိန့်။

(ဆ)သို့ ။။ဆရာ၊(စ) ဖြင့် အခြားသောပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်သည် အနုတ္တရဗောဓိ မဖြစ်-ဟူ၍ ဖွင့်ပြတော်မူအပ်၏။အရဟတ္တမဂ်ချင်းတူပါလျက် အဘယ်ကြောင့် ပစ္စေကဗုဒ္ဓ ,ဗုဒ္ဓသာဝကတို့၏ အရဟတ္တမဂ်သည် အနုတ္တရဗောဓိ မဖြစ်ပါသနည်း။အရဟတ္တမဂ်ချင်းတူသည် မဟုတ်ပါလော။စုဒ်ကြောင့်။(ဆ) မိန့်။

နံပါတ် (၃)

(ခ) **နယန္တရပက္ခန္တရ။(ဂ)ဝါကျာရမ္ဘ။**သမ္မာသမ္ဗောဓိအပေါင်းပုဒ်၏အဖွင့်မှဗောဓိပုဒ်၏ အစိတ်ကိုဆက်လက်အားထုတ်အပ်ကြောင့်။တစ်နည်း **ပက္ခန္တရ။(ဃ)အတ္ထုဒ္ဓါဝါကျ။တစ်နည်း-ဝိသေသ။(င)ဝါကျာရမ္ဘ။တစ်နည်း ဝိသေသ။(စ)တပ္ပါကဋီကရဏ။**အနုတ္တရံဟူသော ဝိသေသနကို ဆိုရခြင်း၏အကျိုးကို ပုစ္ဆာ ဝိသဇ္ဇနာတို့ဖြင့် ထင်စွာပြအပ်သောကြောင့်။**တစ်နည်း-**အနုတ္တရံဟူသော ဝိသေသန၏ ဗျဝစ္ဆေဒကကို ပုစ္ဆာထုတ်၍ ပြဆိုသောကြောင့် **ဝါကျာရမ္ဘ။**တစ်နည်း-**ပုစ္ဆာဝါကျ။ (ဆ)ကာရဏဝါကျ။**တစ်နည်း-**ဝိသဇ္ဇနာဝါကျ။**

နံပါတ် (၄)

**ဗောဓိ။ ။ အဗုဇ္ဈိ ဧတ္ထာတိ ဗောဓိ။**(ဗောဓိပင်) **သယံ ဗုဇ္ဈတီတိ ဗောဓိ။ဗုဇ္ဈန္တိ ဧတေနာတိ ဗောဓိ။**
(အရိယာမဂ်) **သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗောဓိ။**(သဗ္ဗညုတဉာဏ်) **ဗုဇ္ဈတေ သစ္စိကရီယတေတိ ဗောဓိ။**(နိဗ္ဗာန်)

http://www.dhammadownload.com



ဗုဓခေါတ်-အရ ကတ္တုဒြဗ်ကြိယာ သိတတ်သော သဗ္ဗညုတဉာဏ်တော်သည် မုချ။အဓိကရဏာတ္တကြိယာကား ဗောဓိပင်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ဣပစ္စည်း အရ ထို သော ဗောဓိပင် ရ၏။

ဗုဓခေါတ်-အရ ကတ္တုဒြဗ်ကြိယာ သစ္စာလေးပါးကို သိတတ်သော သမ္ပယုတ်တရားတို့သည်မုချ။ ကရဏာတ္တကြိယာ ကား အရိယမဂ်ဉာဏ်၏ သဟဇာတာဒိပစ္စယ်သတ္တိသည် ဖလူ။ဣပစ္စည်း အရ ထိုသော အရိယမဂ်ဉာဏ် ရ၏။

ဗုဓခေါတ်-အရ ကတ္တုဒြဗ်ကြိယာ သိတတ်သော အရိယမဂ်ဉာဏ်သည်မုချ။ကမ္မဒြဗ်ကြိယာ ကား နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ဣပစ္စည်း အရ ထို သော နိဗ္ဗာန်ရ၏။

**အနုတ္တရာဗောဓိ။ ။ နတ္ထိ ဥတ္တရာ ယဿာတိ အနုတ္တရာ။အနုတ္တရာ စ သာ ဗောဓိစာတိ အနုတ္တရာဗောဓိ။**

န ဥတ္တရ ဟူသော ဗဟုဗ္ဗီသမာသ် ပုဒ်လုံးအရ မိမိထက်သာလွန်မှု မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ထို၏ယ အညပုဒ်အရ အရဟတ္တမဂ်ဉာဏ်နှင့် ဂုဏ်/ဂုဏေးစပ် ဌာနူ။ယ အညပုဒ်အရ ထိုသော မိမိထက် သာလွန်ခြင်းမရှိသော အရဟတ္တမဂ်ဉာဏ် ရ၏။

**အသမ္ဗုဂုဏာဒါယကတ္တာ။ ။ န သမ္ဗုဂုဏာ အသမ္ဗုဂုဏာ။ဒဒါတီတိ ဒါယကော။(မင်္ဂေါ)**

**အသမ္ဗုဂုဏာနံ ဒါယကော အသမ္ဗုဂုဏာဒါယကော။**

**သမ္ဗုဂုဏေ န ဒဒါတီတိ အသမ္ဗုဂုဏာဒါယကော။(အယုတ္တ)**

နံပါတ် (၅)

**ဗောဓိ။** သစ်ပင်အနက်ဟောက ပုံလိင်/ဣတ္ထိလိင်။သဗ္ဗညုတဉာဏ်၊အရိယမဂ်အနက်ဟောက ဣတ္ထိလိင်။ဗောဓိမင်းသား အနက်ဟောက ပုံလိင်။**ပသတ္တ။** ပ+သံသ+တ။

**သုန္ဒရ။** သု+ဒရ+က။ **ရုက္ခ။** ရုဟ+ခ။ **မဂ္ဂ။** မဂ္ဂ+အ။(မာရေန္တေသဒ္ဒုပပဒ+ဂမု+ကွိ။)

နံပါတ် (၆)

(က) **သမ္မာ သာမဉ္စ ဗောဓိ ဖြင့်** သမ္မာသမ္ဗောဓိ၌ သမ္မာနိပါတ်၏ အဝိပရီတအနက်၊သံ ဥပသာရပုဒ်၏ သာမတ္ထအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ၊သယမေဝ ဗောဓိ သမ္ဗောဓိ၊ အဝိပရီတာကာရေန သမ္ဗောဓိ သမ္မာသမ္ဗောဓိ-ဟု ဝစနတ္ထ ပြုအပ်သည်ကို သိစေ။

(ခ) **ပသတ္ထံ ဖြင့်** သမ္မာနိပါတ်သည် ပသတ္ထဝါစကဖြစ်သည်ကို သိစေ။**သုန္ဒရံဖြင့်** သံ ဥပသာရသည် သုန္ဒရဝါစကဖြစ်သည်ကို သိစေ။သုန္ဒရာ ဗောဓိ သမ္ဗောဓိ၊ပသတ္ထာ သမ္ဗောဓိ သမ္မာသမ္ဗောဓိ-ဟု ဝစနတ္ထ ပြုအပ်သည်ကို သိစေ။

နံပါတ် (၇)

**ပသတ္ထ/ပသဋ္ဌ**...

ပ+သံသ+တ ပစ္စည်း၊သာဒိသန္တ ပုစ္ဆဘဉ္ဇဟံသာဒီဟိ ဋ္ဌော-သုတ်ဖြင့် တပစ္စည်းနှင့်တကွ ဓာတ်အဆုံး သံ ဓာတွန့်ကို ဋ္ဌပြု၍ ပြီးသောကြောင့် ပသဋ္ဌော ပါဌ်သင့်။

ဘာဠီ၌ ပ+သံသ+တ၊သာသဝသသံသာ ထော-ဟူသော မောဂ္ဂလာန်သုတ်ဖြင့် တကို ထပြု၍၊ "ပသတ္ထံ" ပဌ်မှန်ရှိစေ-ဟူ၍ ဆိုသာကြောင့် ပသတ္ထော ပါဌ်သင့်။

**သဗ္ဗညုတဉာဏ်/သဗ္ဗညုတဉာဏ်**...ပါဠိဝိနိစ္ဆယ (ပ) ပါရာဇိကဏ်စာစဉ် (၂၈၈)ရှု။

http://www.dhammadownload.com



နံပါတ် (၉)

**သမ္မာသမ္ဗောဓိ**။ ။ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်ကို အလွန်အားဖြင့် ယူအပ်သောကြောင့် အတိသယနည်း။**တစ်နည်း**-ဧကသေသနည်း။အရဟတ္တဉာဏ်၊သဗ္ဗညုတဉာဏ်နှစ်မျိုးကို တစ်ခုကြွင်းပြုထားသောကြောင့်။ အပေါင်း ပစ္စေကဗုဒ္ဓ၊ဗုဒ္ဓသာဝက၊သမ္မာသမ္ဗုဒ္ဓတို့၏ အရဟတ္တမဂ်ဉာဏ်၏ သမ္မာသမ္ဗောဓိ အမည်ကို အစိတ်သမ္မာသမ္ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်၌တင် ဧကဒေသူပစာ။

နံပါတ် (၁၀)

**သဗ္ဗညုတညာဏအရ**။ ။ မဟာကြိယာ ဉာဏသမ္ပယုတ်လေးပါးနှင့်ယှဉ်သော ဉာဏ်ကောက်။

***************

**ပါဌ်ကျစဉ်(၅၃)**

(က) **ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါတိ** ကာယစိတ္တပဿဒ္ဓိဝသေန ကာယောပိ မေ ပဿဒ္ဓေါ အဟောသိ။

(ခ) တတ္ထ ယသ္မာ နာမကာယေ ပဿဒ္ဓေ ရူပကာယောပိ ပဿဒ္ဓေါယေဝ ဟောတိ၊တသ္မာ နာမကာယော ရူပကာယောတိ အဝိသေသေတွာဝ ပဿဒ္ဓေါ ကာယောတိ ဝုတ္တံ။

(ဂ) **အသာရဒ္ဓေါတိ** သော စ ခေါ ပဿဒ္ဓတ္တာယေဝ အသာရဒ္ဓေါ။

(ဃ) ဝိဂတဒရထောတိ ဝုတ္တံ ဟောတိ

(င) **သမာဟိတံ စိတ္တံ ဧကဂ္ဂန္တိ** စိတ္တမ္ပိမေ သမ္မာ အာဟိတံ သုဋ္ဌု ဌပိတံ အပ္ပိတံ ဝိယ အဟောသိ။

(စ) သမာဟိတတ္တာ ဧဝ စ ဧကဂ္ဂံ အစလံ နိပ္ဖန္ဒန္တိ။[ဝိ၊ ဋ္ဌ၁။၁၁၁/၂။]

*************

နံပါတ် (၁)

(က) မေ-ငါ၏။ ကာယောပိ-ရူပကာယ နာမကာယ သည်လည်း။

(ခ) တတ္ထ-ထိုပဿဒ္ဓေါ ကာယော အသာရဒ္ဓေါဟူသော ပါဌ်၌။အဝိသေသေတွာဝ-အထူးမပြုမူ၍သာလျှင်(ဘဂဝတာ-ကဗ္ဗား။)

(ဂ) သော စ-ထို ကာယသည်လည်း။အသာရဒ္ဓေါ-ပူလောင်ခြင်းနှင့်တကွ မဖြစ်သည်။

(ဃ) ဝိဂတဒရထော-ကင်းသောပူလောင်ခြင်း ရှိသည်။

(င) သမ္မာ-အထူးထူးသော အာရုံတို့၌ ပြေးလွှားခြင်းဟူသော ဝိက္ခေပကို ဖြတ်၍ တစ်ခုတည်းသော အာရုံ၌သာ မပျံ့လွင့်ခြင်းသို့ ရောက်စေခြင်းအားဖြင့် ကောင်းစွာ။အာဟိတံ-တားအပ်သည်။အပ္ပတံဝိယ-တစ်ခုတည်းသောအာရုံ၌ သွင်းထားအပ်သကဲ့သို့။(ဝါ) အပ္ပနာသို့ ရောက်သကဲ့သို့။

(စ) စ-ဆက်။သမာဟိသတ္တာဧဝ-ကောင်းစွာ အာရုံ၌ထားအပ်သည်၏ အဖြစ်ကြောင့်ပင်။ဧကဂ္ဂံ-တစ်ခုတည်းသော အာရုံရှိသည်။အစလံ နိပ္ဖန္ဒံ-တုန်လှုပ်ခြင်း မရှိသည်။ [အဟောသိ။]

နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာ (က) ဖြင့် ပါဠိတော်၌ ကာယသာမည ဖြစ်သော်လည်း ကာယစိတ္တ နှစ်ပါးလုံးပင်ပဿဒ္ဓိ

http://www.dhammadownload.com



ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။နှစ်ပါးသောကာယသည် ပဿဒ္ဓိဖြစ်သော် နာမကာယော ရူပကာယော ဟူ၍ အထူးပြု၍ ဟောသင့်သည် မဟုတ်ပါလော။အဘယ့်ကြောင့် ကာယော-ဟူ၍ သာမညအားဖြင့် ဟောအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**ကား။** ။ နာမကာယ ငြိမ်းလတ်သော် ရူပကာယလည်း ငြိမ်းသည်သာ ဖြစ်သောကြောင့် နာမကာယ ရူပကာယ-ဟု အထူးမပြုမူ၍ ပဿဒ္ဓေါ ကာယော ဟု သာမညအားဖြင့် ဟောအပ်၏ ဟူလို။

**(ဃ)သို့** ။။ ဆရာ (ဂ)ဖြင့် ကာယ၏ ပဿဒ္ဓိကြောင့်သာ အသာရဒ္ဓဖြစ်၏ဟု ရှေ့ပုဒ်ဟူသမျှ အကြောင်း ကြောင့် နောက်ပုဒ်ဟူသမျှ အကျိုးရသည်ကို ဖွင့်ပြအပ်၏။သာရဒ္ဓေါကို သ+အာရဒ္ဓေါဟု ပဒစ္ဆေဒပြု၍။အာ ပုဗ္ဗ+ရဘာဓာတ်သည် ရှေးကဲ့သို့ ဆေဒနစ်သောအနက်ကို ဟောအံ့လော။အဘယ်အနက်ကို ဟောအပ်သနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

(ခ ) ဝိတ္ထာရ။ ထိုတွင် တသ္မာစသည် လဒ္ဒဂုဏ။(ဂ) ပက္ခန္တရ။

(ဃ) ဝိတ္ထာရ [တစ်နည်း] ဝါကျာရမ္ဘ။(င) ပကန္တရ (စ)ဝါကျာရမ္ဘ။

နံပါတ် (၄)

**အသာရဒ္ဓ။** ။ **အာရဒ္ဓတီတိ အာရဒ္ဓေါ။(အာ+ရဘ+တ)သဟ အာရဒ္ဓေန ယော ဝတ္တတီတိ သာရဒ္ဓေါ။**

**နတ္ထိ သာရဒ္ဓေါ ဧတဿ ကာယဿာတိ အသာရဒ္ဓေါ။**

န+သာရဒ္ဓ-ဟူသော ဗဟုဗ္ဗီအရ ကိလေသာဟူသော ပူပန်ခြင်းသည် မုချ။ထို ၏ ဧတ အညပုဒ်အရ နာမကာယ ရူပကာယနှင့် ဂုဏ်/ဂုဏေးစပ် ဌာန။ဧတ အညပုဒ်အရ ကိလေသာဟူသော ပူပန်ခြင်း မရှိသော နာမကာယ ရူပကာယရ၏။

**ဝိဂတဒရထ။** ။ **ဝိဂတော ဒရထော ဧတဿတီတိ ဝိဂတဒရထော။**

**ဧကဂ္ဂ။** ။ **ဧကံ အဂ္ဂံ အာရမ္မဏံ ယဿာတိ ဧကဂ္ဂံ။**

ဧကံ အဂ္ဂံ ဟူသော ဗဟုဗ္ဗီ-အရ တစ်ခုတည်းသော အာရုံသည် မုချ။ထို ၏ ယ အညပုဒ်အရ ဥပစာရစိတ်နှင့် အာရုံ/အာရမ္မဏိက စပ် ဌာန။ယ အညပုဒ် အရ တစ်ခုတည်းသော အာရုံရှိသော ဥပစာရ စိတ် ရ၏။

နံပါတ် (၅)

ပဿဒ္ဓ ။ပ+သာဓ+တ။ အပ္ပိတ။ အပ+တ။ ဒရထ။ဒရ+ထ။ နိပ္ပန္နန။ နိ+ဖဒိ+ယု။

နံပါတ် (၆)

**(က)** **ကာယစိတ္တပဿဒ္ဓိဝသေနဖြင့်** စိတ္တပဿဒ္ဓိ၏ အစွမ်းဖြင့် စိတ်၊ကာယပဿဒ္ဓိ၏ အစွမ်းဖြင့် ကာယ ငြိမ်းသော်လည်း ပဿဒ္ဓိကာယ အရ အဝိနာဘာဝနည်းအားဖြင့် နာမကာယ၊ ရူပကာယနှစ်မျိုးလုံးကို ယူရမည်၏အဖြစ်ကို လည်းကောင်း သိစေ။ **မေ-ဖြင့်** ကာယော၏ သမ္ဗန်ဟူသော အဓိပ္ပာယ်ကို သိစေ။

**ကာယောပိ မေ ပဿဒ္ဓေါ အဟောသိ-ဖြင့်** ကာယ ပုဒ်နောင် ပိ သဒ္ဒါကျေသည်၏ အဖြစ်ကိုလည်း ကောင်း၊ပဿဒ္ဓေါ ကာယောကို မေ၏။ကာယောပိ-နာမကာယ ရူပကာယသည်လည်း။ပဿဒ္ဓေါ-ငြိမ်း၏။ ဤသို့ အနက်ယောဇနာအပ်သည်၏ အဖြစ်ကိုလည်းကောင်း သိစေ။

http://www.dhammadownload.com



(ဃ) **သံဝဏ္ဏနာဖြင့်** အသာရဒ္ဓေါ၌ န-၏ ဝိဂတအနက်ဟောသည်၏အဖြစ်ကို လည်းကောင်း၊သာရဒ္ဓပုဒ်၏ ပူပန်ခြင်း ဒရထအနက်ဟောသည်ကိုလည်းကောင်း၊နတ္ထိ သာရဒ္ဓေါ ဧတဿာတိ အသာရဒ္ဓေါ-ဟု ဗဟုဗ္ဗီဟိ သမာသ် တွဲစပ်အပ်သည်၏ အဖြစ်ကို လည်းကောင်း သိစေ။

(င) **စိတ္တန္တိ-ဖြင့်** စိတ္တပုဒ်နောင် ဝိ-ကျေသည်၏ အဖြစ်ကို လည်းကောင်း၊မေဖြင့် စိတ္တံ၏သမ္ဗန်ကို မေ ဟု ထည့်စပ်အပ်သည်ကိုလည်းကောင်း၊**သမ္မာအာဟိတံ-ဖြင့်** သမာဟိတံကို သံ+အာဟိတံဟု ပဒစ္ဆေဒ ပြုအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊သံ ဥပသာရ၏ သမ္မာအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ **သုဋ္ဌု ဌပိတံ-ဖြင့်** သမ္မာ-၏ သုဋ္ဌုအနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း၊အာပုဗ္ဗ၊ဓာ ဓာတ်၏ဌပန အနက်ဟောသည်ကိုလည်းကောင်း၊အာဥပသာရ၏ ဓာတွတ္ထဗာဓက ဖြစ်သည်ကိုလည်းကောင်း သိစေ။

**အပ္ပိတံ ဝိယ အဟောသိ-ဖြင့်** ကောင်းစွာထား၏ ဟူသည်မှာ တစ်ခုတည်းသော အာရုံ၌ သွင်းထားအပ်သကဲ့သို့ဖြစ်ခြင်း (ဝါ) အပ္ပနာကျသကဲ့သို့ ဖြစ်ခြင်းပင်တည်းဟု သိစေ။

(စ) **သမာဟိတတ္တာ-ဖြင့်** သမာဟိတသည် ဧကဂ္ဂ၏အကြောင်း ဖြစ်သည်ကို သိစေ။**အစလံ နိပ္ပန္ဒံဖြင့်** တည်ကြည်၏ ဟူသည် မတုန်လှုပ်ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကိုသိစေ။ **ဉာတိ-ဖြင့်** ပုဗ္ဗဘာဂပဋိပဒါ ၏ အပြီးအဆုံး [ပရိသမာပန]၏ အဖြစ်ကို လည်းကောင်းသိစေ။

နံပါတ် (၇)

**ဌပိတံ/ထပိတံ…**

ထပေါစ ထံပနေ သိယာ၊ ဓာတွတ္ထ အလို ထပဓာတ်သည်သာ ထားခြင်းအနက်ကို ဟောသော ကြောင့် ထပဓာတ်၊တပစ္စည်း ဣအာဂုံဖြင့် ပြီးသော ထပိတံ ပါဌ်သင့်။ပိဋကတ်ကျမ်းတို့၌ ဌပေတိ ဌပေတွာ- ဟုဌဝမ်းဘဲနှင့် ရှိသည်ကား ပါဌ်ပျက်တည်း။ဤသို့ ဓာတွတ္ထ၌ ဆုံးဖြတ်သည်။

ဌာဓာတ်၊ဏာပေပစ္စည်း၊တပစ္စည်းတို့ဖြင့် ပြီးသောကြောင့် လည်းကောင်း၊ ထပ ဓာတ်၏ ထကို‌ဌပြု၍ ပြီးနိုင်သောကြောင့်လည်းကောင်း၊မုဒ္ဒဇ ဒုတိယက္ခရာဖြင့် ရှိသော ဌပိတံ ပါဌ်လည်းသင့်။

နံပါတ် (၈)

**ပဿဒ္ဓေါကာယော။** ။ အကြောင်းဖြစ်သော နာမကာယ ငြိမ်းခြင်း၏ အမည်ကို အကျိုးဖြစ်သော ရူပကာယငြိမ်း ခြင်း၌ တင် ကာရဏူပစာ။နာနန္တရိကနည်း။

နံပါတ် (၁၀)

**စိတ္တံ။** ။ အရ-ဥပစာရသမာဓိစိတ်။(မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါးရှိ ပညာ။)

**************

**ပါကျစဉ် (၅၄)**

(က) **ဝိဝိစ္စေဝ ကာမေဟီတိ** ကာမေဟိ ဝိဝိစ္စိတွာ ဝိနာ ဟုတွာ အပသက္ကိတွာ။

(ခ) ယော ပနာယမေတ္ထ ဧဝကာရော၊သော နိယမတ္ထောတိ ဝေဒိတဗ္ဗော။

(ဂ) ယသ္မာ စ နိယမတ္ထော၊ တသ္မာ တသ္မိံ ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရဏသမယေ အဝိဇ္ဇမာနာနမ္ပိ ကာမာနံ တဿ ပဌမဇ္ဈာနဿ ပဋိပက္ခဘာဝံ ကာမပရိစ္စာဂေနေဝ စဿ အဓိဂမံ ဒီပေတိ။

(ဃ) ကထံ? ဝိဝိစ္စေဝ ကာမေဟီတိ ဧဝံ ဟိ နိယမေ ကရိယမာနေ ဣဒံ ပညာယတိ။

http://www.dhammadownload.com



(င) နူနိမသဿ ရှာနုသဿ ကာမာ ပဋိပက္ခဘူတာ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၂။]

*****************

နံပါတ် (၁)

(က) အပသက္ကေတွာ-ဖဲစွန့်သည်၏အစွမ်းဖြင့် ဖဲခွာ၍။

(ခ) ပန-ဆက်။ ဧတ္ထ-ဝိဝိစ္စာတီပဒေ-၌။[ဟောဓနော]သော-ထိုဧဝ-သဒ္ဒါကို။

(ဂ) စ-ဆက်။တသ္မိံ ဝိဟာရဏာသမယေ-ထိုနေရာအခါ၌။အဝိဇ္ဇမာနာနမ္ပိ-ထင်ရှားမရှိသည်လည်း ဖြစ်ကုန်သော။ပဋိပက္ခဘာဝံ-ဆန့်ကျင်ဘက်တို့၏ အဖြစ်ကိုလည်းကောင်း။

(ဃ) ဟိ-အဖြေကို ဆိုဦးအံ့။ဝိဝိစ္စေဝ ကာမေဟီတိ-ဟူ၍။ဇဝံ-ဤသို့။နိယမေ-ဧဝသဒ္ဒါဖြင့် အမြဲသတ်မှတ်ခြင်းကို။ကရိယမာနေ-သော်။ဣဒံ-ဤဧဝတ္ထဖလသည်။

နံပါတ် (၂)

(ခ)သို့ ။ ။ ဆရာသည် (က) ဖြင့် ဝိဝိစ္စေဝ၌ ဝိဝိစ္စပုဒ်၏ အနက်ကို ဖွင့်ပြတော်မူအပ်၏။ထိုသို့ ဝိဝိစ္စပုဒ်၏ အနက်ကိုသာ ဖွင့်ပြအပ်သော် ပါဠိတော်၌ ဝိဝိစ္စေဝဟု ဧဝ-သဒ္ဒါကို ထည့်စွက်၍ မဟောဆိုသင့်သည်မဟုတ်ပါလော။[တစ်နည်း]ပါဠိတော်၌ ဝိဝိစ္စပုဒ်ကိုသာ မဆိုအပ်။ဝိဝိစ္စေဝဟု ဧဝ-သဒ္ဒါ၏ အနက်ကိုလည်း ဆိုထားအပ်သည် မဟုတ်ပါလော။ထို့ကြောင့် ဝိဝိစ္စပုဒ်၏ အနက်ကိုသာ မဖွင့်ဆိုသင့်။ဧဝသဒ္ဒါ၏ အနက်ကိုလည်းဖွင့်ဆိုသင့်သေး၏။ဧဝသဒ္ဒါ၏ အနက်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် [ခ]မိန့်။

(ဂ)သို့။ ။ ဆရာသည် (ခ) ဖြင့် ဧဝ သဒ္ဒါသည် နိယမ အနက်ရှိ၏ဟု ဖွင့်ဆို တော်မူအပ်၏။ထိုမျှသာဖွင့်ဆိုလတ်သော် ဧဝသဒ္ဒါ၏ နိယမတ္ထဖြစ်ပုံကို အကျယ်အားဖြင့် မသိအပ်သေးသည် မဟုတ်ပါလော။[တစ်နည်း] ကာမတို့၏ အဘာဝမျှကိုသာ ပြဆိုအပ်ပါသလော။ထို့ကြောင့် ဧဝ သဒ္ဒါ၏ နိယမအနက်ကိုသာ မပြဆိုသင့်။ နိယမအနက်ရှိပုံ နိယမတ္ထဖြစ်ပုံ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။နိယမတ္ထဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် [ဂ] မိန့်။

နံပါတ် (၃)

(ခ) ဝါကျာရမ္ဘ။ ဧဝ သဒ္ဒါ၏ ဆက်လက်အားထုတ်သောကြောင့်။ (ဂ) ဝါကျာရမ္ဘ။ ထိုတွင် ယသ္မာ-စသည် ကာရဏ။တသ္မာ-စသည် ဖလ။ (ဃ) တပ္ပါကဋီကရဏ။ (တစ်နည်း) ဝိတ္ထာရ။ကထံ-ကား ပုစ္ဆာ။ဝိဝိစ္စေဝ စသည် ဝိသဇ္ဇနာ။(င) ဝိတ္ထာရ။

နံပါတ် (၄)

**ကာမာ ။ ။ ကာမေန္တီတိ ကာမာ။ကာမီယန္တီတိ ကာမာ။**

ကမုဓာတ်အရ ကိလေသာကာမ၏ ရှေ့နသတ္တိသည် မုချ။အယောနိသောမနသိကာရ စသော ရှေးရှေးအစုသည် ဖလူ။အကျိုးမဲ့ အစုသည် ကာရဏူ။ဏပစ္စည်းအရ ထိုသော ကိလေသာကာမ ရ၏။

ကမုဓာတ်အရ ကတ္တုဗ္ဗကား ကိလေသာကာမ၏ ရှေ့နသတ္တိသည် မုချ။ကမ္မဋ္ဌကား ထို အားတပ်သော ဝတ္ထုကာမ၏ အာရမ္မဏပစ္စယသတ္တိသည်ဖလူ။ဏ ပစ္စည်းအရ ထို-သော ဝတ္ထုကာမရ၏။

**ဝေကာရ ။ ။ ကရီယတေ ဥစ္စာရီယတေတိ ကာရော။ ဧဝ ဣတိ ကာရော ဧဝကာရော။**

**နိယမတ္ထ ။ ။ နိယမော အတ္ထော ယဿာတိ နိယမတ္ထော။**

http://www.dhammadownload.com



နိယမအတ္တ ဗဟုဗ္ဗီဟိ အရ နိယမ အနက်သည် မုချ။ထို-၏ ယ အညပုဒ်အရ ဝေသဒ္ဒါနှင့်ဝါစ္စ+ဝါစက(ဝါ) အကြောင်း+အကျိုး စပ်ဌာန။ယ အညပုဒ်အရ ထိုသော ဝေသဒ္ဒါရ၏။

နံပါတ် (၅)

**ဝိနာ**။ ဝိဘတ္တိအယုတ္တနိပါတ်ပုဒ်။ **နိယမ**။ နိ-ယမု+အ။

**ဥပသမ္ဘ**။ ဥပ-သံ-ပဒ+တွာ။ **ဝိဟရထ**။ ဝိ-ဟရ+ယု။

**သမယ**။ သံ-ဣ+ဏ။ **ပဋိပက္ခ**။ ပဋိ-ပက္ခ+အ။ **ပရိစ္စာဂ**။ ပရိ-စဇ+ဏ။

နံပါတ် (၆)

(က) **ကာမေဟိ ဝိဝိစ္စ-ဖြင့်** ဝိဝိစ္စ၌ စ္စသည် တွာပစ္စည်း၏ ကာရိယံဖြစ်သည်ကို လည်းကောင်း၊ကာမေဟိ ဟူသောပုဒ်ကို ရှေးဖြစ်သော ဝိဝိစ္စေဝပုဒ်၌သာ စပ်အပ်သည်ကို လည်းကောင်း သိစေ။**ဝိနာ ဟုတွာ-ဖြင့်** ဝိဝိစ္စ၌ ဝိပုဗ္ဗ+ဝိစ ဓာတ်သည် ရဓာဒိဂိုဏ်းဖြစ်၍အသီးခြားပြုခြင်းအနက်၌မဖြစ်၊ဒိဝါဒိဂိုဏ်းဖြစ်၍ဝိဝေကတ္တ ကင်းဆိတ်ခြင်းအနက်၌ ဖြစ်သည်ကို သိစေ။**အပသက္ကေတွာ-ဖြင့်** ကင်းဆိတ်၏ဟူသည် အာဘာဝအားဖြင့် မဖြစ်၊ပယ်စွန့်သည်၏အစွမ်းဖြင့် ဖယ်ခွာရှောင်ရှား၍ ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေ။

နံပါတ် (၇)

**အပသက္ကေတွာ/အပသက္ကိတွာ/အပသက္ကတွာ/အပသက္ကမိတွာ...**

အပပုဗ္ဗ+သက္ကဓာတ်၊အ-ပစ္စည်း။တွာပစ္စည်းဖြင့် ပြီးသောပုဒ်ဖြစ်သောကြောင့် လည်းကောင်း၊ဝိနာပုဒ်၏အဖွင့်ဖြစ်၍ ကရဓာတ် မဖြစ်သင့်သောကြောင့် လည်းကောင်း၊ အ-ပစ္စည်းကို ဧပြု၍ပြီးသောကြောင့် လည်းကောင်း အပသက္ကေတွာ ပါဌ်သင့်။

အပပုဗ္ဗ၊သက္ကဓာတ်+အ-ပစ္စည်း၊တွာပစ္စည်း။ဣ အာဂုံလာ၍ ပြီးသောကြောင့် အပသက္ကိတွာ ပါဌ်သင့်။

အပပုဗ္ဗ သံပုဗ္ဗ ကရ ဓာတ် မဟုတ်၍ အပသက္ကတွာ-ပါဌ် မသင့်။

ပဓာနန ဝသေန အပသက္ကမိတွာ-ဟု ဋီကာ၌ ဖွင့်သောကြောင့် အပသက္ကမိတွာ ကား သံဝဏ္ဏနာ ဋီကာပါဌ်သာ ဖြစ်၍ အဋ္ဌကထာပါဌ် မဟုတ်ရကား အပသက္ကမိတွာ ပါဌ် မသင့်။

**နုနိမသ္သ/နိနမသ္သ/နန္တိမသ္သ...**

နုနိမသ္သကား နုန+ဣမသ္သ ဟု ပုဒ်ဖြတ်၍ ဣကိုချေလျှင် နုနမသ္သ။မချေလျှင် နုနိမသ္သဟု ရုပ်ပြီးသောကြောင့် နုနိမသ္သ/နုနမသ္သ ပါဌ်သင့်။

နန္တိမသ္သ ဟု ရှိလျှင် နုန+ဣမသ္သ ဟု ပုဒ်ဖြတ်၍ ဥ-ကို ဝ ပြု၍ ဖြစ်သောကြောင့် နန္တိမသ္သပါဌ် လည်းသင့်။

နံပါတ် (၈)

**ကာမပရိစ္စာဂေနေဝ**။ ။ အကျိုးဖြစ်သော ကိလေသာကာမတို့ကို စွန့်ခြင်းကို ဆိုသဖြင့် အကြောင်းဖြစ်သော ဝတ္ထုကာမတို့ကိုလည်း စွန့်၏ဟု ယူရသောကြောင့် အဝိနာဘာဝ/ဖလူ။

**ဝိဝိစ္စေဝ ကာမေဟိ** ။ ။ အကြောင်းမကင်းရာဖြစ်သော ကိလေသာကာမတို့မှ ကင်းဆိတ်ခြင်းကို ဝိဝိစ္စေဝ ကာမေဟိ-ဟု ဆိုသဖြင့် အကျိုးမကင်းတတ်သော ဈာနပဋိပက္ခဘာဝ၊ဈာနာဓိဂမကိုလည်း ရသောကြောင့် နာနန္တရိကနည်း/ကာရဏူပစာ။

http://www.dhammadownload.com



## နံပါတ် (၁၀)

**ကိလေသာကာမ**-အရ တဏှာ ကောက်။**ဝတ္ထုကာမ**-အရ အာရုံငါးပါး ကောက်။

**************

## ဝါကျစဉ် (၅၅)

(က ) တတ္ထ သိယာ "ကသ္မာ ပနေသ ပုဗ္ဗပဒေယေဝ ဝုတ္တော၊ န ဥတ္တရပဒေ။

(ခ ) ကိံ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စာပိ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျာ"တိ။

(ဂ ) န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။

(ဃ ) တံနိဿရဏတော ဟိ ပုဗ္ဗပဒေယေဝ ဧသ ဝုတ္တော။

(င ) ကာမဓာတုသမတိက္ကမနတော ဟိ ကာမရာဂပဋိပက္ခတော စ ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ။

(စ ) ယထာဟ "ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မ"န္တိ။[ဝိ၊ ဋ္ဌ၊၁။၁၁၂/၃။]

****************

## နံပါတ် (၁)

(က) တတ္ထ-တသ္မိံ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီဟိ ပဒဒွယေ၊ဋ္ဌီ။ဌတ္တာ၊ရှိ။ကသသိ၊သော။စောဒကဿ၊ ၏။စောဒနာ၊သည်။သိယာ၊ဖြစ်ရာ၏။

**နိယံ** ။ ။ တတ္ထသိယာ၊ရှိတုံပါမူ၊ကြိယာဝိသေသန၊သမ္ဗန္ဓဟု၊ကတ္တုသုံးပါး၊ထည့်ကြားမလွဲ၊သမ္ဗန်မြဲ။ ကိံ-အဘယ်သို့သော။စောဒနာ၊သည်။သိယာ၊နည်း?

**နိယံ** ။ ။ ဣတိသဒ္ဒါ၊အာကာရတ္ထ၊နောက်ဋ္ဌီပြမူ၊ဝါစကပုဗ္ဗာ၊ကိံသဒ္ဒါကို၊ရှေ့မှာစွက်၍၊အနက်သမ္ဗန်မြဲ။

(ဃ) တံနိဿရဏတော-ထိုကာမတို့သည် ထွက်ရာထွက်ကြောင်း၏ အဖြစ်ကြောင့်။[သဒ္ဒတ္တ။](ဝါ) ထိုကာမတို့ကို ပယ်စွန့်ရာ ပယ်စွန့်ကြောင်း၏ အဖြစ်ကြောင့်။[အဓိပ္ပါယတ္ထ။]

## နံပါတ် (၂)

**(ဃ)သို့**။ ။ ဆရာ၊သည် (ဂ)ဖြင့် စောဒကပုဂ္ဂိုလ် ကြံဆသော အခြင်းအရာအားဖြင့် မမှတ်သားထိုက်သည်ကို ဖွင့်ပြတော်မူအပ်၏။အဘယ်ကြောင့် စောဒကပုဂ္ဂိုလ်၏ ကြံဆသော အခြင်းအရာကို မမှတ်သားထိုက်ပါသနည်း။ဝိဝိစ္စေဝ ကာမေဟိ-ဟူ၍သာ ရှေးပုဒ်၌ ဧဝသဒ္ဒါကို ဆိုထား၏။ဝိဝိစ္စေဝ အကုသလေဟိ ဓမ္မေဟိ ဟူ၍ နောက်ပုဒ်၌ ဧဝသဒ္ဒါကို မဆိုထားအပ်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

**(င)သို့** ။။ ဆရာ၊သည် (ဃ)ဖြင့် ဈာန်၏ ကာမတို့မှ ထွက်ရာထွက်ကြောင်း၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌သာ ဧဝသဒ္ဒါကို ဆိုအပ်သောဟု ဖွင့်ဆိုတော်မူအပ်၏။ထိုသို့ပင် ဖွင့်ဆိုအပ်ပါသော်လည်း ကာမစ္ဆန္ဒနီဝရဏနှင့်ဗျာပါဒ အစရှိသော ကြွင်းသောနီဝရဏတို့သည် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွာအပ်သည်၏ အဖြစ်ဖြင့် တူသည်မဟုတ်ပါလော။ယင်းသို့ တူသောကြောင့် ဈာန်၏ ကာမတို့မှ ထွက်ရာထွက်ကြောင်း၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌သာ ဧဝသဒ္ဒါကို ဆိုအပ်သောဟုသာ မဖွင့်ဆိုသင့်။ဈာန်သည် ကာမတို့၏သာ ထွက်ရာထွက်ကြောင်းဟုဆိုသော စကား၏ အသင့်ယုတ္တိကိုလည်းဆိုသင့်၏။ထိုကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င) မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

(က) စောဒနာ။ (ခ) စောဒကာဘောဂ။ (ဂ)ပရိဟာရ။
(ဃ) ကာရဏ။ (င) ယုတ္တိဒဋ္ဌိ။ (စ) အာဂမဒဋ္ဌိ။

နံပါတ် (၄)

**တံနိဿရဏံ။** ။ **နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတ္ထ စေတနာတိ ဝါ နိဿရဏံ။တေသံ နိဿရဏံ တံနိဿရဏံ။**
နိ ဥပသာရ အရ ဓာတ္ဂတ္ထဝိသေသက ဘောဂဏ်ရ၏။သရဓာတ်အရ ကတ္တုဠြကား ကိလေသာ ကာမတို့၏အဘာဝသည် မုချ။အဓိကရဏတ္ထ-ကား ထိုအားတပ်သော ဈာန်တရားတို့၏ ပကတူပနိဿယ သတ္တိ ဝိက္ခမ္ဘနသတ္တိသည် ဖလူပစာ။ယု-အရ ထို-သော ဈာန်တရားရ၏။
**နေက္ခမ္မံ။** ။ **နိက္ခမတီတိ နိက္ခမံ၊ နိက္ခမံယေဝ နေက္ခမ္မံ။**

နံပါတ် (၅)

**သိယာ။** အသ+ယျေဝိဘတ်။ **ဥတ္တရ။** ဥ-တရ+အ။ **ဓာတု။** ဓာ+တု။**နိက္ခမ္မ။** နိ-ကမု+ဏျ။
**ဈာန်၌** ဈေဓာတ်အရ စိန္တန ဒဟန အနက်တို့ရ၏။ပစ္စယတ္ထကား ကတ္တတ္ထ ကမ္မတ္ထ ဘာဝတ္ထ။

နံပါတ် (၆)

**တံနိဿရဏာတော/တန္နိဿရဏာတော/ တနိဿရဏာတော...**
ယတသဒ္ဒါ၊ ရှေးရှိရာဝယ်၊ နောက်၌ဒွေဘော်၊ လာသော်လည်းရှိ၊ မလာဘိမူ၊ ယတ၏နောက်၊ ဗိန္ဒုရောက်သည်၊မှတ်လောက်ထုံးစံ အမြဲတည်း-ဟူသော နိယံအရ ဗိန္ဒုဖြင့်ရှိသော တံနိဿရဏာတော/ ဒွေဘော်ဖြင့်ရှိသော တန္နိဿရဏာတော ပါဌ်တို့ သင့်ပါသည်။

**နေက္ခမ/နေက္ခမ္မ...**
နိပုဗ္ဗ၊ကမုဓာတ်၊ဏျပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊နေက္ခမ္မန္တိ ပဌမဈာနံ-ဟု [သာရတ္ထ၊ ၁။၁၅၆။] ဆိုသောကြောင့်လည်းကောင်း နေက္ခမ္မ-ဟုရှိသောပါဌ်သာ သင့်။

နံပါတ် (၈)

**ကာမာနမေဝ ။** ။ ကာမတစ်စိတ်စွန့်ခြင်းကိုဆိုသဖြင့် အလုံးစုံသော နီဝရဏအကုသိုလ်ဓမ္မတို့၏ စွန့်ခြင်း ကိုလည်ရသောကြောင့် ဥပလက္ခဏနည်း၊ ဧကဒေသူပစာ။

နံပါတ် (၁၀)

**နိဿရဏ အရ။** ။ ပဌမဈာန် ကောက်။

***************

**ပါဠိကျမ်းစဉ် (၅၆)**

(က) ဥတ္တရပဒေပိ ပန ယထာ "ဣဓေဝ ဘိက္ခဝေ ပဌမော သမဏော၊ဣဓ ဒုတိယော သမဏော"တိ ဧတ္ထ ဧဝကာရော အာနေတွာ ဝုစ္စတိ၊ ဧဝံ ဝတ္တဗ္ဗော။

(ခ) န ဟိ သက္ကာ ဣတော အညေဟိပိ နီဝရဏသင်္ခါတေဟိ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ။

(ဂ) တသ္မာ "ဝိဝိစ္စေဝ ကာမေတိ ဝိဝိစ္စေဝ အကုသလေဟိ ဓမ္မေဟိ" တိ ဧဝံ ပဒဒွယေပိ

http://www.dhammadownload.com



သေ ဒဋ္ဌဗ္ဗော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၃။]

***************

နံပါတ် (၁)

(က) ပန-ထိုသို့ပင် ရှေ့ပုဒ်၌သာ ဧဝ သဒ္ဒါကို ဟောတော်မူအပ်ပါသော်လည်း။ဥတ္တရပဒေပိ-နောက် ဝိဝိစ္စပုဒ်၌လည်း။အာနေတွာ-နောက်ကစေ့သို့ ဆောင်၍။

(ခ) ဟိ-မှန်။ (တစ်နည်း) ဟိ ယသ္မာ။ ဣတော-ဤကာမစ္ဆန္ဒမှ။

(ဂ) တသ္မာ-ထိုသို့ နောက် ဝိဝိစ္စပုဒ်သို့ ဧဝ သဒ္ဒါကို ဆောင်၍ ဆိုထိုက်သည်၏ အဖြစ်ကြောင့်။ပဒ ဒ္ဒယေပိ-ဝိဝိစ္စဟူသော ပုဒ်နှစ်ပါး အပေါင်း၌လည်း။သေ-ဤဧဝသဒ္ဒါဖြင့် သတ်မှတ်ခြင်းကို။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာသည် (က) ဖြင့် ဣဓေဝ ဘိက္ခဝေ ပဌမော သမဏော စသည်ကဲ့သို့ ဧဝ သဒ္ဒါကိုဆောင် ၍ နောက်ပုဒ်၌လည်း ဆိုထိုက်၏-ဟု ဖွင့်ပြအပ်၏။ရှေ့ပုဒ်၌သာ ဧဝကို ဟောသောကြောင့် ရှေ့ပုဒ်၌သာ ဧဝ-ကို ဆိုသင့်သည် မဟုတ်ပါလော။အဘယ့်ကြောင့် နောက်ပုဒ်၌လည်း ဧဝ-ကို ဆောင်၍ ဆိုထိုက်ပါ သနည်း။ စုဒ်ကြောင့် [ခ]မိန့်။

နံပါတ် (၃)

(ခ) ယုတ္တိဒဋ္ဌီ (တစ်နည်း) ကာရဏ။(ဂ) လဒ္ဓဂုဏ (တစ်နည်း) နိဂုံး။

နံပါတ် (၄)

**သမဏ။ ။ သမေတီတိ သမဏော။**

သမုတောတ်အရ ငြိမ်းစေတတ်သော သောတပတ္တိမဂ်ရ၏။ယု ပစ္စည်းအရ သောတာပန်ရဟန်းရ၏။

**အဝိဝိစ္စ။ ။ န ဝိဝိစ္စ အဝိဝိစ္စ။**

န ဝိသေအရ ပဋိသေဓောဂုဏ်ရ၏။ထို-၏ ဝိဝိစ္စအရ ကင်းဆိတ်ခြင်း ကြိယာနှင့် ဂုဏ်+ဂုဏေးစပ် ဌာန။ပုဒ်လုံးအရ ထိုသော ကင်းဆိတ်ခြင်း ကြိယာရ၏။

**ဒုတိယ။ ။ ဒွိန္နံ ပူရဏော ဒုတိယော။**

**ဥပသမ္ပဇ္ဇ။ ။ ဥပသမ္ပဇ္ဇတုန္တိ ဥပသမ္ပဇ္ဇ ။ ဥပသမ္ပဇ္ဇတီတိ ဥပသမ္ပဇ္ဇ။ ဥပသမ္ပဇ္ဇိယတေ ဥပသမ္ပဇ္ဇ။**

[ရှင်းချက်။ ။ တွာပစ္စယန္တပုဒ် မှန်သမျှ ဤသို့ (၃)မျိုး ဝိဂ္ဂဟပြု။]

**ပဒဒ္ဒယ ။ ။ ဒွိန္နံ သမူဟော ဒွယံ။** ပဒါနံ ဒွယံ ပဒဒွယံ။ [တသ္မိံ]

နံပါတ် (၅)

**သခီတ။** သံ-ခါ+တ။ **အဝိဝိစ္စ။** န-ဝိ-ဝိစ + တွာ။

နံပါတ် (၆)

(က) ဥတ္တရပဒေပိ ဧဝကာရော အာနေတွာ ဝုစ္စတိ ဧဝံ ဝတ္တဗ္ဗော-ဖြင့် ဝိဝိစ္စေဝ ကာမေဟိ ဟူသော ရှေ့ပုဒ်၌ ဧဝသဒ္ဒါကို ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ ဟူသော နောက်ပုဒ်သို့လည်း ဆောင်၍ အနက်သမ္ဗန် အပ်သည်ကို သိစေ။ ယထာ စသည်ဖြင့် ဧဝသဒ္ဒါကို ဆောင်ယူရာ၌ ဥပမာကို သိစေ။

http://www.dhammadownload.com



နံပါတ် (၇)

**ဓေ ဒင္ဓမ္မော/ဝေကာရော ဒင္ဓမ္မော...**

ဓေ ဒင္ဓမ္မောတိ ဓေ နိယမော ဒင္ဓမ္မော-ဟု ဋီကာ၌ ဖွင့်ဆိုသောကြောင့် လည်းကောင်း၊ဝေသဒ္ဒါကို ဆောင်၍ ဆိုခြင်း၌ ရအပ်သော အကျိုးပြသော ဝါကျဖြစ်သောကြောင့်လည်းကောင်း၊ဓေ ဒင္ဓမ္မော ဟူသော ပါဌ်သာသင့်။

**ပဌမော သမဏော/သမဏော...**

မဟာပရိနိဗ္ဗာနသုတ်စသော ပါဠိတော်များ၌လည်းကောင်း၊ဣဓေဝ ဘိက္ခဝေ သမဏော ဣဓ ဒုတိယော သမဏောတိ။(ဝိသုဒ္ဓိမဂ်၊၁။၁၃၆။)၌ လည်းကောင်း၊ပဌမော သဒ္ဒါမပါ။ထို့ကြောင့် သမဏော ဟူသော ပါဌ်သာ သင့်။

နံပါတ် (၈)

**ဝိဝိစ္စ။** ။ အပေါင်းဖြစ်သော တဒင်္ဂဝိဝေကစသည်၊ကာယဝိဝေက စသည်တို့၏ ဝိဝိစ္စအမည်ကို အစိတ်ဖြစ်သော ကာယဝိဝေက စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေက သုံးပါး၌သာ တင် ကေဒေသျူပစာ၊ရူဋ္ဌီ[ယထာလာဘ] **ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ။** ။ ကာမစ္ဆန္ဒနီဝရဏမှ ကြွင်းသော နီဝရဏတို့ကို ယူအပ်သောကြောင့် ပါရိသေသနည်း။ကေဒေသျူပစာ။

နံပါတ် (၁၀)

**ပဌမော သမဏော**-အရ သောတာပန် ရဟန်း၏ ခန္ဓာပဥ္စက။ [ဒေသနာဟာရ နေတ္တိ]

****************

**ပါကျွဓဉ် (၅၇)**

(က) ကိလေသကာမတ္တာ ဝါ ပုရိမပဒေ ဝုတ္တော၊အကုသလပရိယာပန္နတ္တာ ဒုတိယပဒေ။

(ခ) အနေကဘေဒတော စဿ ကာမတော်တိ အဝတွာ ကာမေဟီတိ ဝုတ္တံ။

(ဂ) အညေသမ္ပိစ ဓမ္မာနံ အကုသလဘာဝေ ဝိဇ္ဇမာနေ " တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ကာမစ္ဆန္ဒော"တိ အာဒိနာ နယေန ဝိဘင်္ဂေ ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝ ဒဿနတော နီဝရဏာနေဝ ဝုတ္တာနိ။

(ဃ) နီဝရဏာနိ ဟိ ဈာနင်္ဂပစ္စနီကာနိ၊ တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ။

(င) ဝိဒ္ဓံသကာနီတိ ဝုတ္တံ ဟောတိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၄။]

****************

နံပါတ် (၁)

(က) ကိလေသကာမတ္တာ အကုသလပရိယာပန္နတ္တာ တို့၏သမ္ဗန်-ကာမစ္ဆန္ဒသည်။

(ဂ) အညေသံ-နီဝရဏတို့မှ တစ်ပါးကုန်သော။ဓမ္မာနံပိ-ဒိဋ္ဌိ မာန အဟိရိက အနောတ္တပ္ပစသည်တို့နှင့် တကွဖြစ်သော ဖဿစသည့် တရားတို့၏လည်း။

နံပါတ် (၂)

**(ခ)သို့။** ။ ဆရာသည် (က)ဖြင့် ကိလေသာကာမ၏ အဖြစ်ကြောင့် ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ရှေ့ပုဒ်၌

http://www.dhammadownload.com



ကာမစ္ဆန္ဒနီဝရဏကို ဟောအပ်၏ဟု ဖွင့်ပြအပ်၏။ထိုသို့ ဖွင့်ပြအပ်သည်ရှိသော် ကာမစ္ဆန္ဒသည် တစ်ပါးတည်း ဖြစ်၍ ဝိဝိစ္စေဝ ကာမတော-ဟု ဧကဝုစ်ဖြင့် ဆိုသင့်သည်မဟုတ်ပါလော။အဘယ်ကြောင့် ဝိဝိစ္စေဝ ကာမေဟိ- ဟု ဗဟုဝုစ်ဖြင့် ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။ [အနေကဘောဒေတော ရှု။]

**(ဂ)သို့**။ ။ ဆရာ၊သည်(က)ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-၌ အကုသလဓမ္မအရ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကိုသာ ဟောအပ်သောဟု ဖွင့်ဆိုတော်မူအပ်၏။တစ်ပါးသော ဒိဋ္ဌိ မာန စသည်တို့နှင့်တကွဖြစ်သော ဖဿစသောတရားတို့သည်လည်း အကုသိုလ်အဖြစ် ထင်ရှားရှိသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် နီဝရဏတို့ကိုသာ ဟောတော်မူအပ်ပါသနည်း။စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ)သို့** ။ ။ ဆရာ၊သည် (ဂ) ဖြင့် နီဝရဏတရားတို့သည် အထက်၌ ဆိုလတံ့သော ဈာန်အင်္ဂါတို့နှင့်ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်အဖြစ်ဖြင့် ပဋိပက္ခ၏အဖြစ်ကို ပြတော်မူလိုသောကြောင့် နီဝရဏတရားတို့ကို ဟောအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ယင်းသို့ ဆိုသော် နီဝရဏတရားတို့သည် ဈာန်တို့နှင့် ပစ္စနီကဖြစ်၊နီဝရဏတို့၏ ပဋိပက္ခဖြစ်သော် သင့်ရာ၏၊မဖြစ်သော် မသင့်ရာသည် မဟုတ်ပါလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။(**တစ်နည်း**) ဝိတ္ထာရတက်။

နံပါတ် (၃)

**(ခ-ဂ) ဝါကျာရမ္ဘ။(ဃ) ဒဠှီကရဏ [တစ်နည်း] ဝိတ္ထာရ။ (င) တပ္ပါကဋီကရဏ။**

နံပါတ် (၄)

**နီဝရဏာနိ**။ ။ **နိဝရန္တိ နိဂ္ဂစ္ဆန္တိ ဝေါတိ နီဝရဏာနိ။ နိဝါရေန္တီတိ နီဝရဏာနိ။**

နီ-အရ ဓာတွတ္ထဗာဓက ဘောဂုဏ်ရ၏။ဝရဓာတ်အရ ကတ္တုဒ္ဓကား ဈာန်တရားတို့၏ အဘာဝသည် မုချ။အဓိကရဏတ္ထကား ကာမစ္ဆန္ဒစသော နီဝရဏတရားတို့၏ ပကတူပနိဿယသတ္တိ ဖလူ။ယု-အရ ကာမစ္ဆန္ဒစသော နီဝရဏတို့ ရ၏။

နီအရ ဓာတွတ္ထာနုဝတ္တာဘောဂုဏ်။ဝရဓာတ်အရ ကာမစ္ဆန္ဒ စသည်တို့၏ ဥပါဒ် မုချ။အယောနိသော မနသိကာရ စသည် ဖလူ။အပါယိကဒုက္ခစသည် ကာရဏူ။ယု-ထို သော ကာမစ္ဆန္ဒစသည် ရ၏။

နံပါတ် (၅)

**ပရိယာပန္န** ။ ပရိ-အာ-ပဒ+တ။ **ဝိဒ္ဓံသက**။ ဝိ-ဓံသ+ဏု။ [ဓံသု။]

နံပါတ် (၆)

(င) **ဝိဒ္ဓံသကာနီ**ဖြင့် ပဋိပက္ခဟူရာ၌ ဈာန်တရားတို့က နီဝရဏတရားတို့ကို ဖျက်ဆီးတတ်သည်၏ အစွမ်းဖြင့် ဖြစ်သော ပဟာယက ပဋိပက္ခအဖြစ်ကို သိစေပါသည်။

နံပါတ် (၇)

**ပစ္စနီက/ပစ္စနီက...**

နတ္ထိ တေသု ဣတိ ဥပဒ္ဒဝေါတိ အနီကော။[မိတ္တော။]တပ္ပဋိပက္ခော ပစ္စနီကော။သော ဧဝ ပစ္စနီ ကော၊တဿ ကော။ယထာ နိယကော-ဟု[ဓာန်၊ဋီ၊၃၄၅။]၌ ဆိုသောကြောင့် ဒီဃဖြင့်ရှိသော ပစ္စနီက ပါဠ်သာ သင့်။

**ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝဒဿနတော/ဥပရိဈာနင်္ဂါနံ ပစ္စနီကဘာဝဒဿနတော...**

http://www.dhammadownload.com



ဥပရိ ဝုစ္စမာနာနိ ဈာနင်္ဂါနိ ဥပရိဈာနင်္ဂါနိ။ပစ္စနီကာနံ ပဋိပက္ခာနိ ပစ္စနီကပဋိပက္ခာနိ။တေသံ ဘာဝေါ ပစ္စနီကပဋိပက္ခဘာဝေါ။ဥပရိဈာနင်္ဂါနံ ပစ္စနီကပဋိပက္ခဘာဝေါ ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝေါ။ တဿ ဒဿနံ-ဟု [ဂဏ္ဌိသစ်] ၌ ဆိုသောကြောင့် သမာသ်ဖြင့်ရှိသော ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝ ဒဿနတော ပါဌ်သင့်။

ဥပရိဈာနင်္ဂါနံ ပစ္စနီကဘာဝဒဿနတောတိပိ ပါဌောဟု သာရတ္ထ-၌ဆိုသောကြောင့် ဝါကျဖြင့်ရှိသော ပါဌ်လည်း သင့်။

## နံပါတ် (၈)

**ဈာနင်္ဂါနေဝ**။ ဌာနမကင်းရာဖြစ်သော ဈာန်အင်္ဂါကိုဆိုသဖြင့် ဌာနီ မကင်းတတ်သော ဈာန်စိတ္တုပ္ပါဒ်ကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း၊ ဌာနူပစာ။

*************

## ပါကျစဉ် (၅၈)

(က) ဧတ္တာဝတာ စ ပဌမဿ ဈာနဿ ပဟာနင်္ဂ ဒဿေတွာ ဣဒါနိ သမ္ပယောဂင်္ဂ ဒဿေန္တော **"သဝိတက္ကံသဝိစာရံ"** န္တိ အာဒိမာဟ။

( ခ ) တတ္ထ ဝိတက္ကနံ ဝိတက္ကော။

( ဂ ) ဦဟနန္တိ ဝုတ္တံ ဟောတိ။

(ဃ) သွာယံ အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏော၊အာဟနနပရိယာဟနနရသော။

( င ) တထာ ဟိ "တေန ယောဂါဝစရော အာရမ္မဏံ ဝိတက္ကာဟတံ ဝိတက္ကပရိယာဟတံ ကရောတိ" တိ ဝုစ္စတိ။

( စ ) အာရမ္မဏေ စိတ္တဿ အာနယနပစ္စုပဋ္ဌာနော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၄။]

***************

## နံပါတ် (၁)

**(ဃ)** အဘိနိရောပနလက္ခဏော-ရှေးရှုတင်ခြင်းဟူသော မှတ်ကြောင်း သဘောရှိ၏။အာဟနနပရိယာဟနနရသော-အစမှ(ဝါ)ရှေးရှုခေါက်ခြင်း၊ခတ်ခြင်း၊ထက်ဝန်းကျင်(ဝါ) လည်၍ခေါက်ခြင်း ခတ်ခြင်း ကိစ္စရှိ၏။

**(င)** ဝိတက္ကာဟတံ-ဝိတက်ဖြင့် အစမှ (ဝါ) ရှေးရှုခေါက်အပ် ခတ်အပ်သည်ကို။ဝိတက္ကပရိယာဟတံ ဝိတက်ဖြင့် ထက်ဝန်းကျင် (ဝါ)လည်၍ ခေါက်အပ် ခတ်အပ်သည်ကို။

**(စ)** အာနယနပစ္စုပဋ္ဌာနော-အနီးသို့ဆောင်ခြင်း (ဝါ) ဝင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ (ဝါ) ရှေးရှုဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။

## နံပါတ် (၂)

**(က)သို့ လိနန္တရ**။ ။ ဆရာ၊မြတ်စွာဘုရားသည် ပါဠိတော်၌ သဝိတက္ကံ သဝိစာရံ စသည်ကို ဟော...တော်မူအပ်၏။ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ပါဌ်ဖြင့် ပဌမဈာန်၏ ပယ်ထိုက်သော အင်္ဂါကို ပြပြီးသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သဝိတက္ကံ သဝိစာရံ စသည်ကို ထပ်၍မိန့်တော်မူအပ်ပါသနည်း။စုဒ်ကြောင့် [က] မိန့်။

http://www.dhammadownload.com



(ဃ)သို့။ ။ ဆရာ၊သည် (ခ+ဂ) တို့ဖြင့် ဝိတက်၏ ဝိဂ္ဂဟတ္တာ၊ပိဏ္ဍာတ္တတို့ကို ဖွင့်ပြတော်မူအပ်၏။ထိုဝိတက်သည် အဘယ်သို့သော လက္ခဏာ ရသ ရှိပါသနည်း။ဝိတက်၏ လက္ခဏာနှင့် ရသကို မပြဆိုပြီလော။စုဒ်ကြောင့် [ဃ]မိန့်။

(င)သို့။ ။ ဆရာ၊သည် (ဃ) ဖြင့် ဝိတက်သည် အာရုံကိုရှေးရှုခေါက်ခြင်း အဖန်တလဲလဲခေါက်ခြင်း ကိစ္စရှိ၏-ဟု ဖွင့်ပြတော်မူအပ်၏။ဝိတက်၌ တစ်စုံတစ်ခုသော ခေါက်စွမ်းနိုင်သောသတ္တိ မရှိသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အာဟနနပရိယာဟနနရသော-ဟု ဆိုခြင်းသည် အသို့ဖြစ်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် [င]မိန့်။

နံပါတ် (၃)

( ခ ) ဝိတ္တာရ ။ (တစ်နည်း) ပက္ခန္တရ။ သမုဒါယတ္ထမှ အဝယဝတ္ထကို ပြသောကြောင့်။

( ဂ ) ပက္ခန္တရ။[တစ်နည်း] ဝိတ္တာရ။(ဃ) ပက္ခန္တရ။[တစ်နည်း] ဝါကျာရမ္ဘ။(င)ဒဠှီကရဏ။

( စ ) ပက္ခန္တရ။

နံပါတ် (၄)

ပဟာနင်္ဂ ။ ။ ပဟာတဗ္ဗန္တိ ပဟာနံ။ ပဟာနဉ္စ တံ အင်္ဂံ စာတိ ပဟာနင်္ဂံ။

ပပုဗ္ဗ ဟာဓာတ်အရ ကတ္တုဗြွကား ပယ်တတ်သော ပဉ္စပဈာန်၏ ဝိက္ခမ္ဘနသတ္တိ မုချ။ကမ္မဗြွကား ကာမအကုသလဓမ္မတို့၏ ပကတူပနိသျသတ္တိ ဖလူ။ယုပစ္စည်းအရ ပယ်အပ်သော ကာမအကုသလဓမ္မတို့ရ၏။

လက္ခဏ။ ။ လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ။

အဘိနိရောပနလက္ခဏ။ ။ အဘိနိရောပီယတေ အဘိနိရောပနံ။

အဘိနိရောပနံ လက္ခဏံ အဿာတိ အဘိနိရောပနလက္ခဏော ။

အာဟနနပရိယာဟနနရသ။ ။ အာဒိတော အဘိမုခံဝါ ဟနနံ အာဟနနံ။ပရိတော ပရိဝတ္တေတွာ ဝါ အာဟနနံ ပရိယာဟနနံ။

အာဟနနပရိယာဟနနံ ရသော အဿာတိ အာဟနနပရိယာဟနနရသော။

ယောဂါဝစရ ။ ။ ယုဉ္ဇတီတိ ယောဂေါ။ယောဂေ အဝစရတီတိ ယောဂါဝစရော။

ယောဂ-ဝိသေအရ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ယင်း၏ ယောဂါဝစရ ပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန စပ် ဌာနူ။အဝ ပုဗ္ဗ စရဓာတ်အရ ပညာ သမာဓိ ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ယောနိသော မနသိကာရ စသော ရှေးရှေးသောစိတ္တုပ္ပါဒ် ဖလူ။ဈာန်ကိုရခြင်း မဂ်ကိုရခြင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိစသည်သည် ကာရဏူ။ဏပစ္စည်းအရနှင့် သမာသ်ပုဒ်လုံးအရ ယောဂါဝစရ ပုဂ္ဂိုလ်ရ၏။

နံပါတ် (၅)

ဦဟန။ ဦဟ + ယု။ အဘိနိရောပန ။ အဘိ-နိ-ရုဟ + ဏာပေ+ယု။

ဟတ။ ဟန + တ။ အာနယန။ အာ-နီ+ယု။

နံပါတ် (၆)

(ခ) ဝိတက္ကနံဖြင့် ဝိတက္ကော၌ ဝိပုဗ္ဗ၊တက္ကဓာတ် အပစ္စည်း၊ယင်းအ ပစ္စည်းသည် အကြောင်းအားလျော်စွာ ဖြစ်ကုန်သော သဘာဝဓမ္မတို့၏ အလိုသို့ လိုက်စေနိုင်သည်၏အဖြစ်ဟူသော သတ္တိ တစ်စုံတရာ မရှိခြင်းကြောင့် ကတ္တားအနက်၊ကရိုဏ်းအနက်တို့၌မဖြစ်၊ဘာဝအနက်၌ဖြစ်၍ ဝိတက္ကနံ ဝိတက္ကော-ဟု ဘာဝသာဓနတ္တပြ

http://www.dhammadownload.com



အပ်သည်ကိုလည်းကောင်း၊သတ္တိတစ်စုံတရာမပါပဲ၊ကြံစည်ခြင်း ကြိယာမျှကိုသာ ကောက်ယူအပ်သည်ကို လည်းကောင်း သိစေပါသည်။

**ယထာပစ္စယံ ပဝတ္တမာနာနံ သဘာဝဓမ္မာနံ နတ္ထိ ကောစိ ဝသဝတ္တိဘာတိ ဝသဝတ္တိဘာဝနိဝါရဏတ္ထံ ဝိတက္ကနံ ဝိတက္ကောတိ ဝုတ္တံ။** [သာရတ္ထ၊ ၁။ ၃၅၈။]

**(တစ်နည်း)** ဝိတက္ကနံဖြင့် အကြောင်းအားလျော်စွာ ဖြစ်ကုန်သော သဘာဝဓမ္မတို့၏ အလိုသို့ လိုက်စေနိုင်သည်၏ အဖြစ်ဟူသော သတ္တိတစ်စုံတရာ မရှိခြင်းကြောင့် အလိုသို့လိုက်စေနိုင်သော သတ္တိကိုတားမြစ်ခြင်းငှာ ဝိတက္ကနံ ဝိတက္ကော-ဟု ဘာဝသာဓနဝစနတ္ထ ပြသည်၏အဖြစ်ကို သိစေပါသည်။

**(ဂ)** **ဦဟနံဖြင့်** ဝိတက္ကောဌ တက္ကဓာတ်သည် ကြံစီခြင်းအနက်ကို မဟော၊ဦဟနအနက်ကို ဟောသည်ကို သိ။**(တစ်နည်း)** ဝိတက္ကောဌ တက္ကအရ ပဓာနနစိန္တာ၊ဝိဓာနနစိန္တာတို့ကို မယူအပ်၊ဦဟနစိန္တာကို ယူအပ်သည်ကို သိ။**(တစ်နည်း) ဦဟနံဖြင့်** ဝိတက္ကနံ ဝိတက္ကောဌ ကြံစည်ဟူသည် ဤအရာကို ဤကဲ့သို့ ရှုအပ်၏-ဟု အာရုံကို ကြံစည်ဆုံးဖြတ်ခြင်းပင်တည်းဟု သိစေပါသည်။

**တယိဒံ ဝိတက္ကနံ "ဤဒိသမိဒ"န္တိ အာရမ္မဏပရိကပ္ပနန္တိအာဟ "ဦဟနန္တိ ဝုတ္တံ ဟောတိ"တိ** [သာရတ္ထ၊ ၁။ ၃၅၈။]

## နံပါတ် (၇)

**အာနယနပစ္စုပဋ္ဌာနော/အာဟနနပစ္စုပဋ္ဌာနော...**

အာနယနပစ္စုပဋ္ဌာနောတိတ္တေ အာနယနံ စိတ္တေ အာရမ္မဏာဿ ဥပနယနံ အာကဍ္ဎနံဝါ-ဟု(သာရတ္ထ၊ ၁။၃၅၉။) ဌ ဖွင့်ဆိုသောကြောင့် အာနယနပစ္စုပဋ္ဌာနော ပါဌ်သာ သင့်။

## နံပါတ် (၈)

**(င)ဥပစာ။** ။ မကောင်းတတ်သော ဝိတက်၏ အာရုံကို ရေးရှုခေါက်ခြင်း၊အဖန်တလဲလဲ ခေါက်ခြင်းကိုဆိုသဖြင့် မကောင်းရာဖြစ်သော ပုဂ္ဂိုလ်၏ အာရုံကို ခေါက်ခြင်းကိုလည်းရသောကြောင့် အဝိနာဘာဝနည်း၊ဌာနျူပစာ။ **(တစ်နည်း)** ဌာနဖြစ်သော ယောဂီပုဂ္ဂိုလ်၏ အာရုံကို ရေးရှုခေါက်ခြင်း၊အဖန်တလဲလဲ ခေါက်ခြင်း၏ အမည်ကို ဌာနီဖြစ်သော ဝိတက်စိတ္တုပ္ပါဒ်၌ တင်စား ဌာနူပစာ၊နာနန္တရိကနည်း။

**ယောဂါဝစရ** ။ ။ ဌာနမကောင်းရာဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ ယောဂါဝစရအမည်ကို၊ဌာနီမကောင်းတတ်သော ဝိတက်၌ တင် ဌာနူပစာ၊နာနန္တရိကနည်း။

## နံပါတ် (၁၀)

**ယောဂါဝစရ အရ** ။ ။ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာပဥ္စက ကောက်။

**(တစ်နည်း)** ယောဂီပုဂ္ဂိုလ်၏ ပညာ သမာဓိ ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ကောက်။

*****************

## ဆိုကျူးစဉ် (၃၉)

**(က)** သော ပန နေသံ ဝိသေသော ပဌမဒုတိယဇ္ဈာနေသုံ ပါကဋော ဟောတိ။

**(ခ)** ဣတိ ဣမိနာစ ဝိတက္ကေန ဣမိနာစ ဝိစာရေန သဟ ဝတ္တတိ ရုက္ခော ဝိယ ပုပ္ဖေန စ ဖလေနစာတိ ဣဒံ ဈာနံ သဝိတက္ကသဝိစာရန္တိ ဝုစ္စတိ။

http://www.dhammadownload.com



(ဂ) ဝိဘင်္ဂေ ပန ဣမိနာစ ဝိတက္ကေန ဣမိနာစ ဝိစာရေန ဥပေတော ဟောတိ သမုပေတော
တိ အာဒိနာ နယေန ပုဂ္ဂလာဓိဋ္ဌာနာ ဒေသနာ ကတာ။

(ဃ) အတ္ထော ပန တတြာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၅။]

******************

နံပါတ် (၁)

(က) ပန-ဆက်။နေသံ-ထိုဝိတက်ဝိစာရတို့၏။ သော ဝိသေသော၊သည်။

(ခ) ဣတိ-ဤသို့လျှင်။ရုက္ခော-သည်။ပုပ္ဖေနစ၊အပွင့်နှင့်လည်းကောင်း။ဖလေနစ-အသီးနှင့်လည်းကောင်း။
သဟ ဝတ္တတိ ဝိယ-[တထာ] ဣမိနာစ ဝိတက္ကေန။

(ဂ) ပန-ဆက်။ [တစ်နည်း] ပန-အထူးကား။

(ဃ) ပန-ထိုသို့ပင် ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်ကို ပြုအပ်ပါကုန်သော်လည်း။တတြာပိ-ထိုဈာနဝိဘင်း
ပါဠိတော်၌လည်း။

နံပါတ် (၂)

(က)သို့။ ။ ဆရာ၊ဇဝံ သန္တေပိ-စသော ဝါကျဖြင့် ဝိတက်ဝိစာရတို့၏ ပထမာဘိနိပါတ,အနုပဗန္ဓစသည်တို့၏
အစွမ်းဖြင့်ဖြစ်သော အထူးကို ဖွင့်ဆိုအပ်၏။ယင်းသို့ ဖွင့်ဆိုအပ်သည်ရှိသော်၊ဝိတက်ဝိစာတို့သည် တစ်စုံတစ်ခု
သော သဝိတက္ကသဝိစာရ စိတ်တို့၌ မကွေမကွာ ယှဉ်လေ့ရှိသောကြောင့် ယင်းတို့၏ အထူးသည် တစ်စုံတစ်ခု
၌ မထင်ရှားသည် မဟုတ်ပါလော။အထူးကို ဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် (က) မိန့်။

(ဂ)သို့။ ။ ဆရာ၊သည် (ခ) ဖြင့် သဝိသက္ကသဝိစာရကို ဝိတက္ကေန သဟ ဝတ္တတီတိ သဝိတက္ကံ၊ဝိစာရေန
သဟ ဝတ္တတီတိ သဝိစာရံ-ဟု ဝစနတ္ထပြုလျက် ဈာန်ကို သဝိတက္က,သဝိစာရအရ ကောက်အပ်၏ဟု ဓမ္မ
ဓိဋ္ဌာန်အားဖြင့် ဖွင့်ပြအပ်၏။ယင်းသို့ဆိုသော် ဝိဘင်း၌ ဣမိနာစ ဝိတက္ကေန ဥပေတော.စသည်ဖြင့် ဟောတော်
မူအပ်သောအရာနှင့် ယခုဆိုခဲ့ပြီးသောစကား မဆန့်ရာပြီလော။[ဂဏ္ဌိဟောင်း] (တစ်နည်း) ယင်းသို့ဆိုသော်
ဝိဘင်းပါဠိနှင့်မညီသည် မဟုတ်ပါလော။[ဂဏ္ဌိသစ်။]အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် [ဂ]မိန့်။
[ဃ-တိုင်မျှော်။] ဤဝိနည်း၌ကဲ့သို့ပင် တစ်ပါးသောကျမ်းတို့၌လည်း ဟောလေသလော။[ဂ] ဝါကျသာရူ။

(ဃ)သို့။ ။ ဆရာ၊သည် (ဂ) ဖြင့် ဝိဘင်း၌ ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်ကို ပြုအပ်၏ဟု ဖွင့်ဆိုအပ်၏။
ထိုသို့ပင် ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဈာန်ကိုပြသော်လည်း ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ပင် မရှိသည် မဟုတ်လော။
ထို့ကြောင့် အနက်ကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် [ဃ]မိန့်။

(တစ်နည်း) ပုဂ္ဂလာဓိဋ္ဌာနဒေသနာကို ပြုအပ်သောကြောင့် အနက်ကိုလည်း ဤဝိနည်းဒေသနာတော်မှ ထူးသော
ပုဂ္ဂလာအဓိဋ္ဌာန်အားဖြင့်သာ မှတ်သားအပ်ပါသလော။

ကား ။ ။ ဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဝိတက်ဝိစာရနှင့် ပြည့်စုံသည်၏အဖြစ်ကို ပြခြင်းဖြင့် ဈာန်၏သာလျှင်
သဝိတက္က သဝိစာရအဖြစ်ကို ဋ္ဌာနူပစာအားဖြင့်ပင် အနက်ကို မှတ်သားအပ်၏ ဟူလို။

နံပါတ် (၃)

(ခ) နိဂုံးဝါကျ။[တစ်နည်း]လဒ္ဓဂုဏ။ [ဣတီတိ တသ္မာ] [ယောဇနာ။]

(ဂ) ဝိသေသဝါကျ။[တစ်နည်း]ပက္ခန္တရ။[တစ်နည်း]ဝါကျာရမ္ဘ ဝိဘင်း၌ ဆိုအပ်သည်ကို ဆက်

http://www.dhammadownload.com



ပြသောကြောင့်။ (ဃ) ဝါကျာရမ္ဘ။

**စာစပ်** ။ ။ ဣတိ ကြောင့်ပေးသောကြောင့်၊သဝိတက္က သဝိစာရန္တိ ဝုစ္စတိဒ္ဒ အကြောင်းဟိတ်+အကျိုးဖိုးလ်စပ်။

နံပါတ် (၄)

**ဝိဘင်္ဂ ။ ။ ဝိဘဇီယန္တိ ဧမ္ဘာ ဓမ္မာ ဓောနာတိ ဝါ ဝိဘင်္ဂေါ။**

ဝိပုဗ္ဗ ဘဇ ဓာတ်အရ ကတ္တုဋ္ဌကား ခန္ဓာစသော တရားတို့ကို ဝေဖန်တော်မူသော ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ် မုချ။အဓိကရဏတ္တ[ဝါ]ကရဏတ္တကား ထိုအားတပ်သော ဝိဘင်းကျမ်း၏ ပကာတူပ နိသျှသတ္တိ ဖလူ။ဏ ပစ္စည်းအရ ထို-သော ဝိဘင်းကျမ်း ရ၏။

**ပုဂ္ဂလာဓိဋ္ဌာန ။ ။ ပုဂ္ဂလော အဓိဋ္ဌာနံ ဧတိဿာ ဒေသနာယာတိ ပုဂ္ဂလာဓိဋ္ဌာနာ။**

ပုဂ္ဂလအဓိဋ္ဌာန ဗဟုဗ္ဗီဟိအရ ပုဂ္ဂိုလ်တည်းဟူသော တည်ရာသည်မုချ။ထို ၏ ဧတ အညပုဒ်အရ ဒေသနာနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူ။ဧတ အညပုဒ်အရ ထို-သော ဒေသနာ ရ၏။

နံပါတ် (၅)

**အဓိဋ္ဌာန**။ အဓိ-ဌာ+ယု။ [အဓိဋ္ဌဟန္တိ ဧတ္ထာတိ အဓိဋ္ဌာနံ။] **ပါကဋ**။ ပ-ကဋ+ဏ။

**ရုက္ခ**။ ရုက္ခ+အ။ [ရုဟ+ခ။] **ဝိသေသ**။ ဝိ-သိသ+ဏ။ **ဖလ**။ ဖလ+အ။

**ပုပ္ဖ**။ ပုပ္ဖ+အ။ **ဥပေတာ**။ ဥပ-ဣ + တ။

နံပါတ် (၆)

(ခ) ဝိတက္ကေန သဟ ဝတ္တတိဖြင့် သဝိတက္ကံ၌ သ-သဒ္ဒါသည် သဟသဒ္ဒါ၏ ကာရိယအဖြစ်ကိုလည်းကောင်း၊သဟ ဝိတက္ကေန ယံ ဝတ္တတီတိ သဝိတက္ကံ-ဟု သဟပုဗ္ဗပဒ ပဌမာဗဟုဗ္ဗီဟိ ပြုအပ်သည်ကိုလည်း ကောင်း သိစေပါသည်။ ဝိစာရေန သဟ ဝတ္တတိ-လည်း နည်းတူဖော်။

**ဣဒံ ဈာနံဖြင့်** သဝိတက္ကသဝိစာရံအရ ဈာန်ကို အရကောက်ရမည်အဖြစ်ကိုသိ

**ရုက္ခော၀ိယ ပုပ္ဖေနစ ဖလေနစဖြင့်** အစိတ်မလွတ်သော အပွင့်အသီး သစ်ခက်စသည် မရှိသော်လည်း၊ သစ်ပင်ကို သပုပ္ဖ သဖလ-ဟု ဆိုအပ်သကဲ့သို့ထို့အတူ ဝိတက်ဝိစာရစသော အစိတ်အင်္ဂါမလွတ်သောဈာန် မည်သည်မရှိသော်လည်း ဈာန်ကို သဝိတက္ကံ သဝိစာရံ-ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်ကို သိစေပါသည်။

နံပါတ် (၇)

တတြာပိ / တတြ...

တတြာပီတိ ဝိဘင်္ဂေ။အပိသဒ္ဒေါ ဣမံ ဌာနံ အပေက္ခတိ။[ယောဇနာ]ကို ထောက်၍ အပေက္ခဏ အနက်ရှိသော အပိသဒ္ဒါပါသော တတြာပိ ပါဠ်သင့်။

နံပါတ် (၈)

**(ဂ)ဝိဘင်းပါဠိစကားရပ်။** ။ ဌာနဖြစ်သော ဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဣမိနာစ ဝိတက္ကေန ဣမိနာစ ဝိစာရေန ဥပေတာ ဟောတိ သမုပေတော ဟူသောအမည်ကို ဌာနီဖြစ်သော ပဌမဈာန်၌တင် ဌာနူပစာရနာနန္တရိကနည်း။

**ဈာနသမင်္ဂီနော ဝိတက္ကဝိစာရသမင်္ဂိတာ ဒဿနေန ဈာနဿေဝ သဝိတက္ကသဝိစာရတာ ဝုတ္တာတိ အာဟ အဋ္ဌော ပန တတြာပိ ဧဝမေဝ ဒဋ္ဌဗ္ဗောတိ။** [သာရတ္ထ၊ ၁။ ၃၆၁။]

**(ခ)သဝိတက္ကသဝိစာရံ။** ဝိတက် ဝိစာရတို့နှင့် ပဌမဈာန်ကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသော

http://www.dhammadownload.com



ကြောင့် အဘေဒဘေဒူပစာ။ [ဣတိ ဣမိနာစ ။ပ။ ဝုစ္စတိ ဟူသော ဆိုလတ္တံ့သော ဝါကျကိုထောက်သည်]

**ဇဝံ ဝိတက္ကာဒိအင်္ဂဝိနိမုတ္တံ့ အဝိဇ္ဇမာနမ္ပိ ဈာနံ သဝိတက္ကသဝိစာရန္တိ ဝေါဟရီယတိ။**
[သာရတ္ထ၊၁။၃၆၁။]

နံပါတ် (၁၀)

**သဝိတက္ကသဝိစာရံ အရ ။** ။ ပဌမဈာန် ဒုတိယဈာန်ကို ကောက်။

ထိုနှင့် အနှီးစပ်သော လက္ခဏာ တူသောကြောင့်လည်းကောင်း။ထိုနှင့်တကွ ဖြစ်လေ့ရှိသောကြောင့် လည်းကောင်း။ထိုနှင့်နီဝရဏတရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်းကိစ္စတူသောကြောင့် လည်းကောင်း။ ထိုနှင့် သဟဇာတဈာနင်စသော အကြောင်းတူသောကြောင့်လည်းကောင်း။ထိုနှင့် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်စသော အကျိုးတူသောကြောင့်လည်းကောင်း။ထိုနှင့် ကသိုဏ်းစသော ပညတ်အာရုံ တူသောကြောင့်လည်းကောင်း။ထိုနှင့် ကုသိုလ်ဇာတ်၊မဟဂ္ဂုတ်၊စူးစူးစိုက်စိုက်ရှုခြင်းကြိယာ၊ပရမတ္ထဓမ္မဒြပ်၊မဟဂ္ဂုတ်အမည် တူသောကြောင့်လည်းကောင်း။ပဌမဈာန် ဒုတိယဈာန် စိတ္တုပ္ပါဒ်တို့ကိုလည်း ယူအပ်၏။

***************

**ဝါကျစဉ် (၆၀)**

(က ) **ဝိဝေကဇန္တိ** တွေ့ ဝိဝိတ္တိ ဝိဝေကော။
(ခ ) နီဝရဏဝိဂမောတိ အတ္ထော။
(ဂ ) ဝိဝိတ္တောတိ ဝါ ဝိဝေကော။
(ဃ ) နီဝရဏဝိဝိတ္တော ဈာနသမ္ပယုတ္တဓမ္မရာသီတိ အတ္ထော။
(င ) တသ္မာ ဝိဝေကာ တသ္မိံ ဝါ ဝိဝေကေ ဇာတန္တိ **ဝိဝေကဇံ**။
(စ ) **ပီတိသုခန္တိ** တွေ့ ပီနယတီတိ ပီတိ။
(ဆ ) သာ သမ္ပိယာယနလက္ခဏာ၊ကာယစိတ္တပီနနရသာ၊ဖရဏရသာ ဝါ၊ဩဒဂျပစ္စုပဋ္ဌာနာ။
(ဇ ) သုခနံ သုခံ၊သုဋ္ဌု ဝါ ခါဒတိ ခနတိစ ကာယစိတ္တာဗာဓန္တိ **သုခံ**။
(ဈ ) တံ သာတလက္ခဏံ၊သမ္ပယုတ္တကာနံ ဥပဗြူဟနရသံ၊ အနုဂ္ဂဟပစ္စုပဋ္ဌာနံ။
(ဝိ၊ ၌၊ ၁။ ၁၃၅။)

***************

နံပါတ် (၁)

(က) ဝိဝေကဇံ-နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သောဈာန်။
**(တစ်နည်း)** ဝိဝေကဇံ-နီဝရဏတို့မှ ကင်းဆိတ်သော။(ဝါ) နီဝရဏတို့သည် ကင်းဆိတ်စေအပ်သော ဈာန သမ္ပယုတ် တရားအစု၌ ဖြစ်သောဈာန်။
(ဂ) ဝိဝိတ္တော-ကင်းဆိတ်၏။ (ဝါ) ကင်းဆိတ်စေအပ်၏။
(ဆ) သာ-ထိုပီတိသည်။သမ္ပိယာယနလက္ခဏာ-လွန်စွာချစ်ခြင်းဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။(ဝါ) လွန်စွာ နှစ်သက်ခြင်း လက္ခဏာရှိ၏။ကာယစိတ္တပီနနရသာ-ကိုယ်စိတ်နှစ်ပါး တိုးပွားစေခြင်း ကိစ္စရှိ၏။ဩဒဂျပစ္စုပဋ္ဌာနာ-ဖောက်ကြွသောစိတ်၏ ဖြစ်ကြောင်းတရား-ဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။

http://www.dhammadownload.com



(ဈ) ကာယစိတ္တဗာဓံ-ကိုယ်နှာစိတ်နှာ နှစ်ဖြာသောဒုက္ခဝေဒနာကို။သုဋ္ဌု-လွန်စွာ။ခါဒတိ-ခဲစားတတ်၏။ ခနတိစ-တူးဖြိုလည်း တူးဖြိုတတ်၏။

(ဈ) တံ-ထိုသုခသည်။သာတလက္ခဏံ-မိမိကိန်းရာသတ္တဝါနှင့် သမ္ပယုတ္တဓမ္မတို့ကို သာယာစေတတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။သမ္ပယုတ္တကာနံ-တို့ကို။ဥပဗြူဟနရသံ-တိုးပွားစေခြင်း ကိစ္စရှိ၏။ (သမ္ပယုတ္တကာနံ) အနုဂ္ဂဟပစ္စုပဋ္ဌာနံ-အဖန်ဖန်ယူခြင်း သဘောတရား-ဟု ယောဂီတို့ ဉာဏ်အားရှေးရှုထင်လာ၏။(ဝါ) ချီးမြှောက်ခြင်းသဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။(ဝါ) ချီးမြှောက်ခြင်း သဘောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။

နံပါတ် (၂)

**(ခ)သို့** ။။ ဆရာသည် (က)ဖြင့် ဝိဝေကောကို ဝိဝေစနံ ဝိဝေကော-ဟု အဘိဓာနတ္ထကို ဖွင့်ပြတော်မူအပ်၏။ အဘယ်တို့မှ ကင်းဆိတ်ပါသနည်း။။။အနိဋ္ဌတို့မှ ကင်းဆိတ်ခြင်းလော။ စုဒ်ကြောင့် (ခ) မိန့်။

**(င)သို့**။ ။ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဝိဝေကဇံ၌ ဝိဝေကပုဒ်တစ်စိတ်၏ အဘိဓာနတ္ထ၊အဘိဓေယျတ္ထတို့ကို ဖွင့်ပြတော်မူအပ်၏။ဝိဝေက-ဟူ၍ သံဝဏ္ဏေတဗ္ဗ၌မရှိ ဝိဝေကဇံ-ဟုသာ သံဝဏ္ဏေတဗ္ဗ၌ရှိသည် မဟုတ်ပါလော။ထို့ကြောင့် ဝိဝေကဇံ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ အပေါင်းပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။စုဒ်ကြောင့် (င)မိန့်။

နံပါတ် (၃)

**(က) ပက္ခန္တရ။ (ခ) ဝိတ္ထာရ။ (ဂ) နယန္တရပက္ခန္တရ။ (ဃ) ဝိတ္ထာရ။ (င) ပက္ခန္တရ။**

**(စ) ပက္ခန္တရ။ (ဆ) ဝါကျာရမ္ဘ။ (ဇ) ပက္ခန္တရ။ (ဈ) ဝါကျာရမ္ဘ။**

**တစပ်** ။ ။ တသ္မာဝိဝေကာ-ကား ကြောင့် ပေး၊ ဇာတံ-၌ ဟိတ်/အကျိုးဖိုလ်စပ်။

တသ္မိံဝိဝေကေ ကား ၌ ပေး၊ ဇာတံ-၌ အာဓာရ/အာဓာရယ်စပ်။

နံပါတ် (၄)

**ဝိဝေက**။ ။ **ဝိဝိစ္စတီတိ ဝိဝေကော။ ဝိဝေစီယတေတိ ဝိဝေကော။**

ဝိ ဥပသဂ္ဂ အရ ဓာတွတ္ထာနုဝတ္တက ဘောဂဏ်ရ၏။ဝိစဓာတ်အရ နီဝရဏတို့မှ ကင်းဆိတ်သော သတ္တိ လက္ခဏာ သဘာဝ ရ၏။ဏပစ္စည်းအရ သတ္တိမန္တ လက္ခဏဝန္တ သဘာဝန္တဖြစ်သော ဈာန်နှင့်ယှဉ်သော တရားအစုရ၏။

ဝိ ဥပသာရ အရ ဓာတွတ္ထာနုဝတ္တက ဘောဂဏ်ရ၏။ဝိစဓာတ် ကတ္တုဋ္ဌ-ကား ကင်းဆိတ်တတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ပဌမဈာန်၏ ဝိက္ခမ္ဘနပဟာနသတ္တိသည် မုချ။ဟေတုကမ္မဋ္ဌ ကား ဈာန်နှင့်ယှဉ်သော တရားအစု၏ ဈာနာဒိပစ္စယပ္ပန္နဘောဂဏ်သည် ကာရဏူပစာ။ဏ ပစ္စည်းအရ ထို-သော ဈာနှင့်ယှဉ်သော တရားအစုရ၏။

**ဝိကေကဇံ** ။ ။ **ဝိဝေက ဇာတံ ဝိဝေကဇံ**။

ဝိဝေကအရ နီဝရဏတို့မှ ကင်းဆိတ်ခြင်းသည် မုချ။ထို၏ ပဌဈာန်နှင့် အကြောင်း/အကျိုးစပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ပဌမဈာန် ရ၏။

**(တစ်နည်း)** ဝိဝေက-အရ ဈာနသမ္ပယုတ် တရားအစုသည် မုချ။ ထို၏ ပဌမဈာန်နှင့် အပေါင်း/အစိတ်

http://www.dhammadownload.com



စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော ပဌမရျာန်ရ၏။

**ဩဒဂျ ။ ။ ဥဒ္ဓံ အင္ဂံ ယဿာတိ ဥဒဂ္ဂံ။ ဥဒဂ္ဂဿ ဘာဝေါ ဩဒဂျံ။**

ဥဒဂ္ဂ အရ အထက်၌ တက်ကြွသော စိတ်သည်မှချ။ထို၏ ဏျပစ္စည်းအရ အထက်၌ တက်ကြွသော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ ပီတိနှင့် နိဿယ/နိဿိတ စပ် ဌာနူပစာ။ဏျပစ္စည်းသရ ထို-သော ပီတိရ၏။

**သာတ ။ ။ တံ သမ်ဂီပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ သာဒယတီတိ သာတံ။**(သာဒ+အ) (သဒ+ဏ)

သာဒဓာတ်အရ သုခ္ဓကတ္တုဩကား သမ္ပယုတ်တရားတို့၏ ဥပါဒ်သည် မှချ။ဟေတုကတ္တုဩကား သုခ၏ သဟဇာတပစ္စယ သတ္တိသည် ဖလူပစာ။အပစ္စည်းအရ သာယာတတ်သော သုခရ၏။

နံပါတ် (၅)

**ရျာန**။ ဈေ + ယု။ **ပီတိ**။ ပီ (ပီဏ)+ တိ။ **ဖရဏ**။ ဖရ + ယု။ **ဖြူဟန**။ ဖြူဟ + ယု။

နံပါတ် (၆)

(က) **ဝိဝိတ္တောဖြင့်** ဝိဝေကော၌ ဝိပုဗ္ဗ ဝိစဓာတ် + ဏ ပစ္စည်း၊ယင်းဏပစ္စည်း ကတ္တုသာဓန၌ သက်၍၊ ဝိဝိစ္စတီတိ ဝိဝေကော-ဟုပြု [**တစ်နည်း**]ဏပစ္စည်း ဟေတုကမ္မသာဓန၌သက်၍ ဝိဝေစီယတေတိ ဝိဝေကော-ဟု ဝစနတ္ထပြု၍၊ဏပစ္စည်း ကတ္တား/ဟေတုကတ္တားအနက်၌ သက်သည်ကို သိစေ။

(ခ) **ပိနယတိဖြင့်** ပီတိပုဒ်ကို ပိနယတီတိ ပီတိ-ဟု ဟေတုကတ္တုသာဓန ပြုအပ်သည်ကို လည်းကောင်း၊ တိ ပစ္စည်း ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကို လည်းကောင်း သိစေပါသည်။

(ဂ) **သုခနံဖြင့်** သုခံ၌ သုခဓာတ်၊အပစ္စည်း၊အပစ္စည်း ဘာဝသာဓန၌ သက်သည်ကိုလည်းကောင်း၊သုခနံ သုခံ-ဟု ဘာဝသာဓန ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း သိ။**သုဋ္ဌု ခါဒတိဖြင့်** သုခံ၌၊သုပုဗ္ဗ၊ခါဒဓာတ်၊ သုဥပသာရ၏ သုဋ္ဌုအနက်ဟောသည်ကို လည်းကောင်း၊ကွိပစ္စည်းကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊ သုဋ္ဌု ခါဒတီတိ သုခံ-ဟု ကတ္တုသာဓန ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သိစေပါသည်။

**သုဋ္ဌု ခနတိဖြင့်** သုပုဗ္ဗ၊ခနဓာတ်၊သု ဥပသာရ၏ သုဋ္ဌု အနက်ဟောသည်ကို လည်းကောင်း၊ကွိပစ္စည်း ကတ္တုသာဓန၌ သက်သည်ကို လည်းကောင်း၊သုဋ္ဌု ခနတီတိ သုခံ-ဟု ကတ္တုသာဓန ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း သိစေပါသည်။

နံပါတ် (၇)

**နီဝရဏဝိဝိတ္တော/နီဝရဏာ ဝိဝိတ္တော...**

တေဟိ ဝိဝေစိတော-ဟု ဋီကာ၌ ဗဟုဝုစ်ဖြင့် နီဝရဏကို ညွှန်ပြသောကြောင့် ဝါကျမရှိသင့် သမာသ်သာ ဖြစ်သင့်သောကြောင့် နီဝရဏဝိဝိတ္တော ပါဌ်သာသင့်။

**သာတလက္ခဏ/သာဒလက္ခဏ...**

သာတလက္ခဏန္တိ ဣဋ္ဌသဘာဝတ္တာ တံသမ်ဂီပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ သာတံ၊ ဒကာရဿ တကာရံ ကတွာ။သာတံ လက္ခဏံ ဧတဿာတိ သာတလက္ခဏံ-ဟု [သာရတ္ထ၊ ၁။ ၃၆၁] ၌ ဆိုသောကြောင့် သာတလက္ခဏံ-ပါဌ်သာ သင့်။

နံပါတ် (၈)

(င) ဝိဝိတ္တံ ဝိဝေကောနှင့် တသ္မာ ဝိဝေကာ တွဲယူ၊ဝိဝိတ္တောတိဝါ ဝိဝေကောနှင့် တသ္မိံ ဝိဝေကေ

http://www.dhammadownload.com



တွဲယူ-ဤသို့ အစဉ်အတိုင်းယူအပ်သောကြောင့် ယထာက္ကမနည်း။

**ဝိဝိတ္တံ။** ။ ဘာဝသာခနေ့၌ထင်သော တိပစ္စည်းဖြင့်၊ဘာဝသာခနေ့၌ မထင်သော ဏပစ္စည်းကို ဖွင့်သောကြောင့် ဂေါဂဏှာနည်း။

**ပီတိ။** ။ အပေါင်းဖြစ်သော ပီတိ ၅ မျိုးလုံး၏ ပီတိဟူသော အမည်ကို အစိတ်ဖြစ်သော ဖရဏာပီတိ၌တင် ကေဒေသျူပစာ၊ရုဋ္ဌီနည်း။

နံပါတ် (၁၀)

**နီဝရဏာဝိဂမော အရ-** နီဝရဏတို့မှ ကင်းဆိတ်ခြင်း ဥပစာရှာန်။

****************

**ပါဠိကျမ်းစဉ် (၆၁)**

(က) အယဥ္စ ပီတိ ဈာနဥ္စ သုခံ အဿ ရှာနဿ,အဿဝ ဝါ ရှာနေ အတ္ထိတိ ဈာနံ ရှာနံ **"ပီတိသုခ"** န္တိ ဝုစ္စတိ။

(ခ) အထဝါ ပီတိ စ သုခဥ္စ ပီတိသုခံ ဓမ္မဝိနယာဒယော ဝိယ။ ဝိဝေကဇံ ပီတိသုခ မဿ ရှာနဿ, အဿဝ ဝါ ရှာနေ အတ္ထီတိ ဧဝမ္ပိ **ဝိဝေကဇံပီတိသုခံ။**

(ဂ) ယထေဝ ဟိ ရှာနံ၊ ဧဝံ ပီတိသုခမ္ပေတ္ထ ဝိဝေကဇမေဝ ဟောတိ၊တဉ္စဿ အတ္ထီတိ တသ္မာ ဧကပဒေနေဝ **"ဝိဝေကဇံပီတိသုခ"** န္တိပိ ဝတ္တုံ ယုဇ္ဇတိ။

(ဃ) ဝိဘင်္ဂေ ပန "ဈာနံ သုခံ ဈာမာယ ပီတိယာ သဟဂတ" န္တိ အာဒိနာ နယေနေတံ ဝုတ္တံ။

(င) အတ္ထော ပန တတ္ထာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၅/၆။]

****************

နံပါတ် (၁)

(ခ) ဝိဝေကဇံ-နီဝရဏတို့မှ ဆိတ်ခြင်း, ကင်းခြင်းကြောင်းဖြစ်သော။(ဝါ) နီဝရဏတို့မှ ဆိတ်တကင်းတတ်သော။(ဝါ)ဆိတ်စေအပ် ကင်းစေအပ်သော သမ္ပယုတ်တရား အပေါင်း၌ဖြစ်သော။ပီတိသုခံ-ပီတိသုခရှိသော။

(ဂ) ဟိ-မှန်၏။**[တစ်နည်း]**ဟိယသ္မာ။ရှာနံ-သည်။ဝိဝေကဇံ-ဝိဝေကကြောင့်ဖြစ်သည်။ဟောတိယထေဝ-သို့သာလျှင်။ဧဝံ-တူ။ဧတ္ထ-ဤရှာန်၌။အဿ-ထိုရှာန်၏။တဉ္စ-ထိုဝိဝေကကြောင့်ဖြစ်သော ပီတိသုခသည်လည်း။

(ဃ) ပန-ဆက်။ဧတံ-ဤပီတိသုခ၏ အဖွင့်ကို။ [ဘဂဝတာ]။

(င) ပန-သော်လည်း။တတ္ထာပိ-ထိုရှာနဝိဘင်းပါဠိတော်၌လည်း။ဧဝမေဝ-ဤဖွင့်ဆိုအပ်သည့်အတိုင်းသာ။

နံပါတ် (၂)

**(ခ)သို့ အနုသန္ဓေ။** ။ ဤသို့ (က)ဖြင့် ပီတိစ သုခဥ္စ ပီတိသုခံ-ဟု ဒွန်တွဲ၍၊ပီတိသုခံ အဿ အဿဝ ဝါ အတ္ထီတိ ပီတိသုခံ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း။ဝိဝေကဇံနှင့် ပီတိသုခံ တို့ကား ဝိဘတ္တျန္တပုဒ်နှစ်ပုဒ် အဖြစ်ကိုလည်းကောင်း ပြပြီး၍။ယခုအခါ၌ ပီတိသုခံကို ဒွန်တွဲ၍၊ဝိဝေကဇနှင့် ပီတိသုခကို

http://www.dhammadownload.com



စတုတ္ထီ[ဝါ]သတ္တမီဗဟုဗ္ဗီဟိသမာသ်တွဲစပ်အပ်သည်ကိုလည်းကောင်း၊ပီတိသုခကိုသာ ဝိဝေကဇဟု ဆိုအပ်သည်၏အဖြစ်၊ဝိဝေကဇံပီတိသုခံကား ပဌမာဝိဘတ် မကျေသော တစ်ပုဒ်တည်းဖြစ်သည်ကို လည်းကောင်း၊ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်။

**(ဂ)သို့။** ။ ဆရာ၊သည် (ခ)ဖြင့် ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသောကြောင့် ဈာန်သည် ဝိဝေကဇပီတိသုခ-မည်၏ဟု ဆို၏။ဈာန်သာလျှင် ဝိဝေကကြောင့်ဖြစ်သည်မဟုတ်ပါလော။ထိုသို့ဖြစ်ပါလျက်(ခ)ဝါကျစကားရပ်၌ ဝိဝေကကြောင့်ဖြစ်သော ပီတိသုခ-ဟု ဆိုခြင်းသည်အသို့သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့်(ဂ)မိန့်။

**(တစ်နည်း)** ဆရာ၊သည် (ခ) ဖြင့် ပီတိ စ သုခဉ္စ စသည်ဖြင့် ဆိုတော်မူ၏။ရှေ့ဝါကျ၌ အယဋ္ဌ ပီတိစသော နည်းဖြင့် ဝိဝေကဇံ ပီတိသုခံ ဟု အနေကပဒ ဒွိပဒ၏ အစွမ်းဖြင့်သာ ဆိုသင့်သည်မဟုတ်လော။အဘယ့်ကြောင့် ဝိဝေကဇံပီတိသုခံ-ဟူ၍ ကေပဒ၏ အစွမ်းဖြင့် ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**မှတ်ချက်။** ။ နယဋ္ဌရဝါကျနောင် ဒဋ္ဌီဝါကျရှိက၊ယင်းကို ကျမ်းတက်သော် နယဝါကျကို လျဉ်းပါး၍ အဘော်ထားရမည်ကို ပုံသေမှတ်ပါ။

နံပါတ် (၃)

**(ခ) နယဋ္ဌရပက္ခဋ္ဌရ။ (ဂ)ဒဋ္ဌီကရဏ [တစ်နည်း] ကာရဏ။**

**(ဃ) ဝါကျာရမ္ဘ။ [တစ်နည်း] ပက္ခဋ္ဌရ။ (င) ဝါကျာရမ္ဘ။**

နံပါတ် (၄)

**ပီတိသုခ ။ ။ ပီတိစ သုခဉ္စ ပီတိသုခံ။ပီတိသုခံ အဿ ဈာနဿ အတ္ထိ ဝါ ဈာနေ အတ္ထီတိ ပီတိသုခံ။**

ပီတိ-ရှေ့ပုဒ်အရ ပီတိသည် မှုချ။ထို-၏ သုခ နောက်ပုဒ်အရ သုခဝေဒနာနှင့် ပဌမဈာန်၌အတူဖြစ်ခြင်းကို အကြောင်းပြု၍ အချင်းချင်းငဲ့ခြင်းဟုဆိုအပ်သော အညမညပေက္ခ သမ္ဗန်သည် ဌာန္။ပုဒ်လုံးအရ ထို-သော ပီတိသုခ ရ၏ [ခ]ရှ။

ပီတိသုခ တဒ္ဓိတ်ပုဒ်အရ ပီတိသုခ ရ၏။ထို-၏ ပဌမဈာန်နှင့် အစိတ်+အပေါင်း စပ် ဌာန္။အပစ္စည်းအရ ပဌမဈာန်ရ၏။ [က] ရှ။

**ဝိဝေကဇံပီတိသုခံ။ ။ ဝိဝေကဇံ ပီတိသုခံ အဿ ဈာနဿ အတ္ထိ ဝါ ဈာနေ အတ္ထီတိ ဝိဝေကဇံပီတိသုခံ။**

ဝိဝေကဇံ ပီတိသုခံ ဗဟုဗ္ဗီအရ နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော[ဝါ]နီဝရဏတို့မှ ဆိတ်တတ်ကင်းတတ်သော။[ဝါ]ဆိတ်စေအပ် ကင်းစေအပ်သော သမ္ပယုတ်တရား အပေါင်း၌ဖြစ်သော ပီတိသုခသည်မှုချ။ ထို၏ ဣမ အညပုဒ်အရ ပဌမဈာန်နှင့် အစိတ်+အပေါင်း စပ် ဌာန္။ဣမ အရ ထို သော ပဌမဈာန် ရ၏။

နံပါတ် (၅)

**သုခ။ သုခ+အ။ ဓမ္မ။ ဓရ+ရမ္မ။ ဝိနယ။ ဝိ-နီ+ဏ။ ဝတ္ထုံ။ ဝတု+တုံ။**

နံပါတ် (၆)

(က) ဖြင့် ပီတိသုခကို ပီတိစ သုခဉ္စ ပီတိသုခံ ဟု ဒွန်သမာသ်ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊ ပီတိသုခံ အဿ ဈာနဿ အတ္ထိ ဝါ ဈာနေ အတ္ထီတိ ပီတိသုခံ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊ဏပစ္စည်း အဿတ္ထိအနက်၌ သက်သည်ကိုလည်းကောင်း၊ပီတိသုခအရ ဈာန်ကို အရကောက်အပ်သည်ကိုလည်းကောင်း သိစေ။ [ယင်းကို နည်းထုတ်ခိုင်းလျှင် လဟုကနည်း ထုတ်ရမည်။] ဝိမတိ၌

http://www.dhammadownload.com



ဗဟုဗ္ဗီဟိသမာသ်ဟု ဆို၏ ယင်းအဆို ဆင်ခြင်ရန် ဂဏ္ဌိသစ်၌ အမှာထားသည်ကို ထို၌ ရှုပါ။

(ခ) ဖြင့် ပိတ်သုခကို ဒွန်သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊မေ့ဝိနယသဒ္ဒါသည် သမာဟာရဒွန် ဖြစ်သကဲ့သို့ ဤပိတိသုခ ပုဒ်သည်လည်း သမာဟာရဒွန် ဖြစ်၏ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ ဝိဝေကဇံ ပီတိသုခံ ပုဒ်ကို ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြု၍ဝိဝေကဇအရ ပီတိသုခကို ယူအပ်သည်ကိုလည်းကောင်း၊ ဝိဝေကဇပီတိသုခံ အရ ဈာန်ကို ယူအပ်သည်ကို လည်းကောင်း သိစေ။

နံပါတ် (၇)

**ဝိဝေကဇံပီတိသုခံ/ဝိဝေကဇပီတိသုခံ...**

**ဒုတိယေ ဝိဝေကဇပီတိသုခံ၊ဝိဝေကဇံပီတိသုခန္တိစ အညပဒတ္ထသမာသော ပစ္စတ္တနိဒ္ဒေသသာသစ အလောပေါ ကတော။လောပေ ဝါ သတိ "ဝိဝေကဇပီတိသုခ"န္တိ ပါဌော အယံ ဝိသေသော**-ဟူသော[သာရတ္ထ၊ ၁။ ၃၆၃။]ကို ထောက်၍ [ခ] ဝါကျ ဒုတိယဝိကပ်တွင် ဝိဝေကဇံပုဒ်၌ ပဌမာဝိဘတ် မကျေလျှင် ဝိဝေကဇံပီတိသုခံ ပါဌ်သင့်။ ပဌမာဝိဘတ်ကျေလျှင် ဝိဝေကဇပီတိသုခံ ပါဌ်လည်းသင့်။

နံပါတ် (၈)

(က)ရှု နယူပစာ။ ။ ဌာန မကင်းရာဖြစ်သော ဈာန်ကိုဆိုသဖြင့်၊ဌာနီမကင်းတတ်သော ပီတိသုခကိုလည်း ရသောကြောင့် နာန္တရိကနည်း၊ ဌာနူပစာ။

နိယံ။ ။ ဗဟုဗ္ဗီဟိ၊ အသာတ္တိဟု၊ ရှိသည့်အရာ၊ သဘောမှာ၊ နာန္တရိကနည်း ယူမြဲ။

နံပါတ် (၁၀)

(ဃ) ဧတ္ထ အရ ဝိတက် ဝိစာရ ကေဂ္ဂတာ ရ၏။

****************

**ပါကျစဉ် (၆၂)**

(က ) ပဌမန္တိ ဂဏနာနုပုဗ္ဗတော ပဌမံ၊ ဣဒံ ပဌမံ သမာပဇ္ဇတီတိပိ ပဌမံ။

(ခ ) ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ။

(ဂ ) ဣမိနာ ယောဂိနော ဈာယန္တီတိပိ ဈာနံ။

(ဃ ) ပစ္စနီကဓမ္မေ ဍဟန္တိ၊ ဂေါစရံဝါ စိန္တေတီတိ အတ္ထော။

(င ) သယံဝါ တံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။

(စ ) တေနေဝ ဥပနိဇ္ဈာနလက္ခဏန္တိ ဝုစ္စတိ။

(ဆ ) တဒေတံ အာရမ္မဏူပနိဇ္ဈာနံ လက္ခဏူပနိဇ္ဈာနန္တိ ဒုဝိဓံ ဟောတိ။[ဋ္ဌ၊၁၊၁၁၆။]

****************

နံပါတ် (၁)

(က) ဂဏနာနုပုဗ္ဗတော၊ ရေတွက်ခြင်း အစဉ်အားဖြင့်။ [ဝါ] ဂဏန်းအစဉ်အားဖြင့်။

(ခ) ပစ္စနီကဓမ္မေ၊နီဝရဏစသော ဆန့်ကျင်ဘက်တရားတို့ကို။ဈာပေတိ၊ပူစေတတ်၏၊လောင်စေတတ်၏ မြိုက်စေတတ်၏၊ဖုတ်ကြည်းတတ်၏။[သဒ္ဒတ္ထ] ဝိက္ခမ္ဘနပဟာန်အစွမ်းဖြင့် ပယ်တတ်၏။[အဓိပ္ပါယတ္ထ။] ,

http://www.dhammadownload.com


နံပါတ် (၂)

(ဃ)သို့။ ။ ဆရာသည် (ခ+ဂ)ဝါကျတို့ဖြင့် ဈာန်ပုဒ်ကို ဟေတုကတ္တုသာဓန ကရဏသာဓန ဝစနတ္ထပြုအပ်သည်ကို ပြဆိုတော်မူ၏။ယင်းပုဒ်ကို ဟေတုကတ္တုသာဓနပြုခိုက် ဈေဓာတ်သည် မည်သည့်အနက်ကို ဟောပါသနည်း။ကရဏသာဓနပြုခိုက် ဈေဓာတ်သည် မည်သည့်အနက်ကိုဟောပါသနည်း။ဉာဏ;ဒိတ္တိ-စသောအနက်ကိုပင် ဟောပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

ကား။ ။ ဒဥဟာန အနက်ဟော၏ ဟူလို။

ဈေ တု ဥဠှာန ဓယှနေ၊ ဉာဏဒိတ္တိစိန္တာသုစ။
သဇ္ဈာယောပနိဇ္ဈာနေသု၊ ဝေဒိတဗ္ဗော ဝိဘာဝိနာ။ [ကေကွရကောသ။]

နံပါတ် (၃)

(က) ပကၠတ္ထရ။ (ခ) ပကၠတ္ထရ။ (ဂ) ပကၠတ္ထရ။ (ဃ) ဝိတ္တာရ။ (င) ပကၠတ္ထရ။
(စ) လဒ္ဓဝုဏ။ (ဃ) ဝိတ္တာရ။

နံပါတ် (၄)

ဂဏာနာနုပုဗ္ဗတော။ ။ ဂဏီယတေ ဂဏနာ။ ဂဏနာယ အနုပုဗ္ဗံ ဂဏနာနုပုဗ္ဗံ။
တစ်နည်း ။ ။ ဂဏီယတေ အနေနာတိ ဂဏနံ။ဂဏနသ္မ အနုပုဗ္ဗံ ဂဏနာနုပုဗ္ဗံ။
ပစ္စနီက ။ ။ နတ္ထိ တေသွာ ဤတိ ဥပဒ္ဒဝေါတိ အနီတော။ အနီတသ္မ ပဋိပက္ခော ပစ္စနီတော။ ပစ္စနီတောဝ ပစ္စနီကော။
ယောဂီနော ။ ။ ယုဇ္ဇတေ ယောဂီနာတိ ယောဂေါ။ယောဂေါ ဧတေသံ အတ္ထီတိ ယောဂီနော။

ယောဂ ပုဒ်အရ အားထုတ်အပ်သော ဘာဝနာရ၏။ထို ၏ ယောဂီပုဂ္ဂိုလ်နှင့် အာရုံ/အာရမ္မဏိက စပ် ဌာနပစာ။ဤ ပစ္စည်းအရ ယောဂီပုဂ္ဂိုလ် ရ၏။

လက္ခဏ။ ။ လက္ခီယတိ လက္ခီတဗ္ဗံ အနေနာတိ လက္ခဏံ။
ဥပနိဇ္ဈာယနံ။ ။ ဥပနိဇ္ဈာယတိ ဥပနိဇ္ဈာယန္တိ ဝါ ဧတေနာတိ ဥပနိဇ္ဈာယနံ။
လက္ခဏသ္မ ဥပနိဇ္ဈာယနံ လက္ခဏူပနိဇ္ဈာယနံ။

ရှေ့ပုဒ်အရ အနိစ္စစသော လက္ခဏာ+နိဗ္ဗာန်၏ တထလက္ခဏာသည်မှချ။ယင်း၏ဈာန်တရားတို့နှင့် အာရုံ/အာရမ္မဏိက စပ် ဌာန။[အကြောင်းအကျိုးလည်း စပ်နိုင်သည်။]ပုဒ်လုံး၏အရကား ဈာန်တရား ရ၏။

ဈာန။ ။ ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ။

ဈေ-ဓာတ်အရ သုဒ္ဓကတ္တုဌ လောင်မြိုက်ခံရသော နီဝရဏ တရားတို့၏ မရှိခြင်း အဘာဝပညတ်မှချ။ဟေတုကတ္တုဌ-ဝိတက်စသော ဈာန်(၅)ပါးအပေါင်း၏ ပကတူပနိသျှသတ္တိရ၏။ယုပစ္စည်း-ဈာန်ရ၏။

နံပါတ် (၅)

ဂေါစရ။ ဂေါ-စရ+အ။ ဂဏန။ ဂဏ+ယု [ဣတ္ထိလိင်-နပုလ္လိင်]
အနုပုဗ္ဗ။ အနု-ပုဗ္ဗ+အ။ အာရမ္မဏ။ အာ-ရမု+ယု။

နံပါတ် (၆)

(က) ဂဏာနာနုပုဗ္ဗတောဖြင့် ပဌမသဒ္ဒါ အာဒိအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အပစ္စည်း

http://www.dhammadownload.com



ဒေသိတတခွိတ်အနက်၌ သက်သည်ကို လည်းကောင်း။ပဌမံ ဒေသိတန္တိ-ပဌမံ ဟု ဒေသိတ တဒ္ဓိတ်ဝစနတ္ထ ပြအပ်သည်ကိုလည်းကောင်း၊ ဒေသနာက္ကမအားဖြင့် ပဌမ မည်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ပဌမံ သမာပန္နတိဖြင့်** ပဌမံ ပုဒ်ကို သမာပန္နိတဗ္ဗတဒ္ဓိတ် ဝစနတ္ထပြ၍၊အပစ္စည်း သမာပန္နိတဗ္ဗတဒ္ဓိတ်၌ သက်သည်ကို သိစေပါသည်။ဗိ-ဖြင့် ရေတွက်ခြင်း အစဉ်အားဖြင့်သာ ပဌမ မည်သည်မဟုတ်၊ဦးစွာဝင်စားအပ် သောကြောင့်လည်း ပဌမ မည်သည်၏အဖြစ်ကို သိစေပါသည်။

(ခ) **ပစ္စနီကဓမ္မေ ဈာပေတီဖြင့်** ဈာန်၌ ဈေဓာတ်၊ယုပစ္စည်း ဟေတုကတ္တုသာခနေ၌ သက်သည်ကို လည်းကောင်း၊ဈာပေတီတိ ဈာန်-ဟု ဟေတုကတ္တုသာခနေ ဝစနတ္ထပြအပ်သည်ကိုလည်းကောင်း၊ပူလောင်စေ တတ်၏ ဟူသည် ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ပူလောင်စေခြင်းပင်ဖြစ်၏-ဟူသော အဓိပ္ပါယ်လည်း ကောင်း သိစေပါသည်။

(ဂ) **လက္ခဏာ ယောဂိနော ဈာယန္တီဖြင့်** ဈာန်၌ ဈေဓာတ်၊ယုပစ္စည်း ကရဏသာခနေ၌ သက်သည်ကိုလည်း ကောင်း။ဈာယန္တိ လက္ခဏာတိ ဈာန်-ဟု ကရဏသာခနေစနတ္ထပြအပ်သည်ကိုလည်းကောင်း။ကြံစည်တတ်၏ ဟူသည် ယောဂီပုဂ္ဂိုလ်တို့က ကြံစည်ခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို လည်းကောင်း သိစေပါသည်**ပိသဒ္ဒါ** ဖြင့်(ခ)ဝိကပ်ကြောင့်သာ ဈာန်မည်သည် မဟုတ်သေး။(ဂ)ဝိကပ်ကြောင့်လည်းဈာန်မည်သည်၏အဖြစ်ကိုသိ။

(ဃ) **ပစ္စနီကဓမ္မေ ဍဟန္တီဖြင့်** (ခ) ဝါကျ ဈာပေတိ၌ ဈေဓာတ်သည် ဉာဏဒိတ္တိ စသော အနက်ကိုမဟော၊ ဍဟန အနက်ဟောသည်ကိုလည်းကောင်း။တစ်စုံတစ်ခုသော တရားတို့ကို လောင်သည်မဟုတ်၊ဆန့်ကျင် ဘက် နီဝရဏတရာတို့ကို လောင်ခြင်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။**ဂေါစရံ စိန္တေတီဖြင့်**(ဂ) ဝါကျ ဈာယန္တိ၌ ဈေဓာတ်သည် ဉာဏဒိတ္တိ စသောအနက်ကိုမဟော၊ စိန္တနအနက်ဟော သည်ကိုလည်းကောင်း၊ ကြံစီ၏ ဟူသည် ကသိဏ်းစသော အာရုံကိုကြံစည်ခြင်းပင် ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

(င) **သယံ ဝါ တံ ဈာယတီဖြင့်** ဈာန်၌ ဈေဓါတ်၊ယုပစ္စည်း၊ယုပစ္စည်း၏ သုဒ္ဓကတ္တုသာခနေ၌ သက်သည် ကိုလည်းကောင်း၊ဈာယတီတိ ဈာန်-ဟု သုဒ္ဓကတ္တုသာခနေ ပြအပ်သည်ကိုလည်းကောင်း၊ကပ်၍ရှုဟူသည် ဝိတက်စသော တရားများ ကိုယ်တိုင်ကပ်၍ ရှုသည်ကိုလည်းကောင်း သိစေပါသည်။

**နံပါတ်(၇)**

**ဂဏနာနုပုဗ္ဗတော /ဂဏနာနုပုဗ္ဗတာ...**

ဂဏနာနုပုဗ္ဗတော ပဌမန္တိ လက္ခဏာ ဒေသနာက္ကမံ ဥလ္လိင်္ဂေတိ။ "ဂဏနာနုပုဗ္ဗတာ ပဌမန္တိ" ဝိ ပါဌော။တတ္ထာပိ ဂဏနာနုပုဗ္ဗတာယာတိ အတ္ထော-ဟု [သာရတ္ထ၊ ၁။ ၃၆၃]ဆို သောကြောင့် နှစ်ပါဌ်သင့်။ ဂဏနာနုပုဗ္ဗတောတိပိ အတ္ထိ။ ယောဇနာ။

**အာရမဏူ/အာရမ္မဏူ...**

ဒွေဘော်ဆောင်နိုင်သော သဒ္ဒယုတ္တိ မရှိသောကြောင့် အာရမဏူဟူသော ဒွေတော်မဲ့သာသင့်။

**နံပါတ် (၈)**

**ဂေါစရံ**။ ။ အပေါင်းဖြစ်သောအာရုံဟူသမျှ၏ ဂေါစရဟူသောအမည် ကို၊ အစိတ်ဖြစ်သော ပထဝီကသိဏ်း စသော အာရုံ၌တင် ဧကဒေသူပစာ။ ရှင်မိနည်း။**တစ်နည်း**-အတူဖြစ်သော နွားတို့၏ ကျက်စားရာအရပ်၏ ဂေါစရအမည်ကို အတူရှိသော ကသိဏ်းနိမိတ်အာရုံ၌ တင် သဒိသူ။

http://www.dhammadownload.com



နံပါတ် (၁၀)

(ဂ) ဣမိနာ ယောဂိနော ဈာယန္တိ အရ။ ။ ဝီရိယပြဋ္ဌန်းသော ဈာနသမ္ပယုတ်စိတ္တုပ္ပါဒ်။

******************

**ဝါကျစဉ် (၆၃)**

(က ) လက္ခဏူပနိဇ္ဈာနန္တိ ဝိပဿနာမဂ္ဂဖလာနိ ဝုစ္စန္တိ။

(ခ ) ကသ္မာ ? လက္ခဏူပနိဇ္ဈာယနတော။

(ဂ ) ဧတ္ထ ဟိ ဝိပဿနာ အနိစ္စလက္ခဏာဒီနိ ဥပနိဇ္ဈာယတိ။

(ဃ ) ဝိပဿနာယ ဥပနိဇ္ဈာယနကိစ္စံ ပန မဂ္ဂေန သိဇ္ဈတီတိ မဂ္ဂေါ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စတိ။

(င ) ဖလံ ပန နိရောဓဿ တထလက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စတိ။

(စ ) ဣမသ္မိံ ပနေတ္ထ အာရမ္မဏူပနိဇ္ဈာနမေဝ ဈာနန္တိ အဓိပ္ပေတံ။ [ဝိ၊ဋ္ဌ၁။၁၁၆။]

******************

နံပါတ် (၁)

**(က+ခ) ဟောတုဖလသမ္ဗန္ဓယောဇနာ...**

ဝိပဿနာမဂ္ဂဖလာနိ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စန္တိ၊ ကသ္မာ? ဝိပဿနာမဂ္ဂဖလာနိ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စန္တိ-ဟူမူကား။လက္ခဏူပနိဇ္ဈာယနတော-အနိစ္စစသော လက္ခဏာကို ရှုတတ်ကုန်သည်၏ အဖြစ်ကြောင့် ဝိပဿနာမဂ္ဂဖလာနိ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စန္တိ။(ခ)ဟိတ်သမ္ဗန် ။ ။ ဝိပဿနာမဂ္ဂဖလာနံ။

(င) တထလက္ခဏံ-မဖောက်မပြန်တတ်သည်အဖြစ် သဘောဟူသော တထလက္ခဏာကို။

နံပါတ် (၂)

**(ဂ) စသည်သို့** ။ ။ ဆရာ (ခ)ဖြင့် အနိစ္စစသော လက္ခဏာကို ရှုတတ်ကုန်သည်၏အဖြစ်ကြောင့် ဝိပဿနာမဂ်ဖိုလ်တို့သည် လက္ခဏူပနိဇ္ဈာန်မည်သော-ဟု ဖွင့်ပြတော်မူအပ်၏။ယင်းဝိပဿနာမဂ်ဖိုလ်တို့၏ အနိစ္စ စသော လက္ခဏာကို ရှုပုံအခြင်းအရာကို ထင်ရှားစွာ မပြဆိုပြီလော။အဘယ်သို့လျှင် ဝိပဿနာမဂ်ဖိုလ်တို့သည် အနိစ္စစသော လက္ခဏာကို ရှုကြပါကုန်သနည်း။စုဒ်ကြောင့် (ဂ)စသည်မိန့်။

**(ဃ)သို့** ။ ။ ဆရာ(က)ဖြင့် ဝိပဿနာသည် အနိစ္စစသောလက္ခဏာကို ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာန် မည်သော-ဟု ဖွင့်ပြအပ်၏။မဂ်၏ လက္ခဏူပနိဇ္ဈာန်မည်၏အဖြစ်ကို ဖိုလ်ကဲ့သို့ နိဗ္ဗာန်၏ တထလက္ခဏာကို ရှုခြင်းကြောင့် ဆိုပါသလော။အဘယ်လက္ခဏာကို ရှုခြင်းကြောင့် မဂ်ကို လက္ခဏူပနိဇ္ဈာန်ဟု ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

နံပါတ် (၃)

(က)ကာရဏ။ (ဂ)စသည် ဝိတ္ထာရ။ ထိုတွင် (ဃ) ပဂ္ဂဟကရ။(င) ပက္ခန္တရ။ (စ)ဝိသေသ။

နံပါတ် (၄)

**လက္ခဏူပနိဇ္ဈာန** ။ ။ လက္ခီယတိ အနေနာတိ လက္ခဏံ ။ဥပနိဇ္ဈာယတီတိ ဥပနိဇ္ဈာနံ။

http://www.dhammadownload.com



**လက္ခဏံ ဥပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်။**

လက္ခဏ-ဝိသေအရ အနိစ္စစသော လက္ခဏာသည် မုချ။ထို-၏ ကပ်၍ရှုတတ်သော ဝိပဿနာနှင့် အာရုံ+အာရမ္မဏိကစပ် ဌာန္။ပုဒ်လုံးအရ ထို-သော အနိစ္စစသော လက္ခဏာကို ကပ်၍ရှုတတ်သော ဝိပဿနာ ရ၏။

**တထလက္ခဏ ။ ။ တထဿ ဘာဝေါ တထံ။တထံ လက္ခဏံ ယဿာတိ တထလက္ခဏံ။**

**တထမေဝ လက္ခဏံ တထလက္ခဏံ။**

တထ-ဝိသေသအရ မှန်ကန်သည်၏ အဖြစ်ဟူသော သမ္ဘာဝနာဘော ဂုဏ်သည် မုချ။ထို-၏ လက္ခဏာနှင့် ဂုဏ်+ဂုဏော စပ် ဌာန္။ပုဒ်လုံးအရ မှန်ကန်သည်၏ အဖြစ်ဟူသော လက္ခဏာရ၏။

တထလက္ခဏ ဗဟုဗ္ဗီအရ- တထလက္ခဏာသည် မုချ။ထို ၏ ယအညပုဒ်အရ ဖိုလ်နှင့် အာရုံ/ အာရမ္မဏိကစပ် ဌာန္။ယ အညပုဒ်အရ ထို သော ဖိုလ် ရ၏။

နံပါတ် (၅)

**ဝိပဿနာ**။ ဝိ-ဒိသ+ယု။ အာ။ **လက္ခဏ**။ လက္ခ + ယု။

**ဥပနိဇ္ဈာယန**။ ဥပ-နိ-ဈေ+ယု။ **နိရောဓ** ။ နိ-ရုဓ+ဏ။

နံပါတ် (၆)

(ဂ) ဝိပဿနာ အနိစ္စလက္ခဏာဒီနိ ဥပနိဇ္ဈာယတိဖြင့် လက္ခဏူပနိဇ္ဈာန်-အရ ဝိပဿနာကိုယူလျှင် လက္ခဏာအရ အနိစ္စအစရှိသော လက္ခဏာကို ယူအပ်သည်ကို လည်းကောင်း၊လက္ခဏာနိ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာန်-ဟု ကတ္တုသာဓန ကိတန္တဒုတိယာတပ္ပုရိသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ယုပစ္စည်း ကတ္တုသာဓနေ၌ သက်သည်ကိုလည်းကောင်း သိစေ။

(ဃ) ဝါကျဖြင့် မဂ်သည် အနိစ္စစသည်ကို မရှုမြင်တတ်သော်လည်း ဝိပဿနာ၏ အနိစ္စစသည် ရှုမြင်မှုကိစ္စသည် မဂ်ကိစ္စဖြင့် ပြီးသောကြောင့် ကာရဏူပစာအားဖြင့် မဂ်ကို လက္ခဏူပနိဇ္ဈာန်ဟု ဆိုအပ်သည်ကိုသိစေ။

(င) ဝါကျဖြင့် လက္ခဏူပနိဇ္ဈာန်အရ ဖိုလ်ကိုယူလျှင် လက္ခဏာအရ နိဗ္ဗာန်၏ တထလက္ခဏာကိုယူအပ်သည်ကိုလည်းကောင်း၊ [ ကြွင်း အထက်ပါအတိုင်းဖေါ်။]

နံပါတ် (၇)

တထလက္ခဏံ/တထာလက္ခဏံ...

တထာကား ပဋိဘာဂ၌ နိပါတ်၊ဤ၌ အနုကမှုနစသော အနက်မသင့်၊နိရောဓဿ-ဟူသောသမ္ဗန် ကို ထောက်၍ မဖောက်မပြန် မှန်သော လက္ခဏာတ္တသာသင့်၏။ ထို့ကြောင့် တထလက္ခဏံ ပါဌ်သာသင့်။

နံပါတ် (၈)

(ဃ)ရှုဥပစာ ။ ။အကြောင်းဖြစ်သော ဝိပဿနာ၏ ဥပနိဇ္ဈာယနကိစ္စကို အကျိုးဖြစ်သော မဂ်၏ဥပနိဇ္ဈာယန ကိစ္စ၌တင် ကာရဏူပစာ။နာနန္တရိကနည်း။

**လက္ခဏူပနိဇ္ဈာယနတော**။ ။ ဝိပဿနာသည် အနိစ္စလက္ခဏာကို ရှုတတ်၏။ဖိုလ်သည် နိဗ္ဗာန်၏ တထ လက္ခဏာကို ရှုတတ်၏။ဤသို့ ရသင့်သည်အားလျော်စွာ ယူအပ်သောကြောင့် ယထာလာဘနည်း၊ယထာသမ္ဘဝ နည်း။

http://www.dhammadownload.com



နံပါတ် (၁၀)

ဝိပဿနာအရ။ ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄)ပါး မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)ပါး၌ ရှိသော ဉာဏ်။

**************

**ဝါကျစဉ် (၆၄)**

(က ) ကတမေသု ပဉ္စသု? ဝိတက္ကော ဝိစာရော ပီတိ သုခံ စိတ္တေကဂ္ဂတာတိ ဧတေသု။

(ခ ) ဧတာနေဝ ဟိဿ 'သဝိတက္ကံ သဝိစာရ'န္တိ အာဒိနာ နယေန အင်္ဂဘာဝေန ဝုတ္တာနိ။

(ဂ ) အဝုတ္တတ္တာ ဧကဂ္ဂတာ အင်္ဂံ န ဟောတီတိ စေ။

(ဃ ) တန္န။

(င ) ကသ္မာ? ဝုတ္တတ္တာ ဝ။

(စ ) သာပိ ဟိ ဝိဘင်္ဂေ "ဈာနန္တိ ဝိတက္ကော ဝိစာရော ပီတိ သုခံ စိတ္တဿေကဂ္ဂတာ"တိ ဧဝံ ဝုတ္တာယေဝ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၆။]

****************

နံပါတ် (၁)

(က) ကတမေသု ပဉ္စသု-တို့၌။[ဈာနသမ္မုတိ၊ ဈာန်ဟု သမုတ်ခြင်းကို။ဝေဒိတဗ္ဗာ၊သနည်း။] ဝိတက္ကော-လည်းကောင်း။ဝိစာရော။ပ။ဧကဂ္ဂတာတိ၊သို့။ဧတေသု၊ဤငါးပါးတို့၌။[ဈာနသမ္မုတိ ဝေဒိတဗ္ဗာ၊ ၏။]

(ခ) ဟိ၊ မှန်၏။ ဧတာနေဝ၊ ဤငါးပါးတို့ကိုသာ။အဿ၊ ထို ပဌမဈာန်၏။

(ဂ) အဝုတ္တတ္တာ၊ သရုပ်အားဖြင့် မ-ဟာအပ်သည်၏ အဖြစ်ကြောင့်။ [သမ္ဗန်-ဧတေသံ ဝေ]

(စ) ဟိ၊မှန်။[တစ်နည်း] ဟိ ယသ္မာ၊ ကြောင့်။ သာပိ၊ထို ဧကဂ္ဂတာကိုလည်း။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာ၊သည် [က]ဖြင့် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ-ဟူသော ဤငါးပါးတို့ကိုဈာန်အင်္ဂါဟု သိထိုက်၏ဟု ဖွင့်ပြအပ်၏။ယင်းငါးပါးတို့မှ အယုတ်အလွန်အားဖြင့် ပြဆိုသင့်သည် မဟုတ်လော။ [ဧတာနေဝ၌ ဧဝကိုရှုသည်] [တစ်နည်း] ဈာနင်သည် ဝိတက်စသော ငါးပါးဖြစ်က သင့်ရာ၏၊ မဖြစ်ကမသင့်ရာသည် မဟုတ်လော။အဘယ်သို့သော အကြောင်းယုတ္တိဖြင့် သင့်နိုင်ရာသနည်း။ စုဒ်ကြောင့်[ခ]မိန့်။

ကား။ ။ ထိုဝိတက်စသော အစိတ်ကိုပင် ထိုပဌမဈာန်၏ အစိတ်အဖြစ်ဖြင့် သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ-ဟု ဘုရားရှင် ဟောတော်မူခဲ့သောကြောင့် သင့်ပါ၏ ဟူလို။

(ဂ)စသည်သို့ ။ ။ ဆရာ [ခ]ဖြင့် သဝိတက္ကံ သဝိစာရံ အစရှိသောနည်းဖြင့် ပဌမဈာန်၏ အင်္ဂါတို့ကိုဘုရားရှင် ဟောတော်မူအပ်သည်ကို ဖွင့်ပြအပ်၏။ထိုသို့ဆိုသော် ဤပါဠိ ရာဇိကဏ် ဈာနပါဠိ၌ သဝိတက္ကံ သဝိစာရံ ပီတိ သုခံ ဟူ၍သာ ဈာန်အင်္ဂါလေးပါးကို ဟောတော်မူ၍ စိတ္တေကဂ္ဂတာကို မဟောအပ်သည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် ဈာန်အင်္ဂါ၌သွင်း၍ဆိုသော ဆရာ့စကား အသို့သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့်[ဂ]စသည်မိန့်။ [စ] တိုင်အောင် ဖြေဆိုထားသည်။

(စ)သို့။ ။ ဆရာ၊[င] ဖြင့် အဝိဘင်္ဂနသခေ်ပအားဖြင့်ဆိုအပ်၏၊ယင်းသို့သာ ဆိုချေသော် အဝိဘင်္ဂနသခေ်ပသည်

http://www.dhammadownload.com



ဝိဘဇ္ဇန ဝိတ္ထာရနှင့် ကင်း၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ထိုသို့ကြောင့် အဝိဘဇ္ဇန သင်္ခေပကိုသာ မဆိုသင့်။ဝိဘဇ္ဇန ဝိတ္ထာရကား အဘယ်ပါနည်း။ စုဒ်ကြောင့် [စ] မိန့်။

**(တစ်နည်း)** ဆရာ၊[င]ဖြင့် ရှုနှင့်၌ ကေဂ္ဂတာကို ဟောတော်မူသည်သာလျှင်တည်း ဟုဆိုပြီ။သဝိတက္ကံ သဝိစာရံ-စသော ရှုနပါဠိ၌ ကေဂ္ဂတာသည် မပါသည် မဟုတ်ပါလော။ထိုသို့ မပါသည်ဖြစ်လျက် အဘယ့်ကြောင့် ဟောတော်အမူသည်ဟု ဆိုနိုင်ပါသနည်း။ စုဒ်ကြောင့် [စ]မိန့်။

**(တစ်နည်း:)** ဠာပနာတ္ထ။ သဝိတက္ကံ သဝိစာရံ စသော ရှုနပါဠိ၌ ကေဂ္ဂတာ မရှိသောကြောင့် ဆရာ့စကား မသင့်ရာသည် မဟုတ်ပါလော။အဘယ်သို့သော အကြောင်းယုတ္တိဖြင့် သင့်နိုင်ရာအံ့နည်း။စုဒ်ကြောင့် [စ]မိန့်။

နံပါတ် (၃)

**(ခ) ဒဠှီကရဏ။ (ဂ) စောဒနာ။ (ဃ) ဝိသဇ္ဇနာ။(င) ဝိသဇ္ဇနာ။**

**(စ) ဝိတ္ထာရ ။ [တစ်နည်း] ကာရဏ။ [တစ်နည်း] ဒဠှီကရဏ။**

**နိယ်။** ။ တံ နဖြင့်သာ၊ လွယ်လင့်ကာ၊ သင့်စွာပယ်၍ဖြေ။

နံပါတ် (၄)

**ကေဂ္ဂတာ ။ ။ ဧကံ အဂ္ဂံ အာရမ္မဏံ ယဿာတိ ဧကဂ္ဂံ။ဧကဂ္ဂဿ ဘာဝေါ ကေဂ္ဂတာ။**

**စိတ္တေကဂ္ဂတာ ။ ။ စိတ္တဿ ကေဂ္ဂတာ စိတ္တေကဂ္ဂတာ။**

ဧကဂ္ဂ-အရ တစ်ခုတည်းသော အာရုံရှိသော စိတ်သည် မုချ။ထို-၏ ဖြစ်ကြောင်းဖြစ်ရာ သမာဓိနှင့် နိသျ+နိဿိတစပ်ဌာန။တာပစ္စည်းအရ တစ်ခုတည်းသော အာရုံရှိသော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ သမာဓိရ၏။

**အဝုတ္တတ္တာ ။ ။ ဝုစ္စတေတိ ဝုတ္တာ။ န ဝုတ္တာ အဝုတ္တာ။အဝုတ္တာယ ဘာဝေါ အဝုတ္တတ္တံ။**

အဝုတ္တာအရ မဟောအပ်သော ကေဂ္ဂတာသည် မုချ။ထို-၏ တ္တ ပစ္စည်းအရ မဟောခြင်း ကြိယာနှင့် နိသျ+နိဿိတစပ် ဌာန။တ္တ-ပစ္စည်းအရ ထိုသော သရုပ်အားဖြင့် မဟောခြင်း ကြိယာရ၏။န-ဟူသောဝိသေ အရ ပဋိသေဓဇောဂဏ်သည် မုချ။ထို-၏ နောက်ပုဒ်အရ မဟောအပ်သော ကေဂ္ဂတာနှင့် ဂုဏ်+ဂုဏီ စပ် ဌာန။ပုဒ်လုံးအရ မဟောအပ်သော ကေဂ္ဂတာရ၏။

နံပါတ် (၅)

**အင်္ဂ။** အင် + အ ။ [အင်္ဂီယတေ ဉာယတေတိ အင်္ဂ။] ဧက ။ ဏ္ဍ+က။ နပုံလိင် ကေဝုစ်။

နံပါတ် (၇)

**သာ်ဝိ/သာ...**

အဝိသဒ္ဒေါ ဝိတက္ကာဒယော အပေက္ခတိ-ဟူသော ယောဇနာကိုထောက်၍ အဝိသဒ္ဒါ ပါမှသင့်။

**(စ)စိတ္တဿေကဂ္ဂတာ/စိတ္တေကဂ္ဂတာ...**

ရှုနဝိဘင်းပါဠိ၌ စိတ္တဿေကဂ္ဂတာဝါကျဖြင့် ဟောအပ်သောကြောင့် စိတ္တဿေကဂ္ဂတာ ပါ၍သင့်၊

နံပါတ် (၈)

**သဝိတက္ကသဝိစာရံ ။ ပီတိ။** နယူပစာများ ရှေ့၌ရေးသာပြီး။

နံပါတ် (၁၀)

**(စ) ဝုတ္တာယေဝ-အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကောက်။**

http://www.dhammadownload.com



**ဝါကျစဉ် (၆၅)**

(က ) ဥပသမ္ပန္နာတိ ဥပဂန္တွာ။
(ခ ) ပါပုဏိတွာတိ ဝုတ္တံ ဟောတိ။
(ဂ ) ဥပသမ္ပာဒယိတွာ ဝါ။
(ဃ ) နိပ္ဖါဒေတွာတိ ဝုတ္တံ ဟောတိ။
(င ) ဝိဘင်္ဂေ ပန 'ဥပသမ္ပန္နာတိ ပဌမဿ ဈာနဿ လာဘော ပဋိလာဘော ပတ္တိ သမ္ပတ္တိ ဖုသနာ သစ္ဆိကိရိယာ ဥပသမ္ပဒါ' တိ ဝုတ္တံ။
(စ ) တဿာပိ ဧဝမေဝတ္ထော ဝေဒိတဗ္ဗော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၇။]

****************

နံပါတ် (၁)

(င) ပန၊ဆက်။ဝိဘင်္ဂေ၌။ဥပသမ္ပန္နာတိ၊ကား။ပဌမဿ ဈာနဿ၏။[ဝါ] ကို။ [ဝါ] သို့။ လာဘော၊ ပဋိလာဘော၊ရခြင်း။ပတ္တိ၊သမ္ပတ္တိ၊ရောက်ခြင်း။ဖုသနာ၊သမ္ဖုသနာ၊ထိခြင်း။သစ္ဆိကိရိယာ၊မျက်မှောက်ပြုခြင်း။ ဥပသမ္ပဒါ၊ပြီးစီးခြင်း။ဣတိ၊ဤသို့။[ဘဂဝတာ၊သည်။] ဝုတ္တံ။
(စ) တဿာပိ၊ ထို ဈာနဝိဘင်း ပါဠိတော်၏လည်း။ဧဝမေဝ၊ဤဆိုအပ်ပြီးသည့် အတိုင်းသာလျှင်။

နံပါတ် (၂)

(ဂ)သို့။ ။ ဆရာသည် (က)ဖြင့် ဥပသမ္ပဇ္ဇ၌ ဥပ+သံ ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ပဒဓာတ်၏ ဂတိအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း ဖွင့်ပြအပ်၏။ဥပသမ္ပဇ္ဇ၌ ဥပ+သံ ဥပသာရတို့သည် ဓာတွတ္ထာနုဝတ္တက အနတ္ထက တစ်မျိုးသာဖြစ်၍၊ပဒဓာတ်သည်လည်း ဂတိအနက် တစ်မျိုးသာ ဖြစ်သင့်ပါသလော။မည်သည့်အနက်၌လည်း ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့်[ဂ] မိန့်။

**ဥပသမ္ပန္နာတိ ဧတ္ထ ဥပ-သံ-သဒ္ဒါ 'ဥပလဗ္ဘတိ'တိ အာဒီသုဝိယ နိရတ္ထကာတိ ဒဿေတုံ 'ဥပဂန္တွာ' တိ အာဒိ ဝတွာ ပုန တေသံ သာတ္ထကဘာဝံ ဒဿေတုံ 'ဥပသမ္ပာဒယိတွာ' တိ အာဒိ ဝုတ္တံ။တသ္မာ ဥပသမ္ပန္နာတိ ဧတ္ထ ပတွာ သာဓေတွာတိ ဝါ အတ္ထော။ [သာရတ္ထ၊ ၁။ ၃၆၄]**

(စ)သို့ ။ ။ဆရာသည်(င)ဖြင့် ဝိဘင်းပါဠိတော်၌ ဥပသမ္ပဇ္ဇပုဒ်ကို 'ဥပသမ္ပန္နာတိ ပဌမဿ ဈာနဿ လာဘော ပဋိလာဘော-စသည်ဖြင့် ဟောကြားတော်မူသောဟု ဆိုအပ်၏။ယင်းသို့ ဟောကြားသကဲ့သို့ အနက်ကိုလည်း အထူးအားဖြင့် သိအပ်ပါသလော။အဘယ်သို့ သိအပ်ပါသနည်း။ စုဒ်ကြောင့် [စ]မိန့်။

နံပါတ် (၃)

(က) ပက္ခန္တရ။(ခ) ဝိတ္ထာရ။(ဂ) ပက္ခန္တရ။ (ဃ) ဝိတ္ထာရ။ (င) ဝါကျာရမ္ဘ။ (စ)ဝါကျာရမ္ဘ။

နံပါတ် (၄)

ဥပဂန္တွာ။ ။ ဥပဂစ္ဆတီတိ ဥပဂန္တွာ။ ဥပဂန္တွာန ဥပဂန္တွာ။ ဥပဂမနံ ဥပဂန္တွာ။
မှတ်ချက်။ ။တွာ ပစ္စယန္တပုဒ် မှန်သမျှ၊ ဤကဲ့သို့ ဆိုရမည်။

ဥပ-အရ ဓာတွတ္ထအနုဝတ္တကဘောဂဏ်ရ၏။ဂမုဓာတ်နှင့် တွာပစ္စည်းအရ ဘာဝသာဓနတို့၏ သဘောသည် ဓာတ်အရနှင့် ပစ္စည်းအရ အထူးမရှိသောကြောင့် ရောက်ခြင်း ကြိယာရ၏။

http://www.dhammadownload.com



နံပါတ် (၅)

**နိပ္ပါဒေတွာ**။ နိ-ပဒ+ဏေ+တွာ။ **ပတ္တိ**။ပဒ+တိ။[တစ်နည်း]ပ ပုဗ္ဗ အပ+တိ ။ ဣတ္ထိလိင်။

**သတ္တိ**။ သဟ+အဂ္ဂိ။[ကွကိုဋ္ဌပြု။သဟ အဂ္ဂိနှာ ဝတ္တတီတိ သတ္တိ။]ပစ္စက္ခ အနက်ဟော နိပါတ်ပုဒ်။ [ပါဠိပဒ၊ ၃။၂၇။] **(တစ်နည်း)** သဟ+အဂ္ဂိ။ **အဂ္ဂိ**။ အသု+ခိ။

နံပါတ် (၆)

**(က)** ဥပဂန္တွာဖြင့် ဥပသမ္ပဇ္ဇ-၌ ဥပ+သံ သဒ္ဒါတို့၏ ဓာတွာတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း၊ပဒ-ဓာတ်၏ ဂတိအနက်ဟောသည်ကိုလည်းကောင်း၊ဥပသမ္ပဇ္ဇ၌ ဇ္ဇသဒ္ဒါသည် သုဟဇ္ဇ၌ ဇ္ဇသဒ္ဒါကဲ့သို့ ဏျပစ္စည်း၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယ အဖြစ်ကိုလည်းကောင်း သိစေ။

**(ခ)** **ပါပုဏိတွာဖြင့်** ကပ်ခြင်းဟူသည် ရောက်ခြင်းပင်တည်းဟု သိစေ။ **(တစ်နည်း) ပါပုဏိတွာဖြင့်** ဥပဂန္တွာ၌ ဂမုဓာတ်သည် ပါပုဏနအနက် ဟောသည်ကို လည်းကောင်း၊ဥပသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တကအဖြစ်ကိုလည်းကောင်း သိစေ။

**(ဂ)** ဥပသမ္ပာဒယိတွာဖြင့် ဥပသမ္ပဇ္ဇ၌ ဥပသဒ္ဒါ သံသဒ္ဒါတို့၏ ဓာတွတ္ထဝိသေသက အဖြစ်ကိုလည်းကောင်း၊ပဒ-ဓာတ်၏ သံသိဒ္ဓိ [ပြီးစီးခြင်း]အနက်၏အဖြစ်ကိုလည်းကောင်း၊ဥပသမ္ပဇ္ဇ၌ ကာရိတ်ပစ္စည်းကျေသည်၏ အဖြစ်ကိုလည်းကောင်း သိစေ။

**(ဃ)** **နိပ္ပါဒေတွာဖြင့်** ပြည့်စုံစေခြင်းဟူသည် ပြီးစေခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို သိ။

နံပါတ် (၇)

**နိသဇ္ဇာသခ်ါတေန/နိသဇ္ဇသခ်ါတေန...**

နိသီဒနံ နိသဇ္ဇာ ဟူသော ကစ္စည်း၊ ရူပသိဒ္ဓိတို့ကို ထောက်လျှင် နိသဇ္ဇာသဒ္ဒါသည် အာကာရန္တ ဣတ္ထိလိင်ဖြစ်ကြောင်း ထင်ရှားသည်။အာကာရန္တဣတ္ထိလိင်မြဲသော ပုဒ်များကို သမာသ်အလယ်၌ ရဿမပြုအပ်သောကြောင့် လည်းကောင်း၊ဤအဋ္ဌကထာ နှာ [၈၁] ဝိဟာရတိ-အဖွင့် ဌာနဂမနနိသဇ္ဇာသယနပ္ပဘေဒေသု ဟု သမာသ်အလယ်၌ အာကာရန္တနှင့်ပင် ရှိသောကြောင့်လည်းကောင်း နိသဇ္ဇာသခ်ါတေန ပါဠိသာ သင့်။

**ပါပုဏိတွာ/ပါပုနိတွာ...**

ပ-ပုဗ္ဗ အပဓာတ် ဥဏာပစ္စည်း တွာပစ္စည်းဖြင့်ပြီးသောကြောင့် ပါပုဏိတွာ ပါဠိသင့်။ [ဂဏ္ဌိဟောင်း၌ ပါပုနိတွာ-ဖြင့် ရှိ၏။]

နံပါတ် (၈)

**ဝိဟာသိ** ။။ အပေါင်းဖြစ်သော ဝိဟာရ လေးမျိုးလုံး၏ အမည်ကို၊အစိတ်ဖြစ်သော ဣရိယာပထ ဝိဟာရ၌တင် ကေဒေသျူပစာ။ ရုဠ္ဌိ။

**ဣရိယပထဝိဟာရေန**။ ။အပေါင်းဖြစ်သော ဣရိယာပုတ် ၄-ပါးဖြင့် နေခြင်းအမည်ကို အစိတ်ဖြစ်သော ထိုင်ခြင်းဣရိယာပုတ်ဖြင့် နေခြင်း၌ တင် ကေဒေသျူပစာ။ [နိသဇ္ဇာသခ်ါတေနကို ထောက်သည်။]

*****************

**ပါကျခဉ် (၆၆)**

(က ) ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဝိတက္ကဿစ ဝိစာရဿစာတိ ဣမေသံ ဒွိန္နံ ဝူပသမာ

http://www.dhammadownload.com



သမတိက္ကမာ။

(ခ ) ဒုတိယဇ္ဈာနက္ခဏာ အပါတုဘာဝါတိ ဝုတ္တံ ဟောတိ။

(ဂ ) တတ္ထ ကိဥ္စာပိ ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပဌမဇ္ဈာနဓမ္မာ န သန္တိ။

(ဃ ) အညေယေဝ ဟိ ပဌမဇ္ဈာနေ ဖဿာဒယော၊ အညေ ဣဓ။

(င ) ဩဠာရိကဿ ပန ဩဠာရိကဿ အင်္ဂဿ သမတိက္ကမာ ပဌမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတီတိ ဒီပနတ္ထံ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

(စ ) **အဇ္ဈတ္တန္တိ** ဣဓ နိယကဇ္ဈတ္တမဓိပ္ပေတံ။ [ ဝိ၊ ဋ္ဌ၊ ၁။ ၁၁၇။]

****************

နံပါတ် (၁)

(က) ဝူပသမာ၊ငြိမ်းစေခြင်းကြောင့်။[ဝါ] ပယ်ခြင်းကြောင့်။

(ဂ) တတ္ထ တေသု ပဌမဒုတိယဈာနေသု။တို့တွင်။[**တစ်နည်း**] တတ္ထ တိဿံ ပါဠိယံ၊ ၌။

(ဃ) အညေယေဝ-ဒုတိယဈာန်ရှိ ဖဿစသည်မှ တစ်မျိုးတခြားတို့သာတည်း။ဣဓ ဒုတိယဈာနေ၊ ၌။ အညေ-ပထမဈာန်ရှိ ဖဿစသည်မှ တစ်မျိုးတခြားတို့သာတည်း။

နံပါတ် (၂)

**(ဂ)စသည်သို့** ။ ။ ဆရာ၊သည် (ခ) ဖြင့် ဒုတိယဈာန်ခဏ၌ ဝိတက်ဝိစာရတို့၏ ထင်ရှားမရှိခြင်းသည်ပင် ဝိတက္ကဝိစာရာနံ ဝူပသမာ မည်၏ဟု ဖွင့်ပြတော်မူအပ်၏။ထိုသို့ပင် ဖွင့်ပြအပ်ပါသော်လည်း ဒုတိယဈာန်၌ ဝိတက်ဝိစာရတို့သာမရှိမဟုတ်၊ဖဿစသော တရားတို့သည်လည်း မရှိခြင်းကြောင့် ဝိတက္ကဝိစာရာနံစ တံ သဟဂတာနဥ္စ ဓမ္မာနံ ဝူပသမာ-ဟု ဟောဆိုသင့်သည် မဟုတ်ပါလော။အဘယ့်ကြောင့် ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူ၍ ဝိတက်ဝိစာရ နှစ်ပါးကိုသာ ဟောဆိုအပ်ပါသနည်း။ စုဒ်ကြောင့် [ဂ]စသည် မိန့်။

**(ဃ)သို့** ။ ။ ဆရာ၊သည် (ဂ)ဖြင့် ဒုတိယဈာန်၌ အလုံးစုံလည်းဖြစ်သော ပဌမဈာန်ရှိ တရားတို့သည်ထင်ရှား မရှိကုန်ဟု ဖွင့်ပြအပ်၏။ဖဿစသော တရားတို့သည် ဒုတိယဈာန်၌ ရှိနေကြသည် မဟုတ်ပါလော။ ယင်းသို့ဖြစ် လျက် ဒုတိယဈာန်၌ အလုံးစုံသော ပဌမဈာန်ရှိ တရားတို့ မရှိနိုင်ဟုဆိုခြင်းသည် အသို့သင့်နိုင်အံ့နည်း။ စုဒ်ကြောင့် [ဃ]မိန့်။

**(င)သို့** ။ ။ ဆရာ၊သည်(ဃ)ဖြင့် ပဌမဈာန်၌ ဖဿစသည်သည် ဒုတိယဈာန်ရှိ ဖဿစသည်မှ တစ်မျိုးတစ်ခြား ဖြစ်၏။ထို့ကြောင့် အလုံးစုံလည်းဖြစ်သော ပဌမဈာန်တရားတို့သည် ဒုတိယဈာန်၌ မရှိဟုဖွင့်ပြအပ်၏။ ထိုသို့မရှိပါဘဲလျက် အဘယ်ကြောင့် (ဝါ) အဘယ်ကိုပြခြင်းငှာ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဟောဆိုအပ် ပါသနည်း။ထင်ရှားမရှိက မဟောဆိုသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

**(တစ်နည်း)** ။ ။ ဆရာ၊မြတ်စွာဘုရားသည် ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဟောဆိုအပ်၏။အဘယ်ကြောင့် (ဝါ)အဘယ်ကိုပြခြင်းငှာ ဟောဆိုအပ်ပါသနည်း။ဒုတိယဈာန်၌ အလုံးစုံလည်းဖြစ်သော ပဌမဈာန်တရားတို့ ထင်ရှားမရှိကြကုန်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (င)မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

(ခ) ဝိဇ္ဇာရ။ (ဂ) စသည် ဝိဇ္ဇာရ ထိုတွင် (ဂ) စောဒကာတောဂ။

(ဃ) စောဒကာဘောဂဟောတု (တစ်နည်း) ဒဋ္ဌိ။ (င)ပရိဟာရဘောဂ။

(တစ်နည်း) အနုဂ္ဂဟဝါကျ။ (စ) ပက္ခန္တရ။

နံပါတ် (၄)

**အဇ္ဈတ္တ။** ။ အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ။

**နိယကဇ္ဈတ္တံ။** ။ နိယမတီတိ နိယကံ။(နိ+ယမု+တ) နိဿာယ ဇာတံ နိယံ။နိယမေဝ နိယကံ။

**နိယကဥ္စ တံ အဇ္ဈတ္တဥ္စာတိ နိယကဇ္ဈတ္တံ။**

နိယတ ဝိသေသန အရ အဟံ,အတ္တ,ဟု ယူခြင်းသို့ ရောက်လတ်သော အလိုအဓိပ္ပါယ်ဟုမှတ်ခြင်းဟူသော နိယမာကာရဘောဂဏ်သည်မှချ။ထို၏ ဈာန်နှင့် ဂုဏ်/ဂုဏ်အေးစပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော မိမိကိုစွဲမှီ၍ဖြစ်သော ဈာန်ရ၏။

**သြဠာရိက။** ။ ဥဠာရေ နိယုတ္တံ သြဠာရိကံ။(အဂံ)

ဥဠာရ အရ ရုန့်ရင်းကြမ်းတမ်းသော ပထမဈာန်သည် မှချ။ထို ၏ ယှဉ်သော ဈာန်အင်္ဂါနှင့်နိဿိတ/နိဿယစပ် ဌာနူ။ဏိက ပစ္စည်းအရ ရုန့်ရင်းကြမ်းတမ်းသော ပထမဈာန်၌ယှဉ်သော ဈာန်အင်္ဂါ ရ၏။

နံပါတ် (၅)

ဝူပသမ။ ဝိ-ဥ-သမု+အ။ **သမတိက္ကမ။** သံ-အတိ-ကမ+အ။ ခဏ။ ခီ+ယု။

**သဇ္ဇ။** သရ+ဝ။ **နိယက။** နိ-ဖန+ဏ္ဍ [တစ်နည်း] နိ-ယမု+တ ။[တစ်နည်း] နိ-ယတ+ဏ။

နံပါတ် (၆)

(က) **ဝိတက္ကသဿစ ဝိစာရဿစဖြင့်** ဝိတက္ကဝိစာရပုဒ်ကို ဝိတက္ကောစ ဝိစာရောစ ဝိတက္ကဝိစာရာ ဟု ဒွန်သမာသ်ဝစနတ္ထ ပြုအပ်သည်ကို သိစေပါသည်။ **ဣမေသံ ဒွိန္နံဖြင့်** ဝိတက္က ဝိစာရပုဒ်၏ အသမာဟာရဒွန် အဖြစ်ကိုလည်းကောင်း။ယင်းနောင် ဆဋ္ဌီဗဟုဝုစ် ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

(ခ) ဖြင့် လွန်မြောက်ခြင်းဟူသည် ဒုတိယဈာန် ဖြစ်ရာခဏ၌ ထင်ရှား မဖြစ်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

(စ) **နိယကဇ္ဈတ္တမဓိပ္ပေတံဖြင့်** အဇ္ဈတ္တံအရ ဂေါစရဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ,ဝိသယဇ္ဈတ္တ တို့ကို မယူအပ်၊ နိယကဇ္ဈတ္တကို ယူအပ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ဝိတက္ကဝိစာရာနံ ဝူပသမာ/ဝိတက္ကဝိစာရာဒီနံ ဝူပသမာ···**

သြဠာရိကဿ ပန သြဠာရိကဿ အင်္ဂဿ သမတိက္ကမာ စသဖြင့် ဆိုသောကြောင့် ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသော ပါဠ်သာ သင့်။

**ဝိဘင်္ဂေ ပန/ဝိဘင်္ဂေပိ···**

ပနသဒ္ဒေါပိ အပိသဒ္ဒတ္ထော။ဝိဘင်္ဂေပီတိ အတ္ထော။[သာရတ္ထ]ဝါ ဝိဘင်္ဂေပိ-ကို ထောက်၍ နှစ်ပါဌ်သင့်။

http://www.dhammadownload.com



နံပါတ် (၈)

**ဝိတက္ကဝိစာရာနံ ဝူပသမာ**။ [သမ္ဗေပိ ပဌမဇ္ဈာနဓမ္မာ န သန္တိ ထောက်။] အစိတ်ဖြစ်သော ဝိတက်ဝိစာရတို့ကို လွန်မြောက်ခြင်းကို ဆိုသဖြင့် အပေါင်းဖြစ်သော ပီတိ သုခ စသော ပဌမဈာန်ရှိ တရားအားလုံးကို လွန်မြောက်ခြင်း၌ တင်စား ဧကဒေသူပစာ။ဥပလက္ခဏာ။နိဒဿနနည်း။

**တစ်နည်း**-ဝိတက္ကဝိစာရာနံ ဝူပသမာ-၌ ဝိတက်ဝိစာရကား အာရုံအကြောင်း၊ယင်းတို့၌ တပ်သော တဏှာကား အာရမ္မဏိက အကျိုး။ထိုကြောင့် ကာရဏူပစာ ထုတ်ပါ။

နံပါတ် (၁၀)

**အဇ္ဈတ္တံအရ** ။ ။ နိယကဇ္ဈတ္တ ဟူသော ဒုတိယဈာန်ကို ယူ။

****************

**ဝါကျစဉ် (၆၈)**

(က) **သမ္ပသာဒနန္တိ** သမ္ပသာဒနံ ဝုစ္စတိ သဒ္ဓါ။

(ခ) သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ နီလဝဏ္ဏယောဂတော နီလဝတ္ထံဝိယ။

(ဂ) ယသ္မာ ဝါ တံ ဈာနံ သမ္ပသာဒနသမန္နာဂတတ္တာ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန စေတော သမ္ပသာဒယတိ၊ တသ္မာပိ သမ္ပသာဒနန္တိ ဝုတ္တံ။

(ဃ) ဣမသ္မိံ စ အတ္ထဝိကပ္ပေ သမ္ပသာဒနံ စေတသောတိ ဧဝံ ပဒသမ္ဗန္ဓော ဝေဒိတဗ္ဗော။

(င) ပုရိမသ္မိံ ပန အတ္ထဝိကပ္ပေ စေတသောတိ ဧတံ ဧကောဒိဘာဝေန သဒ္ဓိံ ယောဇေတဗ္ဗံ။

[ဝိ၊ ၌၊ ၁။ ၁၁၈။]

**************

နံပါတ် (၁)

(ခ) သမ္ပသာဒနယောဂယော-ကြည်လင်စေတတ်သော သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့်။ ဈာနမ္ပိ-ဈာန်သည် လည်း။သမ္ပသာဒနံ-မည်၏။ [ကိမိဝ-နည်း] နီလဝဏ္ဏယောဂတော-ညိုသောအဆင်းဂုဏ်နှင့်ယှဉ်ခြင်းကြောင့်။ နီလဝတ္ထံဝိယ-နီလဝတ္ထမည်သကဲ့သို့တည်း။

(ဂ) သမ္ပသာဒနသမန္နာဂတတ္တာ-ကြည်လင်စေတတ်သော သဒ္ဓါနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်လည်း ကောင်း။ဝိတက္ကဝိစာရက္ခောဘဝူပသမနေ-ဝိတက် ဝိစာရတို့ လှုပ်ချောက်ခြားမှု၏ ငြိမ်သက်ခြင်းကြောင့်လည်း ကောင်း။စေတော- စိတ်ကို။ သမ္ပသာဒယတိ-ကြည်လင်စေတတ်၏။

နံပါတ် (၂)

**(ခ)သို့** ။ ။ ဆရာသည် (က)ဖြင့် သဒ္ဓါသည် သမ္ပသာဒနမည်၏ဟု ဖွင့်ဆိုအပ်၏။သဒ္ဓါသာ သမ္ပသာဒန မည်ပါသလော။အဘယ်တရားသည်လည်း သမ္ပသာဒန မည်နိုင်ပါသေးသနည်း။စုဒ်ကြောင့် (ခ) မိန့်။

**ကား**။ ။ ဈာန်ကိုလည်း ဂုဏူပစာအားဖြင့် သမ္ပသာဒန ဟူ၍ ဆိုအပ်သေး၏ ဟူလို။

**(ဂ)သို့ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ဈာန်၏ သမ္ပသာဒန အမည်ရပုံကို ဥပစာအားဖြင့် ပြပြီး၍၊ယခု အခါ၌ ဈာန်၏ သမ္ပသာဒနအမည်ရပုံကို မုချအားဖြင့် ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) မိန့်။

**(ဃ)သို့** ။ ။ ဆရာသည်(ဂ)ဖြင့် သမ္ပသာဒနနှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ဝိတက်ဝိစာရတို့ လှုပ်

http://www.dhammadownload.com



ခြောက်ခြားခြင်းမှ ငြိမ်းခြင်းကြောင့်လည်းကောင်း၊စိတ်ကို ကြည်လင်စေတတ်သောကြောင့် လည်းကောင်း၊ ဈာန်သည် သမ္ပသာဒန မည်၏-ဟု အဘိဓေယျတ္ထ သံဝဏ္ဏနာကိုဖွင့်ပြတော်မူအပ်၏။ပဒသံဝဏ္ဏနာ၊သမ္ဗန္ဓသံဝဏ္ဏနာကို မပြဆိုပြီလော။ပဒသံဝဏ္ဏနာ၊သမ္ဗန္ဓသံဝဏ္ဏနာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ) မိန့်၊

နံပါတ် (၃)

**( ခ) ဝါကျာရမ္ဘ။ (ဂ ) နယန္တရပက္ခန္တရ။ (ဃ) ဝါကျာရမ္ဘ။[တစ်နည်း] ဝိသေသ။ (င) ပက္ခန္တရ။**

နံပါတ် (၄)

**(က) သမ္ပသာဒန ။ ။ သမ္ပသာဒယတီတိ သမ္ပသာဒနံ။**

သံ-ပ-ပုဗ္ဗ-သဒဓာတ်အရ ကတ္တုဠ္ဌကား ကြည်လင်တတ်သော သဒ္ဓါ၏ သမ္ပယုတ္တဓမ္မတို့သည်မှချ။ ဟေတုကတ္တုဠ္ဌကား သဒ္ဓါ၏ သဟဇာတပစ္စယသတ္တိသည် ဖလူ။ယု ပစ္စည်းအရ သဒ္ဓါတရား ရ၏။

**(ဂ) သမ္ပသာဒန။ ။ စေတော သမ္ပသာဒယတီတိ သမ္ပသာဒနံ။**

သံ+ပ+ပုဗ္ဗ သဒဓာတ်အရ သုဒ္ဓကတ္တုဠ္ဌကား ကြည်လင်တတ်သော ဒုတိယဈာန်သမ္ပယုတ်စိတ္တုပ္ပါဒ်သည် မှချ။ဟေတုကတ္တုဠ္ဌကား ဒုတိယဈာန်၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူ။ယု ပစ္စည်းအရ ဒုတိယဈာန် ရ၏။

နံပါတ် (၅)

**သဒ္ဓါ**။ သံ-ဓာ+အ+အာ။ **နီလ**။ နီလ+အ။ **ဝတ္ထ** ။ ဝ+ထ။ [ဝုဏီယတိ သံဝရီယတီတိ ဝတ္ထံ။]
ဝသ+ထ။ [ဝသီယတေ အစ္ဆာဒီယတေတိ ဝတ္ထံ] **ခေါ်တ** ။ ခုဘ+ဏ။ **စေတ**။ စိ+တ။
[စီယတီတိ စေတော။ [ဝိပါတ်စိတ်ရ] စိန္တေတီတိ စေတော။ [ကုသိုလ်စိတ်ရ]

နံပါတ် (၆)

**(က)** **ဝုစ္စတိ သဒ္ဓါဖြင့်** သမ္ပသာဒနံပုဒ်ကို သမ္ပသာဒယတီတိ သမ္ပသာဒနံ-ဟု ဝစနတ္ထပြ၍ သဒ္ဓါကို အရကောက် ယူအပ်သည်ကို သိစေ။

**(ဂ)** **တံ ဈာနံဖြင့်** သမ္ပသာဒန အရ ဒုတိယဈာန်ကို အရကောက် ယူအပ်သည်ကို သိစေ။

**စေတော သမ္ပသာဒယတီဖြင့်** စေတသော၌ ဆဋ္ဌီဝိဘတ်သည် ကံအနက်၌ ဖြစ်သည်ကို လည်းကောင်း၊သမ္ပသာဒယတီတိ သမ္ပသာဒနံ-ဟု ဟေတုကတ္တုသာဓနေ ဝစနတ္ထပြအပ်သည်ကို လည်းကောင်း၊ ယုပစ္စည်း ဟေတုကတ္တုသာဓနေအနက်၌ သက်သည်ကိုလည်းကောင်း သိစေ။

**သမ္ပသာဒနသမန္နာဂတတ္တာ-စသည်ဖြင့်** စိတ်ကို ယင်းသို့ ကြည်လင်စေခြင်းဟူသည် သမ္ပသာဒန သမန္နာဂတ ဝိတက္ကဝိစာရက္ခောဘဂုပသမကြောင့်ပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

**နီလဝတ္ထံ/ နီလံဝတ္ထံ…**

နီလယောဂတော ဝတ္ထံ နီလံဝိယ ဟု သာရတ္ထ၌ ဆိုသောကြောင့် လည်းကောင်း၊ဥပမေယျပက္ခ၌ ဈာနမ္ပိ သမ္ပသာဒနံ-ဟု ဝါကျအနေဖြင့် ရှိသောကြောင့်လည်းကောင်း၊ဝါကျသမာသ်အနက် အထူးမရှိနိုင်သောကြောင့် နှစ်ပါး၌ သင့်။ [နီလော ပဋော သတိပြုရန်။]

http://www.dhammadownload.com



နံပါတ် (၈)

**သမ္ပသာဒန**။။ ဂုဏ်ဖြစ်သောသဒ္ဒါ၏ သမ္ပသာဒန အမည်ကို၊ဂုဏီးဖြစ်သော ဈာန်၌တင်စား ဂုဏူပစာ။
**(တစ်နည်း)** ဌာနီဖြစ်သောသဒ္ဒါ၏ သမ္ပသာဒနအမည်ကို၊ ဌာနဖြစ်သော ဈာန်၌တင် ဌာနျူပစာ။
**(ဂ)ရှု နည်း**။။သမ္ပသာဒန အမည်ရနိုင်သော ပဌမဈာန် ဒုတိယဈာန် စသည်တို့တွင် ဝိတက် ဝိစာရ လှုပ်ခြောက်ခြားခြင်းမှ ငြိမ်းခြင်းကြောင့် ဒုတိယဈာန်ကိုသာ အလွန်အကဲအားဖြင့် သမ္ပသာဒနဟု ဆိုအပ်သောကြောင့် အတိသယနည်း။

****************

**ဝါကျစဉ် (၆၈)**

(က ) ကောဉဒေတီတိ **ကောဒိ**။
(ခ ) ဝိတက္ကဝိစာရေဟိ အနဇ္ဈာရုဠှတ္တာ အဂ္ဂေါ သေဋ္ဌော ဟုတွာ ဥဒေတီတိ အတ္ထော။
(ဂ ) သေဋ္ဌောပိ ဟိ လောကေ ကောတိ ဝုစ္စတိ။
(ဃ ) ဝိတက္ကဝိစာရဝိဟာရတော ဝါ ကော အသဟာယော ဟုတွာတိပိ ဝတ္တုံ ဝဋ္ဋတိ။
(င ) အထဝါ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ။
(စ ) ဥဋ္ဌာပေတီတိ အတ္ထော။
(ဆ ) သေဋ္ဌဋ္ဌေန ကောစ သော ဥဒိ စာတိ **ကောဒိ**။
(ဇ ) သမာဓိသေတံ အဓိဝစနံ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၁၈။]

****************

နံပါတ် (၁)

ကောဒိဘာဝံ-ဝိတက်ဝိစာရတို့ မတက်ရောက်သည်၏ အဖြစ်ကြောင့် မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော။ [က+ခ+ဂ+ဇ] ရှုသည်။

**(တစ်နည်း)** ကောဒိဘာဝံ-ဝိတက်ဝိစာရ အဖော်မပါသည် ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော။ (ဃ) ရှုသည်။

**(တစ်နည်း)** ကောဒိဘာဝံ-မြတ်လည်းမြတ် သမ္ပယုတ်တရားတို့ကိုလည်း တက်ကြွစေတတ်သော သမာဓိကို တိုးပွားစေတတ်သော။ (င+ဆ) ရှုသည်။

နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာ၊သည် (က)ဖြင့် ကောဒိပုဒ်ကို ဥဒေတီတိ ဥဒိ၊ကော ဟုတွာ ဥဒိ ကောဒိ-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထကို ဖွင့်ပြအပ်၏။ယင်း၌ ကေသဒ္ဒါသည် အဘယ်အနက်၌ ဖြစ်ပါသနည်း။ တစ်ခုသချိာအနက်၌ ဖြစ်ပါသလော။ စုဒ်ကြောင့် (ခ) မိန့်။
**ကား**။ ။ ကေသဒ္ဒါသည် တစ်ခုသချိာ အနက်၌မဖြစ်၊ သေဋ္ဌဝါစကအနက်၌ ဖြစ်၏ ဟူလို။
**(ဂ)သို့**။ ။ဆရာ၊သည် (ခ) ဖြင့် ကောဒိ၌ ကေသဒ္ဒါသည် သေဋ္ဌအနက်၌ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ကေသဒ္ဒါသည် တစ်ခုသချိာအနက်ကို ယေဘုယျအားဖြင့် ဟောရကား သေဋ္ဌဝါစက အဖြစ်သည် မထင်ရှားသည် မဟုတ်ပါလော။အဘယ်သို့သော ယုတ္တိဖြင့် သေဋ္ဌဝါစကအဖြစ်ကို သိနိုင်ပါအံ့နည်း။စုဒ်ကြောင့် (ဂ)မိန့်။

http://www.dhammadownload.com



**(ဃ)သို့**။ ။ ဆရာ၊သည်(ခ)ဖြင့် ကောဒိဌ် ကေသဒ္ဒါသည် သေဠအနက်၌ဖြစ်၍၊ဝိတက်ဝိစာရတို့ မတက်ရောက်သည်၏ အဖြစ်ကြောင့် မြတ်၏ဟု ဖွင့်ပြတော်မူအပ်၏။ကေသဒ္ဒါသည် သေဠအနက်နှင့် ဝိတက်ဝိစာရတို့မတက်ရောက်သောကြောင့် မြတ်၏ဟူသော အနက်ကိုသာ မှတ်သားအပ်ပါသလော။အဘာယ်အနက်နှင့် အဘာယ်အဓိပ္ပါယ်ကိုလည်း မှတ်သားအပ်ပါသေးသနည်း။စုဒ်ကြောင့် (ဃ) မိန့်။

**(င)သို့**။ ။ ဆရာ၊သည်(က)ဖြင့် ကောဒိဌ် ဥဒိကို ဥဒေတီတိ ဥဒိ-ဟု ဝစနတ္ထပြု၍၊ဣပစ္စည်း သုဒ္ဓကတ္တုသာ နေအနက်၌ သက်သည်ကို ဖွင့်ပြအပ်၏။ထို ဣပစ္စည်းသည် သုဒ္ဓကတ္တုသာနေ၌သာ ဖြစ်ပါသလော။အဘယ်အနက်၌လည်း ဖြစ်ပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

**(ခ) ဝိတ္ထာရ။[တစ်နည်း]ပကၡန္တရ။[တစ်နည်း]ဝါကျာရမ္ဘ။(ဂ)ဒဠှီကရဏ။**

ကေသဒ္ဒါ၏ သေဠဟောနိုင်ပုံ အသင့်ယုတ္တိကို ပြသောကြောင့်။

**(ဃ ) နယန္တရပက္ခန္တရ။ (င) နယန္တရပက္ခန္တရ။**

နံပါတ် (၄)

**ကောဒိ။။ ကော ဟုတွာ ဥဒေတီတိ ကောဒိ။**

ကေအရ သေဠ(ဝါ)အသဟာယဘောဂုဏ်သည် မှချ။ထို ၏ ဖြစ်သော သမာဓိနှင့်ဂုဏ်/ဂုဏေး စပ် ဌာနူ။ပုဒ်လုံး အရ ထို သော သေဠ(ဝါ)အသဟာယဘောဂုဏ်နှင့် ပြည်စုံသော သမာဓိ ရ၏။

**အနဇ္ဈာရုဠှ။ ။ အာရုယှတီတိ အာရူဠှော။ အဓိ အာရူဠှော အဇ္ဈာရူဠှော။န အဇ္ဈာရူဠှော အနဇ္ဈာရူဠှော။**

အာ+ရုဟဓာတ် ကတ္တုရု-တက်ရောက်သော ဝိတက်ဝိစာရတို့၏ ဥပါဒ်သည် မှချ။ကမ္မဌကား-သမာဓိ၏ ဝိက္ခမ္ဘနသတ္တိ(ဝါ)ပကတူပနိဿယသတ္တိသည် ဖလူ။တ ပစ္စည်းအရ ထို သော သမာဓိ ရ၏။

နဝိသေအဘာဝဘောဂုဏ်သည် မှချ။ထို ၏ မတက်ရောက်အပ်သော သမာဓိနှင့် ဂုဏ်/ဂုဏေး စပ် ဌာနူ။ပုဒ်လုံးအရ ထို သော မတက်ရောက်အပ်သော သမာဓိ ရ၏။

နံပါတ် (၅)

**သဟာယ**။ သဟ+ဣ+ဏ။ **သမာဓိ**။ သံ-အာ+ဓာ+ဣ။ **ဓီဝ**။ ဓိဝ + အ။

**ကေ**။ ဣ+က။ **အဂ္ဂ**။ အဇ+ဂ။ **သေဠ**။ ပသတ္ထပုဒ်+ဣဋ္ဌ။

နံပါတ် (၆)

(ခ) အဂ္ဂေါ သေဋ္ဌောဖြင့် ကေသဒ္ဒါ၏ သေဠအနက်၌ ဖြစ်သည်ကို သိစေ။ဥဒေတိဖြင့် ဥဒိ-၌ ဥ ပုဗ္ဗ၊ ဣဓာတ်၊ဣပစ္စည်း။ယင်း ဣ ပစ္စည်း၏ ကတ္တုသာနေ၌ သက်၍ ဥဒေတီတိ ဥဒိဟု ကတ္တုသာနေ ဝစနတ္ထ ပြုအပ်သည်ကို သိစေ။သေဋ္ဌော ဟုတွာ ဥဒေတိဖြင့် ကောဒိကို ကော ဟုတွာ ဥဒိ ကောဒိ-ဟု သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်ဝစနတ္ထ ပြုအပ်သည်ကို သိစေ၊ဝိတက္ကဝိစာရေဟိ အနဇ္ဈာရူဠှတ္တာဖြင့် ဝိတက်ဝိစာရ ဟူသော ဩဠာရိကင်္ဂတို့ မတက်ရောက်သည်၏ အဖြစ်ကြောင့် မြတ်သည်ဟူသော အဓိပ္ပာယ်ကိုသိစေ။

နံပါတ် (၇)

**သေဋ္ဌဋ္ဌေန/သေဋ္ဌတ္ထေန**...

တထနလာန် ဋ္ဌဋ္ဌဏာဋ္ဌာ ဟူသော မောဂ္ဂလာန်။တထာန် ဋ္ဌယုဂံ-ဟူသော နီတိသုတ်တို့အရ-ဋ္ဌကို

http://www.dhammadownload.com



၄-ပြုလျှင် သေဋ္ဌွေန-ဟုလည်းကောင်း၊မပြုလျှင် သေဋ္ဌေန-ဟု လည်းကောင်း ပြီးနိုင်ရကားနှစ်ပါဌ်သင့်။

**ဣတိ ဣမံ / ဣတိ ဇဝံ...**

ဣတိတိ ဇဝံ၊ ဣတိတိ တသ္မာ-ဟု ယောဇနာ၌ ရှိသောကြောင့် ဣတိ ဣမံ ပါဌ်သာ သင့်။

နံပါတ် (ဂ)

**ကောဒိ ။** ။အပေါင်းဖြစ်သော သဒ္ဓါ, သတိ, ဝီရိယ, ပညာ,သမာဓိ စသည်တို့၏ ကောဒိ အမည်ကို အစိတ်ဖြစ်သော သမာဓိ၌တင် ကေဒေသျှ၊ ရုဋ္ဌိ။

ရှာန်ကို ကျေးဇူးပြုခြင်းဟူသော အလွန်အကဲအားဖြင့် သမာဓိကိုသာ ယူအပ်သောကြောင့် အတိသယ နည်း။

*****************

**ဝါကျစဉ် (၆၉)**

(က) နနု စာယံ သဒ္ဓါ ပဋ္ဌမဇ္ဈာနေပိ အတ္ထိ၊ အယဉ္စ ကောဒိနာမကော သမာဓိ။

(ခ) အထ ကသ္မာ ဣဒမေဝ သမ္ပသာဒနံ "စေတသော ကောဒိဘာဝဉ္စာ"တိ ဝုတ္တန္တိ?

(ဂ) ဝုစ္စတေ၊

(ဃ) အဒုံ ဟိ ပဋ္ဌမဇ္ဈာနံ ဝိတက္ကဝိစာရက္ခောဘေန ဝီစိတရင်္ဂသမာကုလမိဝ ဇလံ နသုပ္ပသန္နံ ဟောတိ၊တသ္မာ သတိယာပိ သဒ္ဓါယ သမ္ပသာဒနန္တိ န ဝုတ္တံ။

(င) န သုပ္ပန္နတ္တာယေဝ စေတ္ထ သမာဓိပိ န သုဋ္ဌု ပါကဋော၊တသ္မာ ကောဒိဘာဝန္တိပိ န ဝုတ္တံ။ [ဝိ၊ ၄၊ ၁။ ၁၁၈။]

*************

နံပါတ် (၁)

**(ဃ)** ဟိ၊ ချဲ့။ (ဝါ) ဟိ ယသ္မာ၊ ကြောင့်။ အဒုံ ပဋ္ဌမဇ္ဈာနံ၊ ထို ပဋ္ဌမဈာန်သည်။ ဝိတက္ကဝိစာရက္ခောဘေန ဝိတက်ဝိစာရတို့၏ လှုပ်ခြောက်ခြားခြင်းကြောင့်။ဝီစိတရင်္ဂသမာကုလံ၊လှိုင်းငယ်လှိုင်းကြီးတို့ဖြင့် ရောပြွမ်းသော ဇလံဣဝ၊ရေကဲ့သို့။သုပ္ပသန္နံ၊ကောင်းစွာ ကြည်လင်သည်။နဟောတိ။တသ္မာ၊ကြောင့်။သဒ္ဓါယ၊သည်။သတိယာ ပိ၊ ရှိပါသော်လည်း။သမ္ပသာဒနန္တိ၊ဟူ၍။ န ဝုတ္တံ၊ ဟောတော်မမူအပ်ခဲ့။

နံပါတ် (၂)

**(က)စသည်သို့။** ။ ဆရာ၊မြတ်စွာဘုရားသည် ပါဠိတော်၌ ဒုတိယဈာန်ကို သမ္ပသာဒနံ စေတသော ကောဒိဘာဝံ-ဟု ဝိသေသန,မလျက် ဟောတော်မူအပ်၏။ယင်းသို့ ဟောတော်မူသည်ရှိသော် ပဋ္ဌမဈာန်၌လည်း သမ္ပသာဒန သဒ္ဓါ၊ကောဒိဘာဝ သမာဓိ-တို့ ရှိကြသည်မဟုတ်ပါလော၊ယင်းသို့ ရှိပါလျက် အဘယ်ကြောင့် ဤ ဒုတိယဈာန်ကိုသာ သမ္ပသာဒနံ စေတသော ကောဒိဘာဝံ-ဟု ဟောဆိုတော်မူအပ်ပါသနည်း၊စုဒ်ကြောင့် [က]စသည် မိန့်။ [ဝါကျ အားလုံးမျှော်သည်။]

**(ဃ)သို့။** ။ ဆရာ၊သည် (ဂ)ဖြင့် ဒုတိယဈာန်ကိုသာ သမ္ပသာဒနံ စေတသော ကောဒိဘာဝံဟု ဆိုရခြင်း၏ အဖြေကို ဆိုအပ်၏-ဟု သခေံပစကားကို ဖွင့်ဆိုအပ်၏။စကားပျိုး သခေံပ စကားရပ်ဖြင့် ဒုတိယဈာန်ကို သမ္ပသာဒနံ စေတသော ကောဒိဘာဝံ-ဟု,ဝိသေသန,မလျက် ဆိုနိုင်ခြင်း အကျယ်ကို မသိအပ်သေးသည်

http://www.dhammadownload.com



မဟုတ်ပါလော။စကားရိုး အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် [ဃ]မိန့်။

**(တစ်နည်း)** ။ ။ ဆရာ၊သည် (က)ဖြင့် ပဋမဈာန်၌လည်း သမ္ဘာဒန အမည်ရသော သဒ္ဒါ၊ကောဒိအမည် ရသော သမာဓိတို့ရှိ၏ဟု ဖွင့်ပြတော်မူအပ်၏။ထိုသို့ ရှိသောကြောင့် ပဋမဈာန်ကိုလည်း သမ္ပသာဒနံ စေတသော ကောဒိဘာဝံ-ဟု ဟောတော်မူသင့်သည် မဟုတ်ပါလော။အဘယ်ကြောင့် ပဋမဈာန်ကို သမ္ပသာဒနံ စေ တသော ကောဒိဘာဝံ-ဟူ၍ မဟောဆို အပ်ပါသနည်း။ စုဒ်ကြောင့် [ဃ-င]မိန့်။

နံပါတ် (၃)

**(က) စောဒကာဘောဂ။(ခ) စောဒနာ။(ဂ) ပရိဟာရ [သောဓနာ]။(ဃ-င) ဝိတ္ထာရ။**

**ထိုတွင် (င) ပက္ခန္တရ။**

**စာစပ်** ။ ။ ဝိတက္ကဝိစာရကွောဘေန ကြောင့်ပေး၊နသုပ္ပသန္နံဟောတိ၌ အကြောင်းဟိတ်၊အကျိုးဖိုလ် စပ်။

နံပါတ် (၄)

**ကောဒိနာမကော** ။ ။ **ကောဒိ နာမံ ယဿာတိ ကောဒိနာမကော။**

ကောဒိနာမ-ဗဟုဗ္ဗီအရ ကောဒိ ဟူသော အမည်သည် မုချ။ထို၏ယ အညပုဒ်အရ ပဋမဈာန် သမာဓိနှင့် သညာ/သညီ ဂစပ် ဠာန။ယ အညပုဒ်အရ ကောဒိ အမည်ရသော ပဋမဈာန် သမာဓိရ၏။

**တရင်္ဂ** ။ ။ **တရန္တော ဂစ္ဆတိ တီရံဝါ ဂစ္ဆတီတိ တရင်္ဂေါ။**

တီရ-ဝိသေသနအရ ကမ်းနားဒြပ်သည် မုချ။ထို၏ သွားတတ်သောလှိုင်းနှင့် ကမ္မ/ကမ္မိစပ် ဠာန။ ပုဒ်လုံးအရ ထိုသော လှိုင်းရ၏။

**ဝီစိ**။ ။ **ဝိမ္ဟယံ ဝိစိတ္တံ စိနောတီတိ ဝီစိ။**

**ဝီစိတရင်္ဂ** ။ ။ **ဝီစိစ တရင်္ဂေါစ ဝီစိတရင်္ဂါနိ။**

**ဝီစိတရင်္ဂသမာကုလံ** ။ ။ **ဝီစိတရင်္ဂေဟိ သမာကုလံ ဝီစိတရင်္ဂသမာကုလံ။**

ဝီစိ ရှေ့ပုဒ်အရ လှိုင်းငယ်သည် မုချ။ထို၏ တရင်္ဂအရ လှိုင်းကြီးနှင့် ရောပြွမ်းခြင်း ကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဠာနပစာ။ပုဒ်လုံးအရ ထို-သော လှိုင်းငယ် လှိုင်းကြီးတို့ရ၏။

**သုပ္ပသန္နတ္တ**။ ။ **သုဋ္ဌု ပသီဒတီတိ သုပ္ပသန္နာ။ သုပ္ပသန္နာယ ဘာဝေါ သုပ္ပသန္နတ္တံ။**

သုပ္ပသန္နဟူသော တဒ္ဓိတ်ပုဒ်အရ ကြည်လင်သော သဒ္ဒါသည် မုချ။ထို၏ တ္တ ပစ္စည်းအရ ဖြစ်ကြောင်း ဖြစ်ရာ ကြည်လင်ခြင်းဂုဏ်နှင့် နိဿယ/နိဿိတ စပ်ဠာန။တ္တ-အရ ကြည်လင်သဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ ကြည်လင်ခြင်း ဂုဏ်ရ၏။

နံပါတ် (၅)

**ဝီစိ**။ဝိ-စိ+ဏ္ဍ။ ပုံလိင်။ **တရင်္ဂ**။ တရသဒ္ဒူပပဒ [တီရသဒ္ဒူပပဒ] ဂမု + ကွိ။

**ဇလ**။ဇလ + အ။ [ဇလတိ သန္ဒတီတိဇလံ] **အဒုံ**။ အမုပုဒ်၊သိဝိဘတ်၊နပုံလိင်၊

သဗ္ဗနာမ်ဂိုဏ်း။ **သုဋ္ဌု**။ သု+ ဌာ + ဥ။ **ပါကဋ**။ ပ-ကဋ+ဏ။

နံပါတ် (၇)

**သတိယာဝိ သဒ္ဓါယ/သတိဝိ သဒ္ဓါ/သတိဝိ သဒ္ဓါယ…**

http://www.dhammadownload.com



သဒ္ဒါ သတိပိဟု ယောနော၌ ပဋ္ဌမာဝိဘတ်ဖြင့် ရှိသော်လည်း လက္ခဏ/လက္ခဏဝန္တပုဒ် ဖြစ်ရကား သတ္တမီဝိဘတ် အဆုံးရှိသော သတိပိ သဒ္ဒါယ သင့်။ [သန္တ+သို ။န္တနှင့်တကွ သို့ကို တိပြု]

သဒ္ဒါသည် ဣတ္ထိလိင်ဖြစ်၍ ယင်းနှင့်အရတူ သတိသည် ဣတ္ထိလိင်ဖြစ်နိုင်ရကား သန္တပုဒ်၊ဤပစ္စည်း၊ န္တချေ၊သို့ဝိဘတ်သက်၊ယာ ပြု၍ ပြီးနိုင်သောကြောင့် သတိယာပိ သဒ္ဒါယ ပါဌ်လည်းသင့်။

နံပါတ် (ဂ)

**ဝိစိ**။ ။ ယှဉ်ဘက်ဖြစ်သော တရက်-လှိုင်းကြီးမှ တစ်ပါးသော လှိုင်းငယ်ကို ဝိစိအရ ယူအပ်သောကြောင့် ဝေါဟလိဗ္ဗနည်း၊ ပုညဉာဏသမ္ဘာရနည်း၊ ကေဒေသူပစာ။

(င) တသ္မာ သတိပိ ဧကောဒိနာမကေ သမာဓိမှိ ဧကောဒိဘာဝန္တိ န ဝုတ္တံ။ ကေသေသနည်း။

****************

**ဝါကျစဉ် (၇၁)**

(က) အဝိတက္ကံ အဝိစာရန္တိ ဘာဝနာယ ပဟီနတ္တာ ဧတသ္မိံ, ဧတဿ ဝါ ဝိတက္ကော နတ္ထီတိ အဝိတက္ကံ။

(ခ ) ဣမိနာဝ နယေန အဝိစာရံ။

(ဂ ) ဝိဘင်္ဂေပိ ဝုတ္တံ-ဣတိ အယဉ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ အတ္ထ င်္ဂတာ အဗ္ဘတ္ထင်္ဂတာ အပ္ပိတာ ဗျပ္ပိတာ သောသိတာ ဝိသောသိတာ ဗျန္တီကတာ။

(ဃ) တေန ဝုစ္စတိ "အဝိတက္ကံ အဝိစာရ"န္တိ။ [ဝိ၊ ၄။ ၁။ ၁၁၈/၉။]

****************

နံပါတ် (ခ)

(ဂ) သန္တာ၊ချုပ်ကုန်သည်။(ဝါ)ချုပ်ခြင်းသို့ရောက်ကုန်သည်။သမိတာ၊ဘာဝနာဖြင့် ချုပ်စေအပ်ကုန်သည်။ ဝူပသန္တာ၊ထို့ကြောင့် ကောင်းစွာငြိမ်းကုန်သည်။အတ္ထင်္ဂတာ၊ပျက်ခြင်းသို့ ရောက်ကုန်သည်။အဗ္ဘတ္ထင်္ဂတာ၊ လွန်စွာ ပျက်ခြင်းသို့ရောက်ကုန်သည်။ဗျပ္ပိတာ၊အထူးသဖြင့် ပျက်ခြင်းသို့ရောက်ကုန်သည်။သောသိတာ၊ဖြစ်ခြင်းဟူသော အစဉ်၏ မရှိခြင်းဖြင့် ခြောက်သွေ့ကုန်သည်။(ဝါ)ခြောက်သွေ့ခြင်းသို့ ရောက်ကုန်သည်။ဗျန္တီကတာ၊ကင်းသော ဘင်ရှိသည်တို့ကို ပြုအပ်ကုန်သည်။

နံပါတ် (၂)

(ဂ)သို့ ။ ။ ဆရာ၊သည် (က-ခ)တို့ဖြင့် ဘာဝနာဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ဝိတက်ဝိစာရတို့ မရှိရကား ဒုတိယဈာန်ကို အဝိတက္ကအဝိစာရ မည်၏ဟု ဖွင့်ဆိုအပ်၏။ယင်းသို့ဆိုအပ်သည်ရှိသော် ပါဠိတော်၌ အဝိတက္ကံ အဝိစာရံ-ဟု သာမညဟောထားသည် မဟုတ်ပါလော။ယင်းသို့ ဟောထားပါလျက် ဘာဝနာယ ပဟီနတ္တာ-ဟု ဝိသေသအားဖြင့် ဖွင့်ဆိုခြင်းသည် အသို့သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

နံပါတ် (၃)

(က) ဧတဿဝါ စသည် နယန္တရပက္ခန္တရ။( ခ) ဝါကျာရမ္ဘ [တစ်နည်း] ပက္ခန္တရ။

( ဂ) အာဂမဒဠှ ။ (ဃ) လဒ္ဒဝုတ္တ။

http://www.dhammadownload.com



နံပါတ် (၄)

**သင်္ခတာ။ ။ သမိဘ္ဘ နိရုဇ္ဈိဿတိ သင်္ခတာ။ ကိလေသေ သမေန္တိ နိရုဇ္ဈန္တိတိ သင်္ခတာ။** [သမု+တ။]

သမု ဓာတ်အရ ဝိတက်ဝိစာရတို့၏ အဘာဝသည် မုချ။ရှေးရှေးသော အကြောင်းဖြစ်သော အဝိတက္က အဝိစာရဘာဝနာသည် ဖလူ။နောက်နောက်၌ဖြစ်သော အထက်အထက်ဈာန်ရခြင်းစသော အကျိုးသည် ကာရဏူ။တ ပစ္စည်းအရ ထို-သော ဝိတက်ဝိစာရတို့ ရ၏။

**အဇ္ဈတ္တိကာ ။ ။ အဇ္ဈတ္တံ ဂမိဿတိ အဇ္ဈတ္တိကာ။ အဇ္ဈတ္တံ (ဝိနာသံ) ဂတာ အဇ္ဈတ္တိကာ။** [ဘာ-ဋီ။]

**အဇ္ဈတ္တဂ္ဂိကာ ။ ။ အဘိ (အတိရေကံ) အဇ္ဈတ္တိကာ အဇ္ဈတ္တဂ္ဂိကာ။**

**ဗျပ္ပိတာ ။ ။ ဝိသေသန အပ္ပိတာ ဗျပ္ပိတာ။**

**သောသိတာ ။ ။ သုသံ ဣတာ သောသိတာ။ သောသံ (သုက္ခဘာဝံ) ဣတာ သောသိတာ။**

**ဗျန္တီကတာ။ ။ ဝိဂတော အန္တော ယဿာတိ ဗျန္တော။ဗျန္တံ ဝိဂတန္တံ ကတာ ဗျန္တီကတာ။**

နံပါတ် (၅)

**သမိတာ။** သမု + တ။ **ဝူပသန္တာ။** ဝိ-ဥပ-သမု+တ။ **သောသိတာ** ။ သုသ+တ။

**အပ္ပိတာ။** အပိ-ဣ+တ [**တစ်နည်း**] အပ+တ။ **ဗျန္တာ။** ဝိ+အန္တ။(ဝိ+အမ+တ)

နံပါတ် (၆)

(က) **တေသံ့ ဝိတက္ကော နတ္ထိဖြင့်** အဝိတက္ကံပုဒ်ကို သတ္တမီ ဗဟုဗ္ဗီသမာသ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊အဝိတက္ကံ၌ အ-သည် န-၏ ကာရိယဖြစ်သည်ကိုလည်းကောင်း၊ယင်း အ-သည် အဘာဝအနက်ဟောသည်ကိုလည်းကောင်း သိစေ။**တေသု ဝိတက္ကော နတ္ထိဖြင့်** အဝိတက္ကံပုဒ်ကို စတုတ္ထီ ဗဟုဗ္ဗီသမာသ်ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊အ-သည် န-၏ ကာရိယအဖြစ်ကိုလည်းကောင်း၊ယင်း အ-သည် အဘာဝအနက်ဟောသည်ကိုလည်းကောင်းသိစေ။**ဘာဝနာယ ပဟီနတ္တာဖြင့်** ဘာဝနာဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ဒုတိယဈာန်၌ ဝိတက်ဝိစာရ မရှိသည်၏ အဖြစ်ကို သိစေ။

နံပါတ် (၇)

**ဗျန္တီကတာ/ကန္တီကတာ···**

၂-ပါဌ်သင့်။ ယထာရဟမိဝဏ္ဏာဂမော ဘူကရေသု [နီတိ၊ သုတ္တ၊ ၁၃၃၈။] သုတ်အရ။ ဘူ+ဓာတ်၊ ကရ+ဓာတ်အယှဉ် ပြယုဂ်အားလျော်စွာ ဣ+ဤ လာနိုင်သော ကြောင့်တည်း။

**ဗျန္တီကတာ/ဗျန္တီဂတာ···**

အချို့ပေ၌ ဗျန္တီဂတာ-ဟု ကဏ္ဍ တတိယက္ခရာနှင့်ရှိ၏။ဣအက္ခရာနှင့်ယှဉ်ရကား မသင့်။ (ပါရာ၊ ဂံသစ်၊၁၊၁၉၂။)၌ ဆိုသောကြောင့် ထိုအလို ဗျန္တီဂတာ မသင့်။အထက် နီတိသုတ်ကို ထောက်၍ ဗျန္တီကတာ-ပါဌ်သာသင့်။

[**မှတ်ချက်။** ။ ဗျန္တိ ဂတာ-ကင်းခြင်းသို့ ရောက်ကုန်သည် ။ပဥ္စမက္ခရာနှင့် 'ကတာ' ရှိမူ-ကင်းခြင်းကိုပြုအပ်ကုန်သည်။ဟောန္တိ-ဟု ဂဏ္ဌိဟောင်း၌ ဆိုသည်ကို တွေ့ရသည်။]

နံပါတ် (၈)

**သောသိတာ/ဝိသောဝိတာ။** ။ ခြောက်သွေ့ခြင်းသဘော ထင်ရှားရှိသော အရာဝတ္ထုတို့၏ အမည်ကို ခြောက်

http://www.dhammadownload.com



သွေ့ခြင်းသဘော ထင်ရှားမရှိသော ဝိတက်ဝိစာရ၌ တင်စားဆိုသောကြောင့် တဒ္ဓိတ္ထုပစာ။ရဋ္ဌိ။
**အဝိတက္ကံ အဝိစာရံ**။ ။ ပြဓာန်းသော ဝိတက်ဝိစာရတို့ မရှိခြင်းကို ဆိုသဖြင့်၊ကြွင်းပဌမဈာန် စိတ္တုပ္ပါဒ်အားလုံး မရှိခြင်းကိုလည်း ရသောကြောင့် ပဓာနနည်း၊ကေဒေသူပစာ။

နံပါတ် (၁၀)

(က) **ပဟီနတ္တာ၌ ပဟီန-အရ** ဝိတက်ဝိစာရကောက်။

**ဟာဓာတ် အရ**-အဝိတက္ကအဝိစာရဘာဝနာဟူသော ဥပစာသမာဓိ ပြဓာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ကောက်။ [ဘာဝနာယ ထောက်။]

**ပဟီနတ္တာ၏ သမ္ဗန်**-'ဝိတက္ကသ' (ဘာဋ္ဌိ) ဝိတက္ကဝိစာရာနံ။ (သာရတ္ထ) တို့ကို ထောက်သည်။

***************

**ဝါကျစဉ် (၇၁)**

(က) သမာဓိဝဂ္ဂေ ပဌမဈာနသမာဓိတော သမ္ပယုတ္တသမာဓိတော ဝါ ဇာတန္တိ အတ္ထော။
(ခ) တတ္ထ ကိဥ္စာပိ ပဌမမ္ပိ သမ္ပယုတ္တသမာဓိတော ဇာတံ။
(ဂ) အထ ခေါ် အယမေဝ သမာဓိတိ ဝတ္တဗ္ဗတံ အရဟတိ။
(ဃ) ဝိတက္ကဝိစာရက္ခောဘဝိရဟေန အတိဝိယ အစလတ္တာ, သုပ္ပသန္နတ္တာ စ။
(င) တသ္မာ ဣမဿ ဝဏ္ဏဘဏနတ္ထံ ဣဒမေဝ "သမာဓိဇ" န္တိ ဝုတ္တံ။
(စ) **ပီတိသုခန္တိ** ဣဒံ ဝုတ္တနယမေဝ။ [ဝိ၊ ၁၊ ၁။ ၁၀၉။]

***************

နံပါတ် (၁)

(ခ) တတ္ထ-တေသု ဒွီသု ဈာနေသု။(ဝါ)တတ္ထ တေသု ဒွီသု သမာဓီသု။(ဝါ) တတ္ထ တီသံ ပါဠိယံ။ [ယောဇနာ] ပဌမမ္ပိ-ပဌမဈာန်သည်လည်း။သမ္ပယုတ္တသမာဓိတော-ယှဉ်ဖက်သမာဓိကြောင့်။ကိဥ္စာပိဇာတံ။
(ဂ) အထခေါ-သော်လည်း။အယမေဝ=ဤဒုဈာန်သမာဓိသည်သာ။(ဝါ)ကိုသာ။သမာဓီတိ-ဟူ၍။ဝတ္တဗ္ဗတံ-ဆိုထိုက်သည်၏အဖြစ်ကို။
(ဃ) ဝိတက္ကဝိစာရက္ခောဘဝိရဟေန-ဝိတက်ဝိစာရတို့၏ လှုပ်ရှားခြောက်ခြားမှုမှ ကင်းခြင်းကြောင့်။ အတိဝိယ-အလွန်အကဲသာလျှင်။အစလတ္တာ-မတုန်လှုပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။သုပ္ပသန္နတ္တာစ-လွန်စွာ ကြည်လင်သည်၏အဖြစ်ကြောင့် လည်းကောင်းတည်း။(သမ္ဗန်-ဣမဿမေဝ သမာဓိဿ။)
(င) တသ္မာ-ထိုသို့ ဒုတိယဈာန် သမာဓိကိုသာ သမာဓိဟူ၍ ဆိုထိုက်ခြင်းကြောင့်။

နံပါတ် (၂)

**(ခ)စသည်သို့** ။ ။ ဆရာ၊သည် (က)ဖြင့် သမ္ပယုတ်သမာဓိကြောင့် ဖြစ်သောကြောင့် ဤဒုတိယဈာန်ကို သမာဓိဇံဟု ဟောတော်မူအပ်၏ဟု ဖွင့်ပြအပ်၏။ယင်းသို့ဆိုသော် ဤဒုတိယဈာန်သာ သမ္ပယုတ် သမာဓိကြောင့် ဖြစ်သည်မဟုတ်၊ပဌမဈာန်သည်လည်း သမ္ပယုတ်သမာဓိကြောင့်ပင် ဖြစ်သည်မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ပဌမဈာနနိဒ္ဒေသ၌ ပဌမဈာန်ကို သမာဓိဇံ-ဟု မဟောမူ၍၊အဘယ်ကြောင့် ဒုတိယဈာန်ကိုသာ "သမာဓိဇံ"ဟူ၍ ဟောဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) စသည်မိန့်။

http://www.dhammadownload.com



**(ဃ)သို့**။ ။ ဆရာသည် (ခ) ဖြင့် ဤဒုတိယဈာန်သမာဓိကိုသာ သမာဓိ-ဟူ၍ ဆိုထိုက်သည်ကို ဖွင့်ပြအပ်၏ ပဌမဈာန်ရှိ သမာဓိသည်လည်း သမာဓိပင် ဖြစ်သောကြောင့် သမာဓိ-ဟူ၍ ဆိုထိုက်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ဒုတိယဈာန်ရှိ သမာဓိကိုသာ သမာဓိ-ဟူ၍ ဆိုထိုက်ပါသနည်း။စုဒ်ကြောင့် (ဃ)မိန့်။

နံပါတ် (၃)

( ခ ) **စောဒကာဘောဂ**။(ဂ) **ပရိဟာရဘောဂ**။ (ဃ) **ကာရဏာ**။

( င ) **လဒ္ဒဂုဏာ**။ (စ)**ပက္ခန္တရ**။ [အတိဒေသ သံဝဏ္ဏနာဝါကျ]

နံပါတ် (၄)

**ဝတ္တဗ္ဗတာ**။ ။ **ဝုစ္စတေတိ ဝတ္တဗ္ဗော**။**ဝတ္တဗ္ဗဿ ဘာဝေါ ဝတ္တဗ္ဗတာ**။

ဝတ္တဗ္ဗ တဒ္ဓိတ်အရ ဆိုအပ်သော သမာဓိသည် မုချ။ထို-၏ တာပစ္စည်းအရ ဆိုခြင်းကြိယာနှင့် နိသျ+နိဿိတစပ် ဌာန္။တာ-ပစ္စည်းအရ ဆိုခြင်းကြိယာ ရ၏။

**အစလ**။ ။ **စလနံ စလော**။ **နတ္ထိ စလော ဧတဿ သမာဓိဿာတိ အစလော**။

န စလ-ပုဒ်အရ တုန်လှုပ်မှုမရှိခြင်းသည် မုချ။ထို-၏ ဧတ-အညအရ ဒုတိယဈာန် သမာဓိနှင့် ဂုဏ်+ဂုဏေး စပ်ဌာန္။ဧတ-အညပုဒ်အရ တုန်လှုပ်ခြင်းမရှိသော ဒုတိယဈာန်သမာဓိရ၏။

**သမာဓိဇံ**။ ။ **သမာဓိတော ဇာတံ သမာဓိဇံ**။

သမာဓိအရ ပဌမဈာန်သမာဓိသည် မုချ။ထို-၏ ဒုတိယဈာန်နှင့် အကြောင်း+အကျိုးစပ် ဌာန္။ ပုဒ်လုံးအရ ပဌမဈာန်သမာဓိကြောင့်ဖြစ်သော ဒုတိယဈာန် ရ၏။

နံပါတ် (၅)

**ခေါဘ**။ ခုဘ(ခုဘိ) + ဏ။ **သုပ္ပသန္န**။ သု+ပ+သဒ+တ။ **သမ္ပယုတ္တ**။ သံ+ပ+ယုဇ+တ။

နံပါတ် (၆)

(က) **ပဌမဈာနသမာဓိတော ဇာတံဖြင့်** သမာဓိဇံ၌ သမာဓိအရ ပဌမဈာန်သမာဓိကို အရကောက်၍ သမာဓိတော ဇာတံ သမာဓိဇံ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ်သည်ကို သိစေ။ **သမ္ပယုတ္တသမာဓိတော ဇာတံဖြင့်** သမာဓိအရ ဒုတိယဈာန်နှင့်ယှဉ်သော သမ္ပယုတ်သမာဓိကို ကောက်၍ သမာဓိတော ဇာတံ သမာဓိဇံ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုအပ်သည်ကို သိစေ။

နံပါတ် (၇)

**အယမေဝ သမာဓီတိ/လ္လဒမေဝ သမာဓိဇန္တိ**···

စေတသော ဧကောဒိဘာဝံ ဟူသော ပါဠိတော်နှင့်ဆန့်ကျင်သောကြောင့် လ္လဒမေဝ သမာဓိဇန္တိ ဟူသောပါဌ် မသင့်။အယမေဝ သမာဓီတိ ပါဌ်သာ သင့်။[ဂဏ္ဌိသစ်]

**ဝတ္တဗ္ဗတံ/ဝတ္တဗ္ဗံ**···

ဘာဝပ္ပဓာနဘာဝလောပ ပုဒ်ဖြစ်သောကြောင့် ဘာဝပစ္စည်းမရှိသော ဝတ္တဗ္ဗံ ပါဌ်သင့်။ဘာဝပစ္စည်း ရှိလျှင် ဝတ္တဗ္ဗတံ ပါဌ်လည်း သင့်။

http://www.dhammadownload.com



ဝုတ္တနယေနေဝ/ဝုတ္တနယမေဝ...

ဝုတ္တော နယော ယဿ ပီတိသုခဿ ပဒဿာတိ ဝုတ္တနယံ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၍ ပီတိသုခဿ ဣဒံပဒံ၊ပီတိသုခံ-ဟူသော ဤပုဒ်သည်။ဝုတ္တနယမေဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင် တည်း-ဟု အနက်ယောဇနာ၍ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိသဖြင့် ယင်းဝုတ္တနယမေဝ သင့်။

ဝုတ္တော နယော ဝုတ္တနယော-ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထပြု၍။ပီတိသုခဿ ပဒံ ပီတိသုခ ဟူသောပုဒ်ကို။ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗံ-သိအပ်၏။-ဟု အနက်ယောဇနာ။ သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိသည်သာဖြစ်၏။ထို့ကြောင့် ဝုတ္တနယေနေဝ ပါဌ်လည်း သင့်။

နံပါတ် (၈)

**(စ)** အတူဖြစ်သော ပဌမဈာန်ရှိ ပီတိသုခ၏အမည်ကို အတူရှိသော ဒုတိယဈာန်ရှိ ပီတိသုခ၌ တင်သဒိသူပစာ။

**သမာဓိဇံ**။ ။ ပဌမဈာန်သည် သမ္ပယုတ်သမာဓိကြောင့် ဖြစ်ပါလျက် ပဌမဈာနနိဒ္ဒေသ၌ သမာဓိဇံဟု မဟောမူ၍ ဤဒုတိယဈာနနိဒ္ဒေသကျမှ အလွန်အကဲအားဖြင့် သမာဓိဇံ-ဟု ဟောတော်မူသောကြောင့် အတိသယနည်း။(ခ) ဝါကျကို ရှုသည်။

နံပါတ် (၁၀)

သမ္ပယုတ္တသမာဓိတော-အရ ဒုတိယဈာန်နှင့်ယှဉ်သော သမာဓိကို ကောက်။

***************

**ဝါကျစဉ် (၇၂)**

(က) **ပီတိယာစ ဝိရာဂါတိ** ဧတ္ထ ဝုတ္တတ္ထာယေဝ ပီတိ။

(ခ) **ဝိရာဂေါတိ** တဿာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။

(ဂ) ဥဘိန္နမန္တရာ စ-သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။

(ဃ) သော ဟိ ဝူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရဝူပသမံ ဝါ။

(င) တတ္ထ ယဒါ ဝူပသမမေဝ သမ္ပိဏ္ဍေတိ၊တဒါ ပီတိယာ ဝိရာဂါစ, ကိဉ္စ ဘိယျော ဝူပသမာစာတိ ဧဝံ ယောဇနာ ဝေဒိတဗ္ဗာ။

(စ) ဣမိဿာစ ယောဇနာယံ ဝိရာဂေါ ဇိဂုစ္ဆနတ္ထော ဟောတိ။

(ဆ) တသ္မာ ပီတိယာ ဇိဂုစ္ဆနာစ ဝူပသမာစာတိ အယမတ္ထော ဒဋ္ဌဗ္ဗော။(ဝိ၊ဋ္ဌ၊၁၊၁၂၀။)

****************

နံပါတ် (၁)

**(က)** ဝုတ္တတ္ထာ၊ ဖွင့်ဆိုအပ်ပြီးသောအနက်ရှိသော။ပီတိယေဝ၊ပီတိပင်လျှင်တည်း။[ဧဝ-အဝ္ဓာနုပယုတ်] **(တစ်နည်း)** ပီတိ၊သည်။ဝုတ္တတ္ထာယေဝ၊ဖွင့်ဆိုအပ်ပြီးသော အနက်ရှိသည်သာလျှင်တည်း။

**(ခ)** ဟိ၊မှန်၏/ချဲ့။သော၊ထိုစသဒ္ဒါသည်။ဝူပသမံဝါ၊ဝူပသမ သက်သက်ကိုသော်လည်းကောင်း။

**(င)** တတ္ထ-ထိုပေါင်းအပ်သော အနက်နှစ်ပါးတို့တွင်။ယဒါ၊၌၊ဝူပသမမေဝ၊ဝိတက်ဝိစာရမဖက် ဝူပသမ သက်သက်ကိုသာ။သမ္ပိဏ္ဍေတိ၊ပေါင်း၏။တဒါ၊၌။

http://www.dhammadownload.com



**[သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗအနက်]** ပီတိယာ၊ကို။ဝိရာဂါစ၊စက်ဆုတ်ခြင်း ကြောင့်လည်းကောင်း။ပီတိယာ၊၏။ဥပသမာစ၊ဖယ်ခွာလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့်လည်းကောင်း။**(င)ဝါကျရှု။** ပီတိယာ၊ကို။ဝိရာဂါစ၊လွန်မြောက်ခြင်းကြောင့်လည်းကောင်း။ဝိတက္ကဝိစာရာနံ၊တို့၏။ဥပသမာစ၊လွန်မြောက်ခြင်းကြောင့်လည်းကောင်း။ **မှတ်ချက်။**။ ဤဝိရာဂ၏အနက်နှစ်နက်လုံးသည် သဒ္ဒတ္ထမဟုတ်၊အဓိပ္ပာယတ္ထသာ၊ သဒ္ဒတ္ထကား-ဝိရာဂါ၊ဓ တပ်မက်ခြင်းကြောင့်လည်းကောင်း။-ဟုပေး။

## နံပါတ် (၂)

**(ဃ)သို့။** ။ဆရာ၊(ဂ)ဖြင့် စသဒ္ဒါသည် သမ္ပိဏ္ဍန အနက်ရှိ၏ဟု ဖွင့်ပြအပ်၏။ စသဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍ များသောအနက်ရှိနိုင်သည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် သမ္ပိဏ္ဍနအနက်ရှိ၏-ဟု ဆိုသော ဆရာ့စကား အသို့သင်နိုင်အံ့နည်း။ စုဒ်ကြောင့် (ဃ) မိန့်။**(တစ်နည်း)** သမ္ပိဏ္ဍိတဗ္ဗအနက် မရှိသော်လည်း ဆိုသင့်အံ့လော။
**(င)သို့။** ။ဆရာ၊(ဃ)ဖြင့် စသဒ္ဒါသည် ဝူပသမကိုသော်လည်းကောင်း၊ဝိတက္ကဝိစာရ ဝူပသမကိုသော်လည်း ကောင်း ပေါင်းဆည်း၏ဟု ဖွင့်ပြအပ်၏။ပေါင်းဆည်းပုံကို အကျယ်အားဖြင့် မပြဆိုပြီလော၊ပေါင်းဆည်းပုံအကျယ်ကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။
**(စ)သို့။** ။ ဆရာ၊(င)ဖြင့် စသဒ္ဒါသည် အကြင်အခါ ဝူပသမကိုဆည်း၏၊ထိုအခါ ပီတိယာ ဝိရာဂါစ၊ဝူပသမာ စ-ဟူ၍ ယောဇနာအပ်သည်ကို ဖွင့်ပြအပ်၏။ယင်းယောဇနာနည်း၌ ဝိရာဂသဒ္ဒါသည် သမတိက္ကမအနက်ကို ဟောလေသလော။အဘယ်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။
**ကား။** ။ ဇိဂုစ္ဆနအနက် ဟော၏ဟူလိုသော်။

## နံပါတ် (၃)

**( ခ ) ပက္ခန္တရ။ (ဂ) ပက္ခန္တရ။(ဃ) ယုတ္တိဒဠီကရဏ။[တစ်နည်း]ကာရဏ။**
**( င ) ဝိတ္ထာရ။ (စ) ဝါကျာရမ္ဘ။[တစ်နည်း] ပက္ခန္တရ။ (ဆ) နိဂုံး။[တစ်နည်း] လဒ္ဓဂုဏ။**
**တစပ်။** ။တတ္ထ-တို့တွင် ပေးသောကြောင့်၊ဝူပသမမေဝ သမ္ပိဏ္ဍေတိ-၌ နိဒ္ဓါရဏသမုဒါယ+နိဒ္ဓါရဏီယစပ်။

## နံပါတ် (၄)

**သမ္ပိဏ္ဍနတ္ထ။** ။ **သမ္ပိဏ္ဍနံ အတ္ထော အဿာတိ သမ္ပိဏ္ဍနတ္ထော။**

သမ္ပိဏ္ဍနတ္ထ ဗဟုဗ္ဗီသမာသ်လုံးအရကား ပေါင်းဆည်းခြင်း အနက်သည် မုချ။ထို ၏ စ-သဒ္ဒါနှင့် နိဿယ/နိဿိတစပ် ဌာနူ။တေ အညပုဒ်အရ ပေါင်းဆည်းခြင်း အနက်ရှိသော စသဒ္ဒါ ရ၏။

**ဇိဂုစ္ဆနတ္ထ။** ။ **ဇိဂုစ္ဆနံ အတ္ထော အဿာတိ ဇိဂုစ္ဆနတ္ထော။**

**ဝိရာဂ။** ။ **ဝိရဇ္ဇနံ ဝိရာဂေါ။**

ဝိ ဥပသာရပုဒ်အရ ဓာတွတ္ထဗာဓကဘောဂ ရ၏။ရဉ္စဓာတ်အရ ပီတိကို မတပ်မက်ခြင်း (ဝါ) စက်ဆုပ်ရွံရှာခြင်း။(ဝါ)လွန်မြောက်ခြင်း ကြိယာရ၏။ဏ-ပစ္စည်းအရ ဘာဝသာဓနတို့ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးအရှိသောကြောင့် မတပ်မက်ခြင်း။(ဝါ)စက်ဆုပ်ရွံရှာခြင်း(ဝါ)လွန်မြောက်ခြင်း ကြိယာပင်ရ၏။

**ဝုတ္တတ္ထာ ။ ။ ဝုတ္တော အတ္ထော ဧတိဿာ ပီတိယာတိ ဝုတ္တတ္ထာ။**

ဝုတ္တတ္ထ-ဗဟုဗ္ဗီအရ ဖွင့်ဆိုအပ်ပြီးသောအနက်သည် မုချ။ထို-၏ တေ့ အညပုဒ်အရ ပီတိနှင့် နိဿယ/နိဿိတစပ် ဌာနူ။တေ အညပုဒ်အရ ထို သော ပီတိရ၏။

http://www.dhammadownload.com


နံပါတ် (၅)

**ဘိယျော**။ အတိရေကတ္ထ ဝါစကနိပါတ်။ ဘိယျောသောတိ ဣဒံ ဘိယျောသဒ္ဒေန အတိရေကတ္ထ ဝါစကေန နိပါတေန သမာနတ္ထံ နိပါတပဒံ။ [သဒ္ဒနီတိ]

**ဓိဂုစ္ဆန**။ ဂုပ+ဆ+ယု။ **သမ္ပိဏ္ဍန**။ သံ-ပိဍိ+ယု။

နံပါတ် (၆)

(ခ) **တဿာဖြင့်** ပီတိယာ၌ ယာသည် နာဝိဘတ်၏ ကာရိယမဟုတ်။သဝိဘတ်၏ ကာရိယအဖြစ်ကို သိစေ။ **ဓိဂုစ္ဆနံဝါ သမတိက္ကမောဝါ-ဖြင့်** ဝိရာဂ၌ ဝိဥပသာရ၏ ဓာတွတ္ထဇာဓကေ၏အဖြစ်ကို လည်းကောင်း၊ ဏပစ္စည်း ဘာဝသာဓန၌ သက်သည်ကို လည်းကောင်း၊ဝိရဇ္ဇနံ ဝိရာဂေါ ဟု ဘာဝသာဓန ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း၊ယင်း ဝိရာဂသည် ငြီးငွေ့ခြင်းကို အကြောင်းပဓာနမှုသဖြင့် စက်ဆုတ်ရွံရှာခြင်း၊ရှုပ်ချခြင်းပင်တည်း။ထိုပီတိနှင့်စပ်သော ရာဂကို ပယ်ခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို လည်းကောင်း သိစေပါသည်။ ဝိရဇ္ဇနံ ဝိရာဂေါ။တံ ပန ဝိရဇ္ဇနံ နိဗ္ဗိန္ဒနမုခေန ဟီဠနံဝါ တပ္ပဋိဗဒ္ဓရာဂပ္ပဟာနံ ဝါတိ ဒဿေတုံ "**တဿာ ပီတိယာ ဓိဂုစ္ဆနံဝါ သမတိက္ကမောဝါ**"တိ ဝုတ္တံ။ [သာရတ္ထ ၁။ ၃၆၉။]

(ဂ) ဖြင့် ပီတိယာစ၌ စသဒ္ဒါ သမ္ပိဏ္ဍနအနက် ဟောသည်ကို သိစေပါသည်။

နံပါတ် (၇)

**ဥဘိန္နမန္တရာ/ဥဘိန္နမန္တရေ…**

အန္တရာဟုရှိလျှင် သတ္တမျန္တနိပါတ်ဟု ရူပသိဒ္ဓိ၌ဆိုသည်။ယင်း အန္တရာ နိပါတ်ကိုပင် ရူပသိဒ္ဓိဋီကာ၌-အန္တရာ ဝေမဇ္ဈေ-ဟု ဖွင့်ဆိုရကား အန္တရာဟူသော သတ္တမျန္တ နိပါတ်ပုဒ်သည် အလယ်အကြား ဟူသောအနက်ကို ဟောနိုင်သောကြောင့် ဥဘိန္နမန္တရာ-ဟု ရှိသောပါဠ်၌ သင့်။

အန္တရေဟုရှိလျှင် အန္တရ နာမ်ပုဒ်နောင် သ္မိံဝိဘတ်သက်၍ ရုပ်ပြီးသည်။အန္တရံ မဇ္ဈဝတ္တုညခဏော ကာလောဓိဟေတုသု-ဟူသော အဘိဓာန်ဂါထာ နေကတ္ထအရ အန္တရ နာမ်ပုဒ်သည် အလယ်အကြား ဟူသော အနက်ကိုပင် ဟောနိုင်သောကြောင့် ဥဘိန္နမန္တရေ-ဟု ရှိသော ပါဠ်၌လည်း သင့်။ [ဝါကျဥယျာဉ်]

**ဘိယျော/ဘိယျောသော…**

ဘိယျော၊ဘိယျောသောတို့ကား အတိရေကတ္ထ နိပါတ်ပုဒ်များ ဖြစ်သော်လည်း ကိဋ္ဌ ဘိယျောတိ၊ ကိဋ္ဌ ဝိရာဂတော ဘိယျော ဇဟုလော အတ္ထိ-ဟု ယောဇနာ၌ ဆိုသောကြောင့် ဘိယျောသာ မူရင်းဖြစ်၍ ဘိယျောပါဠ်သာ သင့်။

နံပါတ် (၈)

**ပီတိယာ** ။ (က) ဝါကျ။ အတူဖြစ်သော ပဉ္စမဈာန်ပီတိ၏ ပီတိယာဟူသော အမည်ကို အတူရှိသော တတိယဈာန်ပီတိ၌တင် သဒိသူပစာ။ ရုဋ္ဌီနည်း။[ဝုတ္တဝုတ္တာယေဝ ဟူသော ဤဋ္ဌအဖွင့်ကို ရှုသည်။ အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဝုတ္တပကာရာယေဝ ရှိသည် ၄င်းကောင်းအလို ဥပစာမရနိုင်။]

**ဝိရာဂ** ။ (ခ) ဝါကျရှ။ ဝိရာဂသဒ္ဒါသည် တစ်ပုဒ်တည်းဖြစ်လျက် ဓိဂုစ္ဆနအနက်၊ သမတိက္ကမအနက် နှစ်နက် ဟောနိုင်သောကြောင့် သိလေသ၊ပဒီသ၊ဧကသေသ၊သာမညနိဒ္ဒေသ၊ဘိန္နသတ္တိသမဝေတနည်း။

**ပီတိယာစ ဝိရာဂါ** ။ ။ အကြောင်းဖြစ်သော ပီတိကို မတပ်မက်ခြင်းငြီးငွေ့ခြင်းကို ပဓာနပြု၍ရွံ့ချ

http://www.dhammadownload.com



စက်ဆုတ်ခြင်းကို ဆိုသဖြင့် ထို ပီတိနှင့်စပ်သော ရာဂကို ပယ်ခြင်းကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

****************

**ပါဌ်ကျဉ်း (ရ၃)**

(က) ကာမစ္ဆေ တေ ဝိတက္ကဝိစာရာ ဒုတိယဈ္ဈာနေယေဝ ဝူပသန္တာ။

(ခ) ဣမဿ ပန ဈာနဿ မဂ္ဂပရိဒီပနတ္ထံ ဝဏ္ဏဘာဏနတ္ထဉ္စေတံ ဝုတ္တံ။

(ဂ) "ဝိတက္ကဝိစာရာနံ ဝူပသမာ'တီတိ ဝုတ္တေ ဣဒံ ပညာယတိ "နူန ဝိတက္ကဝိစာရ ဝူပသမော မဂ္ဂေါ ဣမဿ ဈာနဿာ'တိ။

(ဃ) ယထာ စ တတိယေ အရိယမဂ္ဂေ အပ္ပဟီနာနမ္ပိ သက္ကာယဒိဋ္ဌာဒီနံ "ပဉ္စန္နံ ဩရမ္ဘာ ဂိယာနံ သံယောဇနာနံ ပဟာနာ"တိ ဧဝံ ပဟာနံ ဝုစ္စမာနံ ဝဏ္ဏဘာဏနံ ဟောတိ။

(င) တဒဓိဂမာယ ဉဿုက္ကာနံ ဉဿာဟဇနကံ။

(စ) ဧဝမေဝံ ဣဓ အဝူပသန္တာနမ္ပိ ဝိတက္ကဝိစာရာနံ ဝူပသမော ဝုစ္စမာနော ဝဏ္ဏဘာဏနံ ဟောတိ။ [ဝိ၊ ဠ၊ ၁။ ၁၂၀။]

****************

နံပါတ် (၁)

(က) စ-ဆက်။ကာမံ ဝူပသန္တာ-အကယ်၍ကား ငြိမ်းအေးပါပေကုန်ပြီ။

(ခ) ပန-သော်လည်း။ဣမဿဈာနဿ-ဤတတိယဈာန်၏။မဂ္ဂပရိဒီပနတ္ထံစ-ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း အကျိုးငှာလည်းကောင်း။ဧတံ-ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ဤစကားကို ။[ဘဂဝတာ]ဝုတ္တံ၊ပေါင်း ဆည်းသောအားဖြင့် ဟောတော်မူအပ်ပြီ။

(ဂ) ဟိ-ချဲ့။ ဣဒံ-ဤအနက်သဘောသည်။

(ဃ) စ-အဖို့တစ်ပါးကား။အရိယမဂ္ဂေ-အနာဂါမိအရိယာမဂ်၌။အပ္ပဟီနာနံ-ပယ်အပ်သည် မဟုတ်ကုန် သည်။ [သမာနာနံပိ]

(င) တဒဓိဂမာယ-ထိုအနာဂါမိမဂ်ကို ရခြင်းအကျိုးငှာ။ဉဿုကာနံ-အားထုတ်သော ပုဂ္ဂိုလ်တို့၏။ဉဿာ ဟဇနကံ-အားတက်သရောကို ဖြစ်စေတတ်သည်။ဟောတိယထာ-သို့။ဣဓ-ဤ တတိယဈာန်၌။အဝူပသန္တာနံ- ငြိမ်သက်သည် မဟုတ်ကုန်သည်။[သမာနာနံပိ]

နံပါတ် (၂)

**(က+ခ) သို့**။ ။ ဆရာ ဉဘိန္နမန္တရာ စ သဒ္ဒေါ စသည်ဖြင့် ပီတိယာစ ဝိရာဂါ၌ စ-သဒ္ဒါသည် ဝိတက္က ဝိစာရဝူပသမကို ပေါင်းဆည်း၏ဟု ဖွင့်ဆိုအပ်၏။ထိုဝိတက်ဝိစာရတို့သည် ဒုတိယဈာန်၌ပင်လျှင် ချုပ်ကုန် ပြီးသည်၏အဖြစ်ကြောင့် စ-သဒ္ဒါဖြင့် ထိုဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကို ပေါင်းခြင်းသည် အကျိုးမရှိရာသည် မဟုတ်ပါလော။ထိုသို့ ဖြစ်လျက်အဘယ့်ကြောင့်[အဘယ်အကျိုးငှာ] စသဒ္ဒါဖြင့် ဝိတက္ကဝိစာရဝူပသမ ကို ပေါင်းဆည်း၏ဟု ဖွင့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် [က+ခ] မိန့်။

**နိယံ** ။ ။ တုံ ထံ နှစ်မျိုး၊ ကြောင်းအကျိုးမြန်မာ၊ နက်ပြန်ရာ၊ အကြောင်းသာ မှတ်လေမြဲ။

**(ခ)သို့**။ ။ ဆရာ (က) ဖြင့် ဝိတက်ဝိစာရတို့သည် ဒုတိယဈာန်၌သာ ငြိမ်းအေး၏ဟု ဖွင့်ပြအပ်၏။ထိုသို့

http://www.dhammadownload.com



ဖြစ်လတ်သော် ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ဤအနက်ကို မှတ်သားထိုက်၏ဟု မဖွင့်ဆိုသင့်သည် မဟုတ်ပါလော။အဘယ်အကျိုးငှာ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ဤအနက်ကို မှတ်သားထိုက်၏-ဟု ဖွင့်ဆိုအပ်ပါသနည်း။စုဒ်ကြောင့် [ခ] မိန့်။

နံပါတ် (၃)

(က) အနုဂ္ဂဟ။ [ဝါ] စောဒကာဘောဂဝါကျ။ (ခ) အရုစျတ္တ။[ဝါ] ပရိဘောဂ။

(ဂ) ဝိတ္တာရ ။ (ဃ) ပက္ခန္တရ။ [မဂ္ဂပရိဒီပနတ္ထမှတစ်ပါး ဝဏ္ဏဘဏနင့်ကို ချဲ့ပြသောကြောင့်]

(င) ဝါကျာရမ္ဘ။ [ဝဏ္ဏဘဏနသာ ဖြစ်သည်မဟုတ် ဥဿာသဇနနလည်း ဖြစ်နိုင်သည်ကို ဆက်လက် အားထုတ်သောကြောင့်] (စ) ဥပမေယျ။ တစ်နည်း-ဝါကျာရမ္ဘ။

နံပါတ် (၄)

**ဩဠာရိကယာနိ။ ။ ဘဇန္တီတိ ဘာဂိယာနိ။ ဩဠာရံ ဘာဂိယာနိ ဩဠာရိကဘာဂိယာနိ။**

ဩဠာရ-အရ ကာမစာတ် ကာမဘုံမှချ။ထို၏ ဆည်းကပ်တတ်ကုန်သော သံယောဇဉ် ငါးပါးတို့နှင့် အာရုံ/အာရမ္မဏိက စပ် ဌာနူပစာ။ပုဒ်လုံးအရ ထို သော သံယောဇဉ်ငါးပါးတို့ ရ၏။

**(တစ်နည်း) ဩဠာရိကသ ဟိတာနိ ဩဠာရိကယာနိ။**

ဩဠာရိကပုဒ်အရ ကာမဓာတ် ကာမဘုံရ၏။ထို၏ အစီးအပွားဖြစ်သော သံယောဇဉ်တို့နှင့် နိဿယ /နိဿိတစပ် ဌာနူပစာ။ဏိက ပစ္စည်းအရ ကာမဓာတ်၏ အစီးအပွားဖြစ်သော သံယောဇဉ်ငါးပါး တို့ရ၏။

**(တစ်နည်း) ဘဋ္ဌိတဗ္ဗာနိ ပဟာတဗ္ဗာနီတိ ဘာဂိယာနိ။ ဩဠာရေဟိ ဘာဂိယာနိ ဩဠာရိကဘာဂိယာနိ။**

ဩဠာရပုဒ်အရ အောက်မဂ် သုံးပါးရ၏။ထို၏ သံယောဇဉ်တရားတို့နှင့် ပဟာယက/ပဟာတဗ္ဗ စပ် ဌာနူပစာ။ပုဒ်လုံးအရ အောက်မဂ် သုံးပါးတို့သည် ပယ်အပ်သော သံယောဇဉ်တရားတို့ ရ၏။

**မဂ္ဂပရိဒီပနံ ။ ။ မဂ္ဂဿ ပရိဒီပနံ မဂ္ဂပရိဒီပနံ။**

**သက္ကာယဒိဋ္ဌာဒီနံ။ ။ သက္ကာယဒိဋ္ဌိ အာဒိ ဧတေသံ သံယောဇနာနန္တိ သက္ကာယဒိဋ္ဌာဒီနိ။ [တေသံ] မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။**

သက္ကာယပုဒ်အရ ခန္ဓာငါးပါးသည် မှချ။ ထို၏ မိစ္ဆာဒိဋ္ဌိနှင့် အာရုံ/အာရမ္မဏိက စပ် ဌာနူ။ပုဒ်လုံးအရ မိစ္ဆာဒိဋ္ဌိရ၏။

**တဒဓိဂမ။ ။ တဿ အဓိဂမော တဒဓိဂမော။**

တ အရ အနာဂါမိမဂ်ရ၏။ထို၏ အဓိဂမအရ ရခြင်းကြိယာနှင့် ကမ္မ/ကမ္မီစပ်။ပုဒ်လုံးအရ အနာဂါမိမဂ်ကို ရခြင်းကြိယာရ၏။

**ဥဿုက္က ။ ။ ဥဒ္ဓံနံ သုဋ္ဌု ကာယတီတိ ဥဿုကော။ [ဥ-သု-ကာ+ အ]ဥဿုကောယေဝ ဥဿုက္ကော။ ဥဿုက္ကော ဧတေသံ ပုဂ္ဂလာနံ အတ္ထီတိ ဥဿုက္ကာ။**

နံပါတ် (၅)

**ပဟာန**။ ပ+ဟာ+ယု။ **ဥဿာဟ**။ ဥ+သဟ+ဏ။(ဥ ဒုက္ခလာဘံ သဟတိ ခမတီတိ ဥဿာဟော) **သံယောဇနာ**။ သံ+ယုဇ+ယု။

http://www.dhammadownload.com



နံပါတ် (၇)

**ဥဿုက္ကာနံ ဥဿဟာဇနေနတ္ထံ/ဥဿုက္ကာနံ ဥဿာဟာဇနေကံ…**

နိဿျဟောင်းနှင့် အဌသာလိနီတို့၌ ဥဿုက္ကာနံ ဥဿဟာဇနေကံဟု ရှိသည်။သို ဟာဇနနတ္ထ ဿ ပဒံ ဘဏာနန္တိပဒေ သမ္ဗန္ဓါနံ-ဟု ယောဇနာဆိုသောကြောင့် ဥဿုက္ကာနံ ဥဿာဟာဇနနတ္ထ သာသင့်။

**ဓဝမေဝ/ဓဝမေဝံ…**

ဥပမေယျဓောတက နိဒဿနအနက်ဟော ဓဝံနိပါတ်နှင့် အဝဓာရဏတ္ထဧဝ သဒ္ဒါကို ပေါ်ထားသောကြောင့် ဓဝမေဝ ပါဌ်သာသင့်။

နံပါတ် (၈)

**ဝိတက္ကဝိစာရဂူပသမာ မဂ္ဂေါ ဣမဿ ဈာနဿ…**

တတိယာဈာန်၏ မုချအကြောင်းကား ဒုတိယဈာန်တည်း။ဝိတက္ကဝိစာရဝိစာရဂူသမော-ကား ဒုတိယဈာန်ကို ရခြင်း၏ အကြောင်းတည်း။ထိုသို့ အဆင့်ဆင့် တင်စား၍ ဆိုသောကြောင့် ပရံမ္ပရူပစာ။ (တနည်း) အကြောင်းဖြစ်သော ဝိတက်ဝိစာရ ငြိမ်းခြင်း၏အမည်ကို အကျိုးဖြစ်သော ဒုတိယဈာန်ရခြင်း၌ တင်စား ကာရဏူ။ဝိတတ်ဝိစာရ ဂူပသမော-ဟူသော အကြောင်းကိုဆိုသဖြင့် ဒုတိယဈာန်တည်း ဟူသော အကျိုးကိုလည်း ရသောကြောင့် နာန္တရိက နည်း။

နံပါတ် (၁၀)

**ပဋ္ဌန္တံ-အရ** သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ။

****************

**ပါဠိကျစဉ် (၅၄)**

(က) **ဥပေက္ခာကောစ ဝိဟာသိန္တိ ဧတ္ထ** ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ။

(ခ) သမံ ပဿတိ အပက္ခပတိတာဝ ဟုတွာ ပဿတီတိ အတ္ထော။

(ဂ) တာယ ဝိသဒါယ ဝိပုလာယ ထာမဂတာယ သမန္နာဂတတ္တာ တတိယဈ္ဈာနသမင်္ဂီ ဥပေက္ခကောတိ ဝုစ္စတိ။

(ဃ) ဥပေက္ခာ ပန ဒသဝိဓာ ဟောတိ ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၂၀။]

နံပါတ် (၁)

(က) ဥပပတ္တိတော-အသင့်အားဖြင့်။(ဝါ)ထပ်တူထပ်မျှ ဆောင်တတ်သည်၏ အဖြစ်ဖြင့် သင့်တင့်လျောက်ပတ်သောအားဖြင့်။(အဓိပ္ပာယတ္ထ) ဣက္ခတိ-ရှုတတ်၏။

(ခ) သမံ-ထပ်တူထပ်မျှ ဆောင်တတ်သည်၏ အဖြစ်ဖြင့် အညီအမျှ။(ဝါ)တွန့်တိုခြင်း ပျံ့လွင့်ခြင်းကိုပယ်ခြင်းဖြင့် အညီအမျှ။အပက္ခပတိတာဝ-တစ်ဖက်၌ မကျသည်လာလျှင်။

(ဂ) ဝိသဒါယ-နီဝရဏဟူသော သံကိလေသတို့မှ ကင်းခြင်းဖြင့် သန့်ရှင်းစင်ကြယ်သော။ဝိပုလာယ-အလွန်အကဲနှင့်တကွ မဟဂ္ဂုတ်အဖြစ်သို့ ရောက်ခြင်းကြောင့် ကြီးကျယ်ပြန့်ပွားသော။ထာမဂထာယ-ပီတိ၄

http://www.dhammadownload.com



ကင်းခြင်းကြောင့် မြဲမြံခိုင်ခံ့သည်၏အဖြစ်သို့ ရောက်သည်။(ဝါ)ဝိတက်ဝိစာရတို့မှ ကင်းခြင်းကြောင့် မြဲမြံခိုင်ခန့်သည်၏အဖြစ်သို့ ရောက်သော။တာယ-ထိုဥပေက္ခာနှင့်။တတိယဈာနသမင်္ဂီ-တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။

**(ဃ)** ပန-ဆက်။ဆဠင်္ဂုပေက္ခာ-ခြောက်ပါးသော အကြောင်းအစိတ်ရှိသော ဥပေက္ခာလည်းကောင်း။ ဗြဟ္မဝိဟာရုပေက္ခာ-မြတ်သောသူတို့၏ (ဝါ) မြတ်သောဝိဟာရဖြစ်သော ဥပေက္ခာလည်းကောင်း။ဗောဇ္ဈင်္ဂုပေက္ခာ-ဗောဇ္ဈင်ဖြစ်သော ဥပေက္ခာလည်းကောင်း။ဝီရိယုပေက္ခာ-ဝီရိယဟူသော ဥပေက္ခာလည်းကောင်း။သင်္ခါရုပေက္ခာ-နီဝရဏ,ဈာနင်, ဥပါဒါနက္ခန္ဓာဟူသော သင်္ခါရတို့၌ လျစ်လျူသော ပညာဟူသော ဥပေက္ခာလည်းကောင်း။ ဝေဒနုပေက္ခာ-အဒုက္ခမသုခါ ဝေဒနာဟူသော ဥပေက္ခာလည်းကောင်း။ဈာနုပေက္ခာ-တတိယဈာန်နှင့် ယှဉ်သော ဥပေက္ခာလည်းကောင်း။ပါရိသုဒ္ဓုပေက္ခာ-ဆန့်ကျင်ဘက် အလုံးစုံတို့မှ စင်ကြယ်သော ဥပေက္ခာလည်းကောင်း။

နံပါတ် (၂)

**(ခ) သို့။။** ဆရာ(က)ဖြင့် အသင့်အားဖြင့် ရှုတတ်သောကြောင့် ဥပေက္ခာမည်သောဟု ဆိုတော်မူ၏။အသင့်အားဖြင့် ရှုပုံအကျယ်ကို မပြဆိုပြီလော။အသင့်အားဖြင့် ရှုပုံအကျယ်ကား အဘယ်ပါနည်း။စုဒ်ကြောင့်(ခ) မိန့်။**(တစ်နည်း)** ဆရာ (က) ဖြင့် ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ-ဟု ဆိုတော်မူ၏။ဣက္ခဓာတ်သည် အက်-အမှတ်ပြုခြင်းအနက်ကို ဟောပါသလော။မည်သည့်အနက်ကို ဟောပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။

**(ဃ)သို့။ ။** ဆရာ(ဂ)ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကောဟူ၍ ဆိုအပ်သည်ကို ဖွင့်ပြအပ်၏။ ယင်းသို့ဆိုသော် တတိယဈာန်၌ ဥပေက္ခာဝေဒနာပင်မရှိသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် တတိယဈာန သမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော-ဟူ၍ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

နနု စေတ္ထ ဥပေက္ခာဝေဒနာ န သမ္ဘဝတိ တသ္မာ ကထမယံ တတိယဈာနသမင်္ဂီ ဥပေက္ခာသမန္နာဂတတ္တာ **'ဥပေက္ခကော'တိ ဝုစ္စတီတိ စေ?**န ကေဝလံ ဝေဒနုပေက္ခာတိ ဝုစ္စတိ၊အထခေါ အညာပိ ဥပေက္ခာ ဝိဇ္ဇန္တီတိ ဒဿေန္တော အာဟ **'ဥပေက္ခာ ပန ဒသဝိဓာ ဟောတီ'တိ** အာဒိ။[သာရတ္ထ၊၁၊၃၆၉။]

နံပါတ် (၃)

(ခ) ဝိတ္ထာရ။ (ဂ) ပက္ခန္တရ။ (ဃ) ဝါကျာရမ္ဘ။[ဘာ+ဋီ] [တစ်နည်း] ပက္ခန္တရ [မအူ]
ဥပေက္ခာ၏ ဝစနတ္ထမှတစ်ပါး ဘေဒကိုပြ။

နံပါတ် (၄)

**အပက္ခပတိတာ။ ။ ပက္ခေ ပတိတာ ပက္ခပတိတာ။ န ပက္ခပတိတာ အပက္ခပတိတာ။**

န-ဝိသေသအရ ပဋိသေဓဘောဂဏ်သည် မှချ။ထို-၏ သုခဒုက္ခ အဖို့တို့၌ မကျခြင်းနှင့် ဂုဏ် + ဂုဏေားစပ် ဌာန။ပုဒ်လုံးအရ ထို သော သုခဒုက္ခ အဖို့တို့၌ မကျခြင်း ရ၏။

**ထာမဂတာယ ။ ။ ထာမံ ဂတာ ထာမဂတာ** [တာယ]

**တတိယဈာနသမင်္ဂီ ။ ။ တတိယံ ဈာနံ တတိယဈာနံ။သမင်္ဂနံ သမင်္ဂေါ။သမင်္ဂေါ ဧတဿ အတ္ထီတိသမင်္ဂီ။ တတိယဈာနေန သမင်္ဂီ တတိယဈာနသမင်္ဂီ။**

သမင်္ဂ တဒ္ဓိတ်ပုဒ်အရ ကောင်းစွာဖြစ်ခြင်းသည် မှချ။ထို ၏ ဤပစ္စည်းအရ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ် + ဂုဏေားစပ် ဌာန။ဤပစ္စည်းအရ ထို သော ကောင်းစွာဖြစ်ခြင်းရှိသော ပုဂ္ဂိုလ်ရ၏။

http://www.dhammadownload.com



တတိယဇ္ဈာန-အရ ဝိသေအရ တတိယစျာန်သည် မုချ။ထို ၏ ပုဂ္ဂိုလ်+ဂုဏေးစပ်ဌာနူ။ပုဒ်လုံးအရ ထိုသော တတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရ၏။

**ဒသဝိဓာ။** ။ **ဒသ ဝိဓာ အဿာ ဥပေက္ခာယာတိ ဒသဝိဓာ။**

နံပါတ် (၅)

**ဥပေက္ခာ** ။ ဥပ-ဣ + က္ခဏ+အာ။ **ဝိသဒါ**။ ဝိ-သဒ+အ+အာ+ဝိသရဏတ္ထ။

**ဝိပုလ**။ ဝိ-ပုလ+အ+မဟန္တတ္ထ။ [ဝိသေသေန ပုလတီတိ ဝိပုလံ။]

**ထာမ**။ ဌာ + မ။သတ္တိအနက်။ [ဋ္ဌန္တိ ဝါယမန္တိ တေနာတိ ထာမော။]

နံပါတ် (၆)

(က) **ဥပပတ္တိတော ဣက္ခတီတိဖြင့်** ဥပက္ခာ၌ ဥပပုဗ္ဗ ဣက္ခ+ဏပစ္စည်း၊ဥပ၏ ယုတ္တိအနက်ဟောသည်ကိုလည်းကောင်း၊ဏ-ပစ္စည်း ကတ္တုသာဓနေ၌ သက်သည်ကို လည်းကောင်း၊ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ-ဟု ကိတန္တ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း သိစေ။

(ခ) **သမံဖြင့်** ဥပပတ္တိ-ဟူသည် အညီအမျှဖြစ်ခြင်းဟူသော အဓိပ္ပာယ်ကို သိစေ။

**ပဿတိ-ဖြင့်** ဣက္ခဓာတ်သည် ဒဿနအက် အနက်နှစ်မျိုးတို့တွင် ဤ၌ အင်္ဂအနက်၌မဖြစ်၊ ဒဿနအနက်၌ ဖြစ်သည်ကို သိစေ။**အပက္ခပတိတာဝ-စသည်ဖြင့်** ဥပပတ္တိဣက္ခန ဟူသည် သမံ ပဿန ပင်တည်း၊အညီအမျှဟူသည် သုခဘက်လည်းမကျ၊ဒုက္ခဘက်လည်းမကျ ဟူသော အဓိပ္ပာယ်ကို သိစေ။

(ဂ) **ဝိသဒါယ ဝိပုလာယ ထာမဂတာယ-ဖြင့်** ဥပေက္ခာ၏ ဝိသေသန ဂုဏ်ပုဒ်တို့ကို သိစေ။**တာယ သမန္နာဂတ္တာ-ဖြင့်** ဥပေက္ခတောကို ဥပေက္ခာ အဿ အတ္ထီတိ ဥပေက္ခကောဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း၊က ပစ္စည်း အဿတ္ထိ အနက်၌သက်သည်ကို လည်းကောင်း သိစေ။

နံပါတ် (၇)

ဥပေက္ခာ/ဥပေခါ...

ဤနှစ်ပါဌ်တို့တွင် သံယုတ် က ကိုချေလျှင် ဥပေခါ ပါဌ်သင့်။ကကို မချေလျှင် ဥပေက္ခာပါဌ်သင့်၊

**တတိယဇ္ဈာနသမံဂီ/တတိယဇ္ဈာနသမံဂိ...**

ဤ၌ တတိယစျာန်နှင့်ပြည့်စုံသော စိတ်ကို အလိုမရှိအပ်၊တတိယစျာန် စိတ္တုပ္ပါဒ်ရှိသော ပုဂ္ဂိုလ်ကို အလိုရှိအပ်သောကြောင့် နပုံလိင်မဟုတ်၊ပုံလိင်ဖြစ်ရကား တတိယဇ္ဈာနသမံဂီ-ဟု ဒီဃဖြင့်ရှိသော ပါဌ်သာသင့်၊

နံပါတ် (၈)

**ဥပေက္ခကော စ ဝိဟာသိ**။ ။ ဌာနီဖြစ်သော တတိယစျာန်စိတ္တုပ္ပါဒ်၏ ဥပေက္ခက အမည်ကို၊ဌာနဖြစ်သော တတိယဇ္ဈာနသမံဂီပုဂ္ဂိုလ်၌ တင်စား ဌာနျူပစာ/အဝိနာဘာဝ။

**မှတ်ချက်** ။ ။ [မစိုးရိမ်၌ ဂုဏူပစာ တင်သည်]

**(တစ်နည်း)** ဌာနဖြစ်သော တတိယစျာနသမံဂီပုဂ္ဂိုလ်၏ ဥပေက္ခက အမည်ကို ဌာနီဖြစ်သော တတြမဇ္ဈတ္တ၊ ပေက္ခာ၌ တင်စား ဌာနူပစာ/နာနန္တရိကနည်း (၈) ရှုသည်။

**နိယံ** ။ ။ ဗဟုဗ္ဗီဟိ၊ အဿတ္ထိဟု၊ ရှိသည့်အရာ၊ သဘောမှာ၊ နာနန္တရိက နည်းယူမြဲ။

http://www.dhammadownload.com



နံပါတ် (၁၀)

ဆဋ္ဌဂံ, ပြဟ္မဝိဟာရ, ဗောဇ္ဈင်္ဂ, တတြမဇ္ဈတ္တ, ဈာန, ပါရိသုဒ္ဓိ-ဟူသော ဥပေက္ခာခြောက်ပါး၌ တတြမဇ္ဈတ္တတာကို ကောက်။သခ်ါရ,ဝိပဿနာ အရ ဝိပဿနာဉာဏ် ကောက်။

***************

**ဝါကျစဉ် (၇၅)**

(က) ဧွဟာ ဲနနုစာယံ အတ္တတော တတြမဇ္ဈတ္တုပေက္ခာဝ ဟောတိ၊သာ စ ပဌမဒုတိယဈာနေ သုပိ အတ္ထိ။တသ္မာ တတြာပိ ဲဥပေက္ခကောစ ဝိဟာသိဲန္တိ ဧဝမယံ ဝတ္တဗ္ဗာ သိယာ၊သာ ကသ္မာ န ဝုတ္တာ''တိ။

(ခ) အပရိဗျတ္တကိစ္စတော။

(ဂ) အပရိဗျတ္တံ ဟိ တဿာ တတ္ထ ကိစ္စံ၊ ဝိတက္ကာဒီဟိ အဘိဘူတတ္တာ။

(ဃ) က္လစ ပနာယံ ဝိတက္ကဝိစာရပီတီဟိ အနဘိဘူတ္တာ ဥက္ခိတ္တသိရာဝိယ ဟုတွာ ပရိဗျတ္တ ကိစ္စာ ဇာတာ၊ တသ္မာ ဝုတ္တာတိ။

(င) က္လဒါနိ **သတောစ သမ္ပဇာနောတိ** ဧွ သရတီတိ **သတော**၊ သမ္ပဇာနာတီတိ **သမ္ပဇာနော**။

(စ) ပုဂ္ဂလေန သတိစ သမ္ပဇညဥ္စ ဝုတ္တံ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၂၁။]

****************

နံပါတ် (၁)

(က) ဧွ၊. ဤဥပေက္ခကောစပုဒ် အဖွင့်၌။ [ဋ္ဌတွာ စောဒကော စောဒနံ၊ကို။] အာဟ၊ဆိုပြီ။ ကိံ ? နိယံ။။ ဧွဟာမှာ၊ ကြိယာဝိသေသန၊ ကတ္တုမျှနှင့်၊ကမ္မသုံးချက်။ထည့်ကာစွက်၍၊ အနက်သမ္ဗန်မြဲ။ စ၊စောဒနာပါဒ်ီးအံ့။အယံ၊ဤဈာနုပေက္ခာသည်။သာစ၊ထိုတတြမဇ္ဈတ္တုပေက္ခာသည်လည်း။တတြာပိ၊ ထိုပဌမဈာန်ဒုတိယဈာန်တို့၌လည်း။အယံ၊ဤတတြမဇ္ဈတ္တုပေက္ခာသည်။(ဝါ)ကို။ဝတ္တဗ္ဗာ၊သည်။သိယာနနု၊

(ခ) အပရိဗျတ္တကိစ္စတော၊မထင်ရှားသော ကိစ္စရှိသည်၏ အဖြစ်ကြောင့်။ [န ဝုတ္တာ။]

(ဂ) ဟိ၊ချဲ့။တဿာ၊ထို တတြမဇ္ဈတ္တုပေက္ခာ၏။တတ္ထ၊ထိုပဌမဈာန်ဒုတိယဈာန်တို့၌။ကိစ္စံ၊သည်။အပရိဗျတ္တံ၊ မထင်ရှား။

(ဃ) ပန၊အဖို့တစ်ပါးကား။က္လစ၊ဤတတိယဈာန်၌။အယံ၊ဤတတြမဇ္ဈတ္တုပေက္ခာကို။(ဝါ)သည်။ ဥက္ခိတ္တသိရာဝိယ၊မြှောက်ချီအပ်သော ဦးခေါင်းရှိသကဲ့သို့။(ဝါ) ဦးခေါင်း မော့နေသကဲ့သို့။

နံပါတ် (၂)

(ဂ)သို့။ ။ ဆရာသည် (ခ) ဖြင့် မထင်ရှားသောကိစ္စရှိသည်၏ အဖြစ်ကြောင့် ပဌမဈာန် ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာကို မဆို-ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် မထင်ရှားသောကိစ္စ ရှိပါသနည်း။မထင်ရှားသော ကိစ္စရှိပုံကို အကျယ်အားဖြင့် မပြပြီလော။စုဒ်ကြောင့် (ဂ) မိန့်။

(ဃ)သို့အနုသန္ဓေ ။ ။ ဤသို့(ဂ)ဖြင့် ပ-ဒု ဈာန်တို့၌ ဝိတက်စသည်တို့သည် လွှမ်းမိုးအပ်သည်၏အဖြစ် ကြောင့် တတြမဇ္ဈတ္တုပေက္ခာ၏ မထင်ရှားသောကိစ္စ ရှိသည်၏အဖြစ်ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ တ-ဈာန်တွင်ဝိတက်ဝိစာရတို့၏ မလွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့် တတြမဇ္ဈတ္တုပေက္ခာ၏ ထင်ရှားသော

http://www.dhammadownload.com



ကိစ္စရှိသည်ကို ဥပမာနှင့်တကွ ပြတော်မူလိုသော အဌကထာဆရာသည် (ဃ) မိန့်။

**(စ)သို့**။ ။ ဆရာသည်(င)ဖြင့် သတော သမ္မာနော-ပုဒ်တို့၏ အဘိဓေနတ္ထကို ဖွင့်ပြအပ်၏။ထိုသို့ဖွင့်ပြအပ်သော် ထိုသတော သမ္မာနောပုဒ်တို့၏ အဘိဓေယျတ္ထကို မုချအားဖြင့် တတိယရာနသမင်္ဂီ ပုဂ္ဂိုလ်ကိုသာလျှင် ဆိုလေသလော။အဘယ်ကိုဆိုပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

**(တစ်နည်း)** ဌာပနာတူ။သတော သမ္မာနော-ဖြင့် သတိပညာတို့ကိုသာ ဟောတော်မူသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ပုဂ္ဂိုလ်ကို ရအပ်ပါသနည်း။စုဒ်ကြောင့် (စ) မိန့်။

နံပါတ် (၃)

**( ခ) စသည် ဝါကျာရမ္ဘ။ ထိုတွင် [ခ] ဝိသဇ္ဇနာဝါကျ။(ဂ) ဝိတ္ထာရ/ဗျတိရေက။**

**(ဃ) အနွယ၊ပက္ခန္တရ။ (င) ပက္ခန္တရ။ (စ) ဝါကျာရမ္ဘ။**

နံပါတ် (၄)

**အပရိဗျတ္တကိစ္စာ။ ။ န ပရိဗျတ္တံ အပရိဗျတ္တံ။အပရိဗျတ္တံ ကိစ္စံ ဧတိဿာ အဓိပ္ပေတုပေက္ခာယာတိ အပရိဗျတ္တကိစ္စာ။ တစ်နည်း။ ။ ပရိဗျတ္တံ ကိစ္စံ ပရိဗျတ္တကိစ္စံ။ နတ္ထိ ပရိဗျတ္တကိစ္စံ ဧတိဿာ အဓိပ္ပေတုပေက္ခာယာတိ အပရိဗျတ္တကိစ္စာ။**

န ပရိဗျတ္တကိစ္စ ဗဟုဗ္ဗီဟိ-အရ ထင်ရှားသော ကိစ္စမရှိခြင်း အဘာဝဂုဏ်သည် မုချ။ထို၏ ဧတ အညပုဒ်အရ ဤဩအလိုအပ်သော တတြမဇ္ဈတ္တုပေက္ခာနှင့် ဂုဏ်/ဂုဏေး စပ် ဌာန။ဧတအညပုဒ်အရ ထင်ရှားသောကိစ္စမရှိသော ဤဩအလိုရှိအပ်သော တတြမဇ္ဈတ္တုပေက္ခာ ရ၏။

**အနဘိဘူတတ္တာ ။ ။ န အဘိဘဝီယတိ အဇ္ဈောတ္ထရီယတီတိ အနဘိဘူတာ။ အနဘိဘူတာယ ဘာဝေါ အနဘိဘူတတ္တံ။**

**ဥက္ကံသတ္တသိရာ ။ ။ ဥက္ကံသတ္တော သိရော ဧတိဿာ တတြမဇ္ဈတ္တုပေက္ခာယာတိ ဥက္ကံသတ္တသိရာ။**

ဥက္ကံသတ္တသိရာ ဗဟုဗ္ဗီဟိ အရ ချီအပ်သော ဦးခေါင်းသည် မုချ။ထို၏ ဧတ အညပုဒ်အရ တတြမဇ္ဈတ္တုပေက္ခာနှင့် ဌာနီ/ဌာန စပ် ဌာန။ဧတ အညပုဒ်အရ ချီအပ်သော ဦးခေါင်းရှိသကဲ့သို့သော တတြမဇ္ဈတ္တုပေက္ခာ ရ၏။

နံပါတ် (၅)

**ဥက္ကံသတ္တ**။ ဥပပုဗ္ဗ ခိပ+တ။ **သိရ**။ သိ + ရ [သေဝန္တိ ဧတေနာတိ သိရော။]

**ပုဂ္ဂလ**။ ပူတိသဒ္ဒူပပဒ ဂလ+အ။ **သတိ**။ သရ + တိ။

**သမ္ပဇာ**။ သမ္ပဇာနပုဒ်+ဏျပစ္စည်း။ **ပရိဗျတ္တ**။ ပရိ+ဝိ+အဋ+တ။

နံပါတ် (၆)

**(င)** သရတီဖြင့် တတောဩ သရဓာတ်+တ ပစ္စည်း၊တပစ္စည်း၏ ကတ္တုသာဓနဩ သက်၍ သရတီတိ သတော-ဟု ဝစနတ္ထ ပြအပ်သည်ကို သိစေပါသည်။**သမ္ပဇာနာတီဖြင့်** သမ္ပဇာနောဩ သံ+ပ ပုဗ္ဗ+ဉာဓာတ်၊ ယု ပစ္စည်း၊ယု ပစ္စည်း၏ ကတ္တုသာဓနဩသက်၍ သမ္ပဇာနာတီတိ သမ္ပဇာနော ဟု ကတ္တုသာဓန ဝစနတ္ထ ပြအပ်သည်ကို သိစေပါသည်။

**(စ)** ဖြင့် ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မာဓိဋ္ဌာန် ဒေသနာနှစ်မျိုးတွင် သတောသမ္ပဇာနော-ကား ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာမျိုး

http://www.dhammadownload.com



ဖြစ်သည်ကို သိစေပါသည်။ [ဘာဝတ္ထ။]

နံပါတ် (၇)

**အပရိဗျတ္တကိစ္စတော/အပရိဗျတ္တကိစ္စတ္တာ...**

ယောဇနာ၌ အပရိဗျတ္တကိစ္စတ္တာ-ဟု ဘာဝပစ္စည်းနှင့် တိုက်ရိုက်ဆိုသော်လည်း ဤ၌ ဘာဝပ္ပဓာန ဘာဝလောပပုဒ် ဖြစ်နိုင်သောကြောင့်လည်းကောင်း။တဒဘာဝတော ဣစ ပရိဗျတ္တန္တိ အာဟ 'အပရိဗျတ္တ ကိစ္စတော' တိ။ဟု [သာရတ္ထ၊၁။၃၇၄။] ၌ ဆိုသောကြောင့်လည်းကောင်း အပရိဗျတ္တကိစ္စတောပါဠ် သာသင့်။

နံပါတ် (၈)

**ဥက္ကိတ္တသိရာဝိယ ။** ။ ဦးခေါင်းကို မြှောက်ချီတတ်သော သတ္တိမရှိသော်လည်း ရှိသကဲ့သို့ဆို တဒ္ဓမ္မူပစာ။ **သတော သမ္ပဇာနော။**။ ဌာနဖြစ်သော အောက်မေ့တတ် ကောင်းစွာအပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်၏ သတော သမ္ပဇာနောအမည်ကို ဌာနီဖြစ်သော သတိသမ္ပဇဉ်၌တင် ဌာနူပစာ၊နာနန္တရိကနည်း။

**************

**ဝါကျစဉ် (၇၆)**

(က) တတ္ထ ကိဉ္စာပိ ဣဒံ သတိသမ္ပဇည် ပုရိမဋ္ဌာနေသုပိ အတ္ထိ။

(ခ) မုဋ္ဌဿတိဿ ဟိ အသမ္ပဇာနဿ ဥပစာရဋ္ဌာနမတ္တမ္ပိ န သမ္ပဇ္ဇတိ။ပဂေဝ အပ္ပနာ။

(ဂ) ဩဠာရိကတ္တာ ပန တေသံ ဈာနာနံ ဘူမိယံ ဝိယ ပုရိသဿ စိတ္တဿ ဂတိ သုခါ ဟောတိ၊အဗျတ္တံ တတ္ထ သတိသမ္ပဇညကိစ္စံ။

(ဃ) ဩဠာရိကင်္ဂပ္ပဟာနေန ပန သုခုမတ္တာ ဣမဿ ဈာနဿ ပုရိသဿ ခုရဓာရာယံ ဝိယ သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာယေဝ စိတ္တဿ ဂတိ ဣစ္ဆိတဗ္ဗာတိ ဣဓေဝ ဝုတ္တံ။

[ဝိ၊ ဋ္ဌ၊ ၁။ ၁၂၁။]

***************

နံပါတ် (၁)

(က) တတ္ထ-ထိုစျာန်တို့တွင်။[တစ်နည်း]တတ္ထ-ထိုသဘော သမ္ပဇာနော ဟူသောပါဠ်၌။ ပုရိမဋ္ဌာနေသုပိ-ရှေးဖြစ်သော ပဌမစျာန် ဒုတိယစျာန်တို့၌လည်း။

(ခ) ဟိ-သစ္စံ။အသမ္ပဇာနဿ-သမ္ပဇဉ်ကင်းသသူအား။နသမ္ပဇ္ဇတိ-မပြည့်စုံသေး၏ရှင့်။ပဂေဝ ပဌမမေဝ-လက်ဦးပင်လျှင်။နသမ္ပဇ္ဇတိ-မပြည့်စုံနိုင်ရာ။

(ဂ) ပန-ထိုသို့ရှေးဖြစ်သော ပဌမစျာန် ဒုတိယစျာန်တို့၌ ရှိသော်လည်း။[တတ္ထ-ထိုပဌမစျာန် ဒုတိယစျာန် တို့၌။စိတ္တဿ-၏။ဂတိ-အလားသည်။သုခါ-လွယ်သည်။ဒုက္ခရံ-ခဲယဉ်းသည်။[ဣဒံနာမ-ဤမည်သောအ မှုကို။ကရီယတီတိ-ပြုအပ်၏ဟူ၍။ဝတ္တဗ္ဗဿ-ဆိုအပ်သောကိစ္စ၏။အဘာဝတော-မရှိခြင်းကြောင့်။]တတ္ထ ဈာနေသု-တို့၌။သတိသမ္ပဇညကိစ္စံ-သည်။အဗျတ္တံ-မထင်ရှားသည်။[ဟောတိ။]

(ဃ) ပန-အထူး။ဩဠာရိကင်္ဂပ္ပဟာနေန-ရုန့်ရင်းသောအင်္ဂါကို ပယ်ခြင်းကြောင့်။ဣမဿဈာနဿ-ဤ တတိယစျာန်၏။ခုရဓာရာယံ-သင်ဓုန်းသွားအပေါ်၌။သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာ-သတိသမ္ပဇညကိစ္စဖြင့် သိမ်းဆည်းအပ်သော။ဂတိ-အလားကို။ဣစ္ဆိတဗ္ဗာဝိယ-သို့။သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာဧဝ-သာလျှင်ဖြစ်

http://www.dhammadownload.com



သော။စိတ္တသသ-၏။ဣမေဝ-ဤတတိယဈာန်၌သာလျှင်။[ကြံ-ဤသတောသမ္ပဇာနော ဟူသော ပုဒ်နှစ်ခု အပေါင်းကို။] ဝုတ္တံ-၏။

နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာ (က) ဖြင့် ရှေးဖြစ်သော ပ-ဈာန်၊ဒု-ဈာန်တို့၌လည်း ဤသတိသမ္ပဇည ရှိ၏-ဟုဖွင့်ပြ အပ်၏။ထိုသို့ဆိုသော်လည်း ထိုရှေးဖြစ်သော ပ-ဈာန် ဒု-ဈာန်တို့၌ သတောစ သမ္ပဇာနော-ဟူ၍ မြတ်စွာ ဘုရားသည် မဟောအပ်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျှက် ပ-ဈာန် ဒုတိယဈာန်တို့၌ သတိသမ္ပဇညရှိ၏-ဟု ဆိုသော ဆရာစကားအသို့သင့်အံ့နည်း။မြတ်စွာဘုရားစကားနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက် ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

**(ဂ)သို့**။ ။ ဆရာ (ခ) ဖြင့် လွတ်သောသတိရှိသူ၊သမ္ပဇဉ်ကင်းသူအား ဥပစာရဈာန်မျှ မပြည့်စုံသည်ဖြစ်၍ ရှေးပ-ဈာန်,ဒု-ဈာန်တို့၌ သတိသမ္ပဇညရှိနိုင်ပုံကို ဖွင့်ပြအပ်၏။ထိုသို့ရှိနိုင်ပါလျှက် အဘယ့်ကြောင့် ပဈာန် ဒု-ဈာန်တို့၌ သတိသမ္ပဇညကို မဟောဆိုအပ်ပါသနည်း။ဥပစာရဈာန် စသည်ကိုထောက်၍ ပ-ဈာန်၊ဒု-ဈာန်တို့သည်လည်း အသီးသီး သိမ်မွေ့ကြကုန်သည်သာ မဟုတ်လော။စုဒ်ကြောင့် (ဂ)မိန့်။

ကာမံ ဥပစာရဇ္ဈာနာဒိ ဥပဒါယ ပဌမဒုတိယဇ္ဈာနာနိပိ သုခုမာနေဝ၊ဣမံ ပန ဥပရိမဇ္ဈာနံ ဥပါ ဒါယ"**ဩဠာရိကတ္တာ ပန တေသံ ဈာနာနံ**"တိ ဝုတ္တံ၊သာ စ ဩဠာရိကတာ ဝိတက္ကာဒိထူလင်္ဂတာယ ဝေဒိတဗ္ဗာ။ [သာရတ္ထ၊ ၁။ ၃၇၅။]

**(ဃ)သို့**။ ။ ဆရာ(ဂ)ဖြင့် ပ-ဈာန်၊ဒု-ဈာန်တို့၏ ရုန့်ရင်းသည်၏ အဖြစ်ကြောင့် ထိုဈာန်တို့၌ သတိသမ္ပဇည သည် မထင်ရှားဟု ဖွင့်ဆိုအပ်၏။သတိပညာနှင့်ကင်း၍ ဈာန်မပြည့်စုံနိုင်သည် မဟုတ်လော။အဘယ်ကြောင့် သတိသမ္ပဇညကိစ္စသည် အဗျတ္တဖြစ်လေသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။ [ဂဏ္ဌိဟောင်း။]

**မှတ်ချက်**။ ။(ကမှဃ) တိုင်အောင် တက်လိုသော်။

ဆရာ၊ပါဠိတော်၌ တတိယဈာန်၌သာ သတောစ သမ္ပဇာနော-ဟူ၍ သတိသမ္ပဇညကို ဟောဆိုအင် ၏။ရှေး ပ-ဈာန်၊ဒု-ဈာန်တို့၌လည်း ဤသတိသမ္ပဇည ရှိသည်မဟုတ်ပါလော။ထိုသို့ဖြစ်လျှက် အဘယ့်ကြောင့် ဤ တတိယဈာန်၌သာ သတောစ သမ္ပဇာနော-ဟူ၍ သတိသမ္ပဇညကို ဟောဆိုအပ်ပါသနည်း။စုဒ်ကြောင့် (က) စသည့်မိန့်။

**ကား** ။ ။(ဂ+ဃ) ဝါကျတို့ကို ဥပမာဖြုတ်၍ မြန်မာပြန်။

နံပါတ် (၃)

( ခ ) **ဒဠ္ဍီကရဏ** ။ [ပဂေဝ အပ္ပနာ ကား သမ္ဘာဝနာဝါကျ။]

( ဂ ) **ဝါကျာရမ္ဘ** ။ [တစ်နည်း] ဗျတိရေက ပရိဟာရဘောဂ။

( ဃ ) **အန္ဝယ ပရိဟာရဘောဂ** [တစ်နည်း] **ဝိသေသ**။

ထိုတွင် ဘူမိယံ ပုရိသဿ ကား ဥပမာနဝါကျ။ စိတ္တဿ ဂတိ သုခါ ဟောတိကား ဥပမေယျဝါကျ။ ဣမေဝ ဝုတ္တံ ကား ပရိဟာရဝါကျ။

နံပါတ် (၄)

**သတိသမ္ပဇည**။ ။ **သတိစ သမ္ပဇညဉ္စ သတိသမ္ပဇည**။

http://www.dhammadownload.com



သတိ-ရှေ့ပုဒ်အရ သတိသည် မှုချ။ထို၏ သမ္မဗဉ္ဇနှင့် ရှေ့ဈာန်တို့၌ အတူရှိခြင်းကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့သော အညမညပေက္ခသမ္ဗန်သည် ဌာန။ပုဒ်လုံးအရ ထို-သော သတိ သမ္မဗဉ္ဇတို့ရ၏

**မုဋ္ဌဿတိ ။ ။ မုဋ္ဌာ ဝိနဋ္ဌာ သတိ အဿာတိ မုဋ္ဌဿတိ။ [ပျောက်သော သတိရှိသော။]**

**(တစ်နည်း) မုဋ္ဌာ သတိ ဧတသ္မာ ပုဂ္ဂလတောတိ မုဋ္ဌဿတိ [သတိလွတ်ရာဖြစ်သော။ ]**

**အသမ္ပဇာန။ ။ နတ္ထိ သမ္ပဇာနံ ဧတဿ ပုဂ္ဂလဿာတိ အသမ္ပဇာနော။**

**ဥပစာရဈာနမဂ္ဂ ။။ ဥပစာရော စသော တံ ဈာနဥ္စာတိ ဥပစာရဈာနံ။ဥပစာရဈာနမေဝ မဂ္ဂေါ ဥပစာရဈာနမဂ္ဂေါ။**

**ဩဠာရိကင်္ဂပ္ပဟာန။ ။ ဩဠာရိကံ အင်္ဂံ ဩဠာရိကင်္ဂံ။ဩဠာရိကင်္ဂဿ ပဟာနံ ဩဠာရိကင်္ဂပ္ပဟာနံ။**

ဩဠာရိကင် အရ ပီတိဟုဆိုသော ရုန့်ရင်းသော ဈာန်အင်္ဂါသည် မှုချ။ထို-၏. ပယ်ခြင်းကြိယာနှင့် ပဟာတဗ္ဗ/ပဟာယကစပ် ဌာန။ပုဒ်လုံးအရ ထို-သော ပီတိဟုဆိုအပ်သော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းရ၏။

**ခုရဓာရာ ။ ။ ခုရဿ ဓာရာ ခုရ ဓာရာ။**

နံပါတ် (၅)

**မုဋ္ဌ**။ မုသ+တ။ **အပ္ပနာ**။ အပ+ယု။ **သုခုမ**။ သုခ+ဥမ။

[သုခယတိ အနုဘဝတီတိ သုခုမံ] **ခုရ**။ ခုရ+အ။ **ဓာရ**။ ဓာ+ရ။

နံပါတ် (၇)

(ဃ) **ဣမဿ ဈာနဿ/ ဣမသ္မိံ ဈာနေ...**

ဣမဿ ဈာနဿ ပါဌ်သင့်။ဩဠာရိကင်ပဟာနေနပုဒ် သုခုမတ္တာပုဒ်တို့၌ ဟိတ်သမ္ဗန်ဖြင့်စပ်နိုင်သောကြောင်းလည်းကောင်း။ဥပမေယျပက္ခ၌လည်း ဣမသိံ ဈာနေ-ဟု ပြင်၍ လိုက်လျက် အနက်ပေးနိုင်သောကြောင့်လည်းကောင်းတည်း။

နံပါတ် (၈)

**ဣမဿဈာနဿ**။ ။ အပေါင်းဈာန်အားလုံး၏အမည်ကို အစိတ်ဖြစ်သော တတိယဈာန်တင် ဧကဒေသူပစာ။ [ကာကောလောကနနည်း၊ အဓိကာရနည်း] နံပါတ် (၇) ရှု။

**ခုရဓာယံ** ။။အနီးရှိသော သင်ဓုန်းဓားသွား၏အမည်ကို အနီးဖြစ်သော သင်တုန်းဓားအနီးအရပ်၌တင် သမီပူပစာ။

**(ဃ)ဩဠာရိကင်္ဂပ္ပဟာနေန** ။။ အပေါင်းဖြစ်သော ရုန်းရင်းသော ဝိတက်,ဝိစာရ,ပီတိတို့ကို ပယ်ခြင်း၏ ဩဠာရိကင်ပဟာနအမည်ကို အစိတ်ဖြစ်သော ရုန့်ရင်းသော ပီတိကို ပယ်ခြင်း၌တင်စား ဧကဒေသူပစာ။

**ဤဝါကျ၌** ။ သတိသမ္မဗဉ္ဇကိစ္စပရိဂ္ဂဟိတာယေဝ-ကို နည်းကြံသော် "အတိသယနည်း" ရနိုင်၏။တတိယဈာန်၌ သတိပညာတို့၏ ဗျာပါရတို့ ပ-ဈာန် ဒု-ဈာန်ထက် အလွန်အားဖြင့် ရနိုင်သောကြောင့် ဖြစ်၏။

ပီတိသင်္ခါတဿ ဩဠာရိကင်္ဂဿ ပဟာနေန သုခုမတာယ ဣမဿ သာတိသယော သတိပညာဗျာပါရောတိ ဝုတ္တံ "**ပုရိသဿ**"တိ အာဒိ။ [သာရတ္ထ၊ ၁။ ၃၇၅။]

နံပါတ် (၁၀)

(ဂ) **တေသံဈာနာနံ** အရ-ပဌမဈာန် ဒုတိယဈာန် ကောက်။

***************

http://www.dhammadownload.com



**ပါဏျစဉ် (၇၇)**

(က) ကိစ္စံ ဘိယျော-ယထာပိ ဓေနုပဂေါ ဝစ္ဆော ဓေနုတော အပနီတော အရက္ခိယမာနော ပုနဒေဝ ဓေနုံ ဥပဂစ္ဆတိ၊ဝေမိဒံ တတိယဈာနသုခံ ပီတိတော အပနီတမ္ပိ သတိသမ္ပဇညာ ရက္ခေန အရက္ခိယမာနံ ပုနဒေဝ ပီတိံ ဥပဂစ္ဆေယျ။

( ခ ) ပီတိသမ္ပယုတ္တမေဝ သိယာ။

( ဂ ) သုခေဝါပိ သတ္တာ ရဇ္ဇန္တိ။

(ဃ) ဣဒဥ္စ အတိမဓုရံ သုခံ။

( င ) တတော ပရံ သုခါဘာဝါ။

( စ ) သတိသမ္ပဇညာနုဘာဝေန ပနေတ္ထ သုခေ အသာရဇ္ဇနာ ဟောတိ၊ နော အညထာတိ ဣမမ္ပိ အတ္ထဝိသေသံ ဒဿေတုံ ဣဒမိဓေဝ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။[ဝိ၊ ဋ္ဌ၊ ၁။ ၁၂၁။]

***************

နံပါတ် (၁)

(က) ကိစ္စ၊သည်သာမကသေး။ဘိယျော၊တို့ထက်အလွန်ရှိသေး၏။ဓေနုပဂေါ၊နို့အလို့ငှာ အမိသို့ကပ်လေ့ရှိသော။[သဒ္ဒတ္ထ] (ဝါ) အမိ၏ နို့ကိုစို့တတ်သော။[အဓိပ္ပါယတ္ထ။]

ဓေနုပကောတိ ခီရတ္ထာယ မာတုဓေနုပဂမနသီလော။(ပဋိသမ္ဘိဒါမဂ်၊ဂဏ္ဌိ။)

ပစ္ဆော၊ နွားငယ်သည်။ဓေနုတော၊ မှ။ အပနီတော၊ဖယ်အပ်သည်။ဟုတ္တာ၍။အရက္ခိယမာနော၊ မစောင့်ရှောက်အပ်သော်။ပုနဒေဝ၊တစ်ဖန်။ဓေနုံ၊အမိနွားမသို့။ဥပဂစ္ဆတိယထာပိ၊ ကပ်ရောက်သကဲ့သို့လည်း။

(ဃ) ဣဒဥ္စ၊ ဤတတိယဈာန်သည်လည်း။အတိမဓုရသုခံ၊ အလွန်ချိုဆိမ့်သော သုခရှိ၏။ [ကသ္မာ။]

(စ) ပန၊ဆက်။ဧတ္ထသုခေ၊ဤတတိယဈာန်ချမ်းသာ၌။သတိသမ္ပဇညာနုဘာဝေန၊ကြောင့်။အသာရဇ္ဇနာ၊ မတပ်မက်ခြင်းသည်။ဟောတိ၊အညထာ၊တစ်ပါးသော အကြောင်းကြောင့်။နော ဟောတိ၊ ဣတိ၊ကြောင့်။ ဣဒံ၊ဤသတိသမ္ပဇည်ကို။ဣဓေဝ၊ဤတတိယဈာန်၌။[ပန-တထာပိ၊ထိုသို့ အတိမဓုရသုခဖြစ်သော်လည်း]

နံပါတ် (၂)

(က)စသည် အနုသန္ဓေ။ ။ ဤသို့ ဆိုအပ်ပြီးဝါကျဖြင့် သတိမ္ပဇညဖြင့် သိမ်းဆည်းအပ်သော စိတ္တဂတိကို အလိုရှိအပ်သောကြောင့် ဤဈာန်၌သာ သတော သမ္ပဇာနောဟု ဟောတော်မူအပ်သည်ကို ဖွင့်ပြပြီး၍။ယခုအခါ၌ ယင်းအနက်သာမကသေး သတိ သမ္ပဇဉ် အစောင့်အရှောက် မရှိလျှင် ပီတိသို့ ပြန်ရောက်ဖွယ်ရှိ၏ဟူသောအနက်၊သတိသမ္ပဇည၏ အာနုဘော်ကြောင့်သာ သုခ၌ မငြိကပ်-ဟူသောအနက်ကို ပြခြင်းငှာ (က) စသည် မိန့်။

(ဂ)သို့။ ။ ဆရာသည် (က) ဖြင့် ဤတတိယဈာန်သုခသည် ပီတိမှ ဖယ်အပ်ပါသော်လည်း သတိသမ္ပဇည အစောင့်အရှောက်ဖြင့် မစောင့်ရှောက်အပ်သော် တစ်ဖန်သာလျှင် ပီတိသို့ ကပ်ရောက်ရာ၏-ဟု ဖွင့်ပြအပ်၏။ မစောင့်ရှောက်အပ်သော်လည်း ပီတိကို ခွာထားအပ်သည်၏အဖြစ်ကြောင့် ပီတိသို့ မကပ်ရောက်သင့်သည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် ပီတိသို့ တစ်ဖန်ကပ်၏-ဟုဆိုသော ဆရာ့စကားသည် အသို့သင့်ရာအံ့နည်း။ လောကပိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



**(င)သို့**။ ။ဆရာ (ဃ) ဖြင့် ဤတတိယရျာန်သည် အတိမဓုရသုခ ဖြစ်၏ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် ဤတတိယရျာန်သည် အတိမဓုရသုခ ဖြင့်ပါသနည်း။ရှေးရျာန်တို့သည်လည်း အတိမဓုရသုခပင် မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

**ကား**။ ။သတ္တဝါတို့သည် သုခ၌ တပ်မက်တတ်ကုန်၏၊တတိယရျာန်သုခထက် လွန်သော သုခမရှိသောကြောင့် ဤတတိယရျာန် သုခသည် အလွန်မြတ်သောသုခ ဖြစ်၏ဟူလို။

**(စ)သို့**။ ။ ဆရာ(ဃ+င)တို့ဖြင့် တတိယရျာန် သုခထက် လွန်သောသုခ မရှိသောကြောင့် ဤတတိယရျာန် သုခသည် အတိမဓုရသုခ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ယင်းသို့ဖြစ်လျှင် တတိယရျာနသမင်္ဂီပုဂ္ဂိုလ်သည် ယင်းသုခ၌ တပ်မက်မည်သာ မဟုတ်လော။ယင်းရျာန်၌ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် အဘယ်၏အစွမ်းဖြင့် သုခ၌ မတပ်ပဲ တည်နေနိုင်သနည်း။စုဒ်ကြောင့် [စ] မိန့်။

နံပါတ် (၃)

(က) ကိစ္စ ဘိယျော။ပ။ ဓေနုံ ဥပဂစ္ဆတိကား ဥပမာနဝါကျ။
ဓေမိဒံ။ ပ ။ ဥပဂစ္ဆေယျကား ဥပမေယျဝါကျ။

(ခ) ဝါကျရှေ့။ (ဂ) ဒဠှီကရဏ။ (ဃ) ဝါကျာရှေ့။ (င) ကာရဏ။ (စ) ဝါကျာရှေ့။

နံပါတ် (၄)

**ဓေနုပဂေါ**။ ။ **ဓေနုံ ဝိဝတီတိ ဓေနုပဂေါ**။

ဓေနု ဝိသေအရ မိခင်နွားမ၌ တည်သော နို့ဒြပ်သည် မုချ။ထို-၏ နွားငယ်နှင့် နိဿယ/နိဿိတ စပ်ဌာန။ပါ ဓာတ်အရ ရသာရုံ၌တပ်မက်သော တဏှာပြဓာန်းသော စိတ္တုပ္ပါဒ်မုချ။ရှေးရှေးသော ဆာလောင်မွတ်သိပ်ခြင်း စသော စိတ္တုပ္ပါဒ် ဖလူ။နောက်နောက်သော စိတ္တုပ္ပါဒ် ကာရဏူ။ပုဒ်လုံးအရနှင့် ဏျ ပစ္စည်းအရ နွားငယ် ရ၏။

**ဓေနု**။ ။**ဓေတိ ခီရံ ပါယေတီတိ ဓေနု။[ဓေ+နု]ဓယတိ ပိဝတိ ဧတော ခီရံ ပေါတကောတိ ဓေနု**။

ဓေ-ဓာတ်အရ သုဒ္ဓကတ္တုဒြကား နို့ကိုစို့သော နွားငယ်၏ ရသတဏှာ ပြဋ္ဌာန်းသော စိတ္တုပ္ပါယ်ဒ်မုချ။ဟေတုကတ္တုဒြကား မိခင်နွားမ၏ မေတ္တာ[တစ်နည်း]ဂေဟသိတပေမ သည် ဖလူ။နု-ပစ္စည်းအရ ထို-သော မိခင်နွားမ ရ၏။(တစ်နည်း) အပါဒါနသာဓန ကောက်။

**အပနီတ** ။ ။ **အပနေတွာ နီတော အပနီတော**။

အပ-ဝိသေအရ အပနယန ဘောဂဏှသည် မုချ။ထို-၏ ဆောင်အပ်သော နွားငယ်နှင့် ဂုဏ်+ဂုဏေး စပ် ဌာနူ။ပုဒ်လုံးအရ ဖယ်၍ဆောင်အပ်သော နွားငယ် ရ၏။

**သတိသမ္ပဇညာရက္ခ** ။ ။ **သတိသမ္ပဇညေဋ္ဌ တံ အာရက္ခော ဧတတိ သတိသမ္ပဇညာရက္ခော**။

**အတိမဓုရ**။ ။ **မညတိ ဉာယတိ မဓုရန္တိ မဓု။မဓု အဿ အတ္ထီတိ မဓုရံ။ အတိရေကံ မဓုရံ အတိမဓုရံ**။

အတိ-ဥပသာရ အရ အတိရေကဘောဂဏှသည် မုချ။ထို-၏ ချိုမြိန်သော အရသာရှိသော သုခနှင့် ဂုဏ်+ဂုဏေးစပ် ဌာနူ။ပုဒ်လုံးအရ ထိုသော အလွန်ချိုမြိန်သော အရသာရှိသော သုခ ရ၏။

နံပါတ် (၅)

**ဝဇ္ဇ**။ ဝဒ+ဆ။ [ဝဒတီတိ ဝဇ္ဇော] မဓု ။ မန+ဥ ။ **သာရဇ္ဇန**။ သံ-ရဇ္ဇ+ယု။

http://www.dhammadownload.com



နံပါတ် (၆)

(က) **ပုနဒေဝ ပီတိံ ဥပဂစ္ဆေယျဖြင့်** တစ်ဖန် ပီတိသို့ ကပ်ရောက်ခြင်းဟူသည် ဟာနဘာဂိယဈာန်ဖြစ်ခြင်း၊ ဒုတိယဈာန်နှင့်သာ ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်ကို သိစေ။ [ဋီကာ]

(ခ) **ပီတိသမ္ပယုတ္တမေဝ သီယာဖြင့်** ရှေးဝါကျ၌ပင် ရအပ်သော အဝုတ္တသိဒ္ဓိ၊သာမတ္ထိယတ္ထကို သိစေ။

နံပါတ် (၇)

**ဓေနုပဂေါ/ဓေနုပကော...**

ဓေနု သဒ္ဒါပုပပဒ ဥပ ပုဗ္ဗ၊ဂမုဓာတ်၊ကွိပစ္စည်းဖြင့် ပြီးသောကြောင့် ဓေနုပဂေါ ပါဠိသင့်။

ဓေနု သဒ္ဒါပုပပဒ ပါဓာတ်၊ဏွု ပစ္စည်း၊ပဌမက္ခရာနှင့်သာလိုသည်။ ပါရာ၊ ဂံ၊ သစ်။ ယင်းအလို ဓေနုပကော ပါဠိသင့်။ဓေနုယာ ခီရံ ပိဝန္တောတိ ဝုတ္တံ ဟောတိ။[သာရတ္ထ၊၁။၃၇၅။]ဓေနုပကော၊ အမိနို့ကိုစို့တတ်သော [သဒ္ဒတ္ထ] [ဂဏ္ဌိသစ်]

**သုခေဝါ ဝိ/သုခေဝါ ဟိ...**

ရှေ့ဝါကျ၌ လောကဝိရောဓိ ရောက်နေ၍ ယင်းကို ပယ်ရန်အကျိုးငှာဆိုသောကြောင့် ဒဋ္ဌီဟု မှတ်သားနိုင်ရကား သုခေဝါ ဟိ-ဟူ၍ ဟိ နိပါတ်နှင့်ရှိကလည်း သင့်နိုင်မည်ပင်။သို့သော် ဝါ-သဒ္ဒါသည် သတိသမ္ပဇဉ် မစောင့်ရှောက်လျှင် ပီတိသို့ ပြန်ရောက်၍ ဟာနဘာဂိယ ဒုတိယဈာန် ပြန်၍ဖြစ်ရာ၏ဟူသော အနက်မှ အခြားအနက်တစ်မျိုးကို ပြလို၍ တက်သော အတ္တန္တရ ဝိကပ္ပနတ္ထတည်း ဝိ-ကား သမုယစ္စတ္ထ၊ ဣဋ္ဌာရုံ၌သာ ကပ်ငြိသည်မဟုတ်သေး၊သုခ၌လည်း ကပ်ငြိ၏ဟု ပြလိုရကား သုခေဝါဝိ-ဟု ဝိသဒ္ဒါပါသော ပါဠိသာ သင့်။

**အတိမဓုရသုခံ/အတိမဓုရံ သုခံ...**

နှစ်ပါဌ်သင့်။အနက်မထူး။ဝါကျနှင့် သမာသ်သာ ထူးသည်။ နောက်စာမျက်နှာ ၁၂၂-၌ 'အတိမဓုရ သုခေ' ဟု သမာသ်ပုဒ်ဖြင့် ရှိနေသည်။

နံပါတ် (၈)

**အတိမဓုသုခံ။** ။ ဒုတိယဈာန်ရှိ သုခသည်လည်း အတိမဓုရသုခပင် ဖြစ်သော်လည်း တတိယဈာန်ရှိ သုခကိုသာ အလွန်အားဖြင့် ဆိုအပ်သောကြောင့် အတိသယနည်း။

ထင်ရှားရှိသော ချိုမြိန်သော အရသာရှိသော သစ်သီးစားသောက်ဖွယ်တို့၏ အမည်ကို ထင်ရှား မရှိသော တတိယဈာန်သုခ၌ တင်စား တဒ္ဓမ္မူပစာ။

ဓေနုပဂေါ-၌ ဓေနု။ ။ဌာနန္တားမ၏အမည်ကို ဌာနီ နို့၌တင် ဌာနူပစာ။

နံပါတ် (၁၀)

**ပီတိံ ဥပဂစ္ဆေယျ-အရ ဒုတိယဈာန်ကောက်။**

**************

**ပါကျင့်စဉ် (၅၈)**

(က) **ဣဒါနိ သုခဉ္စ ကာယေန ပဋိသံဝေဒေသီတိ** ဧတ္ထ ကိဉ္စာပိ တတိယဇ္ဈာနသမင်္ဂိနောသုခပ္ပ ဋိသံဝေဒနာဘောဂေါ နတ္ထိ၊ဧဝံ သန္တေပိ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ။

http://www.dhammadownload.com



( ခ ) ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ တံ သမုဋ္ဌာနေနဿ ယသ္မာ အတိပဏီတေန ရူပေန ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ ဈာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ။

( ဂ ) တသ္မာ ဧတမတ္တံ ဒဿေန္တော "သုခဉ္စ ကာယေန ပဋိသံဝေဒေသိ" တိ အာဟ။

( ဃ ) **ဣဒါနိ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ ဧတ္ထ ယံ ဈာနဟေတု ယံဈာနကာရဏာ တံ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ ပညပေန္တိ။** [ဝိ၊ ဋ္ဌ၊ ၁၊ ၁၂၁/၂။]

****************

## နံပါတ် (၁)

**သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗပါဠိတော်အနက်။** (က) ကာယေန-သမ္ပယုတ္တနာမကာယဖြင့်။သုခဉ္စ၊ စေတသိကသုခ ကာယိကသုခကိုလည်း။ ပဋိသံဝေဒေသိ၊ ခံစားပြီ။ [ဈာနသမင်္ဂီ = ကတ္တား။]

**(ခ)** ကာယေန၊နာမကာယဖြင့်။သုခဉ္စ၊ကာယိကသုခကိုလည်း။ပဋိသံဝေဒေသိ၊ဈာန်မှထသောအခါ၌ခံစားပြီ။

**(ဃ)** ယံ၊တတိယဈာန်ဟူသောအကြောင်းကြောင့်။တံ၊ထိုတတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်ကို။အရိယာ၊ဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည်။အာစိက္ခန္တိ၊ ပြောဆိုညွှန်ပြ ချီးမွမ်းကြကုန်၏။

**(က)** သုခပ္ပဋိသံဝေဒနာဘောဂေ၊ချမ်းသာကိုခံစားခြင်းဌာ နှလုံးသွင်းသည်။ကိဉ္စာပိ နတ္ထိ၊ပေ။ဇဝံ၊သို့နှလုံးသွင်းမရှိသည်။သန္တေပိ၊သော်လည်း။တဿ၊ထိုတတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏။နာမကာယေန၊နှင့်။သုခံ၊သည်။ယသ္မာ၊ကြောင့်။သမ္ပယုတ္တံ၊၏။[တသ္မာ၊ ကြောင့်။ဇတံအတ္တံ၊ဤစေတသိကသုခ ကာယိကသုခကိုနာမကာယဖြင့် ခံစား၏ဟူသော အနက်ကို။ဒဿေန္တာ၊သည်။ဟုတ္ဝာ၊၍။သုခဉ္စကာယေန၊ပဋိသံဝေဒေသိန္တိ၊ဟူ၍။အာဟ၊ပြီ။]

**(ခ)** ယံ တံ သုခံ၊အကြင်ဆိုအပ်ခဲ့ပြီးသော သုခဝေဒနာသည်။အတ္ထိ၊၏။အဿ၊ထိုတတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်၏။တံသမုဋ္ဌာနေန၊ထို တတိယဈာန် သုခကြောင့်ဖြစ်သော။[သာရတ္ထ] (ဝါ) ထိုတတိယဈာန် သုခလျှင်ဖြစ်ကြောင်းရှိသော။[ဝိမတိ]အတိပဏီတေန၊သော။ရူပေန၊ စိတ္တဇရုပ်သည်။ယဿ၊အကြင်စိတ္တဇရုပ်မှ ကြွင်းသော တိဇရုပ်ကို။ဝါ-၏။ ဖုဋ္ဌတ္တာ၊ ပျံ့နှံ့အပ်သည်၏အဖြစ်ကြောင့်။ ဈာနာ၊တတိယဈာန်မှ။ဝုဋ္ဌိတောပိ၊ထပြီးသော ဈာနသမင်္ဂီ ပုဂ္ဂိုလ်သည်လည်း။သုခံ၊ ကာယိကသုခကို။ပဋိသံဝေဒယျ၊အဿ ဈာနသမင်္ဂီနော၊၏။ ရူပကာယော ယသ္မာ ဧတံ အတ္ထံ၊ ထိုကာယိကသုခကို ခံစား၏ဟူသောအနက်ကို။ ဒဿေန္တော။

## နံပါတ် (၂)

**(က)စသည်သို့။** ။ ဆရာမြတ်စွာဘုရားသည် ပါဠိတော်၌ သုခဉ္စ ကာယေန ပဋိသံဝေဒေသိ-ဟုဟောတော်မူ၏။ဣဒါနိ သတောစ သမ္ပဇာနော စသဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် ယင်းတတိယဈာန်၌ သတိသမ္ပဇညတို့၏ အစွမ်းအားဖြင့် သုခကို ပယ်ခွာပြီးသည်၏အဖြစ်ကို ပြတော်မူပြီးသည် မဟုတ်ပါလော။ ယင်းသို့ ပယ်ခွာပြီးသည်၏ အဖြစ်ကြောင့် သုခဉ္စ ကာယေန ပဋိသံဝေဒေသိ ဟု မဟောသင့်၊မဟောသင့် ပဲလျက် ဟောချေသော် လောကဝိရောဓိဒေါသ သင့်ရောက်ရာ၏။အဘယ်ကြောင့် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (က) စသည်မိန့်။[ဤကား ရှေ့နောက်ဝါကျ သန္ဓေစပ်က စသော နိယံနှင့်အညီတက်သည်။]

**တစ်နည်း။** ဥပနာတူ၊တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် ယင်းတတိယဈာန၌ သုခကို သတိသမ္ပဇညတို့၏အစွမ်း

http://www.dhammadownload.com



အားဖြင့် ပယ်ပြီးဖြစ်သောကြောင့် တတိယဈာနသမံဂီပုဂ္ဂိုလ်အား သုခကိုခံစားအံ့ဟု နှလုံးသွင်းခြင်း အာဘောဂ မရှိသည် မဟုတ်ပါလော။[တစ်နည်း] သုခကို ခံစားအံ့-ဟူသော အာဘောဂနှင့်ကင်းလျက်ပင် သုခကိုခံစားခြင်း ဖြစ်ပါသလော။ [ဂဏ္ဌိသစ်။](တစ်နည်း) ဈာနသမံဂီပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက် အာဘောဂပြုသောကြောင့် ဈာန်မှထသောအခါ၌ အာဘောဂရှိသည် မဟုတ်ပါလော။အဘယ်ကြောင့် ထိုသို့ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (က) စသည်မိန့်။

**ကား။** ။ သုခကို ခံစားအံ့ဟု နှလုံးသွင်းခြင်းပင် မရှိသော်လည်း၊ နာမကာယဖြင့် စေတသိကသုခကိုလည်း ကောင်း၊ကာယိကသုခ၏ အကြောင်းရုပ်ကိုဖြစ်စေတတ်သောကြောင့် ယင်းနာမကာယဖြင့်ပင် ကာယိကသုခ ကိုလည်းကောင်း၊ဈာန်ဝင်စားခိုက် ဈာနသမံဂီသည် ခံစား၏ဟု ပြလိုရကား ယင်းသို့ဟော၏ ဟူလို၊

**နာမကာယေန စေတသိကသုခံ ကာယိကသုခဟေတုရူပသမုဋ္ဌာပနေန ကာယိကသုခဉ္စ ဈာနသမံဂီ ပဋိသံဝေဒေတီတိ ဝုတ္တတိ။** [သာရတ္ထ၊ ၁။ ၃၇၆။]

**(ခ)သို့။** ။ ဆရာ၊သည်(က)ဖြင့် နာမကာယဖြင့် သမ္ပယုတ်ဖြစ်သော စေတသိကသုခ၊ကာယိကသုခကိုဈာန် စိတ္တက္ခဏ်ပါဒ်ဟုဆိုအပ်သော နာမကာယဖြင့် ဈာန်ဝင်စားသောအခိုက်၌ ခံစားခြင်းကို ပြဆိုအပ်၏။ကာယိက သုခကို ဈာန်ဝင်စားခိုက်၌သာ ခံစားပါသလော။အဘယ်အခါ၌လည်း ခံစားပါသေးသနည်း။စုဒ်ကြောင့်(ခ)မိန့်။

**ကား** ။ ။ဈာန်မှထသောအခါ၌လည်း ကာယိကသုခကို ခံစား၏ ဟူလိုသော်။

နံပါတ် (၃)

(က) **ပက္ခန္တရ** ထိုတွင် ကိဉ္စာဝိ။ပ။နတ္ထိ ကား ဂရဟာဝါကျ။ဖေဝံ သန္တေပိ။ပ။သုခံ ကား **သမ္ဘာဝနာဝါကျ။(ခ) နယန္တရပက္ခန္တရ။** (ဂ) လဒ္ဓဝုတ္တ [တစ်နည်း] နိဂုမ်း။

(ဃ) ပက္ခန္တရ။

**စာစပ်။** ။ ရူပေန ကား သည်ပေးသောကြောင့်၊ ဖုဋ္ဌော၌ အဝုတ္တကတ္တားထို၏ ကြိယာ။

နံပါတ် (၄)

**သုခပ္ပဋိသံဝေဒနာဘောဂ။** ။ **သုခဿ ပဋိသံဝေဒနာ သုခပ္ပဋိသံဝေဒနာ။ သုခပ္ပဋိသံဝေဒနာယ အာဘောဂေါ သုခပ္ပဋိသံဝေဒနာဘောဂေါ။**

သုခပ္ပဋိသံဝေဒနာ ဝိသေသနအရ သုခကို ခံစားခြင်းသည် မှချ။ထို၏ နှလုံးသွင်းခြင်းနှင့် ဂုဏ်/ ဂုဏောစပ် ဌာနူပစာ။ပုဒ်လုံးအရ ထို-သော သုခကို ခံစားခြင်း၌ နှလုံးသွင်းခြင်း၏။

**တံသမုဋ္ဌာန။** ။ **တတော သုခတော သမုဋ္ဌာနံ တံသမုဋ္ဌာနံ။**

တ အရ နာမကာယ သမ္ပယုတ္တသုခသည် မှချ။ထို၏ အတိပဏီတ စိတ္တဇရုပ်နှင့် အကြောင်း/အကျိုး စပ် ဌာနူပစာ။ပုဒ်လုံးအရ နာမကာယ သမ္ပယုတ္တသုခကြောင့်ဖြစ်သော အတိပဏီတ စိတ္တဇရုပ် ရှ၏။

**တံ သမုဋ္ဌာနာတိ တတော သမုဋ္ဌိတေန အတိပဏီတေန ရူပေန။**[သာရတ္ထ၊ ၁။ ၃၇၆။]

**တစ်နည်း။။။ တံ သုခံ သမုဋ္ဌာနံ ကာရဏံ ယဿ ရူပဿာတိ တံသမုဋ္ဌာနံ။** [ဝိမတိ။]

တံသမုဋ္ဌာန ဟူသော ဗဟုဗ္ဗီဟိအရ ထိုဆိုအပ်ပြီးသော နာမကာယ သမ္ပယုတ္တသုခ ဟူသော အ ကြောင်းသည် မှချ၊ထို၏ ယ အညပုဒ်အရ အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်း/အကျိုး စပ် ဌာနူပစာ။ ယ အညပုဒ်အရ အတိပဏီတ စိတ္တဇရုပ် ရှ၏။

http://www.dhammadownload.com



နံပါတ် (၅)

**ကာယ**။ ကုသဒ္ဒါပုပဒ+ ဣ + ဏ။ကုစ္ဆိတာနံ ကေသာဒီနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော။

**ပဏီတ**။ ပ ပုဗ္ဗ + နီ + တ။ ပဓာနဘာဝံ နီတံ ပဏီတံ။ **ဟေတု**။ ဟိ + တု။

နံပါတ် (၆)

(က) **နာမကာယေန-ဖြင့်** သုခ္ခ ကာကေန-၌ ကာယ-အရ ရူပကာယကို မယူအပ်၊ ဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယကို ယူအပ်သည်ကို သိစေ။**သမ္ပယုတ္တံ သုခံ-ဖြင့်** သုခအရ သမ္ပယုတ်ဖြစ်သော စေတသိကသုခကို ယူအပ်သည်ကို သိစေ။

(ဃ) **ယံ ဈာန ဟေတုဖြင့်** ယံသည် အနိယမ ပယောဂဝန္တ သဗ္ဗနာမ်ပုဒ်မဟုတ်၊ဟေတွတ္ထ ပဌမန္တ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ယင်းဖြင့် ဈာန်ကို စွဲယူသုံးသပ်အပ်သည်ကို လည်းကောင်း သိစေ။

**ယံ ဈာနကာရဏာ-ဖြင့်** ဟေတုသဒ္ဒါသည် ကာရဏအနက်ဟောသည်ကို လည်းကောင်း၊ပဋ္ဌမာ ဝိဘတ်သည် ပဋ္ဌမီ ဟိတ်အနက်၌ သက်သည်ကိုလည်းကောင်း သိစေ။**တံ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂလံ-ဖြင့်** တံ ကား နိပါတ်ပုဒ်မဟုတ်၊ သဗ္ဗနာမ်တည်း၊ယင်းဖြင့် တတိယဇ္ဈာနသမင်္ဂီ ပုဂ္ဂိုလ်ကိုစွဲယူ သုံးသပ်အပ်သည်ကို သိစေ။**ဗုဒ္ဓါဒယော အရိယာဖြင့်** အရိယာ-အရ အာစာရအရိယာ၊ဒဿနအရိယာ၊လိင်္ဂအရိယာတို့ကို မယူအပ်၊ ဘုရားစသော ပဋိဝေဓအရိယာတို့ကို ယူအပ်သည်ကို သိစေ။

**ဒေသေန္တိ-ဖြင့်** အာစိက္ခန္တိ၌ အာ-ရှေးရှိသော စိက္ခဓာတ်သည် ဒေသနအနက် ကို ဟောသတည်းဟု သိစေ။ **[တစ်နည်း]** ဒေသေန္တိ-ဖြင့် [အာစိက္ခန္တိ] ကြားကုန်၏ဟူ သည် ဟောခြင်းပင်တည်းဟု **သိစေ**။

**ပညာပေန္တိ-ဖြင့်** [အာစိက္ခန္တိ] ကြားကုန်၏ဟူသည် ပညတ်ခြင်းပင်တည်းဟု သိစေ။

နံပါတ် (၇)

**ဖုဋ္ဌော/ဖုဋ္ဌော။ ဖုဋ္ဌတ္တာ/ဖုဋ္ဌတ္တာ…**

ဖုဋ္ဌတ္တာတိ ဗျာပိတတ္တာတိ အတ္ထော။ [သာရတ္ထ၊ ၁။ ၃၇၆။] ဖုဋ္ဌတ္တာတိ အတိပဏီတေန ရူပေန ဖုဋ္ဌတ္တာ။ [ဝိမတိ၊၁။၇၆။] ဖွင့်ဆိုခြင်းကြောင့်လည်းကောင်း၊ဖရဓာတ်၊တပစ္စည်း၊ဖရ-ဓာတ်၏ ဗျာပန အနက် ဟောနိုင်သောကြောင့်၊ ဖုဋ္ဌော/ ဖုဋ္ဌတ္တ ပါဌ်တို့ သင့်။

**မှတ်ချက်**။ ။ ဘာ+ဋီ နှင့် ယောဇနာတို့ဝယ် ဖုဋ္ဌော/ဖုဋ္ဌတ္တာ ပါဌ်တို့ သင့်ကြောင်းဖွင့်ဆိုထား၏။

နံပါတ် (၈)

**ဖုဋ္ဌတ္တာ**။ ။ ထင်းရှားရှိသောရေသည် တွေ့ထိအပ်သော ကိုယ်ရှိသောသူအား ထိုသို့သော သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိအပ်သော် သုခဝေဒနာ ဖြစ်သကဲ့သို့၊ထို့အတူ ဈာန်စိတ်သည် ဖြစ်စေအပ်သောရုပ်တို့သည် ပျံ့နှံ့သော ကိုယ်ရှိသူအား သုခဝေဒနာဖြစ်သည်။ယင်းသို့ ဈာန်မှထသည့်အခါ ထင်ရှားမရှိသောအခါ ခံစားခြင်း၌ တင်စား၍ ဆိုသောကြောင့် တဒ္ဓမ္မူပစာ။

**သုခ္ခ ကာယေန ပဋိသံဝေဒေသိ**။ ။ အကြောင်းဖြစ်သော စေတသိကသုခ၏ အမည်ကို အကျိုးဖြစ်သော ကာယိကသုခ၌တင် ကာရဏူပစာ/နာနန္တရိကနည်း။ **[သာရတ္ထ]**

**တစ်နည်း**။ ။ အကျိုးဖြစ်သော ကာယိကသုခ၏အမည်ကို အကြောင်းဖြစ်သော စေတသိကသုခ၌ တင်စား ဖလူပစာ/အဝိနာဘာဝနည်း။ **[ဝိမတိ]**

http://www.dhammadownload.com



နံပါတ် (၁၀)

အာစိဏ္ဏ်-အရ ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်။

****************

**ပါဠိကျမ်းစဉ် (ရ၉)**

(က) ကသ္မာ ပန တံ တေ ဝဲ ပသံသန္တီတိ ? ပသံသာရဟတော။

( ခ ) အယံ ဟိ ယသ္မာ အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ တတိယဈာနေ ဥပေက္ခကော၊ န တတ္ထ သုခါဘိသင်္ဂေန အာကဍ္ဎီယတိ။

( ဂ ) ယထာစ ပီတိ န ဥပဋ္ဌတိ၊ ဝေံ ဥပဋ္ဌိတသဿတိတာယ သတိမာ။

(ဃ) ယသ္မာ စ အရိယကန္တံ၊ အရိယဇနသေဝိတမေဝ စ အသံကိလိဋ္ဌံ သုခံ နာမကာယေန ပဋိသံဝေဒေတိ၊ တသ္မာ ပသံသာရဟော။

( င ) ဣတိ ပသံသာရဟတော နံ အရိယာ တေ ဝဲ ပသံသာဟေတုဘူတေ ဂုဏေ ပကာသေန္တာ ''ဥပေက္ခကော သတိမာ သုခဝိဟာရီ''တိ [ဝိ၊ ဋ္ဌ၊ ၁။ ၁၂၂။]

**************

နံပါတ် (၁)

(က) ကသ္မာ?တံ၊ထို တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို။တေ၊ထိုဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည်။ပသံသာရဟတော၊ချီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်။တံ တေ ဝဲ ပသံသန္တိ ဣတိ၊ ကား အဖြေတည်း။

(ခ) ဟိ၊ချဲ့။အယံ၊ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည်။အတိမဓုရသုခေ၊အလွန်ချိုဆိမ့်သော သုခရှိသော သုခပါရမိပ္ပတ္တေ၊သုခ၏လွန်သော အပိုင်းအခြားသို့ ရောက်သော။(ဝါ) သုခ၏ အထွတ်အထိပ်သို့ရောက်သော။ ဥပေက္ခကော၊အသင့်အားဖြင့် ရှုတတ်သော ဥပေက္ခရှိပါပေစွ။တတ္ထ၊ထိုတတိယဈာန်၌။သုခါဘိသင်္ဂေန၊သုခ၌ ကပ်ငြိခြင်းအားဖြင့်။န အာကဍ္ဎီယတိ၊ မဆွဲငင်အပ်။

(ဂ) စ၊သည်သာမကသေး။ယထာ၊အကြင် အခြင်းအရာအားဖြင့် ဖြစ်လသော်။ပီတိ၊သည်။န ဥပဋ္ဌတိ။ ဝေံ၊ဖြင့်။ဥပဋ္ဌိတသဿတိတာယ၊ ကပ်၍တည်သော သတိရှိသည်၏အဖြစ်ဖြင့်။သတိမာ၊ သတိရှိပါပေစွ။

(ဃ) တသ္မာ၊ထိုသို့ လျစ်လျူရှုတတ်သည်၏အဖြစ် သတိနှင့် ပြည့်စုံသည်၏အဖြစ် နာမကာယဖြင့် စေတသိကသုခကို ခံစားတတ်သည်ဖြစ်၏ အဖြစ်ကြောင့်။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာ (က) ဖြင့် ချီးမွမ်းခြင်းငှာ ထိုက်သောကြောင့် ချီးမွမ်း ကုန်၏ဟု ဖွင့်ပြအပ်၏။အဘယ်သို့ လျှင် ချီးမွမ်းခြင်းငှာ ထိုက်ပါသနည်း။ချီးမွမ်းခြင်း ငှာထိုက်ပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။စုန်ကြောင့် [ခ] မိန့်။

**နိယံ**။ ။ ဟေတုနောင်မှာ ဟိနှင့် ပြချဲ့ထသည်ီ ဝိတ္ထာရီ။

**မှတ်ချက်**။ ။ (ဃ) တသ္မာ ပသံသာရဟောတိုင်အောင် မှျော်။

(ဂ)သို့။ ။ ဆရာ (ခ) ဖြင့် တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်သည် အတိမဓုရသုခ ဖြစ်သော တတိယဈာန်သုခ၌ သော်လည်း လျစ်လျူရှုနိုင်၏။ထိုတတိယဈာန်၌ သုခ၌ ကပ်ငြိခြင်းအားဖြင့် မဆွဲငင်အပ်။ထိုအကြောင်းကြောင့်

http://www.dhammadownload.com



ပဿသာရဟ ဖြစ်၏-ဟုဖွင့်ပြအပ်၏။ဤအကြောင်းကြောင့်သာ ပဿသာရဟ ဖြစ်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း ပဿသာရဟ ဖြစ်ပါသေးသနည်း။ စုဒ်ကြောင့် [ဂ] မိန့်။

**(ဃ)သို့။** ။ ဆရာ (ဂ) ဖြင့် ပီတိ မဖြစ်သကဲ့သို့ထိုအတူ ထင်သောသတိရှိသောကြောင့် သတိမာ-ဟုချီးမွမ်းထိုက်သည်ကို ဖွင့်ပြအပ်၏။ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာ တတိယဈာနလာဘီ ပုဂ္ဂိုလ်သည် ပဿသာရဟ ဖြစ်ပါသလော။တစ်ပါးသော အကြောင်းရှိပါလျှက် မဖွင့်ဆိုက ဆရာ့စကား၌ အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် [ဃ] မိန့်။

နံပါတ် (၃)

**(က)** ကဿပ။ ပ ။ပဿသန္တိတိ-ကား ပုစ္ဆာ။[စောဒနာ] ပဿသာရဟတောကား **ဝိသဇ္ဇနာ။** [သောဓနာ] **(ခ)စသည် ဝိတ္ထာရ။**ယင်းတွင် ဥပေက္ခကော တိုင်အောင်သည် **အနွယ။** န တတ္ထ စသည် **ဗျတိရေက။** (ဂ) **ပက္ခန္တရ။ [တစ်နည်း] ဝါကျာရမ္ဘ။** ဥပက္ခကောဟု ချီးမွမ်းရပုံမှတစ်ပါး သတိမာဟု ချီးမွမ်းရပုံ အဖို့ပြ။

**(ဃ) ပက္ခန္တရ။ [တစ်နည်း] ဝါကျာရမ္ဘ။ (င) နိဂုံး။**

နံပါတ် (၄)

**အတိမဓုရသုခ ။ ။ အတိမဓုရံ သုခံ ယသ္မိံ ဈာနေတိ အတိမဓုရသုခံ။**

အတိမဓုရသုခအရ အလွန်ချိုဆိမ့်သော သုခသည် မုချ။ထို-၏ ယအညပုဒ်အရ တတိယဈာန်နှင့် ဂုဏ်/ဂုဏေး ဌာနီ/ဌာနစပ် ဌာနူပစာ။ယအညပုဒ်အရ အလွန်ချိုဆိမ့်သော သုခရှိသော တတိယဈာန်ရ၏။

**ဥပဋ္ဌိတဿတိတာ ။ ။ ဥပဋ္ဌိတာ သတိ ဧတဿာတိ ဥပဋ္ဌိတဿတိ။**

**ဥပဋ္ဌိတဿတိဿ ဘာဝေါ ဥပဋ္ဌိတဿတိတာ။**

ဥပဋ္ဌိတဿတိ အရ ကပ်၍တည်သော သတိရှိသော တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်သည် မုချ။ထို၏ တာ-ပစ္စည်းအရ ကပ်၍တည်ခြင်းနှင့် နိဿယ/နိဿိတစပ် ဌာနူပစာ။တာ-ပစ္စည်းအရ ကပ်၍တည်သော သတိရှိသော တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ကပ်၍တည်ခြင်း ရ၏။

**ပဿသာရဟ ။ ။ ပဿနံ ပဿာ။ အရဟတီတိ အရဟော။ပဿံ အရဟော ပဿာရဟော။**

**[တစ်နည်း] ။ ။ ပဿိတုံ အရဟတီတိ ပဿာရဟော။** [မဒ္ဒူ]

ပဿသအရ ချီးမွမ်းခြင်းဂုဏ်သည် မုချ။ထို၏ ချီးမွမ်းထိုက်သော တတိယဈာန်န သမင်္ဂီပုဂ္ဂိုလ်နှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ။ပုဒ်လုံးအရ ချီးမွမ်းခြင်းငှါထိုက်သော တတိယဈာနသမင်္ဂီပုဂ္ဂိုလ် ရ၏။

နံပါတ် (၅)

**ပဿသ။** ပပုဗ္ဗ+သံသ+ အ။**အဘိသင်္ဂ။** အဘိ ပုဗ္ဗ+သဉ္ဇ+ဏ။**ဥပဋ္ဌိတ။** ဥပ+ ဌာ+တ။ **သံကိလိဋ္ဌ။** သံ+ကိလိသ+တ။**ပါရမီ။** ပါရ+မိ+(မာ) အ။ **ကန္တ။** ကမု +တ။

နံပါတ် (၇)

**အရိယဇနသေဝိတံ/အရိယဇနသေဝိတမေဝစ...**

ဝေဖြင့် အသေဝိတကိုကန့်။စသဒ္ဒါဖြင့် ဈာနသုခကို ဆည်းသောကြောင့် အရိယဇနသေဝိတမေဝစ ပါဌ်သာသင့်။

http://www.dhammadownload.com



**သုခပါရမိပ္ပတ္တော/သုခပါရမိပတ္တော…**

ပတ္တော၌ ပပုဗ္ဗ အပဓာတ်၊ပဥပသာရသည် ဗွေဘော်ဌာနဖြစ်သောကြောင့် သုခပါရမိပ္ပတ္တော ပါဌ်သင့်။

နံပါတ် (၈)

**ဥပဋ္ဌိတဿတိတာယ သတိမာ။** ။ သတိတည်းဟူသော မကင်းရာကို ဆိုသဖြင့်၊ပညာတည်းဟူ သော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနန္တရိကနည်းမည်၏။

ဤဒိသေသု ဌာနေသု သတိဂ္ဂဟဏေနေဝ သမ္ပဇညမ္ပိဂဟိတံ ဟောတီတိ. ဣဓ ပါဠိယံ သတိယာဧဝ ဂဟိတတ္တာ ဧဝံ ဥပဋ္ဌိတဿတိတာယ သတိမာတ္တေဝ ဝုတ္တံ။ [သာရတ္ထ၊ ၁။ ၃၇၆။]

နံပါတ် (၁၀)

( င ) **ဝေဒိတဗ္ဗံ၌ ဓာတ်အရ**-ပညာရှိသန္တာန်ရှိ ဉာဏ်,ဝီရိယ ပြဓာန်းသော စိတ္တုပ္ပါဒ်ကောက်။

******************

**ပါဠိကျဆည် (၈၀)**

(က) **တတိယန္တိ** ဂဏနာနုပုဗ္ဗတော တတိယံ၊ဣဒံ တတိယံ သမာပဇ္ဇတီတိပိ တတိယံ။

(ခ) **ဈာနန္တိ** ဧတ္ထ စ ယထာ ဒုတိယံ သမ္ပသာဒါဒီဟိ စတုရင်္ဂိကံ၊ဧဝမိဒံ ဥပေက္ခာဒီဟိပဉ္စင်္ဂိကံ။

(ဂ) ယထာဟ''ဈာနန္တိ ဥပေက္ခာ သတိ သမ္ပဇညံ သုခံ စိတ္တေကဂ္ဂတာ'' တိ။

(ဃ) ပရိယာယော ဧသော၊

(င) ဥပေက္ခာသတိသမ္ပဇညာနိ ပန ဥပေက္ခာ နိပ္ပရိယာယေန ဒုဝင်္ဂိကမေဝေတံ ဟောတိ။

(စ) ယထာဟ ''ကတမံ တသ္မိံ သမယေ ဒုဝင်္ဂိကံ ဈာနံ ဟောတိ? သုခံ စိတ္တေကဂ္ဂတာ''တိ။

(ဝိ၊ဋ္ဌ၊ ၁။ ၁၂၂။)

****************

နံပါတ် (၁)

(ခ) စ၊အဖို့တစ်ပါးကား။ဈာနန္တိ ဧတ္ထ-၌။ဒုတိယံ-ဒုတိယဈာန်သည်။သမ္ပသာဒါဒီဟိ-သမ္ပသာဒစသည်တို့ဖြင့်။စတုရင်္ဂိကံ-လေးပါးသောအင်္ဂါရှိ၏။ဣဒံ-ဤတတိယဈာန်သည်လည်း။ဥပေက္ခာဒီဟိ-တို့ဖြင့်။ ပဉ္စင်္ဂိကံ-

(ဂ) ယထာ ကိံဝစနံ-အဘယ်စကားကို။ကော အာဟ? ဈာနန္တိ။ပ။စိတ္တေကဂ္ဂတာ-ဟူ၍။(ဘဂဝါ)

(ဃ) သော-ဤဈာန်အင်္ဂါငါးပါး အပေါင်းသည်။ပရိယာယောယေဝ-ပရိယာယ် ဒေသနာသာတည်း။

(င) ပန-စင်စစ်ကား။နိပ္ပရိယာယေန-ပရိယာယ်မဟုတ် မုချအားဖြင့်။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာ၊တတိယဈာန်ကို ပီတိယာစ ဝိရာဂါဟု ဟောတော်မူအပ်၏။ယင်းသို့ဟောသည်ရှိသော် ဈာန်အင်္ဂါငါးပါးတို့တွင် ဝိတက် ဝိစာရ ပီတိ,တို့ မရှိရကား ဤတတိယဈာန်၌ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးသာ ရှိပါသလော။အသို့ မှတ်ရမည်နည်း။စုဒ်ကြောင့် (ဂ) မိန့်။

ကား။ ။နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သောဈာန်သည် သမ္ပသာဒန,ပီတိ,သုခ,စိတ္တေကဂ္ဂတာတို့ဖြင့် အင်္ဂါလေးပါးရှိသည်ဖြစ်သကဲ့သို့၊ဤတတိယဈာန်သည် ဥပေက္ခာ,သတိ,သမ္ပဇည,သုခ,စိတ္တေကဂ္ဂတာတို့ဖြင့် အင်္ဂါငါးပါးရှိ၏ ဟူလိုသော်..။

http://www.dhammadownload.com



(ဂ)သို့။ ။ ဆရာ၊(ခ)ဖြင့် ဒု-ဗျာန်ကဲ့သို့သည် တတိယဗျာန်သည် ဥပေက္ခာစသည်တို့ဖြင့် အင်္ဂါငါးပါးရှိ၏-ဟု ဖွင့်ပြတော်မူအပ်၏။ဗျာန်-ဟူ၍ သမညရှိသည်မဟုတ်လော။ထိုသို့ဖြစ်လျက် ပဉ္စင်္ဂိကံ-ဟု ဆိုသောဆရာ့စကား အဘယ်သို့သော သာဓကဖြင့် သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့် (ဂ)မိန့်။

(ဃ)သို့။ ။ ဆရာ၊(ခ)ဖြင့် မြတ်စွာဘုရားသည် တတိယဗျာန်၌ ဥပေက္ခာ,သတိ,သမ္ပဇည,သုခ,စိတ္တေကဂ္ဂတာတို့ဖြင့် အင်္ဂါငါးပါးရှိ၏-ဟု မိန့်ဆိုတော်မူအပ်၏။ထိုသို့ဆိုသော် ဥပေက္ခာ,သတိ,သမ္ပဇည,စသည်တို့သည် မုချအားဖြင့် ဗျာန်မည်လေသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း၊စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

**(ခ) ပက္ခန္တရ၊တစ်နည်း-ဝါကျာရမ္ဘ။(ဂ) အာဂမဒဋ္ဌိကရဏ။ (ဃ) ဝါကျာရမ္ဘ။ (င) ပက္ခန္တရ။ တစ်နည်း-ဝိသေသ။ (စ) အာဂမဒဋ္ဌိ။**

နံပါတ် (၄)

**စတုရင်္ဂိကာ။ ။ စတ္တာရိ အင်္ဂါနိ ယသ္မိန္တိ စတုရင်္ဂိကံ။**

စတုအင်္ဂ အရ လေးပါးသော အင်္ဂါသည်မုချ။ထို၏ အညပုဒ်အရ ဒုဗျာန်နှင့်ဋ္ဌာနီ/ဋ္ဌာနစပ် ဋ္ဌာနူ။ ယ-အညပုဒ်အရ လေးပါးသော အင်္ဂါရှိသော ဒု-ဗျာန်ရ၏။

**ပဉ္စင်္ဂိကာ။ ။ ပဉ္စ အင်္ဂါနိ ယဿာတိ ပဉ္စင်္ဂိကံ။(တ-ဗျာန်)**

**ဒုဝင်္ဂိကာ။ ။ ဒွေ အင်္ဂါနိ ယသ္မိန္တိ ဒုဝင်္ဂိကံ။**

**နိပ္ပရိယာယာ။ ။ န ပရိယာယော နိပ္ပရိယာယော။**

န အရ ပရိသေခဘောဂဏ် မုချ။ထို ၏ မုချဒေသနာနှင့်ဂုဏ်/ဂုဏေးစပ် ဋ္ဌာနူ။သမာသ်ပုဒ်လုံးအရ ထိုသော ပရိယာယ်ဒေသနာမဟုတ်၊မုချဒေသနာ ရ၏။

**သမ္ပဇည။။ သမ္မာ ပကာရေန ဇာနာတီတိ သမ္ပဇာနော။သမ္ပဇာနော်ယေဝ သမ္ပဇည်။**

နံပါတ် (၅)

ဂဏနာ။ ဂဏ+ယု။ **ပရိယာယ**။ ပရိ+အာ+ဣ+ဏ။ **သတိ**။ သရ+တိ။

နံပါတ် (၆)

(က) **ဂဏနာနုပုဗ္ဗတော**ဖြင့် တတိယဗျာန်ကို ဒေသနက္ကမအားဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊တတိယံ ဒေသိတံ တတိယံ-ဟု ဒေသိတတဒ္ဓိတ် ဝစနတ္ထပြု၍၊အပစ္စည်း ဒေသိတအနက်၌ သက်သည်ကိုလည်းကောင်း သိစေ။ဣဒံ **တတိယံ** စသည်ဖြင့် ယင်းဗျာန်ကို အာဒိကမ္မကပုဂ္ဂိုလ်၏ အစွမ်းဖြင့်ဟောတော်မူအပ်သည်ကိုလည်းကောင်း၊တိဏ္ဏံ ပူရဏံ တတိယံ-ဟု ဝစနတ္ထပြု၍၊တိယပစ္စည်း ပူရဏအနက် ၌ သက်သည်ကို သိစေ။

နံပါတ် (၇)

ဂဏနာနုပုဗ္ဗတော/ဂဏနာနုပုဗ္ဗတာယ . . . တတိယ/တတိယ . . . (ရှေ့၌ရေးသားပြီး)

နံပါတ် (၈)

(ခ)ဝါကျ။။အကြောင်းဖြစ်သော ဗျာန်ရခြင်း၏အကြောင်းဖြစ်သော ဗျာနန္တိ ။ပ။ စိတ္တေကဂ္ဂတာ၏ အမည်ကို၊ အကျိုးဖြစ်သော ဗျာန်၌ တင်စား ကာရဏူပစာ။နာနန္တရိကနည်း။

http://www.dhammadownload.com



## နံပါတ် (၁၀)

**ယထာဟာ-ဒေသနာဉာဏ်ပြခန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကော်ပိ။**

**************

**ပါဠိကျမ်းစဉ် (၈၁)**

(က) **သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာတိ** ကာယိကသုခဿစ ကာယိကဒုက္ခဿစ ပဟာနာ။

( ခ ) ပုဗ္ဗေဝါတိ တဉ္စ ခေါ ပုဗ္ဗေဝ၊ န စတုတ္ထဇ္ဈာနက္ခဏေ။

( ဂ ) **သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာတိ** စေတသိကသုခဿစ စေတသိကဒုက္ခဿစာတိ ဣမေသမ္ပိ ဒွိန္နံ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ပဟာနာဣစ္စေဝ ဝုတ္တံ ဟောတိ။

(ဃ) ကဒါ ပန နေသံ ပဟာနံ ဟောတိ?

( င ) စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ။

( စ ) သောမနဿံ ဟိ စတုတ္ထဇ္ဈာနဿ ဥပစာရက္ခဏေယေဝ ပဟီယတိ၊ ဒုက္ခဒေါမနဿ သုခါနိ ပဌမဒုတိယတတိယာနံ ဥပစာရက္ခဏေသု။

(ဆ) ဧဝမေတေသံ ပဟာနက္ကမေန အဝုတ္တာနံ၊ ဣန္ဒြိယဝိဘင်္ဂေ ပန ဣန္ဒြိယာနံ ဥဒ္ဒေသက္က မေနေဝ ဣဓာပိ ဝုတ္တာနံ သုခဒုက္ခသောမနဿဒေါမနဿာနံ ပဟာနံ ဝေဒိတဗ္ဗံ။

[ဝိ၊ ဋ္ဌ၊ ၁။ ၁၂၂/၃။]

***************

## နံပါတ် (၁)

(ခ) တဉ္စ၊ ထိုပယ်ခြင်းသည်လည်း။ပုဗ္ဗေဝ-ရှေး၌ပင်။ [ဟောတိ။]

(ဃ) ပန၊ ပရိဟာရပက္ခမှ စောဒကပက္ခကို ဆိုအံ့။နေသံ၊ထိုသုခစသည်တို့ကို။

(ဆ) ပဟာနက္ကမေန၊ ပယ်ခြင်း၏ အစဉ်အားဖြင့်။ဣဓာပိ၊ဤဈာနကထာ၌လည်း။

**သံဝဏ္ဏေတဗ္ဗပါဌ်များကို သံဝဏ္ဏနာနှင့်အညီ အနက်ပေးပုံ-**

သုခဿစ၊ ကာယိကသုခကိုလည်း။ပုဗ္ဗေဝ၊လျှင်။ပဟာနာ၊ကြောင့်။သောမနဿဒေါမနဿာနံ၊စေတသိကသုခ စေတသိကဒုက္ခတို့၏။ပုဗ္ဗေဝ၊လျှင်။အတ္ထင်္ဂမာ၊ချုပ်ခြင်းကြောင့်။

## နံပါတ် (၂)

(ခ)သို့။ ။ ဆရာ(က)ဖြင့် သုခဿစ ဒုက္ခဿစ×တို့၏ အရကောက်ကို ဖွင့်ဆိုတော်မူအပ်၏။သုခဿစ ပဟာနာ-စသည်ဖြင့် ဟောတော်မူပြီးနောက် ပုဗ္ဗေဝကို ဟောတော်မူရကား၊ယင်းပုဗ္ဗေဝပုဒ်သည် အတ္ထင်္ဂမာ ပုဒ်နှင့်စပ်၍ နောက်ဝါကျကိုသာ ငဲ့လေသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့်(ခ) မိန့်။

ကား။ ။ ကာကောလောကနည်း မဇ္ဈေဒီပကနည်းအားဖြင့် ရှေ့ပဟာန ပုဒ်ကိုလည်း ငဲ့၏ဟူလိုသော်။

(ဃ)သို့။ ။ ဆရာ (ဂ) ဖြင့် သောမနဿအရ စေတသိကသုခ, ဒေါမနဿအရ စေတသိကဒုက္ခကိုယူအပ် သည်ကိုလည်းကောင်း၊ယင်းနှစ်ပါးတို့၏ ချုပ်ခြင်းဟူသည် ပယ်ခြင်းပင်-ဟူသောအနက်ကိုလည်းကောင်း ဖွင့်ပြအပ်၏။ပုဗ္ဗေဝကို သာမန်ဆိုရကား ယင်းတို့ကိုပယ်ရာ ကာလအထူးကို မသိရာသည် မဟုတ်ပါလော။

http://www.dhammadownload.com



အဘာယ်အခါ၌ ပဟာနဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**(စ)သို့။** ။ ဆရာ (င) ဖြင့် ဈာန်လေးပါးတို့၏ ဥပစာရက္ခဏ၌ သုခ,ဒုက္ခ,သောမနဿ, ဒေါမနဿတို့ကို ပယ်၏ဟု ဖွင့်ပြအပ်၏။မည်သည့်ဈာန်၏ ဥပစာရက္ခဏ၌ မည်သည့်ဝေဒနာကို ပယ်သည်ဟု အကျယ်အားဖြင့် မသိအပ်သေးသည် မဟုတ်ပါလော။အကျယ်ကား အဘာယ်ပါနည်း။စုဒ်ကြောင့် (စ) မိန့်။

**ကား ။** ။(စ) ဖြင့် သောမနဿဝေဒနာကို စတုတ္ထဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏။ဒုက္ခ,ဒေါမနဿ,သုခ ဝေဒနာတို့ကို ပထမဈာန်, ဒုတိယဈာန်,တတိယဈာန်တို့၏ ဥပစာရက္ခဏ၌ ပယ်အပ်ကုန်၏ဟု အကျယ်ကို ပြဆိုပါ၏ ဟူလိုသော်။

**(ဆ)ဣန္ဒြိယဝိဘင်္ဂေ ပန သို့။** ။ ဆရာ ဝေမေတောသံဖြင့် ပယ်ခြင်း၏အစဉ်အားဖြင့် ဒုက္ခ,ဒေါမနဿ, သုခ,သောမနဿတို့ကို မဟောအပ်ကုန်ဟု ဖွင့်ပြအပ်၏။အဘာယ်ကြောင့် ဤ၌ အစဉ်တစ်မျိုးအားဖြင့်သုခ, ဒုက္ခ,သောမနဿ,ဒေါမနဿတို့ကို ဆိုအပ်ပါသနည်း။ပဟာနက္ကမအားဖြင့်သာ ဆိုသင့်သည်မဟုတ်ပါလော။ စုဒ်ကြောင့် ဣန္ဒြိယဝိဘင်္ဂေ ပန မိန့်။

နံပါတ် (၃)

(က) ပက္ကန္တရ။ (ခ) ပက္ကန္တရ။(ဂ) ပက္ကန္တရ။ (ဃ) စောဒနာ။ (င) ပရိဟာရ။ (စ) ဝိတ္ထာရ။ (ဆ) နိဂုံးဝါကျ။

**စာစပ်။** ။ အဝုတ္တာနံ-ကုန်သော ကြောင့်၊ သုခ,ဒုက္ခ,သောမနဿ,ဒေါမနဿာနံ၌ တုလျာဓိကရဏဝိသေ သန/ ဝိသေသျစပ်။

နံပါတ် (၄)

**သောမနဿ ။** ။ သုန္ဒရံ မနော သုမနော။တစ်နည်း။ ။သုဋ္ဌု မနော တေဿ အတ္ထီတိ သုမနော။ သုမနဿ ဘာဝေါ သောမနဿံ။

သုမန-တဒ္ဓိတ်ပုဒ်အရ ကောင်းသောစိတ်(ဝါ)ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်သည် မုချ။ထို-၏ ဏျပစ္စည်းအရ မာနသိကသုခဝေဒနာနှင့် နိဿယ/နိဿိတစပ်ဌာန။ဏျ-ပစ္စည်းအရ ထို-သော မာနသိက သုခဝေဒနာ ရ၏။

**ကာယိကသုခ။** ။ ကာယေ နိယုတ္တံ ကာယိကံ။ကာယိကံ သုခံ ကာယိကသုခံ။

ကာယ-အရ သုခသဟဂုတ် ကာယဝိညာဏ်သည် မုချ။ထို-၏ သုခဝေဒနာနှင့် နိဿ+ နိဿိတစပ် ဌာန။ဣက ပစ္စည်းအရ သုခသမာဂုတ် ကာယဝိညာဏ်နှင့် ယှဉ်သော သုခဝေဒနာ ရ၏။

**ဒေါမနဿ။** ။ ဒုဋ္ဌု မနော ဒုမနော။ဒုမနဿ ဘာဝေါ ဒေါမနဿံ။

ဒုဋ္ဌု-မန အရ မကောင်းသော စိတ်ဒြပ်သည် မုချ။ထို-၏ ဏျပစ္စည်းအရ ဒုဋ္ဌဘာဝဘောဂုဏ်နှင့် နိဿယ/နိဿိတစပ် ဌာန။ဏျပစ္စည်းအရ ထို-သော ဒုဋ္ဌဘာဝဘောဂုဏ်ရ၏။

**စေတသိကသုခ။** ။ စေတသိ နိယုတ္တံ စေတသိကံ။စေတသိကံ သုခံ စေတသိကသုခံ။

နံပါတ် (၅)

**ခဏ။** ခီ + ယု။ခဏ+အ။ **အတ္ထ။** အသ+ထ။[အသဓာတ် နာသအနက်ဟော။]

**ဣန္ဒြိယ။** ဣဒိ + ဏျ။ , **ပဟာန။** ပ+ဟာ+ယု။

http://www.dhammadownload.com



နံပါတ် (၆)

(က) **ကာယိကသုခဿစ-ဖြင့်** သုခဿစ ပဟာနာ၌ သုခ-အရ ကာယိကသုခကို ယူအပ်သည်ကိုသိစေ။ **ကာယိကဒုက္ခဿစ-ဖြင့်** ဒုက္ခဿစ ပဟာနာ၌ ဒုက္ခဿစအရ ကာယိကဒုက္ခကို ယူအပ်သည်ကို သိစေ။

(ခ) **တဒူ ခေါ် ပုဗ္ဗေဝ-ဖြင့်** ပုဗ္ဗေဝသဒ္ဒါကို သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ ဟူသောဝါကျကို ငဲ့၍ အတ္ထင်္ဂမာဟူသော နောက်ပုဒ်၌သာ စပ်အပ်သည်မဟုတ်၊ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာဟူသော ရှေ့ပုဒ်ကိုငဲ့၍ ပဟာနာဟူသော ရှေ့ပုဒ်၌လည်း စပ်အပ်သည်ကို သိစေ။

**န စတုတ္ထဇ္ဈာနက္ခဏေ-ဖြင့်** ပုဗ္ဗေဝ၌ ဧဝ-သဒ္ဒါ၏ ဧဝတ္ထဖလကို သစေ။

[ နိယံနှင့်ရှင်းလင်းချက်အကျယ်ကို ပထမပါရာဇိကဏ် စာစဉ်၌ ရှု။]

**(စ) တတ္ထစ/တတ္ထ...**

တတ္ထ တေသု သံဝဋ္ဋေကပ္ပေသု-တို့တွင် [စ-ကား ဝါကျာရမ္ဘ ကြံသို့ (ဂံ၊သစ်။)၌ ဆိုသောကြောင့် လည်းကောင်း။အကယ်၍ စသဒ္ဒါ မပါလျှင် ဝိတ္ထာရဝါကျနှင့် ယှံမှားဖွယ်ရှိနိုင်သောကြောင့်လည်းကောင်း၊ တတ္ထနောင် စသဒ္ဒါရှိမှ သင့်ပါသည်။

**သံဝဋ္ဋ/သံဝတ္တ...**

ဝဋ္ဋသဒ္ဒေါ ဝိနာသဝါစီ-ဟုလည်းကောင်း၊ဝတ္တသဒ္ဒေါ ဝါ ဂတိမေဝ၊တကာရဿ စေတ္ထ ဋ္ဋကာရာဒေ သော-ဟုလည်းကောင်း [သီ၊ဋီ၊သစ်၊၁၊၄၁၄။]၌ ဆိုသောကြောင့် သံဝဋ္ဋပါဌ်သာ သင့်။

**တံမူလကတ္တာ/တမ္မူလကတ္တာ...**

"ယ,တသဒ္ဒါ၊ရှေ့ရှိရာဝယ်၊နောက်၌ဒွေဘော်၊လာသည်လည်းရှိ၊မလာဘိမူ၊ယ,တ၏နောက်၊ ဗိန္ဒုရောက် သည်မှတ်လောက်ထုံးစံ၊အမြဲတည်း" နိယံအရ တ-နောင်ရှိ ပုဒ်၌ ဒွေဘော်လာ၍လည်းကောင်း၊ ဒွေဘော် မလာဘဲ နိဂ္ဂဟိတ်လာ၍လည်းကောင်း ပြီးနိုင်သောကြောင့် နှစ်ပါဌ်လုံးသင့်။

နံပါတ် (၈)

**ကပ္ပ/သံဝဋ္ဋကပ္ပေါ ဝိဝဋ္ဋကပ္ပေါ။** ။ဌာနဖြစ်သော ကာလပညတ်၏ ကပ္ပ၊သံဝဋ္ဋကပ္ပ၊ဝိဝဋ္ဋကပ္ပအမည်ကို ဌာနီဖြစ်သော ထိုကာလ၌ဖြစ်သော သခ်ါတရားစု၌ တင်စား ဌာနူပစာ။နာနန္တရိကနည်း။

သောပန အတ္ထတော ကာလော၊ တဒါ ပဝတ္တမာနသခ်ါရဝသေနဿ ပရိဟာနိ ဝေဒိတဗ္ဗာ။ [သာရတ္ထ၊ ၁၊ ၃၉၈။](တစ်နည်း) အပေါင်းဖြစ်သော အာယု၊အန္တရ၊အသင်္ချေယျ၊မဟာ (၄)မျိုးသော ကပ်၏အမည်ကိုအစိတ် ဖြစ်သော အသင်္ချေယျကပ်၌ တင် ဧကဒေသူပစာ။ [ကပ္ပေါတိ အသင်္ချေယျကပ္ပေါ။]

**အနေကေပိ သံဝဋ္ဋကပ္ပေ။** ။ အကြောင်းဖြစ်သော သံဝဋ္ဋကပ်၏အမည်ကို အကျိုးဖြစ်သော ထိုလျှင်မူလရှိ သော သံဋ္ဋဋ္ဌာယီကပ်၌ တင်ကာရဏူပစာ။ [ဝိဝဋ္ဋကပ္ပေ-နည်းတူကြံ]

နံပါတ် (၁၀)

(ခ) **အာဟ-အရ** ကရဏာရှေးရှိသော ဒေသနာဉာဏ်ကောက်။

****************

**ဝါကျစဉ် (၉၉)**

(က) ဣတိတိ ဝေ။

(ခ) **သာကာရံ သဥဒ္ဒေသန္တိ** နာမဂေါတ္တဝသေန သဥဒ္ဒေသံ၊ ဝဏ္ဏာဒိဝသေန သာကာရံ။

http://www.dhammadownload.com



( ဂ ) နာမဂေါတ္တံသေန ဟိ သင္ဘော ''ဒင်္ဘော တိသော ဂေါတမော''တိ ဥဒ္ဒိသီယတိ။
( ဃ ) ဝဏ္ဏာဒီဟိ ဩဒါတော သာမောတိ နာနတ္တတော ပညာယတိ။
( င ) တသ္မာ နာမဂေါတ္တံ ဥဒ္ဒေသော၊ဣတရေ အာကာရော။ [ဒီ၊ဋ္ဌ၊၁။၁၃၀။]

********************

နံပါတ် (၁)

သာကာရံ-မြင်လျှင်မြင်ခြင်း သိအပ်ကြောင်းဖြစ်သော ဝဏ္ဏ၊အာကာရ၊သုခဒုက္ခ၊ပဋိသံဒေဝန၊အာယု၊ ပရိယန္တတို့နှင့်တကွဖြစ်သော။သဥဒ္ဒေသံ-ညွှန်ပြပြောဆိုအပ်ကြောင်း နာမဂေါတ္တနှင့်တကွဖြစ်သော။
(ဃ) ဣတိနာနတ္တတော-ဤသို့အစရှိသော အထူးအားဖြင့်။[ဣတိသဒ္ဒါ အာဒိအနက်။](တစ်နည်း) ဣတိ နာနတ္တတော-ဤသို့အပြားရှိသော အထူးအားဖြင့် [ဣတိသဒ္ဒါ ပကာရအနက်]
(င) တသ္မာ-ထိုသို့ နာမဂေါတ္တနှင့်စပ်သဖြင့် သဥဒ္ဒေသ၊ဝဏ္ဏစသည်တို့နှင့် စပ်သဖြင့် သာကာရမည်သည် ၏ အဖြစ်ကြောင့်။

နံပါတ် (၂)

(ဂ)သို့။ ။ ဆရာ (ခ)ဖြင့် နာ.မ.ဂါတ္တနှင့်စပ်သဖြင့် သဥဒ္ဒေသ၊ဝဏ္ဏစသည်တို့နှင့် စပ်သဖြင့် သာကာရ မည်၏ဟု ဆိုအပ်၏။ အဘယ်ကြောင့် နာမဂေါတ္တသည် ဥဒ္ဒေသ၊ဝဏ္ဏစသည်သည် အာကာရမည်ပါသနည်း။ ပါဠိတော်၌ သဥဒ္ဒေသံ သာကာရံ-ဟူ၍ သာမညအား ြင့် ဆိုထားသည်မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ)မိန့်။
(ဃ)သို့။ ။ ဆရာ (ခ)ဖြင့် ဝဏ္ဏစသည်တို့၏ အစွမ်းဖြင့် သာကာရမည်သောဟု ဖွင့်ဆိုတော်မူအပ်၏။ အဘယ်ကြောင့် ဝဏ္ဏစသည်သည် အာကာရ မည်ပါသနည်း။ဝဏ္ဏစသည်၏ အာကာရမည်ခြင်းအကြောင်းကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။
မှတ်ချက် ။ ။ (ဂ) ဝါကျကို ဌပနာထား၍ 'ပက္ခန္တရ ဟူလတ်က ဝေအာဘော်ဆင်' နိယံအရ ပက္ခ၊ ပက္ခန္တရ ကြံ၍ ဓာစ်မျိုးလည်း တက်နိုင်၏။

နံပါတ် (၃)

(ခ) ပက္ခန္တရ။ (ဂ) ဒဠှီကရဏ။/ကာရဏ။ (ဃ) ကာရဏ။/ပက္ခန္တရ။ (င) ဖလ။
စာစပ်။ ။ သင္ဘော-ကိုပေးသောကြောင့်၊ ဥဒ္ဒိယတိ၊ပညာယတိတို့၌ ဝုတ္တကံ/ဝုတ္တကံ၏ ကြိယာ၊

နံပါတ် (၄)

ဥဒ္ဒေသ။ ။ ဥဒ္ဒိယတိ သင္ဘော တေနာတိ ဥဒ္ဒေသော။
ဥ-ပုဗ္ဗ ဒိသဓာတ်အရ ကတ္တုဋ္ဌကား ညွှန်ပြသောပုဂ္ဂိုလ်တို့၏ ညွှန်ပြသော အခြင်းအရာအားဖြင့်ဖြစ်သော သညာ ပညာပြဓာန်းသော စိတ္တုပ္ပါဒ်မှုချ။ကရဏဋ္ဌကား နာမ ဂေါတ္တ၏ အာရမ္မဏပစ္စယသတ္တိဖလူ။ဏပစ္စည်း အရ ညွှန်ပြအပ်သော နာမ ဂေါတ္တရ၏
သဥဒ္ဒေသ။ ။ သဟ ဥဒ္ဒေသေန ယော ဝတ္တတီတိ သဥဒ္ဒေသော။
သဥဒ္ဒေသ ဗဟုဗ္ဗီ-အရ ညွှန်ပြကြောင်းဖြစ်သော နာမဂေါတ္တနှင့်တကွ ဖြစ်ခြင်း သဟတ္တဘောဂုဏ်သည် မှုချ။ထို-၏ ယ အညပုဒ်အရ ပုဗ္ဗေနိဝါသနှင့် ဂုဏ်+ဂုဏော စပ် ဌာနူ။ယ အညပုဒ်အရ ညွှန်ပြကြောင်းဖြစ်သော နာမဂေါတ္တနှင့်တကွဖြစ်သော ပုဗ္ဗေနိဝါသ ရ၏

http://www.dhammadownload.com



**အာကာရ။ ။ အာကရီယတိ ဒိဿတိ ဧတေနာတိ အာကာရော။** (ဒိဿာဝ သေတွာ ဝိညာယတိ ဧတေဟီတိ အာကာရာ။)

အာ-ဥပသာရပုဒ်အရ ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏ကရ-ဓာတ်အရ ကတ္တုဒြ ကား သတ္တဝါကိုမြင်လျှင်မြင်ခြင်း သိသောပုဂ္ဂိုလ်၏ သတိဉာဏ်ပြခြန်းသော စိတ္တုပ္ပါဒ် မှုချ။ကရဏတ္ထ ကားအဆင်းစသည်၏ အာရမ္မဏပစ္စယသတ္တိ၊ ပကတူပနိဿယသတ္တိ ဖလု။ ဏ-ပစ္စည်းအရ အဆင်းစသည်ရ၏

**သာကာရ။ ။ သဟ အာကာရေဟိ ယော ဝတ္တတီတိ သာကာရော။**

**နာနတ္တ။ ။ နာနာ အတ္ထာ သဘာဝါ ယဿာတိ နာနတ္တံ။**

နံပါတ် (၅)

**နာမ** ။ နမု+ဏ ။ **ဂေါတ္တ**။ ဂုပ + တ [တစ်နည်း] ဂေါသဒ္ဒူပပဒ+တာ+တ။

**သတ္တ** ။ သဥ္ဇ+တ။ သြဒါတ။ အဝ+ဒါ+တ [အဝဒါယတိ သဗ္ဗဝဏ္ဏေဟီတိ သြဒါတော]

**သာမ** ။ သာ+မ [ သာယတိ တနု ကရီယတီတိ သာမာ။]

နံပါတ် (၆)

(က) ဝေ-ဖြင့် ဣတိနိပါတ်၏ ဒဿနတ္တအနက်၌ ဖြစ်သည်ကို သိစေ၊

(ဂ) **နာမဂေါတ္တဝသေန**။ပ။ **ဥဒ္ဒိသီယတိ-ဖြင့်** သဥဒ္ဒေသ၌ ဥဒ္ဒေသကို ဥဒ္ဒိသီယတိ ဧတေနာတိ ဥဒ္ဒေသော ဟု ဝစနတ္ထပြု၍၊ဥပုဗ္ဗ+ဒိသဓာတ်၊ဏပစ္စည်း၊ယင်းဏ ပစ္စည်း ကရဏသာဓနအနက်၌ သက်သည်ကိုလည်းကောင်း၊ ဥဒ္ဒေသအရ နာမဂေါတ္တကို ကောက်ယူရမည်ကို လည်းကောင်း သိစေ။

**သတ္တော စသည်ဖြင့်** ညွှန်ပြအပ်၏ဟူသည် သတ္တဝါကို ဒတ္တအမည်၊ကိဿအမည်၊ဂေါတမအနွယ်ဟူ၍ ညွှန်ပြခြင်းဟူသော အဓိပ္ပာယ်ကို သိစေ။

**(ဃ) ဝဏ္ဏာဒီဟိ ပညာယတိ-ဖြင့်** သာကာရ၌ အာကာရကို အာကရီယတိ ပညာယတိ ဧတေဟီတိ အာကာရာ-ဟု ဝစနတ္ထပြု၍ အာပုဗ္ဗ ကရဓာတ်၊ဏ ပစ္စည်း။ကရဓာတ်၏ ပဓာနနအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ဏပစ္စည်း၏ ကရဏတ္ထ၌ သက်သည်ကိုလည်းကောင်း၊အာကာရအရ ဝဏ္ဏစသည်ကို ကောက်ယူရမည်ကို လည်းကောင်း သိစေ။**သြဒါတော သာမော-စသည်ဖြင့်** သတ္တဝါကို အဖြူ အရွေ စသော အထူးထူးအပြားပြားအားဖြင့် မြင်လျှင်မြင်ခြင်း သိ၏ဟူသော အဓိပ္ပာယ်ကိုသိစေ။

နံပါတ် (၇)

**ဂေါတ္တ/ဂေါတြ...**

ဂေါ ဝုစ္စတိ အဘိဓာနံ ဗုဒ္ဓိစ၊ တေ တာယတီတိ ဂေါတ္တံ၊ ဂေါတြမ္ပိ-ဟု မူကွဲနှင့်တကွ အဘိဓာန်ဋီကာ၌ ဆိုသောကြောင့် နှစ်ပါဌ်လုံးသင့်။

**ဥဒ္ဒိသီယတိ/ ဥဒ္ဒိသီယတိ...**

"ဣဝဏ္ဏာဂမောဝါ"သုတ်အရ ဓာတ် ယပစ္စည်းနှောင်းရာ၌ ဣ+ ဤ-နှစ်မျိုးလုံး လာနိုင်သောကြောင့် နှစ်ပါဌ်သင့်။

**သြဒါတသာမောတိ နာနတ္တတော/သြဒါတသာမော နာနတ္တတော ...**

သာမောတီတိ ဧတ္ထ ဣတိသဒ္ဒေါ အာဒိအတ္ထော ပကာရတ္ထောဝါ-ဟု သာရတ္ထ၊၁၊၃၉၂-၌ ဆိုသောကြောင့် သြဒါတသာမောတိ နာနတ္တတော-ဟု သာမောနောင် ဣတိရှိသော ပါဌ်သာသင့်။

http://www.dhammadownload.com


နံပါတ် (၈)

(ခ)ဝါကျညွှန်နည်း။ ။ အစဉ်အတိုင်း မဆိုမူ၍ နာမဂေါတ္တ၀သေန သဥဒ္ဒေသံ၊ဝဏ္ဏာဒိ၀သေန သာကာရံဟု အနီးမှစ၍ ဆိုသောကြောင့် ပစ္စာသတ္တိနည်း။(တစ်နည်း) နာမဂေါတ္တသည်ဥဒ္ဒေသ၊ဝဏ္ဏစသည်သည် အာကာရဟု ရသင့်သည် အားလျော်စွာ ယူအပ်သောကြောင့် ယထာလာဘနည်း။

ဩဒါတ ။ ။ ဂုဏ်ဖြစ်သော အဖြူအဆင်း၏ ဩဒါတအမည်ကို ဂုဏောဖြစ်သော အဖြူရောင်အဆင်းရှိသော သတ္တဝါ၌တင်စား ဂုဏူပစာ။

နံပါတ် (၁၀)

သတ္တအရ- သတ္တဝါဟု ပညတ်အပ်သော ခန္ဓာပဥ္စကဒြဗ်။

****************

**ဝါကျစဉ် (၁၀၀)**

(က) ကိံ ပန ဗုဒ္ဓါယေ၀ ပုဗ္ဗေနိဝါသံ သရန္တီတိ?။
(ခ) ၀ုစ္စတေ။
(ဂ) န ဗုဒ္ဓါယေ၀၊ ပစ္စေကဗုဒ္ဓဗုဒ္ဓသာဝကတိတ္ထိယာပိ။
(ဃ) နော စ ခေါ အဝိသေသေန။
(င) တိတ္ထိယာ ဟိ.စတ္တာလီသံယေ၀ ကပ္ပေ သရန္တိ၊ န တတော ပရံ။
(စ) ကသ္မာ? ဒုဗ္ဗလပညတ္တာ။
(ဆ) တေသဉ္ဟိ နာမရူပပရိစ္ဆေဒဝိရဟိတော ဒုဗ္ဗလာ ပညာ ဟောတိ။ [ဝိ၊ ၂ ၊၁။ ၁၃၀။]

*****************

နံပါတ် (၁)

(ခ) ဧတ္တ၀စနေ ဌတွာ စောဒကဿ ပရိဟာရော ၀ယာ ၀ုစ္စတေ။

(ဃ) အဝိသေသန-မတူးသောအားဖြင့်။(ဝါ) သာမန်အားဖြင့်။သရန္တိ-ကုန်သည်ကား။နောစခေါ-မဟုတ် ကုန်သည်သာလျှင်တည်း။ဣတိ ပရိဟာရော ၀ယာ ၀ုစ္စတေ။

(င) တိတ္ထိယာ-သာသနာတော်မှ တစ်ပါးသော အယူရှိသော တိတ္ထိတို့သည်။

နံပါတ် (၂)

(က)စသည်သို့ အပရာနုသန္ဓေ။ ။ ယခုအခါ၌ ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသာနုဿရဏာကာရသည် ပစ္စေကဗုဒ္ဓ၊ဗုဒ္ဓသာဝကစသည်တို့နှင့် မဆက်ဆံသည်၏အဖြစ်ကို ပြခြင်းငှာ ရှေးဦးစွာမေး၍ ဖြေတော်မူလိုသော အဋ္ဌကထာ ဆရာသည် (က) စသည်မိန့်။

(ဃ)သို့။ ။ ဆရာ (ဂ)ဖြင့် ပုဗ္ဗေနိဝါသကို ဗုဒ္ဓတို့သာ အမှတ်ရသည်မဟုတ်၊ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝက၊ တိတ္ထိတို့သော်လည်း အမှတ်ရနိုင်ကုန်၏ဟု ဖွင့်ဆိုတော်မူအပ်၏။ယင်းသို့ဆိုသော် ဗုဒ္ဓ၊ပစ္စေကဗုဒ္ဓ၊ဗုဒ္ဓသာဝက၊ တိတ္ထိယတို့သည် ပုဗ္ဗေနိဝါသကို အောက်မေ့ရာ၌ တူကြကုန်၏ဟု မှတ်သားအပ်ပါသလော။အဘယ်သို့မှတ်သား အပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င)သို့။ ။ ဆရာ (ဃ) ဖြင့် ဗုဒ္ဓနှင့်ပစ္စေကဗုဒ္ဓ စသည်တို့ ပုဗ္ဗေနိဝါသ အောက်မေ့နိုင်ပုံ မတူကြသည်ကို

http://www.dhammadownload.com



ဖွင့်ဆိုတော်မူအပ်၏။အဘယ်သို့လျှင် ပုဗ္ဗေနိဝါသ အောက်မေ့နိုင်ပုံ မတူကြပါကုန်သနည်း။ပုဗ္ဗေနိဝါသ အဘိဉာဏလာဘီပုဂ္ဂိုလ်တို့အဖြစ်ဖြင့် တူကြကုန်သည် မဟုတ်ပါလော။စုဒ်ကြောင့် (င)မိန့်။[''နော စ ခေါအဝိသေသေနာ'' တိ သခေ်ပတော ဝုတ္တမေဝတ္ထံ ဝိတ္ထာရေန ဒဿေန္တော အာဟ ''တိတ္ထိယာဟိ''တိ အာဒိ။]

**(စ)သို့။** ။ ဆရာ (င) ဖြင့် တိတ္ထိတို့သည် ကမ္ဘာလေးဆယ်သာ အမှတ်ရနိုင်ကုန်၏။ထိုအထက် အမှတ်မရနိုင်ကုန်ဟု ဖွင့်ပြအပ်၏။ အဘယ်ကြောင့် ကမ္ဘာလေးဆယ်သာ အမှတ်ရနိုင်ပါသနည်း။ ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဉ်ရသူတို့သည် ကမ္ဘာလေးဆယ်အထက် အလွန်လည်းအမှတ်ရနိုင်သည် မဟုတ်ပါလော။စုဒ်ကြောင့် (စ) မိန့်။ [န မရှိလျှင်းက န ကိုသွင်း၊ န ရှိလျှင်းက နကိုပယ်။] [''န တတော ပရ'' န္တိ ဝတွာ တတ္ထ ကာရဏံ ဝဒန္တော ''ဒုဗ္ဗလပညတ္တာ'' တိ အာဒိမာဟ] သာရတ္ထ၊၁။၃၉၂။

**(ဆ)သို့။** ။ ဆရာ[စ]ဖြင့် အားနည်းသောပညာရှိသောကြောင့် တိတ္ထိတို့သည် ကမ္ဘာလေးဆယ်သာ အမှတ်ရနိုင်ကုန်၏။ထိုထက် အမှတ်မရနိုင်ကုန်ဟု-အမှတ်ရခြင်း/မရနိုင်ခြင်း၏ အကြောင်းကိုဖွင့်ပြအပ်၏။ဒုဗ္ဗလပညာရှိပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။စုဒ်ကြောင့် [ဆ] မိန့်။ [ဤကား ဝိတ္ထာရတက်]

**(တစ်နည်း)** ဠပ်နှာတူ။ထိုစကား အသို့လျှင် သင့်နိုင်ပါအံ့နည်း။ထိုတိတ္ထိတို့သည် အဘိဉာဉ်ကိုပင် ရနိုင်ကြ၍ တိက္ခပညာ ပုဂ္ဂိုလ်တို့သာ ဖြစ်ကြကုန်သည် မဟုတ်ပါလော။စုဒ်ကြောင့် [ဆ] မိန့်။

နံပါတ် (၃)

(က) ပက္ခန္တရ။/ဝါကျာရမ္ဘ။ (ခ) ပက္ခန္တရ/ပရိဟာရ။/သခေ်ပ။ (ဂ) ဝိတ္ထာရ။

(ဃ) ဝါကျာရမ္ဘ။ (င) ဝိတ္ထာရ။ (စ) ကာရဏ။ (ဆ) ဝိတ္ထာရ/ဒဠှီကရဏ။

**စာစပ်** ။ ။ ဒုဗ္ဗလတ္တာ-ကြောင့် ပေးသောကြောင့်၊သရုန္တိ-၌ အကြောင်းဟိတ်/ အကျိုးဖိုလ်

နံပါတ် (၄)

**တိတ္ထိယာ။** ။ **တရန္တိ ဧတ္ထာတိ တိတ္ထံ။ တိတ္ထံ ဝိယာတိ တိတ္ထံ။တိတ္ထံ ယေသံ အတ္ထီတိ တိတ္ထိယာ။**

တရဓာတ်အရ ကတ္တုန္တ ကူးသောပုဂ္ဂိုလ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။အဓိကရဏတ္ထကား ဆိပ်ကမ်း၏ ပကတူပနိဿယသတ္တိ ဖလူ။ယ-ပစ္စည်းအရ ဆိပ်ကမ်း၏။

တိတ္ထ-တိဒ္ဓိတ်ပုဒ်အရ ပကတိဆိပ်ကမ်းသည် မုချ။ထို-၏ အပစ္စည်းအရ အယူဝါဒနှင့် သဒိသီ+သဒိသစပ် ဌာနူ။အ-ပစ္စည်းအရ ဆိပ်ကမ်းနှင့်တူသော အယူဝါဒ ရ၏။

တိတ္ထ-တဒ္ဓိတ်ပုဒ်အရ ဆိပ်ကမ်းနှင့်တူသော သာသနာမှအပဖြစ်သော အယူဝါဒ မုချ။ထို-၏ ဣယပစ္စည်းအရ အညတိတ္ထိယ ပုဂ္ဂိုလ်တို့နှင့် ဌာနီ/ဌာနစပ် ဌာနူ။ဣယ ပစ္စည်းအရ အညတိတ္ထိယ ပုဂ္ဂိုလ်တို့ရ၏

**ပစ္စေကဗုဒ္ဓ။** ။ **ပစ္စေကံ ဗုဇ္ဈတီတိ ပစ္စေကဗုဒ္ဓေါ။**

ပစ္စေကံ-ဝိသေသနပုဒ်အရ အသီးသီးသော သစ္စာလေးပါး တရားသည် မုချ။ထို-၏ သိခြင်းပစ္စေကဗောဓိဉာဏ်နှင့် ကမ္မ/ကမ္မီစပ် ဌာနူ။ရှေးရှေးသော ပါရမီဉာဏ်တော်တို့သည် ဖလူ။နောက်နောက်သောဉာဏ်တော်တို့သည် ကာရဏူ။ပုဒ်လုံးအရနှင့် တပစ္စည်းအရ အသီးသီးသစ္စာလေးပါးကို သိတတ်သောဉာဏ်ရှိသော ပစ္စေကဗုဒ္ဓါ ရ၏။

**ဒုဗ္ဗလပညာ။** ။ **နတ္ထိ ဗလံ ဧတဿာတိ ဒုဗ္ဗလာ။ပကာရေန ဇာနာတီတိ ပညာ။**

**ဒုဗ္ဗလာ ပညာ ဧတေသံ(တိတ္ထိယာနံ)တိ ဒုဗ္ဗလပညာ။ဒုဗ္ဗလပညာနံ ဘာဝေါ ဒုဗ္ဗလပညတ္တံ။**

http://www.dhammadownload.com



ဒုဗ္ဗလပညပုဒ်အရ- အားနည်းသောပညာရှိ ပုဂ္ဂိုလ်သည် မုချ။ထို၏ ဒုဗ္ဗလဘောဂဏ်နှင့်ဂုဏ်/ဂုဏေး စပ် ဌာနူ။တွာပစ္စည်းအရ ပညာ၏အားနည်းခြင်း ဒုဗ္ဗလဘောဂဏ် ရ၏။

နံပါတ် (၅)

**သာဝက**။ သု+ဏ္ဍု။ **ဝိသေသ**။ ဝိ+သိသ+ဏ။ **ဗလ**။ ဗလ + အ

**ပရိစ္ဆေဒ**။ ပရိ+ဆိဒ+ဏ။ **နာမ**။ နမု+ဏ။

နံပါတ် (၆)

**(ဆ) တေသံ ဒုဗ္ဗလာပညာဖြင့်** ဒုဗ္ဗလပညတွာ၌ ဒုဗ္ဗလာ ပညာ တေသန္တိ ဒုဗ္ဗလပညာ-ဟု ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္တ ပြုရမည်ကိုလည်းကောင်း၊ ဒုဗ္ဗလပညာ အရ အညတိတ္ထိတို့ကို ကောက်ယူရမည်ကိုလည်း ကောင်း သိစေ။**နာမရူပပရိစ္ဆေဒဝိဟာရတော**ဖြင့် ဒုဗ္ဗလပညာအရ နာမရူပပရိစ္ဆေဒ ဉာဏ်မှကင်းသော ဉာဏ်ကို ကောက်ယူရမည်ကိုလည်းကောင်း၊နာမရူပရိစ္ဆေဒဉာဏ်မှ ကင်းခြင်းကြောင့် ဒုဗ္ဗလပညာမည်ခြင်း အကြောင်းကို လည်းကောင်း သိစေ။

နံပါတ် (၇)

**စတ္တာလီသံ/စတ္တာရီသံ...**

ဒသလေးခု ပေါင်း၍ပြုထားအပ်သော ဒသသဒ္ဒါကို စတ္တာရပြု၊ယောဝိဘတ်ကို ဤသံပြု၊လဒရာနံ သုတ်ဖြင့် ရ-ကို လပြု၍ ပြီးသောကြောင့် စတ္တာလီသံ ပါဌ်သင့်။

ထို ရ-ကို လပြုခြင်းသည် နိစ္စဝိဓိမဟုတ်၊အနိစ္စဝိဓိဖြစ်၍ လ မပြုခဲ့သော် စတ္တာရီသံပါဌ် သင့်။

**တိတ္ထိယာ/ဒိဋ္ဌိယာ...**

တရန္တိ ကြိယာ၏ ကတ္တားသည် ပုဂ္ဂိုလ်ကတ္တားသာလျှင် ဖြစ်သင့်သောကြောင့် တိတ္ထိယာ ပါဌ်သာသင့်။

နံပါတ် (၈)

**တိတ္ထိယာ**။ ။အပေါင်းဖြစ်သော အညတိတ္ထိယအားလုံးတို့၏ အမည်ကို အစိတ်ဖြစ်သော ကမ္မဝါဒီ၊ ကိရိယဝါဒီ ရသေ့စသူတို့၌တင် ကေဒေသျူပစာ၊ရဋ္ဌီ။

**တိတ္ထိယာတိ** အညတိတ္ထိယာ တေ ပန ကမ္မဝါဒီနော ကိရိယာဝါဒီနော တာပသာဒယော။ [သာရတ္ထ]

**တိတ္ထ**။ ။ အတူဖြစ်သော ဆိပ်ကမ်း၏ တိတ္ထအမည်ကို အတူရှိသော အယူဝါဒ၌ တင် သဒိသူပစာ။

****************

နံပါတ် (၁၀)

**နာမရူပပရိစ္ဆေဒ အရ** နာမ်ရုပ်ကို မဟာကုသိုလ် ဉာဏသမ္ပယုတ်၌ ရှိသောဝိပဿနာဉာဏ်။

****************

**ဝါကျစဉ် (၁၀၁)**

(က) **အဝိဇ္ဇာတိ** တသောဝ ပုဗ္ဗေနိဝါသဿ အဝိဒိတကရဏာဌေနေ တပ္ပဋိစ္ဆာဒကော မောဟော ဝုစ္စတိ။

(ခ) **တမောတိ** သွေဝ တပ္ပဋိစ္ဆာဒကဋ္ဌေ "တမော" တိ ဝုစ္စတိ။

(ဂ) **အာလောကောတိ** သာယေဝ ဝိဇ္ဇာ ဩဘာသကရဏဋ္ဌေနေ အာလောကောတိ ဝုစ္စတိ။

http://www.dhammadownload.com



(ဃ) ဇွတ္တေ စ ဝိဇ္ဇာ အဓိဂတာတိ အယံ အတ္ထော၊သေသံ ပသံသဝစနံ။

(င) ယောဇနာ ပနေတ္ထ အယံ ခေါ မေ ဝိဇ္ဇာ အဓိဂတာ၊တဿ မေ အဓိဂတဝိဇ္ဇဿ အဝိဇ္ဇာ ဝိဟတာ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၁။]

******************

နံပါတ် (၁)

**ဝိဇ္ဇာ အဓိဂတာ၊အဝိဇ္ဇာ ဝိဟတာ၊ဝိဇ္ဇာ ဥပ္ပန္နာ၊တမော ဝိဟတော၊အာလောကော ဥပ္ပန္နော။(ပါဠိတော်)**
ဝိဇ္ဇာ-ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာကို။အဓိဂတာ-ရအပ်ပြီ။ယသ္မာ-ကြောင့်။ဝိဇ္ဇာ-သည်။ဥပ္ပန္နာ-ဖြစ်ပြီ။တသ္မာ-ကြောင့်။အဝိဇ္ဇာ-သည်။ဝိဟတာ-ကင်းပြီ။ဝါ-ပျက်စီးပြီ။ ယသ္မာ-ကြောင့်။အာလောကော-သည်။ဥပ္ပန္နော။တသ္မာ တမော ဝိဟတော။

(က) အဝိဒိတကရဏဋ္ဌေန-မသိအပ်သည်ကို ပြုတတ်သည်၏အဖြစ်ကြောင့်။တပ္ပဋိစ္ဆာဒကမောဟော-ထို ပုဗ္ဗေနိဝါသကို ဖုံးလွှမ်းတတ်သော မောဟကို။

(ဃ) ဇွတ္တေ-အယံ ခေါ ဖြာပဏ္ဍာအစရှိသော ပါဠိရပ်၌။ဝိဇ္ဇာ အဓိဂတာတိ-တာ ဟူသော။အယံ-ဤအနက် သည်။အတ္ထော-လိုရင်းအနက်တည်း။သေသံ-ဝိဇ္ဇာ အဓိဂတာမှကြွင်းသော အဝိဇ္ဇာ ဝိဟတာစသော ပုဒ်အပေါင်း သည်။ပသံသဝစနံ-ချီးမွမ်းကြောင်း အနက်တည်း။

(င) ယောဇနာ-ပုဒ်တို့ကို ယှဉ်စေပုံကို။(ဇဝံ ဝေဒိတဗ္ဗော)မေ-သည်။အဓိဂတဝိဇ္ဇဿ-ရအပ်ပြီးသော ဉာဏ် ဝိဇ္ဇာရှိသော။တဿမေ-ထို ငါ၏။အဝိဇ္ဇာ-ပုဗ္ဗေနိဝါသကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသည်။ဝိဟတာ-အထူး ထူးအပြားပြား ပယ်သတ်အပ်ပြီ။(သဒ္ဒတ္ထ)ဝါ-ကင်းပြီ။(အဓိပ္ပါယတ္ထ)

နံပါတ် (၂)

**(ဃ)သို့။** ။ ဆရာ၊ပါဠိတော်၌ အယံ ခေါမေ ဖြာပဏ္ဍာ စသည်ဖြင့် ၁။ဝိဇ္ဇာ အဓိဂတာ၊၂။အဝိဇ္ဇာ ဝိဟတာ၊၃။ ဝိဇ္ဇာ ဥပ္ပန္နာ၊၄။တမော ဝိဟတော၊၅။အာလောကော ဥပ္ပန္နော-ဟူသော ငါးပုဒ်တို့ကို ဟောတော်မူအပ်၏။ ယင်းသို့ဆိုသော် ယင်းငါးပုဒ်လုံးပင် အလိုရှိအပ်ပါသလော။(ဝါ)ငါးပုဒ်လုံးကို အလိုရှိအပ်ပါက ယင်းငါးပုဒ်တို့ သည် အနက်အားဖြင့် မထူးခြားသည်မဟုတ်လော။အဘယ်ကြောင့် ငါးပုဒ်ဟောဆိုအပ်ပါသနည်း။နိရုတ္တက ဒေါသသင့်ရောက်ရာ၏။စုဒ်ကြောင့် (ဃ)မိန့်။

**ကား။** ။ ယင်း ငါးပုဒ်တို့တွင် ဝိဇ္ဇာ အဓိဂတာ-ဟူသော ပုဒ်နက်ကိုသာ အလိုရှိအပ်၏၊ကြွင်းပုဒ်အနက်တို့ ကား ပသံသဝစန(ချီးမွမ်းခြင်း)ဌါသာ ဟူလို။

နံပါတ်(၃)

(ခ) ပက္ခန္တရ။ (ဂ)ပက္ခန္တရ။ (ဃ)ဝါကျာရမ္ဘ။(င)ပက္ခန္တရ။ပဒတ္ထမှတစ်ပါး ပဒယောဇနာကို ပြဆို။

နံပါတ် (၄)

**တမ။** ။ **တမတိ တိမိသံ ကရောတီတိ တမော။တမန္တိဝါ အာကာခ်န္တိ ရတိ လောကာ ဧတ္ထာတိ တမော။ တမော ဝိယာတိ တမော။**

တမဓာတ် အရကတ္တာ၌ အမိုက်မှောင်ကို လိုလားသော လူသားတို့၏လောဘပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် မုချ။အဓိကရဏတ္ထ အပစ္စည်း အရ အမိုက်မှောင်၏ ပကတူပနိဿယတ္တိသည် ဖလူ။အပစ္စည်း အရ ထို

http://www.dhammadownload.com



သော အမိုက်မှောင် ရှိ၏။

တမဟူသော တဒ္ဓိတ်ပုဒ်အရ အမိုက်မှောင်သည် မုချ။ထို ၏ မောဟနှင့် သဒိသ/သဒိသီစပ် ဌာနူ။ အပစ္စည်း အရ ထို သော အမိုက်မှောင်နှင့် တူသောမောဟရှိ၏။

**ပဿံသဝစန။ ॥ ပဿန္တိ ဧတေနာတိ ပဿံ။ပဿံ ဝစနံ ပဿံသဝစနံ။**

ပ+သံသ ဓာတ်အရ ကတ္တားဌကား ချီးမွမ်းတတ်သော ပုဂ္ဂိုလ်တို့၏ မေတ္တာကရုဏာ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကရုဏာတ္တကား အဝိဇ္ဇာဝိဟတာစသော စကား၏ သံဟာဇာတာဒိပစ္စယသတ္တိသည် ဖလူ။အပစ္စည်း အရ ထို သော အဝိဇ္ဇာဝိဟတာစသော ချီးမွမ်းကြောင်းစကား ရှိ၏။

ပသံသ ဝိသေသနအရ ချီးမွမ်းကြောင်း၏ အဖြစ်ဟူသော ဂုဏ်သည် မုချ။ထို ၏ အဝိဇ္ဇာဝိဟတာ စသော စကားနှင့် ဂုဏ်/ဂုဏီး စပ် ဌာနူ။သမာသ်ပုဒ်လုံး အရ ထို သော ချီးမွမ်းကြောင်းဖြစ်သောအဝိဇ္ဇာ ဝိဟတာ စသော စကား ရှိ၏။

**အဓိဂတဝိဇ္ဇော။ ॥ အဓိဂတာ ဝိဇ္ဇာ ယေနာတိ အဓိဂတဝိဇ္ဇော။**(တဿ)

အဓိဂတဝိဇ္ဇာဟူသော ဗဟုဗ္ဗီအရ သိအပ်သောပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဝိဇ္ဇာသည် မုချ။ထို ၏ ယ အညပုဒ် အရ မြတ်စွာဘုရားနှင့် ဌာနီ/ဌာနစပ် ဌာနူ။ယ အညပုဒ်အရ ထို သော သိအပ်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဝိဇ္ဇာရှိသော မြတ်စွာဘုရား ရှိ၏။

**ဩဘာသကရဏာဝ္ဟေန။ ॥ ကတ္တုဗ္ဗန္တိ ကရဏံ။ အဝဘာသတီတိ ဩဘာသော။**

**ဩဘာသောယေဝ ကရဏံ ဩဘာသကရဏံ။**

**ဩဘာသကရဏမေဝ အတ္ထော ဩဘာသကရဏတ္ထော။**

**အာလောက ॥ အာလောစယတီ ပဿတိ အာလောကယတိ ဝါ ပဿတိ ဧတေနာတိ အာလောကော။**

နံပါတ် (၅)

**ပဋိစ္ဆာဒက။** ပဋိ+ဆဒ+ဏွု။ **မောဟ။** မုဟ+ဏ။ **အာလောက။** အာ+လောစ(လောက)+ဏ။ **သောသ။** သိသ+ဏ။ **ဝိဟတာ။** ဝိ+ဟန+တ။ **ဝိနဋ္ဌာ။** ဝိ+နသ+တ။

နံပါတ် (၆)

(က) **အဝိဒိတကရဏာဝ္ဟေနဖြင့်** အဝိဇ္ဇာ၌ န-ပုဒ်၊ဝိဇ္ဇာပုဒ်၊ဝိဒိတံ ကရောတီတိ ဝိဇ္ဇာ၊န ဝိဇ္ဇာ အဝိဇ္ဇာ-ဟု တပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊အဝိဒိတကရာ-ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် အဝိဇ္ဇာပြု ပြီးသည်ကိုလည်းကောင်း သိစေ။**တပ္ပဋိစ္ဆာဒကမောဟော ဝုတ္တတိဖြင့်** တမအရ ပုဗ္ဗေနိဝါသကို ဖုံးလွှမ်းတတ်သော မောဟကို အရကောက် ယူအပ်သည်ကို သိစေ။**တသောဝ ပုဗ္ဗေနိဝါသဿစသည်ဖြင့်** ပုဗ္ဗေနိဝါသကို မသိအောင် ပြုတတ်သောကြောင့် ထိုပုဗ္ဗေနိဝါသကို ဖုံးလွှမ်းတတ်သော မောဟကို ကောက်ယူရခြင်း အကြောင်းကို သိစေ။

နံပါတ် (၇)

**အဃံ အတ္ထော/အဃမေဝ အတ္ထော…**

အဃံနောင် ဝေကား လုတ္တနိဒ္ဒိဋ္ဌ-ဟု ဂဏ္ဌိသစ်၌ဆိုသောကြောင့် ဝေသဒ္ဒါကျေသော အဃံ အတ္ထော ပါဌ်သာ သင့်။

http://www.dhammadownload.com



နံပါတ် (၈)

**သွေဝ မောဟော**။ ။ သွေဝမောဟော-ထိုမောဟသည်။တပ္ပဋိစ္ဆာဒကဋ္ဌေန-ထိုပုဗ္ဗေနိဝါသကို ဖုံးလွှမ်းတတ်သော အနက်ကြောင့် ဟူ၍လည်းကောင်း၊သွေဝမောဟော-ထိုမောဟကို။ဝုစ္စတိ-ဆိုအပ်၏ဟူ၍လည်းကောင်း နှစ်ပုဒ်ငဲ့သောကြောင့် ကာကောလောကန နည်း။

**တမ**။ ။ အတူဖြစ်သော အမိုက်မှောင်၏အမည်ကို အတူရှိသော မောဟ၌တင် သဒိသူ။(အာလောကနည်းတူ)

နံပါတ် (၁၀)

**သာဓေဝ ဝိဇ္ဇာ-**အရ တစ်ပါးပညာနှင့် ပကတိအလင်းရောင်ကို မယူအပ်။(ဝေဖြင့်ကန့်) ပုဗ္ဗေနိဝါသအဘိညာဉ်ကို ယူ။

****************

**ပါကျစဉ် (၁၀၂)**

(က) **သော ဝေ ။ပ။ စုတူပပါတဉာဏာယာတိ** စုတိယာစ ဥပပါတေစ ဉာဏာယ။

(ခ) ယေန ဉာဏေန သတ္တာနံ စုတိစ ဥပပါတောစ ဉာယတိ။

(ဂ) တဒတ္ထံ့ ဝုတ္တံ ဟောတိ။

(ဃ) **စိတ္တံ အဘိနိန္နာမေသိန္တိ** ပရိကမ္မစိတ္တံ နီဟရိ ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၂။]

****************

နံပါတ် (၁)

(က) စုတိယာစ-စုတေခြင်းအနီး၌လည်းကောင်း။ဥပပါတေစ-ပဋိသန္ဓေ၏အနီး၌လည်းကောင်း။[သာရတ္ထ] **(တစ်နည်း)** စုတိယာစ-စုတေခြင်း၌လည်းကောင်း။ဥပပါတေစ-ဖြစ်ခြင်း၌လည်းကောင်း။[ဝဇိရ] ဉာဏာယ-သိကြောင်းဖြစ်သော ဒိဗ္ဗစက္ခုဉာဏ်အကျိုးငှာ။

(ခ) ယေန ဉာဏေန -အကြင်ဒိဗ္ဗစက္ခုဉာဏ်ဖြင့်။ [သာရတ္ထ]။

(ဂ) တဒတ္ထံ-ထိုစုတူပပါတ ဉာဏ်အကျိုးငှာ။

(ဃ) အဘိနိန္နာမေသိ-ရှာန်၏အာရုံမှ ထုတ်၍ ဒိဗ္ဗစက္ခုသို့ ရှေးရှုစိတ်ကို ညွှတ်စေပြီ။[သဒ္ဒတ္ထ]ဝါ-ဆောင်တော်မူပြီ။ [အဓိပ္ပါယတ္ထ။]

နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာ (က)ဖြင့် စုတိပဋိသန္ဓေ၌ဖြစ်သော ဉာဏ်ဟု ဖွင့်ဆိုတော်မူအပ်၏။စုတိပဋိသန္ဓေ၌ဖြစ်သော ဉာဏ်ဟူသည် အဘယ်ပါနည်း။စုတိပဋိသန္ဓေ၌ဖြစ်သော ဉာဏ်၏သဘာဝတ္ထ၊အဓိပ္ပါယတ္ထကို မပြဆိုပြီလော။ စုဒ်ကြောင့် (ခ)မိန့်။

**(ဂ)သို့**။ ။ ဆရာ(ခ) ဖြင့် စုတိပဋိသန္ဓေ၌ဖြစ်သော ဉာဏ်ဟူသည် စုတိပဋိသန္ဓေကို သိကြောင်းဉာဏ်ဖြစ်၏ဟု စုတူပပါတဉာဏ်၏ သဘာဝတ္ထ၊အဓိပ္ပာယတ္ထကို ဖွင့်ပြအပ်၏။ထိုစုတူပပါတဉာဏာယ၌ အာယသည် အဘယ်ဝိသယ၌ ဖြစ်ပါသနည်း။တုမတ္ထစသော ဝိသယတ္ထတို့၌ ဖြစ်ပါသလော။စုဒ်ကြောင့် (ဂ) မိန့်။

**ကား** ။ ။ တုမတ္ထစသော ဝိသယတ္ထတို့၌မဖြစ်၊တဒတ္ထဝိသယတ္ထ၌ ဖြစ်၏ ဟူလို။

**တဒတ္ထေ တုမတ္ထေစ၊ နိဂတျတ္ထေစ ကမ္မနိ။**

http://www.dhammadownload.com



ဝိဘတ္တိဝိပလ္လာသေစ၊ ယာဒေသော စတုစာ ဘဝေ။

နံပါတ် (၃)

(ခ) ဝါကျာရမ္ဘ/ဝိတ္ထာရ။ (ဂ) ဝါကျာရမ္ဘ/ပက္ခန္တရ။ အန္တတ္ထအဖွင့်မှတစ်ပါး၊ ဗာဟျတ္ထအဖွင့် အဖို့တစ်ပါးကိုပြ။ (ဃ)ပက္ခန္တရ။

နံပါတ် (၄)

**ဥပပါတ။** ။ **ဥပပတန္တိ ဧတေနာတိ ဥပပါတော။ဥပပတတီတိ ဥပပါတော၊ ဥပပတနံ ဥပပါတော။**

ဥပပုဗ္ဗ ပတဓါတ်အရ မိခင်ဝမ်းသို့ကပ်ရောက်သော ပဋိသန္ဓေစိတ်သည်မှုချ။ရှေးရှေးသော ကံကိလေသာတို့သည် ဖလူ။နောက်နောက်သော ဘဝင်စိတ်တို့သည် ကာရဏူ။ဏ-ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော ပဋိသန္ဓေရ၏။

**စုတိ။** ။ **စဝတီတိ စုတိ။ စဝနံ စုတိ။**

စု-ဓာတ်အရ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ပျက်စီးခြင်း ဘင်ခဏသည် မှုချ။ရှေးရှေးသော ဇောစိတ္တုပ္ပါဒ်တို့သည် ဖလူ။နောက်နောက်သော ပဋိသန္ဓေစသော စိတ်တို့သည် ကာရဏူ။တိ-ပစ္စည်းအရ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာတို့၏ ပျက်စီးခြင်းရှိသော ဘင်္ဂက္ခဏသမင်္ဂီ စုတိစိတ္တုပ္ပါဒ် ရ၏။

**ဉာဏ** ။ ။ **ဉာယတိ ဧတေနာတိ ဉာဏံ။**

ဉာ-ဓာတ်အရ ကတ္တုဒ္ဒကား သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကိုသိသော ဘုရားရှင်၏ ဒိဗ္ဗစက္ခုဉာဏ်ဆမှ ယုတ်စိတ်တို့သည် မှုချ။ကရဏတ္တကား ဒိဗ္ဗစက္ခုဉာဏ်၏ သဟာဇာတပစ္စယသတ္တိ ဖလူ။ယု-ပစ္စည်းအရ ဒိဗ္ဗစက္ခုဉာဏ်ရ၏

**ပရိကမ္မစိတ္တ။** ။ **ပရိ ပုနပ္ပုနံ ကရီယတီတိ ပရိကမ္မံ။ ပရိကမ္မဉ္စ တံ စိတ္တဉ္စာတိ ပရိကမ္မစိတ္တံ။**

ပရိကမ္မ-ဝိသေသန ပုဒ်အရ အဖန်ဖန်ပြုခြင်း ထုံမွမ်းခြင်းဂုဏ်သည် မှုချ။ထို-၏ ပရိကံ စိတ်နှင့်ဂုဏ် +ဂုဏေး စပ် ဌာနူ။ပုဒ်လုံးအရ အဖန်ဖန်ပြုအပ်သော ထုံမွမ်းအပ်သော ပရိကံစိတ် ရ၏

နံပါတ် (၅)

**အတ္တ**။ အရ+ထ။ **စိတ္တ**။ စိတ္တ+အ။ [စိန္တ+စိတိ+စိ+တ] **ဥပပါတ**။ ဥပ+ပတ+ဏ။

နံပါတ် (၆)

(က) **စုတိယာ ဥပပါတေစ ဉာဏာယဖြင့်** စုတူပပါတဉာဏာယဋ္ဌ စုတိပုဒ်၊ဥပပါတပုဒ်၊ဉာဏပုဒ်၊စုတူပပါတကို စုတိ+ဥပပါတဟု ပဒစ္ဆေဒပြု၍၊**စုတိစ ဥပပါတောစ** စုတူပပါတော-ဟု ဒွန်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊စုတူပပါတဉာဏကို စုတူပပါတေ ဉာဏံ စုတူပပါတဉာဏံဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သိစေ။

(ခ) **ယေန ဉာဏေန ဉာယတိ-ဖြင့်** ဉာဏံဋ္ဌ ဉာဓာတ်၊ယုပစ္စည်း။ယင်းယုပစ္စည်း၏ ကရဏသာဓနဋ္ဌသက်၍ ဉာယတိ ဧတေနာတိ ဉာဏံဟု ဝစနတ္ထပြုရမည်ကို သိစေ။**စုတိစ ဥပပါတောစ-ဖြင့်** စုတိပဋိသန္ဓေကိုသိအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။**သတ္တာနံ-ဖြင့်** ထိုစုတိပဋိသန္ဓေသည်လည်း သတ္တဝါတို့၏ စုတိပဋိသန္ဓေဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

(ဂ) **တဒတ္တံ-ဖြင့်** ဉာဏာယဋ္ဌ အာယသည် သဝိဘတ်၏ ကာရိယဖြစ်၍၊ယင်းသဝိဘတ်သည် တဒတ္ထ

http://www.dhammadownload.com



သမ္ပဒါန်အနက်၌သက်သည်ကို သိစေ။

**(ဃ)** ပရိကမ္မစိတ္တံ-ဖြင့် စိတ္တံအရ ပရိကံစိတ်ကို ကောက်ယူရမည်ကို သိစေ။**နီဟာရီ-ဖြင့်** ရှေးရှုညွတ်စေ၏ဟူသည် ရှေးရှုဆောင်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

**ဉာဏာယ/ဉာနာယ…**

ရဟာဒိတောဏသုတ်၌ အာဒိအရ ဉာဓာတ်ကို ယူအပ်သောကြောင့် ယင်းဉာဓာတ်နောက်ရှိသော ယုပစ္စည်း၏ ကာရိယ အနကို ဏပြု၍ပြီးသောကြောင့် ဉာဏာယဟု ဋ္ဌဝဂ်ပဉ္စမက္ခရာနှင့်ရှိသော ပါဌ်သင့်။

**မှတ်ချက်**။။ အချို့သော ရှေးကျင်ဆရာတော်ဘုရားကြီးများသည် ဉာဓာတ်နောင် ယုပစ္စည်း၏ကာရိယ အနကို ဏ အပြုနှစ်သက်တော် မမူကြ၍ ဉာနာယ ရေးသားလေ့ရှိကြပါသည်။(ရေး၌လည်းရေးသားပြီး)

**နီဟာရီ/အဘိနီဟာရီ…**

ရှေ့ပုဗ္ဗေနိဝါသကထာ၊နောက်အာသဝက္ခယ ဉာဏကထာတို့၌ အဘိနိန္နာမေသိ ကို အဘိနီဟာရီဟု အဖွင့်များရှိသောကြောင့်လည်းကောင်း၊ဋီကာ၌လည်း အဘိနီဟာရီ -ကို အဓိပ္ပါယ်ဖွင့်ဆိုသောကြောင့်လည်း ကောင်း၊ရှေ့နောက်ထောက်ဆ၍ အဘိနိန္နာမေသိ-ဟု သံဝဏ္ဏေတဗ္ဗချင်းတူသောကြောင့်လည်းကောင်း၊ အဘိနီဟာရီ-ဟု အဘိဥပသာရဖြင့် ရှိသောပါဌ်သင့်။

ဥပသာရပုဒ် ပါခြင်း၊မပါခြင်းဖြင့် အဘိနိန္နာမေသိပုဒ်၏ လိုအပ်သော အနက်အဓိပ္ပါယ် မပျက်သော ကြောင့် နီဟာရီပါဌ်လည်း သင့်မြတ်နိုင်ပါသည်။

နံပါတ် (၈)

**စုတိယာ** ။။ အနီးရှိသော စုတိ၏ စုတိယာ အမည်ကို အနီးဖြစ်သောစုတေခါနီး သတ္တဝါ၌တင်စား၊ သမီပူပစာ၊ ရုဋ္ဌီနည်း။ [သာရတ္ထ။](**တစ်နည်း**) အကျိုးဖြစ်သော စုတိခဏ၏ စုတိယာအမည်ကို အကြောင်းဖြစ်သော စုတေခါနီး သတ္တဝါဟူသော ရုပါရုံ၌ တင် ဖလူပစာ၊ အဝိနာဘာဝနည်း။ [ဝဇီရ။]

**ယေန ဉာဏေန**။ ။ အပေါင်းဖြစ်သော ပုဗ္ဗေနိဝါသဉာဏ်၊ဒိဗ္ဗစက္ခုဉာဏ်၊အာသဝက္ခယဉာဏ်တို့၏အမည်ကို အစိတ်ဖြစ်သော ဒိဗ္ဗစက္ခုဉာဏ်၌တင် ဧကဒေသူပစာ။

နံပါတ် (၁၀)

**စုတိ၏ ဝေဝစနာဟာရနေတ္တိ…**

စုတိ မရဏံ ကာလကိရိယာ၊ပလယော မစ္စု အစ္စယော၊ နိဒနော ကာလော အန္တော စဝနံ ဤသို့စသည် ဖြင့် ဝေဝုစ်ကိုယှဉ်စေအပ်၏။

*****************

**ဂါထာချုပ် (၁၈၃)**

(က) သော ဒိဗ္ဗေန။ပ။ပဿာမိတိ ဗ္ဗော ပန ပူရိတပါရမိနံ မဟာသတ္တာနံ ပရိကမ္မကရဏံနတ္ထိ။

(ခ) တေ ဟိ စိတ္တေ အဘိနိန္နာမိတမတ္တေဝ ဒိဗ္ဗေန စက္ခုနာ သတ္တေ ပဿန္တိ။

(ဂ) အာဒိကမ္မိကကုလပုတ္တာ ပန ပရိကမ္မံ ကတွာ။

(ဃ) တသ္မာ တေသံ ဝသေန ပရိကမ္မံ ဝတ္တဗ္ဗံ သိယာ။

http://www.dhammadownload.com



( င )　တံ ပန ဝုစ္စမာနံ အတိဘာရိယံ ဝိနယနိဒါနံ ကရေဟိ၊ တသ္မာ တံ န ဝဒါမ။

( စ )　အတ္ထိကေဟိ ပန ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေန ဂဟေတဗ္ဗံ၊ ဣစ ပန ပါဠိမေဝ ဝဏ္ဏယိဿာမ။

[ဝိ၊ ဋ္ဌ၊ ၁။ ၁၃၂။]

****************

နံပါတ် (၁)

(က)　မဟာသတ္တာနံ၊မြတ်သောသတ္တဝါဖြစ်ကြသော ဘုရားအလောင်းတို့၏။(ဝါ)မြတ်သော သဗ္ဗညုတ ဉာဏ်၌ ငြိကပ်တတ်သော သတ္တဝါတို့၏။[သဒ္ဒတ္ထ] (ဝါ) ဘုရားအလောင်းတို့၏။ [အဓိပ္ပါယတ္ထ]

(ခ)　ဟိ၊မှန်။[တစ်နည်း]ဟိ-ယသ္မာ၊တော၊ထိုဘုရားအလောင်းတို့သည်။စိတ္တေ၊ကို။အဘိနီဟာမိတမတ္တေဧဝ၊ ရှေးရှုညွှတ်စေအပ်ခါမျှသော်သာ။

နံပါတ် (၂)

(ခ)သို့။　။ ဆရာ(က)ဖြင့် ပါရမီဖြည့်ပြီးသော ဘုရားအလောင်းတို့အား ပရိကံပြုခြင်းမည်သည် မရှိဟု-ဖွင့်ဆိုတော်မူအပ်၏။အဘယ့်ကြောင့် ပရိကံပြုခြင်းမည်သည် မရှိပါသနည်း။အဘိဉာဉ်တို့မည်သည် ပရိကံနှင့် ကင်း၍ မဖြစ်ကောင်းရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ)သို့။　။ (က)ဖြင့်။ပ။၏။ပုဂ္ဂိုလ်တိုင်းပင် ပရိကမ်ကို မပြုမူ၍လည်း အောက်မေ့နိုင်ပါသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် (ဂ) မိန့်။

(င)သို့။　။ ဆရာ(ဃ)ဖြင့် ထိုအာဒိကမ္မိကကုလပုတ္တတို့၏အစွမ်းဖြင့် ပရိကံကို ဆိုထိုက်၏ဟု ဖွင့်ဆိုအပ်၏။ ထိုသို့ဆိုသော် ပရိကံပြုပုံကို ဆို၏ဟု မှတ်ရအံ့လော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့်(င)မိန့်။

နံပါတ် (၃)

(ခ) ဒဠှီကရဏာ/ကာရဏာ။ (ဂ) ပက္ခန္ဒရ။ (ဃ)လဒ္ဓဝုဏာ။(င) ဝါကျာရမ္ဘ။(စ) ဝါကျာရမ္ဘ။

စာစပ်　။　။ စိတ္တေ-ကို ပေးသောကြောင့်၊အဘိနီဟာမိတမတ္တေ-၌ လက္ခဏာ/လက္ခဏာဝန္တ။

နံပါတ် (၄)

**ဝိနယနိဒါန　။　။ နိဒ္ဒါတိ ဒေသကာလာဒိဝသေန အဝိဒိတံ ဝိဒိတံ ကတွာ နိဒဿေတီတိ နိဒါနံ။**

**[တစ်နည်း]　　နိဒ္ဒါတိ ဧတေနာတိ နိဒါနံ။ ဝိနယဿ နိဒါနံ ဝိနယနိဒါနံ။**

ဝိနယဝိသေသနပုဒ်အရ ဝိနည်းပိဋကတ်သည် မှချ။ထို-၏ နိဒါန်းနှင့် အဝယဝီ/အဝယဝ စပ်ဌာန။ ပုဒ်လုံးအရ ဝိနည်းပိဋကတ်၏ နိဒါန်းရ၏။

**ဝိသုဒ္ဓိမဂ္ဂ။　။ ဝိသုဇ္ဈန္တံ ဝိသုဒ္ဓိ။ မဂ္ဂတိ ဂဝေသတိ အဓိဂစ္ဆတိ ဧတေနာတိ မဂ္ဂေါ။**

**ဝိသုဒ္ဓိယာ မဂ္ဂေါ ဝိသုဒ္ဓိမဂ္ဂေါ။**

ဝိသုဒ္ဓိယာ ဝိသေသနပုဒ်အရ စင်ကြယ်ခြင်းသည် မှချ။ထို-၏ စင်ကြယ်ခြင်းကို ရကြောင်းဖြစ်သော လောကုတ္တရာမဂ်နှင့် အကြောင်း/အကျိုးစပ် ဌာန။ပုဒ်လုံးအရ စင်ကြယ်ခြင်း၏ အကြောင်းဖြစ်သော လောကုတ္တရာမဂ် ရ၏

နံပါတ် (၅)

**ပါရမီ။ ပရ+အမ။ပရ သဒ္ဒူပပဒ+မု [မဓ+မယ+မိ+မုန္တ] ကွိ။**

http://www.dhammadownload.com



**စက္ခု**။ စက္ခ+ဥ။ [စက္ခတိ သမဝိသမံ အာစိက္ခန္တံ ဝိယ ဘဝတီတိ စက္ခု]
**ဘာရ**။ ဘရ+ဏ။ **နိဒါန**။ နိ+ဒါ+ယု။ **ဝိသုဒ္ဓိ**။ ဝိ+သုဓ+တိ။

နံပါတ် (၆)

(က) ဖြင့် ပါရမီဖြည့်ပြီးသော ဘုရားလောင်းတို့အား ပရိကံကို မပြုမူ၍၊စတုတ္ထဈာန်ကို ရရှိပြီးနောက် အလိုရှိရာခဏ၌ပင် ဒိဗ္ဗစက္ခုဖြင့် ရူပါရုံတို့ကို မြင်စွမ်းနိုင်၏-ဟူသော အဓိပ္ပာယ်ကို သိစေ။

နံပါတ် (၇)

**ပါဠိမေဝ/ပါလိမေဝ…**

ဗုဒ္ဓါဒီဟိ ဘာသိတတ္တာ ပကဋ္ဌာနံ ဝစနံ ပဗန္ဓာနံ အာလီတိ ပါဠိ။ [ပရိယတ္တိမေွာ] သာရတ္ထဋီကာ၌ ဆိုသောကြောင့်လည်းကောင်း၊ပါ-ရက္ခဏေ၊ဠိ-ဟု အဘိဓာန်ဋီကာ၌ ဆိုသောကြောင့်လည်းကောင်း ဠ-ဖြင့်ရှိသော ပါဠိမေဝ ပါဌ်သင့်။

**ဝုတ္တနယေန / ဝုတ္တနယေနေဝ…**

ရှေးပုဗ္ဗေနိဝါသကထာ၌ ဝုတ္တနယေနေဝ-ဟု ဧဝသဒ္ဒါဖြင့်ရှိသောကြောင့် လည်းကောင်း၊ အဘိညာဉ် အရာပရိကံပြုပုံ အစီအရင်သည် ယင်းဝိသုဒ္ဓိမဂ်၌သာရှိ၍ အခြားနေရာတို့၌ မရှိသောကြောင့်လည်းကောင်း၊ နိဝတ္တေတဗ္ဗတ္ထ အနက်ရှိသော ဧဝသဒ္ဒါဖြင့် ပါဌ်သင့်။

သဗ္ဗပဒံ သာဝဓာရဏံ ဟူသော ပရိဘာသာအရ ပုဒ်တိုင်းပုဒ်တိုင်း၌ ဧဝသဒ္ဒါနှင့် ဆက်ဆံခွင့်ရှိ၍ ဧဝအနက် ရကောင်းသောကြောင့် ဧကောင်းသော ဝုတ္တနယေန ပါဌ်လည်းသင့်။

ပါဠိဂတိအရ အာဓာရပုဒ် ရှေ့မှလျှင် ဧဝဖြင့်ရေးထုံးရှိ၍ ဝုတ္တနယေနေဝသည်သာ ယုတ္တတရ။

နံပါတ် (၈)

**ဝိသုဒ္ဓိမဂ္ဂ**။ ။ အကျိုးဖြစ်သော လောကုတ္တရာမဂ်၏အမည်ကို အကြောင်းဖြစ်သော ပုဗ္ဗဘာဂမဂ်၌တင် ဖလူပစာ။[**တစ်နည်း**] ဌာနီဖြစ်သော လောကုတ္တရာမဂ်၏ အမည်ကို မီရာဌာနဖြစ်သော ကထာပဗန္ဓ၌တင် ဌာနျူပစာ။

ဝိသုဒ္ဓိမဂ္ဂေါတိစ နိပ္ပရိယာယေန လောကုတ္တရမဂ္ဂေါ ဝေဒိတဗ္ဗော။တဒုပါယတ္တာ ပန ပုဗ္ဗဘာဂမဂ္ဂေါ။ တံနိဿယေ ကထာပဗန္ဓော တထာ ဝုစ္စတိ။[ဝိသုဒ္ဓိမဂ် မဟာဋီကာနိဒါန်း။]

နံပါတ် (၁၀)

**ဝိသုဒ္ဓိမဂ္ဂ အရ**-မုချ၊ လောကုတ္တရာမဂ်။ ဥပစာ ပုဗ္ဗဘာဂမဂ်။(မဟာကုသိုလ်ရှိ သမ္မာဒိဋ္ဌိမဂ္ဂင်စသည်)

***************

**ပါကျစဉ် (၁၀၄)**

(က) ဒိဗ္ဗေနာတိ အာဒိသု ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။

(ခ) ဒေဝတာနဉှိ သုစရိတကမ္မနိဗ္ဗတ္တံ ပိတ္တသေမှရုဟိရာဒီဟိ အပလိဗုဒ္ဓံ ဥပက္ကိလေသဝိနိမုတ္တတာယ ဒူရေပိ အာရမ္မဏသမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခု ဟောတိ။

(ဂ) ဣဒဥ္စာပိ ဝီရိယဘာဝနာဗလနိဗ္ဗတ္တံ ဉာဏစက္ခု တာဒိသမေဝါတိ ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။

(ဃ) ဒိဗ္ဗဝိဟာရဝသေန ပဋိလဒ္ဓတ္တာ အတ္တနာ စ ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာပိ ဒိဗ္ဗံ။

http://www.dhammadownload.com



( င ) အာလောကပရိဂ္ဂဟေန မဟာဇုတိကတ္တာပိ ဒိဗ္ဗံ။

( စ ) တိရောကုဋ္ဋဒိဂတရူပဒဿနေန မဟာဂတိကတ္တာပိ ဒိဗ္ဗံ။

(ဆ) တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဝေဒိတဗ္ဗံ။ [ဝိ၊ ၂၊ ၁။ ၁၃၂။]

****************

နံပါတ် (၁)

(က) ဒိဗ္ဗေနာတိအာဒီသု။[အတ္ထော ဧဝံ ဝေဒိတဗ္ဗော]ဒိဗ္ဗသဒိသတ္တာ၊နတ်ပြည်၌ဖြစ်သော နတ်တို့၏ ပသာဒ စက္ခုနှင့်တူသည်၏ အဖြစ်ကြောင့်။ဒိဗ္ဗံ၊ဒိဗ္ဗမည်၏။

(ခ) ဟိ၊ချဲ့။ဒေဝတာနံ၊နတ်တို့၏။သုစရိတကမ္မနိဗ္ဗတ္တံ၊သဒ္ဓါဗဟုလတာ,ဝိသုဒ္ဓိဒိဋ္ဌိတာ,အာနိသံသဒဿာဝိ တာ,အဖြစ်စသည်နှင့် ပြည့်စုံသောအားဖြင့် ကောင်းစွာကျင့်အပ်သော နတ်ပြည်၌ ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်ကံသည် ဖြစ်စေအပ်သော။ပိတ္တသေမှရုဟိရာဒီဟိ၊သည်းခြေ,သလိပ်,သွေး အစရှိသည်တို့သည်။အပလိ ဗုဒ္ဓံ၊မနှိပ်စက်အပ်သော။ဥပက္ကိလေသဝိနိမုတ္တတာယ၊သလိပ်,သည်းခြေ,သွေး,လေ စသည်တို့သည် မနှိပ်စက် အပ်သည်၏ ကုသိုလ်ကံ မွန်မြတ်သည်၏ အဖြစ်ကြောင့် ညစ်နွမ်းကြောင်းဖြစ်သော အပြစ်ဒေါသမှ လွတ် သည်၏ အဖြစ်ဖြင့်။(ဝါ)အဖြစ်ကြောင့်။[ပသာဒစက္ခုနော၊၏] [ဟိတ်သမ္ဗန္ဓ]ဒူရေပိ၊ဝေးသော အရပ်၌လည်း အာရမ္မဏသမ္ပဋိစ္ဆနသမတ္ထံ၊အာရုံကိုခံယူခြင်း၌ စွမ်းနိုင်သော။ဒိဗ္ဗံ၊နတ်ပြည်ဖြစ်သော၊ပသာဒစက္ခု၊သည်။ဟောတိ။

(ဂ) ဝီရိယဘာဝနာဗလနိဗ္ဗတ္တံ၊ဝီရိယကိုပွားစေခြင်း၏ အစွမ်းဖြင့်ဖြစ်သော။[သဒ္ဒတ္တ](ဝါ) ကုသိုလ်ဘာဝနာ အလုံး၏ အစွမ်းဖြင့်ဖြစ်သော။[အဓိပ္ပါယတ္တ](ဝါ)ပြင်းထန်သော အထူးပြုပြင်တတ်သော ဝီရိယတို့နှင့် ပြည့်စုံသော ဒိဗ္ဗဝိဓိပါဒ်ကို ပွားစေခြင်း၏ အစွမ်းဖြင့်ဖြစ်သော။[အဓိပ္ပါယ်တ္တ]ဉာဏဒဿနပိ ဉာဏစက္ခု၊ဤဉာဏ်ဖြင့်ပြီးသော စက္ခုသည်လည်း။တာဒိသမေဝ၊ထိုနတ်တို့၏ ပသာဒစက္ခုနှင့် တူသည်သာလျှင်။ဟောတိ။ဣတိ၊သို့။ဒိဗ္ဗသဒိ သတ္တာ။ [တစ်နည်း] ဣတိတသ္မာ ဒိဗ္ဗသဒိသတ္တာ၊ကြောင့်။

(ဃ) ဒိဗ္ဗဝိဟာရဝသေန၊ဒိဗ္ဗဝိဟာရဟု ဆိုအပ်သော ဈာန်လေးပါးတို့၏ အစွမ်းဖြင့်။ပဋိလဒ္ဓတ္တာပိ၊ရအပ် သိအပ်သည်၏ အဖြစ်ကြောင့်လည်း။ဒိဗ္ဗံ၊မည်၏။ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာပိ၊အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအားဖြင့် အလွန်အကဲသို့ ရောက်သော ပါဒကဈာန်ဟုဆိုအပ်သော ဒိဗ္ဗဝိဟာရ၌ အကျုံးဝင်သော မိမိနှင့်ယှဉ်သောနိဿ ယပစ္စည်းဖြစ်သော ရူပါဝစရစတုတ္ထဈာန်ကို မှီ၍ဖြစ်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

င) အာလောကပရိဂ္ဂဟေန၊ကသိုဏ်းဖြစ်သော အရောင်အလင်းကို သိမ်းဆည်းခြင်းအားဖြင့်။မဟာဇုတိ ကတ္တာပိ၊ ကြီးကျယ်သော အရောင်ကြောင့်လည်း။

စ) မဟာဂတိကတ္တာပိ၊အံ့အဲအပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင်လည်း။

ဆ) တံသဗ္ဗံ၊ထိုနတ်တို့၏ စက္ခုနှင့်တူသည်၏အဖြစ်၊ဒိဗ္ဗဝိဟာရ၏ အစွမ်းဖြင့် ရအပ်သည်၏အဖြစ်၊ဒိဗ္ဗဝိဟာရ ကို မှီသည်၏အဖြစ်၊ကြီးကျယ်သော အရောင်ရှိသည်၏အဖြစ်၊အံ့ဖွယ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ဟူသော အလုံးစုံတို့သည်။ [အာစရိယဝါဒ][တစ်နည်း] တံသဗ္ဗံ၊ကြီးကျယ်သော အရောင်ရှိသည်၏အဖြစ် အံ့ဖွယ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ဟူသော အလုံးစုံကို။ [ကေစိဝါဒ](က-ဂ-ဃ-င) တို့၏ ဟိတ်သမ္ဗန္ဓ ဉာဏစက္ခုသည်။

နံပါတ် (၂)

(ခ)သို့။ ။ ဆုရာသည် (က) ဖြင့် နတ်တို့၏ စက္ခုနှင့်တူသောကြောင့် ဉာဏစက္ခုသည် ဒိဗ္ဗမည်သောဟုဖွင့်ဆို

http://www.dhammadownload.com



အပ်၏။အသို့လျှင် ဉာဏစက္ခုသည် နတ်တို့၏ ပသာဒစက္ခုနှင့် တူပါသနည်း။ဉာဏစက္ခု၏ နတ်တို့၏ ပသာဒစက္ခုနှင့် တူပုံကို ထင်ရှားစွာ မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။ (ဂ) ထိ ဖြေဟ်သည်။

[တစ်နည်း] ဌပနာတူ၏။ နတ်တို့၏ ပသာဒစက္ခုဟူသည် အဘယ်ပါနည်း။နတ်တို့၏ ပသာဒစက္ခု၏ သဘောနှင့် အကြောင်းကို မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။ [ဂဏ္ဌိဟောင်း]

(ဂ)သို့။ ။ ဆရာသည် (ခ)ဖြင့် ကောင်းစွာကျင့်အပ်သော ကံကြောင့်ဖြစ်သော သည်းခြေ,သလိပ်,လေ စသော အနှောင့်အယှက်တို့သည် မနှောက်ယှက်အပ်သော ဥပက္ကိလေသမှလွတ်သော ဝေးသောအရပ်၌လည်း အာရုံကိုမြင်ခြင်းငှာ စွမ်းနိုင်၏ဟု နတ်တို့၏ ပသာဒစက္ခု၏ သဘောကို ဖွင့်ဆိုတော်မူအပ်၏။နတ်တို့၏ ပသာဒစက္ခုသည်သာ ထိုသို့သဘောရှိပါသလော။[ဣဒဥ္စာပိ၌ ပိကိုရှုသည်။] [တစ်နည်း] ဉာဏစက္ခုသည်နတ်တို့၏ပသာဒစက္ခုနှင့် တူစွာရှုအပ်သည်မှ တစ်ပါးသော သဘောအားဖြင့်လည်း ရှုအပ်ပါသလော။ [တာဒိ သမေဝ၌ ဝေရှုသည်]။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ)သို့ **အနုသန္ဓေ**။။ ဤသို့ (က-ခ-ဂ) တို့ဖြင့် ဉာဏစက္ခု၏ ဒိဗ္ဗမည်ပုံကို သဒိသူပစာအားဖြင့် ပြဆိုတော်မူပြီး၍၊ယခုအခါ၌ ဉာဏစက္ခု၏ ကာရဏူပစာ ဌာနျူပစာအားဖြင့် ဒိဗ္ဗမည်သည်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ) မိန့်။

(ဆ)သို့။ ။ ဆရာသည်(က)စသည်ဖြင့် ဒိဗ္ဗမည်ရခြင်း၏ အကြောင်းကို ဝစနတ္ထအသီးသီးနှင့်တကွ ဖွင့်ပြ တော်မူအပ်၏။ဆရာဖွင့်ဆိုသော အဖွင့်အားလုံးတို့သည် သဒ္ဒါကျမ်းတို့နှင့် ညီညွတ်ပါသလော။ သဒ္ဒါကျမ်း တို့နှင့် မညီညွတ်ခဲ့သော် ဆရာစကား အသို့လျှင် သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့် (ဆ) မိန့်။

နံပါတ် (၃)

(က) ပကတိရ။ (ခ) ဝိတ္ထာရ။ (ဂ) ဝါကျာရမ္ဘ/ပကတိရ။ (ဃ) ဝါကျာရမ္ဘ /ပကတိရ။

(င) ဝါကျာရမ္ဘ/ပကတိရ။ (စ) ဝါကျာရမ္ဘ/ပကတိရ။ (ဆ) ဝါကျာရမ္ဘ/ဒဠှီကရဏ။

**စာစပ်** ။ ။ ဒေဝါနံ-ကားတို့၏ ပေး၊ ပသာဒစက္ခု၌ သမ္ဗန် သမ္ဗန္ဓီ။

နံပါတ် (၄)

(က)ဒိဗ္ဗ။ ။ **ဒိဝိ ဘဝံ ဒိဗ္ဗံ။** [နတ်ပြည်၌ဖြစ်သောစက္ခု] **ဒိဗ္ဗံ ဝိယာတိ ဒိဗ္ဗံ။**

ဒိဗ္ဗ တဒ္ဓိတ်ပုဒ်အရ နတ်ပြည်၌ဖြစ်သော စက္ခုသည် မုချ။ထို၏ အပစ္စည်းအရ ဉာဏစက္ခုနှင့်သဒိသီ/ သဒိသစပ် ဌာနူပစာ။အပစ္စည်းအရ နတ်ပြည်၌ဖြစ်သော စက္ခုနှင့်တူသော ဉာဏစက္ခုရ၏

(ဃ) ဒိဗ္ဗ။ ။ **ဒိဗ္ဗေန ပဋိလဒ္ဓံ ဒိဗ္ဗံ။**[တစ်နည်း] **ဒိဗ္ဗသို့ သန္နိဿိတံ ဒိဗ္ဗံ။**

(င) ဒိဗ္ဗ။ ။ **ဒိဗ္ဗတိ ဇောတယတီတိ ဒိဗ္ဗံ။**

(စ) ဒိဗ္ဗ။ ။ **ဒိဗ္ဗတိ အသဒ္ဓမာနံ ဂစ္ဆတီတိ ဒိဗ္ဗံ။**

**ဒိဗ္ဗဝိဟာရော။ ။ ဒိဗ္ဗေ ဘဝေါ ဒိဗ္ဗော။ဒိဗ္ဗော စ သော ဝိဟာရောစာတိ ဒိဗ္ဗဝိဟာရော။**

ဒိဗ္ဗ ဝိသေသနအရ နတ်ပြည်၌ဖြစ်ခြင်း ဂုဏ်သည် မုချ။ထို၏ ဈာန်လေးပါးနှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ။ပုဒ်လုံးအရ နတ်ပြည်၌ဖြစ်သာ ဈာန်လေးပါးရ၏။

**ဉာဏစက္ခု။ ။ ဉာဏမေဝ စက္ခု ဉာဏစက္ခု။ဉာဏေန နိဗ္ဗတ္တံ စက္ခု ဉာဏစက္ခု။**

ဉာဏ ဝိသေသနအရ ဉာဏ်၏အဖြစ် ဟူသော အဝဓာရဏာဘောဂုဏ်သည် မုချ။ထို၏ အဘိဉာဉ်စက္ခု

http://www.dhammadownload.com



နှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ။ပုဒ်လုံးအရ ထိုသော ဉာဏ်သည်သာ ဖြစ်သော စက္ခုရ၏
**မဟာဇုတိက**။ ။ **မဟတီ ဇုတိ ယဿာတိ မဟာဇုတိကံ**။[ကြီးကျယ်သော အရောင်ရှိသော ဒိဗ္ဗစက္ခု]
**မဟာဂတိက**။ ။ **မဟတီ ဂတိ ယဿာတိ မဟာဂတိကံ**။[အံ့ဘွယ်ကောင်းသော ဖြစ်ခြင်းရှိသော ဒိဗ္ဗစက္ခု]

နံပါတ် (၅)

**ပိတ္တ**။ အပိ+ဓာ+တ။ **သေမှ**။ သိလိသ+မ။ **ရုဟိရ**။ ရုဟ+ဣရ။ **ပလိဗုဒ္ဓ**။ ပရိ+ဗုဓိ+တ။
**သမ္ပဋိစ္ဆန**။ သံ+ပဋိ+ဣသု+ယု။ **သမတ္တ**။ သမတ္တ+အ။ **ပသာဒ**။ ပ+သဒ+ဏ။
**ဝီရိယ**။ ဝိ+ဤရ+ဏျ [ဝိဓိနာ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝီရိယံ။] **ဇုတိ**။ ဇုတ+ဣ။
**ကုဋ္ဌ**။ ကုဋ္ဌ+အ။ **သတ္တ**။ သာသ+အ [သာသတိ အနုသာသတိ ဓာတေနာတိ သတ္ထံ]

နံပါတ် (၆)

**(က) ဒိဗ္ဗသဒိသတ္တာဖြင့်** ဒိဗ္ဗံကို ဒိဝိ ဘဝံ ဒိဗ္ဗံ၊ ဒိဗ္ဗံ ဝိယာတိ ဒိဗ္ဗံ-ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း၊အပစ္စည်း ဥပမာအနက်၌ သက်သည်ကို လည်းကောင်းသိစေပါသည်။**(တစ်နည်း)** သဒိသူပစာ အားဖြင့် ဒဗ္ဗမည်သည်ကိုလည်းကောင်း သိစေပါသည်။

**(ဃ) ဒိဗ္ဗဝိဟာရဝသေန ပဋိလဒ္ဓတ္တာဖြင့်** ဒိဗ္ဗံကို ဒိဗ္ဗေန ပဋိလဒ္ဓံ ဒိဗ္ဗံ-ဟု ပဋိလဒ္ဓတဒ္ဓိတ် ဝစနတ္ထပြု၍အပစ္စည်း ပဋိတဒ္ဓတဒ္ဓိတ်အနက်၌ သက်သည်ကို လည်းကောင်း၊ဒိဗ္ဗအရ ဒိဗ္ဗဝိဟာရကို ကောက်ရမည်ကိုလည်း ကောင်း၊ ဒိဗ္ဗဝိဟာရ၏ အစွမ်းဖြင့် ရအပ်သောကြောင့် ဒိဗ္ဗစက္ခုမည်ခြင်း၏ ဝေးသောအကြောင်းကိုလည်း ကောင်း။[ဝါ] ကာရဏူပစာအားဖြင့် ဒိဗ္ဗမည်ခြင်းအကြောင်းကိုလည်းကောင်း သိစေသည်။

**ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာဖြင့်** ဒိဗ္ဗံကို ဒိဗ္ဗံ သန္နိဿိတံ ဒိဗ္ဗံ-ဟု သန္နိဿိတ တဒ္ဓိတ်ဝစနတ္ထပြု၍အပစ္စည်း သန္နိဿိတ အနက်၌ သက်သည်ကို လည်းကောင်း၊ဒိဗ္ဗအရ ဒိဗ္ဗဝိဟာရကို ကောက်ယူရမည်ကိုလည်းကောင်း။ ဒိဗ္ဗဝိဟာရကို မှီခြင်းကြောင့် ဒိဗ္ဗစက္ခုမည်ခြင်း၏ နီးသောအကြောင်းကို လည်းကောင်း၊ [ဝါ] ဌာနူပစာအားဖြင့် ဒိဗ္ဗစက္ခုမည်သည်ကိုလည်းကောင်း သိစေပါသည်။

နံပါတ် (၇)

**ဒူရေပိ/ထူလမ္ပိ...**

ဒူရေပိတိ ပိသဒ္ဒေန သုခုမဿာပိ အာရမ္မဏဿ သမ္ပဋိစ္ဆနသမတ္ထတံ သင်္ဂဏှာတိ-ဟု **သာရတ္ထဋီကာ** ဆဋ္ဌမူ့ရိုက် ဝိမတိဋီကာ ဝိသုဒ္ဓိမဂ်ဋီကာတို့၌ တညီတညွတ်တည်း ဆိုသောကြောင့် ဒူရေပိ ပါဌ်သာသင့်။

**အပလိဗုဒ္ဓ/အပလိဗုန္ဓ...**

အ+ပရိ+ဗုဓိ+ကံဟော တပစ္စည်း၊ယင်းတပစ္စည်းကို ဓပြု၊ဓာတွန်ကို ဒ ပြု၍ ပြီးသောကြောင့်လည်း ကောင်း၊ပိတ္တသေမှရုဟိရာဒိဟိ ဟူသော အဝုတ္တကတ္တား ကိုထောက်၍ ကံဟောတပစ္စည်းဖြင့် ပြီးသင့်သော ကြောင့်လည်းကောင်း အပလိဗုဒ္ဓ ပါဌ်သင့်။

အ+ပရိ+ဗုဓိ ဣကာရန္တ အဆုံးရှိသော ဓါတ်များနောင် ဓိန္ဒုလာရီးရှိ၍ယင်းဓိန္ဒုကို ဝဂ္ဂန္တနပြု၍ပြီးနိုင် သောကြောင့် တပစ္စည်း မသက်မူ၍ အပစ္စည်းသက်ပါက အပလိဗုဒ္ဓ ပါဌ်လည်းသင့်။

**ရုဟိရာ/ရုဓိရာ...**

ရုဟဓာတ်၊ရုဓဓာတ် ဣရပစ္စည်းတို့ဖြင့် ပြီးသောကြောင့် နှစ်ပါဌ်လုံးသင့်။

http://www.dhammadownload.com



ရုန္ဓတေ စမ္မေနာတိ ရုဓိရံ။ [အဘိဓာန်ဋီကာ]ရုဟာတိ ပဝတ္တတီတိ ရုဟိရံ။ [မောဂ္ဂလာန်]

နံပါတ် (၉)

**ဝိနိမုတ္တတာ။** ။ လောဘ ဒေါသစသော ဥပက္ကိလေသတို့မှလွတ်သော အကြောင်းကံ၏ ဥပက္ကိလေသ အမည်ကို အကျိုးဖြစ်သော ဒိဗ္ဗစက္ခုဉ္ဇတင် ကာရဏူပစာ။

**ဝီရိယဘာဝနာ။** ။ အစိတ်ဖြစ်သော ဝီရိယဘာဝနာ၏ ဝီရိယဘာဝနာအမည်ကို အပေါင်းဖြစ်သော ကုသိုလ် ဘာဝနာ အားလုံး၌တင် ဧကဒေသူပစာ၊ဥပလက္ခဏာနည်း။

**(ဃ)ဒိဗ္ဗ။** ။ အကြောင်းဖြစ်သော ဒိဗ္ဗမည်သောစျာန်၏ ဒိဗ္ဗအမည်ကို အကျိုးဖြစ်သော ယင်းစျာန်ကြောင့်ရအပ် သော ဒိဗ္ဗစက္ခု အဘိညာဉ်၌တင် ကာရဏူပစာ။

**ဒိဗ္ဗ။** ။ ဌာနဖြစ်သော ဒိဗ္ဗမည်သော စျာန်၏အမည်ကို ဌာနီနိဿိတဖြစ်သော အဘိညာဉ်စက္ခုဉ္ဇတင် ဌာနူ။

နံပါတ် (၁၀)

**ဥပက္ကိလေသဝိနိမုတ္တ။** ။ နတ်ပြည်ပဋိသန္ဓေကို ဖြစ်စေနိုင်သော မဟာကုသိုလ်စေတနာသည် မုချ။ နတ်တို့ပသာဒစက္ခုသည် ဥပစာ။

**************

**ပါဌ်ချစဉ် (၁၀၅)**

(က) ဒဿနဋ္ဌေန စက္ခု။

(ခ) စက္ခုကိစ္စကရဏေန စက္ခုမိဝါတိပိ စက္ခု။

(ဂ) စုတူပပါတဒဿနေန ဒိဋ္ဌိဝိသုဒ္ဓိဟေတုတ္တာ ဝိသုဒ္ဓံ။

(ဃ) ယော ဟိ စုတိမတ္တမေဝ ပဿတိ၊ န ဥပပါတံ ၊ သော ဥစ္ဆေဒဒိဋ္ဌိံ ဂဏှာတိ။

(င) ယော ဥပပါတမတ္တမေဝ ပဿတိ၊ န စုတိံ၊ သော နဝသတ္တပါတုဘာဝဒိဋ္ဌိံ ဂဏှာတိ။

(စ) ယော ပန တဒုဘယံ ပဿတိ၊ သော ယသ္မာ ဒုဝိဓမ္ပိ တံ ဒိဋ္ဌိဂတံ အတိဝတ္တတိ။

(ဆ) တသ္မာဿ တံ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိဟေတု ဟောတိ။

(ဇ) တဒုဘယဥ္စ ဘဂဝါ အဒ္ဒသ။ တေနေတံ ဝုတ္တံ "စုတူပပါတဒဿနေန ဒိဋ္ဌိဝိသုဒ္ဓိဟေတု တ္တာ ဝိသုဒ္ဓ"န္တိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၂။]

***************

နံပါတ် (၁)

(က) ဒဿနဋ္ဌေန၊ရူပါရုံကို မြင်တတ်သော သဘောအားဖြင့်/ကြောင့်။(ဝါ)မြင်ခြင်းသဘောအားဖြင့်/ကြောင့်။

(ခ) စက္ခုကိစ္စကရဏေန၊သမဝိသမစသည်ကို မြင်ခြင်းဟုဆိုအပ်သော မျက်စိကိစ္စကို ပြုခြင်းကြောင့်။ စက္ခုမိဝ၊မံသ စက္ခုကဲ့သို့။

(ဂ) စုတူပပါတဒဿနေန၊စုတိပဋိသန္ဓေကို မြင့်နိုင်ခြင်းကြောင့်။(ဝါ)အတွက်။ဒိဋ္ဌိဝိသုဒ္ဓိဟေတုတ္တာ၊အယူ၏ စင်ကြယ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ဝိသုဒ္ဓံ၊ဝိသုဒ္ဓမည်၏။

(ဃ) ဟိ၊ချဲ့။ယော၊အကြင်ပုဂ္ဂိုလ်သည်။စုတိမတ္တမေဝ၊မျှကိုသာ။ပဿတိ၊နိုင်၏။ဥပပါတံ၊ပဋိသန္ဓေကို။န ပဿတိ။သော၊ပုဂ္ဂိုလ်သည်။ဥစ္ဆေဒဒိဋ္ဌိံ၊ နောက်၌ဖြစ်ခြင်းကို မမြင်ခြင်းကြောင့် ဤသတ္တဝါ ဤ၌သာလျှင်

http://www.dhammadownload.com



စ သဒ္ဒေါ ဝါသဒ္ဒသ အတ္ထေတိ ဟူသော ယောဇနာကိုထောက်၍ ယင်းအလို စက္ခုကိစ္စကရဏေနစ ဟုရှိသော ပါဌ်သင့်။

အချို့ပေတို့၌ စက္ခုကိစ္စကရဏေန စ-ဟု စ သဒ္ဒါဖြင့်ရှိ၏။များစွာသော ပေတို့၌ကားမရှိ။ယောဇနာ၌ စသဒ္ဒေါ ဓါသဒ္ဒတ္ထေဟူ၏။ဝိကပ်အနက်ရှိ၏ဟူလို။ယင်းအတ္တန္တရဝိကပ်အနက်သည် ဋီကာပိတွင် အတ္တန္တရ ဝိကပ္ပနတ္ထသမ္ပိဏ္ဍနအနက်ရှိသော ပိသဒ္ဒါဖြင့်ဖင် ပြီးသောကြောင့် မရှိသင့်။ဋီကာများ၌လည်း အရိပ်မထင် ဤသို့ ဂဏ္ဌိသစ်၌ ဆိုသောကြောင့် စမပါသော ပါဌ်သင့်။သို့သော် ယင်းအဋ္ဌကထာ၌ပင် အတ္တနာစ ဒိဗ္ဗဝိဟာရသန္နိဿိတ္တာပိဟု (စ/ပိ )နှစ်မျိုးလုံး ရေထုံးရှိသည်ကို ထောက်၍ စ-ကား အတ္တန္တရဝိကပ္ပတ္ထ၊ပိကား သမ္ပိဏ္ဍနတ္ထဟုမှတ်။ထို့ကြောင့် နှစ်ပါဌ်မှန်ဟု ဆုံးဖြတ်။

နံပါတ် (၉)

**ဝိသုဒ္ဓ။** ။ အကျိုးဖြစ်သော အယူစင်ကြယ်ခြင်း၏ ဝိသုဒ္ဓအမည်ကို အကြောင်းဖြစ်သော ဉာဏစက္ခု၌တင်၊ ဖလူပစာ/အဝိနာဘာဝနည်း။

**စက္ခု ။** ။ အတူဖြစ်သော ပသာဒစက္ခု၏ စက္ခုအမည်ကို အတူရှိသော ဒိဗ္ဗစက္ခုအဘိဉာဉ်၌တင်၊ သဒိသူပစာ/ရှုဋ္ဌီနည်း။

နံပါတ် (၁၀)

**စုတိမတ္တမေဝ ပဿတိ အရ။** ။ ရူပကုသိုလ် ပဉ္စမဈာန်၌ရှိသော အဘိဉာဉ်ကိစ္စတပ်သော ပညာကောက်။

**************

**ဝါကျစဉ် (၁၀၆)**

(က) မနုဿူပစာရံ အတိက္ကမိတွာ ရူပဒဿနေန **အတိက္ကန္တမာနုသကံ။**

(ခ) မာနုသကံ ဝါ မံသစက္ခုံ အတိက္ကန္တတ္တာ အတိက္ကန္တမာနုသကန္တိ ဝေဒိတဗ္ဗံ။

(ဂ) တေန ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန။

(ဃ) **သတ္တေ ပဿာမီတိ** မနုဿမံသစက္ခုနာ ဝိယ သတ္တေ ပဿာမိ ဒက္ခာမိ ဩလောကေမိ။

(ဝိ၊ ၄၊ ၁။ ၁၃၃။)

***************

နံပါတ် (၁)

(က) မနုဿူပစာရံ၊လူတို့သည် ကျက်စားအပ်သော အရပ်ကို။(ဝါ) လူတို့၏ ဒဿနူပစာရကို၊အတိက္ကမိတွာ၊ ၍။ရူပဒဿနေန၊ဒိဗ္ဗတိရောကုဋ္ဋ သုခုမ စသည်အပြားရှိသော ရူပါရုံကိုမြင်ခြင်းကြောင့်၊အတိက္ကန္တမာနုသကံ၊ မည်၏။

(ခ) ဝါ၊တစ်နည်း။မာနုသကံ၊လူတို့၏ဥစ္စာဖြစ်သော။မံသစက္ခုံ၊ကို။အတိက္ကန္တတ္တာ၊လွန်သည်၏အဖြစ်ကြောင့်။ အတိက္ကန္တမာနုသကန္တိ၊ဟူ၍။[ပဏ္ဍိတေန၊သည်] ဝေဒိတဗ္ဗံ။[သမ္ဗန္ဓကို ဒိဗ္ဗစက္ခုဿ ဟု ထည့်]။

(ဂ) ဒိဗ္ဗေန၊နတ်ပြည်၌ဖြစ်သော ပသာဒစက္ခုနှင့်တူသော။(ဝါ) ဒိဗ္ဗဝိဟာရမည်သော ဈာန်လေးပါးကြောင့် ရအပ်သော။(ဝါ)ဒိဗ္ဗဝိဟာရတွင် အထက်ဆုံး စတုတ္ထဈာန်ကိုမှီသော။(ဝါ)ထွန်းလင်းတောက်ပသော။(ဝါ) တိရောကုဋ္ဋအစရှိသောအရပ်သို့ မငြိမကပ်သွားတတ်သော။ဝိသုဒ္ဓေန၊ဥဇ္ဈေဒိဋ္ဌိ နဝသတ္တပါတုဘာဝဒိဋ္ဌိတို့၏

http://www.dhammadownload.com



စင်ကြယ်ကြောင်းဖြစ်သော။(ဝါ)တစ်ဆယ့်တစ်ပါးသော ဥပက္ကိလေသတို့မှ စင်ကြယ်သော။အတိက္ကန္တမာနုသကေန၊လူတို့၏ဥစ္စာဖြစ်သော မြင်လောက်ရာ ရူပါရုံကို လွန်သော။ (ဝါ) လူတို့၏ဥစ္စာဖြစ်သော မံသစက္ခုကို လွန်သော။တေန စက္ခုနာ၊ထိုအဘိညာဉ်စက္ခုဖြင့်။

(ဃ) မနုဿာ၊တို့သည်။မံသစက္ခုနာ။[ပဿန္တိဝိယ၊မြင်ကုန်သကဲ့သို့။(ဝါ)ကြည့်ကုန်သကဲ့သို့။တထာ၊တူ] သတ္တေ၊တို့ကို။ပဿာမိ၊မြင်တော်မူ၏။(ဝါ)ကြည့်တော်မူ၏။ဒက္ခာမိ၊မြင်တော်မူ၏။ဩလောကေမိ၊ကြည့်တော်မူ၏။

## နံပါတ် (၂)

**(ခ)သို့။** ။ ဆရာသည် (က) ဖြင့် အတိက္ကန္တမာနုသကံဩ မာနုသကအရ လူတို့၏ ဒဿနူပစာရဖြစ်သော ရှန့်ရင်းသော ရူပါရုံကို အရကောက်ရမည်ဟု ဖွင့်ဆိုတော်မူ၏။မာနုသကံရ လူတို့၏ ဒဿနူပစာရဖြစ်သော ရူပါရုံတစ်မျိုးကိုသာ အရကောက်နိုင်ပါသလော။အဘယ်တရားကိုလည်း အရကောက်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**ဋီကာအနုသန္ဓေတက်။** ။ဤသို့(က) ဖြင့် ဝိသယ[အာရုံ]ကို အဦးပြု၍ အတိက္ကန္တမာနုသကဖြစ်ပုံကိုပြဆိုပြီး၍၊ယခုအခါ၌ ဝိသယီ [အာရမ္မဏိက]ကို အဦးမူသောအားဖြင့် ပြတော်မူလိုသောအဋ္ဌကထာဆရာသည် (ခ) မိန့်။**ဇဝံ ဝိသယမုခေန ဒဿေတွာ ဣဒါနိ ဝိသယီမုခေန ဒဿေတုံ "မာနုသကံဝါ" တိ အာဒိဝုတ္တံ။** [သာရတ္ထ၊ ၁။ ၄၀၀။]

**(ဂ)သို့။** ။ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဒိဗ္ဗစက္ခုံ ဝိသုဒ္ဓံ အတိက္ကန္တမာနုသကံ စသောပါဠိတော်သံဝဏ္ဏေတဗ္ဗပုဒ်တို့ကို ဖွင့်ဆိုတော်မူအပ်၏။ယင်းသို့ဖွင့်ဆိုရာ၌ ဒိဗ္ဗေန စသော ပါဠိတော်နှင့် မညီညွတ်၍ မသင့်ရာသည် မဟုတ်ပါလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား** ။ ။ တေန-ဟု ဝိဘတ်ပြန်၍ မှတ်သားအပ်၏ ဟူလို။

## နံပါတ် (၃)

**(က) ပဏ္ဏတ္တိရ။ (ခ) နယန္တရပဏ္ဏတ္တိရ။ (ဂ) ဝါကျာရမ္ဘ။(ဃ) ပဏ္ဏတ္တိရ။**

**စာစပ်။** ။ အတိက္ကမိတွာ ကား ၅ပေး၊ ရူပဒဿနေန၌ ကြိယာဝိသေသန ကြိယာဝိသေသျ။

## နံပါတ် (၄)

**မနုဿူပစာရံ။** ။ **ဥပစရိတဗ္ဗန္တိ ဥပစာရံ။ မနုဿေဟိ ဥပစာရံ မနုဿူပစာရံ။**

ဥပရှေးရှိသော စရဓာတ် ကတ္တုဋ္ဌကား အာရုံကိုယူတတ်သော စက္ခုဝိညာဉ်စိတ္တုပ္ပါဒ်သည်မှချ။ကမ္မဋ္ဌကား ရူပါရုံ၏ အာရမ္မဏပစ္စယသည် ဖလူပစာ။ဏ ပစ္စည်းအရ ပကတိစက္ခုဝိညာဉ်ဖြင့် ယူနိုင်သော ရူပါရုံရ၏။

မနုဿ ဟူသော ဝိသေသနအရ လူတို့သည် မှချ။ထို၏ ဥပစာရ ဟူသော နောက်ပုဒ်အရ လှည့်လည်အပ်သောအရပ်နှင့် ဌာနီ ဌာနစပ် ဌာနူပစာ။ပုဒ်လုံးအရ လူတို့လှည့်လည်ရာအရပ် ရ၏

**မာနုသကံ။** ။ **မနုဿာနံ ဣဒံ မာနုသကံ။** [မနုဿ+ကဏ်]

**မံသစက္ခု** ။ ။ **မံသမေဝ စက္ခု မံသစက္ခု။**

**အတိက္ကန္တမာနုကာသကံ။** ။ **အတိက္ကမတီတိ အတိက္ကန္တံ။မာနုသကံ အတိက္ကန္တံ အတိက္ကန္တမာနုသကံ။**

မာနုသက ဝိသေသနအရ လူတို့၏ ဒဿနူပစာရဖြစ်သော ရှန့်ရင်းသော ရူပါရုံမှချ။ထို-၏ လွန်သော

http://www.dhammadownload.com



ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ကမ္မ/ကမ္မီစပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ဒိဗ္ဗစက္ခုအဘိညာဉ်ရ၏.

နံပါတ် (၅)

**မနုဿ**။ မနု+ဥဿ။ **ရူပ**။ ရူပ+အ။ **အတိက္ကမ**။ အတိ+ကမု+ဏ။ **မံသ**။ မန+သက်။

နံပါတ် (၆)

**(က) မနုဿူပစာရံ အတိက္ကမိတွာဖြင့်** မာနုသကံကို မနုဿာနံ ဣဒံ မာနုသကံ ဟု ဝစနတ္ထပြု၍ပကတိမျက်စိဖြင့် မြင်လောက်ရာ အရပ်ဌာနကို ကောက်ယူရမည်ကို လည်းကောင်း၊အတိက္ကန္တံကို အတိက္ကမတီတိ အတိက္ကန္တံဟု ကတ္တုသာဓနဝစနတ္ထပြု၍၊တပစ္စည်း ကတ္တားအနက်၌သက်သည်ကို လည်းကောင်း၊မာနုသကံ အတိက္ကန္တံ အတိက္ကန္တမာနုသကံ-ဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု၍ မာနုသကအတိက္ကန္တဟု ဆိုလိုလျက် ရှေ့နောက်ပြန်၍ အတိက္ကန္တမာနုသကံဟု ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

**ရူပဒဿနေနဖြင့်** လူတို့၏ ပကတိမျက်စိဖြင့် မြင်လောက်ရာအရပ်ကို လွန်သည်ဟူသည် လူတို့မြင်ရိုး မြင်စဉ်အာရုံကိုလွန်၍ နံရံတစ်ဖက်စသည်၌ရှိသော ရူပါရုံကို မြင်နိုင်ခြင်းပင်ဟူသော အဓိပ္ပာယ်ကို သိစေ။

**(ဃ) ဒက္ခာမိဖြင့်** ပဿာမိ၌ ဒိသဓာတ်သည် ဒဿနတ္ထအနက်၌ ဖြစ်သည်ကို သိစေပါသည်။**ဩလောကေမိဖြင့်** မြင်နိုင်၏ဟူသည် ကြည့်ရှုခြင်းပင်ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။**မနုဿမံသစက္ခုနာဝိယဖြင့်** လူတို့၏ ပသာဒစက္ခုဖြင့် မြင်နိုင်သကဲ့သို့ဟူသော ဥပမာကို သိစေပါသည်။

နံပါန် (၇)

**မနုဿမံသစက္ခုနာ/မနုဿော မံသစက္ခုနာ/မနုဿာ မံသစက္ခုနာ/ မနုဿာနံ မံသစက္ခုနာ...**

မနုဿော၊လူသည်။[**တစ်နည်း**]မနုဿာ၊တို့သည်။မံသစက္ခုနာ၊ဖြင့်။သတ္တေ၊တို့ကို။ပဿတိဝိယ၊ပဿန္တိ ဝိယ-ဟူ၍ အနက်ယောဇနာက လိုအပ်သော အနက်အဓိပ္ပာယ်မပျက်သောကြောင့် မနုဿော မံသစက္ခုနာ/ မနုဿာ မံသစက္ခုနာ ပါဌ်တို့သင့်။

မနုဿမံသစက္ခုနာ၊လူတို့၏မံသစက္ခုဖြင့်။[**တစ်နည်း**]မနုဿာနံ၊တို့၏။မံသစက္ခုနာ၊ဖြင့်။ဟူ၍၊အနက် ယောဇနာရာ၌ အဓိပ္ပာယ်မပျက်သောကြောင့်လည်းကောင်း၊အနိစ္စသမာသ်ဖြစ်၍ သမာသ်ဝါကျ နှစ်ဌာနရှိ နိုင်သောကြောင့်လည်းကောင်း၊မနုဿမံသစက္ခုနာ/ မနုဿာနံ မံသစက္ခုနာ နှစ်ပါဌ်လည်းသင့်။

**(ခ) အတိက္ကန္တတ္တာ/ အတိက္ကန္တတ္တာ တံ...**

တန္တိ ပဒံ ဝေဒိတဗ္ဗန္တိ ပဒဿ ဝိသေသနံ-ဟု ယောဇနာ၌ဆိုသောကြောင့် ထိုအလို တံ ရှိသော်ပါဌ်သင့်။

ထိုသို့ ယောဇနာ၌ ဆိုသော်လည်း ဤကဲ့သို့သော သံဝဏ္ဏနာမျိုး၌ အဋ္ဌကထာဆရာတို့သည် ထိုကဲ့သို့ ထားရိုးထုံးစံ မရှိသောကြောင့်လည်းကောင်း၊ များစွာသော အဋ္ဌကထာတို့၌လည်း မရှိသောကြောင့်လည်း ကောင်း တံရှိနေခြင်းသည် အလျဉ်းမသင့်။

နံပါတ် (၈)

**မနုဿူပစာရံ**။ ။ ဌာနဖြစ်သော လူတို့၏ကျက်စားရာအရပ်၏ မနုဿူပစာရ အမည်ကို၊ဌာနီဖြစ်သောထိုအရပ်၌ရှိသော ထူလရူပါရုံ၌တင်စား၍ ဆိုသောကြောင့် ဌာနူပစာ၊နာနန္တရိကနည်း။

**မံသစက္ခု**။ ။ အကြောင်းဖြစ်သော ပသာဒစက္ခု၏ မံသစက္ခုအမည်ကို အကျိုးဖြစ်သော ဒဿနကိစ္စ၌တင် ကာရဏူပစာ၊ နာနန္တရိကနည်း။

http://www.dhammadownload.com



**သတ္တေ ပဿာမိ။** အကျိုးဖြစ်သော သတ္တဝါပညတ်၏ သတ္တအမည်ကို အကြောင်းဖြစ်သော ရူပါရုံ၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

**တစ်နည်း။** ဌာနဖြစ်သော သတ္တဝါ၏ သတ္တေဟူသောအမည်ကို ဌာနီဖြစ်သော ရူပါရုံ၌တင် ဌာနူပစာ၊ နာနန္တရိကနည်း။**တစ်နည်း။** ။ အပေါင်းဖြစ်သော အသင်္ခတဓမ္မအားလုံး၏ သတ္တေဟူသောအမည်ကို အစိတ်ဖြစ်သော ရူပါရုံဝဏ္ဏာယတန၌တင် ဧကဒေသူပစာ၊ ရုဠှီနည်း။

**မံသစက္ခုံ အတိက္ကန္တတ္တာ။** ။ အကြောင်းဖြစ်သော ပသာဒစက္ခု၏ မံသစက္ခုဟူသော အမည်ကို အကျိုးဖြစ်သော ရူပါရုံကိုမြင်ခြင်း စက္ခုဝိညာဉ်ကိစ္စ၌တင် ကာရဏူပစာ၊ နာနန္တရိကနည်း။

နံပါတ် (၁၀)

**မနုဿူပစာရ အရ** ။ ။ ပစ္စုပ္ပန် ရူပါရုံကိုကောက်။

***************

**ပါကျမ်းဆည် (၁၀၇)**

(က) **စဝမာနေ ဥပပဇ္ဇမာနေတိ** ဧတ္ထ စုတိက္ခဏေဝါ ဥပပတ္တိက္ခဏေဝါ ဒိဗ္ဗစက္ခုနာ ဒဋ္ဌုံ နသက္ကာ။

(ခ) ယေ ပန အာသန္နစုတိကာ ဣဒါနိ စဝိဿန္တိ၊ တေ စဝမာနာ။

(ဂ) ယေ စ ဂဟိတပဋိသန္ဓိကာ သမ္ဘတိနိဗ္ဗတ္တာ ဝါ တေ ဥပပဇ္ဇမာနာတိ အဓိပ္ပေတာ။

(ဃ) တေ ဝေရူပေ စဝမာနေ ဥပပဇ္ဇမာနေ စ ပဿာမီတိ ဒဿေတိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၃။]

***************

နံပါတ် (၁)

(က) ဒိဗ္ဗစက္ခုနာ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့်။ဒဋ္ဌုံ၊ရှု၍။နသက္ကာ၊မစွမ်းနိုင်။

(ခ) ပန၊ဆက်။ယေ၊အကြင်သတ္တဝါတို့သည်။အာသန္နစုတိကာ၊နီးသောစုတေခြင်းရှိကုန်၏။ဣဒါနိ၊၌။ စဝိဿန္တိ၊စုတေကုန်တော့လတံ့။တေ၊ထိုစုတေခါနီး သတ္တဝါတို့ကို။စဝမာနာတိ၊ တို့ဟူ၍။အဓိပ္ပေတာ။

(ဂ) စ၊ကား။ယေ၊အကြင်သတ္တဝါတို့သည်။ဂဟိတပဋိသန္ဓိကာ။ယူအပ်ပြီးသော ပဋိသန္ဓေရှိကုန်၏။ဝါ-တစ်နည်း။သမ္ဘတိနိဗ္ဗတ္တာ၊ဖြစ်ပြီး၍ ယခု တခဏရှိကုန်၏။(ဝါ) ဖြစ်ပြီးခါစတို့တည်း။တေ၊ထိုပဋိသန္ဓေနေပြီးကာစ ဖြစ်ပြီးကာစ သတ္တဝါတို့ကို။ဥပပဇ္ဇမာနာတိ၊ အဓိပ္ပေတာ။

(ဃ) ဝေရူပေ၊ ဤသို့ အနာဂတာသန္န၊အတီတာသန္န သဘောရှိကုန်သော။(ဝါ) စုတိခဏ ပဋိသန္ဓေခဏနှင့် ပြည့်စုံခြင်းမရှိကုန်သော။စဝမာနေ၊စုတေခါနီး ဖြစ်သောကုန်သော။တေ သတ္တေ၊တို့ကိုလည်းကောင်း။ဥပပဇ္ဇမာနေ၊ပဋိသန္ဓေနေပြီးကာစ ဖြစ်ပြီးအခါစဖြစ်ကုန်သော၊တေ သတ္တေစ၊တို့ကိုလည်းကောင်း။ပဿာမိ၊ ဣတိ၊ ဒဿေတိ-မြင်စေ၏ [သဒ္ဒတ္ထ] (ဝါ) ပြတော်မူ၏ [အဓိပ္ပါယတ္ထ]။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာသည် (က) ဖြင့် စုတိခဏ၌လည်းကောင်း၊ပဋိသန္ဓေခဏ၌ လည်းကောင်း၊ဒိဗ္ဗစက္ခုဖြင့်မြင်ခြင်းငှာ မတတ်ကောင်းဟု ဖွင့်ဆိုအပ်၏။မာနုပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ဖြစ်၍ စုတိခဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့ကို အလိုရှိအပ်ပါသလော။စဝမာနအရ အဘယ်ပုဂ္ဂိုလ်တို့ကို အလိုရှိအပ်ပါသနည်း။စုဒ်ကြောင့်(ခ) မိန့်။

(ဂ)သို့ အနုသန္ဓေ ။ ။ ဤသို့(ခ) ဖြင့် စဝမာနအရ စုတေခါနီးသတ္တဝါကို ကောက်ယူရမည်ကို ပြဆိုပြီး၍။

http://www.dhammadownload.com


ယခုအခါ၌ ဥပပဇ္ဇနအရ ပဋိသန္ဓေနေပြီးကာစ သတ္တဝါကို ကောက်ယူအပ်သည်ကို ပြလိုသော ဆရာသည် (ဂ)မိန့်။

နံပါတ် (၃)

(က) ပက္ခန္တရ။ (ခ) ဝါကျာရမ္ဘ။(ဂ) ပက္ခန္တရ။။(ဃ)အနွယ။ (တစ်နည်း) ဝါကျာရမ္ဘ။

**စာစပ်။** ။ တွေ့ကား ၌ ပေး၊ အဓိပ္ပေတာ၌ အာဓာရ အာဓာယ်စပ်။

နံပါတ် (၄)

**အာသန္နစုတိကာ။** ။ **အာသန္နာ စုတိ ယေသန္တိ အာသန္နစုတိကာ။**

အာသန္နစုတိ ဗဟုဗ္ဗီဟိအရ နီးသောသေခြင်းသည် မုချ။ထို၏ ယ အညပုဒ်အရ သတ္တဝါနှင့်ဌာနီ/ ဌာနစပ် ဌာနူပစာ။ယအညပုဒ်အရ နီးသောသေခြင်းရှိသော သတ္တဝါ ရ၏။

**ဂဟိတာ။** ။ **ဂဟိယိတ္ထာတိ ဂဟိတာ။**

ဂဟာဓာတ်အရ ကတ္တုဌကား ပဋိသန္ဓေကို ဖြစ်စေတတ်သောကံ ကိလေသာ တို့သည်မုချ။ကမ္မဋ္ဌကား ပဋိသန္ဓေ၏ နာနာက္ခဏိကကမ္မသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။တ ပစ္စည်းအရ ဂဏ္ဌသေယျာက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေရ၏။

**အဓိပ္ပေတာ။** ။ **အဓိပ္ပိယတေ ဣစ္ဆိယတေတိ အဓိပ္ပေတော။**

ဣဓာတ်အရ ကတ္တုဌကား အလိုရှိတတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒပြဋ္ဌာန်းသောစိတ္တု ပ္ပါဒ်သည် မုချ။ကမ္မဋ္ဌကား စုတေခါနီး ပဋိသန္ဓေနေပြီးကာစ သတ္တဝါတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တပစ္စည်းအရ အလိုရှိအပ်သော စုတေခါနီး ပဋိသန္ဓေနေပြီးကာစ သတ္တဝါတို့ ရ၏။

နံပါတ် (၅)

ခဏာ။ ခိ+ယု။ ဒဠှု။ ဒိသ+တုံ။ **အာသန္န။** အာ+သဒ+တ။**နိဗ္ဗတ္တာ။** နိ+ဝတု+တ။

နံပါတ် (၆)

(ခ) **အာသန္နစုတိကာဖြင့်** စဝမာနာ၌ မာနပစ္စည်းသည် သမီပဝတ္တမာန်၌ သက်၍၊စဝမာနအရ စုတေခါနီး သတ္တဝါတို့ကို ကောက်ယူရမည်ကို သိစေပါသည်။**ဣဒါနိ စဝိဿန္တိဖြင့်** စဝမာနာကို စဝိဿန္တီတိ စဝမာနာ- ဟု ဝစနတ္ထပြု၍မာနပစ္စည်း အနာဂတ်ကတ္တားအနက်၌ သက်သည်ကိုလည်းကောင်း၊အနာဂတ သမီပဝတ္တမာန် ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

(ဂ) **ဂဟိတပဋိသန္ဓိကာဖြင့်** ဥပပဇ္ဇမာနအရ ပဋိသန္ဓေနေပြီးကာစ သတ္တဝါတို့ကို ကောက်ယူရမည်ကိုသိစေ။

**သမ္ပတိနိဗ္ဗတ္တာဖြင့်** ဥပပဇ္ဇမာန၌ ပဒဓာတ်သည် ပဝတ္တနဂတိအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ ဥပပဇ္ဇိံသူတိ ဥပပဇ္ဇမာနာ-ဟု ဝစနတ္ထပြု၍ မာနပစ္စည်း အတိတ်ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း၊ အတီတသမီပဝတ္တမာန်ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

နံပါတ် (၇)

(ခ) စဝိဿန္တိ/စဝိဿန္တီတိ...

ဣတိသဒ္ဒေါ အာသန္နောတိပဒေ အာကာရာ-ဟု ယောဇနာ၌ဖွင့်၍ ယင်းအလို ဣတိနှင့်ရှိသော စဝိဿန္တိပါဌ်သင့်။

http://www.dhammadownload.com



အာသန္နသဒ္ဒါသည် အာကာရကိုမငဲ့သောကြောင့်လည်းကောင်း၊များစွာသော ပေတို့၌လည်း ဣတိသဒ္ဒါ မရှိသောကြောင့်လည်းကောင်း၊ဝိသုဒ္ဓိမဂ်ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့၌လည်း ဣတိသဒ္ဒါမပါရှိသောကြောင့် လည်းကောင်း၊မသင့်သည်သာဟု ဂဏ္ဌိသစ်၌ ဆိုသောကြောင့်၊ယင်းအလို စဝိဿန္တိဟု ဣတိမရှိသောပါဌ် သင့်။ဣဒါနိ စဝိဿန္တိသည် အာသန္နစုတိကာ၏ အနုသံဝဏ္ဏနာဖြစ်သောကြောင့် ဣတိ သဒ္ဒါမရှိသင့်ကြောင်းမှာ ထင်ရှားလှတော့၏။

**သမ္ဘတိနိဗ္ဗတ္တာ/သမ္ဘတိနိဗ္ဗတ္တာ ဝါ…**

သမ္ဘတိနိဗ္ဗတ္တာသည် နယန္တရ မဟုတ်၊ဣဒါနိ စဝိဿန္တိကဲ့သို့ ဂဟိတပဋိသန္ဓိကာ၏ အနုသံဝဏ္ဏနာ အဖွင့်မျှသာဖြစ်သောကြောင့် ဝါသဒ္ဒါမရှိသင့် ထိုအလို သမ္ဘတိနိဗ္ဗတ္တာ ပါဌ်သင့်။

ဘာသာဋီကာ၌ ဂဟိတပဋိသန္ဓိကာဖြင့် ဂဗ္ဘသေယျကသတ္တဝါတို့ကို သမ္ဘတိနိဗ္ဗတ္တာဖြင့် သံသေဒဇ ဩပပါတိကာတို့ကို ပြသည်ဟု ခွဲခြားမှုကို ဆိုသောကြောင့် နယန္တရ ဖြစ်သင့်ရကား ဝါဖြင့်ရှိသောပါဌ်သင့်။

နံပါတ် (၉)

**စဝမာနေ။** ။ အနီးဖြစ်သော စုတေဆဲခဏ၏ စဝမာနအမည်ကို အနီးရှိသော စုတေခါနီး သတ္တဝါ၌ တင်သမီပူပစာ။**(တစ်နည်း)** ဌာနဖြစ်သော စုတိခဏ၏ စဝမာနအမည်ကို ဌာနီစုတေခါနီး ပုဂ္ဂိုလ်၌တင် ဌာနူပစာ။

နံပါတ် (၁၀)

**အစိမ္ပေတ၌ ဓာတ်အရ။** ။ ဆန္ဒပြဋ္ဌာန်းသော မဟာကြိယာဉာဏ်သမ္ပယုတ် စိတ္တုပ္ပါဒ်ကောက်။

***************

**ပါဠိကျမ်းစဉ် (၁၈၈)**

(က) သုဂတောတိ သုဂတိဂတော။
(ခ) အလောဘာနိဿန္ဒယုတ္တတ္တာ ဝါ အဝေ မဟဒ္ဓနေ။
(ဂ) ဒုဂ္ဂတောတိ ဒုဂ္ဂတိဂတော။
(ဃ) လောဘာနိဿန္ဒယုတ္တတ္တာဝါ ဒလိဒ္ဒေ အပ္ပန္နပါနေ။
(င) ယထာကမ္မူပဂေတိ ယံ ယံ ကမ္မံ ဥပစိတံ၊ တေန တေန ဥပဂတေ။
(စ) တတ္ထ ပုရိမေဟိ "စဝမာနေ"တိ အာဒီဟိ ဒိဗ္ဗစက္ခုကိစ္စံ ဝုတ္တံ။
(ဆ) ဣမိနာ ပန ပဒေန ယထာကမ္မူပဂဉာဏကိစ္စံ။ [ဝိ၊ ၂၊ ၁။ ၁၃၃။]

****************

နံပါတ် (၁)

(က) သုဂတိဂတော၊ကောင်းသောဂတိသို့ ရောက်ကုန်သော။[ဝါ]ချမ်းသာသို့ရောက်ကုန်သော။ [ဝါ]ပြည့်စုံခြင်းသို့ ရောက်ကုန်သော။[သဒ္ဓတ္တ] [ဝါ] များသောဥစ္စာရှိကုန်သော။[အဓိပ္ပါယတ္ထ]

(စ) တတ္ထ၊ထိုဒိဗ္ဗစက္ခုပါဠိ၌ စသော ပုဒ်တို့တွင်။[ဂဏ္ဌိသစ်]တစ်နည်း။ထိုစဝမာနေ စသောပုဒ်တို့တွင်။[ယောဇနာ]ပုရိမေဟိပဒေဟိစ၊ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿာမိ-ဟူသောဝါကျ ပုဒ်တို့ဖြင့်လည်းကောင်း။စဝမာနေတိအာဒီဟိ-စဝမာနေ အစရှိကုန်ရှိသော။ပဒေဟိစ၊တို့ဖြင့်လည်းကောင်း။ အာဒီဟီတိ ဧတ္ထ စသဒ္ဒေါလုတ္တနိဒ္ဒိဋ္ဌော။ [ သာရတ္ထ၊ ၁။ ၄၀၁။]

http://www.dhammadownload.com



နံပါတ် (၂)

**(ခ)သို့အနုသန္ဓေ။** ။ ဤသို့ (က)ဖြင့် သုဥပသာရ၏ သုန္ဒရအနက်နှင့် သုန္ဒရံ ဂတာ သုဂတာ-ဟု ဝိဂ္ဂဟ ပြုရမည်ကို ပြဆိုသော်မူပြီး၍။ယခုအခါ၌ သု ဥပသာရ၏ သမ္မိအနက်၊သုခံဂတာ (တစ်နည်း) သမ္မိ ဟုတ္ဝာ ဂတာ သုဂတာဟု ဝိဂ္ဂဟတစ်မျိုးကို ပြတော်မူလိုသော ဆရာသည် [ခ]မိန့်။

**(စ)သို့။** ။ ဆရာသည် (င) ဖြင့် ယထာကမ္မုပဂေ၌ ယထာကမ္မံကို ယံယံ ကမ္မံ ယထာကမ္မံ-ဟု ဝိစ္ဆတ္ထ အဗျယီဘော သမာသ်ကိုလည်းကောင်း၊ယထာကမ္မံ ဥပဂါ ယထာကမ္မုပဂါ-ဟု ကိတန္တတတိယာ သမာသ် ဝစနတ္ထကိုလည်းကောင်း ဖွင့်ပြအပ်၏။(တစ်နည်း) ဆရာပါဠိတော်၌ အရှင်ဥပါလိမထေရ်သည်(ဝါ) သင်္ဂါယနာတင် မထေရ်တို့သည် ဒိဗ္ဗေန စက္ခုနာစသော ပုဒ်တို့ကို ဟောဆိုတော်မူအပ်၏။ထိုပုဒ်တို့ဖြင့် အဘယ်ကိစ္စကို ဆိုအပ်ပါသနည်း။ယထာကမ္မုပဂဉာဏကိစ္စကို ဆိုအပ်ပါသလော။ စုဒ်ကြောင့် [စ]မိန့်။

**(ဆ)သို့။** ။ ဆရာသည် (စ)ဖြင့် ဒိဗ္ဗေန စက္ခုနာ စသော ရှေ့ပုဒ်၊ စဝမာနေစသော ပုဒ်တို့ဖြင့် ဒိဗ္ဗစက္ခုကိစ္စကို ဆိုအပ်၏ဟု ဖွင့်ဆိုတော်မူအပ်၏။ယထာကမ္မုပဂေ စသောပုဒ်ဖြင့်လည်း ဒိဗ္ဗစက္ခုကိစ္စကိုပင် ဆိုအပ်ပါသလော၊ အဘယ်သို့ မှတ်သားအပ်ပါသည်။ စုဒ်ကြောင့် [ဆ]မိန့်။

နံပတ် (၃)

(က) ပက္ခန္တရ။ (ခ) နယန္တရပက္ခန္တရ။ (ဂ) ပက္ခန္တရ။ (ဃ) နယန္တရပက္ခန္တရ။ (င) ပက္ခန္တရ။ (စ) ဝိတ္ထာရ။(ဆ) ပက္ခန္တရ။

နံပါတ် (၄)

**ဒလိဒ္ဒ။** ။ **ဒလိဒ္ဒန္တီတိ ဒလိဒ္ဒါ။**

ဒလိဒ္ဒဓာတ်အရ ဆင်းရဲခြင်းသို့ ရောက်ကုန်သောပုဂ္ဂိုလ်တို့၏ စတုသမုဋ္ဌာနိက ရုပ်တို့၏ ဒုက္ခဝေဒနာကို ခံစားခြင်းသည် မုချ။ရှေးရှေးသော အကုသိုလ်ကံတို့သည် ဖလူပစာ။နောက်နောက်သော ဒုက္ခဝေဒနာတို့သည် ကာရဏူပစာ။အပစ္စည်းအရ ထို-သော ဆင်းရဲခြင်းသို့ ရောက်ကုန်သော ပုဂ္ဂိုလ်တို့ရှိ၏။

**ခေ။** ။ **မမယိဒံ ခေယိတဗ္ဗံ သဒ္ဒယိတဗ္ဗန္တိ ခနံ။ (တစ်နည်း) ခေိယတေ သဒ္ဒိယတောတိ ခနံ။**

ခနဓာတ်အရ ကတ္တားဖြစ်သော ငါ့ဥစ္စာဟု အသံပြုသောပုဂ္ဂိုလ်၏ လောဘမူလရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌကား ဥစ္စာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။အပစ္စည်းအရ ထိုသော ဥစ္စာ ရှိ၏

**မဟဒ္ဓနာ ။** ။ **မဟန္တံ ခနံ ယေသန္တိ မဟဒ္ဓနာ။**

**အန္နပါန ။** ။ **အဒီယတေ ဘက္ခိယတောတိ အန္နံ။[အဒ+အ] အန္နဥ္စ ပါနဥ္စ အန္နပါနံ။**

အန္န ရှေ့ပုဒ်အရ အစာသည် မုချ။ထို၏ ပါနဟူသော နောက်ပုဒ်အရ သောက်ဖွယ်နှင့် စားခြင်းသောက်ခြင်း ကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမည ပေက္ခသမ္ဗန်သည် ဌာနူပစာ။ ပုဒ်လုံးအရ ထို-သော စားဖွယ်သောက်ဖွယ်ရှိ၏။

**အပ္ပန္နပါနာ ။** ။ **အပ္ပံ အန္နပါနံ ယေသန္တိ အပ္ပန္နပါနာ။**

**အဃ။** ။ **ခနံ အဇ္ဈာယန္တီတိ အဃာ။**

နံပါတ် (၅)

အဃ။ အာ+ဈေ+က ပစ္စည်း။(ကအနုဗန်ချေ၊ဇလော၊အာကိုအရဿပြုက အဇ္ဈပြီး၏။ဝိသောဒရာဒိဂိုဏ်း

http://www.dhammadownload.com



ဖြစ်၍ ရှုကိုပုပြု၍ ဒံပုပြီး၏။ [ဘာဋီ]

**(တစ်နည်း)** အာ+ရှေ+ကပစ္စည်း၊က အနုဗန်ချေ ရှုခွင်းချေကပ်၊သုတ်ကြီးဖြင့် ရှုကို ပပြု အသဒိသ ဒွေတော် ဥလာ ရဿပြု၊အပု ပြီး၏။ [ဓာန်ဋီ]

**ဂတိ**။ ဂမု+တိ။ **လောဘာ**။ လုဘ+ဏ။ **နိဿန္ဒ**။ နိ+သဒ+ဏ။ **ယုတ္တ**။ ယုဇ+တ။

**အပ္ပ**။ အလ+ပ [**တစ်နည်း**] အပ+ပ။ **ဥပစိတ**။ ဥပ+စိ+တ [ဥပစီယတေတိ ဥပစိတံ]။

နံပါတ် (၆)

**(က)** **သုဂတိဂတေဖြင့်** သုဂတေ၌ သုဥပသာရသည် သုန္ဒရ အနက်ကိုဟော၍၊ကောင်းသော ဂတိကိုကောက်ယူရမည်ကို လည်းကောင်း၊သုန္ဒရံ ဂတာ သုဂတာဟု ဒု-တပ္ပုရိသ်ဝစနတ္ထ ပြုရမည်ကို လည်းကောင်းသိစေ။

**(ခ)** **အဗေုဖြင့်** သုဂတေ၌ သုဥပသာရသည် သမိဒ္ဓိအနက်ကိုဟော၍၊သု သမိဒ္ဓိ ဟုတ္ဝာ ဂတာ သုဂတာဟု[**တစ်နည်း**] သုခံ ဂတာ သုဂတာဟု ဝစနတ္ထပြု၍ ကြွယ်ဝချမ်းသာသူကို ကောက်ယူရမည်ကို သိစေပါသည်။

**မဟာဒ္ဓနာဖြင့်** ကြွယ်ဝသူဟူသည် များသော စည်းစိမ်ဥစ္စာရှိသူဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

**လောဘနိဿန္ဒယုတ္တတ္တာဖြင့်** ယင်းသမိဒ္ဓိဘာဝကား အလောဘ အဇ္ဈာသယရှိကုန်သော သတ္တဝါတို့သည် မစ္ဆေရကင်း၍ အလောဘဟူသော အားကြီးသော မှီရာအကြောင်းကံကြောင့် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

**(ဂ)** **ဒုဂ္ဂတိဂတေဖြင့်** ဒု-ဥပသာရသည် ဒုဂ္ဂတိဘောဂဏ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ ဒုဂ္ဂတိအနက်ကို (ဝါ)ကိစ္စတ္ထပြုရမည်ကိုလည်းကောင်း၊[**တစ်နည်း**] ဒု ကိစ္ဆံ ဂတာ ဒုဂ္ဂတာဟု ဝစနတ္ထပြု၍၊ဒုဥပသာရပုဒ်အရ ဒုဂ္ဂတိကို ကောက်ယူရမည်ကို လည်းကောင်း သိစေပါသည်။

**(ဃ)** **ယံ ယံ ကမ္မံဖြင့်** ယထာကမ္မံကို ယံ ယံ ကမ္မံ ယထာကမ္မံဟု ဝိစ္ဆတ္ထအဗျယီဘောသမာသ် ဝစနတ္ထပြုရမည်ကို သိစေပါသည်။**ဥပစိတံဖြင့်** ယထာကမ္မအရ အခွင့်သာလျှင် အကျိုးပေးနိုင်လောက်သော များစွာ ဆည်းပူးအပ်သောကံကို ကောက်ယူရမည်ကို သိစေပါသည်။

**ဥပဂတေဖြင့်** ဥပဂါဖြင့် ယထာကမ္မူပဂေကို ယထာကမ္မေန ဥပဂါ ယထာကမ္မူပဂါဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြု၍ သမာသ်အလယ်၌ ဒီဃပြု၍ ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

နံပါတ် (၇)

**ဒလိဒ္ဒ/ဒလိဒ္ဒ...**

ဒလိဒ္ဒ ဒုဂ္ဂတိယံ အ၊ ဒလ ဝိဒါရဏေ ဝါ ဣဒေါဟု အဘိဓာန်ဋီကာ၌ ဆိုသောကြောင့်လည်းကောင်း၊ ဂရု ပန ကစ္စာယနမတိဝသေန ဒလဒုဂ္ဂတိမှီတိ ဒုဂ္ဂတိဝါစကာ ဒလဓာတုတော ဣဒ္ဒပစ္စယံ ကတွာ ဒလိဒ္ဒေါတိ နာမပဒံ ဒဿေတုံ ဤသို့ သဒ္ဒနီတိ၌ ဆိုသောကြောင့်လည်းကောင်း ဒ္ဒ-ဖြင့်ရှိသော ဒလိဒ္ဒပါဌ်သာသင့်။

နံပါတ် (၈)

**(စ)စဝမာနေတိ အာဒီဟိ**။ ။ အကြောင်းဖြစ်သော အာရုံဝစမာနသတ္တဝါ စသည်တို့၏အမည်ကို အကျိုး အာရမ္မဏိက ဒိဗ္ဗစက္ခုကိစ္စ၌တင် ကာရဏူပစာ။နာနုန္တရိကနည်း။

ဝိသယမှခေန ဝိသယိဗျာပါရမာဟ။ [သာရတ္ထ ၊ ၁။ ၄၀၁။]

**ဣမိနာ ပဒေန**။ ။ အစိတ်ဖြစ်သော ယထာကမ္မူပဂေ၏ ဣမိနာပဒေန အမည်ကို အပေါင်းဖြစ်သော

http://www.dhammadownload.com



ယထာကမ္မူပဂေ သတ္တေ ပဇာနာမိ ဟူသော ဝါကျ၌တင် ကေဒေသူပစာ၊ ပဇာနန္တိ။

## နံပါတ် (၁၀)

**ဒုဂ္ဂတိအရ**။ အကုသလဝိပါတ် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ္တုပ္ပါဒ်၊ ယင်းစိတ္တုပ္ပါဒ်နှင့် အတူဥပါဒ်သော ကဋတ္တာရုပ် ကောက်။

****************

## ဝါကျစဉ် (၁၀၉)

(က) ဣမဿ ဝိသုံ ပရိကမ္မံ နာမ နတ္ထိ၊ ယထာစိမဿ ဧဝံ အနာဂတံသဉာဏဿပိ။

( ခ ) ဒိဗ္ဗစက္ခုပါဒကာနေဝ ဟိ ဣမာနိ ဒိဗ္ဗစက္ခုနာ သဟေဝ ဣဇ္ဈန္တိ။

( ဂ ) ကာယဒုစ္စရိတာနာတိအာဒီသု ဒုဋ္ဌု စရိတံ။

(ဃ) ဒုဋ္ဌံ ဝါ စရိတံ ကိလေသပူတိကတ္တာတိ ဒုစ္စရိတံ။

( င ) ကာယေန ဒုစ္စရိတံ ကာယတော ဝါ ဥပ္ပန္နံ ဒုစ္စရိတန္တိ **ကာယဒုစ္စရိတံ**။[ဝိ၊ ၄၁၁။ ၁၃၄။]

*****************

## နံပါတ် (၁)

**(က)** ဣမဿ၊ဤယထာကမ္မူပဂဉာဏ်၏။ဝိသုံ၊ဒိဗ္ဗစက္ခုဉာဏ်၏ ပရိကံမှအသီး။ပရိကမ္မံနာမ နတ္ထိ။စ၊ဆက်။ ဣမဿ၊ဤယထာကမ္မူပဂဉာဏ်၏၊[ဝိသုံ ပရိကမ္မံ နတ္ထိ] ယထာ၊ကဲ့သို့။ဧဝံ အနာဂတံသဉာဏဿပိ၊၏ လည်း။ [ဝိသုံ ပရိကမ္မံ နတ္ထိ]

**(ခ)** ဟိ၊မှန်။(ဝါ)ဟိယသ္မာ။ဣမာနိ၊ဤယထာကမ္မူပဂဉာဏ် အနာဂတံသဉာဏ်တို့သည်။ဒိဗ္ဗစက္ခုပါဒကာနေဝ၊ဒိဗ္ဗစက္ခုဉာဏ်လျှင် အခြေရှိကုန်သည်သာလျှင်။[ဟုတ္ဂာ] ဒိဗ္ဗစက္ခုနာ၊နှင့်။သဟေဝ။ဣဇ္ဈန္တိ၊ ပြည့်စုံကုန်၏။ [တသ္မာ၊ ဝိသုံ၊ ပရိကမ္မံ၊ နတ္ထိ]

**ကာယဒုစ္စရိတေနကို အဖွင့်နှင့်အညီအနက်**-ကာယဒုစ္စရိတေန၊ကာယဒွါရဖြင့် မကောင်းသဖြင့် ကျင့်အပ်သော အကျင့်နှင့်။(ဝါ) ကာယဒွါရကြောင့်ဖြစ်သော ပျက်သောအကျင့်နှင့်။ [သမန္နာဂတာစပ်]

**(ဂ)** ဒုဋ္ဌု၊စက်ဆုပ်ဖွယ်။(ဝါ)မကောင်းသဖြင့်။စရိတံ၊ကျင့်အပ်သောကံတည်း။ဣတိ၊ကြောင့်။ဒုစ္စရိတံ၊မည်၏။

**(ဃ)** ဝါ၊တစ်နည်း။ကိလေသပူတိကတ္တာ၊ပုပ်သိုးသော ကိလေသာရှိသည်၏အဖြစ်ကြောင့်။(ဝါ) ပုပ်သိုးသော ဝတ္ထုကဲ့သို့သော ကိလေသာရှိသည်၏အဖြစ်ကြောင့်။ဒုဋ္ဌံ၊ပျက်သော။[**တစ်နည်း**]ဒုဋ္ဌု၊စက်ဆုပ်အပ်သော။ (ဝါ) မကောင်းသော။စရိတံ၊တည်း။ဣတိ ဒုစ္စရိတံ။

**(ဂ)** ကာယေန၊စောပနကာယဖြင့်၊ ဒုစ္စရိတံ၊မကောင်းသဖြင့် ကျင့်အပ်လေ့ကျက်အပ်သောကံတည်း။ကာယ ဒုစ္စရိတံ၊ကံ။ဝါ၊တစ်နည်းကား။ကာယတော၊စောပနကာယကြောင့်။ဥပ္ပန္နံ၊သော။ဒုစ္စရိတံ၊ ပျက်သောအကျင့် တည်း။ဣတိ ကာယဒုစ္စရိတံ၊ မည်၏။

## နံပါတ် (၂)

**(ခ)သို့**။ ။ ဆရာသည်(က)ဖြင့် ယထာကမ္မူပဂဉာဏ် အနာဂတံသဉာဏ်နှစ်ပါးတို့အား ဒိဗ္ဗစက္ခုမှ သီးခြား ပရိကမ်မရှိဟု ဖွင့်ဆိုတော်မူအပ်၏။ယင်းဉာဏ်နှစ်ပါးတို့သည်ကား ဒိဗ္ဗစက္ခုဉာဏ်မှ အသီးအခြားဉာဏ်တို့ပင် ဖြစ်ကြကုန်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ယင်းဉာဏ်နှစ်ပါးတို့အား ဒိဗ္ဗစက္ခုမှ

http://www.dhammadownload.com



သီးခြားပရိကမ်မရှိဟု ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။ [ဂဏ္ဌိသစ်]

**ကား** ။။ ဤဉာဏ်နှစ်ပါးတို့သည် ဒိဗ္ဗစက္ခုဉာဏ်မှ အသီးအခြားဉာဏ်တို့ဖြစ် ကြကုန်သော်လည်း ဒိဗ္ဗစက္ခု သာလျှင် အခြေခံရှိကုန်သည်ဖြစ်၍ ဒိဗ္ဗစက္ခုနှင့်တကွသာလျှင် ပြည့်စုံသောကြောင့် ယင်းဉာဏ်နှစ်ပါးတို့အား ဒိဗ္ဗစက္ခုမှ သီးခြားပရိကမ်မရှိဟု ငါဖွင့်ဆိုအပ်၏ ဟူလို။

[မဟာပုရိသဖြစ်သောပုဂ္ဂိုလ်တို့အား ပရိကမ်မရှိ၊ရှေးရှုဆောင်ကာမျှဖြင့် ပြီးသကဲ့သို့ပြီးရကား သီး ခြားပရိကမ်မရှိဟု မိန့်အပ်ပါသလော။] [ဂဏ္ဌိဟောင်း]

**(ဃ)သို့ အနုသန္ဓေ**။ ။ ဤသို့ (ဂ)ဖြင့် ဒုစ္စရိတံ၌ ဒု ဥပသာရ၏ ဒုဋ္ဌု[ကုစ္ဆိတ]အနက်နှင့် ဒုဋ္ဌု စရိတံ ဒုစ္စရိတံ-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို ဖွင့်ပြတော်မူပြီး၍။ယခုအခါ၌ ဒု ဥပသာရ၏ ဒုဋ္ဌ [ပျက်စီးခြင်း]အနက်နှင့် ဒုဋ္ဌံ စရိတံ ဒုစ္စရိတံ-ဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထ နည်းတစ်ပါးကို ပြတော် မူလိုသော ဆရာသည် (ဃ) မိန့်။

နံပါတ် (၃)

(က) ဝါကျာရမ္ဘ။ (ခ) ဒဠှီ။[တစ်နည်း] ကာရဏ။ (ဂ) ပက္ခန္တရ။

(ဃ) နယန္တရပက္ခန္တရ။(င) ဝါကျာရမ္ဘ။ [တစ်နည်း] ပက္ခန္တရ။ အပေါင်းဝစနတ္ထကို အဘယ်သို့ မှတ်သားအပ်ပါသနည်း ဟူသော စောဒနာကိုပယ်လို၍ ဆက်လက်အားထုတ်သောကြောင့်။

**စာစပ်**။ ။ ဒိဗ္ဗစက္ခုနှာကားနှင့် ပေးသဟာ၌ သဟယောဂ/သဟကား သဟယောဂဝန္တ။

နံပါတ် (၄)

**အနာဂတံသဉာဏံ**။ ။**အနာဂတံသေသု ပဝတ္တံ ဉာဏံ အနာဂတံသဉာဏံ**။

အနာဂတံသ ဝိသေသနအရ အနာဂတ်အဖို့၌ဖြစ်သော အတ္တဘောတို့သည် မှချ။ထို-၏ ယင်းအတ္တ ဘောတို့ကို အာရုံပြု၍ဖြစ်သော ဉာဏ်နှင့်အကြောင်း အကျိုး အာရုံ/အာရမ္မဏိက စပ် ဌာနူ။ပုဒ်လုံးအရ- ထို သော အနာဂတ်အဖို့ အတ္တဘောတို့၌ဖြစ်သော (ဝါ) သိသော ဉာဏ်ရ၏။

**ကိလေသပ္ပတိကတ္တံ**။ ။ **ကိလေသော ပူတိ ဧတဿာတိ ကိလေသပူတိကံ**။

**ကိလေသပူတိကဿ ဘာဝေါ ကိလေသပူတိကတ္တံ**။

ကိလေသ ပူတိ ဗဟုဗ္ဗီှအရ ကိလေသာဟူသော အပုပ်သည် မှချ။ထို-၏ ဧတအညပုဒ်အရ ဒုစရိုက်နှင့် အကြောင်း/အကျိုးစပ် ဌာနူပစာ။ဧတ အညပုဒ်အရ ကိလေသာဟူသော အပုဒ်ရှိသော ဒုစရိုက်ရ၏။

ကိလေသပူတိကတဒ္ဓိတ်အရ ကိလေသာဟူသော အပုပ်ရှိသော ဒုစရိုက်သည် မှချ။ထို-၏ တ္တပစ္စည်း အရ ကိလေသာအပုပ်နှင့် နိဿယ/နိဿိတ စပ် ဌာနူပစာ။တ္တ ပစ္စည်းအရ ထိုသော ကိလေသာဟူသော အပုဒ်ရှိသော ဒုစရိုက်၏ ဖြစ်ကြောင်းဖြစ်ရာ ကိလေသာပုပ် ရ၏။

**ဒိဗ္ဗစက္ခုပါဒကာနိ**။ ။ **ဒိဗ္ဗစက္ခု ပါဒံ ဧတေသန္တိ ဒိဗ္ဗစက္ခုပါဒကာနိ**။

နံပါတ် (၅)

**အံသ**။ အန+သ။ **အနာဂတ**။ န+အာ+ဂမု။ **ပါဒက**။ ပဒ+ဏျ။ဒုဋ္ဌ။ ဒုသ+တ။

နံပါတ် (၆)

(ဂ) ဒုဋ္ဌုစရိတံဖြင့် ဒုစ္စရိတံ၌ ဒု-ပုဒ် စရိတပုဒ် ဒုဥပသာရသည် ဒုဋ္ဌုအနက်၌ဖြစ်သည်ကို လည်းကောင်း၊

http://www.dhammadownload.com



ဒုဋ္ဌု စရိတံ ဒုစရိတံဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍၊စဒွေးတော်လာ၍ ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

**(ဃ) ဒုဋ္ဌံ စရိတံဖြင့်** ဒုဥပသာရပုဒ်သည် ဒုဋ္ဌအနက်၌ ဒုဋ္ဌံ စရိတံ ဒုစ္စရိတံဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထ ပြု၍၊စဒွေတော်လာ၍ပြီးသည်ကိုလည်းကောင်း သိစေပါသည်။**ကိလေသပူတိကတ္တာဖြင့်** ပျက်စီးခြင်းဟူသည် ကိလေသာတို့ဖြင့် ပုပ်နေသောကြောင့် ပျက်စီး၏ဟု ပျက်စီးခြင်းအကြောင်းကို သိစေပါသည်။

**(င) ကာယေန ဒုစ္စရိတံဖြင့်** ကာယဒုစ္စရိတံပုဒ်ကို ကာယေန ဒုစ္စရိတံ ကာယဒုစ္စရိတံဟု တတိယာတပ္ပု ရိသ်သမာသ် ဝစနတ္ထပြု၍၊ယင်းသမာသ်၏ ကရိဏ်းအနက်၌ဖြစ်သည်ကို သိစေပါသည်။

**ကာယတော ဥပ္ပန္နံ ဒုစ္စရိတံဖြင့်** ကာယတော ဥပ္ပန္နံ ဒုစ္စရိတံ ကာယဒုစ္စရိတံဟု မဇ္ဈေလောပီ ပဉ္စမီ တပ္ပုရိသ်မာသ် ဝစနတ္ထပြု၍၊ယင်းသမာသ်၏ ကရဏအနက်၌ဖြစ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ဒုဋ္ဌံ ဝါ စရိတံ/ဒုဋ္ဌုံ ဝါ စရိတံ/ဒုဋ္ဌု ဝါ စရိတံ...**

ကာယတော ဝါ ဥပ္ပန္နံ ကိလေသပူတိကတ္တာ ဒုဋ္ဌု စရိတံ ကာယဒုစ္စရိတံဟု သာရတ္ထ၌ဆိုသောကြောင့် လည်းကောင်း။ဒုဋ္ဌုသဒ္ဒါသည် ကုစ္ဆိတတ္ထ၊ဒုဋ္ဌု ကုဇ္ဇနွေတေ ကုစ္ဆိတဗ္ဗေ-ဟု သဒ္ဒနီတိ၌ဆိုသောကြောင့် လည်းကောင်း၊ဒုဋ္ဌုံဟု နိဂ္ဂဟိတန္တနှင့်ရှိတတ်၏ နိပါတ်ပုဒ်ဖြစ်သောကြောင့် မသင့်ဟု ဂဏ္ဌိသစ်၌ ဆိုသော ကြောင့်လည်းကောင်း၊ဒုဋ္ဌုံဝါ ဟုရှိသည်ကား မကောင်းဟု ဘာဋီ၌ဆိုသောကြောင့်လည်းကောင်း၊ ဒုဋ္ဌု ဝါ စရိတံ ပါဠ် သင့်။

ဒုဥပသာရပုဒ်၊ဒုဋ္ဌဟူသော နာမ်ပုဒ်ဖြင့် ဖလှယ်၍ ဝိဂ္ဂဟပြုရာသောကြောင့် ယင်းပုဒ်နောင် စရိတံနှင့် အရတူစွာ သိဝိဘတ်ကို အံပြု၍ ပြီးသောကြောင်းလည်းကောင်း၊ဒုဥပသာရ၏ဒုဋ္ဌအနက်ကို သိနိုင်သောကြောင့် လည်းကောင်း ဒုဋ္ဌံ ဝါ စရိတံ ပါဠ်လည်းသင့်။

**မှတ်ချက်**။။ဒုဋ္ဌုနိပါတ်ပုဒ်နောင် နိဂ္ဂဟိတာဂမကြံ၍လည်းကောင်း၊ ဝိဘတ္တိယုတ္တနိပါတ် ကြံ၍လည်းကောင်း ပြီးနိုင်သောကြောင့် ဒုဋ္ဌုံ ဝါ ပါဠ်လည်း သင့်သေး၏ဟု မှတ်ချက် တစ်နည်း ပြုထားသေး၏။

နံပါတ် (၈)

**ကာယေန**။။ အပေါင်းဖြစ်သော ပသာဒကာယ၊စောပနကာယံတို့၏ ကာယအမည်ကို အစိတ်ဖြစ်သော စောပနကာယ၌တင် ကေဒေသျူပစာ။**ကာယောတိစေတ္ထ စောပနကာယော အဓိပ္ပေတော**။သာရတ္ထ၊၁။ ၄၀၃။ **(တစ်နည်း)** ဌာန ပသာဒကာယ၏ ကာယအမည်ကို ဌာနီကာယဝိညတ်ဟူသော စောပနကာယ၌တင် ဌာနူပစာ။

**(င) ဝါကျနည်း**။။ ကာယေနဖြင့် (ဂ) ဝါကျ၌ရှိသော ဒုဋ္ဌု စရိတံ၊ကာယတော ဝါ ဥပ္ပန္နံဖြင့် (ဃ) ဝါကျ၌ရှိသော ဒုဋ္ဌံ စရိတံ အနက်တို့ကို အစဉ်အတိုင်းယူ အပ်သောကြောင့် ယထက္ကမနည်း။

**ကိလေသပူတိက**။။ ။အတူဖြစ်သော ပုပ်သိုးနိုင်ကောင်းသော ဝတ္ထု၏ အမည်ကို၊အတူဖြစ်သော မပုပ် သိုးနိုင်သောကိလေသာ၌ တင် သဒိသူပစာ။(တစ်နည်း) တဒ္ဓမ္မူပစာတင်။

နံပါတ် (၁၀)

**ကာယဒုစ္စရိတံ အရ**။ ။ လောဘမူ ဒေါသမူ၌ရှိသော စေတနာကောက်။

http://www.dhammadownload.com



**ပါဠိကျမ်းစဉ် (၁၁၀)**

(က) **မိစ္ဆာဒိဋ္ဌိကာတိ** ဝိပရီတဒဿနာ။

(ခ) **မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာတိ** မိစ္ဆာဒိဋ္ဌိဝသေန သမာဒိန္နနာနာဝိဓကမ္မာ။

(ဂ) ယေ စ မိစ္ဆာဒိဋ္ဌိမူလကေသု ကာယကမ္မာဒိသု အညေပိ သမာဒပေန္တိ။

(ဃ) တတ္ထ ဝစီဒုစ္စရိတဂ္ဂဟဏေနေဝ အရိယူပဝါဒေ၊မနောဒုစ္စရိတဂ္ဂဟဏေနစ မိစ္ဆာဒိဋ္ဌိယာ သင်္ဂဟိတာယပိ ဣမေသံ ဒွိန္နံ ပုန ဝစနံ မဟာသာဝဇ္ဇဘာဝဒဿနတ္ထန္တိ ဝေဒိတဗ္ဗံ။

(င) မဟာသာဝဇ္ဇော ဟိ အရိယူပဝါဒေါ အာနန္တရိယသဒိသော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၅။]

****************

နံပါတ် (၁)

မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ-မိစ္ဆာဒိဋ္ဌိဖြင့် ဆောက်တည်အပ်သော အထူးထူးသော ကံရှိကုန်သော။(ဝါ) မိစ္ဆာဒိဋ္ဌိကြောင့် ကာယကံစသည်တို့၌ သူတစ်ပါးတို့ကို ဆောက်တည်စေတတ်ကုန်သော။

(က) ဝိပရီတဒဿနာ၊ ဖောက်ပြန်သော အမြင်ရှိကုန်၏။(ဝါ) မှားသောအယူရှိကုန်၏။

(ခ) သမာဒိန္နနာနာဝိဓကမ္မာ၊ ဆောက်တည်အပ်သော အထူးထူး အပြားပြားသောကံရှိကုန်၏။

(ဂ) စ၊ ဆက်၊ယေ၊အကြင်သတ္တဝါတို့သည်။မိစ္ဆာဒိဋ္ဌိမူလကေသု၊မိစ္ဆာဒိဋ္ဌိလျှင် အကြောင်းရင်းရှိကုန်သော။ ကာယကမ္မာဒိသု၊တို့၌။အညေပိ၊တို့ကိုလည်း။သမာဒပေန္တိ။[တေ၊ထိုသတ္တဝါတို့သည်။မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ]

(က) နနု တတ္ထ ဝစီဒုစရိတဂ္ဂဟဏေဝ အရိယူပဝါဒေါ မနောဒုစ္စရိယတဂ္ဂဟဏေနစ မိစ္ဆာဒိဋ္ဌိ သင်္ဂယှတိ။ [သင်္ဂဟိတာ]

(ခ) အထ ကိမတ္ထံ အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာတိ ပါဠိယံ ပုန ဝုတ္တာ။

(ဂ) နနု ဣမေသံ ဒွိန္နံ ပုန ဝစနံ မဟာသာဝဇ္ဇဘာဝဒဿနတ္ထံ။

(ဃ) အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာတိ ပါဠိယံ ပုန ဝုတ္တာ။

တတ္ထ၊တေသု အရိယူပဝါဒမိစ္ဆာဒိဋ္ဌီသု၊တို့တွင်။[ဂဏ္ဍိသစ်](တစ်နည်း:)တတ္ထ-တေသု အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာတိပဒေသု၊တို့တွင်။[မအုု]။ဒွိန္နံ၊အရိယူပဝါဒ မိစ္ဆာဒိဋ္ဌိတို့၏ အစွမ်းဖြင့်နှစ်ပါးကုန်သော။ဣမေသံ ကမ္မာနံ၊တို့ကို။ပုန၊တစ်ဖန်။ဝစနံ၊ဟောတော်မူခြင်းသည်။ဒွိန္နံ၊ကုန်သော။ဣမေသံ ကမ္မာနံ၊တို့၏။ (ဝါ)တို့သည်။မဟာသာဝဇ္ဇဘာဝဒဿနတ္ထံ၊ကြီးသောအပြစ်ရှိသည်အဖြစ်ကို ပြခြင်းအကျိုးရှိ၏။

နံပါတ် (၂)

**(ဂ)သို့ အနုသန္ဓေ။** ။ ဤသို့ (ခ)ဖြင့် သမာဒါနပုဒ်ကို သမာဒိယန္တေတိ သမာဒါနာနိ-ဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ကမ္မအရ နာနာဝိဓကံတို့ကို ကောက်ယူရမည်ကိုလည်းကောင်း၊ကမ္မသမာဒါနာပုဒ်ကို ကမ္မာနိ သမာဒါနာနိ ယေသန္တိ ကမ္မသမာဒါနာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ အသီးသီး ဖွင့်ပြတော်မူပြီး၊ယခုအခါ၌ သမာဒါနာကို သမာဒပေန္တီတိ သမာဒါနာ-ဟု ဟေတုကတ္တုသာဓန ဝစနတ္ထကိုလည်းကောင်း၊ကမ္မအရ ကာယကံ စသည်ကိုကောက်ယူရမည်ကိုလည်းကောင်း၊ကမ္မနှင့်သမာဒါနာ ကို ကမ္မေသု သမာဒါနာ ကမ္မသမာဒါနာ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊

http://www.dhammadownload.com



နည်းတစ်ပါးကို ပြတော်မူလိုသော ဆရာသည် (ဂ) မိန့်။

**(ဃ)သို့။** ။ ဆရာမြတ်စွာဘုရားသည် အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိ ကမ္မသမာဒါနာဟု ဟောတော်မူ၏။ဝစီဒုစ္စရိတသဒ္ဒါဖြင့် အရိယူပဝါဒကိုလည်းကောင်း၊မနောဒုစ္စရိတသဒ္ဒါဖြင့် မိစ္ဆာဒိဋ္ဌိကို လည်းကောင်း၊သိမ်းယူအပ်ပြီး မဟုတ်ပါလော။ထိုသို့ ဖြစ်လျက် အဘယ်အကျိုးငှာ(ဝါ)အဘယ်ကြောင့်အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ-ဟု အရိယူပဝါဒနှင့် မိစ္ဆာဒိဋ္ဌိကို ထပ်၍ ဟောတော်မူပြန်ပါသနည်း။စုဒ်ကြောင့် (ဃ) မိန့်။

**(တစ်နည်း)** ဠပနာတူ။ယင်းကံနှစ်ပါးတို့၏ မဟာသာဝဇ္ဇဖြစ်ပုံကို အဘယ်သို့ သိအပ်ပါသနည်း။ မဟာသာဝဇ္ဇဖြစ်ပုံ အကျယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

**(က-ခ) ပက္ခန္တရ။ (ဂ) နယန္တရ။(ဃ) ဝါကျာရမ္ဘ။**ပါဠိတော်၌ စောဒနာဖွယ်ရှိ၍ ဆက်တက်ပြသော ကြောင့်။ **(င) ဒဠှီ။** [တစ်နည်း] **ဝိတ္ထာရ။**

**စာစပ် ။** ။ အရိယူပဝါဒေ ကား ကိုပေး၊ သင်္ဂဟိတာယပိ၌ လက္ခဏာဝန္တ၊လက္ခဏာစပ်။
သင်္ဂဟိတာယပိကား သော်လည်းပေး၊ပုန ဝစနံ၌ လက္ခဏ၊လက္ချဝန္တစပ်။

နံပါတ် (၄)

**သာဝဇ္ဇ ။** ။ **ဝဇ္ဇိတဗ္ဗန္တိ ဝဇ္ဇံ။ သံဝိဇ္ဇတိ ဝဇ္ဇံ ယဿာတိ သာဝဇ္ဇာ။**

ဝဒတတ်အရ ကဏ္ဍာပ္ပကား ရှောင်ကြဉ်သောပုဂ္ဂိုလ်၏ ပညာပြဋ္ဌာန်းသော (ဝါ)ယောနိသောမနသိကာရ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည်မုချ။ကမ္မဋ္ဌကား အပြစ်၏ ပကတူပနိဿယသတ္တိ၊အာရမ္မဏူပနိဿယသတ္တိသည် ဖလူပစာ။ယ ပစ္စည်းအရ ထို-သော အပြစ်ရ၏။

သာဝဇ္ဇ ဗဟုဗ္ဗီအရ အပြစ်၏ ထင်ရှားရှိခြင်းဂုဏ်သည် မုချ။ထို-၏ ယ အညပုဒ်အရ အရိယူပဝါဒကံနှင့်အကြောင်း/အကျိုးစပ် ဌာနူပစာ။ယ အညပုဒ်အရ ထို-သောအပြစ်ထင်ရှားရှိသော အရိယူပဝါဒကံရ၏။

**မဟာသာဝဇ္ဇော။** ။ **မဟန္တော သာဝဇ္ဇော မဟာသာဝဇ္ဇော။**

**မိစ္ဆာဒိဋ္ဌိမူလကာနိ။** ။ **မိစ္ဆာဒိဋ္ဌိ မူလံ ယေသန္တိ မိစ္ဆာဒိဋ္ဌိမူလကာနိ။**

**အရိယူပဝါဒေါ ။** ။ **ဥပဝဒတီတိ ဥပဝါဒေါ။အရိယာနံ ဥပဝါဒေါ အရိယူပဝါဒေါ။**

အရိယအရ အရိယာပုဂ္ဂိုလ်သည် မုချ။ထို-၏ စွပ်စွဲခြင်းနှင့် ကမ္မ/ကမ္မီစပ် ဌာနူပစာ။ပုဒ်လုံးအရ အရိယာတို့ကို စွပ်စွဲခြင်းရ၏။

**အာနန္တရိယ။** ။ **နတ္ထိ အန္တရံ ယဿာတိ အနန္တရံ။ အနန္တရေ နိယုတ္တံ အာနန္တရိယံ။**

အာနန္တရ အရ စုတိ၏ အခြားမဲ့သော အကျိုးရ၏။ထို-၏ပဉ္စာနန္တရိယကံနှင့် အကျိုး/အကြောင်းစပ် ဌာနူပစာ။ဏျ ပစ္စည်းအရ ပဉ္စာနန္တရိယ ကံ ရ၏။

**ဝိပရီတဒဿနာ။** ။ **ဝိပရီတံ ဒဿနံ ဧတေသံ သတ္တာနန္တိ ဝိပရီတဒဿနာ။**

နံပါတ် (၅)

**ဝိပရီတ။** ဝိ+ပရိ+ဣ+တ။ **သင်္ဂဟိတ။** သံ+ဂဟ+တ။**အန္တရ။** အတိ+အံရ။

**မူလ။** မူလ+အ။ **သဒိသ။** သပုဗ္ဗ+ဒိသ+အ။[တံ ဝိယ ဒိဿတီသမာနော ဝိယဒိဿတီတိ သဒိသော]

http://www.dhammadownload.com



နံပါတ် (၆)

**(က) ဝိပရီတဒဿနာဖြင့်** မိစ္ဆာဒိဋ္ဌိကာ၌ မိစ္ဆာသဒ္ဒါသည် လာမကစသော အနက်ကိုမဟော၊ဝိပရီတအနက် ဟောသည်ကို လည်းကောင်း၊ဒိဋ္ဌိကို ဒဿနံ ဒိဋ္ဌိ-ဟု ဝစနတ္ထပြု၍၊တိပစ္စည်း ဘာဝသာနေ၌ သက်သည်ကို လည်းကောင်း၊မိစ္ဆာ ဒိဋ္ဌိ ယေသန္တိ မိစ္ဆာဒိဋ္ဌိကာ-ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ သမာသန္တက ပစ္စည်းသက်၍ ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

**(ခ) သမာဒိန္နနာနာဝိဓကမ္မဖြင့်** ကမ္မသမာဒါနာ၌ ကမ္မအရ နာနာဝိဓကံတို့ကို ကောက်ယူရမည်ကို လည်းကောင်း၊သမာဒါနကို သမာဒိယန္တေတိ သမာဒါနာနိ-ဟု ဝစနတ္ထပြု၍၊ယုပစ္စည်း ကမ္မသာနေ၌ သက်သည်ကို လည်းကောင်း၊သမာဒါနာနိ ကမ္မာနိ ယေဟိတိ ကမ္မသမာဒါနာ-ဟု ဗဟုဗ္ဗီသမာ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ သမာဒါနကမ္မ-ဟု ဆိုလိုလျက် ကမ္မသမာဒါနဟု ရှေ့နောက်ပြန်၍ ပြီးသည်ကိုလည်းကောင်းသိစေ။

**မိစ္ဆာဒိဋ္ဌိဝသေနဖြင့်** မိစ္ဆာဒိဋ္ဌိယာ ကမ္မသမာဒါနာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ-ဟု တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကို သိစေပါသည်။

**(ဂ) အညေပိ သမာဒပေန္တိဖြင့်** သမာဒါနာကို သမာဒပေန္တိတိ သမာဒါနာဟု ဟေတုကတ္တုသာနေ ဝစနတ္ထပြု၍၊ယုပစ္စည်း ဟေတုကတ္တုသာနေ၌ သက်သည်ကို လည်းကာင်း သိစေပါသည်။**ကာယကမ္မာဒီသုဖြင့်**ကမ္မ အရ ကာယကံစသည်ကို ကောက်ယူရမည်ကိုလည်းကောင်း၊ကမ္မေသု သမာဒါနာ ကမ္မသမာဒါနာဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

**မိစ္ဆာဒိဋ္ဌိမူလကေသုဖြင့်** မိစ္ဆာဒိဋ္ဌိ အရင်းခံရှိသဖြင့် မိမိကိုယ်တိုင်လည်း အကုသိုလ်ကိုပြုတက်ကြ၊သူ တစ်ပါးတို့ကိုလည်း ပြုဖို့ရန် တိုက်တွန်းဟောပြောတတ်ကြသည်ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

**ထိုဖြင့်** မိစ္ဆာဒိဋ္ဌိ စ တာနိ ကမ္မသမာဒါနာနိစာတိ မိစ္ဆာဒိဋ္ဌိကမ္မမာဒါနာဟု ကမ္မဓာရည်း ဝစနတ္ထပြု ရမည်ကို သိစေပါသည်။[ဘာဋီ][**တစ်နည်း**] မိစ္ဆာဒိဋ္ဌိယာ ကမ္မသမာဒါနာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို သိစေပါသည်။

နံပါတ် (၇)

**(ဃ) တတ္ထ/တတ္ထစ···**

ယောနောဉ် စသဒ္ဒေါ ဝါကျာရမ္ဘောဟု ဆိုသောကြောင့်လည်းကောင်း၊ဤကဲ့သို့သော အရာ၌ ဝိသုဒ္ဓိမဂ်တွင် တတ္ထစ ဝစီဒုစ္စရိတဂ္ဂဟဏေန စသည်ဖြင့် ဆိုသောကြောင့်လည်းကောင်း၊ဝါကျာရမ္ဘဖြစ်၍ ထိုကိုထွန်းပြသော နိပါတ်ပုဒ်လိုသောကြောင့်လည်းကောင်း စ-နိပါတ်ပါသော တတ္ထစ ပါဌ်သာသင့်။

**အညေပိ/အညေဟိပိ/အညေသမ္ပိ···**

ကာရိတ်ကံမှာ ဒုတိယနှင့် တတိယာ ဆဋ္ဌီ သုံးလီဝိဘတ် သက်တုံလတ်ဟု ကျမ်းမြတ်ဤသို့မိန့်သ တည်း-နိယံကို ထောက်၍ သုံးပါဌ်လုံးမှနပါသည်။

နံပါတ် (၈)

**ကမ္မသမာဒါနာ။** ။ ဆောက်တည်အပ်သော အထူးထူးသော ကံရှိကုန်သော (ဝါ) ကာယကံ စသည်တို့၌ ဆောက်တည်စေအပ်ကုန်သောကံရှိကုန်သော-ဟု ဤသို့အနက်ပြားလျက် သဒ္ဒါခြင်းတူသည်၏ အဖြစ်ဖြင့် ညွှန်ပြအပ်သောကြောင့် သာမညနိဒ္ဒေသနည်း။ [တစ်နည်း]ဧကသေသနည်း ။

http://www.dhammadownload.com



**မှတ်ချက်။** ။ ဝိဂြိုဟ်ကွဲ နှစ်ခုပြထားလျှင် သာမညနိဒ္ဒေသနည်း ရသည်ဟု မှတ်။

**အာနန္တရိယသဒိသော။** ။ အကြောင်းဖြစ်သော အကြောင်းကံနှင့်တူခြင်း၏ အာနန္တရိယသဒိသအမည်ကို အကျိုးဖြစ်သော အကျိုးပေးခြင်းနှင့် တူခြင်း၌တင် ကာရကူပစာ။

နံပါတ် (၁၀)

အညေပိ သမာဒပေန္တီ၌ ဓာတ်အရ။ ။ မိစ္ဆာဒိဋ္ဌိမောက္ခ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကောက်။

**************

**ပါကျစဉ် (၁၁၁)**

(က) **ကာယဿ ဘေဒါတိ** ဥပါဒိန္နက္ခန္ဓပရိစ္စာဂါ။

(ခ) **ပရံ မရဏာတိ** တဒနန္တရံ အဘိနိဗ္ဗတ္တက္ခန္ဓဂ္ဂဟဏေ။

(ဂ) အထဝါ **ကာယဿ ဘေဒါတိ** ဇီဝိတိန္ဒြိယဿုပစ္ဆေဒါ။

(ဃ) **ပရံ မရဏာတိ** စုတိစိတ္တတော ဥဒ္ဓံ။

(င) **အပါယန္တိ** ဧဝမာဒိ သဗ္ဗံ နိရယဝေဝစနံ။

(စ) နိရယော ဟိ. သဂ္ဂမောက္ခဟေတုဘူတာ ပုညသမ္မတာ အယာ အပေတတ္တာ။သုခါနံ ဝါ အာယဿ အဘာဝါ **အပါယော**။ [ဝိ၊ ၄ ၊ ၁၊ ၁၃၅။]

***************

နံပါတ် (၁)

သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗအနက်ပေး...

ကာယဿ၊ဥပါဒိန္နကခန္ဓာကိုယ်၏။ဘေဒါ၊ပျက်စီးခြင်းဟူသော။(ဝါ)စွန့်ခြင်းဟူသော။မရဏာ၊ သေခြင်းမှ။ပရံ၊နောက်ဖြစ်သော အသစ်ခန္ဓာယူခြင်း၌။(က-ခ) ရှုသည်။

(**တစ်နည်း**)ကာယဿ၊ဇီဝိတိန္ဒြေ၏။ဘေဒါ၊ဖြတ်ခြင်းကြောင့်။မရဏာ၊စုတိစိတ်မှ။ပရံ၊အထက်ဖြစ်သော ပဋိသန္ဓေစိတ္တက္ခဏ၌။(ဂ-ဃ) ရှုသည်။

အပါယံ၊နတ်ပြည်နိဗ္ဗာန် ရောက်ကြောင်းကောင်းမှုမှ ကင်းသော။(ဝါ)သုခတို့၏ ဖြစ်ပေါ်လာရာဖြစ်သော ကောင်းမှုစသည်တို့၏ သုခသာသဝေတ္တိမှ ကင်းသော။(သဒ္ဒတ္ထ)

နံပါတ်(၂)

(ဂ)သို့ **အနုသန္ဓေ။** ။ ဤသို့ (က) ဖြင့် ကာယ၏ပျက်ခြင်းဟူသည် ဥပါဒိန္နဖြစ်သော ခန္ဓာကိုယ်ကို စွန့်ခြင်းပင်တည်းဟု ကာယအရနှင့် ဘေဒအရ သဘာဝတ္ထတို့ကို ဖွင့်ပြတော်မူပြီး၍။ယခုအခါ၌ ကာယ၏ ပျက်ခြင်းဟူသည် ကာယ၏ တည်ကြောင်းဖြစ်သော ဇီဝိတိန္ဒြေ၏ ဖြတ်ခြင်းပင်တည်းဟု ဖလူပစာအားဖြင့်အကြောင်းဖြစ်သော ဇီဝိတိန္ဒြေ ပျက်စီးခြင်း၌ တင်စား၍ တစ်နည်းအားဖြင့် ပြလိုသော ဆရာသည်[ဂ] မိန့်။

(ဃ)သို့ **အနုသန္ဓေ** ။ ။ ဤသို့ (ခ)ဖြင့် ပရံ မရဏာဟူသည် သေခြင်း၏အခြားမဲ့၌ အသစ်ဖြစ်သော ခန္ဓာကိုယ်ကို ယူခြင်းဟု ပဒတ္ထ ဝေါဟာရတ္ထအားဖြင့် ဖွင့်ပြတော်မူတော်မူပြီး၍။ယခုအခါ၌ ပရံ မရဏာ ဟူသည် စုတိစိတ်မှအထက် ပဋိသန္ဓေစိတ္တက္ခဏဟု မွေအားဖြင့်လည်းကောင်း၊ပရမတ္ထအားဖြင့် လည်းကောင်း၊ နည်းတစ်ပါးကို ပြလိုရကား [ဃ]မိန့်။ [ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ]

http://www.dhammadownload.com



**(စ)သို့ အယုတ္တစောဒနာ။** ။ ဆရာသည် (င) ဖြင့် အပါယ-စသော အလုံးစုံသော သဒ္ဒါသည် နိရယ သဒ္ဒါ၏ ဝေဝုစ်ပရိယာယ် စကားလှယ်ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။သဒ္ဒါအသီးသီးဖြစ်၍ အနက်လည်းအသီး သီးဖြစ်ကောင်းရာသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အနက်တူ ပရိယာယ်ဟု ဆိုခြင်းသည် အသို့လျှင် သင့်နိုင်ပါအံ့နည်း။သဒ္ဒါအနက်ဆန့်ကျင်သော ဝိရောဓိဒေါက သင့်ရောက်ရာ၏။ စုဒ်ကြောင့် [စ] မိန့်။

နံပါတ် (၃)

(ခ) ပကွန္တရ။ (ဂ) နယန္တရ။ (ဃ) ပကွရန္တ။ (င) ပကွန္တရ။ (စ) ဝိတ္ထာရ/ဒဋ္ဌိကရဏ။

**စာစပ်** ။ ။ နိရယောကား သည်ပေး၊ အပါယောဒ္ဓ တုလျက်/လိင်္ဂတ်။

နံပါတ် (၄)

**ဥပါဒိန္နက္ခန္ဓ။** ။ **ဥပေတောဟိ ကမ္မကိလေသေဟိ အာဒီယတေတိ ဥပါဒိန္နော။**

**ဥပါဒိန္နော စ သော ခန္ဓောစာတိ ဥပါဒိန္နက္ခန္ဓော။**

ဥပ ဥပသာရ အရ ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။အာ ရှေးရှိသော ဒါတ်ဓာတ်အရ ကတ္တုပြကား ကံ ကိလေသာတို့သည် မှချ။ကမ္မပြကား ခန္ဓာ၏ပကတူပနိဿယသတ္တိသည် ဖလူပစာ။တပစ္စည်းအရ ထို-သော ဥပါဒိန္နက ခန္ဓာပဥ္စက ဒြပ်ရ၏။

**အယော** ။ ။ **တေိ ဣမသ္မာ သုခန္တိ အယော။**

ဣဓါတ်အရ ကတ္တုပြကား ချမ်းသာ[ဝါ]ကာယိကသုခ စေတသိကသုခ မှချ။အပါဒါနတ္တကား ထို အားတပ်သော ကောင်းမှုကုသိုလ်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ဏပစ္စည်းအရ ကောင်းမှုကုသိုလ် ရ၏။ **(တစ်နည်း) အယန္တိ တေသ္မာ သုခါနီတိ အာယော။**

ဣဓာတ်အရ ကတ္တုပြကား သုခသည်မှချ။အပါဒါနတ္တကား ထိုအားတပ်သော သုခသာခနေသတ္တိ၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ဏ ပစ္စည်းအရ သုခသာခနေသတ္တိ ရ၏

**နိရယော။** ။ **နတ္ထိ အယော ဧတ္ထာတိ နိရယော။**

နိအယဗဟုဗ္ဗိဟိအရ သာယာဖွယ်မရှိခြင်း အဘာဝဘောဂုဏ်သည်မှချ။ထို၏ ဝေအညပုဒ်အရ ငရဲဘုံနှင့် ဠာန်/ဠာနစပ် ဠာနူပစာ။ဝေ အညပုဒ်အရ ထို-သော သာယာဖွယ် မရှိသော ငရဲဘုံရ၏။

**အပါယ** ။ ။ **အယတိ အဿာဒီယတီတိ အယော။အယာ အပေတော အပါယော။**

အယာ ဝိသေသန-အရ ကောင်းမှုသည် မှချ။ထို၏ ကင်းရာဘုံဌာနနှင့် ဌာနီ/ဌာနစပ် ဌာနူ။သမာသ်ပုဒ် လုံးအရ ထို-သော ကုသိုလ်ကောင်းမှုမှ ကင်းသော အပါယ်ဘုံ ရ၏

**တစ်နည်း** ။ ။ **အာယဿ အဘာဝေါ အပါယော။**

နံပါတ် (၅)

**ပရိစ္စာဂ။** ပရိ+စဇ+ဏ။ **အန္တရ။** အတိ+အရ။ **ဘေဒါ။** ဘိဒိ+ဏ။

**ဆေဒါ။** ဆိဒ/ဆိဒိ+ဏ။ **အဂ္ဃ** ။ အဓ+ဂ။ **မောက္ခ။** မုစ+ဏ။

**သမ္မတ။** သံ+မန+တ။ **အပေတ။** အပ+ဣ+တ။

နံပါတ် (၆)

**(က) ဥပါဒိန္နက္ခန္ဓာဖြင့်** ကာယအရ ကာယပဿဒ္ဓိ စသည်၌ကဲ့သို့ နာမကာယ သုံးပါးကို မယူအပ်၊ဥပါ

http://www.dhammadownload.com



ဒိနွကွန္ဒာငါးပါးကို ကောက်ယူအပ်သည်ကိုသိစေပါသည်။[တစ်နည်း]ကာယသဒ္ဒါ ဒေဟာအနက်၌ ဖြစ်သည်ကို သိစေပါသည်။ပရိစ္စာဂါဖြင့် ဘေဒသဒ္ဒါသည် နာနတ္တအနက်၌မဖြစ်၊ပရိစ္စာဂအနက်၌ဖြစ်သည်ကို သိစေပါသည်။[တစ်နည်း] ပျက်စီးခြင်းဟူသည် စွန့်ခြင်းပင်ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

(ခ) **တဒနန္တရံဖြင့်** ပရသဒ္ဒါ၏ ပဋ္ဌာဘာဂအနက်၌ ဖြစ်၍၊ယင်း၌ ဒုတိယာဝိဘတ်သည် သတ္တမီအနက်၌ သက်သက်သည်ကို သိစေပါသည်။**အဘိနိဗ္ဗတ္တက္ခန္ဓဂ္ဂဟဏောဖြင့်** သေခြင်း၏အခြားမဲ့ဟူသည် အသစ်ဖြစ်သော ခန္ဓာကိုယ်ကို ယူခြင်းဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

(ဂ) **ဇီဝိတိန္ဒြိယသဿဖြင့်** ကာယအရ ဇီဝိတိန္ဒြေကို ကောက်ယူရမည်ကို သိစေပါသည်။ဥပစ္ဆေဒါဖြင့် ဘေဒါ၌ ဘိဒဓာတ်သည် ဒွိဓာကရဏအနက်၌ ဖြစ်သည်ကို သိစေပါသည်။

**(ဃ) စုတိစိတ္တတောဖြင့်** မရဏ-သေခြင်းဟူသည် ပရမတ္ထအားဖြင့် စုတိစိတ်ကို ကောက်၍၊မရဏာ၌ အာသည် ပဉ္စမီဝိဘတ်၏ ကာရိယဖြစ်သည်ကို သိစေပါသည်။ဥဒ္ဓံဖြင့် ပရံသဒ္ဒါသည် ဥဒ္ဓံဘာဂအနက်၌ဖြစ်သည်ကို သိစေပါသည်။

## နံပါတ် (၇)

**(ခ) တဒနန္တရံ/တမနန္တရံ...**

တဿ ပရိစ္စာဂဿ အနန္တရံ တဒနန္တရံ ဟု သမာသ်ဖြစ်သည်ကို ယောဇနာ၌ ဖွင့်ဆိုသောကြောင့် သမာသေ ဒေါ တိလိင်္ဂေ-ဟူသော နီတိအရ နိဂ္ဂဟိတ်လာ၊ယင်းနိဂ္ဂဟိတ်ကို ဒ-ပြု၍ ပြီးသောကြောင့် တဒနန္တရံပါ၌သာ သင့်။ဝါကျမဟုတ်၍ နိဂ္ဂဟိတ်ကို မ-မပြုနိုင်။

**ဥပါဒိန္န/ဥပါဒိဏ္ဏ...**

ပုဗ္ဗဏ္ဍ စသည်၌ကဲ့သို့ တပစ္စည်းကို န္န-ပြု၍လည်းကောင်း၊ယင်း န္န-ကိုဏ္ဏပြု၍လည်းကောင်းပြီး နိုင်သောကြောင့် နှစ်ပါ၌လုံးသင့်။

**အဘိနိဗ္ဗတ္တက္ခန္ဓဂ္ဂဟဏော/အဘိနိဗ္ဗတ္တခန္ဓဂ္ဂဟဏာ...**

အဘိနိဗ္ဗတ္တာ ခန္ဓာ အဘိနိဗ္ဗတ္တက္ခန္ဓာ။အဘိနိဗ္ဗတ္တက္ခန္ဓာနံ ဂဟဏံ ,အဘိနိဗ္ဗတ္တက္ခန္ဓဂ္ဂဟဏံ။တသ္မိ-ဟု မအုပ္၌ သတ္တမီဖြင့် ဝိဘတ်ထွန်းစံပြ ထားသောကြောင့်လည်းကောင်း။သာရတ္ထ၊ဂဏ္ဌိသစ်၊ဘာဋီတို့၌လည်း သတ္တမျန္တဖြင့် ရှိသောကြောင့်လည်းကောင်း အဘိနိဗ္ဗတ္တက္ခန္ဓဂ္ဂဟဏေ ပါ၌သာ သင့်။

## နံပါတ် (၈)

**ကာယ (ဂ) ဝါကျရှ။** ။အကျိုးဖြစ်သော စတုသမုဋ္ဌာနိက ကာယ၏အမည်ကို အကြောင်းဖြစ်သော ဇီဝိတိန္ဒြေ၌တင် ဖလူပစာ။**[တစ်နည်း]** အပေါင်းဖြစ်သော စတုသမုဋ္ဌာနိကကာယ၏ အမည်ကို အစိတ်ဖြစ်သော ဇီဝိတိန္ဒြေ၌တင် ဧကဒေသူပစာ။ [ဂဏ္ဌိသစ်]**[တစ်နည်း]** ဌာနဖြစ်သော ကာယပျက်စီးခြင်း၏ကာယဘေဒအမည်ကို၊ဌာနီဖြစ်သော ဇီဝိတိန္ဒြေ ပျက်စီးခြင်း၌တင် ဌာနူပစာ။

**အပါယ။** ။ဌာနီဖြစ်သော ကောင်းမှုမှကင်းခြင်း သုခသာဓနသတ္တိမရှိခြင်း၏ အပါယအမည်ကို ဌာနဖြစ်သော အပါယ်ဘုံ၌ တင် ဌာနူပစာ။

## နံပါတ် (၁၀)

**ကာယအရ။** ။ (က) ဝါကျအလို ဥပါဒိန္နက္ခန္ဓာ ငါးပါးကောက်။

http://www.dhammadownload.com



**ပါဠိကျမ်းစဉ် (၁၁၂)**

(က) အထဝါ အပါယဂ္ဂဟဏေန တိရစ္ဆာနယောနိ ဒီပေတိ။

(ခ) တိရစ္ဆာနယောနိ ဟိ အပါယော သုဂတိယာ အပေတတ္တာ။ န ဒုဂ္ဂတိ မဟေသက္ခာနံ နာဂရာဇာဒီနံ သမ္ဘဝတော။

(ဂ) ဒုဂ္ဂတိဂ္ဂဟဏေန ပေတ္တိဝိသယံ ဒီပေတိ။

(ဃ) သော ဟိ အပါယောစေဝ ဒုဂ္ဂတိစ သုဂတိတော အပေတတ္တာ, ဒုက္ခဿစ ဂတိဘူတတ္တာ၊ န တု ဝိနိပါတော အသုရသဒိသံ အဝိနိပတိတတ္တာ။

(င) ပေတမဟိဒ္ဓိကာနဉ္စ ဝိမာနာနိပိ နိဗ္ဗတ္တန္တိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၆။]

***************

နံပါတ် (၁)

(က) တိရစ္ဆာနယောနိ၊ တိရစ္ဆာန်တို့၏ ရောနှောနေထိုင်ရာအရပ်ကို။(ဝါ) တိရစ္ဆာန်ဘုံကို။

(ခ) ဟိ၊မှန်။ဟိ ယသ္မာ။တိရစ္ဆာနယောနိ-သည်။အပါယော-ယမည်၏။ကသ္မာ?။သုဂတိယာ-သုဂတိဘုံမှ။ အပေတတ္တာ၊ကင်းခြင်းကြောင့်တည်း။န ဒုဂ္ဂတိ-ဒုဂ္ဂတိကားမဟုတ်။(ဝါ)ဒုက္ခအပေါင်း၏ လဲလျောင်းရာကား မဟုတ်။ကသ္မာ?။ မဟေသက္ခာနံ-တန်ခိုးကြီးကုန်သော။

(ဂ) ပေတ္တိဝိသယံ၊ပြိတ္တာတို့၏နယ်မြေကို။(ဝါ) ပြိတ္တာဘုံကို။

(ဃ) ဟိ၊ မှန်။ [တစ်နည်း] ဟိ ယသ္မာ။သော၊ထိုပြိတ္တာတို့၏နယ်သည်။(ဝါ) ဘုံသည်။နတုဝိနိပါတော၊ ဝိနိပါတကား မဟုတ်။အသုရသဒိသံ၊ပြိတ္တာ အသုရာနှင့်တူစွာ။အဝိနိပတိတတ္တာ-ဖောက်ပြန်၍ ကျရောက်ရာ မဟုတ်သည်၏ အဖြစ်ကြောင့်တည်း။

(င) ဟိ၊မှန်။ပေတမဟိဒ္ဓိကာနံ၊ကြီးသောတန်ခိုးရှိကုန်သော ပြိတ္တာတို့၏။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာ (က)ဖြင့် အပါယသဒ္ဒါဖြင့် တိရစ္ဆာနယောနိကို ပြ၏ဟု ဖွင့်ဆိုအပ်၏။အပါယသည် တိရစ္ဆာနယောနိသာ မဟုတ်၊ရှေ့ဆိုအပ်ပြီးသော ဝစနတ္ထကြောင့် ဒုဂ္ဂတိကိုလည်း ပြရာသည်မဟုတ်လော။ [န ဒုဂ္ဂတိကို ရှုသည်]ယင်းသို့ဖြစ်လျက် တိရစ္ဆာနယောနိကိုသာ ပြ၏ဟု ဆိုသောစကားသည် အဘယ်သို့ သင့်နိုင်ပါအံ့နည်း။သဘာဝ/သဘာဝန္တ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။စုဒ်ကြောင့်(ခ)မိန့်။

(င)သို့။ ။ ဆရာသည် (ဃ)ဖြင့် ပေတ္တိဝိသယ၏ အသုရကာယ်နှင့် တူစွာ ကင်းသော အလိုရှိသည်ဖြစ်၍ ကျရာမဟုတ်ဟု ဖွင့်ပြတော်မူအပ်၏။ပြိတ္တာဟူသည် ဆိုခဲ့ပြီးသော ဝစနတ္ထကြောင့် ဝိနိပါတ မည်ရာသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် ဝိနိပါတ မမည်ဟုဆိုသော ဆရာ့စကားသည် အဘယ်သို့သော အကြောင်း ယုတ္တိဖြင့် သင့်ရာအံ့နည်း။ စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(က) နယန္တရ ပက္ခန္တရ။ (ခ) ဒဠှီ/ကာရဏ။ ထိုတွင် န ဒုဂ္ဂတိ စသည် ဗျတိရေကဝါကျ။

(ဂ) ပက္ခန္တရ။ (ဃ) ဒဠှီ/ကာရဏ။ ထိုတွင် န တု ဝိနိပါတော စသည် ဗျတိရေကဝါကျ။

(င) ယုတ္တိဒဠှီ။

http://www.dhammadownload.com



**တစပ်။** (ဃ) အသုရသဒ်သံကား စွာပေး၊အဝိနိပတိတဗ္ဗာဒ် ကြိယာဝိသေသန/ကြိယာဝိသေသျစပ်။

နံပါတ် (၄)

**ဝိမာနာနိ။** ။ **ဝိဝိဓေန ပကာရေန မာနိယန္တီတိ ဝိမာနာနိ။**

ဝိဥပသာရ အရ ဓာတွတ္ထဝိသေသကဖြစ်သော ဝိဝိဓပကာရဘောဂုဏ်ရ၏။မာနဓာတ်အရ ကတ္တုဒ္ဒကား ပေတမဟိဒ္ဓိကတို့၏ ဗိမာန်ကို အာရုံပြု၍ဖြစ်သော သောမနဿလောဘမူစိတ္တုပ္ပါဒ်သည် မုချ။ကမ္မဒ္ဒကား ဗိမာန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ယု ပစ္စည်းအရ ဗိမာန်ရ၏။

**အပါယော။** ။ **အယတိ သုခံ ပဝတ္တတိ ဧတ္ထာတိ အယော။** [သုခ၏ဖြစ်ခွင့်ရရာ သုဂတိ။]

။ **အယတော အပေတော အပါယော။**

အယ-အရ သုဂတိဘုံသည် မုချ။ကို-၏ ကင်းသောတိရစ္ဆာန်ဘုံနှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ။ ပုဒ်လုံးအရ သုဂတိမှကင်းသော တိရစ္ဆာန်ဘုံရ၏။

**ဝိသယ။** ။ **ဝိသေသေန သေန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဝိသယော။** [အထူးအားဖြင့် ဖြစ်ရာဘုံ။]

။ **ပေတာနံ ဝိသယော ပေတ္တိဝိသယော။**

**တိရစ္ဆာနယောနိ။။** **ယဝန္တိ ဧတ္ထာတိ ယောနိ။ တိရစ္ဆာနာနံ ယောနိ တိရစ္ဆာနယောနိ။**

တိရစ္ဆာနအရ တိရစ္ဆာန်တို့သည် မုချ။ထို-၏ ရောနှောနေထိုင်ရာအရပ်နှင့် ဌာနီ/ဌာနစပ်။ပုဒ်လုံးအရ တိရစ္ဆာန်တို့၏ ရောနှောနေထိုင်ရာ အရပ်၏။

**ဝိနိပါတ။** ။ **ဝိနိပန္တိ ဧတ္ထာတိ ဝိနိပါတော။**

ဝိ+နိ ပတဓာတ် ကတ္တုဒ္ဒကား ဝိနိပါတိက အသုရာတို့၏ ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ ဥပါဒ်သည် မုချ။အဓိကရဏဒ္ဒကား အသုရကာယ်ဘုံ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ဏ ပစ္စည်းအရ အသုရကာယ်ဘုံ ရ၏။

**မဟိဒ္ဓိကာ။** ။ **မဟတီ ဣဒ္ဓိ ယေသန္တိ မဟိဒ္ဓိကာ။**

**မဟေသက္ခာ။** ။ **မဟန္တော ဣသော ယေသန္တိ မဟေသာ၊ မဟေသာဣတိ အက္ခာယန္တီတိ မဟေသက္ခာ။**

နံပါတ် (၅)

**ယောနိ။** ယု+နိ။ **တိရစ္ဆာန။** တိရိယသဒ္ဒူပပဒ အဥ္စ+ယု။ **အပေတ။** အပ+ဣ+တ။

**ဝိသယ။** ဝိ+သိ+ဏ။ **ပေတ။** ပရ ပုဗ္ဗ+ဣ+တ။ [ပရလောကံ ဧတိ ဂစ္ဆတီတိ ပေတော]

**ဣဒ္ဓိ။** ဣဓု+တိ။

နံပါတ် (၆)

(ဃ) သုဂတိတော အပေတတ္တာဖြင့် အပါယောဒ္ဒ အပပုဒ်+အယပုဒ်၊အပ ဥပသာရပုဒ်၏ အပေတအနက် ဟောသည်ကို လည်းကောင်း။အယပုဒ်အရ အယတိ သုခံ ပဝတ္တတီတိ အယောဟု ဝစနတ္ထပြု၍ သုခ၏ ဖြစ်ခွင့်ရရာ သုဂတိဘုံကို ကောက်ယူအပ်သည်ကိုလည်းကောင်း၊အယတော အပေတော အပါယောဟု ပဥ္စမီအဗျယီဘောသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။ [ဣယတိ ကုသလကမ္မနော အဿာဒီယတီတိ အယော] ဂဏ္ဌိသစ်။

ဒုက္ခဿစ ဂတိဘူတတ္တာဖြင့် ဒုဂ္ဂတိဒ္ဒ ဒု+ဂတိဟု ပဒစ္ဆေဒ ပြုအပ်သည်ကို လည်းကောင်း၊ဒု၏

http://www.dhammadownload.com



ဒုဋ္ဌအနက်ဟောသည်ကို လည်းကောင်း၊ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာ ဂတိ ဒုဂ္ဂတိဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။**အပေါင်းသံဝဏ္ဏနာဖြင့်** ပြိတ္တာဘုံ၏ အပါယ်မည်ခြင်း ဒုဂ္ဂတိမည်ခြင်း ဝိနိပါတမမည်ခြင်း အကြောင်းကို သိစေပါသည်။

(ခ) သုဂတိယာ အပေတတ္တာလည်း နည်းတူဖော်။

**တိရစ္ဆာနယောနိဖြင့်** အပါယအရ တိရစ္ဆာန်ဘုံကို ကောက်ယူအပ်သည်ကို သိစေပါသည်။**န ဒုဂ္ဂတိ စသည်ဖြင့်** တိရစ္ဆာနယောနိ၏ ဒုဂ္ဂတိမမည်ခြင်း အကြောင်းကို သိစေပါသည်။

နံပါတ် (၇)

**နာဂရာဇာဒီနံ/နာဂရာဇာနံ...**

နာဂရာဇာဒီနန္တိ အာဒိသဒ္ဒေန သုပဏ္ဏာဒီနံ သင်္ဂဟော။[သာရတ္ထ၊၁။၄၀၇။]ကို ထောက်၍ အာဒိဖြင့် ဂဠုန်စသည်ကို ယူအပ်သောကြောင့် အာဒိပါသော နာဂရာဇဒီနံ ပါဠ်သင့်။

နံပါတ် (၈)

**အပါယောစေဝ ဒုဂ္ဂတိစ။** ။ ဒုဂ္ဂတိအမည်က ပေတ္တိဝိသယကို ဟောသောကြောင့် အပါယအရ တိရစ္ဆာန ယောနိကိုသာ ယူအပ်ရကား ပရိသေသနည်း၊ ဂေါဗလိဗဒ္ဒနည်း။

ဝိနိပါတအရ အသုရကာယ်ကို ယူလတ့်ဖြစ်၍ အပါယဒုဂ္ဂတိတို့အရ တိရစ္ဆာနယောနိ ပေတ္တိဝိသယတို့ ကို ယူအပ်သောကြောင့် ပါရိသေသနည်း၊ ဂေါဗလိဗဒ္ဒနည်း။

**အသုရသဒိသံ။** ။ အသုရအရ စာတုမဟာရာဇ် အပါအဝင်ဖြစ်သော နတ်အသူရာကိုမယူအပ်၊ပြိတ္တာအသုရာ ကိုသာ ဤ၌ ယူအပ်သောကြောင့် ဧကဒေသူပစာ၊ ရုဠှီနည်း။ **အသုရသဒိသန္တိ ပေတာသုရသဒိသံ။**

တိရစ္ဆာနယောနိ ပေတ္တိဝိသယတို့၌ တိရစ္ဆာနပုဒ်နှင့် ယောနိပုဒ်၊ပေတ္တိပုဒ်နှင့် ဝိသယပုဒ် အရမကွဲသော ကြောင့် အဘေဒဘေဒူပစာ ရသည်။ အဖွင့်ကို ဋီကာကျော် ဝိထိမုဒ်ပိုင်း၌ ရှု။

နံပါတ် (၁၀)

**ပေတ္တိဝိသယအရ။** ။ ပြိတ္တာဘုံဟူ၍ သီးသန့်မရှိရကား ပြိတ္တာတို့၏ ခန္ဓာပဉ္စက။

**[တစ်နည်း]** ပြိတ္တာတို့၏ ဝိပါတ်နာမက္ခန္ဓာ ကဋတ္တာရုပ်ကောက်။

****************

**ပါကျစဉ် (၁၁၃)**

(က) **ဥပပန္နာတိ** ဥပဂတာ၊ တတ္ထ အဘိနိဗ္ဗတ္တာတိ အဓိပ္ပါယော။

(ခ) ဝုတ္တဝိပရိယာယေန သုက္ကပက္ခော ဝေဒိတဗ္ဗော။

(ဂ) အယံ ပန ပန ဝိသေသော - တတ္ထ သုဂတိဂ္ဂဟဏေန မနုဿဂတိပိ သင်္ဂယှတိ။

(ဃ) သဂ္ဂဂ္ဂဟဏေန ဒေဝဂတိယေဝ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၆။]

****************

နံပါတ် (၁)

(က) တတ္ထ၊ ထိုငရဲ၌။ (ခ) ဝုတ္တပရိယောယန၊ဆိုအပ်ပြီးမှ ပြောင်းပြန်အားဖြင့်။

(ဂ) တတ္ထ-ဤသုက္ကပက္ခ၌။သုဂတိဂ္ဂဟဏေန၊ဖြင့်။သင်္ဂယှတိ။ကသ္မာ?။ဣတော ဘော သုဂတိ ဂစ္ဆာတိ

http://www.dhammadownload.com



ဝစနတော၊ ဟူ၍ ဆိုခြင်းကြောင့်တည်း။ [သာရတ္ထ၊ ၁၄၀၇။]

**(ခ)ရှင်းချက်။** ။ ကာယဒုစ္စရိတေန စသောပုဒ်တို့၏ ဆိုအပ်သောအနက်ကို သုဋ္ဌု စရိတံ သောဘနံ ဝါ စရိတံ အနဝဇ္ဇတ္တာတိ သုစရိတံ-ဟူ၍ အစရှိသော ပြောင်းပြန်အားဖြင့်။ယင်းသို့ ဆိုလိုသည်။

နံပါတ် (၂)

**(ဃ)သို့။** ။ ဆရာသည် (ဂ)ဖြင့် သုက္ကပက္ခ၌ဖြင့် ဒေဝဂတိသာမက မနုဿဂတိကိုလည်း ယူအပ်သေး၏ဟု ဖွင့်ဆိုအပ်၏။သဂ္ဂသဒ္ဒါဖြင့် အဘယ်ဂတိကို ယူအပ်ပါသနည်း။ဒေဝဂတိ မနုဿဂတိ နှစ်မျိုးလုံးကိုလည်း ယူအပ်ပါသလော။[**တစ်နည်း**] မနုဿဂတိကိုပင် ယူအပ်ပါသလော။စုဒ်ကြောင့် (ဃ)မိန့်။

နံပါတ် (၃)

**(က) ပက္ခန္တရ (ခ) ဝါကျာရမ္ဘ/ပက္ခန္တရ။ (ခ) ဝိသေသဝါကျ။ (ဃ) ပက္ခန္တရ။**

နံပါတ် (၄)

**အဂ္ဂ။** ။ **အဓနိ စိရံ တိဋ္ဌန္တိ သတ္တာ ဧတ္ထာတိ အဂ္ဂေါ။**

အဓာတ်အရ ကြာမြင့်စွာသော အခြင်းအရာအားဖြင့်ဖြစ်သော သတ္တဝါတို့၏ ရုပ်နာမ်ဓမ္မ သင်္ခါရတရား တို့သည် မုချ။အဓိကရဏတ္ထအရ ထိုအားတပ်သော နတ်ပြည်၏ ပကတူပနိဿယတ္တိသည် ဖလူပစာ။ဂ-ပစ္စည်းအရ နတ်ပြည်၏။

တစ်နည်း။ ။ **အဓိယတိ ဥပဂစ္ဆိယတိတိ အဂ္ဂေါ**။[ဂဏှိသစ်]

**သဂ္ဂေါ။** ။ **သုဋ္ဌု အဂ္ဂေါ သဂ္ဂေါ။ပုညေန ဝါ သုဋ္ဌု အဓိယတိတိ သဂ္ဂေါ။**

အဓာတ်အရ ကတ္တားကား ကောင်းမှုကုသိုလ်သည် မုချ။ကမ္မတ္ထကား ထို၏ အကျိုးဖြစ်သောနတ် ပြည်၏ နာနက္ခဏိကကမ္မ၊ပကတူပနိဿယ ပစ္စယ္ပွန္နဘောဂုဏ်သည် ကာရဏူ။ဂ-ပစ္စည်းအရ နတ်ပြည်ရ၏။

နံပါတ် (၅)

**သုဂ္ဂ**။ သုစ+အ။ **ပက္ခ**။ ပတ + ခ။ **ဒေဝ**။ ဒိဝ+ဏ။ **ဂတိ**။ ဂမု+တိ။

နံပါတ် (၆)

**(က) ဥပဂတောဖြင့်** ဥပပန္န၌ ပဒဓာတ်သည် ဂတိအနက် ဟောသည်ကို လည်းကောင်း၊အန္တသည် တပစ္စည်း ၏ ကာရိယအဖြစ်ကိုလည်းကောင်း၊ယင်း တ ပစ္စည်း အတိတ်ကတ္တားအနက်၌ သက်သည်ကိုလည်းကောင်း၊ ဥပဂစ္ဆိံသူတိ ဥပပန္နာ-ဟု အတိတ်ကတ္တုသာဓန ဝစနတ္တပြုရမည်ကိုလည်းကောင်း သိစေပါသည်။

**တတ္ထဖြင့်** အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ၌ ဒုတိယဝိဘတ်သည် သတ္တမီအနက်၌ သက်သည်၏ အဖြစ်ကိုသိ။**အဘိနိဗ္ဗတ္တာဖြင့်** ဥပဂတာ၌ ဂမုဓာတ်သည် ပဝတ္တနအနက်၌ ဖြစ်သည်ကို သိစေပါသည်။

နံပါတ် (၇)

**ဝုတ္တဝိပရိယာယေန/ဝုတ္တဝိပရိယယေန...**

ဝိ+ပရိ+ဣ+အ ပစ္စည်း ဣ-ကို ဧ-ပြု။ဧကိုအယ-ပြု။အယ-မှ အ-ကို အာဒီဃပြု၊ယ-လာ၍ပြီးသည်။ အ-ကို အာဒီဃမပြုလျှင် ဝိပရိယယဟု ပြီးသည်။ ထို့ကြောင့်နှစ်ပါဌ်သင့်။

နံပါတ် (၈)

**ဒေဝဂတိယော၀။** ။ သဂ္ဂအရ ဒေဝဂတိကိုသာ ယူအပ်သည်ကိုဆိုသဖြင့်၊မနုဿဂတိကို မယူအပ်ဟု အနက်

http://www.dhammadownload.com


ရောင်သောအားဖြင့် သိအပ်သောကြောင့် အတ္တာပနနည်း။

**သဂ္ဂ**။ ။ ဌာနီဖြစ်သော ကောင်းသော ရူပါရုံစသည်တို့၏ သဂ္ဂအမည်ကို ဌာနဖြစ်သော ဒေဝလောက၌ တင် ဌာနျူပစာ။

**မနုဿဂတိ** ။ ။ ဌာနဖြစ်သော မနုဿလောကအမည်ကို ဌာနီဖြစ်သော မနုဿပဋိသန္ဓေစိတ္တုပ္ပါဒ်၌တင် ဌာနူပစာ။

*************

**ပါဌ်ကျဉ်း (၁၁၆)**

(က) **သော ဇဝံ သမာပတိတော စိတ္တေတိ** ဣဓ ဝိပဿနာပါဒကံ စတုတ္ထဇ္ဈာနစိတ္တံ ဝေဒိတဗ္ဗံ။

(ခ) **အာသဝါနံ ခယဉာဏာယာတိ** အရဟတ္တမဂ္ဂဉာဏတ္ထာယ။

(ဂ) အရဟတ္တမဂ္ဂေါ ဟိ အာသဝဝိနာသနတော အာသဝါနံ ခယောတိ ဝုစ္စတိ။

(ဃ) တတြ စေတံ ဉာဏံ တပ္ပရိယာပန္နတ္တာတိ။

(င) **စိတ္တံ အဘိနိန္နာမေသိန္တိ** ဝိပဿနာစိတ္တံ အဘိနီဟရိ ။

(စ) **သော ဣဒံ ဒုက္ခန္တိ** ဧဝမာဒီသု ''ဧတ္တကံ ဒုက္ခံ၊ န ဣတော ဘိယျော''တိ သဗ္ဗမ္ပိ ဒုက္ခသစ္စံ သရသလက္ခဏပဋိဝေဓေန ယထာဘူတံ အဗ္ဘညာသိ ဇာနိ ပဋိဝိဇ္ဈိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၆။]

***************

## နံပါတ် (၁)

(က) ဣဓ၊ဤ၌အာသဝက္ခယဉာဏအရာ၌။ဝိပဿနာပါဒကံ၊အရဟတ္တမဂ်၏ တည်ရာဖြစ်သော သူတစ်ပါး တို့နှင့် မဆက်ဆံသာ ဝိပဿနာ၏ အခြေခံဖြစ်သော။(ဝါ) နီးစွာသော အကြောင်းဖြစ်သော။

(ဂ) ဟိ၊မှန်။(ဝါ)ဟိယသ္မာ။အရဟတ္တမဂ္ဂေါ၊ကို။အာသဝဝိနာသနတော၊အာသဝေါတရားတို့ကို ဖျက်ဆီး တတ်သည်၏ အဖြစ်ကြောင့်။

**(ဃ) စ၊ဆက်။(တစ်နည်း)စ-သစ္စံ၊မှန်၏။ဧတံဉာဏံ၊ဤသမ္မာဒိဋ္ဌိဉာဏ်သည်။တတြ၊ထိုအရဟတ္တမဂ်၌ (ဝါ)** ထိက။[ဉာဏံ၊ဉာဏ်တည်း။ကသ္မာ၊တေသ၊ဉာဏဿ၊သမ္မာဒိဉာဏ်၏။]တပ္ပရိယာပန္နတ္တာ၊ထိုအရဟတ္တမဂ် ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်တည်း။ဣတိ၊ဤသို့မှတ်အပ်၏။

(စ) သရသလက္ခဏပဋိဝေဓေန၊မိမိ၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်းဖြင့်။ယထာဘူတံ-စွာ။ အဗ္ဘညာသိ ၊ဇာနိ-သိတော်မူပြီ။ပဋိဝိဇ္ဈိ-ထိုးထွင်းတော်မူပြီ။

## နံပါတ် (၂)

(က)သို့။ ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ သော ဇဝံ သမာပတိတေ စိတ္တေ-ဟု ဟောတော်မူအပ်၏။ စိတ္တအရ အဘယ်၏ အခြေခံဖြစ်သောစိတ်ကို ကောက်ယူအပ်ပါသနည်း။အဘိညာဉ်အရာဖြစ်၍ အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထဈာန်စိတ်ကို ယူအပ်ပါသလော။စုဒ်ကြောင့် (က) မိန့်။

(ခ)သို့။ ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ အာသဝါနံ ခယဉာဏာယ-ဟု ဟောတော်မူ၏။ ယင်းအာသဝါနံ ခယဉာဏာယ အရ အဘယ်ဟာရားကို ယူရမည်နည်း။မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ဘင် ဟုဆိုအပ်သော အာသဝက္ခယ လေးမျိုးလုံးကို ယူရမည်လော။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



**(ဂ)သို့**။ ။ ဆရာသည် (ခ)ဖြင့် အာသဝါနံ ခယဉာဏ ဟူသည် အရဟတ္တမဂ်၌ရှိသော ဉာဏ်ဟုဖွင့်ဆိုအပ်၏။မဂ် ဖိုလ် နိဗ္ဗာန် ဘင်ခဏတို့ဟူ၍ အာသဝက္ခယ လေးပါးရှိသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက်အာသဝါနံ ခယဉာဏ-ဟူသည် အရဟတ္တမဂ်ဉာဏ်တည်းဟု ဆိုသော ဆရာ့စကားသည် အသို့လျှင်သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**။ ။ ဥက္ကဋ္ဌနည်းအားဖြင့် အရဟတ္တမဂ်ကို အာသဝေါတရားတို့ကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် အာသဝါနံ ခယော-ဟု ဆိုအပ် ဆိုနိုင် သောကြောင့် ဟူလို။

**(ဃ)သို့**။ ။ ဆရာသည် (ဂ)ဖြင့် အရဟတ္တမဂ်၏ အာသဝါနံခယ မည်ကြောင်းကို ဖွင့်ပြတော်မူအပ်၏။ ထိုအာသဝါနံခယနှင့်ဉာဏကို အဘယ်သမာသ်တွဲ စပ်အပ်ပါသနည်း။ဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲစပ်အပ်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

**ကား**။ ။ အာသဝါနံခယေ ဉာဏံ အာသဝါနံခယဉာဏံဟု သတ္တမီတပ္ပုရိသ်သမာသ် တွဲစပ်ယူရမည်ဟူလို။

နံပါတ် (၃)

**ခယော**။ ။ **ခီယန္တိ အာသဝါ ဧတေနာတိ ခယော**။(တစ်နည်း) ဧ[illegible]တီတိ ခယော။

ခီဓာတ်အရ ကတ္တုဋ္ဌ-ကား အာသဝေါတရားတို့၏ ကုန်သောအခြင်းအရာအားဖြင့်ဖြစ်သော အာသဝေါတရားတို့၏ သဘာဝသည် မုချ။ကရဏဋ္ဌကြိယာ-ကား အရဟတ္တမဂ်၏ ပကတူပနိဿယသတ္တိ [တစ်နည်း] သမုစ္ဆေဒပဟာနသတ္တိသည် ဖလူပစာ။ဏ ပစ္စည်းအရ ထို-သော အရဟတ္တမဂ် ရ၏

**တွေက်**။ ။ **ဝေါ် ပရိမာဏေ ယသ္မာတိ တွေက်**။

ဝေ တဒ္ဓိတ်အရ အတိုင်းအရှည် ပမာဏသည် မုချ။ထို-၏ တ္တကပစ္စည်းအရ ဒုက္ခနှင့် ပမာဏ/ပမာဏဝန္တစပ် ဌာနူပစာ။တ္တက ပစ္စည်းအရ ထို-သော ဤမျှ အတိုင်းအရှည်ရှိသောဒုက္ခ ရ၏

**မှတ်ချက်**။ ။ ပမာဏနှင့်လာလျှင် ပမာဏ ပမာဏဝန္တစပ်။သင်္ချာနှင့်လာလျှင် သင်္ချာ/သင်္ချေယျ စပ်။

**သရသလက္ခဏပဋိဝေဓ** ။ ။ **သဿ ရသော သရသော**။ [မိမိ၏သဘော]

**သရသောတိ သင်္ခါတံ လက္ခဏံ သရသလက္ခဏံ**။[မိမိ၏သဘောဟုဆိုအပ်သော လက္ခဏာ]

**သရသလက္ခဏဿ ပဋိဝေဓော သရသလက္ခဏပဋိဝေဓော**။

သရသလက္ခဏဟူသော ဝိသေသနအရ မိမိ၏ သဘောလက္ခဏာသည်မုချ။ထို-၏ပဋိဝေဓ နောက်ပုဒ်အရ ထိုးထွင်း၍ သိခြင်းကြိယာနှင့် ကမ္မ/ကမ္မီစပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော မိမိ၏ သဘောလက္ခဏာကို ထိုးသွင်း၍ သိခြင်း လက္ခဏာရ၏။

**ယထာဘူတာ**။ **ယောယော ဘူတော ယထာဘူတံ** ။ [တစ်နည်း] **ဘူတံ အနတိက္ကမိတွာ ယထာဘူတံ**။

နံပါတ် (၅)

**ဝိပဿနာ**။ ဝိ+ဒိသ+ယု။ **ပါဒက**။ ပဒ+ဏွု။ **အာသဝ**။ အာ+သု+ဏ။

**မဂ္ဂ**။ မဂ္ဂ+အ။ **ဝိနာသ**။ ဝိပုဗ္ဗ+နသ+ဏ။ **ပရိယာပန္န**။ ပရိ+အာ+ပဒ+တ။

**သန္တ**။ သဒ+တ။ **ရသ**။ ရသ+အ။ **လက္ခဏ**။ လက္ခ+ယု။ **ပဋိဝေဓ**။ ပဋိ+ဝိဓ+ဏ။

နံပါတ် (၆)

(ဂ) **အာသဝဝိနာသနတောဖြင့်** အာသဝါနံခယဉာဏာယသည် ဝါကျမဟုတ်၊သမာသ်ပုဒ်ဖြစ်၍ ခေပေဝ်

http://www.dhammadownload.com



အစိတ်ဖြစ်သော အရဟတ္တမဂ်၌တင်၊ ကေဒေသျှ ပစာ။(တစ်နည်း) အာသဝါနံ ခယ အရ အရဟတ္တမဂ်နှင့်ဉာဏအရ သမ္မာဒိဋ္ဌိတို့သည် မကွဲပြားသော်လည်းကွဲပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**တတြဲစေတဲ့ဉာဏံ။** ။ မဂ်လေးပါးလုံးဆိုက အာသဝကို ကုန်စေခြင်းကိစ္စ ပြီးကောင်းပါလျက်၊အရဟတ္တမဂ်ဉာဏ်ကိုသာ အလွန်အားဖြင့်ဆိုသောကြောင့် ဥက္ကဋ္ဌနည်း၊အတိသယနည်း။

ဥက္ကဋ္ဌနိဒ္ဒေသဝသေန အရဟတ္တမဂ္ဂဉာဏံ။' [သာရတ္ထ၊ ၁။ ၄၀၈။]

နံပါတ် (၁၀)

**တတြဲစေတဲ့ဉာဏံ၌ ဉာဏအရ။** ။ အရဟတ္တမဂ်၌ရှိသော ကမ္မာဒိဋ္ဌိဉာဏ် ကောက်။

***************

**ဝါကျစဉ် (၁၁၅)**

(က) တဿစ ဒုက္ခဿ နိဗ္ဗတ္တိကံ တဏှံ **"အယံ ဒုက္ခသမုဒယော"**တိ။

( ခ ) တဒုဘယမ္ပိ ယံ ဌာနံ ပတ္တာ နိရုဇ္ဈတိ၊တံ တေသံ အပ္ပဝတ္တိ နိဗ္ဗာနံ**"အယံ ဒုက္ခနိရောဓော"**တိ။

( ဂ ) တဿစ သမ္ပာပကံ အရိယမဂ္ဂံ **"အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ"** တိ သရသလက္ခဏ ပဋိဝေဓေန ယထာဘူတံ အဗ္ဘညာသိ ဇာနိ ပဋိဝိဇ္ဈိန္တိ ဝေမတ္တော ဝေဒိတဗ္ဗော။

(ဃ) ဝံ သရူပတော သစ္စာနိ ဒဿေတွာ ဣဒါနိ ကိလေသဝသေန ပရိယာယတော ဒဿေန္တော "ဣမေ အာသဝါ" တိ အာဒိ မာဟ။ ' [ဝိ၊ ဋ္ဌ၊ ၁။ ၁၃၆/၇။]

*****************

နံပါတ် (၁)

(က) စ၊အဖို့တစ်ပါးကား။တဿဒုက္ခဿ၊ကို။နိဗ္ဗတ္တိကံ၊ဖြစ်စေတတ်သော။တဏှံ၊ရွေးဘဝတဏှာကို။အယံ၊ဤတဏှာသည်။ဒုက္ခသမုဒယော၊ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာတည်း။ဣတိ [သရသလက္ခဏပဋိဝေဓေန ယထာဘူတံ အဗ္ဘညာသိ]

(ခ) တဒုဘယမ္ပိ၊ထိုနှစ်ပါးစုံသော ဒုက္ခ သမုဒယသည်လည်း။ယံဌာနံ၊အကြင်နိဗ္ဗာန်တည်းဟူသော အကြောင်းသို့။ပတ္တာ၊၍။[ဝါ]ကြောင့်။နိရုဇ္ဈတိ၊ချုပ်ရ၏။တေသံ၊ထိုဒုက္ခသမုဒယတို့၏။အပ္ပဝတ္တိ၊မဖြစ်ကြောင်းဖြစ်သော။[ဝါ]မဖြစ်ရာဖြစ်သော။တံ နိဗ္ဗာနံ၊ကို။အယံ၊ဤနိဗ္ဗာန်သည်။သရသလက္ခဏပဋိဝေဓေန ယထာဘူတံ အဗ္ဘညာသိ]

(ဂ) စ၊အဖို့တစ်ပါးကား။တဿ၊ထိုနိရောဓသို့။သမ္ပာပကံ၊မိမိကိန်းရာ ပုဂ္ဂိုလ်ကို ကောင်းစွာ ရောက်စေတတ်သော။အရိယမဂ္ဂံ၊ကို။

နံပါတ် (၂)

**(ဂ)သို့။** ။ ဆရာသည် (ခ)ဖြင့် နိရုဇ္ဈတိ ဝွော္တတိ နိရောဓောဟု ဝစနတ္ထပြ၍နိရောဓအရ နိဗ္ဗာန်ကိုကောက်ယူရမည်ကို ဖွင့်ဆိုတော်မူအပ်၏။နိရောဓသစ္စာ၏ ဝစနတ္ထနှင့် အရကောက်ကိုသာသိ၍မဂ္ဂသစ္စာ၏ အရကောက်နှင့် ဝစနတ္ထကို မသိရသေးသည် မဟုတ်ပါလော။[**တစ်နည်း**]ဘုရားရှင်၏ မဂ္ဂသစ္စကို သိပုံ အခြင်းအရာကိုမပြဆိုအပ်သေးသည် မဟုတ်ပါလော။ဘုရားရှင်သည် အဘယ်သို့ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိအပ်ပါသနည်း။ စုဒ်ကြောင့် [ဂ] မိန့်။

**(ဃ)သို့။** ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ ဣမေ အာသဝါ-အစရှိသော စကားတို့ကို ဟောတော်

http://www.dhammadownload.com



မူအပ်၏။သော ဣဒံ ဒုက္ခံ-အစရှိသော ပါဠိရပ်တို့ဖြင့်ပင် သရုပ်အားဖြင့် သစ္စာလေးပါးတို့ကို ပြဆိုအပ်ပြီးသည် မဟုတ်ပါလော။ထိုသို့ပြဆိုအပ်ပြီးသည်၏ အဖြစ်ကြောင့် ဣမေ အာသဝါ-စသော စကားတို့ကို မဟောသင့်။ အဘယ်ကြောင့် ဟောအပ်ပါသနည်း။ စုဒ်ကြောင့် [ဂ] မိန့်။

**ကား။** ။ ကိလေသာနှင့်စပ်သဖြင့် ပရိယာယ်အားဖြင့် သစ္စာလေးပါးတို့ကို ပြတော်မူလိုသောကြောင့်ဟူလို။

(က) နနု သော ဣဒံ ဒုက္ခန္တိ အာဒိနာ သရုပတော သစ္စာနိ ဒဿိတာနိ။

(ခ) အထ ကသ္မာ ဣမ အာသဝါတိ အာဒိမာဟ။

(ဂ) နနု ကိလေသာဝသေန ပရိယာယတော ဒဿေန္တော။

(ဃ) တသ္မာ ဣမေ အာသဝါတိ အာဒိမာဟ။

နံပါတ် (၃)

**(က) ပက္ခန္တရ။ (ခ) ပက္ခန္တရ။ (ဂ) ပက္ခန္တရ (ဃ) ပက္ခန္တရ။**

**စာစပ်။** ။ (ခ) ဣတိကား- သို့ ပေးယထာဘူတံ၌ စဉ်းငယ်စပ်၍ အဗ္ဘညာသိ၌ နိဒဿန/ဝန္တစပ်။

နံပါတ် (၄)

**ဒုက္ခသမုဒယော။** ။ **သမုဒေတိ နိဗ္ဗတ္တေတိတိ သမုဒယော။**[သံ+ ဥ+ဣ+ အ]

**ဒုက္ခဿ သမုဒယော ဒုက္ခသမုဒယော။**[အကြောင်းအကျိုးစပ်]

**နိယံ။** ။ ဟေတုသာဓ်မျိုး ကြောင်းကျိုးကြိယာ ဤနှစ်ဖြာတွင် ကျိုးမှာမုချကြောင်းရဖလူ ပစ္စည်းမှု ဖလူမှတ်ခါပြ။[ရွှေရေးဆောင်]

သံ+ဥ+ ဣဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကား ဒုက္ခသစ္စာ၏ ဥပါဒ်သည် မုချ။ဟေတုကတ္တုဋ္ဌကား သမုဒယ သစ္စာတဏှာ၏ ပကတူပနိဿယသတ္တိသည် ဖလူပစား။ဏ ပစ္စည်းအရ ထိုသော တဏှာသမုဒယသစ္စာရ၏

**အပ္ပဝတ္တိ ။** ။ **ပဝတ္တတိ ယာယာတိ ပဝတ္တိ။**(တစ်နည်း) **ပဝတ္တဘိ တွောတိ ပဝတ္တိ။န ပဝတ္တိ အပ္ပဝတ္တိ။**

န ဟူသော ဝိသေသနပုဒ်အရ ပဋိသေဓတော်ဂုဏ်သည် မုချ။ထို၏ ပဝတ္တိဟူသော နောက်ပုဒ်အရ မဖြစ်ရာ နိဗ္ဗာန်နှင့် ဂုဏ်/ဂုဏေးစပ် ဌာနူပစာ။သမာသ်ပုဒ်လုံးအရ ထို-သော ဖြစ်ကြောင်းဖြစ်ရာ မဟုတ်သော နိဗ္ဗာန် ရ၏

**သမ္ဘာပကော။** ။ **သမ္ဘာ အပေတီတိ သမ္ဘာပကော။**

သံ+အပ+အပဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကား နိဗ္ဗာန်သည် မုချ။ဟေတုကတ္တုဋ္ဌကား ယင်းနိဗ္ဗာန်၏အာ ရမ္မဏပစ္စယသတ္တိသည် ဖလူပစား။ဏ္ဍုပစ္စည်းအရ ထို-သော အရိယာမဂ် ရ၏

**နိရောဓ။** ။ **နိရုဇ္ဈတိ တွောတိ နိရောဓော။**

နိ +ရုဓဓာတ်အရ ကတ္တုဋ္ဌကား ဒုက္ခသမုဒယ၏ ဘင်ခဏသည် မုချ။အဓိကရဏဋ္ဌကား နိဗ္ဗာန်၏ ပကတူပနိဿယသတ္တိသည် ဖလူပစား။ဏ ပစ္စည်းအရ ထိုသော နိဗ္ဗာန်ရ၏။

**ဒုက္ခနိရောဓဂါမိနီ ။** ။ **ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓော။ဂမေတိ ဂစ္ဆတိ တေယာတိ ဂါမိနီ။**

**ဒုက္ခနိရောဓဿ ဂါမိနီ ဒုက္ခနိရောဓဂါမိနီ။**

ဒုက္ခနိရောဓပုဒ်အရ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သည် မုချ။ထို၏အရိယာမဂ်နှင့် အာရုံ/အာရမ္မဏိကစပ် ဌာနနူပစာ၊ပုဒ်လုံးအရ ထို-တော ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယာ မဂ်ရ၏။

http://www.dhammadownload.com



နံပါတ် (၅)

**တဏှာ**။ တသ+ဏှ။ **ပဋိဝေဓ**။ ပဋိ+ဝိဓ+ဏ္ဍ။ **ပရိယာယ**။ ပရိ+အယ+ဏ။ **နိဗ္ဗတ္တိကံ**။ နိ+ဝတ္+ဏ္ဍ။

နံပါတ် (၆)

(ခ) **ယံ ဌာနံ ပတ္တာ နိရုဇ္ဈတိဖြင့်** ဒုက္ခနိရောဓ၌ နိရောဓကို နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓောဟု အဓိကရဏသာဓန ဝစနတ္ထပြု၍ နိပုဗ္ဗရုဓဓာတ်၊ဏပစ္စည်း အဓိကရဏသာဓန၌ သက်သည်ကို သိစေပါသည်။**တေသံ အပ္ပဝတ္တိ နိမိတ္တံဖြင့်** ဒုက္ခနိရောဓကို ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း။ဒုက္ခ၏ချုပ်ရာဟူသည် ဒုက္ခသမုဒယ နှစ်ပါးတို့၏ မဖြစ်ရာဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ဒုက္ခနိရောဓအရ နိဗ္ဗာန်ကို အရကောက်ရမည်ကိုလည်းကောင်း သိစေပါသည်။

**တဒုဘယမ္ပိဖြင့်** ဒုက္ခနိရောဓအရ ဒုက္ခသာချုပ်သည်မဟုတ်၊ဒုက္ခသမုဒယ နှစ်ပါးစုံချုပ်၏ဟူသော အဓိပ္ပာယ်သိစေပါသည်။

(ဂ) **သမ္မာပဋံဖြင့်** ဂါမိနီ၌ ဂမုဓာတ်၊ကာရိတ်၌ကျေ ဏီ ပစ္စည်း၊ဣနီပစ္စည်း ဖြစ်၍၊ဂမယတိ သမ္မာပေတီတိ ဂါမိနီဟု ဟေတုကတ္တုသာဓ် ဝစနတ္ထပြု၍၊ဂမုဓာတ်၏ ဉာဏဂတိအနက်၌ဖြစ်သည်ကိုလည်းကောင်း၊ ဏီပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း သိစေပါသည်။**တဿ စ သမ္မာပဋံဖြင့်** ဒုက္ခနိရောဓဂါမိနီကို ဒုက္ခနိရောဓဿ ဂါမိနီ ဒုက္ခနိရောဓဂါမိနီဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍၊ယင်းသမာသ်၏ ကမ္မတ္ထဆဋ္ဌီ အနက်၌ဖြစ်သည်ကို သိစေပါသည်။**အရိယမဂ္ဂံဖြင့်** ဒုက္ခနိရောဓဂါမိနီအရ အရိယာမဂ်ကို ကောက်ယူရမည်ကို သိစေပါသည်။သရုပ်သလက္ခဏပဋိဝေဓေန ဓာန် ပဋိဝိဇ္ဈိ-ရှေးနည်းဖေါ်။

နံပါတ် (၇)

**နိဗ္ဗတ္တိကံ/နိဗ္ဗတ္တကံ**…

"ဣတ္ထိလိင်တွင် အကမြင်၊အ-လျှင် ဣဖြစ်မြဲ"ဟူသော နိယံအရ တဏှာ၏ ဝိသေသနဣတ္ထိလိင်ဟောပုဒ်ဖြစ်ရကား ဏ္ဍကိုအကပြု၊အကမှ အကို ဣပြု၍ပြီးသောကြောင့်လည်းကောင်း၊နိဗ္ဗတ္တိကန္တိ နိပ္ပါဒေန္တိ [သာရတ္ထ၊ ၁။၄၀၈။]၌ ဖွင့်သောကြောင့် လည်းကောင်း နိဗ္ဗတ္တိကံ ပါဌ်သာသင်။

**မှတ်ချက်**။ ။ဂဏ္ဌိဟောင်း၌ နိဗ္ဗတ္တကံဟု ပါဌ်ပျက်ရှိနေသည်။

နံပါတ် (၈)

**ယံ ဌာနံ ပတ္တာ**။ ။ ဌာနဖြစ်သော ပုဂ္ဂိုလ်ရောက်ခြင်း၏ ယံဌာနံ ပတ္တာအမည်ကို ဌာနီဖြစ်သော ဒုက္ခသမုဒယ နှစ်ပါးရောက်ခြင်း၌တင် ဌာနူပစာ။ [ဂဏ္ဌိသစ်]နာနတ္တရိကနည်း။

**ဒုက္ခနိရောဓော**။ ။ အကျိုးဖြစ်သော ဒုက္ခသစ္စာချုပ်ခြင်း၏ ဒုက္ခနိရောဓအမည်ကို အကြောင်းဖြစ်သော သမုဒယသစ္စာ ချုပ်ခြင်း၌တင် ဖလူပစာ၊အဝိနာဘာဝနည်း။(**တစ်နည်း**) ဧကဒေသျူပစာတင်။

နံပါတ် (၁၀)

အရိယမဂ္ဂ-အရကောက်၍ ဣန္ဒြိယောတရဏာဟာရနှုတ်နည်း…

သမ္မာဒိဋ္ဌိသည် ပညိန္ဒြေမည်၏။သမ္မာဝါယာမသည် ဝီရိယိန္ဒြေမည်၏။သမ္မာသတိသည် သတိန္ဒြေမည်၏။သမ္မာသမာဓိသည် သမာဓိန္ဒြေ မည်၏။ဤသို့ ဣန္ဒြေ၌ သွင်းခြင်းသည် ဣန္ဒြိယောတရဏာဟာရနှုတ်နည်းမည်၏ ဟူလို။

http://www.dhammadownload.com



**ပါဠိမေးခွန်း (၁၁၆)**

(က) **တဿ မေ ဝေဝါနတော ပဿတော** ဝိပဿနာဉ္စဿ ဝေဝ ပဿန္တဿ။

(ခ) သဟ ဝိပဿနာယ ကောဋိပ္ပတ္တံ ကထေတိ။

(ဂ) **ကာမာသဝါတိ** ကာမာသဝတော။

(ဃ) **"ဝိမုတ္တိသ္မာ"** တိ ဣမိနာ ဖလက္ခဏံ ဒဿေတိ။

(င) မဂ္ဂက္ခဏေ ဟိ စိတ္တံ ဝိမုစ္စတိ၊ဖလက္ခဏေ ဝိမုတ္တံ ဟောတိ။

(စ) **"ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ"** န္တိ ဣမိနာ ပစ္စဝေက္ခဏာဉာဏံ ဒဿေတိ။

(ဝိ၊ ၄၊ ၁၊ ၁၃၇။)

***************

နံပါတ် (၁)

(က) ဝေ၊သို့။ဇာနတော၊သိသော။ဝေ၊သို့။ပဿတော၊မြင်သော။တဿမေ၊ထိုငါ၏။[အဋ္ဌကထာနည်း။]

(**တစ်နည်း**) တဿမေ၊ထိုငါ၏။ဝေ၊သို့။ဇာနတော-ဇာနတာယ၊သိသည်၏ အဖြစ်ကြောင့်။ဝေ၊သို့။ ပဿတော ပဿတာယ၊ မြင်သည်၏ အဖြစ်ကြောင့်။[ဋီကာနည်း]

(ခ) [တဿ မေ ဝေ ဇာနတော ဝေ ပဿတောတိဣမိနာ၊ဖြင့်။[ကရိဏ်း]ဝိပဿနာယ၊ဉာဏ်နှင့်။သဟ၊ ကောဋိပ္ပတ္တံ၊အထွတ်အထိပ်သို့ရောက်သော။မဂ္ဂံ၊လောကုတ္တရာမဂ်ကို။ကထေသိ၊မူပြီ။

(င) ဟိ၊မှန်။ ဝိမုစ္စတိ၊ဆဲ။ဝိမုတ္တံ၊လွတ်ပြီးသည်။ဟောတိ။

နံပါတ် (၂)

(ခ)သို့။ ။ ဆရာသည် (က)ဖြင့် တဿမေဒွိ သ၊ဇာနတော ပဿတောတို့၌ တောတ်သည် ဆဋ္ဌီ သဝိဘတ်၏ ကာရိယဖြစ်သည်ကိုဖွင့်ဆိုတော်မူအပ်၏။ထို တဿမေ-စသော ပါဋ္ဌိတော်ဖြင့် အဘယ်ကို ဟောအပ်ပါသနည်း။ လောကီဝိပဿနာမဖက် လောကုတ္တရာမဂ် သက်သက်ကိုသာ ဟောအပ်ပါသလော။စုဒ်ကြောင့်(ခ)မိန့်။

(င)သို့။ ။ ဆရာသည် (ဃ)ဖြင့် ဝိမုတ္တိသ္မာ-ဟူသော ပါဌ်ဖြင့် ဖိုလ်ခဏကို ပြဆိုတော်မူ၏။မဂ်သည်လည်း ကိလေသာတို့မှ လွတ်ပြီးတရား ဖြစ်သည်မဟုတ်ပါလော။ထိုသို့ဖြစ်လျက် ဖိုလ်ခဏကိုသာ ဝိမုတ္တိသ္မာ-ဟု ဆိုခြင်းသည် အဘယ်သို့သော အကြောင်းယုတ္တိဖြင့် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (င)မိန့်။

နံပါတ် (၃)

(က) ပက္ခန္တရ။ (ခ) ဝါကျာရမ္ဘ။(ဂ) ပက္ခန္တရ။(ဃ) ပက္ခန္တရ။ (င) ဒဠှီကရဏ။(စ) ပက္ခန္တရ။

**စာစပ်**။ ။ တဿ မယ့် ကား-၏ ပေး၊စိတ္တံ၌ သမ္ဗန်/သမ္ဗန္ဓီစပ်။

ဝိမုတ္တသ္မိံ ကား လတ်သော် ပေး၊ ဟောတိ၌ လက္ခဏ/လက္ချစပ်။

နံပါတ် (၄)

**ဇာနန္တော**။ ။ **ဇာနတီတိ ဇာနန္တော**။

ဉာတက်အရ ဘုရားရှင်၏ သစ္စာလေးပါးကိုသိသော သစ္စာ ပဋိဝေဓဉာဏ်သည် မုချ။ရှေးရှေးသော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည် ဖလူ။နောက်နောက်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ကာရဏူ။ အန္တ ပစ္စည်းအရ-ထို-သော သစ္စာလေးပါးကိုသိသော ဘုရားရှင် ရဏ်။

http://www.dhammadownload.com



**ပဿန္တော**။ ။ **ပဿတီတိ ပဿန္တော**။[ဉာဉ်ကောက်တူပြီ]

**ဝိပဿနာ**။ ။ **ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ**။

ဝိဉပသာရ-အရ ဝိဝိဓဘောဂဏ် ရ၏။ဒီသဓာတ်အရ ရှုခြင်းလက္ခဏာရ၏။ယုပစ္စည်းအရ ရှုခြင်းလက္ခဏာရှိသော ဝိပဿနာဉာဏ်ရ၏

**ကောဋ္ဌပ္ပတ္တ**။ ။ **ကောဋ္ဌိ ပတ္တော ကောဋ္ဌိပ္ပတ္တော**။

ကောဋ္ဌိ ဝိသေသနအရ အထွဋ်အထိပ်သည် မုချ။ထို-၏ ထိုသို့ရောက်သော မဂ်နှင့် ကမ္မ/ကမ္မိစပ်ဌာနပစ္စ။သမာသ်ပုဒ်လုံးအရ ထို သော အထွဋ်အထိပ်သို့ရောက်သော မဂ်ရ၏။

**ဖလက္ခဏံ**။ ။ **ဖလမေဝ ခဏံ ဖလက္ခဏံ**။(**တစ်နည်း**) ဖလဿ ခဏံ ဖလက္ခဏံ။

နံပါတ် (၅)

**ကောဋ္ဌိ**။ ကုဋ္ဌ+ဣ။ **ပတ္တ**။ ပတ+တ။ **ဖလ**။ ဖလ+အ။

**ခဏ**။ ခီ+ယု။ **ဝိမုတ္တ**။ ဝိ+မုစ+တ **ပစ္စဝေက္ခဏာ**။ ပတိ+အဝ+ဣက္ခ+ယု။

နံပါတ် (၆)

(က) မယံဖြင့် မေသည် တတိယာဝိဘတ်၏ ကာရိယမဟုတ်၊အမှုသဒ္ဒါနှင့်တကွ ဆဋ္ဌီသဝိဘတ်ကိုမေပြု၍ပြီးသည်ကို သိစေပါသည်။**ဇာနန္တဿ ပဿန္တဿဖြင့်** ဇာနတော ပဿတော၌ တောသည် အန္တပစ္စည်းနှင့်တကွ ဆဋ္ဌီသဝိဘတ်၏ ကာရိဖြစ်သည်ကို သိစေပါသည်။

(ဂ) **ကာမာသဝတောဖြင့်** ကာမာသဝါ၌ အာသည် ပဥ္စမီသွာဝိဘတ်၏ ကာရိယဖြစ်သည်ကို သိစေပါသည်။

(စ) **ပစ္စဝေက္ခဏာဉာဏံ ဒဿေတိဖြင့်** ဉာဏ်အရ သုတမယဉာဏ် စိန္တာမယဉာဏ်တို့ကို မကောက်ယူအပ်၊ မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ကို ကောက်ယူရမည်ကို သိစေပါသည်။

နံပါတ် (၇)

**ဝိမုတ္တမိတိ /ဝိမုတ္တမိ္ဘတိ...**

စိတ္တေ၊စိတ်သည်။ဝိမုတ္တသ္မိံ-အာသဝေါတို့မှလွတ်ပြီးလတ်သော်။ဝိမုတ္တံ၊ငါ၏ စိတ်သည်။အာသဝေဟိ-အာသဝေါတို့မှလွတ်ပြီ-ဟု အာသဝေါတို့မှလွတ်သော အရဟတ္တဖိုလ်စိတ်ကို အာရုံပြု၍သာ ပစ္စဝေက္ခဏာဉာဏ်ဖြစ်နိုင်၏။

ဝိမုတ္တော+အမှိ-ငါသည် အာသဝေါတို့မှ လွတ်ပြီ-ဟု မိမိကိုယ်ကို အာရုံပြု၍ ပစ္စဝေက္ခဏာဉာဏ်မဖြစ်နိုင်ရကား ဝိမုတ္တမိတိ ပါဠ်သာသင့်။

**ဝိမုစ္စတိ/ဝိမုစ္စတိ...**

ရစာဒီရုပ်သည် မိဂံ ဗန္ဓနာ မုဥ္စတိ-ကဲ့သို့ ကံကိုင်၏။ဒိဝါဒီရုပ်ကား ကံကိုမငဲ့၊အပါဒါန်နှင့် ကားကိုသာ ငဲ့ရကား ဤ၌ ကာမာသဝါ-ဟူသောအပါဒါန်၊စိတ္တံ ဟူသော ကတ္တားတို့ကိုထောက်၍ ဒိဝါဒီရုပ်ဖြင့်ရှိသော ဝိမုစ္စတိပါဠ်သာ သင့်။

နံပါတ် (၈)

**ဖလက္ခဏံ**။ ။ မဂ်ခဏနောင်ဖြစ်သော ဖိုလ်မှ ယနေ့တိုင်အောင် ဖြစ်သော ဖိုလ်ခဏ အားလုံးဟူသောရသင့်တိုင်းကိုမယူ၍ မဂ်ခဏနှင့်နီးသော ဖိုလ်ခဏကိုသာ ယူအပ်သောကြောင့် ပစ္စာသတ္တိနည်း။

http://www.dhammadownload.com



အပေါင်းဖြစ်သော လွှတ်ပြီးဖိုလ်ခဏအားလုံးတို့၏ ဖလက္ခဏအမည်ကို အစိတ်ဖြစ်သော မင်္ဂနောင် ပဋ္ဌမဆုံး ဖိုလ်ခဏ၌တင် ဧကဒေသျူပစာ။

သောစ ကာမံ မဂ္ဂက္ခဏတော ပရံ ယာဝဒွတနာ အတီတကာလိကောဝေ၊သဗ္ဗပဌမံ ပနဿ အတီတ ကာလိကတ္တံ ဖလက္ခဏေနေဝ ဝေဒိတဗ္ဗန္တိ အာဟ။ [သာရတ္ထ၊ ၁၊ ၄၀၈/၉။]

နံပါတ် (၁၀)

**ဝိပဿနာ အရ။** ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါး၌ရှိသော ဝိပဿနာဉာဏ်ရ၏

***************

**ပါဠိကျစဉ် (၁၁၇)**

(က) **ဒီဃာ ဇာတိတိ အာဒိဟိ တဿ ဘူမိ။**

(ခ) တေန ဟိ ဉာဏေန ဘဂဝါ ပစ္စဝေက္ခန္တော "ဒီဃာ ဇာတိ"တိ အာဒိနိ အဗ္ဘညာသိ။

(ဂ) ကတမာ ပန ဘဂဝတော ဇာတိ ဒီဃာ၊ကထဉ္စ နံ အဗ္ဘညာသီတိ?

(ဃ) ဝုစ္စတေ။

(င) န တာဝဿ အတီတာ ဇာတိ ဒီဃာ ပုဗ္ဗေဝ ဒီဃတ္တာ၊န အနာဂတာ အနာဂတေ ဝါယာမာ ဘာဝတော၊ န ပစ္စုပ္ပန္နာ ဝိဇ္ဇမာနတ္တာ။

(စ) ယာ ပန မဂ္ဂဿ အဘာဝိတတ္တာ ဥပ္ပဇ္ဇေယျ ဧကစတုပဉ္စဝေါကာရဘဝေသု ဧကစတုပဉ္စက္ခန္ဓ ပ္ပဘေဒါ ဇာတိ၊သာ မဂ္ဂဿ ဘာဝိတတ္တာ အနုပ္ပါဒဓမ္မတံ အာပဇ္ဇနေန ဒီဃာ။

[ဝိ၊ ဋ္ဌ၊ ၁။ ၁၃၇။]

***************

နံပါတ် (၁)

(က) တဿ-ထို ပစ္စဝေက္ခဏာဉာဏ်၏။ဘူမိ-ဖြစ်ရာဘုံဌာနကို။[သာရတ္ထ]ဘူမိ-အာရုံကို။[ဝိမတိ] ဒဿေတိ။

(ခ) ဟိ-မှန်။(တစ်နည်း)ဟိ-ယသ္မာ။တေန ဉာဏေန-ထိုပစ္စဝေက္ခဏာဉာဏ်ဖြင့်။

(င) တာဝ-အနာဂတ်ဇာတိမှ ရှေးဦးစွာ။အဿ-ထိုမြတ်စွာဘုရား၏။အတီတာ၊[မဂ္ဂဘာဝနာယ-ဖြင့်]နဒီဃာ-မကုန်။ကသ္မာ။ပုဗ္ဗေဝ-ထင်ရှားရှိသော ဇာတိ၏ ရှေးမဆွ၌သာလျှင်။(ဇာတိယာ-၏)ဒီဃတ္တာ၊ကုန်သည်၏ အဖြစ်ကြောင့်တည်း။အနာဂတေ-ထင်ရှားရှိသော ဇာတိ၏ နောက်ကာလ၌။ဝါယာမဘာဝတော-မဂ္ဂဘာဝနာဖြင့် အာသဝါတို့ကို ကုန်စေခြင်း၌ အားထုတ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်တည်း။

နံပါတ် (၂)

**(ခ)သို့။** ။ ဆရာ (က) ဖြင့် ဒီဃာဇာတိ စသည်တို့ဖြင့် ပစ္စဝေက္ခဏာ ဉာဏ်၏ ဘူမိကို ပြသောဟုဖွင့်ဆို အပ်၏။ဝိမုတ္တမိတိ ဉာဏံ-ဟူသော ပါဌ်ဖြင့် ပစ္စဝေက္ခဏာဉာဏ်၏ဘူမိကို ပြရာသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ဒီဃာဇာတိစသည်ဖြင့် ယင်းကို ပြသည်ဆိုသော စကားသည် အဘယ်သို့သော အကြောင်း ယုတ္တိဖြင့် သင့်ရာအံ့နည်း။စုဒ်ကြောင့် [ခ] မိန့်။

**(စ)သို့။** ။ ဆရာ (င)ဖြင့် ကာလသုံးပါးတို့၌ ဖြစ်သောဇာတိသည် မကုန်-ဟု အကြောင်းနှင့်တကွ ဖွင့်ပြ အပ်၏။ယင်းသို့ဆိုအပ်သော် အဘယ်ကာလ၌ရှိသော ဇာတိသည် ကုန်ပါသနည်း။ကာလသုံးပါးမှ လွတ်သော

http://www.dhammadownload.com



ပရမတ္ထတရားမည်သည် မရှိသောကြောင့် တစ်ပါးပါးသော ကာလ၌ ထင်ရှားဖြစ်သော ဇာတိသည် ကုန်ရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် [စ] မိန့်။

**ကား ။** ။ မဂ္ဂဘာဝနာဖြင့် အနာဂတ်ဇာတိ၏ အကြောင်းကို ဖျက်ဆီးခြင်းဖြင့် ဇာတိကုန်သည်၏ အဖြစ်ကို သိအပ်၏ဟူလို။ [ဋီကာ][**အနာဂတဝိသေသော ပနေတ္ထ အဓိပ္ပေတော၊ တဿ စ ခေပနေ ဝါယာမောဝိလဒ္ဓတော၀။တေနာဟ "ယာ ပန မဂ္ဂဿာ" တိ အာဒိ**] သာရတ္ထ၊ ၁၊ ၄၀၉။

နံပါတ် (၃)

**( ခ) ဒဠှီကရဏာ/ကာရဏာ။ (ဂ) စောဒနာ။(ဃ) ပရိဟာရသခေ်ပ (င) စသည် ပရိဟာရဝိတ္ထာရ။**

ယင်းတွင် ဝိဇ္ဇာမာနတ္တာတိုင်အောင် **ဂရဟာဝါကျ**။(စ)ယာပနာ စသည်ကား **အနုဂ္ဂဟဝါကျ**၊ (တစ်နည်း) **အန္ဓယ**။ထိုတွင် ယာပန။ပ။ ဇာတိသည် **အနိယမဝါကျ**။သာပနစသည် **နိယမဝါကျ**။

နံပါတ် (၄)

**ဘူမိ။** ။ **ဘဝန္တိ ဧတ္ထာတိ ဘူမိ**။

ဘူဓာတ်အရ ကတ္တုဒ္ဒကား ပဟီနကိလေသာကို ဆင်ခြင်တတ်သာ ပစ္စဝေက္ခဏာဉာဏ်၏ ဥပါဒ်သည် မှုချ။အဓိကရဏတ္ထ-ကား ဖြစ်ရာဘုံဌာန(ဝါ)အာရုံ၏ အာရုမ္မဏပစ္စယသတ္တိ ဖလူ။မိပစ္စည်းအရ ပစ္စဝေက္ခဏာဉာဏ်၏ ဖြစ်ရာဘုံဌာန (ဝါ) အာရုံရ၏။

**ပစ္စဝေက္ခန္တော။** ။ **ပစ္စဝေက္ခတီတိ ပစ္စဝေက္ခန္တော**။

ပတိပုဗ္ဗ ဣက္ခဓာတ်အရ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် မှုချ။ရှေးရှေးဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်သည် ဖလူ။နောက်နောက်ဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် ကာရဏူ။အန္တပစ္စည်းအရ မြတ်စွာဘုရားရ၏

**ခီဏတ္တာ။** ။ **ခီယိတ္ထာတိ ခီဏာ၊ ခီဏာယ ဘာဝေါ ခီဏတ္တံ**။ [တဒ္ဓိတ်]

ခီဏ-တဒ္ဓိတ်ပုဒ်အရ ဇာတိသည် မှုချ။ထို-၏ တ္တပစ္စည်းအရ ကုန်ခြင်း(မဖြစ်ခြင်း)ကြိယာနှင့် နိသျ/ နိဿိတစပ် ဌာနူ။တ္တ ပစ္စည်းအရ ကုန်ခြင်း (မဖြစ်ခြင်း) ကြိယာ ရ၏။

**အနာဂတာ ။** ။ **အာဂစ္ဆိဿတီတိ အာဂတာ။ န အာဂတာ အနာဂတာ**။

**ပစ္စုပ္ပန္နာ ။** ။ **ပဋိစ္စ ဥပ္ပန္နာ ပစ္စုပ္ပန္နာ**။

**ဝိဇ္ဇမာနတ္တံ ။** ။ **ဝိဇ္ဇတီတိ ဝိဇ္ဇမာနာ။ ဝိဇ္ဇမာနယ ဘာဝေါ ဝိဇ္ဇမာနတ္တံ**။

**အဘာဝိတတ္တာ။** ။ **န ဘာဝိယိတ္ထာတိ အဘာဝိတော။အဘာဝိတဿ ဘာဝေါ အဘာဝိတတ္တံ**။

**အနုပ္ပါဒဓမ္မတာ ။။။ အနုပ္ပဇ္ဇနံ အနုပ္ပါဒေါ။ အနုပ္ပါဒေါ ဓမ္မော ဧတိဿာ ဇာတိယာတိ အနုပ္ပါဒဓမ္မာ။**

**အနုပ္ပါဒဓမ္မာယ ဘာဝေါ အနုပ္ပဒဓမ္မတာ။**

**ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ၊ ဥပ္ပါဒေါ စ သော ဓမ္မောစာတိ ဥပ္ပါဒဓမ္မော၊**

**နတ္ထိ ဥပ္ပါဒဓမ္မော ယဿာတိ အနုပ္ပါဒဓမ္မာ** [ဇာတိ]

အနုပ္ပါဒဓမ္မ အရ နောင်တစ်ဖန် ဖြစ်ခြင်း သဘောမရှိသော ဇာတိသည် မှုချ။ထို-၏ တာ-ပစ္စည်းအရ နောင်တစ်ဖန် မဖြစ်ခြင်းကြိယာနှင့် နိဿယ/နိဿိတစပ် ဌာနူ။တာ အရ-နောင်တစ်ဖန်မဖြစ်ခြင်းကြိယာရ၏။

http://www.dhammadownload.com



နံပါတ် (၅)

**ခိဏာ**။ ခိ+တ။ **ဇာတိ**။ ဇန+တိ။ **ဝိဇ္ဇာမာန**။ ဝိဒ+ယ+မာန။ **ကော**။ ကု+က။

**ခန္ဓ**။ ခံ-သဒ္ဒါ-တ+အ။ [ခန+ဓ။ခါဒ+ဏ။ ခန+ဓ။] **ဓမ္မ**။ ဓရ+ရမ္မ။

နံပါတ် (၆)

**(က)** **တဿ ဘူမိ** -ဖြင့် ခီဏာ ဇာတိဟူသော စကားဖြင့် ပစ္စဝေက္ခဏာဉာဏ်၏ဖြစ်ရာဌာန၊ဖြစ်ရာအာရုံကို ခီဏာဇာတိ စသော ပုဒ်တို့ဖြင့် ပြ၏ဟူသော အဓိပ္ပာယ်ကို သိစေ။

နံပါတ် (၇)

**အဗ္ဘညာသိ/အဗ္ဘညာသိံ...**

ဘဂဝါ ဟူသော ကတ္တားကိုထောက်၍ အဗ္ဘညာသိ ပါဌ်သင့်။

ဂဏ္ဌိသစ်၌ ဟိ-ယသ္မာ၊ အဗ္ဘညာသိ၊ တသ္မာ ဘူမိ ဒဿေန္တီ-ဟုဆိုသောကြောင့် ထိုအလို အဗ္ဘညာသိံ ပါဌ်သင့်။

နံပါတ် (၈)

**ခီဏာဇာတိ**။။ အကျိုးဖြစ်သော ပဋိသန္ဓေနေရမှု မရှိတော့ခြင်း၏ခီဏာ ဇာတိ အမည်ကို၊အကြောင်းဖြစ်သော နောင်ပဋိသန္ဓေ အကျိုးပေးမည့် ကံကုန်ခြင်း၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

**န အနာဂတာ**။ ။ အပေါင်းဖြစ်သော အနာဂတတသာမည၊ အနာဂတဝိသေသတို့၏ အမည်ကို အစိတ်ဖြစ်သော အနာဂတတသာမည၌တင် ကေဒေသျူပစာ။

[န အနာဂတာတိ စ အနာဂတတသာမည် ဂဟေတွာ လေသေန ဝဒတိ]။သာရတ္ထ၊ ၁။ ၄၀၉။

**(စ)** အနာဂတ်ဇာတိ၏ အကြောင်းကို မဂ္ဂဘာဝနာဖြင့် ဖျက်ဆီးခြင်းဟူသော အကြောင်းကုန်ခြင်းကိုဆိုသဖြင့် အကျိုးဖြစ်သော အနာဂတ်ခန္ဓာ မဖြစ်ခြင်းကိုလည်း သိအပ်သောကြောင့် နာနန္တရိကနည်း။

နံပါတ် (၁၀)

**(စ)ကေအရ** အသညသတ်ဘုံ။ **ကေခန္ဓာအရ** ယင်းဘုံ၌ ဖြစ်သော ဇီဝိတနဝကကလာပ်ရုပ်။

***************

**ပါကျစဉ် (၁၁၈)**

(က) ဝုသိတန္တိ ဝုတ္ထံ ပရိဝုတ္ထံ။

(ခ ) ကတံ စရိတံ နိဋ္ဌိတန္တိ အတ္ထော။

(ဂ ) **ဗြဟ္မစရိယန္တိ** မဂ္ဂဗြဟ္မစရိယံ။

(ဃ) ပုထုဇ္ဇနကလျာဏကေန ဟိ သဒ္ဓိံ သတ္တ သေက္ခာ ဗြဟ္မစရိယဝါသံ ဝသန္တိနာမ၊ ခီဏာသဝေါ ဝုတ္ထဝါသော။

(င ) တသ္မာ ဘဂဝါ အတ္တနော ဗြဟ္မစရိယဝါသံ ပစ္စဝေက္ခန္တော "**ဝုသိတံ ဗြဟ္မစရိယ**"န္တိ အဗ္ဘညာသိ။ [ ဝိ၊ ဋ္ဌ၊ ၁။ ၁၃၇။]

နံပါတ် (၁)

(က) ဝုသိတံ၊နေအပ်ပြီ။(ဝါ)ကျင့်သုံးအပ်ပြီ။[သဒ္ဒတ္ထ](**တစ်နည်း**)ဝုသိကံ၊ပြုအပ် ကျင့်အပ် ပြီးဆုံးစေအပ်ပြီ။

http://www.dhammadownload.com



